ဘဝနှင့်ရင်းရသော အတွေးအမြင်များ


အတွဲ(၁)

# မေတ္တာရှင်

ရွှေပြည်သာ



www.dhammaransi.com



## အသက်

စက္ကန့် မိနစ် နာရီ
စသော အချိန်တိုလေးများကို
ပေါင်းစည်းထားခြင်းသည်ပင်
အသက်မည်၏။ ထို့ကြောင့်
အသက်ကို တန်ဖိုးထားသူသည်
အချိန်ကို တန်ဖိုးထားရမည်။
ကာသိုလ် ပညာ ဥစ္စာ သုံးမျိုးအနက်
တစ်မျိုးမျိုးကိုမှမရဘဲ
အချိန်ကိုဖြုန်းတီးသူများသည်
မိမိအသက်ကို ဖြုန်းတီးသူများပင်
ဖြစ်သည်။

မေတ္တာရှင်
(ရွှေပြည်သာ)

www.dhammaransi.com

# ဘဝနှင့်ရင်းရသော

## အတွေးအမြင်များ

## အတွဲ(၁)

# မေတ္တာရှင်

## (ရွှေပြည်သာ)

မြန်နိုင်ရေး
ဦးစိုးတင့်(ရွှေပြည်သာစာပေ)၊ ဥပသကာအဖွဲ့
မန္တလေးကျောင်း၊ ၆/၁၀ ရပ်ကွက်၊ ရွှေပြည်သာ
ရန်ကုန်။
ဖုန်း [illegible] ၆၁၁၆၂၂

www.dhammaransi.com

# အရှင်ဇဝန
## မေတ္တာရှင် (ရွှေပြည်သာ)

△ ၁၃၂၆ ခုနှစ်၊ တပို့တွဲလဆန်း (၁၅)ရက်၊ အင်္ဂါနေ့၊ အမရပူရမြို့၊ နန်းတော်ရာရပ်ကွက်၌ ခမည်းတော် ဦးထီး၊ မယ်တော် ဒေါ်သိန်းရင်တို့မှ ဖွားမြင်သည်။

△ ၁၃၃၈ ခုနှစ်တွင် မူလဆိဘန်နီကျောင်းတိုက်၊ ပညာ့ဗိမာန်သာသနာပြုကျောင်းဆရာတော် ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိသည်။

△ ၁၃၄၆ ခု၊ ကဆုန်လဆန်း (၁၅)ရက်နေ့တွင် မန္တလေးမြို့၊ တောင်ပြင်မိုးတားတိုက် ခဏ္ဍသိမ်၌ မိုးတားတိုက်အုပ်ဆရာတော် ဦးမေလိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းဘောင်သို့ ရောက်ရှိသည်။

△ ရဟန်းအမများမှာ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သီတာအေး (၉၀၂)ရပ်ကွက်မှ ဦးဝင်းမြင့်၊ ဒေါ်ထွေး၊ ဦးဝင်းမြ၊ ဒေါ်ခင်မူတို့ဖြစ်သည်။

△ ၁၃၄၃ ခုမှစ၍ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ သာသနာ့မူလိကာရာမကျောင်းသစ်ကျောင်းစာသင်တိုက်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်တို့၌ "ငယ်၊ လတ်၊ ကြီး" အောင်မြင်၍ ဓမ္မာစရိယတန်းရောက်သည်ထိ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

△ ဆရာနည်းရအောင် အချိန်ယူ၍ အားထုတ်ခဲ့သော ဝိပဿနာနည်းများမှာ- မိုးကုတ်ဝိပဿနာ၊ ကသစ်ဝိုင်ဝိပဿနာ ၊ ပခုက္ကူဝိပဿနာသင်တန်းတရားတို့ဖြစ်သည်။ ဝိပဿနာကျမ်းစာအုပ်များကိုလည်း လေ့လာဆည်းပူးလျက် ရှိသည်။

△ ၁၉၉၉ ခုနှစ်တွင် "မျက်ရည်မကျခင် သိစေချင်" စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။

△ ယခုအခါ ရွှေပြည်သာမြို့ မန္တလေးကျောင်း၊ မြိတ်မြို့ သစ်ညီနောင်ဓမ္မရိပ်သာကျောင်း၊ ကော့သောင်းမြို့ ဝေနေယျသုခဓမ္မရိပ်သာကျောင်းတို့တွင် လှည့်လည်၍ တရားဟောကြားပြသလျက်ရှိသည်။

## "အမှာစာ"

နောင်တော်ဖြစ်တဲ့ ဆရာတော်ဦးဇဝန (မေတ္တာရှင် - ရွှေပြည်သာ) ရေးသားတဲ့ ဒီစာအုပ်ရဲ့ရှေ့မှာ အမှာစာရေးဖို့ဆိုတာ စိတ်တောင် မကူးရဲပါ။ သို့သော် အမှာစာရေးရန် အကြောင်းဖန်လာသည့်အတွက် ဤအမှာစာကို ရေးလိုက်ရပါပြီ။

တနေ့သောအခါတွင် ဆရာတော်က စကားတစ်ခွန်း မိန့်ကြားလာသည်။ "ညီတော်မောင်ရေ... ငါ အခု နယ်တကာ အရပ်တကာလှည့်ပြီး တရားဟောရင်း တွေ့ခဲ့ရသမျှ မြင်ခဲ့ရသမျှ ကြုံခဲ့ကြားခဲ့ရသမျှတွေ စုစည်းပြီး လူတွေအားလုံးအကျိုးအတွက် "ဘဝနှင့်ရင်းရသော အတွေးအမြင်များ"ဆိုတဲ့ ခေါင်းစဉ်နှင့် မင်းနဲ့ငါ အကြောင်း အပါအဝင်၊ တို့ငယ်စဉ်က ယနေ့ထိ တွေ့ကြုံဖြစ်ပျက်ခဲ့သမျှတွေကို သူရဋ္ဌမဂ္ဂဇင်းမှာ ဆောင်းပါးရေးပြီး တင်ပြခဲ့တယ်။

အဲဒီဆောင်းပါးတွေကို စုစည်းပြီး စာအုပ်အဖြစ် ကိုယ်တိုင် စီစဉ်ထုတ်ဝေပါ"လို့ မိန့်ကြားလာမှုကြောင့် လစဉ်ထုတ် သူရဋ္ဌမဂ္ဂဇင်းပါ ဆောင်းပါးများကို ဖတ်ရှုကြည့်ရာ ဆရာတော်၏ ငယ်စဉ်ဘဝမှ နိဒါန်းစခဲ့သော ဘဝအတွေ့အကြုံများကို ဆရာတော်၏ ထေရုပ္ပတ္တိဆန်ဆန် စိတ်ဝင်စားဖွယ်ရာကောင်းအောင် ရေးသားထားသည်ကို တွေ့ရှိရပါသည်။ လူအများ သိသင့်သိထိုက်သည်များကို စာဖတ်သူများ စိတ်ဝင်စားအောင် ရေးသားထားသည့်အပြင် ဆရာတော် အသက်ရှင်နေသမျှ ဆက်တိုက် ဆက်လက်ရေးသားမည်ဆို၍ စာဖတ်သူများကိုယ်စား ဆရာတော်ကို များစွာကျေးဇူးတင်ရပါသည်။ ဆရာတော်၏ "မေတ္တာရှင်" ဟူသော ကလောင်အမည်နှင့်လျော်ညီစွာပင် စာဖတ်ပရိသတ်များ သံဝေဂယူစရာ၊ အမှန်အမှားခွဲခြားသိစရာ၊ အတွေးအခေါ် အယူအဆ တိုးတက်ရာတိုးတက်ကြောင်းအတွက် ဘုရားဟောဒေသနာ စာပေကျမ်းဂန်များ

www.dhammaransi.com

ကိုအခြေခံကာ ဥပမာ ဥပမေယျများစွာနှင့် သုတ၊ ရသ စုံလင်စွာဖြင့် ရေးသားထားကာ ဤ "ဘဝနှင့်ရင်းရသောအတွေးအမြင်များ"စာအုပ်ကို စာဖတ်ပရိသတ်ထံ တင်ဆက်လိုက်ပါပြီ။

ဤစာအုပ် ထုတ်ဝေခွင့်ရခြင်းအတွက် ကျွန်တော့်အနေနှင့် များစွာ ဂုဏ်ယူရသလို နောင်တွင်လည်း စာဖတ်ပရိသတ် အကျိုးများစေသည့် ဤစာအုပ်မျိုးကို အလျဉ်းသင့်သလို ဆက်လက်ထုတ်ဝေပါဦးမည်။ ဤ စာအုပ်ကို ယခုလို အောင်မြင်စွာ ထုတ်ဝေနိုင်ရန် အစစအရာရာ ကူညီခဲ့သော ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်မှ ကိုဆန်းထွန်းနှင့် သံဒင်းရပ်ကွက်မှ ဦးဖေကြည် (ကဗျာဆရာ တက္ကသိုလ်ကြည်လွင်)တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စိုးတင့်
တာဝန်ခံစီစဉ်သူ
နန်းတော်ရာ အမရပူရ

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | ဤစာအုပ်ရေးဖြစ်ခြင်းအကြောင်းနှင့်ရေးပုံ | ၁ |
| | **အခန်း (၁)** | |
| ၁။ | ညောင်စေ့လောက်ပင်မလှူနိုင်ပါ | ၈ |
| ၂။ | လှူဘ၀သို့ရောက်ရှိခြင်း | ၁၁ |
| ၃။ | ကြွက်ချေးတွေပါဘုရား | ၁၃ |
| ၄။ | အထင်သေးခံ၍ရေးသားခြင်း | ၁၇ |
| ၅။ | သရဲမကြီးနှင့် သရဲမလေး | ၁၈ |
| ၆။ | ပုထုဇဉ်လေးမျိုး | ၁၉ |
| ၇။ | စကားပြောသောရွှေငါးကြီး | ၂၁ |
| ၈။ | တရားဆိုတာ ၊ ကလျာဏဆိုတာ | ၂၂ |
| ၉။ | ပိဋကတ်သင်သူများသတိထား | ၂၂ |
| ၁၀။ | ရှင်ဘုရင်နှင့်အိမ်ရှေ့မင်း ဘယ်သင်းကဖြစ်ဖို့ခက် | ၂၃ |
| ၁၁။ | စူဠသောတာပန်သာဖြေနိုင်သောမေးခွန်း | ၂၄ |
| ၁၂။ | မြင်တာတူသော်လည်းသိတာမတူ | ၂၆ |
| ၁၃။ | မင်္ဂဖိုလ်ရမည့်သမာဓိဟူသည် | ၃၅ |
| ၁၄။ | အရှုံးလား၊ အရင်းလား၊ အမြတ်လား | ၃၉ |
| ၁၅။ | လူသိနည်းသောလူယုတ်မာ | ၄၀ |
| ၁၆။ | စိုးရိမ်သည့်အတိုင်းဖြစ်လေပြီ | ၄၂ |
| ၁၇။ | အမေးတစ်ချက်၊ ခေါင်းတစ်ချက် | ၄၆ |
| | **အခန်း (၂)** | |
| ၁၈။ | ကျွန်ုပ်နှင့်ဒါနပါရမီ (၁) | ၄၈ |
| ၁၉။ | သေရွာပြောင်းအောင်၊ စေတနာကောင်းသူ တစ်ယောက်အကြောင်း | ၅၁ |
| ၂၀။ | မိုးခေါင်ခြင်းအကြောင်းများ | ၅၇ |
| ၂၁။ | သူတော်ကောင်းတို့၏သဘော | ၅၉ |
| ၂၂။ | လှူအလိုနတ်မလိုက်နိုင် | ၆၁ |
| ၂၃။ | လောဘကျွန်၊ မန္တာတုစကြာမင်းကြီး | ၆၂ |


www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | ခရမ်းမြို့ကဘုန်းကြီးပြိတ္တာ | ၆၅ |
| ၂၅။ | သက်နံးခေါက်ထဲက သန်းပြိတ္တာ | ၆၇ |
| ၂၆။ | လောဘ၏ဆိုးကျိုးသုံးခု | ၆၉ |
| ၂၇။ | အစိဌာန်မှားဖြင့်ဖြတ်သောခေါင်းတော် | ၇၃ |
| ၂၈။ | လူနှင့်တိရစ္ဆာန်ခြားနားပုံ | ၇၈ |
| ၂၉။ | ကျွန်ုပ်နှင့်သေဘေးသုံးခု | ၇၉ |
| ၃၀။ | ကျွန်ုပ်နှင့်လေးခွ | ၈၁ |
| ၃၁။ | သရဲမကြီးလက်ထဲကကျွန်ုပ် | ၈၃ |
| | **အခန်း (၃)** | |
| ၃၂။ | အမြင်မှန်ငါးမျိုး | ၈၅ |
| ၃၃။ | ဆင်းရဲခြင်းအကြောင်းနှစ်ပါး | ၈၆ |
| ၃၄။ | သက်ရှည်ကျန်းမာအရွယ်တင်ချင်လျှင် | ၉၀ |
| ၃၅။ | အရိုးရှင်းဆုံးရှင်ပြုပွဲ | ၉၂ |
| ၃၆။ | ကောင်းတာလည်းကျောင်းပို့ပါ | ၉၄ |
| ၃၇။ | နိုင်ငံအတွက်မကြည့်သောပုဂံမင်းမယ်တော် | ၉၅ |
| ၃၈။ | ဦးပိန်တံတားဆောက်ခြင်းအကြောင်း | ၉၇ |
| ၃၉။ | ကိုရင့်မျက်ရည်တစ်စက် | ၉၉ |
| ၄၀။ | သမီးအဖြစ်မှစွန့်လွှတ်ခြင်း | ၁၀၁ |
| ၄၁။ | သာသနာ့ဘောင်နေလို့မရသောဦးတရုတ် | ၁၀၃ |
| ၄၂။ | ကြိုးကမြွေဖြစ်သွားခြင်း | ၁၀၄ |
| ၄၃။ | နှလုံးသားမှဆုံးမစကား | ၁၀၆ |
| ၄၄။ | အဖိုးမဖြတ်နိုင်သောအရာ | ၁၀၇ |
| ၄၅။ | တပ်ပတော၊ တွတ်ဖောစအရှုအွေ | ၁၀၈ |
| | **အခန်း (၄)** | |
| ၄၆။ | စာရိတ္တသတ္တိ | ၁၁၀ |
| ၄၇။ | နိဂ္ဂဟကံနှင့်ပဂ္ဂဟကံ | ၁၁၂ |
| ၄၈။ | ဆွဲကြိုးတစ်ကုံး စကားတစ်ခွန်း | ၁၁၃ |
| ၄၉။ | လုံးလုံးမသုံးသင့်သောစကား | ၁၁၄ |
| ၅၀။ | ဗိုလ်ရန်အောင်နှင့်ငွေဒင်္ဂါးနှစ်သောင်း | ၁၁၆ |
| ၅၁။ | ပဂ္ဂဟကံပြုသောကုလားသူဌေး | ၁၁၇ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၅၂။ လူတိုင်းနှစ်သက်သောဂုဏ် ၁၁၉
၅၃။ ရိုးသားဖြောင့်မတ်ခြင်း၏ရန်သူ ၁၂၁
၅၄။ သုံးကောင်ဖြစ်သွားကြသူများ ၁၂၂
၅၅။ နိမ့်သူမြင့်သူ၊ ကြီးပွားချမ်းသာဖို့ဆောင်ရန်နှင့်
ရှောင်ရန် ၁၂၄
၅၆။ ဝက်သားစားစောသူများ ၁၂၇
၅၇။ သန္တုဋ္ဌိကိုတလွဲသုံးသူများ ၁၂၈
၅၈။ မင်းဖြစ်စေသောသြဝါဒ ၁၃၂

အခန်း (၅)

၅၉။ မျှော်လင့်ချက်ထားကူညီက စိတ်ဆင်းရဲရ ၁၃၄
၆၀။ အပြစ်ရှာသူများသတိထား ၁၃၆
၆၁။ ဘုရားဖြစ်မှုပြည့်စုံတယ် ၁၄၀
၆၂။ လူမုန်းများသောအကျင့်ဆိုးတစ်ခု ၁၄၂
၆၃။ ခွေးချေးစားသောသူ ၁၄၄
၆၄။ ဘုရားဟောကိုဆန့်ကျင်သူ ၁၄၆
၆၅။ ခင်ပျားမနက်ဖြန်သေရမယ် ၁၄၉
၆၆။ သေခြင်းလေးမျိုး ၁၅၀
၆၇။ မိတ်ပျက်ဆေး ၁၅၄
၆၈။ စကားတစ်ခွန်း၊ သေဒဏ်၊ ငွေတစ်ထောင် ၁၅၇
၆၉။ အင်းဝဘုရင်နှင့်ရဟန်းယောင် ၁၅၉
၇၀။ အဝီစိသို့ကျနိုင်သူ ၊ ဖခင်ရဲ့ဒဿနတစ်ခု ၁၆၁
၇၁။ ဒေါသ၏ဆိုးကျိုးများ ၁၆၇
၇၂။ ဂျွန်တဲလ်မန်းကိုအထင်ကြီးသူ ၁၆၈
၇၃။ ဈေးချိုတော်ထဲကစိန်နားကပ်ကြီး ၁၇၀
၇၄။ ပြင်သစ်လူမျိုး၊ သူခိုးရှိသည် ၁၇၃

အခန်း (၆)

၇၅။ ခိုက်တယ်ဆိုတာအကုသိုလ်ပါ၊ မြန်မာမှာရှိသောအရာ ၁၇၅
၇၆။ သမထနဲ့ဝိပဿနာ ၁၇၆
၇၇။ လူနဲ့သောတာပန် ၁၇၇
၇၈။ ကဲ့ရဲ့ချီးမွမ်းရာမှာသတိထားပါ ၁၈၀


www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၇၉။ ကျွန်ုပ်နှင့်ဘာသာရေးစာပေ ၁၈၅

၈၀။ ဗုဒ္ဓဉာဏ်တော်ကိုဝေဖန်သောဘာသာခြား ၁၈၇

၈၁။ ခွေးကိုက်သော်လည်းမပေါက်ပါ ၁၈၉

၈၂။ ကျွန်ုပ်ကိုသေကြောင်းကြံကြခြင်း ၁၉၀

၈၃။ သေဘေးဖယ်ရှား၊ ဩဝါဒတရား ၁၉၃

၈၄။ ဒကာကအထက် ဘုန်းကြီးကအောက် ၁၉၆

၈၅။ ကုသိုလ်ဖြစ်ခြင်း၏အနီးဆုံးအကြောင်း ၁၉၆

၈၆။ အပြစ်မြင်သူများသို့ ၁၉၉

၈၇။ ကိုယ့်ကိုယ်ကိုသတ်နေသူများ ၂၀၁

၈၈။ သူတစ်ပါးမကောင်းကြောင်းပြောခြင်းအကြောင်း ၂၀၄

အခန်း (၇)

၈၉။ ခြေထောက်မသန်တာ ကောင်းကွက်ရှာ ၂၀၈

၉၀။ ကောင်းကွက်ကိုရှာ မေတ္တာ ၂၀၉

၉၁။ ဘုရားကပေးသော ရန်ငြိမ်းနည်း ၂၁၀

၉၂။ ရှုံးရာမှနိုင်ချင်ရင် ၂၁၁

၉၃။ အနာရှိရင်စပ်လိမ့်မည် ၂၁၂

၉၄။ တန်ဖိုးမကျသောစာပေဖြစ်ပါစေ ၂၁၃

၉၅။ မှန်တဲ့အတိုင်းသာရေးပါ ၂၁၄

၉၆။ မြန်မာပြည်ကိုမီးရှို့သူ ၂၁၅

၉၇။ ငါ့အသက်ဆယ်ခါလွှတ် ၂၁၇

၉၈။ တော်စတွိုင်းအရှက်ရသောဝတ္ထု ၂၁၈

၉၉။ ယုတ်မာသောစိတ် ၂၁၈

၁၀၀။ ပြည့်တန်ဆာစိတ် ၂၁၉

၁၀၁။ လိုက်လာသောရန်သူ ၂၂၁

အခန်း (၈)

၁၀၂။ ကျွန်ုပ်နှင့်ဒါနပါရမီ (၂) ၂၂၃

. . . .

၁၀၄။ ပယ်စွန့်ရမည့်အရာ ၂၂၆

၁၀၅။ ထန်းလျက်ကလေးနှစ်လုံး၊ လူဆိုသည်မှာအတ္တသမား ၂၂၉

၁၀၆။ ကျွန်ုပ်လောဘနှင့် အဖြူရောင်ပုဝါစ ၂၃၀


www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၇။ | မန္တလေးသူက မန္တလေးသားကိုလိမ်ခြင်း | ၂၃၂ |
| ၁၀၈။ | ပန်းသီးကိုပင် ခရမ်းချဉ်သီးထင် | ၂၃၃ |
| ၁၀၉။ | ဆွမ်းခံကိုယ်တော်သုံးမျိုး | ၂၃၄ |
| ၁၁၀။ | အနေအစားအဆင်းရဲဆုံးကိုယ်တော်နှစ်ပါး | ၂၃၅ |
| ၁၁၁။ | ဗုဒ္ဓအလိုကျဆက်ဆံနည်း | ၂၃၈ |
| ၁၁၂။ | ဒုက္ခသည်ထံအလှူခံ | ၂၄၀ |
| ၁၁၃။ | အဋ္ဌတ္တတိုက်ပွဲ | ၂၄၁ |
| | **အခန်း (၉)** | |
| ၁၁၄။ | ဒါနဟူက မြန်မြန်ပြုရ | ၂၄၄ |
| ၁၁၅။ | နောက်ကျတဲ့ဒါန အကျိုးနည်းနည်းရ | ၂၄၇ |
| ၁၁၆။ | ရှိမှလှူမယ်ဆိုတာ လူမိုက်စကား | ၂၄၇ |
| ၁၁၇။ | မသေမီကနတ်ဗိမာန်ပေါက်ခဲ့သူ | ၂၄၈ |
| ၁၁၈။ | ပုဂ္ဂိုလ်ဓွဲနဲ့လှူနေလျှင် | ၂၅၁ |
| ၁၁၉။ | အစုတ်ဆုံးကုတင်နှင့်အတိုဆုံးမီးချောင်း | ၂၅၄ |
| ၁၂၀။ | ဝင်္ဂလိုက်တယ်ဆိုသောဇီးကွက်ရုပ် | ၂၅၅ |
| ၁၂၁။ | မပေးနိုင်ပါဟူသောစကား | ၂၅၈ |
| ၁၂၂။ | စေတနာဗေဒင် | ၂၆၀ |
| ၁၂၃။ | တတိယမြှောက်သေဘေး | ၂၆၁ |
| ၁၂၄။ | သေရမည့်ရက်ကိုစောင့်ရခြင်း | ၂၆၃ |
| ၁၂၅။ | ဗေဒင်မှန်အောင်ဟောချင်ရင် | ၂၆၇ |
| ၁၂၆။ | အမှိုက်ကိုရွှေဖြစ်အောင်လုပ်နည်း | ၂၆၉ |
| | **အခန်း (၁၀)** | |
| ၁၂၇။ | သေခြင်းမရှိသောမြို့ | ၂၇၁ |
| ၁၂၈။ | သွားမကျိုးခြင်းအကြောင်းရင်း | ၂၇၅ |
| ၁၂၉။ | အသက်လေးဆယ်မှာသေဖို့စတယ် | ၂၇၇ |
| ၁၃၀။ | အသေမြတ်ချင် သေနည်းသင် | ၂၈၀ |
| ၁၃၁။ | ပုထုဇဉ်တွေရောက်နိုင်တဲ့ဘုံ | ၂၈၁ |
| ၁၃၂။ | လူသေမမြှုပ်ဘူးတဲ့နေရာ | ၂၈၃ |
| ၁၃၃။ | လက်ဖက်ရည်ဆိုင်ထိုင်ရင်းလည်းသေတာပဲ | ၂၈၅ |
| ၁၃၄။ | ပြိတ္တာဖြစ်ရသော ရဟန်းမယ်တော် | ၂၈၇ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၅။ | ပေါက်ခေါင်းမြို့နယ်က သရဲဦးနန္ဒ | ၂၈၉ |
| ၁၄၆။ | ပဋိသန္ဓေနေရခြင်းဆင်းရဲလေးမျိုး | ၂၉၁ |
| ၁၄၇။ | ပဋိပတ်အန္တရာယ်စကားတစ်ခွန်း | ၂၉၄ |
| ၁၄၈။ | သေမှာကြောက်၍ငိုသောဆရာတော်ကြီး | ၂၉၆ |
| ၁၄၉။ | သေတာမငိုသောမိသားစု | ၃၀၀ |
| ၁၅၀။ | သူလျှိုနဲ့တူတဲ့အကုသိုလ် | ၃၀၃ |
| ၁၅၁။ | နတ်ဘဝအကြိမ်သုံးထောင် | ၃၀၆ |
| ၁၅၂။ | ဂုဏ်တော်တစ်ပါး၏ပွားရကျိုးများ | ၃၀၈ |
| ၁၅၃။ | စစ်မှုထမ်းဟောင်းနတ်သားကြီး | ၃၀၉ |
| | **အခန်း (၁၁)** | |
| ၁၅၄။ | ထူးဆန်းသောဝဋ်ကြွေး | ၃၁၆ |
| ၁၅၅။ | အကြွေးယူဖူးခြင်း | ၃၁၈ |
| ၁၅၆။ | လက်ခမယူ ကုတင်ပါလှူသောဦးတင်ငွေ | ၃၂၀ |
| ၁၅၇။ | ဝဋ်ကြွေးနှစ်မျိုး | ၃၂၁ |
| ၁၅၈။ | အပရစေတနာပျက်သောအခါ | ၃၂၄ |
| ၁၅၉။ | ပထမဝဋ်ကြွေး | ၃၂၄ |
| ၁၆၀။ | ဒုတိယဝဋ်ကြွေး | ၃၂၆ |
| ၁၆၁။ | စိတ်ချမ်းသာနည်း | ၃၂၇ |
| ၁၆၂။ | ကြောက်ရမည့်ဘေး | ၃၂၈ |
| ၁၆၃။ | သုန္ဒရီ၏ပရိယာယ် | ၃၃၀ |
| ၁၆၄။ | တိတ္ထိဆရာကြီးများ၏ဝှက်ဖဲ | ၃၃၁ |
| ၁၆၅။ | ငရဲမှာတွေ့ကြမည့်ထိုနှစ်ဦး | ၃၃၂ |
| ၁၆၆။ | စွပ်စွဲခံရခြင်းနောက်ကြောင်း | ၃၃၄ |
| ၁၆၇။ | သာသနာမရှိ ဆင်းရဲဘိ၏ | ၃၃၆ |
| ၁၆၈။ | မြွေဆိပ်ထက်ဆိုးသောအရာ | ၃၃၇ |
| ၁၆၉။ | မကြည်ညိုတတ်သောသူဒွေး | ၃၃၉ |
| ၁၇၀။ | ဆန်ကွဲထမင်းနှင့်ပုန်းရည်ဟင်း | ၃၄၁ |
| ၁၇၁။ | ရဟန်းတော်ကိုဆုံးမသောဝိသာခါ | ၃၄၂ |
| ၁၇၂။ | အရှင်ဒဗ္ဗ ပထမအကြိမ်စွပ်စွဲခံရခြင်း | ၃၄၃ |
| ၁၇၃။ | ဒုတိယအကြိမ်စွပ်စွဲခံရခြင်း | ၃၄၄ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ၁၇၄။ | အကြောက်လွဲ၍အသေစောသူများ | ၃၄၅ |
| ၁၇၅။ | ကြိုးဆွဲချပျံတော်မူသောဆရာတော် | ၃၄၇ |
| | **အခန်း (၁၂)** | |
| ၁၇၆။ | ကျွန်ုပ်၏တစ်ဦးတည်းစွန့်စားခန်းများ | ၃၄၉ |
| ၁၇၇။ | ပစ္စည်းလေးပါးဖိတ်တတ်သူ | ၃၅၃ |
| ၁၇၈။ | ရဟန်းအမကြီး၏ပင်ကိုယ်စိတ်ဓာတ် | ၃၅၄ |
| ၁၇၉။ | လှူလို့လျော့မသွားဘူး | ၃၅၆ |
| ၁၈၀။ | ရှုံးနေသောဆန်အိတ်များ | ၃၅၉ |
| ၁၈၁။ | ဝန်တိုခြင်းအဓိပ္ပာယ် | ၃၆၁ |
| ၁၈၂။ | သံဃာများကိုစော်ကားခြင်း | ၃၆၅ |
| ၁၈၃။ | ကျွန်ုပ်၏ဒေါသစကား | ၃၆၉ |
| ၁၈၄။ | နဒီဘဝ လူ့ဘဝ | ၃၇၂ |
| ၁၈၅။ | ဘဝဆိုတာ ဒီလိုပါပဲ | ၃၇၃ |
| ၁၈၆။ | မိမိရန်သူထောင်ကျသွားရင် | ၃၇၄ |
| ၁၈၇။ | သုံးသောင်းတန်သောထမင်းတစ်နပ် | ၃၇၅ |
| ၁၈၈။ | မိမိကိုယ်ကိုလေးစားကြည်ညိုခြင်း | ၃၇၆ |
| ၁၈၉။ | အထက်တန်းစားပုဂ္ဂိုလ်ဆိုတာ | ၃၇၈ |


www.dhammaransi.com

## ဤစာအုပ်ရေးဖြစ်ခြင်းအကြောင်းနှင့်ရေးပုံ

ကျွန်ုပ်သည် စာအုပ်မျိုးစုံကို နှစ်ပေါင်းများစွာဖတ်ရာမှ ဗဟုသုတ၊ အသိညာဏ်မျိုးစုံ ရရှိလာခဲ့သည်။ ထိုအသိညာဏ် ဗဟုသုတမျိုးစုံကို သူတစ်ပါးအား ဝေငှလိုသော စေတနာမှတစ်ဆင့် စာရေးဆရာဘဝသို့ ရောက်ရှိလာရခြင်းဖြစ်သည်။ သို့သော် ယခုအချိန်ထိ စာရေးသောအချိန်ထက် စာဖတ်သောအချိန်က များနေတုန်းဖြစ်သည်။

အသက်ရလာသည်နှင့်အမျှ အချိန်တန်ဖိုးကို ပိုသိလာသည်။ အချိန်တန်ဖိုးကို သိလာသည်နှင့်အမျှ စာအုပ်ကိုလည်း ရွေးဖတ်လာရသည်။ စိတ်ဝင်စားစရာလည်း ကောင်းရမည်။ အကျိုးလည်းရှိရမည် ဟူသော အင်္ဂါနှစ်ရပ်နှင့်ညီသော စာအုပ်များကို အလေးပေးဖတ်လာပါသည်။ စာဖတ်သူချင်းကိုယ်ချင်းစာစိတ်ကြောင့် ကျွန်ုပ်စာရေးသောအခါတွင်လည်း ထိုအချက်နှစ်ချက်နှင့်ညီသော စာများကိုသာ ဦးစားပေး၍ ရေးလာရပါသည်။

ယခုစာအုပ်သည်လည်း အထက်ပါ အင်္ဂါနှစ်ချက်နှင့်ညီအောင် ကြိုးစားရေးသားထားပါသည်။ ထိုသို့ရေးရာတွင် ပိုမိုအသက်ဝင်စေရန်အတွက် မိမိကိုယ်ကို ဇာတ်ကောင်နေရာမှာထားပြီး အကြောင်းအကျိုး၊ အကောင်းအဆိုးမျိုးစုံကို ရှုထောင့်စုံ၊ နေရာစုံမှကြည့်၍ ရေးသားထားပါသည်။ အရွယ်သုံးပါးလုံး ဖတ်စေနိုင်ရန်အတွက် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပါမကျန် ပြည့်စုံအောင် ရေးသားထားပါသည်။

ဤစာအုပ်ကို စာအုပ်အမျိုးအစားခွဲကြည့်လျှင် အတ္ထုပ္ပတ္တိ (သို့) ဘဝမှတ်တမ်းစာအုပ်ထဲသို့ ထည့်ရပါမည်။ နာမည်ကျော် ပုဂ္ဂိုလ်တစ်ယောက်မဟုတ်ပါဘဲနှင့် အဘယ့်ကြောင့် အတ္ထုပ္ပတ္တိစာအုပ်ရေးရသနည်း ဟူပြောအံ့၊ ဖြေပါမည်။ စိတ်ဝင်စားစရာ၊ အံ့ဩစရာအကြောင်းအရာများ

www.dhammaransi.com

သည် နာမည်ကြီးပုဂ္ဂိုလ်များထံမှာသာ ရှိသည်မဟုတ်၊ သာမန်ပုဂ္ဂိုလ်များ ထံမှာလည်း ရှိနေပါသည်။

တစ်ခါတစ်ရံ သာမန်ပုဂ္ဂိုလ်များထံမှာရှိသော အကြောင်းအရာသည် နာမည်ကြီးပုဂ္ဂိုလ်များထံမှာရှိသော အကြောင်းအရာထက် ပို၍ စိတ်ဝင်စားစရာ ကောင်းနေတတ်ပြန်သည်။ ဥပမာ - ကျွန်ုပ်အဖြစ်ကို ကြည့်ပါ။ ကျွန်ုပ်ကား သာမာန်ပုဂ္ဂိုလ်တစ်ယောက်သာဖြစ်ပါ၏။ သို့သော် မိမိဖြစ်ခဲ့သော နောက်ဘဝကို ပြန်အမှတ်ရသောသူသည် တစ်ထောင်၊ တစ်သောင်းမှာ တစ်ယောက်သာ ရှိတတ်သည်။

နောက်ဘဝကို ပြန်အမှတ်ရသောဉာဏ်ကို ဇာတိဿရဉာဏ်ဟု ခေါ်သည်။ ကျွန်ုပ်သည် ထူးထူးခြားခြား ပြီးခဲ့သောဘဝတစ်ခုကို ပြန်အမှတ်ရသောသူဖြစ်နေခဲ့သည်။ ထို့ကြောင့် ဤစာအုပ်ကို ကျွန်ုပ်၏ အတိတ်ဘဝတစ်ခုမှ စထားခြင်းကို တွေ့ရပါလိမ့်မည်။

ဂုဏ်တက်စရာကောင်းသောဘဝကား မဟုတ်ပါ။ ဂုဏ်ပျက်စရာကောင်းသောဘဝသာဖြစ်ပါ၏။ သို့သော် စာဖတ်သူများ ဓမ္မသံဝေဂ ရစေလိုသောကြောင့် အမှန်အတိုင်း ထည့်သွင်းရေးသားထားပါသည်။ ရွှေပြည်သာမြို့၊ (၇) ရပ်ကွက်၊ (၂)နှစ်အရွယ်သမီးလေး ချောစု၊ မတ်တတ်ရပ်မရသော သာမန်ဒုက္ခိတမလေးတစ်ယောက်သာ ဖြစ်ပါ၏။

အောက်ပိုင်းခြေထောက်များ အကြောသေလျက် မွေးဖွားလာခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ အကြောသေအောင်လုပ်သူသည် မိခင်နှင့် ဆွေမျိုးသားချင်းများဖြစ်သည်ဟုဆိုလျှင် စာဖတ်သူများ အတော်အံ့သြသွားပေလိမ့်မည်။ ချောစုလေး ပဋိသန္ဓေတည်ကတည်းက သူ့အမေက ကိုယ်ဝန်ပျက်ကျသည့်ဆေးများကို စားသည်။

အကြောင်းပြချက်က ဆင်းရဲ၍ လုပ်ကိုင်မကျွေးနိုင်သောကြောင့် ဟူ၏။ အသံ၊ ဉာဏ်၊ ကံ၊ (ဆံ) ဆံပင်တို့ကား တုပ၍ မရနိုင်သောအရာများသာ။ တုပမိလျှင် ဖားတုလို့ ခရုခုန်ခြင်းသာ ဖြစ်ပေလိမ့်မည်။ မိမိအိုင်သာ ပျက်သွားနိုင်သည်ကို ဂရုပြုကြရပါမည်။ ချောစု၏မိခင်ကား ချောစု၏ကံကို သွားပြီးတုပသည်။

ချောစုက လူ့ဘဝကိုရောက်ဖို့ ကုသိုလ်ကံတွေ ပြုခဲ့သည်။ သူ့မိခင်က ထိုကုသိုလ်ကံတွေကို မရ၊ အရ သွားတုပြီး သန္ဓေပျက်ကျဆေးတွေ စားသည်။ ချောစုကား မသေ၊ ပျက်ကျမသွား၊ သူတို့ကတော့ ပျက်ကျသွားပြီဟုသာ ထင်ကြသည်။ တဖြည်းဖြည်း ကိုယ်ဝန်ရင့်လာသောအခါတွင်

www.dhammaransi.com

မှ အရပ်လက်သည်ခေါ်ပြီး အကြမ်းနည်းဖြင့် ဖျက်ချကြပြန်သည်။ ချောစုကား ပျက်ကျမသွား၊ မိခင်သာကိုယ်ပြုသည့်ဒဏ် ကိုယ့်ထံပြန်ပြီး သွေးများ မရပ်မနားဆင်းလာသဖြင့် ဆေးရုံပို့လိုက်ရတော့သည်။

ဆေးရုံရောက်သောအခါတွင်လည်း ဆရာဝန်ကိုလိမ်ညာပြီး ချောစု၏ကံကိုဆက်လက်တုကြပြန်သည်။ လမစေ့ဘဲနှင့်မီးဖွားခြင်းပါ။ မနိုင်လို့ ဆေးရုံလာရတာပါဟု ပြောသောအခါ ဆရာဝန်က အရေးပေါ် ခွဲစိတ်ရမည်၊ တစ်သက်သာရမည်၊ ကလေးအသက်ယူမည်လား၊ မိခင် အသက်ယူမည်လားဟု မေးလိုက်သောအခါ ချောစုမိဘများနှင့် ဆွေမျိုး သားချင်းများပါးစပ်မှ-

"မိခင်အသက်သာယူပါမည်" ဟု တစ်ပြိုင်နက်ထွက်လာကြသည်။ လူမဆန်သော အနိုင်ကျင့်ပွဲတစ်ခုဟုသာ ဆိုရပါမည်။ တစ်ဖက်က မိဘ နှစ်ပါး၊ ဆွေမျိုးသားချင်းများ၊ ဆရာဝန် ဆရာမများ၊ သန္ဓေပျက်ကျဆေး များ၊ လူအင်အား၊ လက်နက်အင်အား တောင့်တင်းလှသည်။ ချောစုဘက် တွင်ကား သက်ရှိဆိုလို့ ဘယ်သူမှမရှိ၊ ချောစုပြုလာခဲ့သော လူ့ဘဝနေဖို့ ကုသိုလ်ကံတစ်ခုသာ ချောစုဘက်မှာရှိသည်။

အဓမ္မကနိုင်ခြင်းသည် ယာယီသာဖြစ်ပါသည်။ နောက်ဆုံးတွင် ဓမ္မကသာ အဓမ္မကို အနိုင်ယူအောင်ပွဲခံမြဲဖြစ်သည်။ ယခုလည်းကြည့် ပါ။ ချောစုကိုအသေ၊ မိခင်ကိုအရှင်ထား၍ ခွဲစိတ်ကုသပါသော်လည်း ချောစုကားမသေ၊ ချောစုကိုသေစေချင်သော မိခင်သာ သေဆုံးသွား ရပါသည်။ သန္ဓေပျက်ဆေးများ၏ဒဏ်ကြောင့် ချောစုခြေထောက် နှစ်ဖက် စလုံးသာ အကြောသေသွားပါသည်။

ဒီကလေးကြောင့် ငါ့မိန်းမသေတာ ဒီကလေးကြောင့်၊ ငါ့ညီမ သေတာ ငါ့နှမသေတာ ဟူသော စွဲချက်များစွာဖြင့် အပြစ်မဲ့သော ကလေးကို ပစ်ထားသောကြောင့် ဖခင်၏အစ်မဖြစ်သူ ကျွန်ုပ်ဆွမ်းအမ တစ်ယောက်က နယ်မှ ရွှေပြည်သာသို့ ခေါ်ယူလာပြီး ကျွေးမွေးထားခြင်း ဖြစ်သည်။ ချောစုဟူသည် ကျွန်ုပ်ပေးသော အမည်ပင်၊ ကျွန်ုပ်ကိုယ်တိုင် ချောစုဘဝ ရေရှည်တည်တံ့ရေးအတွက် တတ်နိုင်သမျှ ထောက်ပံ့နေပါ သည်။

ကလေးဖျက်ချခြင်းကို ဘုရားဥပဒေအရ အရေးယူနိုင်ပါ၏။ ပေတဝတ္ထုပါဠိ တော်လာ ပြိတ္တာမတစ်ယောက်ကို ကြည့်ပါ။ ဝါကျွတ် သောအခါ ဘုရားဖူးရန်ကြလာကြသော မထေရ် (၈)ပါးသည် သာဝတ္ထိ

www.dhammaransi.com

ပြည်၏ မနီးမဝေး ရွာတစ်ရွာနားအရောက်တွင် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှသော ပြိတ္တာမတစ်ယောက်ကို တွေ့ကြရသည်။

ထိုပြိတ္တာမသည် အရိုးပေါ် အရေတင် ပိန်ချုံးနေသော်လည်း အပုပ်နံ့ တထောင်းထောင်းထနေသဖြင့် ယင်းမမဲရိုင်းများ မောင်းမရလောက်အောင် တစ်လှောင်းလှောင်းဖြစ်လျက်ရှိသည်။ ထို့ထက် အဖြစ်ဆိုးသည်ကား သူသည် မနက်တစ်ခါ ညတစ်ခါ သားမွေးရသေးသည်။တစ်ခါမွေးလျှင် ငါးယောက်ဖြစ်သောကြောင့် တစ်နေ့လျှင် ဆယ်ယောက်နှုန်းဖြစ်သည်။

ထိုသားများကို မွေးပြီးပြီးချင်း သူကိုယ်တိုင် ပြန်စားရပြန်လေသည်။ ထူးဆန်းလှသောထိုပြိတ္တာမ၏ အကုသိုလ်အကြောင်းရင်းကို စိစစ်ကြည့်သောအခါ သူသည် အရင်ဘဝက ဤရွာကလေးမှာပင် အမျိုးသမီးတစ်ယောက်ဖြစ်ခဲ့ရသည်။ အိမ်ထောင်ကျပြီးသောအခါ ကလေးမရသဖြင့် လင်ယောက်ျားက နောက်မိန်းမတစ်ယောက် ထပ်ယူပြန်သည်။

မယားငယ် ကိုယ်ဝန်ရှိသောအခါ မယားကြီးသည် မနာလိုဝန်တိုဖြစ်ပြီး ကိုယ်ဝန်ကျဆေး လိမ်တိုက်သဖြင့် မယားငယ်၏ ကိုယ်ဝန်မှာ ပျက်ကျသွားလေသည်။ မယားငယ်၏တိုင်ကြားမှုကြောင့် ဆွေမျိုးသားချင်းများက စစ်မေးသောအခါ သူမက -

"ကိုယ်ဝန်ကျဆေးမတိုက်ခဲ့ပါ၊ တိုက်လျှက်သားနဲ့မတိုက်ဘူး ပြောခဲ့လျှင် နောက်ဘဝတွင် ပုပ်စော်နံသောပြိတ္တာမဖြစ်၍ ကိုယ်မွေးသောသားကို ကိုယ်ပြန်စားရသောကိုယ် ဖြစ်ပါစေသား" ဟု ပါဏာတိပါတအကုသိုလ်ကံပေါ်တွင် မုသာဝါဒကျိန်စာ အကုသိုလ်ကံကြီးဆင့်ခဲ့မိသောကြောင့်ဖြစ်ကြောင်း သိရလေသည်။ ကြောက်ဖွယ်ကောင်းပေစွ။

ပါဏာတိပါတအကုသိုလ်ကံများတွင် တိရစ္ဆာန်ကို သတ်သောအကုသိုလ်ကံထက် လူကိုသတ်သောအကုသိုလ်ကံက ပိုကြီးပေသည်။ ကိုယ်ဝန်ပျက်ဆေးများစားခြင်းသည် လူကိုသတ်ခြင်းသာဖြစ်ပါ၏။ ယခုခေတ်တွင် အိမ်ထောင်ပြုကြသော်လည်း စားဝတ်နေရေး ကြပ်တည်းသောကြောင့် ကလေးမလိုချင်ကြ။ ထို့ကြောင့် နည်းမျိုးစုံဖြင့် ကလေးမရအောင် သဘာဝတရားကိုတားဆီးကြသည်။

ထိုအခါ သဘာဝတရားက ပြန်လည်ဒဏ်ခတ်လိုက်သည်မှာ အရင်က တစ်ခါမှမကြားဘူးကြသော ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ သားအိမ်

www.burmeseclassic.com

ထဲ အကြိတ်အလုံးတည်သော ရောဂါများဒဏ်ကို အာဏာပါးကွက်သား ဆန်သော အမျိုးသမီးများ မချိမဆန့်ခံကြရလေသည်။ ကလေးယူရမှာ ကြောက်သော မိခင်လောင်းများအတွက် ကျွန်ုပ်မိခင်ကြီး၏ ကိုယ်တွေ့ကို တင်ပြပါမည်။ မယ်တော်ကြီးကိုယ်တွေ့အရ သားသမီးပုံမှန်ယူလျှင် အလိုလိုသားဆက်ကျဲသွားသည်ဟု ဆိုပါသည်။ မယ်တော်ကြီးသည် (၁၉) နှစ်အရွယ် အိမ်ထောင်ကျသည်မှ သွေးဆုံးချိန်အထိ သားသမီး (၉) ယောက် မွေးပါသည်။

အလိုလို သားဆက်ခြားသွားပြီး သုံးနှစ်မှတစ်ယောက်သာ မွေးပါသည်။ ဒုတိယအချက်မှာ သူ့ကံနှင့်သူလာခြင်းဖြစ်၍ မွေးလာသော သားသမီးတိုင်း အသက်မရှည်ခြင်းပင်။ မယ်တော်ကြီးမွေးသော ကိုးယောက်အနက် လေးယောက်သာ အသက်ရှည်ပါသည်။ မယ်တော်ကြီးသည် ယခုစာရေးချိန် ၂၀၀၁ ခုနှစ်ထိ အသက် (၇၀)အရွယ် ကျန်းကျန်းမာမာဖြင့် ရှိနေပါသည်။

နောက်ဆုံးအချက်သိစေလိုသည်မှာ မိမိတို့ထံ ရောက်လာသော သားသမီး၏ကုသိုလ်ကံကြောင့် မိမိတို့စီးပွားရေး တက်လာနိုင်သေးသည် ဟူသော အချက်တစ်ခုပင်။ ရွှေဂုံတိုင်ရပ်ကွက်တစ်ခုအတွင်းမှ တပည့်မ တစ်ယောက်၏ ဖြစ်ရပ်က သက်သေခံလျက်ရှိသည်။ ထိုတပည့်မလေး ကိုယ်ဝန်ရှိလာသည်နှင့် သူတို့မိသားစုစီးပွားရေး ဒိုရေအလား တိုးပွား လာသည်။

ည်မျှထိ ကြီးပွားလာသနည်းဆိုလျှင် ထိုတပည့်မလေးအတွက် သူ့ဖခင်က ခြံတစ်ခြံတွင် တိုက်၊ ကား၊ ရေကူးကန်စသည်ဖြင့် ပြည့်စုံအောင် လုပ်ပေးခဲ့သည်။ တပည့်မလေးဝတ်သော စိန်လက်စွပ်သည်ပင် (၇)သိန်း တန်သည်။ သားသမီးတစ်ယောက် တိုးလာသည့်အတွက် ပါးစပ်ပေါက် တစ်ပေါက်သာ တိုးလာတာရှိသလို ရွှေဂုံတိုင်က တပည့်မလေးကဲ့သို့ မိဘကို ကြီးပွားချမ်းသာစေနိုင်သော သားသမီးမျိုးလည်း ရှိသေးကြောင်း မိခင်လောင်းများကို သိစေချင်ပါသည်။

မောင်ထူး၊ သူကား ကျွန်ုပ် ဆွမ်းဒကာတစ်ဦး၏သားတစ်ယောက်၊ သာမန်အရပ်သားတစ်ယောက်ပင်၊ သို့သော် သူ၏ဘဝတွင်လည်း နာမည် ကျော်ပုဂ္ဂိုလ်များတွင်မရှိနိုင်သော စိတ်ဝင်စားဖွယ်ရာအကြောင်း များရှိ နေသည်။ နာမည်က မောင်ထူးဖြစ်သော်လည်း ၂၀ နှစ်သားထိ ဘာမျှ မထူးသေး၊ ၂၂ နှစ်သားတွင်ကား ထူးပါလေပြီ။

www.dhammaransi.com

နေဝင်ရီတရောတွင် ရထားအကြိတ်ခံရပြီး ညာဖက်လက်ရော ခြေရော အရင်းကပြတ်ထွက်သွားသည်။ ဘယ်လိုမှ ပြန်ဆက်လို့မရ တော့၊ သွေးလွန်ပြီးမသေတာသည်ပင် သူ့ကံက ထူးခြားခြင်းဖြစ်၏။ ထိုအချိန်က သူ့မိခင်သည် မိုးကုတ်ဝိပဿနာစမ္မကထိက ဒေါက်တာ ဦးကျော်မြင့်ဟောသော တရားနှင့် ကျွန်ုပ်ရေးသားသော "မျက်ရည်မကျ ခင်သိစေချင်" အမည်ရှိစာအုပ်တို့ကိုဖတ်ရှုပြီး ပြိတ္တာအနွယ်ဝင် နတ်ရုပ် များကို ပယ်စွန့်ပြီးစအချိန်ပင် ဖြစ်ပါ၏။ (မှတ်ချက်) မောင်ထူး မိခင် အကြောင်း အပြည့်အစုံကို ကျွန်ုပ်ရေးသော "ယုံမှတ်လို့ ပုံအပ်မိသူများ အကြောင်း (၃)" တွဲတွင်ရှုပါ။ ရတနာသုံးပါးနှင့် ပြိတ္တာနတ်နှစ်မျိုးလုံး ကိုးကွယ်သော ကပြားဗုဒ္ဓဘာသာဝင်များက သူ့မိခင်ကို အစိက ပစ်မှတ် ထားပြီး တိုက်ခိုက်ကြသည်။ နံကရိုင်းနတ်နန်းကြီးကို ဖယ်လိုက်လို့ အိမ်တွင်း အုန်းနဲ့ မနဲ့လေးရုပ်တွေ ရှင်းလိုက်လို့၊ နတ်က ရှင့်သားကို ရထားကြိတ် အောင်ကိုင်လိုက်တာ၊ နောက်တစ်ခေါက်ဆိုရင် အသေကိုင်လိုက်လိမ့် မယ်။ ဖယ်ရှားထားတဲ့အရုပ်တွေ အချိန်မီ ပြန်ကိုးကွယ်ပါလား စသည် ဖြင့် ဆွဲဆောင်ကြသည်။

ကုသိုလ်ကံရှိလျှင် ကောင်းကျိုးခံစားရမည်၊ အကုသိုလ်ကံရှိလျှင် မကောင်းကျိုးခံရမည်ဟူ၍ ကံမ္မဿကတာသမ္မာဒိဋ္ဌိအမြင်မှန်ကြည်လင် ပြီးဖြစ်သည့် မောင်ထူးမိခင်က သူ့ကံနှင့်သူဖြစ်လာတာပါဟူသော စကား တစ်ခွန်းနှင့်ပင် ကပြားဗုဒ္ဓဘာသာဝင်များ၏ စကားကို ဘေးချိတ်ပစ် လိုက်သည်။ သူ့ကံနှင့်သူ ဖြစ်လာတာပါဟူသော စကားသည်ကား မှန်ကန် လွန်းပေစွ။

ဆေးရုံကြီးမှ ဆင်းလာပြီး ခြေလက်သန်စွမ်းရေးဆေးရုံတွင် တက် ရောက်နေဆဲအခါမှာပင် မောင်ထူး၏ပါရမီဖြည့်ဖက်ကို တွေ့ကြရသည်။ မနှင်းအေးအမည်ရှိ ဘာသာခြားဖြစ်သော မိန်းမပျိုလေးသည် အောက်ပိုင်း သေနေသော သူ့ဖခင်ကို ဆေးရုံလာတင်ရင်းဖြင့် မောင်ထူးနှင့် တွေ့ဆုံ ပြီး သနားခြင်းကရုဏာမှတစ်ဆင့် မေတ္တာထိ သက်ဝင်သွားကာ လက်ထပ် ယူလိုက်ပါလေတော့သည်။

ဘာသာခြားလည်းဖြစ်၊ ခြေလက်အင်္ဂါလည်းမပြည့်စုံသော မောင်ထူး ကို ဘဝကြင်ဖော်ဖြစ် လက်တွဲခေါ်ယူရဲသော မေတ္တာသတ္တိကိုကား ကျွန်ုပ် တို့ ချီးမွမ်းအံ့ဩရမည်သာ ဖြစ်ပါ၏။ မုဆိုးတစ်ပိုင်း မိန်းမရိုင်း၊ အသည်း စားဘီလူးမ စသော မိန်းမတို့ကို အပြစ်တင်ထားသော စကားတို့ကို မနှင်းအေးက ချေဖျက်ပစ်လိုက်လေပြီ။

www.dhammaransi.com

စိဥ္စမာနလို အမျိုးသမီးကို လက်ညှိုးထိုးပြီး မိန်းမများကို ဝါးလုံးသိမ်းရမ်းတတ်သည့် ကျွန်ုပ်တို့အမျိုးသားများသည် မိထွေးတော် ဂေါတမိလို၊ မနှင်းအေးလိုအမျိုးသမီးများလည်း ရှိနေသေးပါလားဟု သတိထားလေးစားကြရတော့မည် ဖြစ်သည်။

ချောမောလှပသောဘဝကြင်ဖော်နှင့် အဆင်ပြေသွားသော မောင်ထူးအဖြစ်ကို တွေ့ကြရသောအခါ ဝေဖန်ရေးနှင့် လေကန်ရေး လုပ်ခဲ့ကြသော ကပြားဗုဒ္ဓဘာသာများ ငြိမ်သွားကြသည်။

မောင်ထူးမိခင်၏ မှန်ကန်သောအယူအဆကား တသမတ်တည်း "သူ့ကံနှင့်သူဖြစ်လာတာပါ" ဟူ၍ ဖြေရှင်းချက် ထုတ်လိုက်သည်။ နားယောင်ပြီး နတ်ရုပ်တွေ ပြန်မတင်မိသော မောင်ထူးမိခင်ကိုသာ ချီးကျူးမိသည်။ နတ်ရုပ်တွေသာ ပြန်တင်ခဲ့မိလျှင် မောင်ထူး ယခုလို ရုပ်ချောသဘောကောင်း အားကိုးဖွယ်ရာ ဇနီးလေးတစ်ယောက်ရတာ နတ်မလို့ဟုဆိုကြမည်မှာ အသေအချာပင်။

ဤကဲ့သို့ ကျွန်ုပ်ကိုယ်တွေ့များ၊ ကျွန်ုပ်နှင့်ပတ်သက်ဆက်နွှယ်သူများ၊ စာအုပ်ထဲမှ တွေ့ရသော ပုဂ္ဂိုလ်များအားလုံးထံမှ စိတ်ဝင်စားစရာကောင်းသော၊ အကျိုးရှိသော ဖြစ်ရပ်များကို ရွေးထုတ်၍ ဤစာအုပ်ကို ရေးသားထားခြင်းဖြစ်ပါသည်။ ယခုနိဒါန်းနမူနာကို သင် စိတ်ဝင်စားခဲ့လျှင် စာတစ်အုပ်လုံး စိတ်ဝင်စားဖို့ရာ ကျွန်ုပ်တာဝန်ယူပါသည်။

*စာဖတ်သူများ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြပါစေ။*

မေတ္တာရှင် (ရွှေပြည်သာ)

## အခန်း ( ၁ )
## ညောင်စေ့လောက်ပင် မလှူနိုင်ပါ

ကျုပ်ရဲ့အမည်က တိုးနီ၊ နေတာက အမရပူရမြို့၊ နန်းတော်ရာစံပြကွက် သစ်ရပ်ကွက်က မွေးမြူရေးဝက်ခြံတစ်ခုမှာပေါ့။ ကျုပ်အမိဝမ်းက ကျွတ် ကျွတ်ခြင်း ဆိုးရွားတဲ့အနံ့တွေကို ရှူရှိုက်လိုက်ရတယ်၊ အို… အနံ့ဆိုးတာ လည်း မပြောနဲ့၊ ကျုပ်ရောက်နေတာ ဝက်ခြံတစ်ခုတည်းမှာပါလား။

ကျုပ်ဝမ်းနည်းလိုက်တာဗျာ၊ ၃၁ - ဘုံထဲမှာတော့ အောက်တန်း အကျဆုံး တိရစ္ဆာန်ဘုံရောက်နေတာ မဟုတ်လား။ အရင်ဘဝက ကုသိုလ် မရှိခဲ့လို့သာ တိရစ္ဆာန်ဘဝ ရောက်လာရတယ်ဆိုတာကိုတော့ ကျုပ်စိတ် ထဲမှာ စွဲနေတယ်။ ကျုပ် ကုသိုလ်လုပ်ချင်လိုက်တာလေ။

ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်ကြီးလောက် ကုသိုလ်ရ တယ်ဆိုတဲ့ နိဗ္ဗာန်ဆော်တွေရဲ့ တိုက်တွန်းနှိုးဆော်သံကို မကြာခဏ ကြားနေ ရတော့ ညောင်စေ့လောက်တောင် မလှူနိုင်တဲ့ ကိုယ့်ဘဝအကြောင်းကို တွေးပြီး ဝမ်းနည်းမိတယ်။ ဒါပေမယ့် ဖြစ်နိုင်တဲ့နည်းနဲ့ ကုသိုလ်ရနိုင်တဲ့ နည်းကိုတော့ ကျုပ် အမြဲတမ်းရှာနေမိတယ်။

တစ်နေ့တော့ ကျုပ်တို့ခြံနဲ့ကပ်လျက်အိမ်က အမျိုးသမီးတစ်ယောက် ဆွမ်းလောင်းနေတာကို ကျုပ် တွေ့လိုက်ရတယ်။ ရဟန်းတော်တွေရဲ့ သပ္ပာယ်တဲ့ ဣန္ဒြေရယ်၊ သဒ္ဓါတရားပြည့်ဝစွာနဲ့ ဆွမ်းလောင်းနေတဲ့ အမျိုး သမီးရယ်ကို ကြည့်ပြီး ကျုပ်ဝမ်းသာလွန်းလို့ စိတ်ထဲက သာဓုအကြိမ်ကြိမ် ခေါ်မိတယ်။

ဒီမြင်ကွင်းလေးကို မြင်ရတိုင်း ကျုပ်စိတ်ထဲမှာ သိပ်ပြီး ကြည်နူးရ တာပဲ။ ကျုပ်က ဒီမြင်ကွင်းလေးသာ မြင်နေရရင် စားဖို့သောက်ဖို့တောင် သတိရနေတာ မဟုတ်ဘူး၊ တစ်ခါတစ်လေ ကျုပ်က ဆွမ်းလောင်းတာကို ကြည့်နေတဲ့ အချိန်မျိုးမှာ စားခွက်ထဲကို အစာလာထည့်ရင် ဒီမြင်ကွင်း လေးကို အပျောက်မခံနိုင်လို့ မစားဘဲနေလိုက်တယ်။

www.dhammaransi.com

ဒါကို သခင်လုပ်သူက ဘာများ မကျေနပ်တယ်မသိဘူး၊ ကျူပ်နားရွက်ဆွဲပြီး စားခွက်ရှိရာကို အတင်းလှည့်ပေးတယ်ဗျာ။ ကျူပ်အစာမစားဘဲ နေမှာစိုးရိမ်လို့ ထင်ပါရဲ့။ စေတနာရှိလို့တော့ ဘယ်ဟုတ်မလဲဗျာ။ အစာမစားဘဲနေရင် ကျူပ်ပိန်လှီမယ်၊ ကျူပ်ပိန်လှီရင် သူတို့ ဈေးကောင်းမရမှာ စိုးရိမ်လို့ပေါ့ဗျာ။

တစ်နေ့တော့ ကျူပ်က ဆွမ်းလောင်းတာကို သေချာစိုက်ကြည့်နေတုန်း သခင်က စားခွက်ထဲကို အစာထည့်ပေးနေတယ်လေ။ ကျူပ်ကတော့ ထုံးစံအတိုင်းပေါ့ အစားကိုဘယ်ဂရုစိုက်နေလိမ့်မတုန်း၊ ဆွမ်းလောင်းနေတာကို သေချာစိုက်ကြည့်နေတာပဲလေ၊ တခြားအပေါင်းအဖော်ဝက်တွေတိုးခွေ့လုယက် စားသောက်နေသလောက် ကျူပ်ကတော့ ဣန္ဒြေရရဆွမ်းလောင်းတာကိုပဲ ကြည့်နေတော့ သခင်ဖြစ်တဲ့သူ တော်တော်အံ့ဩနေပုံရတယ်။

ဒီအချိန်မှာ ကျူပ်ကလည်း အရွယ်တော်တော်ရောက်နေပြီလေ၊ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ တစ်နှစ်လည်းမဟုတ်၊ နှစ်,နှစ်လည်းမဟုတ်ဆိုတော့ သူလည်း ကျူပ်အကြောင်းကို ရိပ်မိလာဟန်တူတယ်၊ ကျူပ်ကြည့်တဲ့နေရာကို ကျူပ်သခင်လည်း လိုက်ကြည့်နေတယ်။

အဲဒီအချိန်မှာ အမျိုးသမီးကလည်း ဆွမ်းလောင်းပြီးလို့ ပြန်အလှည့်အလာမှာ ကျူပ်ရဲ့သခင်က လှမ်းပြောလိုက်တယ်။

"မသိန်းရင် တော်တော်အံ့ဩစရာကောင်းတယ်ဗျာ"

"ရှင်... ကိုလှကြည်၊ ဘာဖြစ်လို့ပါလိမ့်"

"ဩော်... မသိန်းရင် ဆွမ်းလောင်းနေတာကို ဟော့ဒီ တိုးနီ ဆိုတဲ့ကောင်က သေသေချာချာကြည့်နေတာဗျ၊ အရင်ရက်တွေကတော့ ကျွန်တော်လည်း သတိမထားမိဘူး၊ ဒီကောင်ကြီး မနက်ပိုင်း အစာကျွေးရင် ဘာဖြစ်လို့ မစားပါလိမ့်ဆိုပြီး စဉ်းစားမရဖြစ်နေတာဗျ၊ ဒီနေ့မှပဲ သူကြည့်တဲ့နေရာကို လိုက်ကြည့်လိုက်တော့ မသိန်းရင် ဆွမ်းလောင်းနေတာကို တွေ့လိုက်ရတာပဲ"

"ဟုတ်လား၊ တော်တော် အံ့ဩစရာကောင်းတာပဲနော်၊ တိရစ္ဆာန်ဖြစ်နေပေမယ့် ဆွမ်းလောင်းတာကို နားလည်နေတယ်ဆိုတော့ လူ့ဘဝနဲ့တော်တော်နီးစပ်တယ်ထင်တယ်"

"အေးဗျာ- မသိန်းရင်ပြောမှပဲ ကိုယ့်ကိုယ်ကိုပြန်ပြီး သတိထားမိတယ်။ တိုးနီကြီးက ကုသိုလ်ရေးရာတွေကိုနားလည်ပြီး လူ့ဘဝနဲ့နီးလာ

www.dhammaransi.com

သလောက် ကျွန်တော်တို့ကတော့ လူ့ဘဝနဲ့ဝေးဝေးသွားသလိုဖြစ်နေတယ်ဗျာ။ ဒီနေ့ကတော့ တိုးနီကြီး ကျွန်တော့်ကိုချွတ်တဲ့နေ့ပါပဲ"

"ဘာလဲကိုလှကြည်က ဝက်မမွေးဘဲနေတော့မလို့လား"

"ဟုတ်တယ်ဗျာ၊ ဝက်တွေအကုန်ရောင်းပစ်မယ်၊ မမွေးတော့ဘူး"

"ဒါပေမယ့် ဒီဝက်ကြီးကိုတော့ ချန်ထားပါ။ သူ့ကြောင့် သံဝေဂရတာမဟုတ်လား"

"ဟုတ်တာပေါ့ဗျာ- တိုးနီကြီးကိုတော့ ဘေးမဲ့ပေးသင့်တာပေါ့။ သူသေတဲ့အထိ အိမ်မှာပဲမွေးထားတော့မယ်ဗျာ"

"ကျုပ်စိတ်ထဲမှာတော့ အမျိုးသမီးကြီးကို ကျေးဇူးတင်လိုက်တာလေ၊ သူပြောပေးလို့ ကျုပ်တစ်ကောင်တည်း ဘေးမဲ့ကျန်ခဲ့ရမှာမဟုတ်လား၊ အမျိုးသမီးကြီးဆိုပေမယ့်လို့ ကလေးသုံးယောက်အမေဆိုတော့ သိပ်မကြီးသေးပါဘူး။ သုံးဆယ်ဝန်းကျင်လောက်ပဲ ရှိမယ်ထင်ပါတယ်။ ယောဂီတဘက်လေး ပခုံးပေါ်တင်ပြီး ဆွမ်းဇလုံကိုပိုက်ထားတဲ့ အမျိုးသမီးကြီးကိုကြည့်ပြီး ကျုပ်စိတ်ထဲက ဆုတောင်းမိတယ်။

ဒီဘဝကသေလို့များ လူ့ဘဝကိုရောက်မယ်ဆိုရင် အဲဒီအမျိုးသမီးကြီးဟာ ငါ့ရဲ့မိခင်သာ ဖြစ်လိုက်ပါတော့လို့ပေါ့။ ဟုတ်တယ်လေ ဒီလိုသူတော်ကောင်းမိဘနဲ့တွေ့မှသာလျှင် သားသမီးတွေဟာလဲ သူတော်ကောင်းဖြစ်တော့မှာပေါ့။ ကျုပ်အတွေး ဘယ်လောက်လွန်နေတယ် မသိဘူး။ အမျိုးသမီးကြီးက ခြံစည်းရိုးနားကပ်လာပြီး ကျုပ်ကိုကရုဏာလွှမ်းတဲ့ မျက်လုံးတွေနဲ့ သေချာစိုက်ကြည့်နေတယ်။ ပြီးမှ စကားတစ်ခွန်း ပြောလိုက်တယ်။

"တိုးနီ၊ နင်အရင်ဘဝက ကုသိုလ်ကောင်းမှုတွေမလုပ်ခဲ့လို့ ခုလို တိရစ္ဆာန်ဘဝကို ရောက်ရတာပဲ၊ အခုဘဝလဲ နင်ကိုယ်တိုင် ဘာကုသိုလ်မှုပြုနိုင်ဖို့မလွယ်တော့ဘူး၊ ငါနေ့တိုင်း ဆွမ်းလောင်းနေတဲ့ ကုသိုလ်ကိုသာ သေချာကြည့်ပြီးသာဓုခေါ်ပေတော့၊ ငါနင့်ကို နေ့တိုင်းအမျှပေးပါတယ်၊ အမျှ… အမျှ… အမျှ…။"

ပြောပြီးတာနဲ့ အမျိုးသမီးကြီး သူ့အိမ်ဘက်ကို ပြန်လှည့်ထွက်သွားတယ်။ ကျုပ် ဝမ်းသာလိုက်တာလေ၊ ဒီဘဝမှာ ကျုပ်ကို အရေးတယူ စကားပြောတာဆိုလို့ ဒီအမျိုးသမီးတစ်ယောက်ပဲ တွေ့ဖူးတာမဟုတ်လား၊ နောက်နေ့လည်းရောက်ရော ကျုပ်သခင်က ကျုပ်ကလွဲပြီး ကျန်တဲ့ဝက်တွေအားလုံးကို ရောင်းပစ်လိုက်တယ်။

www.dhammaransi.com

ကျုပ်ကိုတော့ ဘေးမဲ့ပေးတဲ့အနေနဲ့ ခြံထဲမှာ ပိတ်မထားတော့ဘဲ လွတ်လွတ်လပ်လပ် လွှတ်ပေးထားပါတယ်။ ကျုပ်ကလည်း ဘယ်မှ လျှောက်မသွားပါဘူး၊ ကျုပ်သခင်အိမ်ရယ်၊ တစ်ဘက်ခြံက အမျိုးသမီး ကြီးအိမ်ရယ်၊ ဒါလောက်ပဲ သွားပါတယ်။

အကုသိုလ်အကျိုးပေးတာပဲလား၊ ကုသိုလ်အကျိုးပေးတာပဲလား၊ ကျုပ်လည်း မပြောတတ်ပါဘူး၊ တစ်နေ့တော့ ကျုပ်မလှုပ်နိုင်အောင်ခံရ တဲ့ ဝက်နာကျရောဂါ စွဲတော့တာပါပဲ၊ လူတွေရဲ့အသတ်ကို မခံရပေမယ့် ကျုပ် သေမင်းရဲ့အသတ်ကို ခံရတော့မှာပါ။

ကျုပ်အသက်ငင်နေတဲ့အချိန်မှာ ကျုပ်သခင်မိသားစုရော တစ်ဘက် အိမ်က အမျိုးသမီးကြီးရော ကရုဏာသက်တဲ့ မျက်လုံးအစုံနဲ့ ကျုပ်ကို ဝိုင်းကြည့်နေကြတယ်။

ရေဘေးမီးဘေး၊ ပြည်ပျက်ဘေးကား၊
ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏၊
အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊
ဤဘေးသုံးပါး၊ လွန်ကြီးမားက၊
သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊
မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊
သက်ပင်ရေးပိုင်၊ မကယ်နိုင်ဘူး၊
လက်မှိုင်ချကာ၊ နေရစ္စာရှင့်။

*(မဃဒေဝ)*

သိပ်မှန်တဲ့စကားလေးပေါ့ဗျာ။ အို၊ နာ၊ သေ ဘေးသုံးပါးနဲ့ ကြုံ လာရင် သားအမိပင်ဖြစ်သော်လည်း ဘာမှမတတ်နိုင်ဘဲ လက်မှိုင်ချ ရတယ်ဆိုမှတော့ ကျုပ်လို တိရစ္ဆာန်တစ်ကောင်အတွက် သူတို့တွေက ရော ဘာများတတ်နိုင်မှာတဲ့လဲဗျာ။ အဲဒီနေ့မှာပဲ ကျုပ်ရဲ့တိရစ္ဆာန်ဘဝ တစ်စခန်းရပ်ခဲ့ရတယ်ပေါ့။

## လူ့ဘဝသို့ရောက်ရှိခြင်း

နောက်တစ်ခါ ကျုပ်ရောက်ရတဲ့ ဘဝက လူ့ဘဝ။ ကျုပ် ဝမ်းသာ လိုက်တာလေ၊ အမိဝမ်းက ကျွတ်ကျွတ်ချင်း နန္ဒင်းမှိုင်းနံ့လေးကို ရှူလိုက် ရကတည်းက ကျုပ်ဟာ လူ့ဘဝကို ရောက်နေပြီဆိုတာ သေချာသတိ

www.dhammaransi.com

ထားလိုက်မိပါတယ်။ ကျုပ်အတွက် ပိုပြီး ဝမ်းသာစရာကောင်းတာက ကျုပ်ရဲ့မိခင်ဟာ တစ်ဘက်ခြံက အမျိုးသမီးကြီး ဖြစ်နေလို့ပဲပေါ့။

ဝမ်းနည်းစရာကောင်းတာ တစ်ခုကတော့ ဝက်ဘဝကလာလို့ ထင်ပါရဲ့၊ ကျုပ်ရဲ့အထက်နှုတ်ခမ်းဟာ နှာခေါင်းကို ကပ်လုနီးနီးဖြစ်အောင် လန်နေတယ်ဗျာ။ ကျုပ်ရဲ့ဖခင်က ကျုပ်ကိုကြည့်ပြီး မှတ်ချက်ချတယ်။

"ငါ့သားက မျက်လုံးမျက်ခုံးကောင်းတယ်၊ နှာတံလည်း ပေါ်တယ်၊ နှုတ်ခမ်းသာ တအားမလန်ဘူးဆိုရင် လူချောလေးပဲကွ။"

အဲဒီအချိန်မှာ အဖိုးဖြစ်တဲ့လူ ကျုပ်တို့အိမ်ကိုရောက်လာတယ်။ ကျုပ်အမေရဲ့ဖခင်ပေါ့။ အဖိုးက ကျုပ်ကိုကြည့်ပြီး-

"သမီး... ကလေးရဲ့ လန်နေတဲ့နှုတ်ခမ်းလေးကို လက်နဲ့အသာ ဖိဖိပေး၊ ကြာရင် ကြည့်ကောင်းသွားလိမ့်မယ်၊ သမီးရဲ့ကလေးက ဝက်ဘဝက လာသလားမသိဘူး၊ နှုတ်ခမ်းက တကယ့်ဝက်အတိုင်းပဲ။"

"သမီးလည်း အဲဒါထင်နေတာပဲ၊ ဒါပေမယ့် မသေချာသေးပါဘူး၊ ကလေးကြီးလာရင်တော့ တဖြည်းဖြည်းသိလာရမယ် ထင်ပါတယ်။"

အဲဒီလိုနဲ့ ကျုပ်ငါးနှစ်သားလောက်ရောက်လာတော့ ကျုပ်နှုတ်ခမ်းက အဖိုးနဲ့အမေရဲ့ ကျေးဇူးကြောင့် တအားကြီးမလန်တော့ပါဘူး၊ မသိမသာလေးလန်တော့တာမို့ ကြည့်လို့မဆိုးတော့ဘူးပေါ့။ ကလေးရဲ့ ကိုယ်လက်အင်္ဂါတွေကြည့်မကောင်း ရှုမကောင်းဖြစ်နေရင် ငယ်ငယ်ကတည်းက မိဘကပြုပြင်ပေးရင် ပြန်ကောင်းလာနိုင်တယ်ဆိုတာ ခင်ဗျားတို့အတွက် သင်ခန်းစာပေါ့။

နှုတ်ခမ်းက ကြည့်လို့မဆိုးတော့ပေမယ့် ကျုပ်ရဲ့ဝါသနာနဲ့ ကျုပ်ရဲ့အကျင့်ကတော့ ကြည့်လို့ဆိုးတယ်ဗျာ။ မိုးရွာလာပြီဆိုရင် ကျုပ်မနေနိုင်တော့ဘူး၊ မိုးရွာထဲ ဆင်းပြေးပြီး မရွံမရှာ ရေတွေဗွက်တွေထဲမှာ လူးလှိမ့်ဆော့တော့တာပဲ။ အဲဒီလိုများဆော့နေရရင် ထမင်းမေ့ ဟင်းမေ့ပေါ့။

အဲဒီလို မိုးရွာလို့လူးလှိမ့်ပြီး ပျော်နေတဲ့အချိန်မျိုးမှာ ကျုပ်ဘဝ အကြောင်းကိုမေးရင် တစ်လုံးမကျန် ပြန်ပြောနိုင်တယ်ဗျာ။ ဆယ်နှစ်သားအရွယ်ထိပေါ့။ ကျုပ် ရွှံ့ထဲဗွက်ထဲ စိတ်ရှိလက်ရှိပျော်နေတဲ့အခါမျိုးမှာ မိဘနှစ်ပါးက ကျုပ်ကို တားလည်းမတားဘူး၊ အပြစ်လည်းမပြောဘူး။

ကရုဏာသက်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတယ်။ ပြီးမှသာ ဆပ်ပြာနဲ့ သေသေချာချာ ရေမိုးပြန်ချိုးပေးကြတယ်။ ကျုပ်ကို မိဘတွေက အပြစ်မပြောကြခြင်းကတော့ အရှင်ပိလိန္ဒဝစ္ဆနဲ့ အရှင်သာရိပုတ္တရာ

www.dhammadanasi.com

မထေရ်မြတ်ကြီးတွေရဲ့ နောက်ဘဝအကြောင်းကို ဖတ်ဖူး၊ နာဖူး ထား ကြလို့ ထင်တာပဲဗျာ။

အရှင်ပိလိန္ဒဝစ္ဆမထေရ်ဟာ အရင်ဘဝအတော်များများက ဘုရင် ချည်းဖြစ်ခဲ့ဖူးတယ်။ အဲဒီမင်းဘဝတွေတုန်းကတည်းက သူတစ်ပါးကို ခေါ်ပြောတဲ့အခါမှာ သူယုတ်မာဆိုတဲ့စကားလုံးကို အမြဲတမ်းခေါ်ဝေါ် သုံးစွဲတဲ့အကျင့် ရှိခဲ့တယ်။ အခုဘဝမှာ ရဟန္တာဖြစ်သွားလို့ ကိလေသာ အာသဝေါတွေ ကုန်ခန်းသွားသော်လည်း သူတစ်ပါးကို သူယုတ်မာလို့ ခေါ်တဲ့ ဝါသနာကတော့ မကုန်ဘူးပေါ့။

ဒါ့ကြောင့်လည်း ဘယ်သူ့ကိုတွေ့တွေ့ သူယုတ်မာလို့ပဲခေါ်တယ်။ နယ်ခံ ဒကာ ဒကာမတွေကတော့ မထေရ်ကြီးရဲ့အကြောင်းကို သိနေကြ တော့ ဘယ်သူမှ စိတ်မဆိုးကြဘူး။ တစ်နေ့တော့ တခြားရွာက ဒကာ တစ်ဦး ပိလိန္ဒဝစ္ဆမထေရ်ကြီးရဲ့ ဂေါစရဂါမ်နယ်ထဲကို ပိတ်ချင်းသီးတွေ ရောင်းရအောင် လှည်းနဲ့အပြည့်တင်ပြီး ရောက်လာတယ်။ တိုက်တိုက်ဆိုင် ဆိုင်လမ်းမှာ ပိလိန္ဒဝစ္ဆမထေရ်ကြီးနဲ့ တွေ့တော့ဝ...ပဲ။ တွေ့တွေ့ချင်း မထေရ်ကြီးက-

## ကြွက်ချေးတွေပါဘုရား

"ဟေ့... သူယုတ်မာ၊ လှည်းပေါ်ကဘာတွေလဲ"

လို့မေးလိုက်တယ်။ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းဆိုသလို ဘာမှ အပြစ်မလုပ်ဘဲနဲ့ မိမိကို သူယုတ်မာလို့ခေါ်လိုက်တော့ ကုန်သည်ဟာ စိတ်ဆိုးသွားတယ်၊ ဒါ့ကြောင့်လည်း -

"အရှင်ဘုရား၊ ကြွက်ချေးတွေပါဘုရား"

လို့ ခပ်ရွဲ့ရွဲ့ပြန်ဖြေလိုက်တယ်။ ဒီတော့ မထေရ်ကြီးက -

"အေး... ကြွက်ချေးဆိုတော့လည်း ကြွက်ချေးပေါ့ကွာ"

လို့ပြောပြီး ဆက်ကြွသွားတယ်။ ကုန်သည်လည်း ရောင်းနေကျ နေရာရောက်လို့ ရောင်းမယ်ဆိုပြီး ပိတ်ချင်းသီးတွေကို လှည်းပေါ်က ချရအောင်ကြည့်လိုက်တော့ တော်တော်ထိတ်လန့်သွားတယ်။ ဘာ့ကြောင့် လဲဆိုတော့ လှည်းပေါ်မှာ ပိတ်ချင်းသီးအစား ကြွက်ချေးတွေ အပြည့် ဖြစ်နေလို့ပါပဲ။

နီးစပ်ရာနယ်ခံလူတွေကို အကြောင်းစုံပြောပြတော့ နယ်ခံလူတွေ က အကြံပေးတယ်။

www.dhammaransi.com

"ဩော်... ခင်ဗျား ပိလိန္ဒဝစ္ဆမထေရ်ကြီးနဲ့ တွေ့လာတာကိုး။ ဒီမထေရ်ကြီးဟာ အင်မတန် တန်ခိုးကြီးတယ်။ သူပြောတဲ့အတိုင်း အကုန်ဖြစ်တတ်တယ်။ ခင်ဗျား မထေရ်ကြီးဆီကို ရောက်အောင်သွားပြီး ကန်တော့လိုက်၊ သူမေးတဲ့အခါ ပိတ်ချင်းသီးဖြစ်တဲ့အကြောင်း ပြန်ပြောလိုက်ပါ။" ဒါနဲ့ ကုန်သည်လည်း မထေရ်ကြီးကျောင်းဆီ လှည်းပြန်မောင်းသွားပြီး မထေရ်ကြီးကို ရှိခိုးဝန်ချတယ်။ ဒီအခါ မထေရ်ကြီးက-

"ဟဲ့... သူယုတ်မာ၊ သင့်လှည်းပေါ်က ဘာတွေလဲ"

"မှန်ပါ၊ ပိတ်ချင်းသီးတွေပါဘုရား"

"အေး...ပိတ်ချင်းသီးဆိုလည်း ပိတ်ချင်းသီးပေါ့ကွယ်"

လို့ပြောလိုက်တာနဲ့ ကြွက်ချေးတွေဟာ ပိတ်ချင်းသီး ပြန်ဖြစ်သွားသတဲ့။ ရဟန္တာဖြစ်လို့ ကိလေသာကုန်သွားပေမယ့် ဝါသနာဗီဇကတော့ ကျန်သေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ အရှင်သာရိပုတ္တရာကတော့ တစ်ခု သောဘဝမှာ မျောက်ဖြစ်ခဲ့ဖူးပါသတဲ့။

အခု ဂေါတမမြတ်စွာဘုရားရဲ့သာသနာမှာ ကိလေသာ အာသဝေါ ကုန်ခန်းတဲ့ အဂ္ဂသာဝကရဟန္တာကြီးဖြစ်သွားရပေမယ့် မျောက်ဘဝက အလေ့အလာများခဲ့လို့ ခုန်ချင်လွှားချင်တဲ့ ဝါသနာလေးကတော့ ရှိနေသေးတယ်တဲ့ဗျာ။

တစ်နေ့တော့ တောထဲမှာ သီတင်းသုံးနေတဲ့ အရှင်သာရိပုတ္တရာကို ဒကာတစ်ယောက်က အလွန်ကြည်ညိုတာနဲ့ သင်္ကန်းသုံးစုံလည်း လှူမယ်၊ ဆွမ်းလည်း ကပ်မယ်ဆိုပြီး ပင့်သွားတယ်၊ အရှင်သာရိပုတ္တရာ မှန်းလည်းမသိဘူး။

အဲဒီနေ့က မိုးလေးရွာထားတော့ တချို့လမ်းနေရာတွေမှာ ရေအိုင်လေးတွေ ဖြစ်နေတာပေါ့။ တစ်နေရာရောက်တော့ ခြေသုံးလှမ်းစာလောက် ရေအိုင်လေးတစ်အိုင်တွေ့တဲ့အခါ အရှင်သာရိပုတ္တရာက ခုန်ကျော်လိုက်ပါသတဲ့။ နောက်ကလိုက်လာတဲ့ ဆွမ်းဒကာဟာ အရှင်သာရိပုတ္တရာ ခုန်ကျော်တာကို တွေ့လိုက်တာနဲ့ တော်တော် သဒ္ဓါတရားပျက်သွားသတဲ့။

ဒါနဲ့စိတ်ထဲမှာ တေးထားလိုက်တယ်။ တော်ပြီ၊ ဣန္ဒြေမရှိတဲ့ ကိုယ်တော် သင်္ကန်းနှစ်စုံပဲ လှူတော့မယ်လို့ပေါ့။ အဲဒီလိုဆက်သွားတဲ့အခါ ခြေနှစ်လှမ်းစာလောက် ရေအိုင်တစ်အိုင်ကို တွေ့ပြန်တယ်။ ဒါလည်း ခုန်ကျော်လိုက်တာပဲ။ ဒီတစ်ခါလည်း ဒကာက စိတ်ထဲမှာ တေးထားလိုက်ပြန်တယ်။ တော်ပြီ၊ တစ်စုံပဲလှူတော့မယ်ပေါ့။ နောက်ဆုံး ခြေတစ်လှမ်း

www.burmeseclassic.com

စာ လောက်အိုင်လေးတစ်ခုကျတော့ ကိုယ်တော်ကြီးက ရေထဲကပဲ ဆင်းသွားတော့တယ်။ ဒီတော့ ဒကာက မေးလိုက်တယ်။

"အရှင်ဘုရား၊ မခုန်တော့ဘူးလားဘုရား"

"ဒကာ၊ ဒီတစ်ခါခုန်ရင် သက်န်းတစ်စုံမှ ရတော့မှာမဟုတ်ဘူး"

လို့ ကိုယ်တော်ကြီးက ပြန်ပြောလိုက်တော့မှ ဒကာဟာ ချီးမွမ်း အံ့ဩပြီး သဒ္ဓါပြန်ပေါက်သွားတယ်။ သူပင့်လာတဲ့ ရဟန်းတော်ဟာလည်း ပရစိတ္တဝိဇာနန (သူတစ်ပါးစိတ်ကိုသိသော) အဘိညာဉ်ရတဲ့ ရဟန္တာတစ်ပါး ဆိုတာ သေချာသိသွားပါတော့တယ်။ အဲဒီကျမှ ဆွမ်းလည်းကပ်၊ သက်န်း သုံးစုံလည်း လှူတယ်ပေါ့။

ဒီသာဓကလေးတွေအတိုင်းပဲ ဝါသနာ ဆိုတာဟာ ကိလေသာ အားလုံး ကုန်ပြီးသားဖြစ်တဲ့ ရဟန္တာကိုယ်တော်မြတ်ကြီးတွေမှာတောင် ရှိသေးတာဆိုတော့ ကျုပ်တို့လို ပုထုဇဉ်တွေမှာတော့ ပြောစရာမလိုတော့ ဘူးပေါ့ဗျာ။ အရွယ်လေးရလာတာနဲ့အမျှ ကျုပ်မှာ ထူးခြားတဲ့ပါရမီ တစ်ခု ပါလာတယ်ဆိုတာ မိဘတွေကိုယ်တိုင် သတိထားမိလာကြပါတယ်။

ဘာလဲဆိုတော့ ကလေးတွေနဲ့ကစားတဲ့အခါ ကျုပ်က သူများတွေ ထက်ထူးပြီး ဘုန်းကြီးဂိုက်ဖမ်းတဲ့ အကျင့်တစ်ခုပါဘဲ။ အနီရောင်စောင် ကြီးကို သက်န်းလိုဝတ်ပြီး တရားဟောတန်းကစားနေတဲ့ ကျုပ်ကို အမေ က တော်တော်သဘောကျသွားပါတယ်။ ကျုပ်ကို ဘုန်းကြီးဘဝရောက် အောင် အားပေးဖို့လည်း ဆုံးဖြတ်ချက်ချလိုက်ဟန် တူပါတယ်။

ကျုပ်က ဉာဏ်တော့တော်တော်ကောင်းတယ်။ အတန်းကျောင်းမှာ နေတုန်း သူငယ်တန်းကနေ သုံးတန်းအထိ စာမေးပွဲလုပ်တိုင်း ပထမ ချည်းရတယ်။ အိမ်နီးနားချင်းတွေ၊ ဆရာဆရာမတွေက အမေ့ကို အကြံ ပေးကြတယ်။ ကျုပ်ကို တက္ကသိုလ်ထိရောက်အောင်ထားဖို့၊ ဆေးလိုင်းဝင် နိုင်တယ်၊ ဆရာဝန်ဖြစ်နိုင်တယ် စသည်ပေါ့။

အမေက ဘယ်လိုမှ နားမဝင်ဘူး။ ကျုပ် သုံးတန်းအောင်တာနဲ့ တစ်ခါတည်း ကိုရင်ဝတ်ပေးလိုက်တယ်။ ပါရမီဓာတ်ခံဟာလည်း ကျုပ် မှာ ရှိဟန်တူပါတယ်။ ကိုရင်ဝါ (၇)ဝါ ရပေမယ့် တစ်ခါမှလိင်မပြန်ခဲ့ဘူး။ အခုတော့ စာချဆရာတော်တောင် ဖြစ်နေပြီပေါ့။ နောက်ဆုံး အကျဉ်း ချုပ်လိုက်တော့ ကျုပ်ဟာ အနိမ့်ဆုံးဆိုတဲ့ တိရစ္ဆာန်ဘဝကနေ အမြတ် ဆုံးဆိုတဲ့ ရဟန်းဘဝရောက်အောင် ပြုခဲ့ဖူးတဲ့ ကုသိုလ်ဟာ ညောင်စေ့ လောက်တောင်မရှိဘူး။

www.dhammaransi.com

သူတစ်ပါးဆွမ်းလောင်းတာကို ဝမ်းသာတဲ့စိတ်လေးနဲ့ပဲ ကြည့်ခဲ့မိတာပါ။ သူတစ်ပါးဆွမ်းလောင်းတာကို ဝမ်းသာတဲ့ စိတ်ကလေးနဲ့ ကြည့်တာတောင် လူ့ဘဝရောက်ရသေးတယ်ဆိုရင် ကိုယ်တိုင် ဆွမ်းလောင်းနေရတဲ့ ခင်ဗျားတို့ရဲ့ ကုသိုလ်ဆိုရင် ဘယ်လောက်ထိအောင် ကောင်းကျိုးပေးမယ်ဆိုတာ တွေးကြည့်ပါတော့ဗျာ။

စိတ္တုပ္ပါဒံ ပိခေါအဟံစုန္ဒ ကုသလေသု ဓမ္မေသု
**ဗဟူပကာရံ ဝဒါမိ ကောပနဝါဒေါကာယေန**
ဝါစာယ အနုဝိဓိယနာသု။

**(မူလပဏ္ဏာသပါဠိတော်သလ္လေခသုတ်)**

အို... စုန္ဒ ကုသိုလ်ကောင်းမှုတို့၌ စိတ်ကူးကြံစည်ရုံမျှဖြင့်ပင်လျှင် အကျိုးကျေးဇူးများလှပေ၏ဟူ၍ ငါဘုရား ဟောတော်မူ၏။ ကိုယ်ရောနှုတ်ပါ ပြုကျင့်ပါက အကျိုးကျေးဇူးများခြင်း၌ အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

မာဝမညေထပုညဿ၊
နမန္တံအာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊
ဥဒကုမ္ဘောပိပူရတိ၊
ပူရတိဓီရောပုညဿ၊
ထောကံထောကံပိပါဏိနံ။

***(ဓမ္မပဒ)***

အနည်းငယ်သောကောင်းမှုသည် (ငါ့အား) အကျိုးရောက်လိမ့်မည်မဟုတ်ဟု ကောင်းမှုကုသိုလ်ကို မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက် ကျဖန်များလတ်သော် ရေအိုးပြည့်သကဲ့သို့ ပညာရှိသည် အနည်းငယ်သောကောင်းမှုကုသိုလ်ကို ပြုဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

*စိတ်ချမ်းသာကိုယ်ကျန်းမာကြပါစေ။*

မေတ္တာရှင် (ရွှေပြည်သာ)
၁၃၆၈ ခုနှစ်၊ နယုန်-ဝါဆို
၁၉၉၈ ခုနှစ်၊ ဇွန်လ၊ အမှတ် (၁၈)
ဘာသာသွေးစာစောင်။

www.dhammaransi.com

## အထင်သေးခံ၍ရေးသားခြင်း

ဖော်ပြပါ ဆောင်းပါးလေးသည် စာရေးသူ၏ တကယ့်ဖြစ်ရပ်ကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤဝါကျကိုဖတ်ပြီးသည်နှင့် စာဖတ်သူသည် ဩော်... ဒီစာရေးဆရာဘုန်းကြီးဟာ တိရစ္ဆာန်ဘဝက လာရတာဆိုပါလား၊ တော်တော်အောက်တန်းကျတာပဲဟူ၍ အထင်သေးသွားမည်မှာ သေချာပါသည်။

အထင်သေးခံရမည်ကို သိပါလျက် အဘယ့်ကြောင့် ထုတ်ဖော်ရေးသားရသနည်းဟု မေးလာငြားအံ့၊ စာရေးသူဘဝကိုကြည့်ပြီး ပစ္စက္ခ၊ သံသရာနှစ်ဖြာလုံးအတွက် အကျိုးရှိသော အတွေးအမြင်များကို ရစေလိုသော စေတနာ၊ မေတ္တာကြောင့်ဟုသာ ဖြေပါရစေ။ သို့သော် ဤဆောင်းပါးသည် အကျဉ်းချုပ်ပြီးရေးသားထားခြင်းဖြစ်သောကြောင့် အံ့ဩစရာ၊ ဝမ်းနည်းစရာ၊ ဝမ်းသာစရာ၊ ရှောင်စရာ၊ ဆောင်စရာတွေ အများကြီးကျန်နေပါသေးသည်။

ဤစာအုပ်တွင်ကား စာရေးသူ၏ဘဝနှင့်ပတ်သက်သမျှ မခွင်းမချန် အကုန်ရေးသားမည် ဖြစ်ပါသည်။ ရေးသားရာ၌ အတ္တုပတ္တိသဘောမျိုးသက်သက်ရေးသားမည်မဟုတ်ဘဲ ရှောင်စရာ၊ ဆောင်စရာအတွေးအမြင်များကိုသာ ဦးစားပေးရေးသားပါမည်။ သို့မှသာ စာဖတ်သူများအနေဖြင့် အချိန်ကုန်ရကျိုး၊ ငွေကုန်ရကျိုးနပ်မည် မဟုတ်ပါလား။

စာရေးသူ၏ ယခင်ဘဝကို ဖော်ပြပြီးသည်နှင့် ယခုဘဝကိုလည်း ဖော်ပြရပေဦးမည်။ စာရေးသူ လူ့ဘဝရောက်ရန် ကျေးဇူးပြုခဲ့ကြသော အဖေ၊ အမေ၊ အဖိုး၊ အဖွား အစဉ်အဆက်တို့တွင်လည်း မှတ်သားစရာ အချက်အလက်ကလေးများရှိနေသောကြောင့် လက်လှမ်းမီသမျှ ဖော်ပြပါဦးမည်။

စစ်ကိုင်းမြို့နယ်၊ မန်ကျည်းစင်ရွာ ဦးရာကြီး၊ ဒေါ်အုံတို့မှ ဦးတရုတ် (ခ) ဦးချစ်မောင်ကို မွေးဖွားသည်။ စစ်ကိုင်းမြို့နယ်၊ ညောင်တုန်းရွာဇာတိ ဦးအုန်းရွက်၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝင်းရွာဇာတိ ဒေါ်ဖြူတို့မှ ဒေါ်မြတ်ရွှေကို မွေးဖွားသည်။ ဦးတရုတ်နှင့် ဒေါ်မြတ်ရွှေကား အမေဘက်မှတော်ရမည့် စာရေးသူ၏ အဖိုးနှင့် အဖွားပင် ဖြစ်ပါတော့၏။

စာရေးသူ၏ ပုံပျက်နေသောနှုတ်ခမ်းလေးကို လှပမှုရှိသွားအောင် အကြံပေးခဲ့သည့် အဖိုးဆိုသူမှာ ထိုဦးတရုတ်ပင်ဖြစ်ပါ၏။ အဖိုးဦးတရုတ်

www.dhammaransi.com

ကို စစ်ကိုင်းမြို့နယ်၊ မန်ကျည်းစင်ရွာတွင်မွေးဖွားခဲ့ပြီး အဖွားဒေါ်မြတ်ရွှေ ကို စစ်ကိုင်းမြို့နယ်၊ ညောင်ကုန်းရွာတွင် မွေးဖွားခဲ့ပါသည်။

စစ်ကိုင်းမြို့နယ်၊ ညောင်ကုန်းရွာသား ဦးလူသက်၊ စစ်ကိုင်းမြို့နယ်၊ မိုးဇာရွာသူ ဒေါ်ချယ်တို့မှ သားသမီး (၇)ယောက် ထွန်းကားခဲ့သည်။ ၎င်းတို့မှာ -

၁။ ဒေါ်စောရွှေ ညောင်တုန်းရွာလယ်၊ စစ်ကိုင်းမြို့နယ်။
၂။ ဦးဘကြည်၊ ညောင်တုန်းရွာလယ်၊ စစ်ကိုင်းမြို့နယ်။
၃။ ဒေါ်ပြားထုပ်၊ ဘော်ဂါရွာ၊ စစ်ကိုင်းမြို့နယ်။
၄။ ဦးဖိ၊ ဘော်ဂါရွာ၊ စစ်ကိုင်းမြို့နယ်။
၅။ ဦးထီ၊ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်၊ အမရပူရမြို့။
၆။ မခင်လေး (ခေါ်) မမင်းကလေး၊ ရွှေဘိုမြို့။
၇။ ဦးလှဒင်၊ မြောက်ဘော်ဂါရွာ၊ စစ်ကိုင်းမြို့နယ်။

ထိုတွင် ဦးထီဆိုသူမှာ စာရေးသူ၏ ဖခင်ဖြစ်လာမည့် သူပေ တည်း။ ဦးတရုတ်၊ ဒေါ်မြတ်ရွှေတို့မှ -

၁။ ဒေါ်သိန်းရင်၊ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်၊ အမရပူရမြို့
၂။ ဒေါ်သိန်းတင်၊ ညောင်ကုန်းရွာ၊ စစ်ကိုင်းမြို့နယ်။
၃။ ဦးချစ်ဝင်း၊ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်၊ အမရပူရမြို့

ထိုတွင် ဒေါ်သိန်းရင်ဆိုသူမှာ စာရေးသူ၏မိခင်ဖြစ်လာမည့်သူ ပေတည်း။

## သရဲမကြီးနှင့်သရဲမလေး

ဘဝအကျိုးပေးခြင်းတူသောကြောင့် သားအမိလာဖြစ်ရသည်ဟု ပြောရလေမလားမသိ။ မိခင်တို့ညီအစ်မနှစ်ယောက်စလုံးကို ရွာဝင်ခါနီး တောစပ်မှ အမြဲခြောက်လှန့်တတ်သော သရဲညီအစ်မဘဝကလာသည် ဟူ၍ တစ်ရွာလုံးက ပြောဆိုကြသည်။ ဖြစ်နိုင်သည်ဟူ၍ ယူဆရသော အချက်နှစ်ချက်တွေ့ရသည်။

ပထမအချက်မှာ အမွှာပူးဖြစ်သော မယ်တော်တို့ညီအစ်မ ပဋိသန္ဓေ နေသောအခါမှစ၍ ယခုအချိန်တိုင်အောင် ထိုတောစပ်တွင် ခြောက်လှန့်မှု လုံးလုံးမရှိတော့ခြင်း၊ မယ်တော်တို့သည် တစ္ဆေ၊ သရဲကို နည်းနည်းမှ ကြောက်ရွံ့ထိတ်လန့်မှုမရှိခြင်းတို့ပေတည်း။

www.dhammaransi.com

မယ်တော်သည် အကြောင်းကိစ္စတစ်ခုခုကြောင့် ညဥ့်နက်မှပြန်လာရသည့်အခါ သရဲခြောက်တတ်သည်ဆိုသောနေရာများကို တမင်ပင်ဝင်၍ကြည့်တတ်သည်။ ထူးခြားသည်ကား သရဲကို အင်မတန်တွေ့ချင်သော မိခင်ကား ယခုအသက် (၇၀) အရွယ်တိုင်အောင် မည်သည့်သရဲမှ လာမခြောက်ခြင်းပေတည်း။

ထို့ကြောင့်လည်း ရွာဦးကျောင်းဆရာတော်က မယ်တော်တို့ ညီအစ်နှစ်ယောက်ကိုတွေ့လျှင် သရဲမကြီးနဲ့သရဲမလေးဟု အမြဲခေါ်ဝေါ်လေ့ရှိသည်။ မယ်တော်က ပြိတ္တာဘဝမှလာခဲ့ရသလို စာရေးသူကလည်း တိရစ္ဆာန်ဘဝမှလာခဲ့ရသည်။ စာရေးသူနှင့်မိခင်တို့သာ မဟုတ်ပါ။ အန္ဓ (အကန်း) ပုထုဇဉ်ဘဝ၌ရှိနေသည့် မည်သည့်လူသားမဆို အပါယ်ဘုံသို့ ရောက်ဖူးကြသူချည်းသာဖြစ်ပါသည်။

## ပုထုဇဉ်လေးမျိုး

ဤနေရာ၌ ဘဝနှင့်ရင်းရသောအတွေးအမြင် ဓမ္မလက်ဆောင်တစ်ခုကို ပေးချင်ပါသည်။ ပုထုကိလေသေ၊ ဇနေတိတိပုထုဇ္ဇနော ဟူသော ဝိဂြိုဟ်အတိုင်း မြေကြီးအထုမက များစွာသော ကိလေသာတို့ကို ဖြစ်စေတတ်သောကြောင့် ပုထုဇဉ်ဟု ခြုံ၍ ဆိုထားသော်လည်း ၎င်းပုထုဇဉ်သည်-

ဒုဂ္ဂတိ - မကောင်းသောဘုံမှာသာ မြုပ်မျောမျောသော ပုထုဇဉ်၊ သုဂတိ - ကောင်းသောဘုံမှာသာ ပေါ်မျောမျောသောပုထုဇဉ်၊ မြုပ်မျော၊ ပေါ်မျော၊ မျောချင်သလို မျောနေသော ပုထုဇဉ်ဟု အမျိုးမျိုး အစားစား ရှိသည်။ အတိအကျရေတွက်လျှင် လေးမျိုးရှိသည်။

၁။ ဉာဏ်အမြင်လည်းကန်း၊ မိုက်လည်းမိုက်သော ပုထုဇဉ်ကို အန္ဓဗာလပုထုဇဉ်ဟု ခေါ်သည်။ ထိုပုထုဇဉ်သည် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသည်တို့ကို ပရမတ်ဆိုက်အောင် မသိသောကြောင့် ဉာဏ်အမြင်ကန်းသည်ဟု ဆိုရခြင်းဖြစ်သည်။ ကုသိုလ်ပြုလျှင် ကောင်းကျိုးခံစားရမည်။

အကုသိုလ်ပြုလျှင် မကောင်းကျိုး ခံစားရမည်ဟူ၍ မသိသဖြင့် မိုက်မဲသော အကုသိုလ်ချည်းသာ ပြုမိသောကြောင့် ဗာလမိုက်သည်ဟု ဆိုရသည်။ ၎င်းပုထုဇဉ်ကား လူ့ဘဝအရင်းရှုံးရသော ပုထုဇဉ်သာ ဖြစ်၏။ ယခု လူ့ဘဝက သေသည်နှင့် အပါယ်လေးဘုံတွင် အမြဲတမ်း မြုပ်မျော မျောရမည့်သူသာ ဖြစ်ပေ၏။

www.dhammaransi.com

ဗုဒ္ဓဘာသာဝင်များ တစ်ခုကံကောင်းသည်ကား ၎င်းအန္ဓဗာလ ပုထုဇဉ်မျိုးသည် ဗုဒ္ဓဘာသာဝင်လောက၌ မရှိသလောက်ရှားပါးခြင်း ပါတည်း။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာဝင်မှန်သမျှ အနည်းဆုံး ကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရမည်။ မကောင်းတာလုပ်လျှင် မကောင်းကျိုးခံစားရမည်ဟူသော ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန် ရှိနေသောကြောင့်ပါတည်း။

၂။ ကုသိုလ်လုပ်လျှင် ကောင်းကျိုးခံစားရမည်၊ အကုသိုလ်လုပ် လျှင် မကောင်းကျိုးခံစားရမည်ဟူသော ဉာဏ်အမြင်လေး ရှိခြင်းကြောင့် ကုသိုလ်မှန်သမျှကိုလည်း ထိုက်သလောက်ပြုလုပ်သည်။ အကုသိုလ် မှန်သမျှကိုလည်း စွမ်းနိုင်သမျှ ရှောင်ကြဉ်သည်။ သို့သော် ဝမ်းရေးနှင့် ပတ်သက်လာလျှင် အူမမှမတောင့်ဘဲ သီလမစောင့်နိုင်ပါဘူးဟုဆိုကာ ကျူးလွန်လေ့ရှိပြီး ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသည်တို့ကို ပရမတ် ဆိုက်အောင် မသိခြင်းကြောင့် ဉာဏ်အမြင်ကန်းသောပုထုဇဉ်ကို အန္ဓ ပုထုဇဉ်ဟုခေါ်သည်။

၃။ ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန်ရှိခြင်းကြောင့် ကုသိုလ်ကို ပြုလုပ်သလို အကုသိုလ်ကိုလည်း ရှောင်ကြဉ်သည်။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာစသည်တို့ကိုလည်း အရေအတွက်အပေါ်ယံ အဓိပ္ပာယ်မျှ လောက်ကိုကား သိသည်။ ထိုသို့သိခြင်းသည်လည်း သံသရာမှထွက် မြောက်ရန် မဂ်ဖိုလ်ရရန်ဟူသောရည်ရွယ်ချက်ဖြင့် လေ့လာအားထုတ် သည်မဟုတ်။

ဂုဏ်ရှိရန်၊ လူအထင်ကြီးရန်၊ တစ်ပါးသူအပေါ်ဖိနှိပ်ရန်အတွက် သာ သင်ယူထားခြင်းဖြစ်၏။ ထိုကဲ့သို့သော ပုထုဇဉ်မျိုးကို ကလျာဏ ပုထုဇဉ်ဟုခေါ်သည်။ သာဓကပြရလျှင် ဗုဒ္ဓလက်ထက်က ကပိလငါးကြီး ကိုပင် ပြရပေမည်။ တစ်နေ့တွင်. တံငါသည်များသည် တစ်ကိုယ်လုံး ရွှေရောင်အဆင်းရှိသော ငါးကြီးတစ်ကောင် ဖမ်းမိသဖြင့် လှေဝမ်းထဲ တွင် ရေနှင့်အတူထည့်ပြီးဘုရင်အား လာရောက်ဆက်သကြသည်။

ဘုရင်နှင့်တကွ ပရိသတ်အပေါင်းတို့က တအံ့တသြကြည့်ရှုနေစဉ် မှာပင် ရွှေရောင်ငါးကြီးက သူ၏ပါးစပ်ကို ရုတ်တရက်ဟလိုက်ရာ နန်းတော်တစ်ခုလုံး အပုပ်နံ့များ လှိုင်သွားပါတော့သည်။ ကြည့်ရှုနေ ကြသူအားလုံး နှာခေါင်းပိတ်သူပိတ်၊ ပျို့အန်သူကအန်နှင့် ဖြစ်သွား ကြသည်။

www.dhammaransi.com

## စကားပြောသောရွှေငါးကြီး

"မောင်မင်းတို့ ဒီငါးကြီးဟာ အဆင်းကတော့ အလွန်နှစ်သက်စရာ ရွှေရောင်အဆင်းရှိပေမယ့် သူ့ရဲ့ခံတွင်းက အနံ့ကျတော့ အလွန်စက်ဆုပ်ရွံ့ရှာဖွယ် အပုပ်နံ့ရှိနေတယ်။ ဒီငါးကြီးရဲ့ ရှေးအတိတ်အကြောင်းကို သိရရင် ငါတို့တစ်တွေ ထူးခြားတဲ့တရားအမြင်ကို ရနိုင်တယ်။ ဒါ့ကြောင့် ရှင်တော်ဗုဒ္ဓထံ ဒီငါးကြီးကိုပြပြီး ရှေးအတိတ်အကြောင်းကို မေးကြစို့ရဲ့"

ဟု ဘုရင်က မိန့်ကြားသောကြောင့် ငါးထည့်ထားသောလှေကြီးကို မ,ကာ ဘုရားထံမှောက် ရောက်ခဲ့ကြရပြန်သည်။ ဗုဒ္ဓသည် ဘုရင်၏ မေးလျှောက်သော စကားအဆုံးမှာပင် -

"ငါနှင့် ငါးကြီးတို့၏ အမေးအဖြေကို နားထောင်နေကြသူ ပရိသတ်များအားလုံး မိမိတို့၏ဘာသာဖြင့် အသီးသီးနားလည်နိုင်ကြပါစေ"

ဟု အဓိဋ္ဌာန်ပြုတော်မူပြီး ယခုကဲ့သို့ မေးမြန်းတော်မူပါသည်။

"အို... ရွှေငါးကြီး သင့်အမည်ကို ဘယ်လိုခေါ်သနည်း"

"ကပိလဟု ခေါ်ပါသည်ဘုရား"

"ယခု သင်သည် ဘယ်ဘုံမှ လာခဲ့သနည်း"

"အဝီစိငရဲမှ လာခဲ့ပါသည်ဘုရား"

"အဘယ့်ကြောင့် အဝီစိငရဲသို့ ကျခဲ့ရသနည်း"

"တပည့်တော်သည် လူဖြစ်စဉ်အခါ ပိဋကတ်သုံးပုံဆောင် မထေရ်ကြီးတစ်ပါး ဖြစ်ခဲ့ဖူးပါသည်။ စာတတ်သည်ကို အကြောင်းပြုပြီး ငါ့လောက်တတ်သူ မရှိဟူ၍ မာနကြီးကာ ရိုသေထိုက်သူကိုလည်း မရိုသေခဲ့ပါ။ လေးစားထိုက်သူကိုလည်း မလေးစားခဲ့ပါ။"

"ဓမ္မကို အဓမ္မ၊ အဓမ္မကို ဓမ္မဖြစ်အောင်လုပ်ပြီး ဘုရားဟော တရားကိုပင် ချေဖျက်ကာ တစ်ပါးသူများကို နှိပ်စက်လွှမ်းမိုးခဲ့သောကြောင့် အဝီစိငရဲသို့ ကျရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

"အဘယ့်ကြောင့် ရွှေရောင်အဆင်းဖြင့် လှပနေရသနည်း"

"ပိဋကတ်သုံးပုံကို အာဂုံဆောင်ခဲ့သောကြောင့် ဖြစ်ပါသည်။"

"အဘယ့်ကြောင့် ပါးစပ်က အပုပ်နံ့ထွက်ရသနည်း"

"မာနကြီးပြီး စိတ်ထားယုတ်ညံ့ခဲ့သောကြောင့် ဖြစ်ပါသည်။"

"ယခုငါးဘဝကသေပြီးလျှင် ဘယ်ဘုံသို့ဆက်သွားရမည်နည်း"

"အကုသိုလ်ကြွေး မကုန်သေးသောကြောင့် အဝီစိငရဲကိုပင် ပြန်သွားရပါမည်။"

www.dhammaransi.com

ဟု ဖြေဆိုကာ စိတ်ဆင်းရဲလှသောကြောင့် ဦးခေါင်းကို လှေနံရံနှင့် ရိုက်ကာ မိမိကိုယ်မိမိ သတ်သေသွားပြီး ယခုအခါ အဝီစိငရဲသို့ ပြန်ကျသွားခဲ့ရပေပြီ။ ထိုကဲ့သို့သော ပုထုဇဉ်မျိုးကား ကလျာဏလက်မှတ်ကို မသမာသောနည်းဖြင့်ယူထားသူဟု ပြောရပါလိမ့်မည်။

ထိုကဲ့သို့သော ပုထုဇဉ်များကိုရည်ရွယ်၍ နမ္မားမြို့၊ မင်္ဂလာရာမကျောင်းဆရာတော်ဘဒ္ဒန္တဉာဏက အောက်ပါဩဝါဒကိုပေးတော်မူခဲ့ခြင်းဖြစ်ပေလိမ့်မည်-

## တရားဆိုတာ

အပါယ်တံခါးပိတ်မှ တရားကွဲ့၊ စာတတ်ရုံနဲ့ ကိလေသာမသေဘူး၊ အပါယ်တံခါးမပိတ်ဘူး၊ ကပိလငါးကြီးလည်း ပိဋကတ်သုံးပုံဆောင်ပဲ၊ သူ့ပိဋကတ်ဟာအပါယ်ကို မတားနိုင်တာကြည့်ပါလား၊ ဘာ့ကြောင့် ပိဋကတ်သည် အပါယ်တံခါး မပိတ်နိုင်သလဲဆိုတော့ စာသိသည် ကလေးသိ၊ သညာသိသာရှိသေးတယ်၊ ပညာသိရောက်ဖို့နေနေသာသာ၊ ဝိညာဉ်သိကိုတောင် မရောက်သေးဘူး၊ ဒါ့ကြောင့် အရှုဘဝ၊ အကန်းဘဝက မလွတ်သေးဘူးကွဲ့။

## ကလျာဏဆိုတာ

ခန္ဓာငါးပါးသရုပ်နဲ့ တရားကိုယ်လေးကိုတော့ စကားတတ်ခါစကလေးကိုသင်ပေးရင်လည်း ဆိုတတ်တာပဲ၊ တံငါမုဆိုးလုပ်ရင်း ကျက်လည်းရတာပဲ။ ဒါကို ရတာနဲ့တော့ သူတော်ကောင်း မဟုတ်သေးဘူး၊ ကလျာဏဆိုတာ သူတော်ကောင်းလို့ဆိုတာ၊ အဲဒီတော့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ကို စူဠသောတာပန်အခြေထိရောက်မှ ကလျာဏဆိုရမယ်၊ အဋ္ဌသာလိနီဆရာကလည်း ဒီလိုပုဂ္ဂိုလ်ကို ရည်ရွယ်တာပါ။ ပဋိပတ်ကို မကြိုးစားပဲ၊ စာတတ်ရုံမျှ ပုဂ္ဂိုလ်တွေကို ကလျာဏစာရင်း မသွင်းပါဘူးကွဲ့။ ***(တရားစစ်တမ်းဆွေးနွေးခန်းစာအုပ်မှ)***

## ပိဋကတ်သင်သူများသတိထား

ထို့ကြောင့် ပိဋကတ်စာပေ လိုက်စားသူများအနေဖြင့် ကပိလငါးကြီးလို မဖြစ်အောင် အထူးဂရုပြုကြရလိမ့်မည်။ ဤနေရာ၌ စာသင်နည်းသုံးမျိုးကို သေချာကျနသိရှိထားပါက ကပိလငါးကြီးအဖြစ်မျိုးမှ လွတ်မြောက်နိုင်သောကြောင့် ဖော်ပြပါဦးမည်။

စာသင်နည်းသည် ဘဏ္ဍာဂါရိကစာသင်နည်း၊ နိဿရဏစာသင်နည်း၊ အလဂဒ္ဒူပမာ စာသင်နည်းဟု သုံးမျိုးရှိသည်။ ဘဏ္ဍာစိုးသည် သူကိုယ်တိုင် မသုံးသော်လည်း ရတနာရွှေငွေပစ္စည်းများကို မပျက်စီး၊ မပျောက်ရှအောင် ထိမ်းသိမ်းစောင့်ရှောက်သကဲ့သို့ ရဟန္တာအရှင်မြတ်ကြီးများသည် သူတို့အတွက် အသုံးမလိုတော့သော်လည်း သာသနာတော်ကြီးမကွယ်မပျောက်ရန်အတွက် စာပေသင်ယူလေ့လာခြင်းကို ဘဏ္ဍာဂါရိကစာသင်နည်းဟု ခေါ်သည်။

စိတ်ဓာတ်အထက်တန်းကျသော ပုထုဇဉ်များ၏ သံသရာမှ ထွက်မြောက်ရန်၊ မဂ်ဖိုလ်ရရန် ရည်ရွယ်၍ စာသင်ခြင်းကို နိဿရဏ စာသင်နည်းဟု ခေါ်သည်။

စိတ်ဓာတ်အောက်တန်းကျသော ပုထုဇဉ်များ၏ ဂုဏ်ရှိရန်၊ လူအထင်ကြီးရန်၊ သူတစ်ပါးအပေါ် ဗိုလ်လုပ်ရန် စိတ်ထားမျိုးဖြင့် သင်ယူခြင်းကို အလဂဒ္ဒူပမာ၊ မြွေဖမ်းသောစာသင်နည်းဟုခေါ်သည်။ မြွေပြစားသောအလမ္မာယ်ဆရာသည် တစ်ချိန်တွင် မြွေကိုက်ခံ၍ သေရသလို မကောင်းသောစိတ်ဖြင့် ပိဋကတ်ကို သင်ယူသောသူသည် ထိုပိဋကတ်ကို အကြောင်းပြု၍ ငရဲသို့ကျကြရသည်။ ကပိလငါးကြီး၏ဖြစ်ရပ်ကား အလဂဒ္ဒူ မာ စာသင်နည်းကို ထင်ထင်ရှားရှား မီးမောင်းထိုးပြခြင်းပေတည်း။

အန္ဓပုထုဇဉ်နှင့် ကလျာဏပုထုဇဉ်တို့သည် ကုသိုလ်လည်းပြုလုပ်၊ မရှောင်သာလျှင် အကုသိုလ်ကိုလည်း ပြုလုပ်သောကြောင့် မြုပ်မျော၊ ပေါ်မျော နှစ်မျိုးလုံးရှိသော ပုထုဇဉ်ဟု ဆိုရပါမည်။ ယခုနောက်ဆုံး ဖော်ပြတော့မည့် စူဠသောတာပန် ပုထုဇဉ်သည်သာလျှင် ပေါ်မျောတစ်ခုတည်းနှင့်သာဆိုင်သော ပုထုဇဉ်ဟု ဆိုရပါမည်။

၄။ ဣမိနာပနဉာဏေနသမ္ပန္နာဂတော ဝိပဿကော လဒ္ဓဿာသော လဒ္ဓပတိဋ္ဌောနိယတဂတိကော စူဠသောတာပန္နောနာ မဟောတိ ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာအဖွင့်အတိုင်း နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟ ဉာဏ်နှစ်ပါးနှင့်ပြည့်စုံပြီး ဘယ်သောအခါမှ အပါယ်မကျတော့သော ပုထုဇဉ်မျိုးကို စူဠသောတာပန်ပုထုဇဉ်ဟုခေါ်သည်။

## ရှင်ဘုရင်နှင့် အိမ်ရှေ့မင်း ဘယ်သင်းကဖြစ်ဖို့ခက်

ရှင်ဘုရင်ဖြစ်ဖို့နှင့် အိမ်ရှေ့မင်းဖြစ်ဖို့ ဘယ်ဟာကခက်သနည်း ဟုအမေးခံရလျှင် ရုတ်တရက်မစဉ်းစားဘဲ ဖြေပါက ရှင်ဘုရင်ဖြစ်ဘို့က ပိုခက်ပါတယ်ဟူ၍သာ ဖြေမိပါတော့မည်။ အမှန်တော့ အိမ်ရှေ့မင်း ဖြစ်

ဖို့က ပိုခက်ပါသည်။ အိမ်ရှေ့မင်းအဖြစ်သည် စူဠသောတာပန် ပုထုဇဉ်အဖြစ်နှင့်တူ၍ ရှင်ဘုရင်အဖြစ်သည် မဟာသောတာပန်အဖြစ်နှင့် တူပါသည်။

သမားရိုးကျနည်းလမ်းအစဉ်အရ အိမ်ရှေ့မင်းအဖြစ်ကိုကျော်၍ ရှင်ဘုရင် မဖြစ်နိုင်သကဲ့သို့ စူဠသောတာပန် ပုထုဇဉ်အဖြစ်ကိုကျော်၍ မဟာသောတာပန်မဖြစ်နိုင်ပါ။ ထို့ကြောင့် တစ်မင်္ဂတစ်ဖိုလ်ရလိုသော ဗုဒ္ဓဘာသာဝင်များအနေဖြင့် စူဠသောတာပန်ပုထုဇဉ်အဖြစ်ကို အရေးတကြီး သိထားသင့်သဖြင့် ကြိုးစား၍ရေးသားပါဦးမည်။

မြင်တာကရုပ်၊ သိတာကနာမ်၊ ကြားတာကရုပ်၊ သိတာကနာမ်၊ နံ့တာကရုပ်၊ သိတာကနာမ်၊ စားတာကရုပ်၊ သိတာကနာမ်၊ ထိတာကရုပ်၊ သိတာကနာမ်၊ တွေးတာကရုပ်၊ သိတာကနာမ် ဟူ၍ အာရုံခြောက်ပါးနှင့်တိုက်ဆိုင်သည့်အခါတိုင်း ငါ၊ သူတစ်ပါး၊ ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ။ ဖောက်ပြန်သောသဘောရှိသည့် ရုပ်ဓာတ်နှင့် အာရုံကိုသိတတ်သောသဘောတရားရှိသည့် နာမ်တရားသာရှိသည်ဟူ၍ ပိုင်းခြားပြတ်သားစွာသိသောဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟု ခေါ်၏။

ထိုရုပ်နာမ်ခန္ဓာဖြစ်လာအောင် မည့်သည့်တန်ခိုးရှင်မှ ဖန်ဆင်းသည်လည်းမဟုတ်၊ အကြောင်းမဲ့ အလိုလိုဖြစ်လာသည်လည်း မဟုတ်ဘဲ အဝိဇ္ဇာ၊ တဏှာ၊ ကံ ဟူသော အတိတ်အကြောင်းတရား (၃)ပါး၊ အာဟာရ၊ ဖဿ၊ နာမ်၊ ရုပ် ဟူသော ပစ္စုပ္ပန် အကြောင်းတရားတို့ကြောင့်သာ ဖြစ်သည်ဟူ၍ သိသောဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုခေါ်၏။ ယင်းဉာဏ်နှစ်ပါးကိုသိသော ပုထုဇဉ်ကို စူဠသောတာပန်ပုထုဇဉ်ဟုခေါ်၏။

## စူဠသောတာပန်သာဖြေနိုင်သောမေးခွန်း

စူဠသောတာပန်ရသော ပစ္စယပရိဂ္ဂဟဉာဏ်ကို ထို့ထက်ပို၍ သိလိုလျှင် ဖော်ပြပါ မေးခွန်းနှင့်အဖြေကို လေ့လာရပါမည်။

(မေး) ခန္ဓာငါးပါးသည် မြဲသလား၊ မမြဲဘူးလားဟုမေးလျှင် အန္ဓပုထုဇဉ်ရော၊ ကလျာဏပုထုဇဉ်ပါ မမြဲပါဘူးဟူ၍ အလုအယက်ဖြေကြပါလိမ့်မည်။ တစ်ဖန် -

(မေး) ထိုခန္ဓာငါးပါးသည် အဘယ့်ကြောင့်မမြဲရသနည်းဟု ဆက်မေးခဲ့လျှင်ကား အန္ဓပုထုဇဉ်ရော၊ ကလျာဏပုထုဇဉ်ပါ ဖြေနိုင်တော့မည်မဟုတ်ပါ။ စူဠသောတာပန်ဖြစ်လျှင်ကား အောက်ပါအတိုင်း ရှင်းလင်းလွယ်ကူစွာ ဖြေဆိုပါလိမ့်မည်။

www.dhammaransi.com

(ဖြေ) ခန္ဓာငါးပါးကိုဖြစ်စေသော အကြောင်းတရားတို့မှာ ခန္ဓာ၏ ဒုက္ခကို မသိသောအဝိဇ္ဇာ၊ မသိသောကြောင့် ခန္ဓာအသစ်ကို လိုချင်သော တဏှာ၊ ခန္ဓာအသစ်ကိုရအောင်လုပ်သော လောကီကုသိုလ်ကံတို့ ဖြစ်ပေသည်။ အကျဉ်းချုပ်လျှင် အဝိဇ္ဇာ၊ တဏှာ၊ ကံသုံးပါးပင် ဖြစ်ပါ၏။

အဝိဇ္ဇာကို တရားကိုယ်ကောက်လျှင် မောဟစေတသိက်ကို ရ၏။ တဏှာ၏တရားကိုယ်ကား လောဘ၊ ကံ၏တရားကိုယ်ကား စေတနာ၊ ယင်းတို့သည် စေတသိက်တရားများဖြစ်ခြင်းကြောင့် ဖြစ်၊ တည်၊ ပျက် ဟူ၍ ခဏာယ်သုံးချက်သာ အသက်ရှည်၏။

ဖြစ်ပြီးလျှင်ပျက်ရသောကြောင့် မမြဲ၊ အနိစ္စသာဖြစ်၏။ ခန္ဓာငါးပါး ကို ဖြစ်စေသောအကြောင်းတရားတို့သည်ပင် မမြဲသောအနိစ္စတရားများ ဖြစ်နေရာ မမြဲသောအနိစ္စသဘောရှိသည့် အဝိဇ္ဇာ၊ တဏှာ၊ ကံက ပြုလုပ် ပေးလိုက်သောခန္ဓာငါးပါးသည်လည်း အဘယ်မှာနိစ္စဖြစ်နိုင်ပါမည် နည်း။ အနိစ္စ၊ မမြဲခြင်းသာ ဖြစ်ရပါ၏။

ထို့မျှမကသေး စူဠသောတာပန်ပုထုဇဉ်သည် ပညတ်နှင့်ပရမတ် ကိုလည်း ကွဲကွဲပြားပြား ခြားခြားနားနား ဥပမာ၊ ဥပမေယျနှင့်တကွ ဉာဏ်အမြင်ရှင်းစွာ သိမြင်ထား၏။ တကယ်မရှိသောသဘောတရား သည် ပညတ်၊ တကယ်ရှိသောသဘောတရားသည် ပရမတ်၊ ဖျက်တိုင်း ပျက်သောသဘောတရားသည် ပညတ်၊ ဖျက်တိုင်းမပျက်သောသဘော တရားသည် ပရမတ် ဟူ၍သိ၏။

အာရုံကိုသိတတ်သောစိတ်၊ စိတ်ကိုမှီ၍ဖြစ်တတ်သောစေတသိက်၊ ဖောက်ပြန်တတ်သောရုပ်၊ အို၊ နာ၊ သေမရှိရာ နိဗ္ဗာန်။ ဤလေးမျိုးတို့ကို မိမိတို့၏အသီးသီးလက္ခဏာသဘောတရားမှ ဘယ်သောအခါမှ ဖောက် ပြန်သွားခြင်းမရှိသောကြောင့် ပရမတ်ဟုခေါ်သည်။

လူ၊ နတ်၊ ဗြဟ္မာ၊ ယောကျာ်း၊ မိန်းမ၊ ခွေး၊ ကြက်၊ ဝက်၊ အိမ်၊ ကျောင်း၊ ဇရပ်၊ မြို့ပြနိုင်ငံစသော မဆုံးနိုင်သည့် နာမည်အခေါ်အဝေါ် မှန်သမျှသည် တကယ်မရှိသော ပညတ်များသာဖြစ်၏။ ဥပမာအားဖြင့် ကြေးဖြင့်ပြုလုပ်ထားသောမီးခြစ်ကလေးတစ်လုံးကို လက်ဝါးပေါ်တင်ပြီး တွေ့သမျှလူများကို ဒါဘာခေါ်လဲဟုမေးခဲ့လျှင် မီးခြစ်ဟူ၍ချည်းသာ ဖြေကြပါလိမ့်မည်။

ဝိပဿနာဉာဏ်ဖြင့် ကြည့်ရှုသောစူဠသောတာပန်၏ အမြင်တွင် ကား မီးခြစ်ဟူသည် တကယ်မရှိသောပညတ်သာဖြစ်၏။ တကယ်ရှိသည်

www.dhammaransi.com

ကား ဖောက်ပြန်တတ်သောရုပ်ဓာတ်သာဖြစ်၏။ ထိုရုပ်ဓာတ် (၂၈)ပါး တို့တွင်လည်း မာခြင်း၊ ပျော့ခြင်းလက္ခဏာနှစ်မျိုးရှိသော ပထဝီဓာတ်က ပို၍ထင်ရှား၏။

ထိုပထဝီဓာတ် ထင်ရှားရှိမရှိသိနိုင်ရန် အရာဝတ္ထုတစ်ခုကို သုံးသပ် ကိုင်တွယ်ကြည့်ရသည်။ မာခြင်း၊ ပျော့ခြင်း မည်သည့်လက္ခဏာကို တွေ့တွေ့ ပထဝီဓာတ်ဟုသိရမည်။ ယခုလည်း မီးခြစ်ကိုကိုင်ကြည့်လိုက် ပါက မာခြင်းလက္ခဏာကို တွေ့ရပါလိမ့်မည်။ ၎င်းမာခြင်းသဘောတရား သည် ပထဝီဓာတ်ပင်ဖြစ်၏။

သို့သော် နှစ်ပေါင်းများစွာ၊ ဘဝပေါင်းများစွာကတည်းက သံဘီး၊ မီးခြစ်ကျောက်၊ မီးစာ ဤသုံးမျိုးပေါင်း၍ ခြစ်လိုက်တိုင်း မီးတောက် ကလေးထွက်လာသောအရာကို မီးခြစ်လို့ခေါ်ရမည်ဟူ၍ ခေါ်ဝေါ်၊ သုံး နှုန်း၊ ပြောဆိုရန် နာမည်တပ်ထားခဲ့ခြင်းကြောင့် အမှားကြာ အမှန်ဖြစ် ဟူသော စကားအတိုင်း တကယ်မရှိသော မီးခြစ်ဟူသော ပညတ်ကိုသာ တကယ်ရှိသည်ဟု အယူမှားမိကြသည်။

ထို့ကြောင့် အရာဝတ္ထုတစ်ခုကို တွေ့မြင်ကြတာချင်းတူသော်လည်း အသိဉာဏ်ချင်း မတူသောကြောင့် သိပုံသိနည်းခြင်းမည်မျှလောက်ထိ ကွာခြားသွားကြကြောင်းကို ပိုမိုရှင်းလင်းစေရန် အမေးအဖြေပုံစံမျိုးဖြင့် ရေးသားပြပါမည်။

## မြင်တာတူသော်လည်း သိတာမတူ

(မေး) ဟောဒီ လက်ဝါးပေါ်က ကြေးမီးခြစ်လေးကို ဆုပ်နယ် ကြည့်တဲ့အခါ မာတဲ့သဘောလေး တွေ့ပါတယ်။ အဲဒီ မာတဲ့သဘောတရားဟာ ဘာလဲ?

(အန္ဓပုထုဇဉ်) မာတဲ့သဘောဟာ မီးခြစ်ပေါ့၊ ဘယ်သူရှိရဦးမလဲ။

(စူဠသောတာပန်) မာတဲ့သဘောတရားလေးဟာ ပထဝီဓာတ်ပါ၊ မီးခြစ် ဆိုတဲ့ ပညတ်နာမည်ကနေ အခြားနာမည်တွေ ဘယ်လိုပဲ ပြောင်းပြောင်း မာတဲ့သဘောတရား သို့မဟုတ် ပျော့တဲ့ သဘောတရားလေးကတော့ ဘယ်တော့မှ ဖောက်ပြန် ပြောင်းလဲသွားမှာမဟုတ်ပါဘူး။ အမြဲတမ်းရှိနေမှာပါ ဒါ့ ကြောင့်လည်း ပရမတ်လို့ ခေါ်တာပါ။

(မေးခွန်းရှင်) မာတဲ့သဘောတရားဟာ မီးခြစ်ပဲလို့ယူဆလိုက်ရင် ကျောက်

www.dhammaransi.com

တုံးတို့ သံတုံးတို့မှာလည်း မာတဲ့သဘောတရား ရှိနေတဲ့ အတွက် မီးခြစ်လို့ပဲ ခေါ်ရမလို ဖြစ်နေလိမ့်မယ်။ ဒါ့ကြောင့် အန္ဓပုထုဇဉ်ရဲ့အဖြေက မှားပြီး စူဠသောတာပန်ပုထုဇဉ် ရဲ့အဖြေကပဲ မှန်ပါတယ်။

တစ်မျိုးထပ်မေးပါဦးမယ်၊ ကြေးမီးခြစ်လေးကို စမ်းကြည့် လို့ မာတာကိုတွေ့တဲ့အခါ ဘယ်သူက မာတာလဲလို့မေး ရင် ဘယ်လိုဖြေကြမလဲ။

(အန္ဓ) မီးခြစ်ကို စမ်းကြည့်လို့မာမှတော့ မီးခြစ်က မာတာပေါ့။ တခြား ဘာမှရှာစရာမလိုပါဘူး။

(စူဠ) ပထဝီဓာတ်က မာတာပါ။ မီးခြစ်ဆိုတာ တကယ်မရှိတဲ့ ပညတ်မို့ မီးခြစ်က မာတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

(အန္ဓ) မီးခြစ်ကိုတွေ့နေ, မြင်နေရသားနဲ့ မရှိဘူးဆိုတာ ကြောင် လိမ်သလို ဖြစ်မနေဘူးလား။

(စူဠ) ကျွန်ုပ်ဟာ ဗုဒ္ဓရဲ့ကျေးဇူးကြောင့် ပညတ်အလိမ်မှ လွတ် မြောက်ခဲ့ပါပြီ၊ အသင်သာလျှင် ပညတ်ရဲ့အလိမ်အညာ မခံရအောင် ကြိုးစားအားထုတ်ပါ။

(မေးခွန်းရှင်) ကဲ... အန္ဓပုထုဇဉ်က မီးခြစ်ကမာတယ်လို့ ဖြေတယ်။ စူဠသောတာပန်ပုထုဇဉ်ကတော့ ပထဝီဓာတ်ကမာတယ် လို့ ဖြေတယ်။ ဒီအဖြေနှစ်ခုမှာ စူဠသောတာပန်ပုထုဇဉ် ရဲ့အဖြေက မှန်ပါတယ်။

(အန္ဓ) ဒီအဖြေလောက်နဲ့ မကျေနပ်ပါဘူး။ ကမ္ဘာမှာ လူဦးရေ သန်းငါးထောင်ကျော်ရှိတဲ့အနက် (၄၉၉၉)သန်းလောက် က ကျွန်ုပ်နဲ့ အမြင်ချင်းတူနေကြပါတယ်။ စူဠသောတာ ပန်ပုထုဇဉ်ရဲ့အမြင်မျိုး ရှိတဲ့လူက တစ်သန်းတောင်ရှိမယ် မဟုတ်ပါဘူး။

ရာခိုင်နှုန်းအနေနဲ့ရော မဲစနစ်အနေနဲ့ရော ယှဉ်ပြိုင်ရင် ကျွန်ုပ်ကပဲ နိုင်စရာရှိပါတယ်။ ဒါ့ကြောင့် မေးခွန်းရှင်ကို (၄၉၉၉)သန်းသော အန္ဓ ပုထုဇဉ်လူသားအားလုံး၏ကိုယ်စား တောင်းဆိုပါရစေ၊ မီးခြစ်က မာတာ မဟုတ်ဘဲ၊ ပထဝီဓာတ်ကမာတာပါဆိုတဲ့ သဘောတရားကို သဘာဝ ယုတ္တိကျကျ လက်တွေ့ရှင်းပြစေချင်ပါတယ်။

(မေးခွန်းရှင်) ရှင်းပါ့မယ်။ အန္ဓပုထုဇဉ်ပြောသလို မီးခြစ်ကသာ မာရိုး

www.dhammaransi.com

မှန်ရင် မီးခြစ်ပျောက်ရင် မာတာ ပျောက်သွားရပါ့မယ်။ မီးခြစ်ကတော့ ပျောက်သွားပြီး မာတာက မပျောက်ဘူး ဆိုရင်တော့ မီးခြစ်ကမာတာဆိုတဲ့ အန္ဓပုထုဇဉ်ရဲ့ အယူအဆကို စွန့်လွှတ်ရပါမယ်။

(အန္ဓ) လက်တွေ့ပြနိုင်ရင် စွန့်လွှတ်ပါမယ်။

(မေးခွန်းရှင်) လက်တွေ့ပဲပြပါ့မယ်။ အဲဒီကြေးမီးခြစ်ကလေးကို ပေပေါ်တင်ပြီး ပြားသွားအောင် သံတူနဲ့ထုလိုက်ပါ။

ပန်းဘဲသမားတစ်ယောက်က ပေပေါ်တင်ပြီး ထုလိုက်ရာ ကြေးပြားလေးဖြစ်သွားသည်။ ထိုကြေးပြားလေးကို မေးခွန်းရှင်လက်ထဲ ထည့်ပေးလိုက်ရာ မေးခွန်းရှင်က ကြေးပြားလေးကို လက်ဝါးပေါ်တင်ပြီး -

(မေးခွန်းရှင်) ကျွန်ုပ်လက်ဝါးပေါ်ကအရာကို ဘာလို့ခေါ်ပါသလဲ။ အန္ဓ ပုထုဇဉ်ကဖြေပါ။

(အန္ဓ) ကြေးပြားလို့ ခေါ်ပါတယ်။

(မေးခွန်းရှင်) စောစောကမီးခြစ် ရှိသေးသလား။

(အန္ဓ) မရှိတော့ပါဘူး။

(မေးခွန်းရှင်) ဘယ်ရောက်သွားသလဲ။

(အန္ဓ) ပျောက်သွားပါတယ်။

(မေး) ဘာဖြစ်လို့ပျောက်သွားပါသလဲ။ အန္ဓပုထုဇဉ်ထံမှ ဘာအဖြေမှထွက်မလာ။

(မေး) စူဠသောတာပန်ပုထုဇဉ်ကရော ဒီမေးခွန်းကို ဖြေနိုင်ရင် ဖြေပေးစေချင်ပါတယ်။

(စူဠ) မီးခြစ်ဆိုတာ အရင်ကတည်းက တကယ်မရှိတဲ့ ပညတ်တရားမို့ ပျောက်သွားတာပါ။ တကယ်မရှိတဲ့ ပညတ်တရားဟာ ဖျက်တိုင်းလည်း ပျက်ပါတယ်။ ဖျောက်တိုင်းလည်းပျောက်ပါတယ်။ ပရမတ်တရားကတော့ ဖျက်လည်း မပျက်ပါဘူး၊ ဖျောက်လည်း မပျောက်ပါဘူး။

(မေး) မှန်ပါတယ်။ ကဲ... အန္ဓပုထုဇဉ်က ကြေးပြားလေးကို ကိုင်ကြည့် ပြီးတွေ့ရတဲ့သဘောတရားကို ပြောပါ။

(အန္ဓ) မာတာကိုပဲ တွေ့ပါတယ်။

(မေး) အသင်က မီးခြစ်ကမာတာပါလို့ ဇွတ်ငြင်းခဲ့တုန်းက ကျွန်ုပ်အသင့်ကို ပြန်ပြောခဲ့တယ်။ မီးခြစ်ကမာရိုးမှန်ရင် မီးခြစ်

www.dhammaransi.com

ပျောက်ရင် မာတာပျောက်ရမယ်လို့၊ ဒီတော့ သင်က လည်း ဝန်ခံခဲ့တယ်၊ အခု မီးခြစ်ဆိုတဲ့ ပညတ်နာမည် တစ်ခုသာ ပျောက်သွားတယ်၊ မာခြင်းဆိုတဲ့ ပထဝီဓာတ် ရဲ့သဘောလက္ခဏာလေးကတော့ မပျောက်ဘူး မဟုတ် လား။

(အန္တ) မီးခြစ်ပျောက်ပြီး မာတာကျန်နေတာကတော့ အမှန်ပါပဲ။ ဒါ့ပေမယ့် ကြေးပြားကိုမြင်ရတော့ ပထဝီဓာတ်က မာ တယ်လို့ မထင်ပါဘူး။ ကြေးပြားက မာတယ်လို့ပဲ ထင်ပါ တယ်။

(မေး) ဒါဆိုလည်း ဆက်ရှင်းရဦးမှာပေါ့။ သင်ထင်သလို ကြေး ပြားက မာရိုးမှန်ရင် ကြေးပြားပျောက်ရင် မာတာပျောက် ရမယ်။ ကဲ... ကြေးပြားကို လုံထဲထည့် အရည်ကျိုပြီး အချောင်းဖြစ်အောင်လုပ်လိုက်ပါ။ ဖိုသမားများက ပြော သည့်အတိုင်းပြုလုပ်ပြီး လာပေးကြသည်။

(မေး) အန္တပုထုဇဉ် ကျွန်ုပ်လက်ဝါးထဲကအရာကို ဘာလို့ခေါ် ပါသလဲ။

(အန္တ) ကြေးချောင်းလို့ ခေါ်ပါတယ်။

(မေး) ကိုင်း စမ်းကြည့်ပါဦး၊ ဘယ်လိုသဘောတရားကို တွေ့ရပါ သလဲ။

(အန္တ) မာတဲ့သဘောတရားကို တွေ့ရပါတယ်။

(မေး) အသင်ပြောသလို ကြေးပြားကသာ မာရိုးမှန်ရန် ကြေးပြား ပျောက်ရင် မာတာပျောက်ရမယ်။ အခု ကြေးပြား ပျောက် သွားပေမယ့် မာတာကတော့ မပျောက်ပါလား။ ဒါ့ကြောင့် ပထဝီဓာတ်က မာတာပါဆိုတဲ့ အဖြေကို လက်ခံသင့်ပါ တယ်။

(အန္တ) ကြေးချောင်းကိုမြင်နေရတော့ ကြေးချောင်းက မာတာလို့ ထင်နေပြန်ပါတယ်။

(မေး) ဒါဆိုလည်း နာမည်ပညတ်မှန်သမျှ တကယ်မရှိကြောင်း ဆက်ပြီး ဖျက်ပြရဦးမှာပေါ့။ ကဲ... အဲဒီကြေးချောင်းကို သူနဲ့မတည့်တဲ့ ဓာတ်တွေထည့်ပြီး ပြာဖြစ်သွားအောင် ဖိုထိုးလိုက်ပါ။ [illegible]များကို လက်ဝါးပေါ်တင်၍

အသင်အန္တပုထုဇဉ် ကျွန်ုပ်လက်ထဲကအရာကို ဘာလို့ ခေါ်ပါသလဲ။

(အန္တ) ပြာလို့ခေါ်ပါတယ်။

(မေး) စမ်းသပ်ကိုင်တွယ်ကြည့်ပါဦး၊ ဘယ်လိုသဘောတရားကို တွေ့ရပါသလဲ။

(အန္တ) နူးညံ့တဲ့သဘောကို တွေ့ပါတယ်။

(မေး) နူးညံ့တယ်ဆိုတာလည်း ပထဝီဓာတ်ရဲ့လက္ခဏာတစ်ခု ပါပဲ။ ကြေးချောင်းဆိုတဲ့ ပညတ်ပျောက်သွားပေမယ့် နူးညံ့ခြင်းဆိုတဲ့ပထဝီ ဓာတ်ကြီးကတော့ ဘယ်တော့မှ ပျောက်မသွားပါဘူး။ နောက်ဆုံး ဒီပြာတွေကို မြေကျင်းတူး၊ တွင်းထဲထည့်မြေဖို့ပြီး လေးငါးခြောက်နှစ်ရှိတဲ့အခါ ကျမှ သွားဖော်ကြည့်ရင် မြေကြီးနဲ့တစ်သားတည်း ဖြစ်နေတာတွေ့ရပါလိမ့်မယ်၊ အဲဒီမြေကြီးကို ကိုင်ကြည့် ထိကြည့်ရင် မာခြင်း၊ ပျော့ခြင်းဆိုတဲ့ လက္ခဏာနှစ်ခု အနက်က တစ်ခုခုကိုတော့တွေ့ရမှာ အမှန်ပါပဲ။ ဒါပေမယ့် ပြာဆိုတဲ့ ပညတ်နာမည်က ပျောက်ပြီး မြေကြီးဆိုတဲ့ ပညတ်နာမည်က ပြန်ရောက်နေပြန်ပြီပေါ့။ ဒါ့ကြောင့် ပညတ်ဟာ ဖျက်တိုင်းပျက်လာလိုက်တာ မီးခြစ်ကနေ ကြေးပြား၊ ကြေးပြားကနေ ကြေးချောင်း၊ ကြေးချောင်း ကနေပြာ၊ ပြာကနေ မြေကြီးထိ ဖြစ်လာတယ်။

ဒါပေမယ့် တကယ်ရှိ အဟုတ်ရှိတဲ့ ပထဝီရုပ်ဓာတ်ကြီးရဲ့ မာခြင်း၊ ပျော့ခြင်းလက္ခဏာကတော့ ဘယ်သော အခါမှ ပျောက်မသွားပါဘူး။ ဒါ့ကြောင့် ပညတ်ဆိုတာ အရင်ကတည်းက တကယ်မရှိခဲ့လို့ ဖျက်တိုင်းပျက်နေတာ၊ ပရမတ်တရားကတော့ အရင်ကတည်းက တကယ်ရှိနေလို့ ဖျက်တိုင်းမပျက်တာလို့ မှတ်ရပါမယ်။

ကဲ… တရားဆိုတာ ခန္ဓာပေါ် တင်ရှုတတ်မှရတာ ပါ၊ ဒါ့ကြောင့် စူဠသောတာပန်ပုထုဇဉ်က လူဆိုတဲ့ ပညတ်ဟာ တကယ်မရှိပဲ ပထဝီဆိုတဲ့ မာခြင်း၊ ပျော့ခြင်း လက္ခဏာသာ တကယ်ရှိကြောင်းကို ခန္ဓာပေါ်မှာ တင် ရှုပြီး မြင်လာတဲ့အမြင်ကို ပြောပါ။

www.dhammadana.org

(စူဠ) ပခုံးနှစ်ဖက်ကြားမှာလည်းခေါင်းပေါက်တယ်။ မတ်မတ်လည်းလျှောက်တယ်၊ အသိဉာဏ်လည်းကြီးတယ်ဆိုတဲ့ သတ္တဝါတစ်မျိုးကို လူလို့မှတ်ဆိုပြီး ဟိုးဘဝပေါင်းများစွာ၊ နှစ်ပေါင်းများစွာကတည်းက ရှေးလူကြီးသူမများက နာမည်တပ်ပေးခဲ့ပါတယ်။

ဒါ့ကြောင့်လည်း လူဆိုတဲ့နာမည်ပညတ်ကြီးကိုပဲ တကယ်ရှိတယ်လို့ စွဲယူနေကြပြီး တကယ်ရှိတဲ့ ပရမတ် ပထဝီဓာတ်ကြီးကိုတော့ ရှိတယ်လို့ကို မထင်ကြပါဘူး။ ယခု လူဆိုတဲ့ပညတ်နဲ့ မာခြင်း၊ ပျော့ခြင်းဆိုတဲ့ ပထဝီဓာတ် ဘယ်ဟာက တကယ်ရှိသလဲဆိုတာ သေချာစိစစ်ပြပါ့မယ်။

လူတစ်ယောက်ယောက်ကို ရှေ့မှာရပ်ခိုင်းထားပြီး ခြေ၊ လက်၊ ခေါင်း၊ ကိုယ်တစ်နေရာရာကို ကိုင်တွယ်သုံးသပ်ကြည့်လိုက်ပါ။ မာခြင်း၊ ပျော့ခြင်း လက္ခဏာ တစ်ခုခုကို တွေ့ရပါလိမ့်မယ်။ မာတဲ့ ပျော့တဲ့ သဘောတရားလေးဟာ လူမဟုတ်ပါဘူး။ ပထဝီဓာတ်သာ ဖြစ်ပါတယ်။

မာတဲ့သဘော၊ ပျော့တဲ့သဘောလေးဟာ လူဖြစ်ရမယ်ဆိုရင် မာတဲ့အရာဝတ္ထုတွေအားလုံး၊ ပျော့တဲ့အရာဝတ္ထုတွေအားလုံး လူဖြစ်ကုန်ကြတော့မှာပါ။ အဲဒီလို မဖြစ်နိုင်ပါဘူး။ တစ်ဖန် လူကိုကိုင်ကြည့်လို့ မာတာပျော့တာကို တွေ့ရတာပဲ။ လူကပဲ မာတာ ပျော့တာပေါ့။ ဘယ်ဟာက မာတာပျော့တာ ဖြစ်နိုင်ဦးမှာလဲလို့ ငြင်းခဲ့ရင်လည်း ဖြေရှင်းစရာရှိပါတယ်။ အဲဒီလို လူကသာ မာတာ ပျော့တာမှန်ရင် လူပျောက်ရင် မာတာပျော့တာ အကုန်ပျောက်ရပါမယ်။

အဲဒီလူရဲ့ခန္ဓာကိုယ်က အသားမှန်သမျှကို မိမိဉာဏ်နဲ့ ခုတ်ထစ်ယူပြီး ပုံထားလိုက်ပါ။ အဲဒီအသားပုံကြီးကို လက်ညှိုးထိုးပြီးတွေ့သမျှလူကိုမေးကြည့်ပါ။ ဒီအပုံကြီးကို ဘာခေါ်သလဲလို့၊ အားလုံးက တညီတညွတ်တည်း ဖြေကြပါလိမ့်မယ်။ ဒါအသားပုံကြီးပဲလို့ ဘယ်သူမှ လူလို့ ပြောတော့မှာမဟုတ်ပါဘူး။

www.dhammadana.com

အဲဒီအသားပုံကြီးကို တို့ထိကြည့်တဲ့အခါမှာတော့ ပျော့ခြင်းဆိုတဲ့ ပထဝီဓာတ်ကိုတော့ တွေ့ရမှာပါပဲ။ လူက သာ မာရိုး ပျော့ရိုးမှန်ရင် လူပျောက်ရင် ပျော့တာ မာတာပျောက်ရမှာပါ။ ယခုလူဆိုတဲ့ ပညတ်ပျောက်သွား ပေမယ့် မာခြင်း၊ ပျော့ခြင်းဆိုတဲ့ ပထဝီဓာတ်ကတော့ ပျောက်မသွားပါဘူး။

တဖန် ပထဝီဓာတ်က ပျော့တာ မဟုတ်ပါဘူး။ အသားတုံးက ပျော့တာပါလို့ စောဒကတက်ဦးမယ်ဆိုရင် အဲဒီအသားတွေကို ပါးပါးလှီး ခြောက်သယောင်းသွား အောင် နေပူမှာလှမ်းလိုက်ပါ။ ခြောက်ပြီဆိုတာနဲ့ သံဆုံ ထဲမှာ မှုန့်နေအောင်ထည့်ထောင်းပါ။ ရလာတဲ့အသား မှုန့်လေးတွေကို ပုံထားလိုက်ပါ။

တွေ့တဲ့လူကိုမေးပါ။ ဒါဘာလဲလို့၊ ဖြေကြပါလိမ့် မယ်။ ဒါ အသားမှုန့်ပဲလို့။ ဘယ်သူမှ အသားတုံးလို့ဖြေ တော့မယ်မဟုတ်ပါဘူး။ အသားမှုန့်တွေကို တို့ကြည့်ထိ ကြည့်တဲ့အခါ နူးညံ့ပျော့ပျောင်းခြင်း ဆိုတဲ့ သဘော တရားလေးကိုတော့ တွေ့မှာပါပဲ။ အသားတုံးကသာ ပျော့ရိုးမှန်ရင် အသားတုံးပျောက်ရင် ပျော့တာပျောက် ရပါမယ်။

ယခု အသားတုံးဆိုတဲ့ပညတ်ပျောက်သွားပေမယ့် ပျော့ခြင်းဆိုတဲ့ ပထဝီဓာတ်ကတော့ ပျောက်မသွားပါ ဘူး။ ဒါ့ကြောင့် အသားတုံးဆိုတဲ့ ပညတ်ကပျော့တာ မဟုတ်ပါဘူး။ ပထဝီဓာတ်ကသာ ပျော့တာပါ။ ခုလည်း အသားမှုန့်တွေက နူးညံ့ပျော့ပျောင်းတာပါ။ ပထဝီ ဓာတ်က နူးညံ့ပျော့ပျောင်းတာမဟုတ်ပါဘူးလို့ ငြင်းဦး မယ်ဆိုရင် -

အဲဒီအသားမှုန့်ခြောက်တွေကို လုံကြီးကြီးထဲထည့်ပြီး ပြာဖြစ်အောင် ဖိုထိုးပစ်လိုက်ပါ။ ရလာတဲ့ပြာတွေကို တစ်နေရာပုံထားပြီး တွေ့သမျှလူကို ဒါဘာလဲလို့မေးခဲ့ ရင် ပြာလို့ပဲဖြေကြမှာပါ။ အသားမှုန့်လို့ ဘယ်သူမှဖြေမှာ မဟုတ်ပါဘူး။ ဒီပြာတွေကို တို့ထိကြည့်တဲ့အခါ နူးညံ့

www.dhammaransi.com

ပျော့ပျောင်းတဲ့ ပထဝီဓာတ်ကိုတော့ တွေ့ရမှာပါပဲ။ အသားမှုန့်ကသာ နူးညံ့ပျော့ပျောင်းရိုးမှန်ရင် အသားမှုန့် ပျောက်ရင် နူးညံ့ပျော့ပျောင်းတာ ပျောက်ရပါ့မယ်။ အခု အသားမှုန့်တွေ ပျောက်သွားပေမယ့် နူးညံ့ပျော့ပျောင်းတာ ပျောက်မသွားတာကို ထောက်သောအားဖြင့် အသားမှုန့်က နူးညံ့ပျော့ပျောင်းတာမဟုတ်ဘဲ ပထဝီဓာတ်က နူးညံ့ပျော့ပျောင်းတာဆိုတာ သေချာနေပါပြီ။

တစ်ဖန် ပြာတွေက နူးညံ့ပျော့ပျောင်းတာပါ၊ ပထဝီဓာတ်က နူးညံ့ပျော့ပျောင်းတာမဟုတ်ပါဘူးလို့ ထင်နေသေးရင် အဲဒီပြာတွေကို မြေကျင်းတူးမြှုပ်ပြီး လေးငါးနှစ်ထားလိုက်ပါ။ ပြီးမှ သွားဖော်ကြည့်လိုက်ရင် မြေကြီးနဲ့ တစ်သားတည်းဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။ အဲဒီမြေကိုယူပြီး တို့ထိကြည့်ရင် မာတာ၊ ပျော့တာ တစ်ခုခု တော့ တွေ့မှာပါ။

အဲဒီမာတာပျော့တာဟာ ပထဝီဓာတ်ပါပဲ။ ပြာကသာ နူးညံ့ပျော့ပျောင်းရိုးမှန်ရင် ပြာပျောက်ရင် နူးညံ့ပျော့ပျောင်းတာပျောက်ရပါမယ်။ ယခု ပြာဆိုတဲ့ ပညတ်ကြီးပျောက်သွားပေမယ့် နူးညံ့ပျော့ပျောင်းခြင်း၊ မာခြင်းဆိုတဲ့ သဘောတရားတွေဟာ ပျောက်မသွားပါဘူး၊ အဲဒီသဘောတရားတွေဟာ ပထဝီဓာတ်ပါပဲ။

ပညတ်ဆိုတာဟာ တကယ်မရှိတဲ့အတွက် ဖျက်တိုင်းပျက်ပါတယ်။ လူဆိုတဲ့ပညတ်ကို ဖျက်လိုက်တော့ ပျက်ပြီး အသားတုံးဖြစ်သွားတယ်။ အသားတုံးကို ဖျက်လိုက်တော့ ပျက်ပြီး အသားမှုန့်ဖြစ်သွားတယ်။ အသားမှုန့်ကို ဖျက်လိုက်ပြန်တော့ ပျက်ပြီး ပြာဖြစ်သွားပြန်တယ်။ ပြာကို ဖျက်လိုက်တော့ ပျက်သွားပြန်ပြီး မြေကြီးဖြစ်သွားတယ်။ ပထဝီဆိုတဲ့ပရမတ်ကတော့ တကယ်ရှိတဲ့အတွက် လူ၊ အသားတုံး၊ အသားမှုန့်၊ ပြာ၊ မြေကြီး ဘယ်ဘဝရောက်ရောက် ဘယ်လိုဖျက်ဖျက် မပျက်ပါဘူး။ မာခြင်း၊ ပျော့ခြင်းဆိုတဲ့ လက္ခဏာလေးဟာ ဘယ်အချိန် စမ်းကြည့်ကြည့် တွေ့နေရပါတယ်။ လူ့ခန္ဓာတစ်ခုလုံးကိုလည်း

အသိမ်အမူပါမကျန် နေရာအနှံ့စမ်းကြည့်ပါ။ မာခြင်း၊ ပျော့ခြင်းဆိုတဲ့ ပထဝီဓာတ်ဟာ နေရာအနှံ့ တစ်ကိုယ်လုံး မှာ ရှိနေပါတယ်။

ဤကဲ့သို့ ငါစွဲ၊ သူစွဲ၊ သက္ကာယဒိဋ္ဌိကို ဉာဏ်ပရိညာဖြင့် ပယ်သတ်နိုင်သော စူဠသောတာပန်ပုထုဇဉ်သည် ဣန္ဒြေ မရင့်ကျက်သေး၍သော်လည်းကောင်း၊ မဂ်တားဖိုလ်တား အန္တရာယ်တစ်ခုခုရှိ၍သော်လည်းကောင်း၊ ဤဘဝတွင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရခဲ့လျှင် နောက်ဘဝနတ်ပြည်တွင် ကား ဧကန်မုချ သောတာပတ္တိမဂ်ကို ရပေလိမ့်မည်။

ထိုကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်သုံးပါးဖြင့် ဆင်ခြင်သုံးသပ်ပြီး ငါစွဲ သက္ကာယဒိဋ္ဌိကြီးကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနာပဟာန်တို့ဖြင့် ရှုပွားသည့်အခါတိုင်း ပယ်ခွာ နိုင်ခဲ့သည့် စူဠသောတာပန်ပုထုဇဉ်များသည် သေပြီးနောက် နတ်ပြည် ကို ချက်ချင်းရောက်ရပြီး ငါနတ်ပြည်ကို ရောက်နေပါလား ဟူသော အသိက နောက်ကျနေသေးသည်။ သောတာပတ္တိမဂ်ကိုရသည်က အရင် ဖြစ်နေသည် ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၊ သောတာနုဂတိသုတ်တွင် ဟောကြားတော်မူပါသည်။

ယခုဆိုလျှင် စာရှုသူများအနေဖြင့် စာရေးသူ၏မကောင်းသော အတိတ်ဘဝကိုကြည့်ပြီး ဓမ္မသံဝေဂအတွေးအမြင်များစွာ ယူနိုင်ပါပြီ။

၁။ ပုထုဇဉ်မှန်သမျှ လောကီဒါန၊ သီလ၊ သမထကုသိုလ် ဘယ် လောက်ပင်ရှိရှိ သေပြီးနောက် ရောက်ချင်ရာဘုံရောက်၊ ကျချင်ရာဘုံ ကျသွားနိုင်သည့် (ဝိနိပါတဘေး)

၂။ ဒါန၊ သီလ၊ သမထကုသိုလ်များသည် သာသနာတွင်းမှာလည်း ရှိသည်။ သာသနာပမှာလည်းရှိသည်။ ထို့ကြောင့် ဒါန၊ သီလ၊ သမထ လောက်နှင့်တင်းတိမ်ရောင့်ရဲမနေဘဲ သာသနာတွင်းမှာသာရနိုင်သော ဝိပဿနာကုသိုလ်ကိုပါ ဆရာကောင်းရှာပြီး နာကြား၊ ပွားများအားထုတ် ကြရမည်။

၃။ သာသနာသည် နှစ်ပေါင်း (၂၄၅၇) နှစ်ကျန်ရှိသေးသည်ဆို သော်လည်း ထိုနှစ်အားလုံး မိမိနှင့်ဆိုင်သည်မဟုတ်။ မိမိမသေခင်နေ ရသောရက်ကလေးအတွင်းသာ ထိုသာသနာနှင့်ဆိုင်ပါသည်။ သာသနာ က နှစ်မကုန်၍ မကွယ်ပျောက်သော်လည်း မိမိတို့က နှစ်ကုန်၍ ကွယ်လွန်ခဲ့

လျှင် သာသနာကွယ်တာနှင့် အတူတူပင်ဖြစ်သော်လည်း ဤအချက်ကို သတိထားမိသူ အင်မတန်မှ နည်းပါသေးသည်။ ထို့ကြောင့် အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားသင့်ပါသည်။

၄။ ငါးဖြာအာရုံကာမဂုဏ်ကို ခံစားဖို့အတွက် လူဖြစ်လာခြင်းမဟုတ်။ လူဖြစ်နေသည့်အတွက် ထုံးတမ်းစဉ်လာအရ ခံစားခြင်းဖြစ်သည်။ အဓိကအရယူရမည့် ပန်းတိုင်ကား မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သာဖြစ်ပါသည်ဟု ခံယူချက်ရှိပါလျှင် အောက်ထစ်ဆုံးသုဂတိဘုံပေါ်မျော အဆင့်လောက်ရှိသော စူဠသောတာပန်ပုထုဇဉ်အဆင့်လောက်ရောက်အောင် ကာမဂုဏ်အာရုံကြားထဲမှပင် အချိန်အနည်းငယ်ပေး၍ ကြိုးစားအားထုတ်သင့်ပါသည်။

ရှင်ဘုရင်အဖြစ်ကို မင်းသားကသာ စိတ်ကူးသည်။ ဒွန်းစဏ္ဍားကား အမှတ်ပင်မရ၊ ရဟန္တာအဖြစ်ကို သူတော်ကောင်းကသာ စိတ်ကူးသည်၊ မသူတော် အမှတ်ပင်မရ။

*(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)*

## မဂ် ဖိုလ်ရမည့် သမာဓိဟူသည်

(မောင်စိန်) ပုထုဇဉ်၏ သီလဝိသုဒ္ဓိသည် စိတ်မချရ၊ အရိယာဖြစ်မှ သီလဝိသုဒ္ဓိအစစ်ဖြစ်တယ်ဆိုတာ သဘောတူပါပြီဘုရား။ အရိယာဖြစ်ဖို့ဆိုတာ တရားမြင်မှဖြစ်မယ်။ တရားမြင်ဖို့ကလည်း စိတ္တဝိသုဒ္ဓိဖြစ်မှ မြင်မယ်မဟုတ်လားဘုရား။

(ဆရာ) စိတ္တဝိသုဒ္ဓိဆိုတာ သမာဓိပဲ၊ သမာဓိဆိုတာ ဧကဂ္ဂတာစေတသိက်ပေါ့။ ၎င်းဧကဂ္ဂတာစေတသိက်သည် သဗ္ဗစိတ္တသာဓာရဏစေတသိက်ကွဲ့။ ဘယ်စိတ်ဖြစ်ဖြစ် သူပါရတယ်။ သူမပါမှာကို ပူစရာမလိုဘူး။ ဖဲရိုက်ရင်လည်း ပါတာပဲ။ ကြက်တိုက်ရင်လည်း ပါတာပဲ။ ငါးမျှားရင်လည်း ပါတာပဲ။ အကုသိုလ်မှာယှဉ်သော ဧကဂ္ဂတာစေတသိက်ကို မိစ္ဆာသမာဓိ။

ကုသိုလ်မှာ ယှဉ်သော ဧကဂ္ဂတာစေတသိက်ကို သမ္မာသမာဓိလို့ခေါ်တယ်။ ၎င်းသည် ဘယ်စိတ်မှာမဆို ယှဉ်သကွဲ့။ သို့သော်လည်း ဈာန်ကို အလိုရှိလျှင်တော့ သူ့ကို တခမ်းတနားလုပ်ရသကွဲ့။ ဈာန်သမာဓိလည်း သပ္ပုရိသနဲ့

www.dhammaransi.com

မတွေ့ရင် မဟန်ပါဘူးကွဲ့။

(မောင်စိန်) ဘယ့်နှယ်မဟန်တာလဲဘုရား၊ စိတ်ကြည်လင်မှ အမှန်ကို မြင်မယ်မဟုတ်ပါလားဘုရား။

(ဆရာ) မဟန်ပုံကိုပြောဦးမယ်ကွယ့်၊ ကမ္ဘာကြီးပျက်၍ အသစ်တစ်ဖန်ဖြစ်လာသောအခါ ပဋမစျာန်ဘုံသို့ မဟာဗြဟ္မာမင်းကြီးသည် ရှေးဦးစွာ ရောက်နှင့်ရောတဲ့။ ဒါနဲ့ သူတစ်ယောက်တည်းနေရတာ ပျင်းသလိုလိုဖြစ်တာပေါ့။ ဒီတော့ တခြားသောသတ္တဝါတွေဖြစ်ပေါ်လာလျှင် ကောင်းမှာပဲဟု တမ်းတသတဲ့။

တမ်းတ၍မကြာခင် ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ကြုံပြီး အထက်ဗြဟ္မာဘုံကသတ္တဝါတွေလည်း သက်တမ်းကုန်၍ လည်းကောင်း၊ ကံကုန်၍လည်းကောင်း၊ အကြောင်းနှစ်ပါးကြောင့် စုတိစိတ်ကျပြီး ပဋမစျာန်ဘုံသို့ ရောက်လာကြသတဲ့။ ဒီတော့ မဟာဗြဟ္မာမင်းကြီးက အောက်မေ့သတဲ့။ ဘယ်လိုအောက်မေ့သလဲဆိုတော့ -

ဪ... ဒီသတ္တဝါတွေသည် ငါဖန်ဆင်း၍ဖြစ်လာတာပဲဟု အောက်မေ့သတဲ့။ အောက်မေ့သည့်အတိုင်းလည်း နောက်ရောက်ဗြဟ္မာတွေကို ပြောသတဲ့။ ဒီလိုပြောတော့ ကမ္ဘာ့ထုံးစံမှာ တန်ခိုးကြီးသူပြောရာ တန်ခိုးငယ်သူတွေ ယုံကြည်ရသည့်အတိုင်း နောက်ရောက်ဗြဟ္မာတွေလည်း တန်ခိုးငယ်သူမို့ ယုံကြည်ကြရတာပေါ့။

ဒီလို ယုံကြည်စွာနဲ့နေရင်း မဟာဗြဟ္မာမင်းကြီးမသေခင် နောက်ရောက်သောဗြဟ္မာအငယ်ကသေပြီး လူ့ပြည်မှာ လူလာဖြစ်သတဲ့။ လူဖြစ်လာတော့ ဗြဟ္မာပြည်ကလာသူမို့ ကာမဂုဏ်ကိုရွံမုန်းပြီး ရသေ့ရဟန်းပြုသတဲ့၊ ရသေ့ရဟန်းပြု၍ မကြာမီ ဈာန်အဘိညာဉ်တို့ကိုရပြီး တစ်ဘဝကို မြင်သတဲ့။

ဒါနဲ့ ငါဘယ်ဘဝက လာသလဲလို့ နောက်ဘဝကို ကြည့်တော့ ဗြဟ္မာ့ပြည်ကလာတာကိုမြင်သတဲ့။ ငါတို့၏ မဟာဗြဟ္မာကြီးရှိနေလားလို့ ကြည့်တော့ရှိသေးတာမြင်တယ်။ ဒါနဲ့ အယူတစ်ခုပေါ်လာတာ ဘယ်လိုပေါ်လာ

www.dhammaransi.com

သလဲဆိုတော့ ဒီမဟာဗြဟ္မာကြီးသည် လောကကိုဖန်ဆင်းသူ ထာဝရဘုရားပဲ။

အခြားသောသတ္တဝါတို့သည် မဟာဗြဟ္မာကြီး ဖန်ဆင်း၍ ဖြစ်ရသူတွေပဲ။ ဒါ့ကြောင့် မဟာဗြဟ္မာကြီးသည် မအိုမနာ၊ မသေ အမြဲနေသောသူတည်း။ အခြားသောသတ္တဝါတွေကား အိုကြ၊ နာကြ၊ သေကြရ၏ဟု ဂေစ္စသဿတဝါဒကြီး လောကမှာ ပေါ်လာရောတဲ့။ အဲဒီဝါဒကို ယခုထိ ပုဏ္ဏားတွေ ယူနေကြသေးတယ်။

ခရစ်ယာန်နဲ့ မဟာမေဒင်လည်း ဒီဝါဒကခွဲတာပဲ။ ဘုရားလွဲပေမယ့် ယူပုံမှာအတူတူပဲ။ ကဲ ကြည့်စမ်းပါ၊ စိတ္တဝိသုဒ္ဓိ **လောကီသမ္မာဒိဋ္ဌိသည် အမှန်ကို မမြင်သည့်ပြင်** မိစ္ဆာဒိဋ္ဌိတောင် ဖြစ်နေသေးတယ်မဟုတ်လား။

စိတ်ကြည်လင်ရင် သူဟာသူ အမှန်ကို မြင်တယ်ဆိုလျှင် နေဝသညာနာသညာ ဗြဟ္မာ၏သမာဓိလောက် ကြည်လင်တာဘယ်ပုဂ္ဂိုလ်မှာရှိသလဲ ဘယ်သူမှမရှိပါဘူး။ ဒီလောက်သမာဓိကောင်းသောဘုံတွေသည် သောတာပတ္တိမဂ်ဉာဏ်ကို မရနိုင်သောကြောင့် ရပ်ဖြစ်ရှစ်ပါးထဲသို့ သွင်းထားတယ်မဟုတ်လား။

ပြီးတော့ သောတာပန်မဖြစ်ဘဲ အထက်မဂ်ကိုလည်း မရတော့ပါဘူး။ သောတာပန်တည်ဖို့ သောတာပန်အင်္ဂါကို မဟာဝဂ္ဂသံယုတ်တော်မှာ ဟောတာက -

သပ္ပုရိသသံသေဝ၊ ဆရာကောင်းကိုမှီဝဲ

သဒ္ဓမ္မသဝန ၊ တရားကိုနာ

ယောနိသောမနသိကာရ၊ ရှုရှုသေသေဆင်ခြင်

ဓမ္မာနုဓမ္မပဋိပတ္တိ၊ ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို ငါထင်မှုကိုစွန့်တဲ့ ပုဂ္ဂလပညတ်မှာ ဟောတာက -

**ပရတောဃောသ၊ သူတစ်ပါးထံတရားနာ**

ယောနိသောမနသိကာရ၊ ရှုရှုသေသေဆင်ခြင် အဲဒီလိုတရားနာဖို့ချည်းဟောတာကလားကွဲ့။

(မောင်စိန်) နေယျပုဂ္ဂိုလ်ဆိုတာ တရားနာရုံနဲ့ဘယ်ရမလဲဘုရား အလုပ်လုပ်မှ ရမှာမဟုတ်လားဘုရား။

(ဆရာ) အလုပ်ဆိုတာတရားနာတာရယ်၊ နာပြီးလျှင် သဘော ပေါက်အောင်ဆင်ခြင်တာရယ်၊ အဲဒါကို အလုပ်လို့ခေါ်တာ ကွဲ့။ ဒီပြင်အလုပ်မရှိဘူး၊ မြတ်စွာဘုရားက ပုဂ္ဂလပညတ် မှာ နေယျပုဂ္ဂိုလ်၏အင်္ဂါကို ဟောခဲ့တယ်၊ ဥဒ္ဒေသတော၊ အကျဉ်းအားဖြင့် တရားကိုနာရအောင် ဆောင်ရွက်၊ ဒါမှ မရလျှင် ပရိပုစ္ဆတော၊ အကျယ်တဝင့်တရားကိုနာ၊ ဒါမှမရ သေးလျှင် ကလျာဏမိတ္တေပယိရုပါသဘော၊ သပ္ပုရိသကို အဖန်တလဲလဲဆည်းကပ်ပြီး မရှင်းလင်းသမျှကို ဆင်ခြင် မေးမြန်း၍ နှလုံးသွင်းတဲ့၊ အဲဒီလိုသာ ဟောခဲ့တာကွဲ့။

(မောင်စိန်) တရားကိုဝါဆိုလပြည့်နေ့တို့၊ သီတင်းကျွတ်လပြည့်နေ့တို့မှာ မြန်မာပြည်တစ်ပြည်လုံး မနာသောသူမရှိလောက်အောင် တရားနာကြပါတယ်။ ဘယ်မှာသောတာပန်တည်ပါသလဲ ဘုရား။

(ဆရာ) အဲဒါက တရားနာသူ၏ချွတ်ယွင်းမှု၊ တရားဟောသူ၏ ချွတ်ယွင်းမှုလို့ နှစ်ခုရှိတယ်၊ တရားနာသူ၏ချွတ်ယွင်းမှုကို ပြောဦးမယ်။ တရားနာသော်လည်း တရားရအောင်ရယ်လို့ မရည်ရွယ်ဘဲ ထုံးစံရှိလို့ နာကြတယ်။ တစ်ချို့ကအိပ်ငိုက် ရင်းနာတယ်၊ တစ်ချို့က တောင်တွေးမြောက်တွေး နာ တယ်။

တစ်ချို့က ဝတ္ထုအကြောင်းနဲ့ ရယ်စရာလောက်ကို သာ အရေးစိုက်တယ်။ တရားကို အရေးမစိုက်ဘူး။ အဲဒီလို ယောနိသောမနသိကာရအင်္ဂါ၊ ဓမ္မာနု ဓမ္မ ပဋိပတ္တိအင်္ဂါ ပျက်ကြတာကြောင့် သောတာပန်မတည်တော့ဘူး။ တရား ဟောသူ၏ချွတ်ယွင်းမှုကိုပြောဦးမယ်။

တစ်ချို့က သီချင်းနဲ့ရယ်စရာကို အသားပေးဟော တယ်။ တစ်ချို့ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာမျှ ကိုသာ ဟောတယ်။ တရားကိုမဟောဘူး။ တစ်ချို့က စာကို တရားလုပ်၍ဟောတယ်။ တစ်ချို့လည်း လေးတန်းမအောင် သေးသူကို ဆယ်တန်းမေးခွန်းမေးသလို ဒိဋ္ဌိသေအောင် အရင် မပြဘဲ အရဟတ္တမဂ်နှင့်သာတန်တဲ့ တဏှာသတ်တရားကို ဟောတယ်။

www.dhammaransi.com

နာမ်နှင့်မတား နားနှင့်မတန်တာကိုဟော၍ ယုတ်တမ်း ရမ်းတုပ်နေကြတယ်။ အဲဒီလို တရားဟောပုဂ္ဂိုလ်ဘက်က သပ္ပုရိသအင်္ဂါ ပျက်နေကြတာကြောင့် နာသူတွေသောတာပန် မတည်တော့ဘူး။ မြတ်စွာဘုရားက -

တယောမေဘိက္ခဝေ အပ္ပဟာယ
ရာဂံပဟာတုံ၊ ဒေါသံပဟာတုံ၊
မောဟံပဟာတုံ၊ အဘဗ္ဗောကတမေ
တယော သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသောတိ

လို့ ဟောတော်မူတယ်။ အဓိပ္ပါယ်ကတော့ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရမာသတို့ကို မပယ်သေးဘဲ ရာဂ၊ ဒေါသ၊ မောဟတို့ကိုပယ်၍ မရဘူးကွဲ့။

(နမ္မားမြို့၊ သီရိမင်္ဂလာမြို့မကျောင်း၊ ဆရာတော်ဦးဉာဏ၏ တရားစစ်တမ်းဆွေးနွေးခန်းစာအုပ်မှ)

အရှုံးလား၊ အရင်းလား၊ အမြတ်လား

ဈေးရောင်းသူဟာ အရင်းအတိုင်းရအောင်, ရှုံးအောင်ရောင်းတာမဟုတ်ဘူး။ အမြတ်ရအောင် ရောင်းတာဖြစ်တယ်။ ဒီလိုပဲ ဗုဒ္ဓသာသနာနဲ့ ကြုံကြိုက်တုန်း လူဖြစ်နေကြသူတွေဟာ အရင်းနဲ့လည်းမကျေနပ်သင့်ဘူး၊ ရှုံးလည်းမရှုံးသင့်ဘူး၊ အမြတ်ရအောင် ကြိုးစားရမယ်။

နောက်ဘဝလူဖြစ်ရင် အရင်းအတိုင်းပဲ၊ အပါယ်ကျရင်တော့ ရှုံးတာပဲ၊ နတ်ပြည်ဗြဟ္မာပြည်ရောက်ရင်တော့ အမြတ်ရတာပဲ၊ ဒါပေမယ့် အဲဒီအမြတ်က အာမခံချက်မရှိတဲ့ အမြတ်ပဲ၊ အပါယ်အတွက် အာမခံချက်မရှိသေးဘူး။ နိဗ္ဗာန်ကတော့ အကောင်းဆုံးအမြတ်ပဲ။

(ပဏ္ဍိတာရာမ- ရွှေကျောင်းကုန်းသာသနာ့ရိပ်သာဆရာတော်ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ)

သာဝကာဟိ စတုန္နံ ဓာတူနံ ဧကဒေသမေဝ သမ္မသိတွာ
နိဗ္ဗာနံ ပါပုဏန္တိ။

ဓာတ်လေးပါးတို့တွင် တစ်ပါးပါးကို ပုဂ္ဂိုလ်သတ္တဝါပျောက်အောင် ဆင်ခြင်နိုင်လျှင် နိဗ္ဗာန်ကို ရနိုင်၏။

(မူလပဏ္ဏာသအဋ္ဌကထာ)

www.dhammaransi.com

လူသိနည်းသောလူယုတ်မာ

များသောအားဖြင့် လူယုတ်မာဆိုလျှင် ကိုယ်ကျိုးကိုသာကြည့်ပြီး သူတစ်ပါးအကျိုးကို ပျက်စီးစေသူတစ်မျိုးလောက်ကိုသာ သိထားကြသည်။ အမှန်ကား လူသိနည်းသောလူယုတ်မာတစ်မျိုးရှိနေပါသေးသည်။ ၎င်းကား အိုမင်းရင့်ရော်လာသောမိခင်၊ ဖခင်တို့အား လုပ်ကျွေးမွေးမြူနိုင်စွမ်းရှိပါလျက် မလုပ်ကျွေး၊ မမွေးမြူကြသောသားသမီးများပါတည်း။

ထိုအကြောင်းကို သုတ္တနိပါတ်ပါဠိတော်ဝသလသုတ်တွင် ဟောကြားတော်မူခဲ့ခြင်းဖြစ်ပေသည်။ ထိုဟောကြားချက်ကို မြန်မာလိုရှင်းရှင်းလင်းလင်းသိနိုင်ရန် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စတုတ္ထစံကျောင်းဆရာတော်ဘုရားကြီးက -

"အနန္တဂိုဏ်းဝင်အဓိကထားရသည့်
မိဘနှစ်ပါးကြီးကျယ်စွာ
လက်ဦးဆရာဗြဟ္မာအလားသို့
ဘဂဝါဘုရားဟောခဲ့တာ
သူတို့မွေးတာကျေးဇူးအမြတ်ကို
ကြွေးအထူးဆပ်ဖို့နားလည်ပါ
စွမ်းနိုင်လျက်သား အိုမင်းငြား
ပစ်ထားလူယုတ်မာ
အဲဒါကြောင့် ဗုဒ္ဓထုတ်ဟော
အယုတ်သဘောကင်းစေရာ"

ဟု ရေးဖွဲ့သတိပေးတော်မူခဲ့ပေသည်။ ဤနေရာ၌ မိမိပြုခဲ့သောကံအတိုင်း တူသောအကျိုးပေးသည်ဟူသော စကားရပ်ကို လက်တွေ့သာဓကတစ်ခုဖြင့် ထောက်ခံတင်ပြချင်ပါသည်။ စာရေးသူဖခင်သည် မိဘများဆုံးပါးချိန်တိုင်အောင် လုပ်ကိုင်ကျွေးမွေးခဲ့သည်။

မိဘများမရှိတော့မှ အိမ်ထောင်ပြုသည်။ စာရေးသူမိခင်သည်လည်း အိမ်ထောင်မပြုတော့ဟု ဆုံးဖြတ်ကာ မိဘကိုလုပ်ကိုင်ကျွေးမွေးနေခဲ့သည်။ နောက် မိဘများက နေရာချသောအခါကျမှသာ အိမ်ထောင်ပြုခဲ့သည်။ ထို့ကြောင့် မွေးလာသောသားသမီးလေးယောက်လုံး မိဘကိုလုပ်ကိုင်ကျွေးမွေးသူချည်းသာဖြစ်ခဲ့သည်။

အဒေါ်ဖြစ်သူကား မိဘကိုလုပ်ကိုင်ကျွေးမွေးခြင်းမပြုဘဲ အိမ်ထောင်စောစောပြုခဲ့သည်။ ရလာသောသားသမီးအားလုံး မိဘကို လုပ်

www.dhammaransi.com

ကိုင်ကျွေးမွေးသူ တစ်ယောက်မှ မပါခဲ့ပါ။ တူသောအကျိုးပေးခြင်း သဘောတရားကို ခေတ်လူငယ်များ သတိထားစရာပင်ဖြစ်ပါ၏။

ဖခင်နှင့်မိခင်တို့ အကြောင်းပါသောအချိန်မှစ၍ မိခင် ဘုရားရှေ့တွင် အမြဲမပြတ်တောင်းခဲ့သောဆုတစ်ခုကား "တပည့်တော်မ၊ သားဘုန်းကြီးတစ်ပါး မွေးဖွား၍ ရဟန်းမယ်တော်ဖြစ်ရပါလို၏" ဟူသတည်း။ သို့သော် မယ်တော့်ဆန္ဒကား ကလေး (၃)ယောက်ရချိန်အထိ မပြည့်ခဲ့။ သမီးချည်းသာမွေးဖွားခဲ့သည်။

ထိုစဉ်က စစ်ကိုင်းမြို့နယ်၊ ဘော်ဂါရွာတွင် နေတုန်းကဖြစ်သည်။ နောင်ခုံဖိနပ်ခုတ်သော အလုပ်များမကောင်းတော့သဖြင့် အမရပူရမြို့နယ်၊ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်သို့ ပြောင်းရွှေ့ခဲ့ကြပါတော့သည်။ ရောက်စတွင် ကိုယ်ပိုင်ခြံမြေမဝယ်နိုင်သေးသဖြင့် ဦးလေး ဦးချစ်ဝင်းအိမ်တွင် နှစ်အတန်ကြာနေရသေးသည်။

ထိုအချိန်မှာပင် စာရေးသူအထက် ဖိုးသာအောင်အမည်ရှိသားတစ်ယောက်ကို ဖွားမြောက်လေရာ မိခင်မှာ တောင်းသောဆုပြည့်စပြုလာသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရှာသည်။ သို့သော် မိခင်ဝမ်းသာမှုကား အခါလည်ပင်ဖြစ်သည်။ ဖိုးသာအောင်မှာအခါလည်သားအရွယ်မှာပင် ကွယ်လွန်သွားသောကြောင့်ပါတည်း။

မိခင်ကား အသက်ကလည်းငယ်သေးသဖြင့် ဖြေမဆည်နိုင်ရကား ငိုသားသေသောမြို့တွင် မနေလိုတော့ဟုပြောကာ အဒေါ်ဦးလေးများရှိရာ စစ်ကိုင်းမြို့သို့ ဘယ်သူ့မှမပြောဘဲ ထွက်သွားပါတော့သည်။ စစ်ကိုင်းရောက်သောအခါ လူကြီးများ၏ တရားချအကြံပေးချက်အရ ဘုရားတွင်ပန်းမျိုးစုံ ကပ်လှူ၍ အောက်ပါအတိုင်း ဆုတောင်းပြန်ပါသည်။

"တပည့်တော်မ၊ ယခုလို ပန်းမျိုးစုံ ဆက်ကပ်လှူဒါန်းရသောကုသိုလ်ကြောင့် သာသနာ့အာဇာနည် သားထူးသားမြတ်တစ်ပါးကို ရရလိုပါ၏ အရှင်ဘုရား"

ထူးခြားသည်ကား ထိုညမှာပင် မိခင်သည် သက်န်းဝတ်လျက်ကိုရင်လေးတစ်ပါးကို မွေးဖွားရသည်ဟု အိပ်မက်မြင်မက်ခြင်းပါတည်း။ လူကြီးသူမအားလုံးတို့က "ဒီအိပ်မက်အရဆိုလျှင် ညည်း ဒီတစ်ခါ ဘုန်းကြီးဖြစ်မယ့်သား မွေးမှာကတော့ အသေအချာပဲ" ဟု ပြောကြသဖြင့် စိတ်ချမ်းသာပြီး အမရပူရသို့ ပြန်လာခဲ့ပါသည်။

ထိုအိပ်မက်မက်ပြီးနောက် ၁၃၂၆ ခုနှစ်၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့ (၁၆-၂-၆၅) ခုတွင် စာရေးသူကို မွေးဖွားခဲ့သည်။ ဇာတာခွင်နေ့သင့်နံသင့်အရ မောင်စိုးမြင့်ဟု အမည်ပေးခဲ့သည်။ စာရေးသူသည် ဖွားစအချိန်က အလွန်ထွားကြိုင်းသန်မာသဖြင့် ဘကွန်းကြီးဟူ၍ ခေါ်ကြသည်။ ထိုအချိန်က မောင်ဗမာဘကွန်းကြီး နာမည်ကြီးနေသော အချိန်မဟုတ်ပါလား။

## စိုးရိမ်သည့်အတိုင်းဖြစ်လေပြီ

အရင်တစ်ခါသားတုန်းကလည်း အခါလည်းသားတွင် ဆုံးသွားခဲ့သဖြင့် ယခုစာရေးသူအလှည့်တွင်လည်း အခါလည်သားရောက်မည်ကို မိဘနှစ်ပါးလုံး စိုးရိမ်နေကြသည်။ ဗေဒင်ကလည်း "အခါလည်သားတွင် ခန္ဓာပျက်ကိန်းရှိသည် သို့မဟုတ် အကြီးအကျယ်ဒဏ်ရာအနာတရဖြစ်နိုင်သည်" ဟု ဟောထားရာ မိဘများစိုးရိမ်မည်ဆိုလည်း စိုးရိမ်လောက်ပါပေသည်။

စာရေးသူ၏ (၃၆)နှစ်တာသက်တမ်းတစ်လျှောက်တွင် ဗေဒင်လက္ခဏာ၏စိန်ခေါ်ထိုးသတ်မှုကို နှစ်ကြိမ်တိတိကြုံခဲ့ရသည်။ ယခု အခါလည်သားတွင် တစ်ကြိမ်၊ ၂၈ နှစ်အရွယ်တွင် တစ်ကြိမ်တို့ဖြစ်၏။ ပထမအကြိမ်တွင် စာရေးသူရှုံး၏။ ဒုတိယအကြိမ်တွင် စာရေးသူနိုင်၏။

ဗေဒင်ကသေမည် သို့မဟုတ် သေလောက်သည့်ဒဏ်ရာ၊ ရောဂါတစ်ခုခုဖြစ်မည်ဟု ဟောပုံချင်းတူသော်လည်း ပထမအကြိမ်တွင် သူဟောသည့်အတိုင်းဖြစ်ပြီး ဒုတိယအကြိမ်တွင် သူဟောသည့်အတိုင်းမဖြစ်ခြင်းကို ထောက်သောအားဖြင့် ကံကောင်းအောင်ကြိုးစားအားထုတ်နည်းအမှန်ပင်ရှိရမည်ဟူ၍ စာရှုသူအနေဖြင့် အတွေးအခေါ်တစ်ခုကိုထုတ်နှုတ်ယူနိုင်ပါသည်။

ကံကောင်းအောင် ကြိုးစားပုံကို ၂၈ နှစ်အရွယ်မှတ်တမ်းကျမှ အပြည့်အစုံရေးပါမည်။ ယခုကလေးဘဝတွင် ဗေဒင်ဟောသည်အတိုင်း ရင်စည်းခံလိုက်ရပုံကို ဆက်လက်ရေးသားပါမည်။ တစ်ခါတွင် ဖခင်က နယ်ဝေးသို့ ပန်းရံအလုပ်လိုက်သွားရသည်။ လနှင့်ချီ၍ကြာသည်ဖြစ်ရာ တစ်ခါတစ်ရံ ဆက်သွယ်ရေးအခက်အခဲကြောင့် ပို့လိုက်သောငွေက အချိန်မီရောက်မလာ၊ ထိုဒုက္ခကို ကြာရှည်မခံစားလိုသော ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ရှိသည့်မိခင်သည် ဈေးထဲတွင် မုန့်တီလက်သုတ်ထွက်ရောင်းတော့သည်။

www.dhammaransi.com

ထိုအချိန်သည် စာရေးသူအခါလည်သားအရွယ်သို့ ဝင်ရောက်လာပြီဖြစ်ကြောင်း မိခင်ရော၊ ဖခင်ပါ တစ်ချက်သတိလွတ်သွားကြသည်။ မိခင်ဆိုင်ထွက်သွားသဖြင့် အစ်မကြီးဖြစ်သူ မခင်ပြည့်က စာရေးသူအား ထိန်းထားရသည်။ နေ့လည်အချိန်တွင် အစ်မဖြစ်သူက စာရေးသူကို အခြားနှစ်အိမ်ကျော်ခြံဝိုင်းကျယ်ကြီးအတွင်းသို့ ခေါ်သွားခဲ့သည်။

ထိုခြံဝိုင်းထဲတွင် အိမ်ဆောက်ရန်အတွက် ပုံထားသောင်းပတ်လည်တိုင်ကြီးများက အရိပ်ကောင်းသောသရက်ပင်ကြီးများအောက်၌ရှိ၏။ ထိုအိမ်ထဲတွင် အသင့်တွေ့ရသော ဗိုလ်အုန်းသီးတံဆိပ် ကလေးစီးသုံးဘီးစက်ဘီးလေးကို တွေ့လိုက်သည်နှင့် အတတ်ဆန်းချင်သောစိတ်က အစ်မဖြစ်သူခေါင်းထဲသို့ ဝင်လာခဲ့သည်။

ထိုအတတ်ဆန်းချင်သောစိတ်သည် စာရေးသူ၏ ခြေလက်အင်္ဂါချို့ယွင်းသောအဖြစ်သို့ရောက်အောင် ပို့ဆောင်တော့မည်ဖြစ်ကြောင်းကိုတော့ ငယ်ရွယ်သော ဆယ်နှစ်ကျော်ကျော်အရွယ် အစ်မဖြစ်သူတစ်ယောက် သိနိုင်စွမ်းမရှိသေးပါ။ ထို့ကြောင့် စာရေးသူကို ဘေးနားခဏချထားပြီး စက်ဘီးကိုသစ်သားပုံပေါ် မရရအောင် တင်လိုက်သည်။

ရသွားသည်နှင့် စာရေးသူကို စက်ဘီးနောက်ထိုင်ခုံပေါ်တင်ကာ သူက ရှေ့မှဆွဲပါသည်။ ထပ်ထားသောသစ်လုံးချင်း မညီသောနေရာအရောက်တွင်ကား စက်ဘီးသည် အစ်မလက်မှလွတ်ပြီး မြေပြင်သို့ ဒလိမ့်ခေါက်ကွေး ကျသွားပါတော့၏။ သံနှင့်လုပ်ထားသော အမာခံစက်ဘီးသည်ပင် တော်တော်လေး ပိန်ရှုံ့ပျက်စီးသွားရာ အမာခံဘာမှပါမလာသော အခါလည်အရွယ် စာရေးသူ၏အဖြစ်ကို စဉ်းစားကြည့်စေချင်ပါသည်။

ကံကောင်းထောက်မစွာ ခေါင်းတို့ မျက်နှာတို့ တစ်နေရာမှမထိဘဲ ခန္ဓာကိုယ်ဘယ်ဘက်ခြမ်းတစ်ခုသာ အထိနာသွားပြီး စအိုဝမှ သွေးများရေသွန်သလိုထွက်လာသည်ဟုဆိုပါသည်။ အတွင်းထဲ၌ ပြင်းပြင်းထန်ထန် ထိခိုက်သွားသည်ထင်ပါသည်။ ဘေးကလူကြီးများသည် သေချာသိလိုက်ကြဟန်မတူပါ။

အစ်မက သေချာချော့မော့လေသောအခါ စာရေးသူမှာ ခဏနှင့်အငိုတိတ်သွားပြီး အပေါ်ယံကြည့်လျှင် ဘာမှမဖြစ်သလိုပင် နေပြန်ပါသည်။ ထို့ကြောင့် ငယ်ရွယ်သောအစ်မကလည်း ဝေဒနာကြီးမှန်း သတိမထားမိတော့ဘဲ မိဘကိုပြန်မပြောဖြစ်တော့ပါ။ နှစ်ရက်သုံးရက်နေ

သောအခါ ဝေဒနာကကြီးသဖြင့် အပြင်းဖျားကာ ခန္ဓာတစ်ခုလုံး မလှုပ် မယှက်နိုင်တော့ဘဲ ပုံကျသွားတော့သည်။

ဆရာဝန်များစမ်းသပ်ကြည့်သောအခါတွင်မှ အမြင့်တစ်နေရာမှ ကျခြင်းဖြစ်ကြောင်း မိဘများသိကြရပါသည်။ သို့သော် ရောဂါဖြစ်ရပ် မှန်ကိုသိသောအချိန်က သိပ်နောက်ကျနေသောကြောင့် ပျောက်ကင်း သည်အထိ မကုနိုင်တော့ပါ။ သက်သာရုံမျှသာ ကုပေးနိုင်ပါတော့သည်။

ဆရာပေါင်း၊ ဆေးရုံပေါင်း ဘယ်လောက်စုံအောင် ကုသပါ သော် လည်းဘဲ စာရေးသူကား ခြောက်နှစ်သားအရွယ်ထိ လမ်းမလျှောက်နိုင် တော့ပါ။ ထိုင်လျက် ဒရွတ်တိုက်သွားရပါတော့သည်။ ဒီပုံစံဆိုလျှင်ဖြင့် တို့သားလေး လူဖြစ်ရှုံးပါပြီဆိုပြီး မိခင်ရော ဖခင်ပါ စာရေးသူအဖြစ်ကို ကြည့်၍ နေ့စဉ်ငိုကြွေးကြရသည်။

ထိုအချိန်မှာပင် စိတ်ပညာကိုအနည်းငယ်တီးမိခေါက်မိရှိသော ဆရာဝန်တစ်ယောက်က ယခုလို အကြံပြုလာပါသည်။

"ခင်ဗျားတို့သားလေးက ကျိုးတာမဟုတ်ဘူးဗျ၊ သွေးအားနည်းပြီး အကြောပါ အားနည်းသွားတာ၊ ဒီအတိုင်းကတော့ ခင်ဗျားတို့သား ဘယ်တော့မှ လမ်းသွားမှာ မဟုတ်ဘူး။ ဒီတော့ စိတ်ပညာနည်းအရ သူ့ရောဂါကို အာရုံပြုမှုနည်းသွားအောင် လုပ်ပေးရမယ်"

"ဘယ်လိုလုပ်ရမလဲဆရာ"

"သူ့ကို ဘောလုံးကန်ခိုင်းရမယ်"

"ဆရာရယ် မဖြစ်နိုင်တာ လမ်းမသွားနိုင်တဲ့ကလေးကို ဘယ်လို လုပ် ဘောလုံးကန်ခိုင်းမလဲ"

"လွယ်ပါတယ်၊ အရင်ဆုံးခင်ဗျားတို့က သူ့ကို ဘောလုံးကန်ပြ လိုက်၊ နည်းနည်းပြပါများလာရင် သူပါ ထလာလိမ့်မယ်၊ အဲဒီအခါ ကျတော့မှ ကလေးကို ခင်ဗျားတို့ ပခုံးနှစ်ဖက်ကို သူ့လက်နဲ့ဖက်ပြီး အားယူ ထပေးလိုက်ပါ။ ပြီးတာနဲ့ သူ့ခြေထောက်ရှေ့မှာ ဘောလုံး ချပေးလိုက်။ သူ မရ,ရအောင် ကန်ပါလိမ်မယ်။ အဲဒီနည်းနဲ့ ကန်ရပါ များလာရင် စိတ်က ခြေထောက်မသန်တာ သိပ်သတိမထားတော့ဘဲ ဘောလုံးကန်ဖို့တစ်ခုသာ သတိထားမိမယ်၊ ကြာလာရင် ခင်ဗျားတို့ မိဘတွေလည်ပင်းတောင် မကိုင်တော့ဘဲ သူ့ဖာသာ ရအောင်ကန် သွားလိမ့်မယ်၊ ဘောလုံးတောင် ကန်နိုင်သွားရင် လမ်းသွားဖို့ကတော့ ပြောစရာမလိုတော့ဘူးပေါ့ဗျာ"

www.dhammaransi.com

ဆရာဝန့်အကြံ တစ်သိန်းတန်ဟုပင် ဆိုသင့်ပါ၏။ တကယ်ကျ တစ်သိန်းပင်မကပါ။ ဘယ်လိုမှ လမ်းလျှောက်နိုင်ဖို့ မျှော်လင့်ချက် ရည်ရွယ်ချက်မရှိခဲ့သော စာရေးသူသည် ထိုအခါမှစ၍ လမ်းလျှောက်နိုင် လာပါတော့သည်။ ထိုဆရာဝန် ယခုအချိန်ထိ သက်ရှိထင်ရှားရှိနေသေး လျှင် စာရေးသူအနေဖြင့် ကျေးဇူးဆပ်ရပါဦးမည်။

မတ်တပ်သွားနိုင်သော်လည်း ညာတစ်ဖက်ဖြင့်သာ အားပြုသွား ရသောစာရေးသူမှာ မကြာခဏခွေခွေလဲတတ်သဖြင့် ဒူးနှစ်ဖက်လုံးရှိ ပွန်းရာပဲ့ရာတို့က ဘယ်တော့မှကင်းကင်းရှင်းရှင်း ပျောက်မသွားနိုင်ပါ။ ထို့ကြောင့်လည်း (၇)နှစ်သားလောက်ရှိမှ ကျောင်းစနေရသည်။

စာဖတ်ချင်လွန်းလှသဖြင့် ကျောင်းမနေရခင်ကတည်းက အမ များထံမှ ဗျည်း (၃၃) လုံးအရ သင်ယူခဲ့သည်။ ကျောင်းသို့ရောက်သော အခါတွင်ကား ရက်ပိုင်းအတွင်းမှာပင် စာဖတ်တတ်ခဲ့သည်။ စာရေးသူ ပထမဆုံး အပြင်စာ စဖတ်တတ်သောနေ့ကိုလည်း အမြဲသတိရလျက် ရှိသည်။

တစ်ရက်တွင် မိခင်က ဟင်းချက်ရန် မဆလာတစ်ထုပ်ဝယ်ခိုင်း လိုက်သည်။ မဆလာထုပ်ကို ဝယ်လာရင်း လမ်းတွင် အမှတ်တံဆိပ် နာမည်ကို မရရအောင် ပေါင်းဖတ်ရာ အိမ်မရောက်ခင်မှာပင် ဖတ်နိုင် သွားပါတော့သည်။ မိခင်ရှေ့ရောက်သည်နှင့် ဝမ်းသာအားရ -

"အမေ… ကျွန်တော် အပြင်စာတွေ ဖတ်တတ်ပြီ"

"ဟယ်… ဟုတ်လား၊ အမေ့သားက တော်တာပေါ့၊ ကျောင်းနေ တာရက်ပိုင်းရှိသေး အပြင်စာတွေဖတ်တတ်ပြီဆိုတော့ ကဲ… သား လက်ထဲက မဆလာထုပ်နာမည်ကိုပဲ အမေ့ဖတ်ပြစမ်းပါဦး"

စာရေးသူက မဆလာထုပ်ကို ထောင်ကိုင်လိုက်ပြီး ခေါင်းကိုမော့ ရင်ကိုကော့လျက် -

"မာမူကြီး၏မဆလာတဲ့အမေ"

"ဟယ်… တော်လိုက်တဲ့သားလေး၊ တကယ့်ကို ဖတ်တတ်တာ တော့" ဟုဆိုကာ မိခင်က စာရေးသူခေါင်းကို ပွတ်သပ်ပြီး ချီးကျူးပါ သည်။ မိခင်သည် စိတ်ပညာသဘောတရားတွေ နားလည်၍ ဟန်လုပ်ပြီး ချီးကျူးခြင်းမဟုတ်ပါ။ သူကိုယ်တိုင် စစ်အတွင်းလူဖြစ်ရ၍ စာမတတ် ခဲ့ရသည့်အတွက် သားစာတတ်သွားခြင်းကို မုဒိတာစိတ်ဖြင့် တကယ် ဝမ်းသာ၍ ချီးကျူးခြင်းသာဖြစ်ပါ၏။

www.dhammaransi.com

ထိုမှစ၍ တွေ့သမျှစာများကို ဖတ်လာရာ လမ်းတွင်တွေ့ရသော သတင်းစာစုတ်ကိုပင် အလွတ်မပေးတော့ပါ။ သူငယ်တန်းတက်၍ လပိုင်းအရမှာပင် ကာတွန်းကိုကျော်၍ လုံးချင်းဝတ္ထုများကိုပင် ဖတ်နိုင်နေပါပြီ။ ပထမဆုံး စဖတ်ရသော တရုတ်သိုင်းစာအုပ်ထဲမှ မြင်းဖြူချန်စန်းဟူသော ဇာတ်လိုက်တစ်ယောက်နာမည်ကိုပင် ယခုအချိန်ထိ မှတ်မိနေသေးသည်။

## အမေးတစ်ချက် ခေါင်းတစ်ချက်

မိခင်သည် သားငါးယောက် သမီးလေးယောက် မွေးဖွားခဲ့ရာ သားသုံးယောက်သမီးတစ်ယောက်မှာ ငယ်ရွယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့သည်။ ကျန်ရစ်သော သားသမီးငါးယောက်မှာ-

၁။ မခင်ပြည့်၊ ၂။ မခင်ပို၊ ၃။ မောင်စိုးမြင့် (စာရေးသူ)
၄။ မောင်စိုးတင့်၊ ၅။ မသန်းသန်းဝင်း တို့ ဖြစ်ကြပေသည်။

ထိုတွင် မခင်ပိုမှာ အသက် (၂၈)နှစ်အရွယ်မှာ ဆုံးပါးသွားခဲ့ရသည်။ ထိုအစ်မနှင့်ပတ်သက်သော စာပေဖြစ်ရပ်လေးတစ်ခုကိုလည်း စာရေးသူ အမြဲသတိရလျက်ရှိသည်။ စာရေးသူက ရှစ်နှစ်အရွယ် စာဖတ်အားကောင်းစ အစ်မမခင်ပိုက ၁၄ နှစ်အရွယ် အပျိုပေါက်စ။

စာရေးသူမှာ လုံးချင်းကာတွန်းများကို ဖတ်တတ်ကာစဖြစ်သဖြင့် တစ်ချို့နေရာတွင် စာကိုဖတ်တတ်သော်လည်း အဓိပ္ပာယ်မယူဆတတ်သောကြောင့် ကိုယ့်ထက်တတ်သောအစ်မများကိုသာ ကြုံသလိုမေးမြန်းရတော့သည်။ တစ်ခါတွင် လူကြမ်းက ဇာတ်လိုက်မင်းသမီးအား မတရားကျင့်ကြံသောအခန်း စာအုပ်ထဲတွင်ပါလာသည်။

ပါလာပုံကား ဇာတ်လိုက်မင်းသမီးအိမ်သားများမရှိချိန် လူကြမ်းရောက်လာပြီး မင်းသမီးကိုချစ်တယ်ကြိုက်တယ်ပြောပြီး ဖက်ရမ်းနမ်းရှုပ်သောအကွက်တစ်ကွက်ကိုရေးပြီး နောက်အကွက်တွင် ပွင့်ဖတ်များကြွေကျနေသော ပန်းပွင့်တစ်ပွင့်ကို ကာတွန်းဆရာက ရေးပြလိုက်သည်။

အပျိုရည်ပျက်သွားကြောင်း နိမိတ်ပုံဖြင့် ပြခြင်းဖြစ်ပါ၏။ ရှစ်နှစ်သားသာရှိသေးသော စာဖတ်တတ်ကာစ စာရေးသူမှာ ဘာအဓိပ္ပါယ်မှမသိတော့။ ပိုမသိသည်က နောက်တစ်ခန်းတွင် မင်းသမီးက "ကျွန်မဘဝ ရေတိမ်နစ်ပါပြီ" ဆိုပြီး ငိုကြွေးခြင်းမင်ဖြစ်၏။

www.burmeseclassic.com

ရေတိမ်တိမ်လေးနဲ့ ဘယ်လိုလုပ်နစ်ရပါလိမ့်ဟု စာရေးသူ တစ်နေကုန် စဉ်းစားသော်လည်း အဖြေမှန်က ပေါ်မလာချေ။ သို့နှင့် စာအုပ်ကလေးယူသွားပြီး စိတ်တိုတတ်သော အစ်မမခင်ပိုအား မေးမိပါတော့သည်။

"အစ်မ... ဟောဒီစာအုပ်ထဲမှာ မင်းသမီးက ရေတိမ်နစ်ရပါပြီဆိုပြီး ငိုနေတယ်၊ ရေတိမ်တိမ်လေးနဲ့ ဘာလို့နစ်ရတာလဲ ပြောပြပါဦး"

အစ်မသည် စာရေးသူမေးသောအခန်းကို တစ်ချက်ကြည့်ပြီး မျက်နှာရဲကနဲတစ်ချက်ဖြစ်သွားကာ-

"ကိုယ့်အစ်မအပျိုအရွယ်ကို မဟုတ်တရုတ်တွေလာမေးဦး၊ ကဲ ဟယ်" ဟုဆိုကာ စာရေးသူခေါင်းကို ဒေါင်ကနဲနေအောင် ခေါက်လိုက်ပါတော့သည်။ အစ်မဖြစ်သူကား သိရက်နှင့် လာမေးသည်ဟု ထင်သောကြောင့် ခေါင်းခေါက်ဟန်တူပါသည်။ စာရေးသူကား တကယ့်ကိုမသိ၍ မေးခြင်းဖြစ်ပါသည်။

နောင်အသက်အတော်ရ၍ စာဖတ်များလာမှသာ ထိုအဓိပ္ပာယ်ကို သိလာရပါသည်။ ထိုအစ်မသေဆုံးရခြင်းနှင့်ပတ်သက်၍ သိသင့်သော အကြောင်းအရာများကို စာရေးသူ၏အသက်နှစ်ဆယ်ကျော်အခန်းမှာ ဆက်လက်ရေးသားပါမည်။

## အခန်း (၂)
## ကျွန်ုပ်နှင့်ဒါနပါရမီ - ၁

စာရေးသူရှစ်နှစ်သားအရွယ် ကလေးဘဝကပြုခဲ့သော ဒါနသုံးခုကို ယခုပင် ပြုနေသလို မှတ်မိနေပါသည်။ ပထမတစ်ခုကား စာရေးသူကျောင်းသွားစဉ်ပေးလိုက်သော မုန့်ဖိုးငါးပြားဖြင့် အိမ်ဆိုင်တစ်ခုမှာ စာလေးခွေတစ်ခုဝယ်လိုက်သည်။ စာလေးခွေသည် စာရေးသူအကြိုက်ဆုံး သရေစာပင်ဖြစ်ပါ၏။

စာရေးသူတို့ခေတ်က မုန့်ဖိုးငါးပြားသည် မုန့်ဟင်းခါး၊ အစုံသုပ်၊ ကြာဆံဟင်း ကြိုက်ရာဝယ်စားနိုင်ပါသည်။ ဝယ်ပြီးစ စာလေးခွေကို တမက်တမောတစ်ကိုက်ကိုက်ပြီးသည့်အချိန်မှာပင် ကရုဏာသက်စရာ မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရသည်။ တွေ့လိုက်ရသည်က -

အသက်လေးဆယ်ခန့်ရှိ အမျိုးသားကြီးတစ်ဦး ခြေနှစ်ဖက်ပေါင်အရင်းမှ ပြတ်နေသည်။ တင်ပါးအောက်တွင် တာယာပြားကြီးတစ်ခုခံထားပြီး လက်နှစ်ဖက်က မြေကြီးကို ထောက်ကာထောက်ကာ အားယူသွားရင်းဖြင့် လမ်းဘေးမှအိမ်များ ကြားအောင် -

"ခြေထောက်နှစ်ဖက်လုံးမရှိတဲ့ ဒုက္ခိတမို့ သနားကြပါခင်ဗျား၊ ထမင်းဖိုးလေး ဟင်းဖိုးလေး တတ်နိုင်သမျှ စွန့်ကြဲကြပါခင်ဗျား"ဟူ၍ တစာစာအော်နေသောမြင်ကွင်းပင် ဖြစ်ပါတော့၏။

စာရေးသူမှာ မိမိခြေတစ်ဖက်နှင့်လက်တစ်ဖက်မသန်သည်ကိုပင် သတိမထားနိုင်တော့ဘဲ ခြေနှစ်ဖက်လုံးမပါသည့် အမျိုးသားကြီးထံသို့ ခပ်မြန်မြန်သွားကာ တစ်ကိုက်ကိုက်ပြီးကာစ စာလေးခွေတစ်ခွေကို လေးလေးစားစား ပေးလိုက်ပါတော့သည်။ ခြေတစ်ဖက်ဆာနေသောလူမမယ်ကလေးငယ်တစ်ဦးက မိမိစားမည့်သရေစာကို မစားတော့ဘဲ သူ့အားလာပေးနိုင်သောသတ္တိကို ထိုအမျိုးသားကြီး သတိထားမိဟန်တူပါသည်။

www.dhammaransi.com

စာရေးသူအား အကြာကြီးစိုက်ကြည့်ပြီး ဆုတွေပေးလိုက်သည်မှာ ကြားရသူတိုင်း ကြည်နူးစရာကောင်းလှပါသည်။ ဒုတိယတစ်ခုကား အိမ်တွင် စာရေးသူတစ်ယောက်တည်းရှိနေစဉ် သီလရှင်များ ဆန်အလှူခံကြွလာခြင်းပင် ဖြစ်ပါ၏။ ထုံးစံလောင်းနည်းမှာ ပန်းကန်ပြားထဲ ဆန်ထည့်ပြီး တစ်ပါးတစ်ဇွန်းလောင်းရမည်ဖြစ်ပါ၏။

စာရေးသူကတော့ ထိုသို့မဟုတ် တစ်ပါးတစ်ဘူး အားရပါးရကြီးလောင်းလိုက်ရာ အိုးထဲမှဆန်များ ကုန်သည်ထိဖြစ်ပါတော့၏။ ထိုနေ့ညနေစာအတွက် ဆန်ကို မိခင်ကိုယ်တိုင် ဈေးသို့ အပြေးသွားဝယ်ခဲ့ရပါသည်။ ထိုအပြုအမူအတွက် မိခင်ဖခင်တို့ကား စာရေးသူကို တစ်ချက်မငေါက်ခဲ့ပါပေ။ တကယ့်သူတော်ကောင်းမိဘတွေပင် ဖြစ်ပါ၏။

တတိယတစ်ခုကား ကြည်ညိုစရာကောင်းလှသော ရဟန်းတော်တစ်ပါး၊ ယခုအချိန်တိုင်အောင် ထိုရဟန်းတော်၏ သပ္ပါယ်လှသော မျက်နှာတော်ကို မြင်ယောင်လျက်ရှိပါသေးသည်။ အိမ်ရှေ့တွင် ဆွမ်းရပ်နေသည်ကိုဘယ်သူမှမသိကြ။ ရပ်နေတာဘယ်လောက်ကြာနေပြီမသိ။ အိမ်နောက်ဖေးတွင် ကစားနေရာမှ အိမ်ရှေ့သို့ ထွက်လာသော စာရေးသူက ရုတ်တရက် လှမ်းမြင်လိုက်သည်။

စာရေးသူ မြင်လိုက်သောအချိန်မှာပင် ရဟန်းတော်မှာ လူမရှိဘူးဟု ယူဆသွားသည့်အတွက် ရှေ့သို့ ဆက်ကြွသွားပေသည်။ စာရေးသူကား အလွတ်မခံ အိုးထဲတွင် အသင့်ရှိနေသော ထမင်းခဲကြီးကို အတုံးလိုက်ယူပြီး ပန်းကန်ပြားထဲထည့်ကာ အတင်းပြေးလိုက်ပါတော့သည်။ ရဟန်းတော်ကား တော်တော်ဝေးဝေးသို့ ရောက်သွားလေပြီ။

စာရေးသူပါးစပ်မှလည်း "ဘုန်းကြီးခဏနေပါဦးဘုရား၊ ဘုန်းကြီးခဏနေပါဦးဘုရား" ဟူ၍ မပြောတတ်ပြောတတ် အော်ပြောသဖြင့် ဘေးအိမ်မှလူများက ထွက်ကြည့်ပြီးပြုံးနေကြသည်။ စာရေးသူအော်သံကြားသွားတော့မှ ရဟန်းတော်ကခဏရပ်ပြီး အလှူခံတော်မူရှာပါသည်။

အမေရိကန်ပြည်ထောင်စု၏ (၁၆)ဆက်မြောက် သမ္မတကြီးဖြစ်သော အေဘရာဟန်လင်ကွန်းက-

"ကျွန်ုပ်နှင့်ကျွန်ုပ်အောင်မြင်မှုသည် ကျွန်ုပ်မိခင်၏ ကျေးဇူးတရားကြောင့်သာဖြစ်သည်ဟု ပြောခဲ့သလို စာရေးသူမှာ ဖြစ်ပေါ်လာသော ကောင်းသောစိတ်ဓာတ်အရပ်ရပ် အလုံးစုံသည် စာရေးသူမိခင်၏ ကျေးဇူးကြောင့်သာဖြစ်သည်ဟု ဆိုချင်ပါသည်။

www.dhammadownload.com

တစတစစွန့်ဝံ့မှလျှင် ဘဝနောက်နှောင်း ဆက်တိုင်းကောင်း၏ ဟူသောအဆိုအတိုင်း စာရေးသူတွင် သူတစ်ပါးအား ပေးကမ်းကျွေးမွေး ချင်သော ဒါနပါရမီဖြစ်လာအောင် ဦးစွာစည်းရုံးသိမ်းသွင်းသည်မှာ မိခင်သာလျှင်ဖြစ်ပါ၏။ညအိပ်ရာဝင်တိုင်း ဗုဒ္ဓရှင်တော်မြတ်၏ဒါနပါရမီ ဖြည့်ဆည်းတော်မူပုံများ ပြောပြခြင်းကြောင့်လည်း စာရေးသူတွင် အရွယ် နှင့်မလိုက်အောင် ဒါနပြုချင်စိတ်အားကြီးခဲ့ခြင်းဖြစ်ပါသည်။

ယခုဤစာရေးနေချိန်တွင် စာရေးသူအသက်(၃၇) နှစ်သာရှိသေး သော်လည်း သွေးလျှုသောအကြိမ် (၄၉)ကြိမ်ရှိခဲ့ပေပြီ။ ၂၆-၄-၉၅ နေ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် မျက်ကြည်လွှာကိုလည်း စာရင်းပေး လှူဒါန်းပြီးပါပြီ။ စာရေးသူကွယ်လွန်သည်နှင့် အမျိုးသား မျက်စိဘဏ် ဖုန်း ( )သို့ ကျန်ရစ်သူများက အကြောင်းကြားပေးကြရပါမည်။

ဤကဲ့သို့ ဗဟိဒ္ဓဝတ္ထုပစ္စည်းများကိုသာမက အသွေးအသားကိုပါ လှူရဲသည့်သတ္တိများရှိလာရခြင်း၏ အဓိကအကြောင်းကား မိခင်ပြောပြ သည့် သီရိသယ်ဗောဓိမင်းကြီး၏ ဇာတ်တော်ကြောင့်ပါတည်း။ မိခင် သည် တရားပွဲ၊ ကွက်စိပ် မှန်သမျှကို အချိန်မရရအောင်ယူပြီး နာယူလေ့ ရှိသည်။

ထို့ကြောင့် စာမတတ်သော်လည်း မိခင်သည် ဇာတ်ဝတ္ထုအတော် များများကို သူတစ်ပါးစိတ်ဝင်စားအောင် ပြန်ပြောနိုင်ပါသည်။ စာရေး သူသည် ၅၅၀ ဇာတ်တော်စာအုပ်ကို မဖတ်ဖူးခင်ကပင်လျှင် ဇာတ်လမ်း အတော်များများကိုသိပြီးဖြစ်ခြင်းမှာ မိခင်၏ကျေးဇူးသာဖြစ်ပါ၏။

ထိုမိခင်ပြောဖူးသောဇာတ်တော်များစွာအနက်မှ စာရေးသူ၏ စိတ်ထဲတွင် ယခုအရွယ်တိုင်အောင် တသသဖြစ်နေရသော သီရိသယ် ဗောဓိဇာတ်ကြောင်းကို စာဖတ်သူများအား ပြန်လည်တင်ပြချင်ပါသည်။ မိခင် ကျွန်ုပ်ကို ပြောပြစဉ်က ဂေါတမဘုရားအလောင်းအနေဖြင့်သာ ပြောပြခဲ့ခြင်းဖြစ်၏။

ကျွန်ုပ်အရွယ်ရောက်လာသောအခါမှ ထိုဇာတ်တော်မူရင်းစာအုပ် ကို လေ့လာကြည့်သောအခါ ပိဋကသုံးပုံ နိကာယ်ငါးရပ်မှမဟုတ်ဘဲ သီဟိုဠ်မဟာဝင်ကျမ်းနှင့် ဟတ္ထဝနဂလ္လကျမ်း၌လာရှိသော ဘုရားဆုပန် သာမန်ဘုရင်တစ်ပါးဖြစ်နေသည်ကိုတွေ့ရရာ ကျွန်ုပ်၏ကြည်ညိုရှိရင်းစွဲ စိတ်မှာ ပိုလို့ပင် ကြီးမားသွားပါသည်။

www.dhammadaransi.com

အကြောင်းကား ဗိုလ်ချုပ်ကြီးတစ်ယောက် လုပ်ရမည့် တာဝန်ဝတ္တရားကို သာမန်စစ်သားလေးတစ်ယောက်က အောင်မြင်အောင်လုပ်ပြနိုင်လျှင် အတိုင်းထက်အလွန်ချီးကျူးသင့်သကဲ့သို့ ယခုလည်း ဘုရားလောင်းအရင့်အမာကြီးများသာ ပြုလုပ်နိုင်သည့် ခေါင်းဖြတ်လှူသည့်စသောအလှူမျိုးကို ဘုရားဆုပန် သာမန်ဘုရင်တစ်ပါးက ပြုလုပ်ပြနိုင်ခြင်းဖြစ်ရာ အတိုင်းထက်အလွန် ချီးကျူးဂုဏ်ပြုသင့်သည်သာ ဖြစ်ပါ၏။

ထို သီရိသင်္ဃဗောဓိမင်းကြီးအကြောင်းကို ကျွန်ုပ် ညတရားပွဲဟောတိုင်း အမည်ပေးတတ်သည်က-

## သေရွာပြောင်းအောင် စေတနာကောင်းသူ တစ်ယောက်အကြောင်း

သာသနာသက္ကရာဇ် ၇၉၄ ခုခန့်က သီဟိုဠ်ကျွန်း အနုရာဓနေပြည်တော်ကြီးတွင် သီရိသင်္ဃဗောဓိမင်းကြီး စိုးမိုးအုပ်ချုပ် မင်းလုပ်၍နေသောအချိန်ပင်ဖြစ်၏။ ဦးရီးတော်ရဟန်းတစ်ပါး၏ အဆုံးအမကို အမြဲရထားသဖြင့် ဘာသာရေးကိုင်းရှိုင်းပြီး ယဉ်ကျေးသိမ်မွေ့သည်။ ဘုရားဆုပန်ထားသူတစ်ဦးလည်းဖြစ်သည်။

အရပ်လေးမျက်နှာမှလာသော အလှူခံများကိုလည်း လိုလေသေးမရှိအောင် နေ့စဉ်မပြတ် ပေးလှူလျက်ရှိသည်။ သူခိုးသူဝှက်များ မိလာလျှင်လည်း ထောင်ထဲသို့ ကိုယ်တိုင်ဝင်ပြီးလျှင် ငါးပါးသီလအကြောင်းတရားဟောကာ အရင်းအနှီးငွေထုတ်ပေးပြီး ပြန်လွှတ်ပေးလေ့ရှိသည်။

## မျက်စိနီ ကပ်ရောဂါ

တစ်ခါတွင် သီဟိုဠ်တစ်ကျွန်းလုံး မျက်လုံးနီရောဂါကပ်ရောက်ပြီး အတုံးအရုံးသေကြသည်။ ဖြစ်ပွားရခြင်းအကြောင်းမှာ ရတ္တက္ခအမည်ရှိသော ဘီလူးကြီးတစ်ကောင်သည် မြို့၊ ရွာ၊ ဇနပုဒ်များသို့ လှည့်လည်ပြီးကြောက်မက်ဖွယ်ရာ သူ့ခန္ဓာကိုယ်ကြီးကိုပြပြီး လူများကို ခြောက်လှန့်လေရာ အခြောက်ခံရသူများမှာ ကြောက်လန့်တုန်လှုပ်ကာ မျက်လုံးကြီးနီပြီးသေရလေသည်။

လူသေများလွန်းမကများလာသောအခါ တိုင်းသူပြည်သားများသည် ပြေးကြ၊ လွှားကြ၊ ပြောင်းကြ၊ ရွှေ့ကြဖြင့် ကျွက်ကျွက်ဆူနေတော့သည်။ ထိုအကြောင်းကို သီရိသင်္ဃဗောဓိမင်းကြီးကြားသောအခါ-

www.dhammaransi.com

"ဩော်… ငါဟာ သီဟိုဠ်ကျွန်းမှာ တရားနှင့်အညီ အုပ်ချုပ်မင်းလုပ်နေပါလျက် သည်လိုကပ်ရောဂါဖြစ်ပေါ်လာခြင်းဟာ မသင့်မလျော်ပါဘဲကလား၊ တိုင်းသူပြည်သားတွေလည်း ကျွက်ကျွက်ဆူကုန်ကြပြီ။ တိုင်းသူပြည်သားတွေ ဆင်းရဲလျှင် ငါ့တာဝန်မကင်းဘူး။"

"ဘုရင်မင်းဆိုတာ အများသတ္တဝါကို ချမ်းသာအောင် စောင့်ရှောက်ရမယ့် ဝတ္တရားရှိပေမယ့် သည်ဘီလူးကြီးကို ငါမမြင်ရ၊ ငါ့ကိုလည်း လာလို့မခြောက်၊ ဘီလူးကြီးကိုမြင်မှဖြင့် မျက်စိနီတဲ့အဖျားရောဂါစွဲပြီး အသည်းအသန်ငန်းဖမ်းပြီး ကမန်းကတန်းသေသွားသတဲ့၊ ငါသေချင်သေပေစေ၊ တိုင်းသူပြည်သားတွေ ချမ်းသာလျှင်တော်ပြီ၊ သည်ဘီလူးကြီးကို ငါမြင်အောင် ကြိုးစားမှ တော်တော့မှာပဲ။"

ဟု ကြံစည်တော်မူပြီး ရှစ်ပါးသီလကိုဆောက်တည်တော်မူသည်။ ဆောက်တည်ပြီးသည်နှင့် အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုတော်မူသည်။

"သည်ဘီလူးကြီးကို တရားသဖြင့် အောင်ပွဲရစေအံ့၊ တရားသဖြင့် ဆုံးမအံ့။ ငါသည် သီဟိုဠ်ကျွန်းကို တရားသဖြင့် အုပ်စိုးသည်မှန်၏။ ငါ့၌အကျင့်သီလရှိသည်မှန်၏။ ငါ၏မင်းကျင့်တရားဆယ်ပါးနှင့်ညီညွတ်သောတန်ခိုး၊ အကျင့်သီလနှင့်ပြည့်စုံသောအာနုဘော်၊ ရတနာသုံးပါးကို အားထားမှီခိုသောအစွမ်းသတ္တိ၊ ဤတန်ခိုးအာနုဘော်တို့ကြောင့် ရတ္တက္ခမည်သောဘီလူးသည် ငါ့ထံမှောက် အမြန်ရောက်ပါစေသတည်း။ ငါသည် ရတ္တက္ခဘီလူးကို မမြင်မတွေ့ရလျှင် သေလိုလျှင် သေပေစေတော့ လျောင်းစက်ရာမှ မထတော့ဘူး။"

မင်းကြီး၏အဓိဋ္ဌာန်အဆုံးမှာပင် ဘီလူးကြီးမှာ ခန္ဓာတစ်ခုလုံး ပြင်းထန်စွာပူလောင်လာသဖြင့် မနေနိုင်တော့ဘဲ မင်းကြီး၏အခန်းတံခါးဝသို့ အရောက်လာရတော့သည်။ ထိုအချိန်သည် မိုးလင်းခါနီးအချိန်ပင်ဖြစ်သည်။ ဘီလူးကြီးကို မြင်လိုက်သည်နှင့် မင်းကြီးက သေချာအောင် မေးမြန်းစိစစ်လိုက်သည်။

"သင်ဘယ်သူလဲ"

"ကျွန်တော်မျိုးဟာ မျက်လုံးနီတဲ့ရတ္တက္ခဘီလူးကြီးပါဘုရား"

ရတ္တက္ခဘီလူးကြီးမှန်းသေချာသွားသည်နှင့် ငါ့အဓိဋ္ဌာန်အောင်ပြီဟုဆိုကာ လျောင်းစက်ရာမှ ထတော်မူပြီး ဆက်လက်မေးမြန်းသည်မှာ-

"သင်သည် ငါ့နိုင်ငံအတွင်းမှာရှိတဲ့လူများကို စားသောက်နေတယ်မဟုတ်လား"

www.dhammaransi.com

"ကျွန်တော်မျိုးကိုယ်တိုင် လူတို့ကိုသတ်၍ စားရသည်မဟုတ်ပါ။ သုသာန်သို့ ပို့ဆောင်သောအကောင်များကိုသာ စားပါသည်။ သုသာန်သို့ရောက်လျှင် ခြသေ့်၊ သစ်၊ ကျားတိရစ္ဆာန်များနှင့်ကျွန်တော်မျိုးတို့ ဘီလူးများပါ စားနိုင်ခွင့်ရှိပါတယ်ဘုရား"

"သုသာန်မှာ စွန့်ပစ်ထားတဲ့သူသေများကို စားသဖြင့် အပြစ်ရှိသည်မထင်ပါ။ တကယ်လို့ အပြစ်ရှိလျှင်လည်း အရှင်ဘုရားပေးတော်မူတဲ့ ရာဇဒဏ်ကို ခံပါ့မယ်ဘုရား၊ ကျွန်တော်မျိုးမှာ လွန်စွာဆင်းရဲလှပါတယ်။ သည်လိုမှ မစားရလျှင် သေရုံသာရှိပါတော့သည်။ ကျွန်တော်မျိုးအား သနားတော်မူသဖြင့် ဘေးမဲ့ပေးတော်မူပါဘုရား"

'သူတော်ကောင်းများ၏ သနားခြင်းကရုဏာစိတ်ကြီး ပေါ်ထွက်မလာအောင် ဘယ်လိုအရာနှင့်မှ တားမြစ်ပိတ်ပင်၍မရတော့ပေ။ ထို့ကြောင့်လည်း-

"အို... ဘီလူးကြီး၊ မကြောက်နှင့် သင့်ကိုဘေးမဲ့ပေးတော်မူမယ်။ သင်အလိုရှိတာကို လျှောက်တင်စမ်း"

ထိုအချိန်မှာပင် ဘီလူးကြီးနန်းတော်တွင်း ရောက်နေကြောင်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့် သိသွားကြသော နန်းတွင်းသူနန်းတွင်းသားနှင့် တိုင်းသူပြည်သားများသည် လက်နက်မျိုးစုံဆွဲကာ ရောက်လာကြသဖြင့် နန်းရင်ပြင်တစ်ခုလုံး ပြည့်ကြပ်သွားခဲ့သည်။ ထိုအခါ မင်းကြီးက တံခါးဝမှ မတ်တပ်ရပ်တော်မူပြီး-

"သည်ဘီလူးကြီးကို ဖမ်းဆီးနှိပ်စက်ခြင်းမပြုကြပါနဲ့၊ ဆုံးမပေး၍ ယဉ်ကျေးအောင်စီရင်တော်မူမယ်။ သူလျှောက်ထားချင်သလို လျှောက်ထားပါစေ၊ နားထောင်ကြ"

ဟု အမိန့်တော်မှတ်လိုက်သဖြင့် ဝိုင်းလာသူအားလုံး ငြိမ်သက်သွားကြသည်။ ထိုအခါ ဘီလူးကြီးက-

"ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်၊ ရှိရှိသမျှ သတ္တဝါတွေဟာ အစာနှင့်မကင်းနိုင်ကြပါ။ အစာကို စားမျိုရပါမှ အသက်ရှည်ကာ တည်နေနိုင်ကြပါတယ်။ အစာအာဟာရဆိုသည်မှာ အရှင်မင်းမြတ် သိတော်မူတဲ့အတိုင်း ထိုက်သည်အားလျော်စွာ ကိုယ့်ဆိုင်ရာဆိုင်ရာဖြစ်တဲ့ အစာအာဟာရများကို စားလေ့ရှိကြပါတယ်။ အထက်ဘုံမှာရှိတဲ့ နတ်များမှာတော့ နတ်သုဒ္ဓါကို သုံးစားမှီဝဲကြပါတယ်။

www.dhammaransi.com

"လူတို့မှာတော့ ထမင်းဘောဇဉ်ချိုချဉ် သစ်သီးအစရှိတဲ့ အာဟာရ များကို မှီဝဲသုံးဆောင်ကြပါတယ်။ ကျွန်တော်မျိုးတို့ကဲ့သို့သော ဘီလူးများ မှာတော့ သတ္တဝါတို့၏အသွေးအသားများနှင့်မှ တင်းတိမ်နိုင်ကြပါသည်။ ကျွန်တော်မျိုးမှာ အကျိုးပေးညံ့ဖျင်းလှသဖြင့် အမြဲဆာလောင်မွတ်သိပ် ၍ နေပါသည်ဘုရား။ အရှင်မင်းမြတ်သနားတော်မူပါလျှင် လူတို့၏ အသွေးအသားကို စားလိုပါသည်ဘုရား"

ထိုအခါမင်းကြီးက- "သုသာန်မှာ စွန့်ပစ်ထားတဲ့သူသေများကို သင်စားရတယ်လို့ လျှောက်ခဲ့ပြီမဟုတ်လား။ ငါက ဘယ်လိုအထူးသဖြင့် ပေးသနားဖို့ရှိ သေးသလဲ"

"မှန်လှပါ။ သေပြီးတဲ့လူကောင်များကို စားရတာသစ်ရွက်ခြောက် ကို ဝါးရသလို အရသာမရှိပါ။ အရှင်လတ်လတ်ကိုစားရမှ ကျွန်တော်မျိုး မှာ အရသာတွေ့ပါတယ်ဘုရား။ သို့ဖြစ်သောကြောင့် ကျွန်တော်မျိုးအား သနားတော်မူပါသဖြင့် လူဦးရေများပြားတဲ့ နယ်ကြီးတစ်ခုကို အပိုင်စား ပေးသနားတော်မူပါ။ ထိုနယ်မှာရှိတဲ့ လူများကို အရှင်လတ်လတ်ပူပူ နွေးနွေး သွေးစိမ်းရှင်ရှင်နှင့်စားချင်တဲ့ အာသာဆန္ဒအတိုင်း နေ့စဉ် စားသောက်နေဖို့ အခွင့်ပေးတော်မူပါ။"

"အို...သင်လျှောက်ထားပုံ အလွန်ရိုင်းစိုင်းလှပါလား။ သူ့အသက် သတ်ခွင့်ကို ငါမပေးနိုင်ဘူး"

"အရှင်မင်းမြတ် လူဦးရေပေါ်များတဲ့ ဇနပုဒ်နယ်ကြီးတစ်ခုကို ပေးသနားတော်မမူလိုပါလျှင် တစ်နေ့လျှင် လူတစ်ယောက်ကျ မနုဿ ဗလိဆိုတဲ့ လူခွန်ကို ပေးသနားတော်မူပါဘုရား"

"သည်စကားမျိုး ငါ့အား သင့်မလျှောက်ထားနှင့်၊ တစ်နေ့ တစ်ယောက်ကျ မနုဿဗလိကိုလည်း ငါမပေးနိုင်ဘူး"

ထိုအခါ ဘီလူးကြီးက-

"သည်လိုဖြင့် ကျွန်တော်မျိုးမှာ ဘယ်လိုအသက်ရှင်နေနိုင်တော့ မှာလဲဘုရား၊ ကျွန်တော်မျိုးကြားဖူးတာကတော့ သီရိသယ်ဗောဓိမင်းကြီး ဟာ ပဒေသာပင်ကြီးနဲ့တူတယ်။ တောင်းလာသမျှကို အလိုဆန္ဒအတိုင်း ပေးသနားတော်မူလေ့ရှိတယ်၊ ဒုက္ခိတသတ္တဝါများကို အလွန်သနားတော် မူလေ့ရှိတယ်"

"သည်လိုကြားဖူးပါတယ်ဘုရား၊ ယခုတော့ ကျွန်တော်မျိုးတောင်း သမျှ အလုံးစုံကို အကုန်ပယ်ချနေပါကလား။ အကြားနှင့်လွဲကုန်ပေါ့။

www.dhammaransi.com

ကျွန်တော်မျိုးမှာ လွန်စွာဆင်းရဲလှပါတယ်၊ အရှင်ဘုရားကဲ့သို့ ပဒေသာပင်ကြီးနဲ့တူတဲ့ ပုဂ္ဂိုလ်မြတ်ကြီးကို တွေ့ပါရက်သားနဲ့ မစားရမသောက်ရ ဖြစ်ရသည်မှာ လွန်စွာဝမ်းနည်းဖို့ ကောင်းလှပါတယ်၊ အရှင်မင်းကြီးက မနုဿဗလိကို မသနားလျှင် သေရုံရှိပါတော့တယ်ဘုရား"

ပဒုမ္မာကြာပန်းသည် နောက်ချေးပုံ၊ အမှိုက်ပုံမှာ မပွင့်မပေါက်၊ အေးမြကြည်လင်သော ရေမှာသာပွင့်သကဲ့သို့ သနားခြင်းကရုဏာတရား သည်လည်း လူမိုက်၊ လူဆိုးတို့သန္တာန်မှာ မဖြစ်၊ ပညာရှိသူတော်ကောင်း တို့သန္တာန်မှာသာ ဖြစ်ပေသည်။ ထို့ကြောင့်လည်း လူသားစားချင်နေ သောဘီလူးကြီးကိုကြည့်ပြီး သီရိသဃ်ာဗောဓိမင်းကြီး စိတ်ကူးကြံစည် တော်မူမိသည်မှာ-

"ဩော်... ငါဟာ တောင်းရမ်းတဲ့သူများလာလျှင် ဘယ်အခါမှ မပယ်ဘူးပါလား။ သည်ဘီလူးကြီးကိုလည်း ပယ်ဖို့မတော်ပေဘူး။ ငါ ကိုယ်တော်တိုင်အကြံတစ်ခုရှိတာမှာလည်း ရွှေငွေဘဏ္ဍာအစရှိတဲ့ ဗဟိဒ္ဓ ပစ္စည်းများကို လှူရခြင်းထက် ကိုယ်အင်္ဂါတည်းဟူသော အဇ္ဈတ္တိက အလှူကို လှူရခြင်းကမြတ်တယ်။ ဘယ်အခါ အဇ္ဈတ္တိကအလှူကိုလှူရ ပါ့မလဲ။ ဒီလိုကြံစည်ခဲ့ဖူးတယ်။"

"သည်ယနေ့တော့ဖြင့် ထူးမြတ်တဲ့ဒါနကြီးကို လှူဒါန်းဖို့အခွင့်ကြုံ ပြီ ထင်ပါရဲ့၊ ငါ့ကိုယ်ကို ဘီလူးကြီးအား စားချင်းစား၊ မျိုချင်မျို အလိုရှိ တိုင်းလှူတော့မယ်။ သည်ကိုယ်ကြီးကိုကား လောကီရေးတွေမှာ အသုံးချ လာတာကြာလှပေါ့။ ဒါနဖြင့် အသုံးကျအောင် အသုံးမချရသေးဘူး၊ ဘီလူး၏လက်တွင်းသို့ အသက်နှင့်တကွ ငါ့ကိုယ်ကိုလှူလိုက်တော့မယ်" ဟူ၏။

မင်းကြီး၏စိတ်ကူးကို ရိပ်မိသွားသော မှူးမတ်ဗိုလ်ပါအပေါင်းက-

"ဘုန်းတော်ကြီးလှသော အရှင်မင်းမြတ်၊ သည်ဘီလူးတစ်ကောင် ကိုငဲ့ကွက်၍ အသက်ကိုစွန့်တော်မမူသင့်ပါ။ တိုင်းသူပြည်သားလူအများ တို့ကို ထောက်ညှာတော်မူပါဦးဘုရား" ဟု လျှောက်ထားကြရာ မင်းကြီး က-

"သင်တို့ထွက်သွားကြ၊ ဒါနအန္တရာယ်ကိုမပြုကြနှင့်၊ စေတနာကွက် အောင် ငါ့ကိုမနှောင့်ယှက်ကြနှင့်၊ ယခုပင် ငါ့ကိုယ်ကို လှူတော်မူမယ်။ လက်သုံးတော်သံလျက်ကို ဆက်ကြ"

www.dhammaransi.com

ဟု အမိန့်တော်မှတ်ရာ မှူးမတ်များမှာ အရဲစွန့်၍ လျှောက်ထား ကြပြန်သည်။

"အရှင်မင်းကြီးကိုယ်ကို လှူတော်မမူပါနှင့်။ မင်းကြီးအတွက် ကျွန်တော်မျိုးတို့၏ အသက်ကိုစွန့်ပါမည်။ ဘီလူးကြီးလျှောက်တင်တဲ့ အတိုင်း တစ်နေ့လျှင် တစ်ယောက်ကျ မနုဿဗလိကို ပေးတော်မူပါ။ နိုင်ငံမှာ မဲကောက်၍ တစ်ယောက်ကျတစ်ယောက်ကျ နေ့တိုင်းနေ့တိုင်း တိုင်းသူပြည်သားလူအများတို့က ဘီလူးစားခံပါ့မယ်ဘုရား"

"သူတစ်ပါးအသက်ကို သေစေလိုတဲ့ ဆန္ဒမရှိဘူး။ ငါကိုယ်တော် တိုင် အသေခံ၍ ငါ့ကိုယ်ကိုလှူတော်မူမယ်။ သင်တို့တစ်တွေ ပွေပွေ နှောက်နှောက် ထပ်မံလို့မလျှောက်ကြနဲ့" ဟု ပြတ်သားစွာ အမိန့်ချ လိုက်ရာ လူအများမှာ ဘာမှထပ်၍မလျှောက်ထားရဲကြသည့်အဆုံး ဘီလူးကြီးကို အတင်းဖမ်း၍ အသေသတ်ရန်ကြံစည်ကြပြန်ရာ လူအများ ၏ အမူအရာကို အကဲခတ်မိသောမင်းကြီးက လက်ဝါးဖြင့်ကာတော်မူပြီး

"အို... လူများအပေါင်းတို့ အလှူခံပုဂ္ဂိုလ်ကြီးကို ဖမ်းဆီးနှိပ်စက် ခြင်းမပြုကြလင့်၊ ငါ၏အသွေးအသားကို သူတော်ကောင်းများ အလှူခံ မည် မဟုတ်၊ အသွေးအသားကို အစိမ်းစားတဲ့ သည်လိုဘီလူးကြီးမှ လှူခွင့်ရတယ်မဟုတ်လား။ ဒါနအန္တရာယ်ကို မပြုကြနဲ့" ဟု တားမြစ် တော်မူကာ တစ်ဆက်တည်းပင် -

"အို... မိတ်ဆွေဘီလူးကြီး၊ အပါးတော်သို့တိုးခဲ့၊ ငါ့ကိုယ်ကို လှူလိုတဲ့ဆန္ဒလည်း ပြည့်စုံတော့မယ်။ အသက်ရှိတဲ့အသွေးအသားကို စားလိုတဲ့ သင့်အာသာလည်း ပြည့်စုံတော့မယ်။ ကဲ... ငါ့ကိုယ်ကို စားပေတော့" ဟု အမိန့်ပေးပြီး မိမိကိုယ်ကို သတ်၍ လှူတော်မူရန် လက်သုံးတော်သံလျက်ရှိရာသို့ လက်လှမ်းတော်မူလိုက်လေသည်။

စားဖို့ရန် ဟန်ပြင်သခိုက်မှာပင် ဘီလူးကြီးမှာ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများထလာပြီး တုန်တုန်ခိုက်ခိုက်နှင့် မီးနှင့်မြှိုက်သလို ပူလောင်လာသဖြင့် မစားဝံ့တော့ဘဲ လက်အုပ်ချီမိုး ရှိခိုးဝပ်တွားကာ-

"ကျွန်တော်မျိုးမစားဝံ့ပါဘုရား၊ မင်းကြီးကဲ့သို့သော သူတော် ကောင်းသူတော်မြတ်ကို ယုတ်ညံ့တဲ့ဘီလူးများ မစားဝံ့ကြပါ။ ဘုန်းတော် ကြီး၍ သက်ရှည်ပါစေဘုရား၊ အကယ်၍များ မဆင်မခြင်စားခဲ့မိလျှင် ဒေဝဒတ္တလို့ခေါ်တဲ့ နတ်တို့၏ဒဏ်ကြီးသင့်ပါလိမ့်မယ်ဘုရား၊ လောက ကို စောင့်ရှောက်တဲ့ လောကပါလနတ်မင်းကြီးများကလည်း ကျွန်တော်

www.dhammaransi.com

မျိုး၏ဦးခေါင်းကို ခုနစ်စိတ်ကွဲအောင် ခွဲကြပါလိမ့်မယ်ဘုရား" ဟု လျှောက်ထားရာ မင်းကြီးက-

"ငါ၏ကိုယ်ကို သင့်မစားပါလျှင် သင့်အတွက် ငါ ဘာကို ဆောင်ရွက်ပေးရမလဲ" မေးလိုက်၏။ ထိုအခါ ဘီလူးကြီးက -

"အရှင်မင်းမြတ်ကျွန်တော်မျိုးသည် ဘာကိုမှ အလိုမရှိတော့ပါ။ ကျွန်တော်မျိုးကို သနားတော်မူပါလျှင် မြို့တိုင်းရွာတိုင်းမှာ မင်းသုံးမင်းဆောင်ဖြစ်တဲ့ အစာဘောဇဉ်တို့ဖြင့် ပွဲအမျိုးမျိုးပြင်ပြီး ယက္ခဗလိခေါ်တဲ့ဘီလူးတင်မြှောက်ပွဲကို စီမံပေးတော်မူပါဘုရား"

"ဘီလူးကြီးမစိုးရိမ်ပါနှင့်။ ငါ၏နိုင်ငံတော်တစ်ခွင်ကို ဆင့်ဆို၍ ယက္ခဗလိကို ပြုလုပ်၍ တင်မြှောက်စေမယ်။ သင်လည်းဘဲ ယနေ့က စပြီး အရှင်လတ်လတ်သတ်ဖြတ်၍ စားခြင်းအမှုကို မပြုလေနဲ့။ ယုတ်မာတဲ့ဘီလူးဘဝက ကျွတ်လွတ်နိုင်တော့မှာမဟုတ်ဘူး။ သတ္တဝါအများတို့၌ သနားခြင်းဆိုတဲ့ကရုဏာစိတ်ကို မြင့်မြတ်အောင်မွေးမြူရမယ်။ လူအများကို ရောဂါဖြစ်ပွားအောင်လည်း မပြုလေနှင့်"

"အရှင်မင်းမြတ်၏ အဆုံးအမအတိုင်း ယနေ့ကစ၍ တည်ပါတော့မယ် ဘုရား၊ အရှင့်နိုင်ငံတော်မှာ မျက်လုံးနီအဖျားရောဂါ ကင်း၍ ချမ်းသာခြင်းနှင့်ပြည့်စုံအောင် ကျွန်တော်မျိုးဆောင်ရွက်ပါမယ့်ဘုရား"

"ကဲ... ဒါဖြင့် သင်အလိုရှိရာသွားပေတော့"ဟု အခွင့်ပေးသဖြင့် ဘီလူးကြီးနန်းတော်မှ ထွက်ခွာသွားပါတော့သည်။ ထိုနေ့မှစ၍ မျက်လုံးနီရောဂါကြီးလည်း တစ်ခါတည်းကင်းပျောက်သွားပါတော့သည်။

## မိုးခေါင်ခြင်းအကြောင်းများ

အင်္ဂုတ္တိုရ်ပါဠိတော်၌ မိုးမရွာခြင်း၊ ခေါင်ခြင်းအကြောင်း ငါးမျိုး ဟောထားသည်မှာ -

(၁) ကောင်းကင်တွင် အမုန်ဓာတ်ပြင်းထန်ခြင်း။
(၂) ကောင်းကင်တွင် လေဓာတ်ပြင်းထန်ခြင်း။
(၃) မိုးပေါက်များကို အသူရိန်နတ်မင်း လက်ဝါးဖြင့်ခံယူ၍ သမုဒ္ဒရာသို့ သွန်ပစ်ခြင်း
(၄) မိုးနတ်သားတို့ မိုးရွာဖို့ မေ့လျော့ခြင်း။
(၅) လူတို့ တရားမစောင့်ခြင်းတို့ ဖြစ်ပေသည်။

တတိယအကြောင်းတွင် ကျလာသောမိုးရေများကို အသူရိန်နတ်

www.dhammaransi.com

မင်းက လက်ဝါးဖြင့်ခံကာ သမုဒ္ဒရာအတွင်းသို့ သွန်ပစ်ခြင်းဟုဆိုထားရာ ထိုအသူရိန်နတ်မင်းသည် မည်မျှလောက် ကြီးမား၍ မိုးရေကိုလက်ဝါးဖြင့်ခံ၍ သွန်ပစ်နိုင်ရသနည်းဟု မေးစရာရှိလာ၍ သူ၏ပမာဏကို အကျဉ်းမျှပြဆိုပါဦးမည်။

အသူရိန်နတ်မင်း၏ အရပ်အမြင့်သည် ယူဇနာလေးသောင်းရှစ်ထောင်ရှိသည်။ သူ၏လက်ဆစ်တစ်ဆစ်မှာ ယူဇနာငါးဆယ်ရှိသည်။ သမုဒ္ဒရာတွင်းဆင်းရပ်လိုက်လျှင် သမုဒ္ဒရာအနက်သည် သူ့ဒူးဆစ်သာရှိသည်။ တစ်ယူဇနာသည် ယခုခေတ်အခေါ်အားဖြင့် (၁၂)မိုင်ခန့်ရှိရာ သူ၏ကြီးမားသောပမာဏကို တွက်ချက်ကြည့်နိုင်ပေသည်။

ယခုသီဟိုဠ်ကျွန်းတွင်လည်း ရက်ပေါင်းများစွာမိုးခေါင်ရေရှားဖြစ်လေရာ ထိုငါးမျိုးအနက်မှ တစ်မျိုးမျိုးကြောင့်သာ ဖြစ်ရပေမည်။ ဖြစ်စဉ်ကို ဆန်းစစ်ကြည့်လျှင် မိုးနတ်သားတို့ မေ့လျော့ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရပေသည်။ မိုးခေါင်သောရက်ကြာလာရာ အင်း၊ အိုင်၊ ချောင်း၊ မြောင်းမှ ရေများပင် ခမ်းခြောက်လာသဖြင့် ရေငတ်ကာ လူရောတိရစ္ဆာန်ပါများစွာ သေကျေပျက်စီးကြရသည်။

မင်းကြီးလည်း "ဩော်- အခက်ကြီးတစ်ခုကြုံရပါပေါ့ကလား မိုးခေါင်ရေရှား၍ တိုင်းသူပြည်သားတို့မှာ ဒုက္ခတွေ့ကုန်ရှာကြပြီ။ ငါကိုယ်တိုင်က တရားသဖြင့်အုပ်စိုးလျက် သည်မိုးဟာ ဘာကြောင့် သို့ကလောက်ခေါင်ရသလဲ။ မိုးခေါင်ခြင်းဟာ ငါ့တာဝန်ပဲ။ မိုးရွာဖို့အရေးဟာလည်း ငါ့တာဝန်ပဲရှိတော့တယ်" လို့ ကြံစည်စိတ်ကူးတော်မူပြီး ရှစ်ပါးသီလကို ခံယူဆောက်တည်တော်မူပြီး မဟာစေတီတော်ရင်ပြင်ပေါ်သို့ တစ်ပါးတည်းထွက်တော်မူလေသည်။

အထက်ပူ အောက်ပူဖြစ်နေသော စေတီရင်ပြင်တော်ပေါ်သို့ ရောက်သည်နှင့် ထိခြင်းငါးပါးဖြင့် ဦးချရှိခိုးကာ-

"တရားသဖြင့် နိုင်ငံကို အုပ်စိုးပါလျက် မိုးခေါင်ရေရှားဖြစ်၍ သတ္တဝါများဆင်းရဲကုန်ပြီ။ မင်းကျင့်တရားနှင့် ညီညွတ်ရိုးမှန်လျှင် ယခုချက်ချင်းပြင်းထန်စွာမိုးရွာစေ၊ ငါကိုယ်တော်တိုင် ရေမှာ မမျောသမျှငါမထတော့ဘူး"

ဟု အဓိဋ္ဌာန်ပြုလျက် ပူလောင်နေသောသမံတလင်းပေါ်သို့ လှဲအိပ်တော်မူလိုက်ပါတော့သည်။ မင်းကြီး၏အဓိဋ္ဌာန်တန်ခိုးသည် မိုးနတ်သားများကို ထိခိုက်သွားသဖြင့် ငါတို့မေ့လျော့လို့ မိုးမရွာတဲ့အတွက်

www.dhammadownload.com

သူတော်ကောင်းဘုရင်ကြီး ဒုက္ခရောက်ရပေပြီ" ဟုဆိုကာ မိုးများကို သည်းထန်စွာ ရွာချပေးပါတော့သည်။

နာရီအတော်ကြာအောင် ရွာလိုက်သဖြင့် သီဟိုဠ်တစ်ကျွန်းလုံး ရေတွေဖုံးနေပါသော်လည်း မင်းကြီးကား မဟာစေတီရင်ပြင်မှ ထတော်မမူသေးပေ။ ရေမျောမှ ထတော်မူမည်ဟု အဓိဋ္ဌာန်ထားတော်မူသည် မဟုတ်ပါလား။ ပြည်သူပြည်သားအပေါင်းတို့မှာ မိုးရေရ၍ပျော်ရွှင် ချမ်းသာနေကြသော်လည်း မင်းကြီးမှာကား အဓိဋ္ဌာန်မပြည့်သေးသဖြင့် မိုးရေထဲမှာပင် ရှိနေရှာသေးသည်။

အကြောင်းမသိသေးသော မှူးမတ်များရောက်လာပြီး

"မိုးတွေရွာကုန်ပါပြီ၊ သီဟိုဠ်ကျွန်းတစ်ကျွန်းလုံးမှာ မြစ်၊ ချောင်း၊ အိုင်၊ အင်း၊ ရေတွင်း၊ ရေကန်မှစ၍ ရေတွေလျှံကျကုန်ပါပေ့ါဘုရား၊ ထတော်မူပါ၊ နန်းတော်သို့ပြန်ရန် အချိန်တန်တော်မူပါပြီဘုရား" ဟု လျှောက်ရာ မင်းကြီးက-

"ငါအဓိဋ္ဌာန်တော်မူရင်းမှာ ငါကိုယ်တော်တိုင် ရေမမျောသမျှ မထဘူးလို့ အဓိဋ္ဌာန်တော်မူခဲ့တယ်၊ ငါ့အဓိဋ္ဌာန်မမြောက်လို့ ငါထတော် မမူသေးဘူ" ဟု မိန့်တော်မူသောအခါတွင်မှ မှူးမတ်များမှာ မဟာစေတီ အုတ်တံတိုင်းမှ ရေထွက်ပေါက်များကို ပိတ်ပေးကြရလေသည်။

ထိုအခါကျမှ သီရိသဃ်ဗောဓိမင်းကြီးမှာ မိုးရေထဲမျောတော်မူ ပြီဖြစ်သဖြင့် လျှောင်းစက်ရာမှ ထတော်မူလေသည်။ အကယ်၍ မိုးသာ မရွာခဲ့လျှင် မင်းကြီးသည် မဟာစေတီရင်ပြင်တွင် အသေခံတော်မူမည် သာ ဖြစ်ပါ၏။ ထို့ကြောင့် ပြည်သူပြည်သားများ၏ အသက်ကို သူ့နှင့် အသက်နှင့်လဲ၍ ကယ်ဆယ်လိုက်ခြင်းဟုပင် ဆိုသင့်ပါတော့၏။

## သူတော်ကောင်းတို့၏သဘော

ပညာရှိသူတော်ကောင်းမှန်သမျှသည် မိမိကစွန့်ကြဲပေးကမ်းခြင်း ပေါ်မှာ ရသ (ပျော်ရွှင်မှု) ကိုရှာသည်။ ပညာမဲ့လူမိုက်များသည် မိမိက ရယူခြင်းအပေါ်မှာသာ ရသကိုရှာသည်။ မိမိကိုယ်မိမိ ပညာရှိသူတော် ကောင်းလော၊ ပညာမဲ့လူမိုက်လောဟု အထက်ပါအချက်နှစ်ခုကို ကြည့် ၍ခွဲခြားနိုင်ပေသည်။

ယခုလည်းကြည့်ပါ။ သီရိသဃ်ဗောဓိမင်းကြီးက ယုံကြည်စိတ်ချ သဖြင့် ငယ်သူငယ်ချင်းဖြစ်သူ ဂေါဌာဘယကို သေနာပတိရာထူးပေး

www.dhammaransi.com

ထားခဲ့သည်။ **လောဘကြီးသောဂေါဓာဘယကား** ရလေလိုလေအိုတစ္ဆေ ဖြစ်ကာ ဘုရင်အဖြစ်ကို လိုချင်လာသည်။ လောဘတဏှာကား အလို မလိုက်သင့်သောတရားတစ်ခုပင်ဖြစ်ပါ၏။

မရောင့်ရဲနိုင်သောတရားသုံးမျိုးကို ဗုဒ္ဓကဟောပြတော်မူထား သည်မှာ-

**အဂ္ဂိကန္ဓော သမုဒ္ဒေါစ၊**
**မဟိစ္ဆောစာပိ ပုဂ္ဂလော။**
**သကန္ဓေ ပစ္စယေဒေန္တု၊**
**တယောပေတေ အတပ္ပိယာ။**

**အဂ္ဂိက္ခန္ဓောစ** ၊ အလျှံပြောင်ငြီး၊ မီးပုံကြီးသည်လည်းကောင်း။
**သမုဒ္ဒေါစ** ကမ်းမမြင်၊လမ်းမမြင် ရေပြင်အဏ္ဏဝါမဟာသမုဒ္ဒရာ ကြီးသည်လည်းကောင်း။
**မဟိစ္ဆော** ရသမျှကိုမတင်းတိမ်ဘဲ၊ လောဘရှိန်ကြီးလှပေသော။
**ပုဂ္ဂလောပိ** အရှက်နှင့်အကြောက်တရားကို နောက်နားမှာအသာ ထား၍၊ မဟားတယား၊ ရမ္မက်ဇောဖြင့်၊ မက်မော တွယ်တာတတ်သော ပုဂ္ဂိုလ်မျိုးသည်လည်းကောင်း။
**တယော** ၊ သုံးပါးလည်းဖြစ်ကုန်သော။
**ဧတေ** မီးပုံနှင့်သမုဒ္ဒရာဥစ္စာကိုလိုလား၊ ထိုသုံးပါးတို့သည်။
**ပစ္စယေ** အမှိုက်နှင့်ရေ၊ ထွေထွေဥစ္စာ၊ ရတနာပစ္စည်း၊ အသီး သီးတို့ကို။
**သကန္ဓေနဒေန္တု** လှည်းဖြင့်တိုက်၍ထိုက်သလိုပေးကြစေကာမူ။
**အတပ္ပိယာ** ဘယ်လိုပင်ထည့်လောင်းသော်လည်း။ ပြည့်စုံကောင်း သည်ဟူ၍၊ မြူငွေ့မျှမထင်၊ အလွန်ပင်ထန်သည်း လျက်၊ ရောင့်ရဲ ခြင်းမရှိကြလေကုန်သတည်း ဟူ၍ ဖြစ်၏။

အဓိပ္ပာယ်အချုပ်မှာ လောကတွင် မရောင့်ရဲနိုင်သော အရာသုံးမျိုး ရှိသည်။ ၎င်းတို့ကား မီးပုံကြီး၊ သမုဒ္ဒရာနှင့် အလိုရမ္မက်ကြီးသောသူ တို့ပင် ဖြစ်ပါ၏။ တောက်လောင်နေသောမီးပုံကြီးထဲသို့ ထင်း၊ သစ်ရွက် ခြောက် စသောလောင်စာများ ဘယ်လောက်ထည့်ထည့်၊ တော်ပြီတန်ပြီ ဟူ၍ ရောင့်ရဲခြင်းမရှိ၊ လောင်စာထည့်သမျှ လောင်နေမည်သာဖြစ် ပါ၏။

www.dhammaransi.com

သမုဒ္ဒရာကြီးသည် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ချောင်းပေါင်း အနန္တမှ ရေများမည်၍မည်မျှပင်ဝင်ဝင်တော်ပြီ၊ တန်ပြီဟူ၍ ရောင့်ရဲခြင်းမရှိ ဝင်လာသမျှရေများကို အမြဲလက်ခံနေမည်သာဖြစ်ပါ၏။

အလိုရမ္မက်ကြီးသောသူတစ်ယောက်အား ပစ္စည်းဉစ္စာမည်မျှပေးပေး တော်ပြီတန်ပြီဟူ၍မရှိ၊ ပေးသမျှယူနေမည်သာဖြစ်ပါ၏။

## လူ့အလိုနတ်မလိုက်နိုင်

လောဘကြီးသော လူ့အလိုသို့ နတ်မလိုက်နိုင်ပုံအကြောင်း ပုံပြင်တစ်ပုဒ်နှင့် ဒေသနာတစ်ခုကို မှတ်သားရဘူးပါသည်။ ပုံပြင်ကို ဦးစွာဖော်ပြရလျှင် တစ်ခါတွင် အလိုလောဘကြီးသော ယောကျ်ားတစ်ယောက် မျက်စိလည်လမ်းမှားပြီးတော့ သစ်ပင်ကြီးတစ်ပင်အောက်တွင် နားနေလျက်ရှိသည်။

မျက်စိလည်တာအတော်ကြာသွားပြီဖြစ်သောကြောင့် ရေလည်းအတော်ငတ်နေလေပြီ။ ယခုအချိန် ရေလေးတစ်ပေါက်လောက်သောက်ရလျှင် ကောင်းလေစွဟု တောင့်တမိလေသည်။ ထိုအချိန်မှာပင် သနားတတ်သော ရုက္ခစိုးနတ်က ကိုယ်ထင်ပြကာ သူ့လက်ညှိုးမှ ရေများထွက်ကျစေပြီး ခရီးသည်အား ဝလင်သည်အထိ သောက်စေသည်။

ခရီးသည်သွားလိုသည့်လမ်းမှန်ကိုလည်း ညွှန်ပြပေးလိုက်သည်။ သို့သော် လောဘကြီးသော ခရီးသည်ကား ရေသောက်ရရုံနှင့်အားမရတော့ ရုက္ခစိုးနတ်၏လက်ညှိုးစွမ်းရည်ကို လက်တွေ့မြင်လိုက်ရသည့်အတွက်-

"အသင်ရုက္ခစိုးမင်း၊ သင့်အတွက်အပန်းမကြီးလောက်ဘူးဆိုလျှင် ထမင်းနဲ့ဟင်းမျိုးစုံကိုလည်း စားသွားပါရစေ" ဟုတောင်းဆိုလိုက်ရာ ရုက္ခစိုးနတ်မင်းကလည်း မဆိုင်းမတွပင် သူ့လက်ညှိုးအတွင်းမှ ထမင်းနှင့်ဟင်းမျိုးစုံကို ထုတ်ပေးလိုက်သည်။ ထိုသူလည်း ဆာနေသည့်အလျောက် အားရပါးရစားသောက်လေသည်။ ပြီးသည်နှင့်-

"အသင်ရုက္ခစိုးမင်း၊ ကူညီလက်စနှင့်တစ်ဆက်တည်း ကူညီလိုက်စေချင်ပါတယ်။ ကျွန်ုပ်ဟာ အင်မတန်ဆင်းရဲတဲ့လူတစ်ယောက်ပါ။ ရောင်းဝယ်ဖောက်ကားစားသောက်ဖို့အတွက် ငွေအရင်းအနှီးများပါ ထုတ်ပေးစေချင်ပါတယ်"

www.dhammaransi.com

ရုက္ခစိုးလည်း "မထူးပါဘူးလေ၊ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက် ကူညီမယ့်ကူညီ ဆုံးအောင်ကူညီလိုက်တာဘဲ ကောင်းပါတယ်" ဟု ဆုံးဖြတ်ကာ ငွေသားများလက်ညှိုးမှ ထုတ်ပေးလိုက်ပြန်ပါသည်။ လောဘလူသားသည် ငွေသားများကို အသင့်ပါလာသော အိတ်ထဲတွင် သိပ်ထည့်အပြီး ဆက်ပြန်သည်မှာ-

"အသင်ရုက္ခစိုးမင်းရယ် မထူးတော့ပါဘူး၊ ပေးမယ့်ပေး သိမ်းလို့ဆည်းလို့လွယ်တဲ့ ရွှေတိုရွှေစလေးတွေပါ ပေးပါဦး"

ဤမျှထိ အလျှုံခံကြမ်းလာသောအခါ ရုက္ခစိုးနတ်သည် သဒ္ဓါတရားပျက်သွားသည်။ ဒေါသလည်းဖြစ်လာသည်။ ထို့နောက် ကုသိုလ်ပြုတဲ့အချိန်မှာ ဒေါသဖြစ်ရတာမကောင်းပါဘူးလေဟု စိတ်ကိုဆုံးမကာ ရွှေတိုရွှေစများကို လက်ညှိုးမှထုတ်ပေးလိုက်ပြန်သည်။ ပြီးသည်နှင့်-

"အသင်လူသား၊ သည်မျှဆိုလျှင် သင်၏အလိုဆန္ဒပြည့်ဝလောက်ပါပြီ။ သင်လိုရာအရပ်သို့ ချမ်းသာစွာသွားပါလေတော့။"

ထိုအခါ လောဘလူသားက လက်ညှိုးတစ်ချောင်းထောင်လိုက်ပြီး

"အသင်ရုက္ခစိုး သွားခါနီး နောက်ဆုံးတစ်ခုတော့ ပြောပါရစေ၊ အသင်ရုက္ခစိုးမင်းနဲ့နောက်ထပ်တွေ့ဖို့လည်း မလွယ်တော့ဘူးမဟုတ်လား"

"ဘာများထပ်တောင်းချင်သေးသလဲ အသင်လူသား"

"တခြားတော့မဟုတ်ပါဘူး၊ ဒီရွှေတွေ၊ ငွေတွေ ဆိုတာ သုံးလိုက်ရင် ခဏနဲ့ကုန်သွားမှာပါ။ ဒါ့ကြောင့် တကယ်အားမကိုးလောက်ပါဘူး။ တကယ်အားကိုးလောက်တာက လိုအပ်တာမှန်သမျှကို အကုန်ထွက်ပေးတဲ့ အသင်ရုက္ခစိုးရဲ့လက်ညှိုးပါပဲ၊ အဲဒီလက်ညှိုးလေးကို ကျွန်ုပ်အားဖြတ်ပေးစေလိုပါတယ်"

**လောဘလူသား၏စကားအဆုံးတွင် ရုက္ခစိုးနတ်မှာ စိတ်ပျက်ကာ** ချက်ချင်းပျောက်ကွယ်သွားပါတော့သည်။

## လောဘကျွန် မန္ဓာတုစကြာမင်းကြီး

ကောဋ္ဌာဟလအမိပ္ပာယ်ကို သုတေသနသရုပ်ပြအဘိဓာန်၌ ဖွင့်ပြထားသည်မှာ တစ်စုံတစ်ခုသော သတင်းစကား၏ ရှေ့ပြေးနိမိတ်၊ နောင်ခါဖြစ်ပေါ်ရန် ကျော်ကြားခြင်းပဲ့တင်သံ ဟူ၍ ဖြစ်သည်။ ထိုကောဋ္ဌာဟလမှာ-

www.dhammaransi.com

(၁) ဗုဒ္ဓကောဋ္ဌာဟလ၊ ဘုရားမပွင့်မီ နှစ်ပေါင်းတစ်ထောင်က ကျော်ကြားသောပွဲတင်သံ၊

(၂) ကပ္ပကောဋ္ဌာဟလ၊ ကမ္ဘာမပျက်မီနှစ်ပေါင်းတစ်သိန်းက ကျော်ကြားသောပွဲတင်သံ၊

(၃) စက္ကဝတ္တိကောဋ္ဌာဟလ၊ စကြာမင်းမပေါ်မီ နှစ်ပေါင်း တစ်ရာက ကျော်ကြားသောပွဲတင်သံ၊

(၄) မောနယျ ကောဋ္ဌာဟလ၊ မောနေယျအကျင့်ကို မေး လျှောက်ကျင့်ကြံသောပုဂ္ဂိုလ်မပေါ်မီ (၇)နှစ်က ကျော်ကြား သောပွဲတင်သံ၊

(၅) မင်္ဂလကောဋ္ဌာဟလ၊ မင်္ဂလာတရားမဟောမီ (၁၂) နှစ် ကာလမှ ကျော်ကြားနေသော ပွဲတင်သံ ဟု ငါးမျိုးရှိသည်။

ယခုဖော်ပြမည့်မန္ဓာတုစကြာမင်းကြီးသည် ယင်းသို့နှစ်ပေါင်း တစ်ရာက အတိတ်နိမိတ်များဖြင့် ပေါ်လာသော စကြာမင်းကြီးတစ်ပါး ပင်ဖြစ်ပါ၏။ စကြာဝဠာတစ်ခုလုံးကို အုပ်ချုပ်ရသောမင်းတစ်ပါးဖြစ် ခြင်းကြောင့် ကာမဂုဏ်အာရုံများ လိုအပ်သည်ထက်ပိုကာ အလျှံပယ် ခံစားနေမည်မှာ အသေအချာပင် ဖြစ်ပါ၏။

သို့သော် မန္ဓာတုစကြာမင်းကြီးကား လောဘခိုင်းတိုင်း လျှောက် လုပ်ရသော လောဘ၏ကျွန်ဖြစ်သွားလေရာ တစ်နေ့ ညီလာခံတွင်-

"မင်းကြီးများ၊ ငါကိုယ်တော် ယခုခံစားနေရသော ကာမဂုဏ်အာရုံ ထက်ပိုမိုကောင်းမွန်သော ကာမဂုဏ်အာရုံရှိသည့်ဘုံဟူ၍ ရှိပါဦးမည် လော"

"မှန်ပါ၊ ရှိနေကြောင်းပါ"

"ဘယ်ဘုံမှာရှိနေသလဲ မင်းကြီးများ"

"မှန်ပါ၊ လူ့ဘုံထက်သာလွန်သော စတုမဟာရာဇ်နတ်ဘုံမှာ ရှိ ကြောင်းပါဘုရား"

ထိုသို့ အဖြေရသည်နှင့် မန္ဓာတုစကြာမင်းကြီးသည် စကြာယာဉ် ကိုစီးကာ စတုမဟာရာဇ်နတ်ဘုံသို့ တက်သွားပါတော့သည်။ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဟုဆိုအပ်သော နတ်မင်းကြီးလေးပါး အုပ်ချုပ် သောဘုံဖြစ်သောကြောင့် စတုမဟာရာဇ်ဘုံဟု ခေါ်ခြင်းဖြစ်သည်။

ထိုဘုံသည် လူ့သက်ဖြင့် နှစ်ပေါင်းကိုးသန်း အသက်ရှည်သည်။ လူ့မင်းဘုန်းကြီး နတ်မ[illegible]ကားအတိုင်း နတ်မင်းကြီး

www.[illegible].com

လေးပါးတို့က ဆီးကြိုကာ သူတို့၏စည်းစိမ်ကို ခွဲဝေဆက်သကြပါသည်။ ထိုအချိန်က လူတို့မှာ တက်ကပ်ပိုင်းဖြစ်ရာ သက်တမ်းမှာ မရေနိုင်၊ မတွက်နိုင်အောင်ရှည်သောကြောင့် အသင်္ချေယျတန်းဟုခေါ်သည်။

ထို့ကြောင့် နတ်များပင် လူလောက်အသက်မရှည်သောအခါပင် ဖြစ်ပါ၏။ ထိုစတုမဟာရာဇ်နတ်မင်းကြီးလေးပါး သက်တမ်းပြည့်၍ ဘယ်နှစ်ဆက်ပြောင်းသွားသည်မသိ။ မန္ဓာတုစကြာမင်းကြီးကား ကာမဂုဏ်အာရုံကို အားရပါးရခံစားနေတုန်းပင် ဖြစ်ပါ၏။ သို့သော် လောဘကား တင်းတိမ်ရောင့်ရဲသည်မရှိ။ ထို့ထက်ပင်ပိုသော ကာမဂုဏ်အာရုံကို လိုချင်နေသည်သာ ဖြစ်၏။

တစ်ရက်တွင် နတ်မင်းကြီးလေးပါးကို မေးပြန်၏။

"နတ်မင်းကြီးလေးပါးတို့၊ သင်တို့ဘုံထက် စည်းစိမ်ဥစ္စာ သာလွန်သောဘုံရှိပါသေးသလား"

"ရှိပါသေးသည်၊ တာဝတိံသာနတ်ဘုံသည် ဤဘုံထက် စည်းစိမ်ကာမဂုဏ် ဥစ္စာ အကုန်သာလွန်ပါသည်။"

ထိုအဖြေကိုရသည်နှင့် မန္ဓာတုစကြာမင်းကြီးသည် တာဝတိံသာနတ်ဘုံသို့ တက်သွားပါတော့သည်။ သိကြားမင်းနှင့်တကွ နတ်ပေါင်း ၃၃ ယောက်အုပ်ချုပ်သည့်အတွက် တာဝတိံသာနတ်ဘုံဟုခေါ်ခြင်းဖြစ်သည်။ ထိုဘုံသည် လူသက်ဖြင့်တွက်လျှင် နှစ်ပေါင်း ၃ ကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်သည်။

သိကြားမင်းကလည်း သူ၏စည်းစိမ်တစ်ဝက်ကို ခွဲပေးကာ မန္ဓာတုစကြာမင်းကြီးအား ကာမဂုဏ်အာရုံကို စိတ်ကြိုက်ခံစားစေပါသည်။ သို့နှင့် တာဝတိံသာနတ်တို့၏ ကာမဂုဏ်အာရုံကို စိတ်ကြိုက်ခံစားနေလိုက်ရာ ၃ ကုဋေအနှစ်ခြောက်သန်းအသက်ရှည်သော သိကြားမင်း (၃၅)ဆက်သာပြောင်းသွားသည်။ မန္ဓာတုစကြာမင်းကြီးကား ကာမဂုဏ်ခံစား၍ ကောင်းတုန်းရှိသေး၏။

ထိုမျှနှင့်လည်း လောဘကအားမရ၊ တာဝတိံသာနတ်ပြည်၏ စည်းစိမ်တစ်ဝက်ခံစားနေရသည်ကို မကျေနပ်နိုင်ဘဲ တာဝတိံသာတစ်ပြည်လုံးရှိ စည်းစိမ်များကို တစ်ယောက်တည်းခံစားနိုင်ရန်အတွက် ၃၆ ဆက်မြောက် သိကြားမင်းကို အသေသတ်ရန် အားထုတ်ပါတော့သည်။

www.dhammaransi.com

ကုသိုလ်ကြောင့်ဖြစ်လာသော သိကြားမင်းကို သတ်မရဘဲ သတ်ရန်ကြိုးစားသော မန္တာတုစကြာမင်းကြီးသည်သာလျှင် လူ့ဘုံသို့ပြန်ကျပြီး သေလွန်ခဲ့ရပေသည်။ ထို့ကြောင့် လောဘကျွန်မဖြစ်စေရန် အောက်ပါ ဥပဒေသလေးကို သတိထားသင့်ပေသည်။

ဘယ်လောက်ပင်စားရစားရ
တစ်ဝမ်းဝရုံဘဲ
ဘယ်လောက်ပင်ဝတ်ရဝတ်ရ
အရေပြားဖုံးရုံဘဲ
ဘယ်လောက်ပင်အိပ်ရနေရ
တစ်ကိုယ်စာလေးဘဲ
ကုသိုလ်ပြုလျှင် ကိုယ့်ဘို့
ကျန်ခဲ့လျှင် သူများဘို့။

## လောဘ၏ ဥာန်လေးချက်

(၁) လောဘသည် အာရုံကို စွဲစွဲလမ်းလမ်းယူခြင်းသဘော ရှိ၏။ မျောက်စေးနှဲကဲ့သို့တည်း။

(၂) အာရုံ၌ကပ်ငြိခြင်းကိစ္စရှိ၏။ အိုးကင်းပူ၌ ချအပ်သော အသားတုံးကဲ့သို့တည်း။

(၃) မစွန့်မလွှတ်မြဲစွာဆွဲလျက် လွတ်စေကျွတ်စေနိုင်ခဲသည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်တတ်၏။ ဆီ,မှင် စွန်းခြင်းကဲ့သို့တည်း။

(၄) သံယောဇဉ်တရားတို့၌ သာယာသည်၏အစွမ်းအားဖြင့် ရှုခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ လျင်မြန်သော ရေအလျဉ်ရှိသောမြစ်သည် မိမိအပေါ်၌ကျသော အရာဝတ္ထုအားလုံးကို မဟာသမုဒ္ဒရာသို့ ပို့ဆောင်သကဲ့သို့ တဏှာကိုလက်ခံထားသော ပုဂ္ဂိုလ်အပေါင်းကိုလည်း ထိုတဏှာသည် အပါယ်လေးပါးသို့ ဆောင်၏။

## ခရမ်းမြို့က ဘုန်းကြီးပိဋကာ

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့် အင်္ဂလိပ်တို့ မြန်မာပြည်ကို အုပ်ချုပ်နေစဉ်ကပင် ဖြစ်ပါ၏။ စာရေး၊ စာချ၊ တရားဟော၊ တရားပြ လေးခုလုံးကို ထွန်းထွန်းပေါက်ပေါက်ပြုလုပ်တော်မူနိုင်သော လယ်တီဆရာတော်ဘုရားကြီးသည် နယ်လှည့်သာသနာပြုတရားဟောကြွရင်းဖြင့် ခရမ်းမြို့သို့ ရောက်ရှိတော်မူလာပါသည်။

www.dhammaransi.com

တရားမပဟောမီ ရွာကျောင်းတစ်ကျောင်းတွင် ခေတ္တတည်းခိုတော်မူလျက်ရှိသည်။ ထိုကျောင်းမှကျောင်းထိုင်ဘုန်းကြီးမှာ လွန်ခဲ့သောလကမှ ပျံလွန်တော်မူသွားသဖြင့် ကျောင်းထိုင်ဘုန်းကြီး လစ်လပ်လျက်ရှိသည်။ တစ်ညတွင် ဆရာတော်ဘုရား ကျောင်းနောက်ဘက်ကွက်လပ်ကြီးထဲတွင် တရားအမှတ်ဖြင့် စင်္ကြံလျှောက်လျက်ရှိစဉ် စပါးထည့်သည့် ပုတ်ပမာဏရှိသော မဲလုံးလုံးမကောင်းဆိုးဝါးကြီးတစ်ကောင် ဆရာတော်နားရောက်လာပြီး ဦးခိုက်လျက်ရှိသည်။

လယ်တီဆရာတော်ဘုရားကြီးကား သုသာန်ဓုတင်ဆောင်နေကြဖြစ်ခြင်းကြောင့် သရဲ၊ တစ္ဆေ၊ ပြိတ္တာတို့မှာ အထူးအဆန်းမဟုတ်တော့ပေ။ ထို့ကြောင့်လည်း မကောင်းဆိုးဝါးကြီး ဦးချပြီးသည်နှင့် အေးအေးဆေးဆေးပင်-

"သင်ဘယ်သူလဲ"

"တပည့်တော် လွန်ခဲ့တဲ့လက ပျံလွန်တော်မူခဲ့တဲ့ ဒီကျောင်းက ကျောင်းထိုင်ဘုန်းကြီးပါဘုရား"

"ဘုန်းကြီးဆီကို ဘာအကြောင်းကြောင့် လာတာလဲ"

"တပည့်တော် ပြိတ္တာဘဝမှာ ဆင်းဆင်းရဲရဲ ခံနေရပါတယ်ဘုရား၊ အဲဒါ ရဟန်းသံဃာတွေပင့် ဆွမ်းတွေသင်္ကန်းတွေလှူပြီး တပည့်တော်ကို အမျှပေးဖို့ ဆရာတော်ကိုယ်တိုင် ဦးဆောင်ပြီး ကူညီစေချင်ပါတယ်ဘုရား"

"ဒီကိစ္စအတွက် မပူပါနဲ့၊ ဒကာတွေ အသိပေးပြီး အားလုံးလုပ်ပေးပါ့မယ်။ ဒါပေမယ့် အရှင်ဘုရားကို တစ်ခုမေးချင်ပါတယ်။ ဒကာ၊ ဒကာမတွေ အပါယ်မကျအောင် တရားပြနေတဲ့ အရှင်ဘုရားက ကိုယ့်ကိုယ်ကိုတော့ အပါယ်မကျအောင်တောင် မစောင့်ရှောက်နိုင်ဘူးလားဘုရား"

"ဆရာတော်အပြစ်တင်ရင်လည်း ခံရမှာပဲဘုရား၊ တပည့်တော်လည်း ဒါတွေသိထားလို့ ပျံလွန်တော်မူခါနီးအချိန်မှာ ဘာအစွဲအလမ်းမှ မထားဘဲ တရားမှတ်နေတုန်း မသိတတ်တဲ့ဒကာမတစ်ယောက်က ဆရာတော်ဘုရား ဆရာတော်ရဲ့ကျောင်းကြီးကို ဘယ်သူ့မှမအပ်ရသေးပါလားဘုရားလို့ လှမ်းလျှောက်လိုက်တယ်ဘုရား"

"ဒီအခါမှာ တပည့်တော်စိတ်ဟာ ငါ့ကျောင်းကြီး ဘယ်သူ့မှမအပ်ရသေးပါလားဆိုတဲ့ အတွေးပေါ်ရောက်သွားတယ်ဘုရား၊ ငါ့ကျောင်းဆိုတဲ့အစွဲ

www.dhammaransi.com

လောဘတဏှာဖြစ်သခိုက်မှာ စုတိစိတ်ကျ (သေ) လိုက်တဲ့အတွက် ဒီပြိတ္တာဘုံကို ရောက်လာရတာပါဘုရား”

ထို့နောက် လယ်တီဆရာတော်နှင့် ရှာသူရှာသားများက သံဃာတော်များပင့်ဖိတ်လှူဒါန်းပြီး အမျှပေးသောအခါတွင်မှ ပြိတ္တာဘဝမှ လွတ်သွားခဲ့ပါသည်။ ကျောက်ခဲသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ရေထဲချလျှင် နစ်မြုပ်သကဲ့သို့ လောဘသည်လည်း ကြီးမားအဖိုးတန်သော ပစ္စည်းဥစ္စာကို စွဲလမ်းသည်ဖြစ်စေ၊ သေးငယ်အဖိုးနည်းသော ပစ္စည်းဥစ္စာကို စွဲလမ်းသည်ဖြစ်စေ ပြိတ္တာဘုံသို့ ဆွဲချသည်သာလျှင် ဖြစ်ပါ၏။

## သင်္ကန်းခေါက်ထဲက သန်းပြိတ္တာ

ဗုဒ္ဓလက်ထက်တော်က ယခုခေတ်လို ချုပ်ပြီးဆိုးပြီးသား သင်္ကန်းအစုံလိုက်လှူသူ အင်မတန်မှနည်းပါးသည်။ များသောအားဖြင့် မိမိတို့တတ်နိုင်သမျှ နှစ်တောင်သို့မဟုတ် သုံးတောင်ပမာဏလောက်ရှိသော အဝတ်စများကို သင်္ကန်းအတွက် ရည်မှန်းပြီး လှူဒါန်းတတ်ကြသည်။

ထိုအဝတ်စများကို ရဟန်းတော်များက တစ်စချင်းစုထားပြီး တစ်စုံစာရလောက်သောအခါတွင်မှ ကိုယ်တိုင်ချုပ်၊ ကိုယ်တိုင်ဆိုးပြီး ဝတ်ကြရသည်။ တစ်ခါတွင် တိဿအမည်ရှိ ရဟန်းတော်တစ်ပါးကို သူ၏ အမျိုးတစ်ယောက်က သင်္ကန်းတစ်စုံစာရှိသော အဝတ်ပုဆိုးကို တစ်ခါတည်း လှူဒါန်းလိုက်သည်။

ရလာသောအဝတ်စကို ကိုင်ကြည့်ပြီး တိဿရဟန်းမှာ စိတ်ကူးတွေယဉ်နေမိသည်။ နူးညံ့လိုက်တဲ့အစလေး၊ ဒီအစလေးသင်္ကန်းချုပ်ပြီးရင် ဆွမ်းစား၊ ကွမ်းစား၊ သွားရာ၊ လာရာမှာဝတ်ရမယ် စသည်ဖြင့် စိတ်ကူးကာ သင်္ကန်းခေါက်လေးကို ခေါင်းအုံးအောက်ခေါက်ထားပြီး ကျိန်းစက်တော်မူလေသည်။

ညသန်းခေါင်မှာပင် လေရောဂါဖြင့် ရုတ်တရက် ပျံလွန်တော်မူသွားလေသည်။ မိုးလင်းသောအခါ အမျိုးများက အလောင်းစင်နှင့် ရုပ်ကလာပ်ကို သေချာပြင်ဆင်ပြီး မနေ့ကမှလှူထားသော သင်္ကန်းခေါက်လေးကိုဆွဲထုတ်ကာ တခြားရဟန်းတစ်ပါးအား ကပ်လှူဖို့ပြင်ဆင်စဉ် သင်္ကန်းခေါက်ထဲမှ အသံတစ်သံထွက်လာသည်ကား-

“ငါ့သင်္ကန်းကို သူများမလှူနဲ့၊ ငါ့သင်္ကန်းကို သူများမလှူနဲ့” ဟူ၏။ ထိုအသံကို မြတ်စွာဘုရားကြားတော်မူသောအခါ ထိုအမျိုးများထံ အမြန်

လူလွတ်ပြီး-

"ချစ်သားချစ်သမီးတို့ သင်တို့အမျိုးဖြစ်သော တိဿရဟန်းသည် သင်္ကန်းကိုစွဲ၍ ပျံလွန်တော်မူခဲ့သဖြင့် သင်္ကန်းခေါက်ထဲမှာ သန်းပြိတ္တာကြီး ဖြစ်လျက်ရှိသည်။ သူတော်ကောင်းရဟန်းဖြစ်သည့်အတွက် ပြိတ္တာဘဝတွင် (၇)ရက်သာ နေရမည်"

"သို့သော် သူတားမြစ်နေသည့်ကြားက ချစ်သား၊ ချစ်သမီးတို့က သင်္ကန်းကို အခြားရဟန်းအား ဇွတ်လှူလိုက်မည်ဆိုလျှင် အလှူခံသော ရဟန်းအား ပြိတ္တာဘဝဖြင့် ပြစ်မှားမိလိမ့်မည်။ ထိုသို့ ပြစ်မှားမိလျှင် ပြိတ္တာဘဝမှသေလျှင် ငရဲထိကျဖို့သာရှိသည်။ သို့အတွက် သင်္ကန်းကို ယခုမလှူသေးဘဲ (၇)ရက်ပြည့်ပြီး သူပြိတ္တာဘဝက လွတ်သောအခါမှ လှူကြပါ" ဟု ရှင်းပြရပါသည်။

ဗုဒ္ဓမိန့်ကြားသည့်အတိုင်း (၇)ရက်စေ့သောအခါမှ ပြိတ္တာဘဝမှ လွတ်သွားပါသည်။ လောဘသည် လိုချင်တပ်မက်ခြင်းသဘောတရားမှ ဘယ်သောအခါမှ ဖောက်ပြန်ခြင်းမရှိ။ ခွေးသန္တာန်၌ရှိသောလောဘ၊ လူ့သန္တာန်၌ရှိသောလောဘ၊ နတ်သန္တာန်၌ရှိသောလောဘ မည်သည့် လောဘမဆို စွဲလမ်းတပ်မက်သည်သာလျှင် ဖြစ်၏။

ထို့အတူ လောဘကို လက်ခံမိသောသတ္တဝါမှန်သမျှကိုလည်း ပြိတ္တာဘုံသို့ ဆွဲချခြင်း သဘောတရားမှ ဘယ်သောအခါမှ ဖောက်ပြန်မည်မဟုတ်ပေ။ စွဲလမ်းတပ်မက်ပြီဆိုလျှင် ပြင်ပဥစ္စာမဆိုထားနှင့် မိမိ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို တပ်မက်သောစိတ်နှင့် သေခဲ့လျှင်ပင် ခန္ဓာကိုယ်ကို ပြန်၍စားသောက်သော လောက်ပြိတ္တာများဖြစ်ကြရ ကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်၌-

"ဥစ္စာစုကို၊ မဆိုထားလွတ်၊
ကိုယ်ဝတ်ခြုံလွှမ်း၊ ပုဆိုးနွမ်းက၊
သင်္ကန်းမျှ၌၊ လောဘဤဟိတ်၊
ငဲ့သည့်စိတ်ကြောင့်၊ ဘုတ်ပြိတ်သန်းပျ၊
ဖြစ်ကုန်ကြ၏။
ပြင်ပဥစ္စာ၊ မဟုတ်စွာသေး၊
အင်္ဂါအဆင်း၊ ကိုယ်အတွင်းဝယ်၊
မွေးညှင်းဆံစု၊ ရုပ်ဝတ္ထု၌၊
တစ်ခုခုတပ်၊ စွဲကပ်စွန်းငြိ၊

www.dhammaransi.com

ဇောဝီထိဖြင့်၊ စုတိပုဂ္ဂိုလ်၊
ထိုထိုပိုးလောက်၊ စားသောက်ပြန်ကာ၊
ဖြစ်တတ်စွာဟု၊ ကျမ်းလာမုချ၊
ဤသို့ပြ၏။"

ဟူ၍ စပ်ဆိုသတိပေးတော်မူခဲ့ပေသည်။

## လောဘ၏ဆိုးကျိုးသုံးခု

(၁) သက်ရှိသက်မဲ့တစ်ခုခုကို စွဲလမ်းတပ်မက်သောစိတ်ဖြင့် သေခဲ့လျှင် ပြိတ္တာဘုံသို့ ရောက်ရသည်။

(၂) သတ္တဝါတို့သန္တာန်၌ ဝိသမလောဘဓာတ်များ အားကြီးလာလျှင် ကမ္ဘာလောကကြီးတစ်ခုလုံး ဒုဗ္ဘိက္ခန္တရကပ် = အငတ်ဘေး ဆိုက်ကြရသည်။ အငတ်ဘေးကို ဖန်တီးသော အဓိကတရားခံကား လောဘသာဖြစ်ကြောင်း လူသားအားလုံးသတိပြုကြရပါမည်။

(၃) ဝိသမလောဘဓာတ်များ အဆုံးစွန်ထိအားကြီးလာမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် မီးလောင်ပြီး ပျက်စီးရမည်။

ယခုလည်း လောဘ၏ကျေးကျွန်ဖြစ်နေသော ဂေါ်ဒြာဘယက လူသူလက်နက်စုရုံးပြီး အနုရာဓနေပြည်တော်ကို ဝိုင်းထားလေပြီ။ သီရိသယ်ဗောဓိမင်းကြီးကား ထိုသတင်းကိုကြားသည်နှင့် စိတ်မဆိုးသည့်အပြင်-

"ဩော်... ဒီတိုင်းပြည်ကြီးစွန့်ပြီး ဘယ်အခါမှ တောထွက်ရပါ့မလဲလို့ တွေးနေတာ အခုမှပဲ အကောင်အထည်ပေါ်ပေတော့မယ်။ ငါ တောမြန်မြန်ထွက်ဖြစ်ဖို့အတွက် မိတ်ဆွေကောင်းကြီး ဂေါ်ဒြာဘယက ပါရမီဖြည့်ပေးရှာတာပဲ။ ငါတစ်ယောက် နန်းစည်းစိမ်ခံစားဖို့အတွက်လည်း ဘယ်သူမှမသေစေချင်တော့ပါဘူး။ သို့သော် နန်းတော်မှာ ငါရှိနေသေးရင် ငါ့အတွက်ဆိုပြီး ရှိသမျှတပ်သားတွေဟာ တိုက်ကြခိုက်ကြ သတ်ကြဖြတ်ကြဦးမှာပဲ။ ဒါဆိုရင် အားလုံးဆင်းရဲကြရလိမ့်မယ်။ အဲဒီတော့ ဘယ်သူ့ကိုမှအသိမပေးဘဲ တိတ်တဆိတ် နန်းတော်မှထွက်ရမယ်"

ဟု အကောင်းမြင်ပြီး ရုပ်ဖျက်ကာ တစ်ခါတည်းတောထွက်သွားပါတော့သည်။ ဘုရင်မရှိတော့မှန်းသိသည်နှင့် မိဖုရားခေါင်ကြီးလည်း

နောက်မှလိုက်ရရာ တစ်လွဲစီတစ်လမ်းစီ ကွဲသွားကြလေသည်။ ထိုနေ့မှ စ၍ ဂေါ်ဒွာဘယသည် အတိုက်အခိုက်မရှိဘဲ အနုရာဓနေပြည်တော်ကို သိမ်းပိုက်ပြီး စိုးမိုးအုပ်ချုပ်နေလေသည်။

လောကီဥစ္စာမှန်သမျှသည် မရခင်မရှိခင်မှာလည်း ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ ရအောင်ရှိအောင် ရှာဖွေရသည်။ ပရိယေသနဒုက္ခ ဟုဆိုသည်။ ရပြီးသောအခါတွင်လည်း ထိုစည်းစိမ်ဥစ္စာ မပျောက်ပျက်အောင် ဆင်းဆင်းရဲရဲ ခက်ခက်ခဲခဲ စောင့်ရှောက်ရပြန်သည်။ အာရက္ခဒုက္ခဟု ခေါ်သည်။

ထိုသို့ အပင်ပန်းခံစောင့်ရှောက်နေသည့်ကြားထဲက မင်းကြောင့်လည်း ပျက်စီးရသည်။ မီးကြောင့်လည်းပျက်စီးရသည်။ ရေကြောင့်လည်း ပျက်စီးရသည်။ ခိုးသူကြောင့်လည်း ပျက်စီးရသည်။ အမွေခံဆိုးကြောင့်လည်း ပျက်စီးရသည်။ ထို့ကြောင့် ဆင်းရဲရပြန်သည်။ ထိုဒုက္ခမျိုးကို ဝိပရိဏာမဒုက္ခဟုဆိုသည်။

ယခုလည်းကြည့်ပါ။ ဂေါ်ဒွာဘယသည် ပရိယေသနဒုက္ခ၊ အာရက္ခဒုက္ခများကြားမှ ဝိပရိဏာမဒုက္ခဖြစ်မှာကို စိုးရိမ်နေပုံမှာ -

"ငါဟာ မင်းအဖြစ်ကို မတရားယူထားတာ။ ပြည်သူပြည်သားတွေက ကျေနပ်ကြမှာမဟုတ်ဘူး။ မတတ်သာလို့သာ ငုံ့ခံနေကြရတာ။ ငါ့မိတ်ဆွေ သီရိသယ်ဗောဓိမင်းကလည်း သေသွားတာမဟုတ်ဘူး။ အသက်ထင်ရှားရှိနေသေးတယ်။ နောင်တစ်ချိန်မှာ သီရိသယ်ဗောဓိမင်းကြီးက အနုရာဓနေပြည်တော်ကို ပြန်လိုချင်ပါတယ်ဆိုရင် စစ်သည်တော်တွေရော၊ ပြည်သူပြည်သားတွေပါ အားလုံးဝိုင်းကူကြမှာ သေချာတယ်။"

"ဒီလိုသာဝိုင်းကူကြရင် ငါဟာအနုရာဓနေပြည်တော်ကြီးကို စွန့်လွှတ်ရမှာ သေချာတယ်။ ဒီလိုတော့အဖြစ်မခံနိုင်ဘူး။ ငါကအရင်လက်ဦးမှုရယူရမယ်။"

ဟု တွေးတောကာ နောက်တစ်နေ့တွင် အနုရာဓနေပြည်တော်တစ်ခုလုံးကို မောင်းကြေးနင်းခတ်ကာ သီရိသယ်ဗောဓိမင်းကြီး၏ ဦးခေါင်းကိုဆက်သနိုင်သူအား အသပြာထောင်ထုပ်ကို ချီးမြှင့်တော်မူမည်ဟု ကြေညာလေတော့သည်။ ထိုအချိန်တွင် သီရိသယ်ဗောဓိမင်းကြီးကား ဟတ္ထဝနဂလ္လတောကြီးထဲတွင် ရသမျှ သစ်ဥ၊ သစ်ဖုများကိုစားပြီး မေတ္တာဘာဝနာဖြင့် ချမ်းသာစွာနေနေလေပြီ။

www.dhammaranga.com

တစ်နေ့တွင် ဆင်းရဲသားတစ်ယောက်သည် ကိစ္စတစ်ခုဖြင့် ဟတ္ထဝနဂလ္လတောကို ဖြတ်သွားရာ စမ်းချောင်းဘေးရှိ ကျောက်ဖျာပေါ်တွင် ဘာဝနာပွားလျက်ရှိသော သီရိသယ်ဗောဓိမင်းကြီးကို တွေ့မြင်သွားရာ ကြည်ညိုလှသဖြင့် အသင့်ပါလာသော ထမင်းထုပ်ကို သွား၍လှူလေသည်။ သီရိသယ်ဗောဓိမင်းကြီးမှန်းမသိပေ။ သူတော်စင်တစ်ယောက်ဟု ထင်သဖြင့် လှူချင်စိတ်ပေါ်လာခြင်းဖြစ်သည်။

"သူတော်စင်ကြီးခင်ဗျား၊ ကျွန်တော့်မှာ ထမင်းထုပ်တစ်ထုပ်ပါလာတယ်။ သူတော်စင်ကြီးကို ကြည်ညိုလှတဲ့အတွက် ကျွန်တော့်ရဲ့ ထမင်းထုပ်ကို အလှူခံတော်မူပါ။"

"အို... အဆွေ ကျွန်ုပ်အတွက် ဤတောကြီးမှ ထွက်သမျှ အသီးအနှံ၊ သစ်ဥ၊ သစ်ဖုများဟာ အစားအစာအတွက် လုံလောက်နေပါပြီ၊ အလှူမခံပါရစေနဲ့"

"သူတော်စင်ကြီးအတွက် မလိုအပ်ပါသော်လည်းပဲ ကျွန်တော့်ရဲ့ စေတနာကို ချီးမြှောက်သောအားဖြင့် အလှူခံစေချင်ပါတယ်" ဟု လျှောက်ကာ ဇွတ်လှူသဖြင့် သီရိသယ်ဗောဓိမင်းကြီးမှာ လက်ခံကာ သုံးဆောင်တော်မူရပါတော့သည်။ ထမင်းသုံးဆောင်ရင်းဖြင့် -

"ဤဆင်းရဲသားကား စေတနာသဒ္ဓါတရားကောင်းလှ၏။ သူစားမည့်ထမင်းထုပ်ကိုမစားဘဲ အငတ်ခံပြီး ငါ့ကိုကျွေးပေသည်။ သူ၏ထမင်းတစ်ထုပ်ကျေးဇူးကို ငါဘယ်လိုပြန်၍ဆပ်ရမည်နည်း" ဟု တွေးတောနေလေသည်။ သို့တွေးတောရင်းဖြင့် စပ်မိစပ်ရာ မေးမြန်းတော်မူသည်မှာ-

"အို... မိတ်ဆွေခရီးသည် အနုရာဓနေပြည်တော်မှာ ဘယ်လိုသတင်းထူးများ ဖြစ်ပေါ်နေပါသလဲ"

"သူတော်စင်ကြီး၊ ယခုအခါမှာ အနုရာဓနေပြည်တော်ဟာ မငြိမ်မသက်ဖြစ်နေပါတယ်။ ဂေါဌာဘယဆိုတဲ့ သေနာပတိကြီး လက်နက်လူသူစုပြီး ပုန်ကန်လို့ သူတော်ကောင်းဖြစ်တဲ့ သီရိသယ်ဗောဓိမင်းကြီးဟာ ထွက်ပြေးတော်မူရှာရပါပြီ။ စစ်သည်နဲ့တိုင်းသူပြည်သားတွေ ထိခိုက်နစ်နာမှာစိုးလို့ အနစ်နာခံတော်မူရှာတာပါ"

"ဂေါဌာဘယသေနာပတိ ဘုရင်ဖြစ်လာပေမယ့်လို့ ဘယ်သူမှ မကြည်ညိုကြဘူး၊ နိုးရာဓားကြောက်လို့သာ ငြိမ်ခံနေကြရတာပါ။ ဒီကြားထဲ ဘုရင်သစ်က သီရိသယ်ဗောဓိမင်းကြီးဦးခေါင်းကို ဖြတ်ယူလာနိုင်

www.dhammaransi.com

ရင် အသပြာထောင်ထုပ်ပေးမယ်လို့ တိုင်းပြည်မှာ ကြေညာသေးတယ် ဘုရား၊ ဘယ်လောက်စိတ်ဓာတ်ယုတ်ညံ့လိုက်သလဲလို့"

ထိုစကားပြောပြီးသည်နှင့် ဆင်းရဲသားမှာ ဘေးဘီကို ကျီးကန်း တောင်းမှောက်ကြည့်လိုက်ပါသေးသည်။ ရာဇဝတ်သင့်နိုင်သောစကား မဟုတ်ပါလား။ ထိုစကားကြောင့် ပြောမိသောဆင်းရဲသားမှာ ထိတ်လန့် သွားသော်လည်း သီရိသယ်ဗောဓိမင်းကြီးကား ကျေးဇူးဆပ်ရန် အခွင့် ရလေပြီဟု ဝမ်းမြောက်တော်မူလေသည်။

သီရိသယ်ဗောဓိမင်းကြီးဆင်ခြင်တော်မူသည်မှာ -

"ငါသည် အရင်တုန်းက ဗဟိဒ္ဓဖြစ်တဲ့ ပြင်ပကပစ္စည်းတွေ လှူ ရတာ အားမရဘူး။ အဇ္ဈတ္တဖြစ်တဲ့ ခန္ဓာကိုယ်နဲ့စပ်တာတွေကို လှူချင် နေခဲ့တာ အခုတော့ ဆန္ဒပြည့်တော့မယ်။ ဒီဆင်းရဲသားဟာလည်း ငါ့ ဦးခေါင်းကို ဆက်သနိုင်တဲ့အတွက် အသပြာထောင်ထုပ်ကိုရပြီး ချမ်းသာ မယ်။ ငါ့မိတ်ဆွေဂေါဌာဘယလည်း ငါ လူ့ပြည်မှာမရှိတော့ဘူးဆိုတာ သိရရင် စိုးရိမ်ခြင်းကင်းပြီး ချမ်းချမ်းသာသာနဲ့ နန်းစည်းစိမ်ကို ခံစား ရမယ်။ တစ်ချက်ခုတ် သုံးချက်ပြတ်မယ့် အလုပ်ကြီးပဲ၊ အလွန်မြင့်မြတ် ပေစွ" ဟူ၏။

ထိုသို့ ဆင်ခြင်ပြီးသည်နှင့်-

"အို... မိတ်ဆွေ၊ ကျွန်ုပ်ဟာ သီရိသယ်ဗောဓိမင်းကြီးဖြစ်တယ်။ သံသယဖြစ်မနေပါနဲ့၊ ယခုပင် ကျွန်ုပ်၏ခေါင်းကိုဖြတ်ယူကာ ဂေါဌာ ဘယမင်းကြီးအား သွားရောက်ဆက်သပြီး အသပြာထောင်ထုပ်ကို ယူပါလေလော"

ထိုအခါ ဆင်းရဲသားမှာ တအံ့တသြဖြစ်ကာ ဒေါကြောင်သွားပြီး ကာမှ

"မဝံ့ပါဘုရား၊ သူတော်ကောင်းဘုရင်ကြီးကို စိတ်ထဲကတောင် မပြစ်မှားရဲပါဘုရား" ဟု ပျာပျာသလဲ လျှောက်ထားရာ မင်းကြီးက -

"မစိုးရိမ်ပါနှင့်၊ သင့်အပေါ်မှာ ဘာအပြစ်မှမရှိရအောင် ငါ ဆောင်ရွက်တော်မူမယ်၊ ငါ့စကားကိုသာ နားထောင်"

"သည်းခံတော်မူပါဘုရား၊ မင်းကြီးရဲ့ဦးခေါင်းတော်ကို ပြတ်စေလို တဲ့ စေတနာလည်းမရှိပါဘုရား"

"အို... မိတ်ဆွေ၊ သင့်မှာ ဒါနပါရမီပြည့်သွားအောင် သင်လှူတဲ့ ထမင်းထုပ်ကို အကျွန်ုပ်အလှူခံခဲ့သလို ကျွန်ုပ်မှာ ဒါနပါရမီပြည့်သွား

www.dhammaransi.com

အောင် ကျွန်ုပ်ရဲ့ဦးခေါင်းကိုလည်း သင်အလှူခံသင့်ပါတယ်။ ဒါနပါရမီဆိုတာ အလှူခံရှိမှ ဖြည့်လို့ရပါတယ်။ ကျွန်ုပ်လိုချင်တဲ့ သဗ္ဗညုတဉာဏ်ကြီးရရှိအောင် သင်ဟာ ပါရမီဖြည့်ဖက်တစ်ယောက်အနေနဲ့ကူညီပါ"

ဆင်းရဲသားကား ညှိုးငယ်သောမျက်နှာ၊ ပူပန်ဆင်းရဲသောနှလုံးသားဖြင့် ခေါင်းငုံကာ ဆိတ်ဆိတ်နေရလေပြီ။

## အဓိဋ္ဌာန်ဓားဖြင့်ဖြတ်သောခေါင်းတော်

ဆင်းရဲသားထံမှ လက်ခံမည့်အမူအရာကို တွေ့ရသည်နှင့် မင်းကြီးက ခေါင်းဖြတ်လှူရန် ပြင်ဆင်လေပြီ။ ဖြတ်စရာဓားက မင်းကြီးထံလည်းမရှိ ဆင်းရဲသားထံလည်းမရှိသဖြင့် အခက်ကြုံရပြန်သည်။ သို့သော်ဤအခက်အခဲကား မင်းကြီးအတွက် မှုစရာမဟုတ်တော့။ ကောင်းကင်ကမိုးရွာအောင်၊ မမြင်ရသောဘီလူးကြီး နန်းတော်ထဲ ရောက်လာအောင်စွမ်းနိုင်သော အဓိဋ္ဌာန်နှင့် သစ္စာပါရမီက မင်းကြီးထံတွင် အပြည့်ရှိနေသည်မဟုတ်ပါလော။

ထို့ကြောင့် အဓိဋ္ဌာန်တန်ခိုးတည်းဟူသော ဓားဖြင့်ပင် ဦးခေါင်းကိုဖြတ်ဖို့ ဆုံးဖြတ်လိုက်လေသည်။ ထိုအချိန်မှာပင် ဦးခေါင်းကို အလှူမခံဝံ့ရှာသော ဆင်းရဲသားထံမှ အသနားခံသည့်စကား အချို့ထွက်လာပြန်သည်။

"အရှင်မင်းကြီးလှူလို့ ကျွန်တော်မျိုး အလှူခံတာကတော့ ဟုတ်ပါပြီဘုရား၊ ဂေဋ္ဌာဘယမင်းကြီးကို ဦးခေါင်းသွားဆက်တဲ့အခါမှာ မင်းလို ဘာမဟုတ်တဲ့ ဆင်းရဲသားတစ်ယောက်က သီရိသင်္ဃဗောဓိမင်းကြီးကို ဘယ်လိုလုပ်ရနိုင်မှာလဲ၊ တခြားလူတစ်ယောက်ရဲ့ဦးခေါင်းပဲဖြစ်ရမယ်ဆိုပြီး တပည့်တော်ကို လိမ်ညာမှုနဲ့ သေဒဏ်ပေးခဲ့ရင် ဘယ်နှယ့်လုပ်မလဲဘုရား"

"အို... အဆွေတော် မပူနှင့်၊ သင်သာ သစ္စာပြုလိုက်ပါ။ ကျွန်ုပ်ဦးခေါင်းက ထင်ရှားအောင် သက်သေပြပါလိမ့်မယ်။ ကဲ... သင့်လက်နှစ်ဖက်ကိုသာ အလှူခံဖို့ပြင်ပါ။ ကျွန်ုပ်ဦးခေါင်းကိုဖြတ်ပြီး လှူပါတော့မယ်"

ကျွန်ုပ်၏ဤဦးခေါင်းအလှူသည် သဗ္ဗညုတဉာဏ်ရဖို့ အထောက်အပံ့ဖြစ်ပါစေ၊ ကျွန်ုပ်ဖြည့်ဆည်းခဲ့သောပါရမီတို့၏ တန်ခိုးတေဇော်အာနုဘော်ကြောင့် ဆံထုံးမှကိုင်၍မလိုက်သည်နှင့် ဦးခေါင်းတော်သည်

www.dhammaransi.com

တိတိရိရိပြတ်၍ပါလာပါစေ။ သို့သော် အလှူခံပုဂ္ဂိုလ်အား သင်္ကန်းစ္စဒါန မြောက်အောင် ပေးလှူပြီးချိန်ထိ စိတ္တဇဝါယောဓာတ်မပြတ်သေးဘဲ အသက်ရှင်လျက်ရှိနေပါစေ၊ လှူပြီးသွားမှသာလျှင် သေခြင်းသို့ရောက်ပါစေ"

ထိုသို့ အဓိဋ္ဌာန်ပြုပြီး ဆံထုံးမှကိုင်၍ မ,တော်မူလိုက်ရာ ဦးခေါင်းတော်သည် လည်ပင်းမှ တိတိရိရိပြတ်၍ ပါလာပါတော့သည်။ ထိုဦးခေါင်းတော်ကို ဆင်းရဲသားအား ရိုရိုသေသေပေးလှူပြီးမှသာလျှင် ကြွင်းကျန်ရစ်သောခန္ဓာကိုယ်သည် မြေပြင်သို့လဲပြီး သေပွဲဝင်တော်မူရပါသည်။

ဆင်းရဲသားကား ဦးခေါင်းကို ပန်းခြင်းထဲသို့ထည့်ပြီး ငိုကြွေးလျက်ပင် အနုရာဓနေပြည်တော်သို့ လာခဲ့ရပါတော့သည်။ ထိုအချိန်တွင် သီရိသင်္ဃဗောဓိမင်းကြီး၏ မိဖုရားခေါင်ကြီးမှာလည်း မင်းကြီးမရှိတော့ဘူးဆိုတာသိသည်နှင့် နန်းတော်မှထွက်ခဲ့ရာ လမ်းချင်းလွဲပြီး ဟတ္ထဝနဂလ္လတောအုပ်နှင့်မနီးမဝေးရွာတစ်ရွာသို့ရောက်ရှိသွားလေသည်။ ထိုရွာမှာနေရင်း သီရိသင်္ဃဗောဓိမင်းကြီး၏ သတင်းကို စုံစမ်းနေခဲ့ရာ ဆင်းရဲသားကို ဦးခေါင်းဖြတ်လှူပြီး ဟတ္ထဝနဂလ္လတောထဲတွင် သေပွဲဝင်ရှာပြီဆိုသည့်သတင်းကို ကြားရသည်နှင့် တောတွင်းဝင်၍ ရှာလေတော့သည်။ တွေ့ကားတွေ့၏။ သို့သော် ဦးခေါင်းမရှိတော့ဘဲ သေပွဲဝင်လျက်ရှိသော မင်းကြီးအလောင်းကို မြင်ရသည်နှင့် မချိတင်ကဲ ဝမ်းနည်းပူဆွေးကာ ငိုကြွေးလျက် အလောင်းတော်ကိုဖက်ရင်းပင် မိဖုရားကြီးပါ နှစ်လောင်းပြိုင်သေပွဲဝင်ခဲ့ရပေသည်။

နဟိဓမ္မော အဓမ္မောစ၊
ဥဘောသမဝိပါကိနော။
အဓမ္မောနိရယံ နေတိ၊
ဓမ္မော ပါပေတိ သုဂတိံ။

ကုသိုလ်တရားနှင့်အကုသိုလ်တရားတို့သည် အကျိုးပေးချင်း မတူကြကုန်။ အကုသိုလ်တရားသည် အပါယ်လေးပါးသို့ ပို့ဆောင်တတ်၍ ကုသိုလ်တရားကား လူ၊ နတ်ချမ်းသာသို့ ပို့ဆောင်တတ်၏ဟူသော ဒေသနာအတိုင်း သက်တမ်းတစ်လျှောက်လုံး ကုသိုလ်တရားတွေ ပြုခဲ့သော သီရိသင်္ဃဗောဓိမင်းကြီးရော၊ မိဖုရားခေါင်ကြီးပါ နတ်ပြည်သို့ရောက်တော်မူကြပါသည်။

www.dhammaransi.com

သီရိသယ်ဇောဓိမင်းကြီးဦးခေါင်းကို ဆက်သမည့်သူရောက်လာပြီ ဟူသောသတင်းကို ကြားရသည်နှင့် နန်းတော်တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ လူချင်းတူကြသော်လည်း စိတ်ခံစားချက်ချင်းကား မတူကြ။ အများစုမှာ ဒီလိုသူတော်ကောင်းဘုရင်ကြီးကို ဘယ်လိုလူယုတ်မာကများ သတ်ခဲ့တာပါလိမ့်ဟု ဝမ်းနည်းပူဆွေးမိကြသည်။

ဂေါဓာဘယဘုရင်ကြီးနှင့်အနည်းစုလောက်သာ ငါတို့အတွက် တစ်ရန်အေးပြန်ပေ့ါဟုဆိုကာ ဝမ်းသာနေကြသည်။ နန်းတော်တွင်းက ပလ္လင်ထက်တွင်ထိုင်လျက် ဦးခေါင်းဆက်သမည့်သူကို စောင့်မျှော်လျက် ရှိသော ဂေါဓာဘယ ထင်ထားသည်က ဦးခေါင်းဆက်သမည့်သူသည် ထောင်ထောင်မောင်းမောင်း ကြမ်းကြမ်းတမ်းတမ်း ဓားသမားတစ်ယောက် ဖြစ်ရမည်ဟု -

ယခု ဦးခေါင်းထည့်ထားသောခြင်းကိုကိုင်လျက် ဝင်လာသူကား လူကချည့်နဲ့နဲ့ ပိန်ပိန်သေးသေး၊ သူ့မျက်နှာကလည်း ကြမ်းတမ်းသည့်လက္ခဏာတစ်ခုမှမရှိသည့်အပြင် တစ်စုံတစ်ခုအတွက် ဝမ်းနည်းငိုကြွေးထားသည့်ပုံကိုပင် တွေ့နေရသည်။ သည်လိုလူပျော့တစ်ယောက်က သီရိသယ်ဇောဓိမင်းကြီး၏ ဦးခေါင်းကို ဘယ်လိုများဖြတ်နိုင်မှာတုန်းဟူသော သံသယက ချက်ချင်းဝင်လာသည်။

ထိုလူရှေ့တော်သို့ ရောက်သည်နှင့်-

"မောင်မင်း၊ သီရိသယ်ဇောဓိမင်းကြီးရဲ့ ဦးခေါင်းဆက်မည့်သူ ဆိုတာ ဟုတ်သလား"

"မှန်ပါ၊ ဟုတ်ကြောင်းပါ"

"ကဲ... ဟုတ်ရင် ယခုပင်ဆက်စေ"

ဆင်းရဲသားက ခြင်းကို လက်နှစ်ဖက်နှင့်ကိုင်မြှောက်ကာ ပြလေသည်။ သီရိသယ်ဇောဓိမင်းကြီးနှင့် တူပါ၏။ သို့သော် သည်လူ့ပုံစံနှင့် ဘာမှယုံစရာမရှိ။ ထို့ကြောင့်-

"မောင်မင်း၊ သီရိသယ်ဇောဓိမင်းကြီး ဦးခေါင်းနှင့်တူသည်ကား ဟုတ်ပါ၏။ သို့သော် လူတူမရှား၊ နာမည်တူမရှားဟူသော စကားအတိုင်း တခြားသူတစ်ယောက်၏ဦးခေါင်းလည်း ဖြစ်နိုင်တာပဲ။ ဒါ့ကြောင့် ဒီဦးခေါင်းဟာ သီရိသယ်ဇောဓိမင်းကြီးရဲ့ဦးခေါင်းဆိုတာ ငါကိုယ်တော် မြတ် ယုံကြည်တော်မမူဘူး"

www.dhammaransi.com

ဆင်းရဲသား ထင်သည့်အတိုင်းပင် ဖြစ်ခဲ့လေပြီ။ သီရိသယ်ဗောဓိမင်းကြီး မှာတော်မူခဲ့သည့်အတိုင်း သစ္စာပြုရုံမှတပါး အခြားမရှိတော့ပြီ။ ထို့ကြောင့်လည်း-

"ကျွန်တော်မျိုးကို သစ္စာပြုပြီး သက်သေထူခွင့် ပြုတော်မူပါဘုရား"

"မောင်မင်းအလိုကျပြုစေ"

ခွင့်ရသည်နှင့် မင်းကြီး၏ဦးခေါင်းတော်ကို လက်နှစ်ဖက်ဖြင့် ရိုရိုသေသေထုတ်ယူလိုက်ပြီး -

"ဤဦးခေါင်းသည် သီရိသယ်ဗောဓိမင်းကြီး၏ ဦးခေါင်းတော်အစစ်ဖြစ်ခဲ့လျှင် ကောင်းကင်မှာတည်နေပါစေ၊ မဟုတ်ခဲ့လျှင် မြေကိုချက်ချင်းပြန်ကျပါစေ"

ဟု သစ္စာပြုကာ ကောင်းကင်သို့ ပစ်မြှောက်လိုက်လေသည်။ အံ့ဖွယ်သူရဲ ရှိပေစွ။ မင်းကြီး၏ဦးခေါင်းတော်သည်ကား ကောင်းကင်မှာတည်လျက် အောက်ပါအတိုင်း ဂေါဌာဘယမင်းကြီးအား တရားဟောလေပြီ။

"အို...အဆွေတော် ဂေါဌာဘယမင်း၊ သီရိသယ်ဗောဓိမင်းကြီးဆိုတာ ကျွန်ုပ်ပါပဲ။ ဦးခေါင်းကို လှူရတဲ့အတွက် ကျွန်ုပ်ရဲ့ စိတ်လိုဆန္ဒပြည့်ဝခဲ့ပါပြီ။ သင် ဂေါဌာဘယမင်းသည်လည်း မင်းစည်းစိမ်ကို စိုးရိမ်ကင်းစွာ ခံစားရပြီဖြစ်တဲ့အတွက် သင့်ရဲ့စိတ်အလိုဆန္ဒ ပြည့်ဝပါပြီ။ ဆင်းရဲသားခများမှာလည်း အသပြာထောင်ထုပ်ကိုရ၍ သူ့ရဲ့စိတ်အလို ဆန္ဒကိုပြည့်ဝပါစေ။"

ထိုအခါ ဂေါဌာဘယမင်းနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိများသည် အံ့သြကြည်ညိုကာ လက်အုပ်ချီ၍ ရှိခိုးကြလေသည်။ သီရိသယ်ဗောဓိမင်းကြီး၏ဦးခေါင်းတော်က တရားဟောသည်ဟူသော သတင်းကြောင့် အနုရာဓ ပြည်သူပြည်သားများ သူ့ထက်ငါ လာကြည့်ကြရာ နန်းတော်တစ်ခုလုံး ပြည့်ညပ်သွားတော့သည်။

ငါသည်ကား တကယ့်ပညာရှိသူတော်ကောင်းကြီးကို ပြစ်မှားမိပြီဟူသော နောင်တ,တရားသည် ဂေါဌာဘယမင်းကြီး၏ ရင်ထဲသို့ ဝင်လာပြီဖြစ်ရကား ချက်ချင်းပင် ပလ္လင်ထက်မှဆင်း၍ ပလ္လင်ကို ထီးဖြူမိုးပြင်ဆင်ကာ ဦးခေါင်းတော်ကို ရှိခိုးလျက်-

"အရှင်မင်းမြတ်၊ ဤရာဇပလ္လင်ထက်သို့ သက်ဆင်း၍ စံတော်မူပါ" ဟု လျှောက်ထားမှ ဦးခေါင်းတော်သည် ပလ္လင်ထက်သို့ သက်ဆင်း၍ စံတော်မူသည်။

www.dhammaransi.com

ထိုအခါကျမှ ဂေါဒြာဘယမင်းကြီးသည် မှားခဲ့သောအပြစ်များကို အကြိမ်ကြိမ်ဦးချ ရှိခိုးပြီး တောင်းပန်တော်မူသည်။ ထို့နောက် တိုင်းသူပြည်သားအားလုံးကို အားရကျေနပ်အောင် ပူဇော်စေပြီးမှ ဦးခေါင်းတော်ကို သဂြိုဟ်လိုက်လေသည်။ ကတိအတိုင်း ဆင်းရဲသားကိုလည်း အသပြာထောင်ထုပ်ကို ချီးမြှင့်တော်မူသည်။

ထိုအချိန်မှာပင် ဟတ္ထဝနဂလ္လတောထဲတွင်တွေ့ရသော သီရိသယ်ဗောဓိမင်းကြီးနှင့်မိဖုရားခေါင်ကြီးတို့၏ အလောင်းတော်အကြောင်းကို ရွာသူရွာသားများက ဂေါဒြာဘယမင်းကြီးအား လာရောက်လျှောက်ထားကြသဖြင့် တပ်တော်များပြင်ဆင်ကာ တောတွင်းသို့အရောက် ကြွတော်မူရပြန်လေသည်။

တောတွင်းမြေပြင်ပေါ်တွင် လဲလျောင်းကာ အသက်ပျောက်နေသော မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ အလောင်းတော်ကို တွေ့ရသည်နှင့် ဂေါဒြာဘယမင်းကြီးမှာ အလောင်းတော်ကို ဦးခိုက်လျက်-

"သြော်… ကျေးဇူးရှင်ဘုရား၊ ငါ့အတွက်ကြောင့် အသက်ဝိညာဉ်ချုပ်ဆုံး၍ ဘဝအဆွန်တုံးတော်မူရှာတယ်။ လက်ပါးတော်စေ၊ ခြွေရံတစ်ယောက်မှမရှိဘဲ သည်တောကြီးထဲမှာ နတ်ပြည်စံတော်မူရှာတယ်။ အလောင်းတော်ဟာလည်း မြေပေါ်မှာလဲ၍ နေတော်မူရှာပါလား၊ ထီးနန်းအတွင်းမှာ နတ်ရွာစံတော်မူပါလျှင် ထီးဖြူတော် သလွန်နဲ့ မွှန်မွှန်မြတ်မြတ် ပြင်ဆင်လို့ ထားရလိမ့်မယ်။ ဦးခေါင်းတော်ကလည်း မရှိလို့ ရှုမိတိုင်း ဝမ်းနည်းလှချည်ရဲ့ ကျေးဇူးရှင်ဘုရား"

ဟု ညည်းတွားကာ သည်းထန်စွာ ငိုကြွေးတော်မူလေသည်။ ထို့နောက် ဆင်ခြင်တော်မူမိသည်မှာ-

"သြော်… ကစားအရွယ် သူငယ်ဘဝကစပြီး ချစ်ခင်စွာ ပေါင်းသင်းလာတဲ့ ကျေးဇူးရှင်မိတ်ဆွေကြီးဟာ အရာရာတွင် သူတကာနှင့်မတူ ဖြူစင်တဲ့နှလုံးနှင့် သူတော်ကောင်းအဆွန်ဆုံး ဖြစ်တော်မူပေတယ်။ ကျေးဇူးရှင်သီရိသယ်ဗောဓိမင်းတရားရဲ့ ကျေးဇူးဂုဏ်တွေကို ပြည့်စုံအောင် ပြောဆိုချီးမွမ်းဖို့ဆိုသည်မှာ လွန်စွာခက်ခဲလှပေတယ်"

"အထူးဝိသေသအားဖြင့် ချီးမွမ်းရမယ်ဆိုလျှင် ရတ္တက္ခဆိုတဲ့ ဘီလူးကြီးကို တရားသဖြင့် အောင်မြင်၍ ယဉ်ကျေးအောင်ဆုံးမတော်မူခြင်း၊ မိုးခေါင်ရေရှား၍ သတ္တဝါများဆင်းရဲနေကြတဲ့အခါ မိုးကြီးရွာအောင် ဆောင်တော်မူခြင်း၊ ငါကိုယ်[illegible]ကျန်းစဉ်အခါ အလောဘ

စေတနာဖြင့် ခုခံ၍မတိုက်ဘဲ နန်းတော်မှခွာရှောင်၍ တောတောင်သို့ ထွက်တော်မူခြင်း၊ ခရီးသွားဆင်းရဲသားကို အသပြာထောင်ထုပ် ရစေလို တဲ့အတွက် ငဲ့ကွက်ခြင်းမရှိဘဲ အဓိပတိမြင့်မြတ်တဲ့ ဦးခေါင်းကိုလှူခြင်း၊ အဲသည်ဂုဏ်သတင်းက နေမင်းလမင်းပမာ ကမ္ဘာဆုံးအောင် တည်လေ သမျှ ငါ့အပြစ်တွေလည်း တည်နေရစ်လိမ့်မယ်"

"သီရိသယ်ဗောဓိမင်းကြီးရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးတဲ့လူတိုင်း ငါ့အပြစ်တွေ၊ ငါ့အဆိုးတွေ အကျိုးမဲ့ကြံစည်ပုံတွေကိုလည်း ပြောကြ လိမ့်မယ်။ ဩော်... သို့ကလောက် မြင့်မြတ်တဲ့ကျေးဇူးရှင် သူတော် ကောင်းကြီးကို ပြစ်မှားမိတာ ငါ့မှာဖြင့် ရိုင်းရာကျလေရဲ့၊ မိတ်ဆွေ ကောင်းကို ပြစ်မှားတဲ့ မိတ္တဒုဗ္ဘိကံဆိုတာ ကမ္ဘာကြေသော်လည်း ကြေ နိုင်တဲ့ ကံမျိုးမဟုတ်ပေဘူး"

"အင်း... ပျောက်တန်သမျှပျောက်ပါလေအောင် ယခုဘဝမှာဖြင့် ကုသလခေါ်တဲ့တရားမျိုးကို ကြိုးစား၍ ဆည်းပူးရတော့မှာပဲ၊ အဆုံးစွန် သော ပူဇော်ခြင်းဖြင့် အလောင်းတော်မြတ်ကိုလည်း အကြီးအကျယ် ပူဇော်မယ်။"

ထိုသို့ ဆင်ခြင်ကြံစည်တော်မူပြီး ဇမ္ဗူရာဇ်ရွှေစင်ကို သီရိသယ် ဗောဓိမင်းကြီး ဦးခေါင်းနှင့်တူအောင်ထုလုပ်စေပြီး ခန္ဓာကိုယ်နှင့်ဆက် ပေးကာ မင်းမြောက်တန်ဘာတို့ကို ဆင်ယင်ပေးတော်မူသည်။ ထို့အတူ မိဖုရားခေါင်ကြီးကိုလည်း မိဖုရားကြီးအဆောင်အယောင်ကို ဆင်ယင် ပေးကာ ဂေါဍာဘယမင်းနှင့်တစ်ကွ ပြည်သူအားလုံး အားရအောင် ပူဇော် တော်မူကြသည်။

ထို့နောက် မီးသင်္ဂြိုဟ်တော်မူပြီး သီရိသယ်ဗောဓိမင်းကြီး၏ အရိုး များကိုယူ၍ **ဝဠုလပါသာဒ** - ဝန်းဝိုင်းသောပြဿဒ်စေတီတော်ကြီးကို တည်တော်မူသည်။ သီရိလင်္ကာရောက်ခဲ့လျှင် ထိုစေတီကို ဖူးမြော်ပူဇော် နိုင်ပါသည်။

## လူနှင့်တိရစ္ဆာန် ခြားနားဟန်

ဘေးကိုဘေးဟူ၍ မသိတတ်ရှာသေးသော တိရစ္ဆာန်တို့သည် မိမိ တစ်ကိုယ်ကောင်းကိုတည်ဆောက်လျက် သူတစ်ပါး တစ်ကိုယ်ကောင်းကို ဖျက်ဆီးပစ်လေ့ရှိကြ၏။

ဘေးကို ဘေးဟူ၍ သိတတ်သောလူသားတို့သည်ကား မိမိ၏ တစ် ကိုယ်ကောင်းကို စွန့်လွှတ်၍ သူတစ်ပါးတစ်ကိုယ်ကောင်းကို စောင့်

www.dhammadownload.com

ရှောက်ပေးလေ့ရှိကြ၏။ ဤသည်မှာ လူနှင့် တိရစ္ဆာန်တို့၏ ကွာခြားချက်တည်း။

တိရစ္ဆာန်တို့သွားလမ်းသည် ဒုစရိုက်လမ်းဖြစ်ပြီး၊ လူသားစစ်စစ်တို့၏ သွားလမ်းကား သုစရိုက်လမ်းဖြစ်၏။ ထို့ကြောင့် လူစိတ်ရှိသော လူသားစစ်စစ်ဖြစ်ချင်လျှင်-

(၁) သူတစ်ပါးတို့အပေါ် ရက်ရောမှု၊ ပေးကမ်းစွန့်ကြဲခြင်း ဒါနဖြင့် မိမိ၏တစ်ကိုယ်ကောင်း စိတ်ထားကို ဖယ်ရှားပစ်ရမည်။

(၂) သူတစ်ပါးတို့ကို လုယက်ခြင်း၊ သတ်ဖြတ်ခြင်း စသည့် သူ့ကောင်းစားရေး တားမြစ်နေသော တစ်ဖက်သတ်စိတ်ကိုလည်း သီလဖြင့် ဖယ်ရှားပစ်ပေးနေရမည်။

*မဟာဗောဓိမြိုင်ဆရာတော်*
*(ဝနဝါသီဥဒေယျဓမ္မသာမိထေရ်)*

## ကျွန်ုပ်နှင့်သေဘေးသုံးခု

ပထမဆုံးကြုံရသော သေဘေးမှာ ကျွန်ုပ် မိခင်ဝမ်းမှ မကျွတ်ရသေးခင် အခါကပင် ဖြစ်ပါ၏။ ကျွန်ုပ် မိခင်ဝမ်းထဲရောက်၍ (၈)လသားခန့်ပင်ရှိပါသေးသည်။ တစ်နေ့တွင် မိခင်သည် ကျွန်ုပ်ကိုယ်ဝန်ကြီးဖြင့် ဈေးမှ အိမ်သို့ပြန်အလာတွင် လှည်းကျင့်နေသော မြင်းသိုးတစ်ကောင် လွတ်လာပြီး မယ်တော်နှင့် ပက်ပင်းတိုးပါတော့သည်။

ကိုယ်ဝန်နေ့စေ့လစေ့ကြီးနှင့် မိခင်မှာ ရုတ်တရက်ရှောင်ရှား မပြေးနိုင်တော့သဖြင့် လမ်းဘေးမှ ဝင်းထရံကိုကပ်ပြီး သရဏဂုံသုံးပါးကိုသာ ရွတ်ဆိုနေနိုင်တော့သည်။ မြင်းသိုးကား သူ့ကို နာကျင်အောင် ရိုက်နှက်ကာ လှည်းကျင့်ပေးကြသူများအပေါ် ဖြစ်နေသော ဒေါသကို မိခင်အပေါ် အားလုံးပုံချလိုက်သည့်အလား ချက်ချင်း နောက်ပြန်လှည့်၍ ခြေနှစ်ချောင်းဖြင့် အားကုန်စုန်ကန်ပါတော့သည်။

ကျွန်ုပ်တို့သားအမိကား ကံကြီးပေစွ။ မြင်း၏ ခန့်မှန်းချက်သည် အနည်းငယ်လွဲသွားကာ မိခင်၏ဘေးမှ ဝန်းထရံကိုသာ ခုနစ်ချက် ရှစ်ချက်ခန့်ကန်ပြီး ထွက်ပြေးသွားပါတော့သည်။ ဝါးဝင်းထရံကြီးတစ်ခုလုံး စုတ်ပြတ်ကာပြိုလဲသွားသည်။ မိခင်ကား မြင်းထွက်သွားမှပင် အသက်ရှူနိုင်ရှာပါတော့သည်။

www.dhammaransi.com

ဒုတိယအကြိမ်ကား ရှေ့တွင် ဖော်ပြခဲ့ပြီးသော အခါလည်သား အရွယ်က စက်ဘီးပေါ်မှ လိမ့်ကျခဲ့ခြင်းဖြစ်ပါ၏။ တတိယအကြိမ်ကား ကျွန်ုပ် ဆယ်နှစ်သားအရွယ်ခန့်တွင် ဖြစ်ခဲ့သည်။ တစ်နေ့တွင် ကျွန်ုပ်တို့ ရပ်ကွက်အလယ်မှရေတိုင်တွင် ရေထမ်းရန်အတွက် ညီအစ်ကိုနှစ်ယောက် အလှည့်စောင့်နေစဉ်ပင် ဖြစ်ပါ၏။

ထိုအချိန်က ကျွန်ုပ်တို့ရပ်ကွက်တွင် ရေရှားပါသည်။ ရပ်ကွက် အလယ်မှ တုံကင်ကိုသာ တစ်ရပ်ကွက်လုံး အားထားနေရသည်။ အိမ်ခြေ တစ်ထောင်ခန့်တွင် ကိုယ်ပိုင်အဝီစိတွင်း တူးနိုင်သူဟူ၍ သုံးဦးခန့်သာ ရှိသည်။ ယခုအချိန်တွင်ကား အဝီစိတွင်းတူးနိုင်သူများလာ၍ ရေလည်း ပေါ်နေပါပြီ။

ထိုနေ့က တုံကင်အလှည့်စောင့်နေစဉ် မြင်းလှည်းတစ်စီး ခပ်သွက် သွက်မောင်းလာသည်။ မြင်းလှည်းဘီးများကို လှမ်းကြည့်ရင်းဖြင့် ကျွန်ုပ် စိတ်ထဲတွင် အတွေးတစ်ခုပေါ်လာသည်။ မြင်းလှည်းဘီးကို ငါ့လက်နဲ့ဆွဲဖမ်း လိုက်ရင် မြင်းလှည်းဟာ ရုတ်တရက်ရပ်သွားမှာပဲဟူသော အတွေး၊ ဘယ်၍ ဘယ်မျှ အဓိပ္ပာယ်မရှိလိုက်ပါသနည်း။

ဆယ်နှစ်သားတစ်ယောက်၏ ကြမ္မာငင်သောအတွေးဟုပင် ဆိုရ ပါတော့မည်။ ကျွန်ုပ်ကား ကိုယ့်အတွေးကို လက်တွေ့အကောင်အထည် ဖော်ရန်အတွက် လမ်းဘေးသို့သွား၍ မြင်းလှည်းဖြတ်အလာကို စောင့် နေပါပြီ။ ရေခပ်နေကြသောလူကြီးလူငယ်များကလည်း ကျွန်ုပ် လမ်းနား ကပ်သွားသည်ကို သတိမထားမိကြ။

သတိထားမိသူများကျတော့လည်း ကျွန်ုပ်စိတ်ထဲက မိုက်ကန်းသည့် အတွေးအခေါ်ကို မသိနိုင်ကြ။ သို့အတွက် ဒီအတိုင်းသာ ကြည့်နေကြ သည်။ ကျွန်ုပ်ကား မြင်းလှည်းဘီးကျွန်ုပ်ရှေ့ရောက်သည်နှင့် လက်နှစ်ဖက် ဖြင့် ဆုပ်ဆွဲလိုက်ပါတော့သည်။ ကံ၏သဘောကား အံ့သြစရာ ကောင်း ပေစွ။

တကယ်ဖြစ်သွားရမည်က အရှိန်ဖြင့်လည်နေသောဘီးသည် ကျွန်ုပ် ခန္ဓာကိုယ်ကို ဆောင်ယူသွားပြီး မြေကြီးပေါ်ရိုက်ချကာ ဖြတ်နင်းသွားရ မည်ဖြစ်သည်။ သို့သော် ယခုကား ထိုသို့မဟုတ် ကျွန်ုပ်ခန္ဓာကိုယ်သည် ဘီးနှင့်အတူပါသွားပြီး ဘီးမှလွတ်ကာအရှိန်ဖြင့် ဝါးတစ်ရိုက်လောက်ထိ မြင့်တက်သွားကာ အမှိုက်ပုံကြီးတစ်ပုံပေါ်သို့ ကြောင်ကျကျ သွားပါ တော့သည်။

www.dhammaransi.com

ရေခပ်နေကြသော လူကြီးလူငယ်တစ်စု၏ အော်ဟစ်လိုက်သော အသံကား တစ်ရပ်ကွက်လုံးပင် **ကြားလိုက်ရသလားဟု** အောက်မေ့လိုက်ရသည်။ ကမ္ဘဝိပါကော အစိန္တိယော၊ ကံ၏အကျိုးပေးကား မကြံစည်နိုင်လောက်အောင်ပင် အံ့ဩစရာကောင်းလှသည် မဟုတ်ပါလား။

ကျွန်ုပ်ကား ဘာဒဏ်ရာမှမရလိုက်ဘဲ ကောင်းကင်ခရီးတွင် လေဟုန်စီးလိုက်ရသဖြင့် ကိုယ့်လုပ်ရပ်ကို အန္တရာယ်ရှိသော အလုပ်ဟုပင် မထင်ခဲ့ပါ။ သိတတ်လာသောအရွယ်ကျမှပင် ၉၉ ရာခိုင်နှုန်း သေဖို့ရာနီးသော အလုပ်ကြီးဟူ၍ သိလာရပါသည်။

သေတွင်းမှလွတ်ခဲ့ရခြင်း၏ အကြောင်းများကို တွေးခေါ်ကြည့်သောအခါ ငါးပါးသီလ၊ သရဏဂုံနှင့် အနန္တငါးပါး ဘုရားရှိခိုးတို့ကို သွားအမှတ်ရမိသည်။ မိခင်သည် ငယ်စဉ်ကစ၍ ငါးပါးသီလ လုံအောင် ထိန်းခဲ့သည်။ သူ၏သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့ကိုလည်း လုံအောင်ထိန်းစေသည်။ အထူးသဖြင့် သူတစ်ပါးအသက် သတ်ဖြတ်မှုကို ကြပ်ကြပ်တည်းတည်း တားမြစ်သည်။ မိခင်၏ သီလလုံခြုံပုံနှင့်ပတ်သက်၍ ကျွန်ုပ် ဝတ္ထုတစ်ပုဒ် ရေးဖူးသည်။ အလျဉ်းသင့်သောနေရာတွင် ထည့်သွင်းဖော်ပြပါမည်။

သူတစ်ပါးအသက်ကို မသတ်ခဲ့သော သီလတန်ခိုးကြောင့် ကျွန်ုပ်တို့သားအမိနှစ်ယောက် သေဘေးမှ အကြိမ်ကြိမ်အခါခါ လွတ်ခဲ့ခြင်းဟု ယုံကြည်ပါသည်။ ယောကျ်ားလေးတစ်ယောက်၏ ငယ်ရွယ်စဉ်ဘဝကား လေးခွနှင့်ကင်းသူ အင်မတန်မှ ရှားပါသည်။ ကျွန်ုပ်အတွက်ကား ခြွင်းချက်ထားရပါမည်။

ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်စလုံး လေးခွကို လုံးလုံးမကိုင်ဘူးကြ။ မည်မျှထိ လေးခွနှင့်ပတ်သက်၍ ဗဟုသုတ မရှိပါသနည်းဆိုလျှင် လေးခွဖြင့်ပစ်လိုက်သော လောက်စာလုံးသည် မည်မျှလောက်အဝေးထိ ပြေးသည်ကိုပင် မမှန်းဆတတ်ခြင်း ဖြစ်ပါ၏။ ထိုမျှဗဟုသုတနည်းသည့်အတွက် မျက်လုံးတစ်ဖက်ကန်းဖို့ပင် ဖြစ်ခဲ့ရပါသေးသည်။

## ကျွန်ုပ်နှင့်လေးခွ

တစ်ခါတွင် ကျွန်ုပ်တို့ရပ်ကွက်ထဲမှ လှပြုံး အမည်ရှိ ကောင်လေးတစ်ယောက်နှင့် ကျွန်ုပ်တို့အိမ်ရှေ့ လမ်းမကြီးတွင် ဆော့ကစားနေမိသည်။ ထိုအချိန်က ကျွန်ုပ်အသက်သည် ဆယ်နှစ်သာသာရှိသေးသော်လည်း လှပြုံး ကား ၁၄ နှစ်သားခန့်ရှိပြီမို့ ကျွန်ုပ်ထက် သိတတ်နေပါပြီ။

www.dhammadownload.com

ကျွန်ုပ်စိတ်ဝင်စားနေမိသည်က လှပြုံးလက်ထဲမှလေးခွ၊ ပစ်ကြည့်ချင်တာတော့မဟုတ်။ လေးခွဖြင့်ပစ်လျှင် လောက်စာလုံးသည် မည်၍မည်မျှ ဝေးသည်အထိ ပြေးသည်ဆိုသည်ကို အရဲစွန့်ကာ စမ်းကြည့်ချင်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် လှပြုံးနှင့် ပေနှစ်ရာလောက်အကွာတွင် သွားရပ်ကာ-

"ကိုလှပြုံး ခင်ဗျားလေးခွနဲ့ ကျွန်တော်ကို လှမ်းပစ်ကြည့်စမ်းပါ။ ဒီလောက်အဝေးကြီးထိ ခင်ဗျားလောက်စာလုံးက ရောက်ပါ့မလား"

လှပြုံးက ကျွန်ုပ်ကို သနားစရာသတ္တဝါတစ်ကောင်လို လှမ်းကြည့်ကာ-

"ဟော့...စိုးမြင့်၊ မင်းအ,လှချည်လား။ နောက်ထပ်နှစ်ပြန်လောက် နောက်ဆုတ်ဦး၊ လောက်စာလုံးကရောက်တယ်။"

သားရေပင်၏ပစ်အားသည် လက်ဖြင့်ပစ်သည်ထက် လေးငါးပြန်လောက်ပိုပြီး ရောက်နိုင်သည်ဆိုသည်ကို လေးခွတစ်ခါမှ မပစ်ဘူးသော ဆယ်နှစ်သားကျော်ကျော်သာရှိသေးသော ကျွန်ုပ်ဦးနှောက်က ဉာဏ်မမီ၊ ထို့ကြောင့်လည်း-

"ခင်ဗျား လျှောက်လိမ်ပြောနေတာပါ။ ကျွန်တော့်ဆီ မရောက်နိုင်ပါဘူး။ ရောက်ရင် အခုပစ်ဗျာ"

"ဟော့ကောင်၊ မင်းမျက်လုံးထွက်သွားမှာ မကြောက်ဘူးလား၊ ငါ တကယ်ပစ်လိုက်မယ်နော်"

"ခင်ဗျား ဖြီးကြီးပါ၊ တကယ်ရောက်တယ်ဆို အခုပစ်ဗျာ... ကျွန်တော်မရှောင်ဘူး"

ကျွန်ုပ်စကားကြောင့် လှပြုံး စိတ်တိုသွားဟန်တူသည်။ လောက်စာလုံးကိုထည့်၍ ကျွန်ုပ်မျက်နှာကိုချိန်ကာ ပစ်ထည့်လိုက်ပါတော့သည်။ ကျွန်ုပ်ကား ပြောထားသည့်အတိုင်း တကယ်ပင်မရှောင်။ သတ္တိရှိလွန်း၍ကားမဟုတ်။ လောက်စာလုံး တကယ်ရောက်လာမည် မထင်သောကြောင့်ပင်။

လောက်စာလုံးကား ကျွန်ုပ်နားထင်ဘေး လက်တစ်လုံးအလိုမှ အရှိန်ဖြင့် ဖြတ်သွားကာ နားရွက်ဖျားကိုပင် ရှပ်မှန်သွားပါသေးသည်။ ထိုအခါကျမှ ကျွန်ုပ်အသည်းထဲတွင် အေးကနဲဖြစ်သွားကာ ထိတ်သွားမိပါသည်။ မျက်စိသာတည့်တည့်မှန်ခဲ့လျှင် မတွေးဝံ့စရာ။ ကျွန်ုပ်ကား မျက်စိတစ်လုံးနှင့်ရင်း၍ လောက်စာလုံး၏အဝေးနှုန်းကို စူးစမ်းခဲ့ခြင်း မဟုတ်ပါလား။

www.dhammaransi.com

## သရဲမကြီးလက်ထဲက ကျွန်ုပ်

ကျွန်ုပ်အသက်မသေအောင် စောင့်ရှောက်ခဲ့သော တရားတို့တွင် ငါးပါးသီလအပြင် သရဏဂုံနှင့် အနန္တငါးပါးဘုရားရှိခိုးလည်း အဓိက နေရာမှ ပါဝင်နေခဲ့သည်။ ၂၅ နှစ်ကျော်ကဖြစ်ခဲ့သောဖြစ်ရပ်တစ်ခုကို ကျွန်ုပ်ကား ယခုအချိန်ထိ ရှင်းရှင်းလင်းလင်း မြင်နေရတုန်းပဲ ရှိသေး သည်။

သာမန်အိပ်မက်တစ်ခုဆိုလျှင်တော့ (၂၅)နှစ်ကျော်ကာလက တိုက် စားသွားသောကြောင့် ပါးလွှာမှုန်ဝါးပြီး ပျောက်ပျက်သွားသင့်ပါပြီ။ ယခု ကား ထိုသို့မဟုတ်။ ယခုပင်ဖြစ်ပြီးကာစလို ခံစားနေရသည်။ ထိုနေ့က ကျွန်ုပ်တို့တစ်အိမ်ကျော်မှ ဝက်သားရောင်းသော အမျိုးသမီးကြီး တစ် ယောက် သေဆုံးသွားသည်။ အသားမည်းမည်း၊ ပါးစပ်ပြဲပြဲ၊ မျက်လုံး ပြူးပြူးဖြင့်ရှိသော ထိုအမျိုးသမီးကြီးကား မသေမီကပင် ကြောက်စရာ ရုပ်အဆင်းရှိသည်။ ပါးစပ်ကလည်း သားစိမ်းသည်ဟု မဆိုရ၊ ကြမ်းတမ်း လှပါသည်။

ကျွန်ုပ်ကား တပို့တွဲလမွေးသူ ဖြစ်သောကြောင့် အအေးကြိုက် သည်။ ထို့ကြောင့် နွေခါဆိုလျှင် အိမ်အပြင်တွင် ကုတင်တစ်လုံးနှင့် တစ်ယောက်တည်းအိပ်လေ့ရှိသည်။ ထိုညကတော့ အသုဘရှိနေသဖြင့် အိပ်ယာဝင်ခါနီးတွင် မိခင်က-

"သားကြီး၊ ကြောက်တတ်ရင် ဒီည အိမ်ထဲဝင်အိပ်ပါလား။

"မကြောက်ဘူးအမေ၊ ကျွန်တော် အမေသင်ပေးထားတဲ့ သရဏဂုံ အနန္တငါးပါးဘုရားရှိခိုး ရနေတာဘဲ၊ ဘာမှမကြောက်ပါဘူး။"

"ဟုတ်သားပဲ။ ဘာမှမကြောက်နဲ့သားကြီး၊ အဲဒီသရဏဂုံနဲ့ အနန္တ ငါးပါးဘုရားရှိခိုးရတဲ့သူကို ဘယ်တစ္ဆေသရဲမှ ဒုက္ခမပေးနိုင်ဘူး။"

မိခင်၏အားပေးမှုကြောင့် ကျွန်ုပ်မှာ ပိုမို၍ပင် အားတက်သွားခဲ့ သည်။ သို့နှင့် ဩကာသဘုရားရှိခိုးပြီး ခေါင်းချလိုက်ရာ ကလေးပီပီ ခဏ နှင့် အိပ်ပျော်သွားပါသည်။ အချိန်ဘယ်မျှလောက် ရှိပြီဆိုသည်ကိုတော့ ကျွန်ုပ် မမှန်းဆတတ်။ ရုတ်တရက် ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံး လေထဲ မြောက်တတ်သွားသလို ခံစားရသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်ရာ-

ထူးဆန်းပေစွ၊ မနက်ကမှ သေသွားသော ဝက်သားသည်မကြီး သည် ကျွန်ုပ်အင်္ကျီစကို ဂုတ်မှကိုင်၍ ဆွဲတင်လိုက်ခြင်းပါတကား။ သူမ ၏ အရပ်ကြီးကလည်း ကျွန်ုပ်တို့အိမ်ထောက်ဖက် သုံးဆလောက်မြင့်နေ

ပါသေးသည်။ ထိုသို့ ညာလက်ဖြင့် ဆွဲယူပြီးသည်နှင့် ဘယ်ဘက်လက်ဝါး ပေါ်တင်ပေးကာ ကျွန်ုပ်ကို သေချာကြည့်နေပါသည်။

ဒီမိန်းမကြီးဟာ မနက်ကတည်းက သေပြီးပြီဆိုတော့ သရဲဖြစ်ရမယ်။ ဒီတော့ ငါ့ကို ဒုက္ခမပေးနိုင်အောင် အမေသင်ပေးထားတဲ့ သရဏဂုံနဲ့ အနန္တငါးပါးဘုရားရှိခိုးကို ရွတ်ရမယ်ဟု ကျွန်ုပ် ချက်ချင်းအတွေး ပေါက်သွားသည်။ ထို့ကြောင့် ထိုမိန်းမကြီး၏မျက်နှာကို ဆက်ကြည့်မနေတော့ဘဲ မျက်စိမှိတ်ကာ သရဏဂုံနှင့် အနန္တငါးပါးကို ရွတ်ဆိုရှိခိုးလိုက်သည်။

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဓမ္မံသရဏံ ဂစ္ဆာမိ
သံဃံသရဏံ ဂစ္ဆာမိ
ဗုဒ္ဓဂုဏောအနန္တော
ဓမ္မဂုဏောအနန္တော
သံဃာဂုဏောအနန္တော
မာတာပိတုဂုဏောအနန္တော
အာစရိယဂုဏောအနန္တော
အနန္တော အနန္တငါးပါးတို့ကို ရိုသေစွာ၊ နမာမိ ရှိခိုးပါ၏။

ကျွန်ုပ်၏ဘုရားရှိခိုးဆုံးသည်နှင့် ဝက်သားသည်မကြီးသည် ကျွန်ုပ်ခန္ဓာကိုယ်ကို အသာအယာကိုင်ပြီး အိပ်ရာပေါ်ပြန်လှဲပေးလိုက်ရာ ကျွန်ုပ်ကား အကြောက်အလန့်မရှိ ချက်ချင်းပြန်အိပ်ပျော်သွားသည်မှာ မိုးလင်းသည်အထိပင် ဖြစ်ပါတော့သည်။

မိမိမှာ အားကိုးရမည့်အရာရှိနေလျှင် ဘာမှ ကြောက်စရာမလိုဟူသော အတွေးအခေါ်ကို ထိုဆယ်နှစ်သားအရွယ်မှစ၍ ကျွန်ုပ် ရခဲ့သည်ဟု ဆိုရပါလိမ့်မည်။ ဤနေရာ၌ ကမ္ဘာသကတာ သမ္မာဒိဋ္ဌိ အမြင်မှန်ရှိသူနှင့် မရှိသူတို့၏ ထူးခြားချက်ကြီးနှစ်ခုကို လက်တွေ့ဖြစ်ရပ်တို့နှင့်တကွ စိတ်ဝင်စားဖွယ်ရာ တင်ပြချင်ပါသည်။

www.dhammaransi.com

## အခန်း (၃)
## အမြင်မှန် ၅ မျိုး

အမြင်မှန် ၅ မျိုးကို ဦးစွာသိဖို့လိုအပ်သဖြင့် အကျဉ်းချုပ်ဖော်ပြပါဦးမည်။ ထိုငါးမျိုးမှာ ကုသိုလ်လုပ်လျှင် ကောင်းကျိုးခံစားရမည် အကုသိုလ်လုပ်လျှင် မကောင်းကျိုးခံစားရမည်ဟု ပြတ်ပြတ်သားသား မြင်သောအမြင်ကို ကမ္မဿကတာ သမ္မာဒိဋ္ဌိအမြင်မှန်ဟု ခေါ်သည်။

ခန္ဓာငါးပါးရုပ်နာမ်တရားကို ငါစွဲ၊ သူစွဲ၊ သက္ကာယဒိဋ္ဌိပျောက်အောင် ရှုမြင်နိုင်ခြင်းကို ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်မှန်ဟုခေါ်ပါသည်။ မဂ်ဉာဏ်ရခြင်းကို မဂ္ဂသမ္မာဒိဋ္ဌိအမြင်မှန်၊ ဖိုလ်ဉာဏ်ရခြင်းကို ဖလသမ္မာဒိဋ္ဌိအမြင်မှန်၊ ရပြီးမဂ်ဖိုလ်နှင့်ပယ်ပြီး မပယ်ရသေးသော ကိလေသာများကို ပြန်လည်ဆင်ခြင်ခြင်းကို ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ အမြင်မှန်ဟု ခေါ်သည်။

ထို ၅ ပါးတို့တွင် ဗုဒ္ဓဘာသာဖြစ်သည်နှင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမြင်မှန်ကို ရရှိပြီးသား ဖြစ်နေပါပြီ။ ကျန်လေးပါးတွင်လည်း ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်မှန်ကိုရသည်နှင့် မဂ္ဂ၊ ဖလ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိအမြင်မှန်တို့ကို အလိုလိုရလာရမည် ဖြစ်ပါသည်။ ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်မှန်ရဖို့အတွက် ဝိပဿနာယာနိကကျမ်းကြီးကို ရေးသားရန်လည်း ဆုံးဖြတ်ထားပါသည်။

မယ်တော်သည် သူကိုယ်တိုင် ငါးပါးသီလ လုံအောင်စောင့်ရှောက်သလို သားသမီးများကိုလည်း ထို့အတူ စောင့်ရှောက်စေခဲ့သည်။ ကျွန်ုပ်တို့အား အဒိန္နာဒါနနှင့်ပတ်သက်၍ ဆုံးမသော မယ်တော်၏ စကားစုကို လေ့လာကြည့်ပါ။

www.dhammaransi.com

ဆင်းရဲခြင်းအကြောင်းနှစ်ပါး

"သားတို့သမီးတို့ သူတစ်ပါးဥစ္စာကို ဘယ်တော့မှ မခိုးနဲ့၊ မတရား မယူနဲ့၊ သူ့ဥစ္စာခိုးယူတဲ့သူများ သေတဲ့အခါ အပါယ်လေးပါးကျရတယ်။ အပါယ်ကလွတ်လို့ လူဖြစ်ရင်လည်း ဆင်းရဲနွမ်းပါးတဲ့အမျိုးမှာ ဖြစ်ရ တယ်။ ဒါနမရှိတဲ့သူလည်း ဆင်းရဲတယ်။ သူ့ဥစ္စာခိုးခဲ့တဲ့သူလည်း ဆင်းရဲ တယ်။ ဒါနမရှိလို့ဆင်းရဲတဲ့သူက ကြိုးစားပြီး ရှာဖွေရင် မချမ်းသာ တောင် စားလောက်ရုံတော့ရသေးတယ်"

"သူ့ဥစ္စာခိုးလို့ ဆင်းရဲသူကတော့ ဘယ်လောက်ကြိုးစားရှာရှာ စားလောက်ရုံတောင်မရဘဲ ဝေါ်ပြတ်နေရတတ်တယ်။ မရှိမဲ့ရှိမဲ့ ပစ္စည်း ဥစ္စာလေးကိုလည်း မီးလောင်၊ ရေမျော စတဲ့ ရန်သူမျိုးငါးပါးကြောင့် ပျက်စီးရတတ်တယ်။ သူတစ်ပါးဥစ္စာခိုးယူတဲ့အခါ ပိုင်ရှင်မသိလို့ တရား ဥပဒေအရအရေးမယူနိုင်ပေမယ့် ဘုရားဥပဒေအရတော့ မလွတ်နိုင်ဘူး။ အခုပြောခဲ့တဲ့ ဆိုးကျိုးတွေကို ဘဝအဆက်ဆက်ခံစားရမယ်"

ခမည်းတော်ကြီးကလည်း မယ်တော်ကြီးနည်းတူ စာရိတ္တနှင့်ပတ် သက်၍ ဆုံးမဖူးသည်မှာ -

"သားတို့သမီးတို့ ဥစ္စာပစ္စည်းသာ ဆင်းရဲရင် ဆင်းရဲပါစေ၊ စာရိတ္တ ကတော့ ဘယ်တော့မှမဆင်းရဲစေနဲ့၊ ဥစ္စာပစ္စည်းဆင်းရဲတာက ဒီဘဝ တင်ပါ၊ နောက်ဘဝထိလိုက်ပြီး ဒုက္ခမပေးနိုင်ပါဘူး။ စာရိတ္တဆင်းရဲပြီ ဆိုရင်တော့ အခုဘဝမှာလည်း အရှက်ကွဲမယ်၊ နောက်ဘဝမှာလည်း အပါယ်ကျပြီး ကိုယ်ကျိုးနည်းမယ်"

"စာရိတ္တဆင်းရဲတဲ့သူကို မသေခင်က ပုပ်နေသူလို့ခေါ်တယ်။ သေမှ ပုပ်သူကိုတော့ မြေကြီးထဲမြှုပ်လိုက် ပြီးတာပဲ။ မသေခင်က ပုပ်တဲ့သူကို တော့ မြေမြှုပ်လည်းမရတော့ သူ့အပုပ်နံ့ဟာ သူသွားလေရာ နောက်က လိုက်နေတော့ ပတ်ဝန်းကျင်သာမက သူ့သားသမီးအစဉ် အဆက်ကိုပါ ဒုက္ခပေးတယ်။ ဒါ့ကြောင့် မသေခင်မှာ မပုပ်ပါစေနဲ့၊ မသေခင်မှာ မပုပ်ဖို့ဆိုရင် စာရိတ္တမဆင်းရဲအောင် အထူးဂရုစိုက်ကြရမယ်။"

၎င်းအဆုံးအမတို့ကို ရထားသောကြောင့်လည်း ကျွန်ုပ်တို့ မောင် နှမတစ်စုမှာ စာရိတ္တအရာတွင် ရပ်ကွက်ထဲ၌ စံပြပင်ဖြစ်ခဲ့ကြသည်။ ကိုရင်ဝတ်သောအခါတွင် ကျွန်ုပ်တို့၏စာရိတ္တချမ်းသာပုံကို ဥပဇ္ဈာယ် ဆရာတော်ကိုယ်တိုင် ချီးကျူးခဲ့သည်။ ၎င်းအဖြစ်အပျက်ကို ကိုရင်ဘဝ ရောက်ချိန်ကျမှ အနည်းငယ်ဖော်ပြပါမည်။

www.dhammadownload.com

ကျွန်ုပ်သည် မယ်တော်နှင့်တူပြီး မှတ်ဉာဏ်အလွန်ကောင်းသော ကြောင့် သူငယ်တန်းမှ နှစ်တန်းထိ ပညာရည်ထူးချွန်ဆုများ အမြဲတမ်း ရခဲ့သည်။ စာကျက်ဉာဏ်ကား သာမန်အလတ်စားအဆင့်လောက်သာ ရှိပါသည်။ ပညာရည်ချွန်ဆုများ ကျွန်ုပ်ရရာ၌ တခြားဆုရကလေးများ လို နေ့ည မနားမနေ ကြိုးစားသောကြောင့် မဟုတ်ပါ။

တခြားဆုမရသော ကလေးများကဲ့သို့ စာသင်ချိန်သင်၊ ကစားချိန် ကစားပါသည်။ သူတို့ထက်ပိုပြီးတော့ မကျက်မှတ်ပါ။ သို့ပါလျက် စာမေးပွဲဖြေသည့်အခါ ပထမချည်း ရနေပါသည်။ ဇွန့်နေသောကြိမ်လုံး အောက်တွင် ကစားချိန်ပင်မရဘဲ ခန္ဓာကိုယ်ချိန်နဲ့နေအောင် ကျက်မှတ် ရသော ဆရာ၊ ဆရာမများ၏ သားသမီးများသည်ပင် ကျွန်ုပ်၏အောက် အဆင့်မှာသာ ရှိနေကြသည်။

ကျွန်ုပ်သက်သာလွယ်ကူစွာဖြင့် ပညာရည်ချွန်ဆုများ ရနေခြင်း အကြောင်းကို အသက်ကြီးသောအခါမှ တွေးမိလာပါသည်။ ထိုအကြောင်း သည် မိမိသားသမီးများကို ပညာထူးချွန်စေလိုသော မိဘတိုင်း သိထား သင့်ပေသည်။ ပထမအချက်မှာ ကျွန်ုပ်ကိုယ်တိုင် မှတ်ဉာဏ်ကောင်းခြင်း၊ ဒုတိယအချက်မှာ ခြေထောက်တစ်ဖက်မသန်မှုကြောင့် ကျွန်ုပ်ကို ခြောက်နှစ် သားကျော်ကျော်လောက်မှ ကျောင်းထားရခြင်းတို့ကြောင့် ဖြစ်ပေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အတန်းကြီးလိုမှုကြောင့် တစ်ချို့မိဘများမှာ မိမိ ကလေးများကို ငါးနှစ်မပြည့်မီမှာပင် အသက်လိမ်၍ ကျောင်းအပ်တတ် ကြသည်။

ကျွန်ုပ်ကိုယ်တွေ့အရ အင်မတန်မှ မှားယွင်းသောအချက်ပင်၊ ငါးနှစ် သားအရွယ်မှ သဘောပေါက်နိုင်သော သူငယ်တန်းစာများကို ငါးနှစ် မပြည့်သေးသောကလေးများ ဘယ်လိုမှ သဘောမပေါက်နိုင်။ ဗူးသီးနုနု အမွှေးသတ်ခံရသလို တစ်သက်လုံး ပညာရည် ချည့်နဲ့သွားနိုင်သည်။ အတန်း သားများထက် အသက် (၁)နှစ် ပိုကြီးနေသော ကျွန်ုပ်မှာ ဉာဏ်ရည်ပြည့်မီ နေသောကြောင့် ဆရာက သင်လိုက်သမျှ အလွယ်တကူ နားလည်သည်။ တခြားကလေးများ သဘောပေါက်အောင် နှစ်ခေါက်သင်ရလျှင် ကျွန်ုပ် ဆိုလျှင် တစ်ခေါက်နှင့်ပြီးသည်။

အသက် (၁)နှစ် နောက်ကျနေလိုက်ရခြင်း အကျိုးကား ကျွန်ုပ် အတွက် ကြီးမားလွန်းလှသည်။ စာကို လုံး၀မကြောက်တော့ခြင်း၊ တပင် တပန်း မကျက်မှတ်ရဘဲနှင့် သဘောပေါက်နားလည်ခြင်း၊ ပညာရည်ချွန်

www.dhammadana.com

ဆုများကို အလွယ်တကူရရှိခြင်းများကား ကျောင်းထား (၁)နှစ် နောက်ကျခြင်း၏ကောင်းကျိုးများပါတည်း။

သုံးတန်းရောက်သောအခါ ကျွန်ုပ် ပညာရည်ချွန်ဆု မရတော့။ အဘယ့်ကြောင့်နည်း။ လောကီအတန်းပညာကို စိတ်မဝင်စားတော့သောကြောင့်ပါတည်း။ အဘယ့်ကြောင့် စိတ်မဝင်စားရသနည်း။ ကိုရင်ဝတ်ချင်စိတ်ပေါက်လာသောကြောင့်ပါတည်း။ ကျွန်ုပ်သည် ငယ်ရွယ်စဉ်ကပင် စောင်ကို သင်္ကန်းဝတ်ခါ ဘုန်းကြီးလုပ်တမ်း ကစားတတ်သည်။

သုံးတန်းရောက်သောအခါ ကိုရင်ကြာကြာဝတ်ဖူးသော ဖိုးတုတ်အမည်ရှိ သူငယ်ချင်းတစ်ယောက်က-

"စိုးမြင့် မင်း... ကိုရင်အပြီးဝတ်ပါလား။ သိပ်ကောင်းတာကွ"

"ဘယ်လိုကောင်းတာလဲကွ"

"ဟာ... မင်း အစားဆို လူတွေက ဘယ်လောက်ချမ်းသာချမ်းသာ ဟင်းသုံးလေးခွက်ပဲ စားနိုင်တာ၊ ကိုရင်ဘဝမှာကတော့ နေ့ဆွမ်းစားရင် အနည်းဆုံး ဟင်းအမျိုးပေါင်း သုံးဆယ်ကျော်လောက် စားရတယ်၊ ကျောင်းမှာ ဆွမ်းကပ်တာတွေ ဘာတွေ ရှိတယ်ဆိုရင် ဆွမ်းပွဲပြီးတာနဲ့ လက်ဖက်ရည်အချိုတွေ၊ မုန့်တွေ၊ သစ်သီးတွေ စုံနေအောင် စားရတာကွ"

အစားပုပ်သော ကျွန်ုပ်မှာ ဖိုးတုတ်စကား ကြားလိုက်ရသည်နှင့် တံတွေးကို ဂွတ်ကနဲ မျိုချလိုက်မိသည်။ ရေငတ်တုန်း ရေတွင်းထဲကျဆိုသော စကားအတိုင်း နဂိုကမှ ကိုရင်ဝတ်ချင်နေသောကျွန်ုပ်မှာ ကိုရင်အဖြစ်ကို တောင့်တစိတ်ကူးယဉ်နေသည်နှင့် သုံးတန်းတွင် ပညာရည်ချွန်ဆုပင် မရတော့ပါ။ အောင်ရုံကား အောင်ပါသည်။

ဤနေရာ၌ ကျွန်ုပ်လို အစားလောဘကြီးသောပုဂ္ဂိုလ်များ ဒုက္ခမများစေရန်အတွက် ကျွန်ုပ်ကိုယ်တွေ့ ဒုက္ခများကို အရှက်ကို ဘေးဖယ်ပြီး ရေးသားပါမည်။ ကျွန်ုပ်ခမည်းတော်သည် အစားကြီးသကဲ့သို့ ကျွန်ုပ်လည်း အစားကြီးသူတစ်ယောက် ဖြစ်လာသည်။

ခမည်းတော်သည် သူကိုယ်တိုင် အစားကြီးသလို သားသမီးများကိုလည်း များများကျွေးသည်။ ဘာကိုပဲဝယ်လာလာ မကုန်နိုင် မခန်းနိုင်အောင် ဝယ်လာတတ်သည်။ လိမ္မော်သီးဆိုလျှင် ခြင်းလိုက်၊ ဖရဲသီးဆိုလျှင်လည်း လေးငါးလုံးထိ ဝယ်ကျွေးတတ်သည်။ သားသမီးများကလည်း ကောင်းသောအကျင့်သာသင်ပေးလို့ မရချင်ရှိမည်၊ မကောင်းသောအကျင့်ကား သင်ပေးစရာမလိုဘဲ အလိုလိုတတ်နေတတ်သည်။

www.dhammaransi.com

ဖရဲသီးများဝယ်လာသည့်နေ့ကဆိုလျှင် ကျွန်ုပ်တို့မောင်နှမတစ်စု ထိုင်ရာမထ စားလိုက်ကြရာ ပြန်ပင်မထနိုင်တော့သဖြင့် ထိုစားသည့် နေရာတွင်ပင် အိပ်ခဲ့ရဖူးသည်။ တစ်ခါကလည်း ရပ်ကွက်တွင်းမှ အလှူ တစ်ခုသို့ ကျွန်ုပ်အထက်မှအစ်မတစ်ယောက်နှင့်အတူ ထမင်းသွားစား ခဲ့သည်။

ဟင်းက ဝက်သားဆီပြန်၊ ကျွန်ုပ်ကား ဆယ်နှစ်သားကျော်ကျော်ခန့် သာရှိပါဦးမည်။ ထမင်းစားရုံထဲတွင် ဝက်သားဟင်းများနှင့် အားရပါးရ နယ်၍စားရာ ထမင်းပန်းကန် တော်တော်များများ ကုန်သွားသည်။ စားပြီးသည်နှင့် နေ၍မရတော့။ ကျွန်ုပ်ကား စားပိုးနင့်လေပြီ။

စားထားသည့်ပမာဏကား အသက်သေလောက်အောင်ပင် များ ပြားလှပါသည်။ သို့သော် ကျွန်ုပ်ကား သေကံပါသေးဟန်မတူ။ အလှူ မဏ္ဍပ်အတွင်းမှာပင် အန်ထွက်ကုန်သဖြင့် အစ်မဖြစ်သူက ခင်းထား သော ဖျာများဖြင့် လူမမြင်အောင် အုပ်ပေးရှာသည်။ မြန်မြန်ပြန်ပြီး အန်ထွက်သွားသဖြင့် ကျွန်ုပ် အသက်မသေခဲ့ရခြင်း ဖြစ်ပေသည်။

ကျွန်ုပ်၏အစားကြီးသော အကျင့်ဆိုးကြီးကို ကိုရင်ဝါ ခြောက်ဝါ အရ အသက် (၁၈)နှစ်သား အရွယ်ကျမှ ပယ်ဖျောက်နိုင်ခဲ့သည်။ ထို အချိန်က ကျွန်ုပ်သည် မြင်းခြံခရိုင် တောင်မြို့နယ် သာသနာ့မူလိကာ ရာမကျောင်းသစ်ကျောင်းစာသင်တိုက်သို့ ရောက်စအချိန်ပင် ဖြစ်ပါ သည်။

တစ်ရက်တွင် သူဌေးတစ်ယောက်က ကျောင်းတွင်လာ၍ ဆွမ်း ကပ်ရာ ဟိုတယ်မှာချက်သည့် စားဖိုမှူးများကိုမှာပြီး ချက်ခိုင်းရာ ပြင်ဆင် ထားသော ဟင်းဝိုင်းမှာ အမယ်စုံပြီး လက်ရာတွေက ကောင်းလွန်း လှသည်။

ယခုပင် မျက်စိထဲတွင်မြင်နေသော ဟင်းခွက်က လှပသော ပန်းကန် ပြားချပ်ကြီးပေါ်တွင် ပြင်ထားသည့် ရွှေဖရုံသီးအလုံးလိုက်နှပ်ပင် ဖြစ်ပါ သည်။ အညာနေရာမှ ဝိုက်ဖောက်ပြီးအစေ့များကို ထုတ်ပစ်ကာ အထဲ တွင် ကြက်အသည်းနှင့် အသားများကို စဉ်းကောလုပ်ပြီး အပြည့်ထည့် ထားသည်။

ရွှေဖရုံသီးကို ပေါင်းလိုက်သည်နှင့် အထဲမှအသားများမှာ အလိုလို ကျက်ပြီးသားဖြစ်သွားကြသည်။ ထိုချက်နည်းမျိုးကို ထိုတစ်ခါသာကြုံ
www.dhammaransi.com
ဖူးပါသည်။ ကျွန်ုပ်ကား ဝေသာလီဘီလူးကျသည့်အတိုင်း ဆွမ်းနှင့် ဆွမ်း

ဟင်းများကို ဗိုက်ကားအောင် စားပစ်သည့်အပြင် အချိုပွဲများကိုလည်း နှိုင်းချိန်ခြင်းမရှိ စားပစ်လိုက်ရာ ဆွမ်းကျွေးမဏ္ဍပ်မှ ကိုယ်နေသော ကျောင်းသို့ပြန်သောအခါ ခါးပင်မဆန့်နိုင်တော့ဘဲ ကိုယ်ကိုကုန်းပြီး ပြန်သွားရသည်။

ကျွန်ုပ်နေရာ ရောက်သောအခါ ဗိုက်ထဲမှ များလှသော အစား အသောက်များကြောင့် ထိုင်မရ အိပ်မရ ဖြစ်နေပါတော့သည်။ တအင်း အင်းဖြင့် ညည်းတွားရင်း အစားကြီးခြင်း၏ ဆိုးကျိုးများကို ဆင်ခြင်မိလာပါသည်။

"တကယ်တော့ လူတစ်ယောက်ဟာ အသက်ရှင်ဖို့အတွက် အစား အစာကို စားရတာပဲ၊ အစားအစာ စားဖို့အတွက် အသက်ရှင်နေတာ မဟုတ်ဘူး။ ကိုယ်နဲ့သင့်တင့်သလောက် ချင့်ချိန်ပြီးစားမယ်ဆိုရင် အစာ လည်းဆေး၊ ဆေးလည်းအစာဆိုတဲ့ စကားအတိုင်း စားသမျှဆေးဖြစ်ပြီး ကျန်းမာမယ်။"

"အခုလို မဆင်မခြင် လိုအပ်တာထက် ပိုပြီးစားလိုက်တော့ အစာ လည်းဘေး၊ ဘေးလည်းအစာ ဖြစ်ခဲ့ရပြီ။ ဒီနေ့ကစပြီး ဘေးဖြစ်အောင် ငါဘယ်တော့မှ မစားတော့ဘူး။ ၁၈ နှစ်သားအရွယ်မှစ၍ အသိတရား စောစီးစွာ ရလိုက်သောကြောင့် နောက်ထပ် အစားအစာကြောင့် ဘေး ဖြစ်မည့်အန္တရာယ်မှ ကင်းဝေးခဲ့ရပါသည်။

## အသက်ရှည်ကျန်းမာအရွယ်တင်ချင်လျှင်

ဗုဒ္ဓသည် ထူးထူးခြားခြား အစားနှင့်ပတ်သက်သော ဒေသနာတစ်ခု ဟောခဲ့ဖူးသည်။ ထမင်းတစ်ထပ်စားလျှင် ဆန်လေးပြည်ချက် ကုန်အောင် စားသော ပသေနဒီကောသလမင်းကို အကြောင်းပြု၍ ဟောကြား တော်မူခြင်းဖြစ်သည်။ ထိုမျှအစားကြီးလျှင် ကောသလမင်း၏ ခန္ဓာကိုယ် ကြီးမှာလည်း ပုံပျက်ပန်းပျက် ဝပုပ်နေမှာကတော့ သေချာသလောက် ရှိသည်။

ရေချိုးရန်အတွက် ကောသလမင်း ထိုင်လိုက်သည်နှင့် ရောမဗန်း စကောကြီးကို အလယ်ကဖောက်ပြီး စွပ်ထားသကဲ့သို့ အဆီများလှသော ဝမ်းပျဉ်းသားကြီးများက ဘေးကိုကားထွက်လျက်ရှိရာ ခေါင်းကလောင်း ပြီး ရေချိုးချလိုက်လျှင် ရေများသည် အောက်ကြမ်းပြင်ထိကျမသွားနိုင် ဘဲ ဝမ်းပျဉ်းသားနံပါးပေါ်မှာတင် လှည့်ပတ်စီးဆင်းနေသောကြောင့်

www.dhammaransi.com

ပဿေနဒီ ဝမ်းပျဉ်းသားပေါ်မှာ မြစ်ရေစီးဆင်းနေသူဟု ခေါ်ကြကြောင်း မှတ်သားရဖူးပေသည်။

ဝလွန်းသူများသည် အဆီများသောကြောင့် သူတစ်ပါးထက် ထိနမိဒ္ဓ အိပ်ချင်စိတ်အားကြီးစွာ ဖြစ်တတ်သည်။ ထို့ကြောင့်ပင် ကောသလမင်းသည် ဗုဒ္ဓထံသို့လာ၍ တရားနာတိုင်း ငိုက်မြည်းနေချိန်က များသည်။ တစ်ရက်တွင် ဗုဒ္ဓသည် တခြားတရားကို မဟောတော့ဘဲ အစားနှင့်ပတ်သက်သည့် အောက်ပါတရားကို ဟောကြားတော်မူသည်-

မနုဇဿ သဒါသတိမတော၊

မတ္တံဇာနတော လဒ္ဓတောဇနံ။

တနုကဿဘဝန္တိ ဝေဒနာ၊

သဏိကံဇီရတိ အာယုပါလကံ။

မြတ်သောမင်းကြီး အစားအစာကို အတိုင်းအရှည်သိပြီး ချင့်ချိန်စားတတ်သူဟာ-

၁။ အနာရောဂါနည်းပါးတယ်။

၂။ အိုစာတာနောက်ကျတယ် (သို့မဟုတ်) အရွယ်တင်တယ်။

၃။ အသက်ရှည်တယ်။

ဆန့်ကျင်ဘက်အားဖြင့် အတိုင်းအရှည်မသိဘဲ အစားအစာကို စားမယ်ဆိုရင်-

၁။ အနာရောဂါများတယ်။

၂။ အိုစာလွယ်တယ်။

၃။ အသက်တိုတယ်။

ထိုဒေသနာကို နာကြားရသောအခါမှပင် ကောသလမင်းသည် အစားကို တဖြည်းဖြည်းလျှော့သွားရာ နောက်ဆုံး ဆန်လေးပြည်ချက်စားရာမှ တစ်ပြည်ချက်သာ စားတော့သည်အထိ လျှော့ချပစ်လိုက်သည်။

သည်လိုနှင့် လောကီအတန်းစာကို စိတ်မဝင်စားတော့ဘဲ ကိုရင်ဝတ်ချင်နေသော ကျွန်ုပ်အား မိဘများက တောင်ပြင်ဆင်တဲတိုက်၊ ဦးစန္ဒိမာကျောင်းသို့ ဘုန်းကြီးကျောင်းသားအဖြစ် အပ်နှံပေးသည်။

ဆရာတော်သည် သာသနာရေးထက် ဆေးကုသည့်ဘက်တွင် အားသန်နေသဖြင့် ကိုရင်ကျောင်းသားများကို လက်ထောက်ကိုယ်တော်ကသာ စာသင်ပေးနိုင်သည်။ လက်ထောက်ကိုယ်တော်ကလည်း ကိုယ်ပိုင်ဉာဏ်မသုံး။ စာအုပ်ကြီးထဲအတိုင်း ကျင့်သုံးသဖြင့် ကျွန်ုပ်ပညာရေး

www.dhammaransi.com

များစွာနောက်ကျရသည်။ ၃ တန်းအောင်ပြီး ဝတ္ထု ကာတွန်းများကိုပင် ကျကျနနဖတ်နိုင်နေသည့်ကျွန်ုပ်ကို ပရိတ်ကြီး၊ သဒ္ဒါ စသည်တို့ကို သင်မပေးဘဲ သင်ပုန်းကြီးကစသင်နေသဖြင့် အချိန်တွေ အလကားကုန်ခဲ့ရသည်။

ဆရာတော်ကား ဆေးကုသည့်ဘက်တွင် ပါရမီရှင်တစ်ယောက်ဟု ပင်ဆိုလောက်ပါသည်။ ဆေးရုံများက လက်လွှတ်လိုက်ရသည့် ရင်သားကင်ဆာ၊ အနာပဆုပ်စသော အနာရောဂါများကို ပျောက်ကင်းအောင်ကုသပေးနိုင်သည်။ တစ်ခါကဆိုလျှင် ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးတစ်ဦးကိုယ်တိုင် အနာပေါက်ရောဂါတစ်ခုကို ဆေးလာကုဖူးသည်။

အနာပျောက်သွားသောအခါကျမှ သူ ပါရဂူတစ်ယောက်ဖြစ်ကြောင်း လျှောက်ထားပြီး ငွေတော်တော်များများလှူသွားခဲ့သည်။ ထိုကျောင်း၌ သုံးနှစ်ခန့် နေခဲ့ရသော်လည်း ကျွန်ုပ်ရရှိသည်က မှတ်သားစရာ စကားတစ်ခွန်းသာ၊ ထိုစကားကို ပြောခဲ့သူမှာ ဆရာတော်မဟုတ်။ အသက်ကြီးမှ သက်န်းဝတ်လာသော တောထွက်ရဟန်းတော်ကြီးတစ်ပါးသာဖြစ်ပေသည်။

မျက်စိကွယ်နေသဖြင့် ကျွန်ုပ်က အစစအရာရာ ပြုစုပေးခဲ့ရသည်။ သူပြောခဲ့သောစကားမှာ-

"မောင်စိုးမြင့်ရေ၊ လူတွေဟာ ကိုယ်နဲ့မတည့်သူရဲ့အကြောင်းကို တွေးမိတဲ့အခါ မကောင်းတာတွေချည်း ရှာကြံတွေးတတ်တယ်။ ဒါ့ကြောင့် ကြာလေ အငြိုးကြီးလေဖြစ်ပြီး လူသတ်မှုတောင်ဖြစ်တတ်တယ်။ တကယ်တော့ ပုထုဇဉ်ဆိုရင် ဘယ်သူမဆို ကောင်းတာ,ဆိုးတာ နှစ်ခုလုံး ရှိတတ်ကြတာပဲ"

"အငြိုးအာဃာတဆိုတာ မိမိကို အမြဲပူလောင်စေတယ်။ ကောင်းကျိုးမရှိတဲ့ အပိုဝန်ထုပ်ကြီးတစ်ခုကို ထမ်းထားရသလိုပဲ။ ဒါ့ကြောင့် အငြိုးအာဃာတပြေပြီး ပြန်လည်သင့်မြတ်ဖို့အတွက် ကိုယ်နဲ့ မတည့်သူရဲ့အကြောင်းတွေကို တွေးတဲ့အခါ ကောင်းတဲ့အချက်လေးတွေကိုပါ ထည့်တွေးပေးသင့်တယ်" ဟူ၏။

## အစိုးဆုံးရှင်ပြုပွဲ

၁၃၃၈ ခုနှစ်တွင် မိဘများက ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက် မောင်စိုးမြင့်နှင့် မောင်စိုးထွဋ်တို့အား မန္တလေးမြို့၊ မူလ ဇီးဘန်နီကျောင်း

www.mannmegansi.com

တိုက်၊ ပညာ့ဗိမာန်သာသနာပြုကျောင်းတွင် ဆရာတော် ဦးပညာသာမိ ကို ဥပဇ္ဈာယ်ပြု၍ ကိုရင်ဝတ်ပေးခဲ့ပါသည်။ ဤသည်ပင်လျှင် ဦးထီနှင့် ဒေါ်သိန်းရင်တို့၏ ရှင်ပြုပွဲပင်ဖြစ်ပါ၏။ အဖေ၊ အမေရှင်ပြုမည့်သား နှစ်ယောက်နှင့်မှ လူပရိတ်သတ်လေးယောက်သာ ရှိသည်။

ပရိက္ခရာအစုံ ကန်တော့ပွဲတစ်စုံ ဆွမ်းချိုင့်တစ်ချိုင့် ဒါပဲပါသည်။ သံဃာကလည်း ဆရာတော်တစ်ပါးပဲရှိသည်။ ကျွန်ုပ်တို့ရောက်မှ သံဃာ သုံးပါးဖြစ်မည်။ သင်္ကန်းဝတ်ပြီးသည်နှင့် သံဃာသုံးပါးကို မိဘများက ဆွမ်းကပ်သည်။ ဆရာတော် အနုမောဒနာတရားအကျဉ်းဟောပြီးသည် နှင့် ရှင်ပြုအလှူပွဲပြီးသွားလေပြီ။

မဏ္ဍပ်ကြီးတွေပါမှ ဆိုင်းဝိုင်းတွေပါမှ လူတွေကို ရာနဲ့ချီကျွေး နိုင်မှ ရှင်ပြုအလှူလုပ်ရတယ်ဟု ထင်နေကြသော ဗုဒ္ဓဘာသာအများစု အား ကျွန်ုပ်မိဘများက ဗုဒ္ဓအလိုကျ အရိုးဆုံးရှင်ပြုပွဲတစ်ခုကို ပြုလုပ် ပြသလိုက်ခြင်းပင် ဖြစ်ပေသည်။ ရှိလျှင်လည်း ရှိသလိုလှူနိုင်ပါသည်။

မရှိလျှင်လည်း ယခုလို ပရိက္ခရာအစုံဝယ်နိုင်ရုံဖြင့် ရှင်ပြု၍ရပါ သည်။ ဗုဒ္ဓ၏ရင်သွေးတော် ရာဟုလာရှင်ပြုစဉ်အခါတုန်းက ကျွန်ုပ်တို့ မိသားစုအလှူထက်ပင် ကျဉ်းပါသေးသည်။ ကန်တော့ပွဲနှင့် ပရိက္ခရာ တောင်မပါပါ။ ရှင်သာရိပုတ္တရာဦးစီးပြီး ကျောင်းက ပရိက္ခရာဖြင့်ပင် ရှင်ပြုပေးခဲ့သည် မဟုတ်ပါလား။

တရားပွဲတစ်ပွဲ၏ အောင်မြင်မှုကို ပရိသတ်အနည်းအများဖြင့် တိုင်းတာ၍မရ။ ဟောသည့်တရားအတိုင်း နာယူသည့်ပရိသတ်က ဘယ် လောက်ထိလိုက်နာကျင့်ကြံသလဲဟူသောအချက်ဖြင့်သာ တိုင်းတာရ သလို ရှင်ပြုအလှူပွဲတစ်ပွဲ၏ ကြီးကျယ်သောအောင်မြင်မှုကိုလည်း ပရိသတ်၊ မဏ္ဍပ်၊ ဆိုင်းဝိုင်း၊ အကျွေးအမွေးတို့ဖြင့် တိုင်းတာ၍မရ။

ရှင်ဖြစ်သွားသော သာမဏေသည် သာသနာ့တာဝန်ကို မည်မျှ ကြာအောင် ထမ်းဆောင်သွားသလဲဆိုသောအချက်ဖြင့်သာ တိုင်းတာရ မည်။ ရှင်ရာဟုလာနှင့် ကျွန်ုပ်တို့၏ ရှင်ပြုအလှူပွဲသည် ပရိသတ်၊ အကျွေး အမွေးစသော ပကာသနများမပါသော်လည်း ရှင်ရာဟုလာက ရဟန္တာ ဖြစ်ပြီး သာသနာ့တာဝန်ကို ပရိနိဗ္ဗာန်စံသည်အထိ ဆောင်ရွက်သွားခဲ့ သည်။

ကျွန်ုပ်သည်လည်း ကိုရင်ဝတ်စ (၁၃)နှစ်သားအရွယ်မှ ယခု (၃၇) နှစ်အရွယ်တိုင်အောင် စာရေး၊ စာချ၊ တရားဟော၊ တရားပြတာဝန်များ

www.dhammaransi.com

ကို အချိန်ပြည့်ထမ်းဆောင်လျက်ရှိပေသည်။ ထို့ကြောင့် ရှင်ရာဟုလာနှင့်ကျွန်ုပ်တို့၏ ရှင်ပြုအလှူပွဲသည် အောင်မြင်သောရှင်ပြုအလှူပွဲဟု သတ်မှတ်ရပါမည်။

## ကောင်းတာလည်းကျောင်းပို့ပါ

"မကောင်းကျောင်းပို့" ဟူသောစကားသည် ဗုဒ္ဓဘာသာလောကတွင် ထင်ရှားလွန်းလှသည်။ ပစ္စည်းရော လူပါ မကောင်းမှ ကျောင်းပို့တတ်ကြသည်။ ကောင်းတာပို့သည့်ပုဂ္ဂိုလ်က ရှိတော့ရှိသည်။ သို့သော် နည်းနေသည်။ မကောင်းသောပစ္စည်း ကျောင်းပို့မှုနှင့်ပတ်သက်၍ ဓမ္မကထိကဆရာတော် (၁)ပါး ဟောကြားသွားသည်ကို မှတ်မိနေသည်မှာ-

"ပရိသတ်များ မကောင်းရင်ဘာတဲ့တုန်း"

"ကျောင်းပို့ပါဘုရား"

"အင်း... လုပ်နေကျဆိုတော့၊ မပြောဘဲသိနေပြီ၊ အိမ်ထောင်စုတစ်ခုက လူတစ်ယောက် သေသွားပြီးဆိုရင် ကျောင်းကို လာလှူကြပါတယ်။ အသုဘပြင်တဲ့ ကုတင်ရယ်၊ သေသူဝတ်သွားတဲ့ ပုဆိုးတွေ၊ ထမိတွေကို ချုပ်ထားတဲ့ လိုက်ကာတွေ၊ နေရာထိုင်တွေရယ်ပေါ့၊ လျှောက်ပုံလေးကတော့ သင်းပါတယ်။"

"သေသူကုသိုလ်ရအောင် အလှူခံတော်မူပါဘုရားတဲ့။ တကယ်ကျ အဲဒီကုသိုလ်ရဖို့ ရည်ရွယ်ချက်ထက် ကြောက်လို့လှူတဲ့ ရည်ရွယ်ချက်က ပိုများတယ်။ သေသူကုသိုလ်ရအောင် သူအသုံးပြုသွားတာလေးတွေ လှူမယ်ဆိုရင် ပရိတ်သတ်များရေ သေသူဟာ လက်စွပ်ဝတ်ရင်းရော မသေဘူးလား"

"သေပါတယ်ဘုရား"

"လက်ကောက်ဝတ်ရင်းရော မသေဘူးလား"

"သေပါတယ်ဘုရား"

"ဆွဲကြိုးဆွဲရင်းရောမသေဘူးလား"

"သေပါတယ်ဘုရား"

"သေသူကုသိုလ်ရအောင်ဆိုပြီး အဲဒီလက်စွပ်တို့၊ လက်ကောက်တို့၊ ဆွဲကြိုးတို့ကျတော့ ကျောင်းကို ဘယ်သူမှမလှူကြဘူး၊ ဟုတ်လား။ ဒါကြောင့် ဒကာဒကာမအများစုက လူမပြောနဲ့ ပစ္စည်းတောင် မကောင်းမှ ကျောင်းပို့တာ"

www.dhammaransi.com

ဤနေရာ၌ သာသနာရေးကိုကြည့်ပြီး ဗုဒ္ဓဘာသာအများစုအနေဖြင့် လူတော်လူချွန် သားလိမ္မာများကိုလည်း ကျောင်းကိုပို့ပေးကြပါဟု တိုက်တွန်းချင်ပါသည်။ သာသနာ့ဘောင်မှာမြဲအောင် အားပေးစေချင်သည်။ ယခုအများစုဖြစ်နေကြသည်မှာ လူ့ဘဝမှာ သုံးမရသော အ,အ၊ အ,နသားသမီးများကိုသာ သာသနာ့ဘောင်သို့ သွတ်သွင်းပေးနေကြသည်။

သားသမီးများ အနေချောင်၊ အစားချောင်ရေးတစ်ခုကိုသာကြည့်ပြီး သာသနာမျက်နှာ၊ ဘုရားမျက်နှာကို မကြည့်ခြင်းပင်ဖြစ်ပါ၏။ လူ့ဘဝမှာ သုံးမရသောသူများသည် ရဟန်းဘဝမှာလည်း သုံးမရသည်သာ ဖြစ်ပါ၏။ သုံးမရသောရဟန်းတွေဖြင့် များပြားနေသည်ကို အတွေးအခေါ်မရှိသူအချို့က သာသနာ စည်ကားတိုးတက်နေသည်ဟု ချီးကျူးပြောကြားတတ်သည်။

အမှန်ကား သာသနာစည်ကားတိုးတက်ခြင်းမဟုတ်။ ပေါက်ကွဲထွက်ပြီး သူတစ်ပါးတံတွေးခွက်ထဲ ပက်လက်မျောဖို့ ပုပ်ပြီးယောင်ကားနေခြင်းသာဖြစ်ပါ၏။ သဒ္ဓါပဗ္ဗဇိတ လူချွန်လူမွန်ရဟန်းတော်အချို့ ရှိနေ၍သာ သာသနာတော်ကြီး ယခုအချိန်တိုင်အောင် သက်တမ်းရှည်နိုင်ခြင်းဖြစ်၏။

## နိုင်ငံအတွက်မကြည့်သော ပုဂံမင်းမယ်တော်

သာယာဝတီမင်းသည် ဆေးခတ်ခံရပြီး စိတ္တဇဝေဒနာ စွဲကပ်နေသည်။ ထိုအချိန်တွင် ထီးမွေနန်းမွေခံနိုင်မည့်သားတော် ၆ ပါးနှင့် တူတော်တစ်ပါးရှိနေသည်။ စစ်ကိုင်းမင်းခေါ် ဖလ်နန်းရှင်ခေါ် ဘကြီးတော်မင်းတရား၏သားတော် စကြာမင်းလေးခေါ် ညောင်ရမ်းမင်းသားလေးမှာ အသက် (၂၆)နှစ်အရွယ်မှာပင် မင်းအဖြစ်ကို မတန်မရာကြုံစည်သည်ဟူသော ဂုံးစကားအရ သာယာဝတီမင်းကိုယ်တိုင် ရေချပြီး သတ်ဖြတ်ပစ်ခဲ့သည်။

သို့အတွက် အလယ်နန်းမိဖုရားကဖွားသော ပြည်မင်းသားနှင့် ပခန်းမင်းသား၊ တောင်နန်းမိဖုရားခေါင် ကျပင်းမင်းသမီးမှ ဖွားသော ပုဂံမင်းသား၊ တောင်ဆောင်တော်မိဖုရားမှဖွားသော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား၊ ကိုယ်လုပ်တော်တစ်ဦးမှဖွားသော တရုတ်မော်မင်းသား စုစုပေါင်း ၆ ဦးရှိသည်။

www.dhammaransi.com

ထို ၆ ဦးထဲတွင် ထီးနန်းနှင့် မထိုက်တန်ဆုံးမင်းသားကား ပုဂံမင်းသားဖြစ်၏။ ကျောက်ရှူးရောဂါရှိသည့်အပြင် ကြက်ငှက်တိရစ္ဆာန်တိုက်ပွဲများကိုသာ ပြုလုပ်နေခြင်း၊ အပျော်အပါးလောင်းကစားလုပ်ခြင်းဖြင့်သာ အချိန်ကိုကုန်လွန်စေသူဖြစ်သည်။ ကျပင်းမင်းသမီးကား နိုင်ငံအတွက်မကြည့်။ သူ့သား အာဏာရဖို့ တစ်ခုသာကြည့်ပြီး ကျန်သည့်မင်းသားတို့ကိုသတ်၍ မျိုးဖျက်သားကိုနန်းတင်ခဲ့သည်။

မင်းတုန်းမင်းသားနှင့်ကနောင်မင်းသားတို့ပင် အရှောင်ကောင်း၍ လွတ်သွားကြခြင်းဖြစ်သည်။ ပုဂံမင်းနန်းရသည်နှင့် သံ့ပန်း မူဆလင်ကုလားများထားရာ ဗုန်းအိုရွာမှ ဘိုင်ဆပ်ကို အမရပူရမြို့ဝန် ခန့်လိုက်သည်။ သူခိုးကို ရွှေတိုက်စိုးခန့်လိုက်ခြင်း ဖြစ်ပါသည်။ တစ်နည်း ကာမရာဂသောင်းကျန်းသူကို လိင်စိတ်ကြွဆေးကျွေးလိုက်ခြင်းပါတည်း။

ဘိုင်ဆပ်အမရပူရမြို့ဝန်ဖြစ်သည်နှင့် သူ့တပည့် လူမိုက်လေးဦးကို ရာထူးကောင်းနေရာကောင်းများ ပေးထားပုံမှာ-

(၁) မြို့စာရေးမောင်ပိန်

(၂) တံခါးနီမှူးရွှေဘော်

(၃) ဈေးခေါင်းငမှုံ

(၄) ထန်းခေါင်းငရှင်ကလေး တို့ဖြစ်သည်။ သူတို့လေးယောက်သည် ဘိုင်ဆပ်ခြေတော်တင်ဖျက်ဆီးဖို့ရန် ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးပျိုလေးများကို တစ်နေ့တစ်မျိုး မရိုးရအောင် ရှာဖွေပေးကြရသည်။ သူတို့အဖွဲ့က ငွေလိုချင် ငွေ၊ ရွှေလိုချင် ရွှေ၊ သမီးပျိုလိုချင် သမီးပျိုကိုပေးကြရသည်။ အသာတကြည်မပေးလျှင် ထိုအိမ်ထဲသို့ ဘိန်းထုပ်ပစ်ချ၍ အမှုဆင်ဖမ်းကာ လိုတာရအောင် ညှင်းဆဲကြသည်။

ထို့ကြောင့် ဘိုင်ဆပ်နှင့်ပတ်သက်၍ နေပြည်တော်တွင် မကြာခဏစာချိုးကြသည်မှာ-

"မျိုးနွယ်မတူ၊ ဘယ်ကလူ
ပြည်သူပွက်အောင် ထားပါလိမ့်
ချိုးကြက်တည်ရာ တွေ့ခဲ့ပါ
ပြည်တော်ဘယ်မှာ သာပါလိမ့်"

အမရပူရမြို့သူများမှာလည်း ဘိုင်ဆပ်တို့အဖွဲ့မသိအောင် အိမ်တွင်းဝှန်းကြရသည်။ တစ်ချို့ မြို့တော်မှပင် ရှောင်တိမ်းသွားကြရသည်။ ခြောက်နှစ်နီးပါးမျှ မြို့ဝန်ရာထူးရခဲ့သော ဘိုင်ဆပ်အနေဖြင့် သူဖျက်ဆီး

ခဲ့သော မြန်မာဗုဒ္ဓဘာသာ သမီးပျိုလေးများမှာ ရာနှင့်ချီ၍ ရှိခဲ့ပေလိမ့်မည်။ ထို့ကြောင့်လည်း-

"အမရပူရ၊ ပြည်ဌာန၊
သည်အလှခက်တယ်၊
ကုလားကအားရမှ၊
လွှတ်တော်မူတယ်၊
မလွှတ်သူ ရှေးကံအကြောင်း" ဟူ၍ ထိုခေတ်မှီသူများက မှတ်

တမ်းတင်ခဲ့ကြသည်။ ဘိုင်ဆပ် မြို့ဝန်ဖြစ်ချိန်အတွင်း မြန်မာအမျိုးသမီးများကို ခြေတော်တင်ရုံတင်မက မြန်မာအမျိုးသားသုံးထောင်ခန့်ကိုလည်း ညှင်းပန်းသတ်ဖြတ်ခဲ့သည်။ *(ကုန်းဘောင်ရှာပုံတော် - ၃၁၇)*

ဘိုင်ဆပ်သည် မည်မျှလူလည်ကျသနည်းဆိုလျှင် သူ၏နာမည်ကိုပင် သူများအပေါ် စီးစီးပိုးပိုးဖြစ်အောင် မှည့်ထားသည်။ ဘိုင်ဆိုသည်မှာ ဆရာ၊ ဆပ်ဆိုသည်မှာ အရှင်သခင်။ ထို့ကြောင့် ဘိုင်နှင့်ဆပ် ပေါင်းသောအခါ ဆရာသခင်ဟု မြန်မာလို အဓိပ္ပာယ်ရ၏။ သူ့နာမည်ရင်းမည်သို့ဖြစ်ကြောင်း မည်သူမှမသိခဲ့ကြ။

တကယ်ဆိုလျှင် သူ့နာမည်ရင်းသည် အီစွတ်သော်လည်းကောင်း၊ မာမွတ်သော်လည်းကောင်း၊ ဒူလဇစ်သော်လည်း များစွာသောကုလားနာမည်များမှ တစ်ခုခုဖြစ်ရပေလိမ့်မည်။ မြန်မာတို့အပေါ် နာမည်နှင့်ပါနှိပ်စက်ခဲ့သော ကုလားတစ်ယောက်ပါပေ။

## ဦးပိန်တံတားဆောက်ခြင်းအကြောင်း

ဘိုင်ဆပ်၏လက်ထောက်မြို့စာရေးဥပိန်က တောင်သမန်အင်းကိုဖြတ်ကူးသော သစ်သားတံတားကြီးကို ဆောက်လုပ်ခဲ့သည်မှာလည်း ငွေကြေးစိုက်ထုတ်ခြင်း၊ စေတနာအရင်းခံခြင်း ရှိဟန်မတူချေ။ စစ်ကိုင်းနှင့် အင်းဝအရပ်တို့ရှိ နန်းတော်ဟောင်းများမှ သစ်များကို အခမဲ့ဖျက်ယူကာ တံတားဆောက်ခြင်းဖြစ်၏။ တောင်သမန်တစ်ဖက်တွင် ကုလားအများစုနေထိုင်ကြသည်ဖြစ်၍ ဘိုင်ဆပ်တို့က ရွှေမြို့တော်တွင် အာဏာသိမ်းလိုသောအခါ အလွယ်တကူ ထိုတံခါးမှ လာရောက်ကူညီနိုင်ရန်ဖြစ်သည်ဟုဆို၏။

*(၁၉၅၆ ခု၊ ဩဂုတ်လထုတ်၊ ယဉ်ကျေးမှုစာစောင်ပါ စမ်းယွန်းအောင် ၏ ဆောင်းပါးမှ)*

www.dhammaransi.com

မြန်မာဘုရင်၏အရေးပေးမှုကို ဘိုင်ဆပ်၏အမျိုးအဆက်ဆက်က ပြန်၍ကျေးဇူးဆပ်ကြသည်မှာ ဒုတိယကမ္ဘာစစ်မဖြစ်မီ ကာလအတွင်းတွင် ဗုံးအိုရွာမှ **ဘကြီးတော်မင်းတရားကြီး** တည်ထားခဲ့သော ပုထိုးတော်ကြီးစေတီ တော်ထိရောက်အောင် မြေအောက်မှ တစ်မိုင်ကျော်သော ဥမင်လိုဏ် ခေါင်းကြီးဖောက်၍ ဌာပနာများကို ခိုးယူကြသည်။

ပုထိုးတော်ကြီးနှင့်အတူ တခြားစေတီတော်များမှ ဌာပနာများကုန်သွားသောအခါမှသာ မြန်မာများကသိကြသည်။ နောက်ဆုံး ဘိုင်ဆပ်၏ ယုတ်မာရက်စက်ပုံများကို နတ်များကိုယ်တိုင် အိပ်မက်ပေးမှ ပုဂံမင်းကိုယ်တိုင် ဘိုင်ဆပ်နှင့်အပေါင်းအပါလေးဦးကို ကွပ်မျက်ခဲ့ရသည်။

နိုင်ငံ့အရေးကိုမကြည့်ဘဲ မိမိသား ဘုရင်ဖြစ်ရေးတစ်ခုကိုသာကြည့်လိုက်မိသော ကျပင်းမင်းသမီး၏ လုပ်ဆောင်ချက်ကြောင့် အမရပူရတစ်မြို့လုံး ကုလားရန်ကြောင့် ကြိမ်မီးအုံးသလိုဖြစ်ခဲ့ကြရသည်။ နိုင်ငံနှင့် လူမျိုး နစ်နာခဲ့ရသည်။ ကြက်တိုက်ပွဲ၊ ဆိတ်တိုက်ပွဲစသော တိရစ္ဆာန်တိုက်ပွဲများအတွက် စီစဉ်ပေးနိုင်ရုံသက်သက်မျှဖြင့် ဘိုင်ဆပ်ကို မြို့ဝန်ရာထူးပေးခဲ့သည့် ပုဂံမင်း၏အမည်းကွက်ကြီးမှာလည်း မြန်မာ့သမိုင်းတွင် ချေဖျက်၍ရမည် မဟုတ်တော့ပါ။

ဤအချက်ကို သင်ခန်းစာယူ၍ ဗုဒ္ဓဘာသာဝင် မိဘများသည် လူရည်ချွန်သားသမီးများ သာသနာ့ဘောင်မှာ ပျော်နေပြီဆိုလျှင် မြဲအောင်အားပေးသင့်ပါသည်။ သာသနာရေးကို မထမ်းဆောင်နိုင်သော စွမ်းအားမရှိသည့် သားသမီးများကိုလည်း သာသနာ့ဘောင်သို့ ဇွတ်ဆွဲ၍မသွင်းသင့်ပါ။

အဘယ့်ကြောင့်ဆိုသော် သဒ္ဓါ၊ ပညာမပါဘဲ သာသနာ့ဘောင်ရောက်လာသောသူများသည် များသောအားဖြင့် သာသနာဂုဏ် တက်အောင် မလုပ်နိုင်ကြဘဲ ဂုဏ်ပျက်အောင်သာ လုပ်တတ်သောကြောင့်ပါတည်း။ ဆက်စပ်မှုရှိ၍ အရေးကြီးသောအချက်တစ်ခုကိုဆက်၍ဆိုရလျှင် မြန်မာပြည်၌ သံဃာတော်များ စဉ်ဆက်မပြတ် ဆက်၍ဖြစ်ပေါ်နေခြင်းမှာ တောရွာကမိဘများကြောင့်သာ ဖြစ်ပါ၏။

မြို့မိဘများ၏အနေအထားအရဆိုလျှင် မြန်မာပြည်၌ သံဃာအဆက်ပြတ်၍ သာသနာပင် ကွယ်လောက်ပေပြီ။ တောရွာက မိဘများကား မိမိတို့သား ကိုရင်ဝတ်ပြီးသည်နှင့် သာသနာ့ဘောင်မှာ တစ်သက်လုံးပျော်သွားအောင် အမျိုးမျိုးအားပေးကြသည်။ မြို့ကမိဘများကား

အားပေးဖို့နေနေသာသာ သာသနာ့ဘောင်မှာပျော်နေသော သားသမီးများကိုပင် လူမထွက်ထွက်အောင် သွေးဆောင်ဖြားယောင်းကြသည်။

## ကိုရင့်မျက်ရည်ဘဝစက်

မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲတစ်သက် ဟူသော စကားပုံတစ်ခုရှိ၏။ အဓိပ္ပာယ်မှာ ကျေးဇူးကြီးလှသောမိဘနှစ်ပါးကို စိတ်ဆင်းရဲပြီး မျက်ရည်တစ်စက်ကျအောင်လုပ်မိလျှင် ထိုသားသမီးသည် တစ်သက်လုံး သျှောင်မီးထွန်းရှာသော်လည်း မကြီးပွားတော့ဘဲ တစ်သက်လုံး ဆင်းရဲရသည်ဟု ဆိုလိုပေသည်။

ယခုတင်ပြချင်သည်က ကိုရင့်မျက်ရည်တစ်စက် မိဘတစ်သံသရာ ဟူသော စကားပုံအသစ်ပင်ဖြစ်ပါ၏။ သာသနာ့ဘောင်မှာပျော်နေသော ရင်သွေးကိုရင်တစ်ပါးကို စိတ်ဆင်းရဲကာ မျက်ရည်ကျစေပြီးမှ လူထွက်အောင် လုပ်မိသောမိဘများသည် ဘဝသံသရာတစ်လျှောက်လုံး ရဟန်းဘဝရဖို့ မလွယ်တော့ပါပေ။

သက်န်းကို အရဟတ္တဓဇ ‑ အရဟတ္တဖိုလ်၏ တံခွန်ဟုခေါ်သည်။ ဆိုလိုသည်မှာ လူ့ဘဝဖြင့် တရားအားထုတ်ခြင်းထက် ရဟန်းဘဝဖြင့် အားထုတ်ခြင်းက အရဟတ္တဖိုလ်ရဖို့ ပိုမိုလွယ်ကူနီးစပ်သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။ မိမိသား ရဟန်းဘဝဖြင့် အရဟတ္တဖိုလ်ရမည်၊ မရ မည်ကို မိမိသိနိုင်သည်မဟုတ်။

သက်န်းဝတ်ဖြင့် အရဟတ္တဖိုလ်ရမည့် သားမျိုးကို မိဘက လောကီဘဝတိုးတက်ရေးတစ်ခုတည်းကြည့်ပြီး လူထွက်ခိုင်းခဲ့လျှင် သားငယ်ရရှိမည့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကုသိုလ်ကြီးကို မိဘများက ဖျက်ဆီးပစ်ရာရောက်သည်။ ပါဠိလို ပုညန္တရာယ်ဟုခေါ်သည်။ သူတစ်ပါးရရှိမည့် ကုသိုလ်ကို မရရှိအောင် အန္တရာယ်ပြုလိုက်ခြင်းဟု ဆိုလိုရာရောက်ပေသည်။

လက်တွေ့သာဓကနှစ်ခု ထုတ်ပြပါမည်။ ကျွန်ုပ်ကျောင်းတွင် မိသားစုနှစ်စုမှ ညီအစ်ကိုသုံးယောက် ရှင်ပြုခဲ့ဖူးသည်။ ပထမညီအစ်ကိုသုံးယောက်မှာတော့ တစ်ယောက်မှပါရမီရှိဟန်မတူ။ (၇)ရက်ပင် ပြည့်အောင်မနေချင်ကြ။ လူသာထွက်ချင်နေကြသည်။ အငယ်ဆုံးလေးက ပိုဆိုးသည်။ ငါးရက်နှင့်ထွက်မည် လုပ်နေသဖြင့် မိဘများက (၇)ရက်ပြည့်အောင်နေဖို့ ဖြောင်းဖျကြသည် ဘယ်လိုမှမရ။

ကိုရင့်ဘက်က အခြေအနေဆိုးလာလိုက်သည်မှာ ကိုယ်ရုံသက်န်း ကိုချွတ်ကာ အဝေးသို့ လွှင့်ပစ်လိုက်ပြီးလျှင်-

"ဒီသင်္ကန်းကြီးကို မမြင်ချင်တော့ဘူး" ဟုအော်ပြောလိုက်ရာ ဖခင် ဖြစ်သူမှာ သင်္ကန်းကို စော်ကားရပါမည်လောဟု စိတ်ဆိုးကာ ထရိုက်မည် လုပ်သဖြင့် ကျွန်ုပ်ကပင် ကြားက ဝင်တားလိုက်ရပါသည်။ ပါရမီမရှိ သည့်အတွက် အငယ်ဆုံးကိုရင်မှာ ငါးရက်နှင့်ထွက်ပေးလိုက်ရပြီး သူ့ အစ်ကိုနှစ်ပါးမှာ (၇)ရက်စေ့သည်နှင့်ထွက်သွားကြပါသည်။

နောက်တစ်ကြိမ် တွေ့ရသည်မှာလည်း သူတို့ကဲ့သို့ ညီအစ်ကိုသုံး ယောက်ပင်ဖြစ်သည်။ အစ်ကိုနှစ်ယောက်မှာ ပါရမီမရှိသဖြင့် (၇)ရက် စေ့သည်နှင့်ထွက်သွားသော်လည်း အငယ်ဆုံးကိုရင်လေးမှာ ရဟန်းဘဝ သာသနာပြုဖို့ ပါရမီရှိသူဖြစ်သဖြင့် မထွက်ပေ။ နောက် (၇)ရက် ဆက် နေသည်။

ပထမတော့ မိဘများကလည်း နွေခါကျောင်းပိတ်ရက်လည်းဖြစ် သဖြင့် အဆုံးမရ သက်သာသည်ဟု သဘောထားကာ ကိုရင်နေချင် သလောက်နေဟု ပြောပြီး ခွင့်ပေးကြသည်။ ကိုရင်လေးမှာ ပါရမီရှိသူ လေးဖြစ်သဖြင့် ဆော့ကစားခြင်းဖြင့် အချိန်ဖြုန်းနေသူလေးမဟုတ်ပါ။

ဉာဏ်ကလည်းကောင်းသဖြင့် ဘုရားရှိခိုးနှင့် ပရိတ်ကြီး (၁၁)သုတ် ကို တစ်လနှင့် ရအောင်ကျက်သည်။ တစ်နေ့ စာရေးသူကို ထိုကိုရင်လေး က လာလျှောက်သည်။

"ဆရာတော်၊ တပည့်တော် သာသနာ့ဘောင်မှာ တစ်သက်လုံးနေ တော့မှာပါ၊ အရေးကြီးတဲ့အခြေခံစာတွေကို ကုန်အောင်သင်ပေးပါ။ အခြေခံ စာတွေကုန်သွားရင် စည်းကမ်းကောင်းတဲ့စာသင်တိုက်ကြီး တစ်တိုက်ကို ပို့ပေးပါဘုရား။ တပည့်တော်မိဘတွေကိုလည်း လူမထွက်ခိုင်းအောင် ဆရာတော်ပြောပေးပါဘုရား"

ကျွန်ုပ်နေရာမှာ စာရှုသူ နေကြည့်ပါ။ ဘယ်လောက် ဝမ်းသာ အားရဖြစ်စရာ ကောင်းပါသနည်း။ ယခုလိုပါရမီရှင်မျိုးဆိုသည်မှာ တစ်ရာတစ်ယောက် ရှိခဲသည်မဟုတ်ပါလား။ သို့သော် သူ့မိဘတွေက လူမထွက်ခိုင်းအောင် ကျွန်ုပ်မစွမ်းဆောင်နိုင်ခဲ့ပါပေ။

တန်းကျောင်းဖွင့်ခါနီးသည်နှင့် ကိုရင်ကို မရမကလာပြီး လူထွက် ခိုင်းကြသည်။ အကျိုးအကြောင်းရှင်းပြသော ကျွန်ုပ်၏စကားကိုလည်း လောကီပညာရေး တစ်ဝက်တစ်ပျက် ဖြစ်နေလိမ့်မည်။ စကောစက

အရွယ်မှာ လူထွက်လာရင် ဘယ်လိုလုပ်မလဲ၊ ဘုန်းကြီးပညာဆိုတာက လူ့လောကမှာ ဘာမှလုပ်စားလို့ရတာမဟုတ်ဘူး စသော ဆင်ခြေတို့ဖြင့် ပယ်ချခဲ့ကြသည်။ ကိုရင်လေးကား ပါရမီရှင်ဖြစ်သည့်အတွက် ဘယ်လိုမှ လူမထွက်ချင်၊ ကိုရင်ဘဝဆက်နေခွင့်ပေးပါရန် ငိုယိုပြီး မိဘနှစ်ပါးကို တောင်းပန်ရှာသည်။ မိဘများကား ဘယ်လိုမှခွင့်မပေး။

မိမိတို့အပြုအမူသည် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်နေသည်ကို ဘယ်လိုမှသတိမထားမိ။ လောကုတ္တရာမင်္ဂဖိုလ်ဂုဏ်ထူးကို လောကီဘွဲ့ထူးဂုဏ်ထူးလောက် အထင်မကြီးကြသော မိဘနှစ်ပါးသည် နေ့စဉ်ကျောင်းသို့လာပြီး ကိုရင်လေးလူထွက်ရန် အချော့အခြောက် နှစ်မျိုးလုံးဖြင့် လုံးပမ်းနေကြသည်။

ကိုရင်လေးကလည်း ငါးရက်ခြောက်ရက်ထိ လူမထွက်ဘဲ တင်းခံနေသေးသည်။ ထိုရက်များအတွင်း ကိုရင်လေးကား ဆွမ်းပင်မစားနိုင်တော့ဘဲ မျက်ရည်နှင့်မျက်ခွက်သာ ဖြစ်နေပါတော့သည်။ ကျွန်ုပ်ဘဝတွင် သူတစ်ပါးအတွက် စိတ်အဆင်းရဲဆုံးသောအခါပင် ဖြစ်ပါ၏။ ထို့ကြောင့် နောက်နောင်အလှူများတွင် ကိုရင်များ သာသနာ့ဘောင်တွင် ပျော်နေပါက ဖွတ်မထွက်ခိုင်းရန် အလှူ့ရှင်မိဘများထံက ကြိုတင်ပြီး ကတိတောင်းထားရပါတော့သည်။

နောက်ဆုံးတွင် ကိုရင်လေးမှာ မျက်ရည်စက်လက်နှင့်ပင် လူထွက်သွားရပါတော့သည်။ မြို့ကမိဘများအနေဖြင့် များသောအားဖြင့် သာသနာကို အသုံးချပစ္စည်းတစ်ခုလောက်သာ သဘောထားကြသည်။ မိမိရင်သွေး သာသနာ့ဘောင်မြဲသွားမှာ လုံးဝမလိုလားကြ။ ကျွန်ုပ်တိုက်တွန်းလိုသည်မှာ သာသနာ့ဘောင်မနေလိုသော သားသမီးများကိုတော့ ဘာမှပြောရန်မလိုပါ။

ယခုကိုရင်လေးကဲ့သို့ သာသနာ့ဘောင်မြဲမြဲမည့် သားသမီးမျိုးကိုတော့ ကြည်ကြည်ဖြူဖြူခွင့်ပြုပြီး အားပေးစေချင်ပါသည်။ မင်းမျိုးဖြစ်သော သီရိဓမ္မာသောကမင်းကြီးပင် အရှင်မဟာမဟိန္ဒနှင့် သင်္ဃမိတ္တာထေရီ ဟူသော သားနှင့် သမီးကို သာသနာ့ဘောင် ဝင်ခွင့်ပြုခဲ့သည် မဟုတ်ပါလော။

## သမီးအပြစ်မှစွန့်လွှတ်ခြင်း

*ကျွန်တော်ကျွန်မတို့၏သမီး မခင်ညိုသည် မိဘစကား*
*ကိုနားမထောင်ဘဲ သိလရှင်ဝတ်ကာ ပထမကြီးတန်းအောင်*

www.dhammaransi.com

*အောင်ကြိုးစားပြီး သာသနာပြုနေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေဖြတ်စွန့်လွှတ် လိုက်ပါသည်။ မခင်ညို နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။*

*ပုံ - မိဘနှစ်ပါး*

ဤကြော်ငြာမျိုးကိုသာ ဖတ်လိုက်ရလျှင် ဟယ်... ကိုယ့်သားသမီး ကောင်းတဲ့အလုပ် လုပ်တာတောင် စွန့်ပစ်ရတယ်လို့ မိုက်လိုက်တဲ့မိဘ တွေပါလားဟု ပြောဆိုကဲ့ရဲ့ကြပေလိမ့်မည်။ ဤကဲ့သို့ သတင်းစာထဲ ကြော်ငြာမထည့်သော်လည်း ထိုမူအတိုင်း ကျင့်ကြံနေသောမိဘများကား အများပင်ဖြစ်ပါသည်။

တစ်နေ့တွင် စာတိုက်သို့သွား၍ စာမူခသွားထုတ်ယူရသည်။ ကိုယ့် ကိစ္စပြီး၍ ပြန်မည်အလုပ်မှာပင် တစ်ဖက်မှအသံများကြောင့် တုန့်ကနဲ ရပ်ကာ နားစွင့်ကြည့်လိုက်ရာ-

"ဆရာလေး ငွေထုတ်မယ်ဆိုရင် သာသနာ့နွယ်ဝင်ကတ်ပြားပါ ရဲ့လား"

"ပါပါတယ်ဒကာကြီး... ဟောဒီမှာ"

"နောက် တာဝန်ခံပြီးလက်မှတ်ထိုးမယ့် သက်သေတစ်ယောက်လို သေးတယ်"

"တစ်ယောက်မကဘူး၊ ဟောဒီမှာ သီလရှင်နှစ်ယောက်တောင် အပိုခေါ်လာတယ်"

"သက်သေလည်း မှတ်ပုံတင်ပါရမယ်"

"အဲဒါမှဒုက္ခပဲ၊ လိုက်လာတဲ့ဆရာလေးတွေက မှတ်ပုံတင်ကတ်ပြား မလုပ်ရသေးဘူး"

"အဲဒါဆိုရင်တော့ တပည့်တော်တို့ ထုတ်မပေးနိုင်ဘူးဘုရား"

စာသင်သားသီလရှင်တွေ ဖြစ်ပေလိမ့်မည်။ တတ်နိုင်သမျှ ကူညီ လေမှဟူသော စိတ်ဖြင့် အနားသို့သွားကာ-

"ကဲ... ဒကာကြီး၊ ဒီဆရာလေးတွေအတွက် ဦးပဥ္စင်းကပဲ သက် သေလက်မှတ် ထိုးပေးလိုက်မယ် ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်ဘုရား"

မေးမြန်းကြည့်သောအခါ သိင်္ဂီဆွေစာသင်တိုက်မှ ဆရာလေးများ ဖြစ်ကြောင်းသိရသည်။ ရက်အတန်ကြာသောအခါ ငွေထုတ်သွားသော ဆရာလေး၏ဝမ်းနည်းဖွယ်ဖြစ်ရပ်ကို ကြားရသည်မှာ ထိုဆရာလေးမှာ

www.dhammaransi.com

ပါရမီရှိသူဖြစ်သဖြင့် ဆယ်တန်းဖြေပြီး နွေရာသီကျောင်းပိတ်ရက်တွင် ခဏာသီလရှင်ဝတ်ရာမှ မြဲသွားခြင်းဖြစ်သည်။

သီလရှင်ဝတ်ဖြင့်ပင် လောကီဘွဲ့တစ်ခုကိုရရှိခဲ့ပြီး လောကုတ္တရာစာပေ၌လည်း ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။ တစ်သက်လုံး သာသနာ့ဝန်ထမ်းတော့ရန် ဆုံးဖြတ်ထားပြီးဖြစ်သော်လည်း မြို့ပေါ်ကမိဘများက အတင်းအကြပ် လူဝတ်လဲခိုင်းကြသည်။ ဘယ်လိုမှပြော၍မရသောအခါ- "ဆရာလေးလူမထွက်ရင် ကနေ့ကစပြီး တပည့်တော်တို့ မိဘနှစ်ပါးကိုလည်း ရှိတယ်လို့မမှတ်နဲ့တော့၊ ဆရာလေးကိုလည်း သမီးအဖြစ် မသတ်မှတ်တော့ဘူး။ တပည့်တော်တို့သေလည်း ဆရာလေးမလာနဲ့၊ ဆရာလေးသေလည်း တပည့်တော်တို့မလာဘူး"ဟု ပြောသဖြင့် ဆရာလေးမှာ မချိတင်ကဲဖြင့် ဝမ်းနည်းငိုကြွေးပြီး လူထွက်သွားခဲ့ရပါသည်။ သို့အတွက် မြို့ပေါ်ကမိဘအချို့ကို တောင်းပန်လိုသည်မှာ မိမိတို့ရင်သွေး ပါရမီရှိ၍ သာသနာ့ဘောင်ပျော်နေလျှင် မကူညီချင်နေပါ၊ မနှောင့်ယှက်ကြပါနှင့်ဟူ၍။

## သာသနာ့ဘောင်နေသို့မရသော ဦးတရုတ်

နှောက်ယှက်ခဲ့လျှင် သံသရာတစ်လျှောက်တွင် ရဟန်းဘဝ ဘယ်တော့မှ မရနိုင်တော့ပါ။ လက်တွေ့ဖြစ်ရပ်တစ်ခုကို ပြပါအံ့။ ကျွန်ုပ်တို့မိခင်၏ဖခင် ဦးတရုတ်သည် ပါရမီရှိသဖြင့် ရှင်ပြုစဉ်ကပင် မထွက်တော့ဘဲ သာသနာ့ဝန်ထမ်းဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။ ဥပဓိရုပ်ကသန့်သန့်၊ အသားကဖြူဖြူမို့ သက်န်းဝတ်နှင့် အင်မတန်မှလိုက်ဖက်သည်။

မိဘများက အားပေးကြသလို ဆရာတော်ကလည်း အလွန်လိုလားသည်။ သို့သော် ကိုရင်တရုတ်၏ရှေးဘဝက သာသနာကို နှောက်ယှက်ခဲ့သော အကုသိုလ်ကံသည် သာသနာ့ဘောင် နေခွင့်မပေးခဲ့။ ရက်အတန်ကြာလျှင်ပင် ဆွမ်းစားလို့မရတော့၊ ဘာရောဂါမှလည်း မဟုတ်၊ ဆွမ်းကသပိတ်စော်၊ သံစော် နံလာသဖြင့် ဝါးနေသောဆွမ်းများက လည်ချောင်းထဲရောက်အောင် ဘယ်လိုမှမျိုချလို့မရ။

လေးငါးရက်ထိ ဆွမ်းစားမရသောအခါ အသက်အန္တရာယ် စိုးရိမ်ရသဖြင့် လူထွက်လိုက်ရပါတော့သည်။ ဘာဆေးနဲ့မှလည်း ကုလို့မရ။ လူထွက်ပြီး ကျောင်းဝေယျာဝစ္စလုပ်၍ ဆွမ်းကျန်ကွမ်းကျန်ကိုစားသောအခါ၌ကား ဘာနံ့မှမရတော့။ စားလို့ရနေပြန်သည်။ ကံ၏သဘောကား အံ့ဩဖွယ်ရှိပေစွ။

www.dhammaransi.com

## ကြိုးက မြွေဖြစ်သွားခြင်း

ထို့ကြောင့်လည်း ဗုဒ္ဓက ကမ္မဝိပါကောအစိန္တိယော ။ ကံ၏အကျိုးပေးကား စိတ်ကူးကြံစည်၍ပင်မရနိုင်ဟု ဟောကြားထားခြင်း ဖြစ်ပေလိမ့်မည်။ မှတ်သားရဖူးသည်မှာ တစ်ခါက မိန်းမငယ်တစ်ယောက် စိတ်ဆင်းရဲစရာအကြောင်းတစ်ခုကြောင့် ကြိုးဆွဲချသေရန် ကြိုးတစ်ချောင်းကိုယူလာပြီး သစ်ပင်ပေါ်ပစ်တင်လိုက်သည်။

သစ်ကိုင်းပေါ်တင်သွားသောကြိုးက အောက်သို့ တွဲလျားကျနေသည်။ အချိန်ကား ညသန်းခေါင်ယံ။ သစ်ပင်ပေါ်တက်ခါနီးကျမှ မိန်းမငယ်သည် ဘာကြောင့်ရယ်မသိ အိမ်ထဲသို့ ခဏဝင်သွားသည်။ ထိုအချိန်မှာပင် သူခိုးတစ်ယောက် ထိုနေရာရောက်လာသည်။ ခိုးလာသောပစ္စည်းများ ထမ်းပိုးဖို့လွယ်ကူရန်အတွက် ကြိုးတစ်ချောင်း လိုနေရာ သစ်ကိုင်းပေါ်မှ တွဲလျားကျနေသောကြိုးကို မြင်သွားသည်။

အဆင်သင့်လိုက်လေဟူသောအတွေးဖြင့် ကြိုးရှိရာသို့ခပ်မြန်မြန်ပြေးလာခဲ့သည်။ အနားရောက်သောအခါ "ဒီမိန်းမငယ် ဒီနေ့ သေဘို့အတွက် အကုသိုလ်ကံဖြစ်တဲ့ ငါ့မှာ တာဝန်ရှိနေတယ်။ တကယ်လို့ကြိုးကိုသာ မင်းယူသွားရင် သေဖြစ်မှာ မဟုတ်တော့ဘူး။ ငါကား အဲဒီလိုအဖြစ်မခံနိုင်"ဟု မပြောသော်လည်း ပြောသကဲ့သို့ တွဲလျားကျနေသောကြိုးမှာ မြွေဟောက်ပုံသဏ္ဌာန်ဖြစ်သွားပြီး အနားလာသောသူခိုးကို ပေါက်မလိုဟန်ပြင်လိုက်သဖြင့် သူခိုးမှာ ကြိုးကိုမယူဖြစ်တော့ဘဲ ဒရောသောပါးထွက်ပြေးခဲ့ရသည်။

မိန်းမပျိုပြန်ထွက်လာပြီး အသင့်တွေ့ရသောကြိုးဖြင့် ကြိုးဆွဲချကာ သေဆုံးသွားလေပြီ။ ကံ၏အကျိုးပေးပုံကား အကွက်စေ့လှပါပေစွ။ ယခုလည်း မောင်တရုတ်တစ်ယောက် ကိုရင်ဝတ်နှင့် စားလို့မရသောထမင်းသည် လူဝတ်နှင့်ကျ စားလို့ရနေပြန်သည်မှာ ကံ၏သဘောတရားပင်မဟုတ်လား။ သို့နှင့် အရွယ်ရောက် အိမ်ထောင်ကျပြီး သားသမီးသုံးယောက်ထွန်းကားသည်။ ထိုအချိန်မှာပင် မယားကလည်းပစ်သွား၊ သားသမီးတွေလည်း အကုန်လုံးအိမ်ထောင်ကျကုန်ပြီဖြစ်သဖြင့် ဒုတိယအကြိမ် သာသနာ့ဘောင်သို့ ဝင်ပြန်သည်။

အသက်လည်း ငါးဆယ်နီးပါးခန့်ရှိပြီဖို့ ဒီတစ်ခါတော့ အပြီးအပိုင်သာသနာ့ဘောင်နေတော့မယ်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ သူကလည်းနေချင်ပါ၏။ သာသနာကလည်း လက်ခံပါ၏။ သို့သော် မမြင်ရသည့်

www.dhammafans.com

သူပြုခဲ့သော အကုသိုလ်ကံက လက်မခံပါလေ။ ရဟန်းခံပြီးသည်နှင့် စားနေသော ဆွမ်းများ၊ ဟင်းများက သံဃော်၊ သပိတ်စော် နံလာကြပြန်လေပြီ။ ဒီတစ်ခါတော့ အသက်ပင်သေသေ မထွက်တော့ဘူးဟု ကံတရားကို အလျှော့မပေးဘဲ တင်းခံသည်။

ဝါဆိုကာနီးပင် ရောက်လာသည်။ ဆရာဝန်မျိုးစုံနှင့် ပြကြည့်သော်လည်း ဘာမှမထူးခြား။ အစားမဝင်သဖြင့် အိပ်ရာထဲတွင် ပက်လက်ဖြစ်နေပြီ။ သေမင်းကို စောင့်နေရသလိုပင်ဖြစ်ပါ၏။ သားသမီးများက ပြောသော်လည်း ဘယ်လိုမှမရတော့ နောက်ဆုံး ကျောင်းထိုင်ဆရာတော်ကြီးကိုယ်တိုင် ဝင်ပါရသည်။

"မောင်တရုတ်၊ ကိုယ်စားချင်တဲ့သစ်သီးကို တုတ်နဲ့ရိုက်လို့ပဲရရ၊ ခဲနဲ့ပစ်လို့ပဲရရ၊ ရဖို့သာ လိုရင်းမဟုတ်လား။ အခုလည်း သာသနာနဲ့တွေ့တဲ့အခါမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရဖို့ရာသာ လိုရင်းမဟုတ်လား။ အခုလည်း မောင်တရုတ်အနေနဲ့ လူဝတ်ဖြစ်ဖြစ်၊ ရဟန်းဝတ်ဖြစ်ဖြစ် မဂ်ဖိုလ်ရဖို့သာ အဓိကထားရမယ်။ သုဒ္ဓေါဒနမင်းကြီးတို့၊ သန္တတိအမတ်ကြီးတို့ဟာ လူဝတ်နဲ့ပဲ ရဟန္တာဖြစ်ခဲ့တာ မဟုတ်လား"

"ဝဋ်မှာအမြဲ ငရဲမှာအပ" ဆိုတဲ့ စကားကို မောင်တရုတ်လည်း ကြားဖူးပြီးသားပါ။ မဂ်ဖိုလ်ရရင် ငရဲခံရမယ့် အကုသိုလ်တွေ ကုန်သွားလို့ ငရဲမှာအပလို့ ဆိုတယ်။ ငရဲတော့ လွတ်ပြီပေါ့။ ဒါပေမယ့် ပြုခဲ့တဲ့ ဝဋ်ကိုတော့ ဘုရား၊ ရဟန္တာတွေတောင် ရှောင်လွှဲလို့ မရခဲ့ပေဘူး။ ဒါ့ကြောင့် မိဘကိုရိုက်သတ်ခဲ့ဖူးတဲ့ အရှင်မောဂ္ဂလန်ဟာ ခိုးသားဓားပြတွေရဲ့ အရိုက်အပုတ်ခံရပြီး ပရိနိဗ္ဗာန်စံခဲ့ရသလို သူတစ်ပါး ငါးခေါင်းထုတာကို ဝမ်းသာခဲ့မိတဲ့ ဗုဒ္ဓဟာလည်း ဘုရားဖြစ်တဲ့အခါမှာ အကြီးအကျယ် ခေါင်းကိုက်ခဲ့တယ် မဟုတ်လား"

"ညောင်ကန်ဆရာတော်ဦးဗုဓ်က ရေချအသတ်ခံရခါနီး နန်းမတော် မယ်နုကို မယ်နု သူ့ကြွေးရှိ ဆပ်ရမှာပေါ့ဆိုတဲ့ စကားအတိုင်း မောင်တရုတ်လည်း သူ့ကြွေးရှိသလောက်တော့ ဆပ်ရဦးမှာပေါ့။ နောက်ဆုံး အထူးမှာချင်တာကတော့ အခုဘဝတစ်လျှောက်လုံး တခြားသူတွေ သာသနာ့ဘောင်မှာ ပျော်မွေ့အောင် အားပေးကူညီပါ။ သာသနာ့ဘောင်က ရွှေ့လျောသွားအောင်တော့ လုံးလုံးမလုပ်မိပါစေနဲ့"

ဆရာတော်ကြီးအဆုံးအမကြောင့် လူဝတ်လဲကာ တရားကို ဆက်လက်ရှုမှတ် ပွားများအားထုတ်ခဲ့ပါသည်။ တခြားသူတွေ သာသနာ

www.burmeseclassic.com

ဘောင်မှာ ပျော်မွေ့အောင်လည်း အားပေးကူညီခဲ့ပါသည်။ အဖိုးကိုယ်တိုင်ကား သေသည်အထိ ရဟန်းဝတ်ခွင့် ရမသွားခဲ့ပါ။ ပါလာခဲ့သောဝဋ်ကြွေးကို ဘဝတစ်ခုလုံးနှင့်ရင်းပြီး ဆပ်သွားခဲ့ရရှာသည်။ ကျွန်ုပ်ကိုရင်ဘဝမှ ဘုန်းကြီးဘဝထိ ရောက်ခဲ့ရခြင်းမှာ အဖိုး၏ကျေးဇူးနှင့်ဘယ်လိုမှမကင်းဟု ဆိုရပါမည်။

အဘယ့်ကြောင့်ဆိုသော် မိဘနှစ်ပါးက ကျွန်ုပ်အား သာသနာ့ဘောင်မြဲအောင် ထားပေးဖော်ရခြင်း၏ အဓိကအကြောင်းမှာ အဖိုးဖြစ်သူကသူ့ဘဝဖြစ်ရပ်ကို လက်တွေ့ပြပြီး ဆုံးမထားသောကြောင့်ပါတည်း။ အဖိုး၏အဆုံးအမကိုရထားသော မိခင်ကား ကျွန်ုပ်ကို ပြန်၍ဆုံးမသောအခါ အနှစ်သာရအပြည့် ထိထိမိမိဖြင့် ဆုံးမနိုင်ခဲ့ပါသည်။

မိခင်၏နှလုံးသားမှလာသော ဆုံးမစကားတစ်ခွန်းက ကျွန်ုပ်ကိုဘုန်းကြီးဘဝရောက်အောင် ပို့ဆောင်ပေးခဲ့သည်ဟုဆိုရလျှင် လွန်အံ့မထင်။

## နှလုံးသားမှဆုံးမစကား

သားတို့ သာသနာ့ဘောင်မှာ မြဲအောင်နေကြ၊ သင်္ကန်းဝတ်နဲ့ပဲအရိုးထုတ်ကြ၊ သံသရာတစ်လျှောက်လုံး သားမယားကျွန်ချည်း ခံခဲ့ကြတာ၊ ဒီတစ်ဘဝတော့ သာသနာ့ကျွန်သာခံကြ၊ သားတို့ကို လုပ်မကျွေးနိုင်လို့ ကိုရင်ဘဝ မြဲအောင်နေကြလို့ တိုက်တွန်းတာမဟုတ်ဘူး။ သားတို့အပေါ် ဒီဘဝရော၊ နောင်ဘဝရော နှစ်ဘဝလုံးချစ်လို့ တိုက်တွန်းနေတာ"

"သားတို့သာ သာသနာ့ဘောင်မှာ မြဲမယ်ဆိုရင် ဒီဘဝမှာလည်းချမ်းချမ်းသာသာနေရမယ်။ ဘာအကုသိုလ်မှလည်း မလုပ်ဖြစ်တဲ့အတွက်နောက်ဘဝမှာလည်း ချမ်းသာတဲ့ဘဝကိုပဲ ရောက်မယ်။ အဲဒီလို နှစ်ဘဝချမ်းသာစေချင်လို့ နှစ်ဘဝချစ်လို့ သာသနာ့ဘောင်မြဲအောင် တိုက်တွန်းနေရတာပေါ့"

"တခြားသူလို ကိုယ်လို တစ်ဘဝသာချစ်တဲ့ မိဘတွေလိုသာဆိုရင်(၇)ရက်ပဲဝတ်၊ လူထွက်ခိုင်းပြီး အိမ်မှာ အတူလုပ်၊ အတူစားနေလည်းဖြစ်တာပေါ့။ အဲဒီလိုနေခဲ့ရင် အမေတို့ရှိတဲ့အချိန်ဆိုရင်တော့ ဆုံးမမယ့်သူရှိလို့ တော်ပါသေးရဲ့။ အမေတို့မျက်စိမှိတ်သွားတဲ့အခါကျတော့သားတို့ကို အနီးကပ်ဆုံးမမယ့်သူမရှိတော့ဘူး။ အဲဒီတော့သားတို့ကအိမ်ထောင်တွေကျ၊ သားမယားတွေရလို့ မလောက်မငဖြစ်လာတဲ့အခါမတရားသောနည်းတွေနဲ့ ရှာသက်မွေးတော့မှာပဲ"

**"အစိုးရကမိသွားရင် ထောင်တန်းကျပြီး အခုဘဝမှာလည်း ဆင်းရဲရ** မယ်။ ဒီအကုသိုလ်တွေနဲ့သေရင် နောက်ဘဝကျအပါယ်ကျပြီး ဆင်းရဲ ရဦးမှာပဲ။ ဒီဘဝမှာ လည်ဝယ်လို့ တရားဥပဒေကို လွတ်အောင်ရှောင် နိုင်တယ်ပဲထား၊ နောက်ဘဝအပါယ်မှာခံရမယ့် ဘုရားဥပဒေကိုတော့ ဘယ်လိုမှရှောင်နိုင်မှာမဟုတ်ဘူး။ ဒါ့ကြောင့် သားတို့ကို နှစ်ဘဝချမ်းသာ စေချင်လို့၊ နှစ်ဘဝချစ်လို့ သာသနာ့ဘောင်မှာမြဲအောင်နေပါလို့ တိုက် တွန်းနေရတာပေါ့"

နှလုံးသားမှလာသော ဆုံးမစကားမို့ထင့်။ ကျွန်ုပ်၏နှလုံးသားသို့ တိုက်ရိုက်ရောက်ခဲ့ပါ၏။

အဖိုးမဖြတ်နိုင်သောအရာ

"ဖိုးသူတော် ရေးသောစာ ဖိုးသူတော်သာ သိ" ဆိုသော စကား အတိုင်း တစ်ချို့မေးခွန်း၊ တစ်ချို့စာများမှာ ဘာမှနက်နဲသည့် အဖြေနှင့် အဓိပ္ပာယ်များမရှိသဖြင့် နက်နက်နဲနဲတွေးပြီး ဖြေကြ၊ စဉ်းစားကြလျှင် အမှန်မရောက်သည်သာ များပါ၏။ သို့သော် ပုစ္ဆာရှင်အနေဖြင့်ကား ဘာမျှခက်ခဲသော အရာမဟုတ်ချေ။ တစ်ခါက မန္တလေးမှ မြမျိုးလွင် အမည်ရှိ စာရေးဆရာကြီးတစ်ယောက်က မန္တလေးမှ ကျောက်ဆည် ဘက်သို့ လိုင်းကားစီးရင်းဖြင့် ခရီးသည်များ အညည်းပြေစေရန် ရည်ရွယ် ချက်ဖြင့်

"ကဲဗျာ၊ နေကလည်းပူ၊ လူကလည်းကျပ်နဲ့ ခရီးသည်များ အညည်း ပြေအောင် ကျွန်တော်က မေးခွန်းတစ်ခုထုတ်မယ်။ မှန်အောင် ဖြေနိုင် ရင် ကားခစိုက်ပေးမယ်။ မေးခွန်းကတော့ လောကမှာ အဖိုးမဖြတ်နိုင် သောအရာကို ဖော်ပြပါ"

ထိုအခါ ကားပေါ်ကခရီးသည်များမှာ နက်နက်နဲနဲတွေးကြပြီး အချိန်ဗျာ၊ ရတနာသုံးပါးဗျာ၊ စိန်ဗျာ၊ ပတ္တမြားဗျာ နှင့် ဖြေလိုက်ကြရာ ပုစ္ဆာရှင်ဆရာကြီးအလိုအရ ဘယ်သူမှမမှန်ကြ။ ဖြေသူများ အားလျှော့ သွားကြသည်။ ထိုအခါကျမှ (၁၃)နှစ်အရွယ်ခန့် မိန်းကလေးတစ်ဦးက

"ဦးကြီး ကျွန်မရော ဖြေလို့ရမလား"

"ရတာပေါ့ဗျာ၊ လူကြီးတွေတောင် မဖြေနိုင်တာ သမီးလေးက ဖြေနိုင်ပါ့မလား"

"ရှေ့ကလူတွေ ခက်ခက်ခဲခဲတွေ ဖြေကြတာမမှန်ဘူးဆိုတော့ လွယ် လွယ်ဖြေရမယ့်အရာလို့ သမီးက [illegible]ပါတယ်"

"အံမယ်... သမီးက တော်တော်ဦးနှောက်ပြေးပါလား၊ ဖြေကြည့်စမ်းပါဦးဗျာ"

"သမီးဖြေချင်တာကတော့ လောကမှာ အဖိုးမဖြတ်နိုင်တဲ့ အရာဟာ အဖွားပါပဲ"

မိန်းကလေးအဖြေအဆုံးတွင် ဆရာကြီးရော ခရီးသည်အားလုံးပါ တဝါးဝါးပွဲကျသွားကြပါတော့သည်။ အဖြေလည်းမှန်သဖြင့် မိန်းကလေးကို ကားခအပြင် အထူးဆုကိုပါ ဆရာကြီးက ချီးမြှင့်ခဲ့ပါသည်။

## တပ်ပတောတွတ်ဖောစ အရှုဆွေ

တစ်ခါကလည်း ကျမ်းတတ်ပေတတ် ဆရာတော်ကြီးတစ်ပါး ကုဋီတက်စဉ် ကုဋီတွင်းနံရံ၌ ရေးထားသော စာကြောင်းတစ်ကြောင်းကို တွေ့ရလေသည်။ ရေးထားသည်မှာ "တပ်ပတော တွတ်ဖောစအရှုဆွေ" ဟူ၏။ ဆရာတော်ကြီးမှာ မတွေ့ဘူးသော ဝါကျတစ်ခုဖြစ်သဖြင့် ပါဠိမြန်မာအဘိဓာန်ကြီးကိုလှန်ပြီး အနက်မြန်မာပြန်ကိုရှာရာ ဘယ်လိုမှ မတွေ့ပေ။

နောက်ဆုံး ရေးသောသူကိုခေါ်မေးမှ အဖြေပေါ်မည်ဟု တွေးမိပြီး ကျောင်းသားကိုရင်များကိုစု၍-

"ကဲ... ကျောင်းသားတို့၊ ကိုရင်တို့၊ ငါတက်တဲ့ကုဋီထဲမှာ စာတစ်ကြောင်း ရေးထားတာတွေ့တယ်၊ အနက်အဓိပ္ပာယ်ရှာတာ ဘယ်လိုမှ ရှာမရဘူး ဖြစ်နေတယ်။ အဲဒါမင်းတို့ထဲက ဒီစာရေးတဲ့လူ ရှေ့ထွက်ပြီး အနက်အဓိပ္ပာယ်ဖော်ပြပါ၊ ရိုက်လည်းမရိုက်ပါဘူး၊ ငှက်ပျောသီးလည်း ကျွေးပါမယ်"

ထိုအခါ ဆယ်နှစ်သားအရွယ်ခန့် ကျောင်းသားတစ်ဦး ရှေ့ထွက်လာပြီး-

"တပည့်တော်ရေးထားတာပါဘုရား" ဆရာတော်သည် အံ့ဩသွားဟန်ဖြင့်-

"ကဲ... ဆရာကြီးရေးတာဆိုရင်လည်း ဆရာကြီးပဲ အဓိပ္ပာယ်ပြန်ပြပါ"

"တပ်ပတောစ၊ တောပတပ်ကိုလည်းကောင်း။

တွတ်ဖောစ၊ တောဖွတ်ကိုလည်းကောင်း၊

အရှုဆွေ၊ အရေဆုတ်စေရာ၏" ဟု ပြန်ဆိုလိုက်ရာ ဆရာတော်မှာ ခွက်ထိုး

ခွက်လန်ရယ်ပြီး ငှက်ပျောသီး ကျွေးလိုက်ရပါတော့သည်။ ယခု ကျွန်ုပ်ပြောချင်သည်မှာ မိခင်၏အဆုံးအမဩဝါဒသည် ကျွန်ုပ်အတွက် အဖိုးမဖြတ်နိုင်သောအရာ ဖြစ်ခဲ့လေပြီ။

"ဘုန်းကြီး တပည့်တွေမွေးခဲ့တာများပြီ။ ဒီကိုရင်နှစ်ပါးလောက် စာရိတ္တကောင်းတာ တစ်ခါမှမတွေ့ရသေးဘူး"

ဤကား လာသမျှ ညည့်သည်တိုင်းကို ပြောလေ့ရှိသော ကျွန်ုပ်တို့ ဥပဇ္ဈာယ်ဆရာ၏ ချီးမွမ်းသောစကား ဖြစ်ပါ၏။ ကျွန်ုပ်တို့ညီအစ်ကို နှစ်ပါးသည် ဥပဇ္ဈာယ်ဆရာ ချီးမွမ်းလောက်အောင်လည်း မိမိတို့စာရိတ္တသတ္တိကို ပြနိုင်ခဲ့ကြသည်။

ဥပဇ္ဈာယ်ဆရာသည် ငွေသောင်းနှင့်ချီရှိနေသောဘီရိုကြီးထဲသို့ ရာဂဏန်းမျှရှိသောငွေကိုထည့်ခိုင်းသည်။ သို့မဟုတ် ယူခိုင်းသည်။ နောက်ကျမှ မှတ်သားထားသောငွေများကို အတိအကျရှိ၊မရှိ ပြန်လည်ရေတွက်ခြင်းအားဖြင့် ကျွန်ုပ်တို့စာရိတ္တကို အကဲခတ်ပြီးသားဖြစ်သွားသည်။

www.dhammaransi.com

## အခန်း ( ၃ )
## မာဃ်တွေ့သတ္တိ

ထိုကဲ့သို့ လေးနှစ်တိတိအကဲခတ်ပြီးမှသာလျှင် ဉပဇ္ဈာယ်ဆရာသည် ကျွန်ုပ်တို့ကို ချီးမွမ်းစကား ဆိုခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်ငယ်စဉ်က မယုံသင်္ကာစိတ်ဖြင့် အမေးအမြန်းခံခဲ့ရသည်ကိုလည်း ယခုအချိန်တိုင်အောင် သတိရနေပါသည်။ ကျွန်ုပ် ကိုရင်မဝတ်မီ (၁၀) နှစ်သားအရွယ်ခန့်က အစ်မဝမ်းကွဲတစ်ယောက်ဝယ်ခိုင်းသော ပဲကြီးလှော်ထုပ်တစ်ထုပ်ဝယ်ပေးခဲ့ရသည်။

ဖြစ်ချင်တော့ ဖောက်သည်ပေးသော လက်ကားဆိုင်ကြီးဖြစ်သောကြောင့် အလုပ်များရကား ပလတ်စတစ်အိတ်ထဲ ပဲလှော်များကိုထည့်ပြီးဖြစ်သော်လည်း မီးဖြင့်မပိတ်ရသေးပါ။ ထိုအခိုက်လာဝယ်သောသူများကိုလည်း မီးဖြင့်ပိတ်မပေးတော့ဘဲ ထိုအတိုင်းသာ ပေးလိုက်ကြသည်။ ကျွန်ုပ်လည်း မပိတ်ရသေးသော ပဲကြီးသှော်ထုပ်လေးကို ကိုင်လာရင်းဖြင့် ငါ့ကိုအစ်မကလမ်းမှာ နှိုက်စားတယ်လို့ထင်ရင် ဒုက္ခပဲဟု တစ်ချက်တွေးမိသေးသည်။

ငါ့မှာ ခိုးတတ်တဲ့အကျင့်မှမရှိဘဲနဲ့၊ ထင်မှာမဟုတ်ပါဘူးဟု ကလေးတွေး,တွေးကာ စိုးရိမ်စိတ်ကို ဖျောက်ပစ်လိုက်သည်။ စိုးရိမ်သည် ဆိုသည်မှာ သိက္ခာကျမှာကိုမဟုတ်။ မယုံသင်္ကာဖြစ်ပြီး ကျွန်ုပ်ကို အနည်းငယ်လောက်မှမျှ မကျွေးမည်ကို စိုးရိမ်ခြင်းသာဖြစ်၏။ ထိုအစ်မသည်မည်သည့်စားစရာကို ဝယ်ခိုင်း၊ ဝယ်ခိုင်း အနည်းငယ်ကိုမျှ ကျွေးနေကျမဟုတ်ပါလား။

အစ်မဝမ်းကွဲသည် ကျွန်ုပ်လက်ထဲမှ ပဲကြီးလှော်ထုပ်ကို လှမ်းယူရင်း ကျွန်ုပ်ကို မသင်္ကာသောမျက်လုံးဖြင့်ကြည့်ကာ-

"ဟင်... ပဲကြီးလှော်အိတ်ကလည်း ဖွင့်ရက်ကြီးပါလား"

"ဆိုင်မှာကတည်းက မပိတ်ရသေးတာ၊ သူတို့ပေးလိုက်တဲ့အတိုင်း ကျွန်တော်လည်း ယူလာခဲ့တာ"

www.dhammaransi.com

"နင်လမ်းမှာ နှိုက်စားသေးတယ်မဟုတ်လား"

"ဟာ... ကျွန်တော် တစ်စေ့မှမစားဘူး၊ စားခဲ့ရင်... ..."

အစ်မတစ်ယောက် ယုံကြည်ပါစေဟူသောစိတ်ဖြင့် ကြားဖူးနားဝရှိသမျှ ကျိန်ဆိုလိုက်မိသည်။ မိသားစုအချို့နှင့် လမ်းသွားလမ်းလာအချို့ပင် ကြားသွားသဖြင့် သူ မျက်နှာပျက်သွားသည်။ ပဲကြီးလှော်လေး တစ်စေ့နှစ်စေ့နှင့် ကလေးကိုကြိမ်စာတိုက်ခိုင်းသလိုဖြစ်နေသည် မဟုတ်ပါလော။ ထိုအခါကျမှ သူသည် ကပျာကယာ-

"ကဲပါ... ကျိန်မနေပါနဲ့။ မစားဘူးဆို ပြီးတာပါပဲ"

ဟု ပြောကာ အိမ်ပေါ်သို့ တက်သွားပါတော့သည်။ ကျွန်ုပ်ကို တစ်စေ့မှကျွေးမသွားတာ ထောက်သောအားဖြင့် ကျွန်ုပ်အပေါ် ယုံကြည်မှုမရှိဟူသော အဖြေကို ကျွန်ုပ်ရလိုက်ပေပြီ။ ထိုအစ်မဝမ်းကွဲသည် ကျွန်ုပ်ထက် (၁၀)နှစ်လောက်ကြီးပြီး ကျွန်ုပ်တို့အကြီးဆုံးအစ်မနှင့်သက်တူရွယ်တူပင်ဖြစ်ပါသည်။

မိမိဘက်က ရိုးသားဖြူစင်ပါလျက်နှင့် သူခိုးအထင်ခံရတာလောက် နာကျည်းစရာကောင်းတာ လောကမှာမရှိဟုပင် ကျွန်ုပ် ပြောချင်သည်။ ထိုဒဏ်ကို (၁၁)နှစ်သားအရွယ်နှင့်မမျှအောင် ကျွန်ုပ်ခံခဲ့ရသည် မဟုတ်ပါလား။ ဤနေရာ၌ သတ္တိနှစ်မျိုးကိုခွဲပြချင်၏။ ၎င်းကား ကာယသတ္တိနှင့် စာရိတ္တသတ္တိ။ ထိုနှစ်ပါးတွင် ကာယသတ္တိကား လွယ်ကူ၏။

ကြောက်တတ်သော ကလေးတစ်ယောက်ကိုပင် ကိုယ်ခံပညာတစ်ခုခု သင်ပေးလိုက်သည်နှင့် ရဲရဲရင့်ရင့် ထိုးခုတ်သတ်ပုတ်ရဲလာသည်ကို တွေ့ရပေလိမ့်မည်။ စာရိတ္တသတ္တိကား ထိုသို့ လွယ်လွယ်ကူကူနှင့် မရရှိနိုင်။ ပင်ကိုယ်က နှလုံးဖြူအူစင်း ရိုးသားသူလည်းဖြစ်ရမည်။ ပညာလည်း ရှိရမည်။ သူတော်ကောင်းလည်း ဖြစ်ရမည်။ သူတော်ကောင်းတို့၏ အဆုံးအမကိုလည်း ရရှိနေရမည်။ ဤအချက်များနှင့် ပြည့်စုံမှသာ စာရိတ္တသတ္တိကို ရရှိနိုင်သည်ဟု ယူဆပါသည်။

(၁၁)နှစ်သားအရွယ်သာရှိသေးသော ကျွန်ုပ်နေရာမှ နေကြည့်ပါ။ စာရိတ္တသတ္တိရှိဖို့ မည်မျှလောက်ခဲယဉ်းသည်ဆိုသည်ကို သိလာပါလိမ့်မည်။ နဂိုကဖွင့်ထားသော ပလပ်စတစ်အိတ်ထဲမှ ပဲကြီးလှော်ကို နှိုက်စားဖို့အခွင့်အရေးမှာ အင်မတန်မှ လွယ်ကူနေပါသည်။ ပိုင်ရှင်အစ်မသည် ဘယ်လိုမှ သိနိုင်စရာမရှိ။ မယုံသင်္ကာဖြစ်လျှင်လည်း မစားဘူးဟု တစ်ချက်လိမ်လိုက်သည်နှင့် ကွင်းလုံးကျွတ် လွှတ်နေလေပြီ။

သို့သော် စာရိတ္တသတ္တိကို ငယ်စဉ်ကတည်းကရလာသော ကျွန်ုပ်သည် နှိုက်စားဖြစ်ဖို့နေနေသာသာ နှိုက်စားချင်စိတ်ပင် မပေါ်ခဲ့ပါပေ။ စာရိတ္တသတ္တိသာမရှိလျှင် ကေန်မုချ နှိုက်စားမိပါလိမ့်မည်။

## နိဂ္ဂဟာကံနှင့်ပဂ္ဂဟာကံ

ကိုရင်ဘဝမှာပင် တစ်ခါကြုံဘူးပြန်ပါ၏။ တစ်နေ့ စတိုးဆိုင်ကြီးတစ်ဆိုင်တွင် ပစ္စည်းတစ်ခုသွားဝယ်ရာ တစ်ဆယ်အမ်းရမည့်အစားအလုပ်ကများနေသဖြင့် သေချာမကြည့်မိဘဲ အစိတ်တန်ကြီးကို အမ်းလိုက်ပါသည်။ ကျွန်ုပ်လက်ထဲလည်း ရောက်နေပေပြီ။ စာရိတ္တသတ္တိ မရှိသူဆိုလျှင် အသာယူသွားရုံသာ ရှိပါတော့သည်။

လွန်ခဲ့သော အနှစ် (၂၀)ကျော်ကမို့ (၁၅)ကျပ်ဆိုသော ငွေသည်နည်းလှသည်မဟုတ်ပါ။ ကျွန်ုပ်အသက်ကလည်း ကလေးအရွယ် မုန့်ဖိုးဝတ္ထုငွေ တစ်ကျပ်ရဖို့ပင် မလွယ်ကူသောအချိန်၊ ယူဖြစ်ဖို့ကာ ရာခိုင်နှုန်းများနေသည်ကို စာရှုသူ သတိပြုမိပါလိမ့်မည်။ သို့သော် ကျွန်ုပ် မယူခဲ့။ အမှန်ကိုပြောပြပြီး တစ်ဆယ်တန်ကို ပြန်လဲစေခဲ့ပါသည်။

ဆိုင်ရှင်သည် အံ့ဩသွားဟန်မျက်နှာဖြင့် တစ်ချက်လှမ်းကြည့်ပြီး အစိတ်တန်နှင့် ဆယ်တန်ကို လဲပေးလိုက်သည်။ "အခုလို ရိုးရိုးသားသားပြန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဘုရား" ဟုသာ ပြောခဲ့မည်ဆိုလျှင် ထိုစကားလေးသည် ကျွန်ုပ်စာရိတ္တကို အသိအမှတ်ပြုသောစကားဖြစ်သောကြောင့် ဝမ်းသာဂုဏ်ယူစွာဖြင့် နှလုံးသားတွင် တစ်သက်ပတ်လုံးသိမ်းထားမည်သာ ဖြစ်ပါ၏။

သို့သော် ဆိုင်ရှင်ကား ကျေးဇူးတင်စကားကို ပြောဖို့ နေနေသာသာ ကျေးဇူးတင်သော အမူအရာကိုပင် မပြခဲ့ပါ။ နိုင်ငံတစ်ခု တိုးတက်ကြီးပွားရန်အတွက် နိဂ္ဂဟ = မကောင်းသူကို နှိပ်ကွပ်သောကံနှင့် ပဂ္ဂဟ = ကောင်းသူကိုချီးမြှောက်သောကံကို အညီအမျှပြုကြရမည်။ ပညာရှိနှင့် ပညာမဲ့၊ သူတော်နှင့် မသူတော် တန်းတူထားသောနေရာတွင် မနေအပ်ဟုပင် နီတိတစ်ခုက ဆိုထားသည်။

သူတော်ကောင်းစာတ်နည်းသော ပုထုဇဉ်မှန်သမျှသည် သူတစ်ပါး၏ မြင့်မိုရ်တောင်လောက်ရှိသော ကောင်းကွက်ကို မမြင်တတ်ကြသော်လည်း ဆီးစေ့လောက်ရှိသော အပြစ်ကိုကားကြံဖန်မြင်ပြီး လက်ညှိုးထိုး မေးငေါ့မဲ့ရွဲ့ အပြစ်တင်တတ်ကြသည်။ ထိုကဲ့သို့သောသူများသည်

www.dhammaransi.com

တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်၏ အောက်ပါစကားလေးကို သတိထားသင့်ကြသည်။

သဘောထားသေးသိမ်သောသူများသည်
သူတစ်ပါးအပြစ်ကိုသာ မြင်တတ်သည်။
သဘောထားပြည့်ဝသောသူသည်ကား
မိမိအပြစ်ကိုသာ မြင်သည်။
ထို့ထက်ပို၍ သဘောထားပြည့်ဝသော
သူသည်ကား မည်သူကိုမျှ
အပြစ်မမြင်တော့ပေ။

ဗုဒ္ဓကလည်း ဓမ္မပဒ၌-

ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံဥဇ္ဈာနသညိနော။
အာသဝါတဿဝဍ္ဎန္တိ၊ အာရာသောအာသဝက္ခယာ။ *(ဓမ္မပဒ)*

သူတစ်ပါးအပြစ်ကို မြင်လေ့ရှိ၍ ကဲ့ရဲ့ရှုတ်ချလိုစိတ် ရှိသောသူများသည် အာသဝေါတရား (အကုသိုလ်)များ၍ အာသဝေါကုန်ရာ အရဟတ္တမဂ်သို့ဘယ်သောအခါမျှ မရောက်နိုင်ဟု ဟောကြားတာတော်မူခဲ့သည်။

## ဆွဲကြိုးတစ်ကုံးစကားတစ်ခွန်း

မသူတော်များကို နှိပ်ကွပ်ခြင်းသည် လောက၌ မသူတော်များ ပ,ပျောက်သွားစေလိုသောကြောင့်ဖြစ်၏။ တစ်ဖန် သူတော်ကောင်းများကို ချီးမြှောက်ခြင်းသည် လောက၌ သူတော်ကောင်းများ ပေါ်များလာစေဖို့ အတွက်ဖြစ်၏။ လောကတစ်ခုသာယာဝပြောစေရန် မသူတော်များ ပ,ပျောက်ရန်လိုသလို သူတော်ကောင်းများ ပေါ်များလာရန်လည်း အမှန်ပင် လိုအပ်ပါ၏။

ကျွန်ုပ်မယ်တော်ကြီး (၁၆)နှစ်အရွယ်ခန့်ကပင် ဖြစ်ပါ၏။ မိခင်က ပစ်သွားသဖြင့် ဖခင်ကြီးနှင့်ပင် မရှိအတူ ရှိအတူနေရသောအချိန်ပင် ဖြစ်ပါ၏။ ကြေးနောင်ဝိုင်းတီးသော ဖခင်ကြီးမှာလည်း ခေတ်မကောင်းသဖြင့် ဆိုင်းများ၊ အငြိမ့်များ ရပ်နားသခိုက်မို့ ဝင်ငွေမရှိရှာပါ။ တူ၊ လှစသော လက်နက်လေးများပြန်စုပြီး လက်သမားအလုပ် ရှာနေတုန်းပင်။

ထိုအချိန်တွင် မောင်နှမသုံးယောက်အနက် အကြီးဆုံးဖြစ်သော မယ်တော်ကြီးမှာ တောထဲဝင်ပြီး ချက်ပြုတ်ရသော အသီးအရွက်ကလေးများခူးပြီး ရွာထဲ လည်ရောင်းရရှာသည်။

www.dhammaransi.com

တစ်နေ့ ချောင်းထဲရေချိုးရာမှ ပြန်အတက် ကျောက်တုံးတစ်တုံး ပေါ်တွင် ရွှေဆွဲကြိုးတစ်ကုံး တွေ့လိုက်ရသည်။ စာရိတ္တသတ္တိ ရှိသောသူ ဖြစ်သောကြောင့် ငါတော့ ပွပြီဟူသော လောဘစိတ်မျိုး မဝင်လာဘဲ အနီးအနားမှ ပိုင်ရှင်ဖြစ်နိုင်မည့်လူများကို ခေတ္တအကဲခတ်ရင်း ရပ်စောင့် ကြည့်နေမိသည်။ အတန်ကြာသည်အထိ ဆွဲကြိုးရှိရာသို့ ဘယ်သူမှ လာ သည်ကို မတွေ့ရတော့မှ ဆွဲကြိုးကို ကောက်ယူလိုက်ပြီး ချောင်းနှင့် ခပ်လှမ်းလှမ်း သစ်ပင်တစ်ပင်အောက်မှာထိုင်ပြီး ပိုင်ရှင်ဖြစ်နိုင်မည့်သူ ကို စောင့်နေလိုက်သည်။

မကြာပါ၊ မိနစ်နှစ်ဆယ်ခန့်လောက် အကြာမှာပင် အသက် ၄၀ ခန့် ရွာထဲမှအဒေါ်ကြီးတစ်ယောက် အူယားဖားယား ပြေးလာကာ ဆွဲ ကြိုး ရလာသောကျောက်တုံးပေါ်သို့ အပြေးသွားကာ ဟိုဟိုဒီဒီကြည့်ပြီး ရှာနေသည်ကို တွေ့ရသည်။ မတွေ့သောအခါ ရေချိုးနေကြသူများကို မျက်ရည်ကလယ်ကလယ်ဖြင့်-

"ကျွန်မဆွဲကြိုးလေးများ မတွေ့ကြဘူးလားရှင်၊ အဝတ်လျှော်ရင်း ကြိုးပြတ်သွားလို့ ဒီကျောက်တုံးပေါ်မှာ ခဏတင်ထားမိတာ၊ မေ့သွားမိ တာ အခုပြန်လာတော့ မရှိတော့ဘူး"

အမျိုးသမီးတစ်ယောက်က-

"ဒီလောက်လူတွေများနေတာ ဘယ်သတိထားမိမှာတုန်း၊ တွေ့တဲ့ လူက ယူသွားမှာပေါ့။ စကားတစ်ခုရှိတယ် မဟုတ်လား...၊ လွယ်ရင် သူကြွယ်တောင်မနေဘူး ဆိုတာလေ"

ဟု ဆိုကာ ကူရှာပေးဖော်မရဘဲ လက်ချာရိုက်နေလေသည်။

## လုံးလုံးမသုံးသင့်သောစကားများ

"ဒီလောက်ငွေနဲ့ မဟုတ်တာ ဘယ်တော့မှမလုပ်ဘူး" ဟူသော စကားသည် ဒီထက်များသောငွေဆိုရင် မဟုတ်တာလုပ်မည် ဟူသော အဓိပ္ပာယ် တစ်ခါတည်းပါနေသောကြောင့်လည်းကောင်း၊ ဒီကောင်က ငါးကြော်မကျိုက်တဲ့ ကြောင်မိုက်ပါကွာဟု ပြောသောစကားသည် ဖြောင့် မတ်ရိုးသားသောသူကို လူမိုက်ဟု ပြောရာရောက်သောကြောင့်လည်း ကောင်း၊ လွယ်ရင်သူကြွယ်တောင်မနေဘူး ဟူသော စကားသည် ဘယ် လောက်ပင် ချမ်းသာချမ်းသာ အခွင့်အရေးရလျှင် ခိုးဦးမည်၊ မတရား

www.dhammaransi.com

လုပ်ဦးမည်ဟု ပြောရာရောက်သောကြောင့်လည်းကောင်း စာရိတ္တကို တန်ဖိုးထားသူများ လုံးလုံးမသုံးသင့်သော စကားများပါပေ။ ထိုစကားမျိုး မကြာခဏပြောတတ်သူများကိုလည်း မည်သည့်လုပ်ငန်းရှင်ကမှ ယုံကြည်စိတ်ချရသောနေရာတွင် အသုံးပြုလိမ့်မည်မဟုတ်ပေ။

ပိုင်ရှင်ဖြစ်လောက်သည်ကို အကဲခတ်မိသည်နှင့် မယ်တော်က အနား သို့သွားကာ-

"အဒေါ်ဘာရှာနေတာလဲ မသိဘူး"

"ဆွဲကြိုးမေ့ကျန်ခဲ့လို့ သမီးရယ်၊ မတွေ့မိဘူးလား"

"တွေ့မိပါတယ် အဒေါ်၊ ဒီဆွဲကြိုးမဟုတ်လား"

"ဟယ်... ဟုတ်တာပေါ့ကွယ်၊ သမီးလေးက ရိုးသားလိုက်တာ၊ သမီးက ဦးတရုတ်သမီး မဟုတ်လား"

"ဟုတ်ပါတယ်အဒေါ်၊ သမီးပိုင်ရှင်အစစ်ကို ကိုယ်တိုင်ပြန်ပေးချင်လို့ အိမ်ကိုမပြန်သေးဘဲ ဟိုနားကသစ်ပင်က ထိုင်စောင့်နေတာ"

"အေးကွယ်၊ သမီးလေးကို ကျေးဇူးတင်လိုက်တာ သွားတော့မယ် နော်"

မှီခိုနေရသောဖခင်ကြီးသည်ပင် အလုပ်မရှိသဖြင့် တစ်နေ့ ထမင်းတစ်နပ်မှန်အောင် မနည်းရုန်းကန်နေရသော မိန်းကလေး၊ ဆွဲကြိုး၊ လက်ကောက်စသည် ဝတ်ဖို့ဆိုသည်မှာ အိပ်မက်ထဲမှာပင် ရှိခဲ့ရသည့် ဘ၀၊ ထိုကဲ့သို့သော မိန်းကလေးတစ်ယောက်က မတရားလိုချင်စိတ်တစ်ချက်ပင် ပေါ်မလာဘဲ ပိုင်ရှင်ပြန်လာသည်အထိစောင့်ပြီး ပစ္စည်းကို ပြန်ပေးရဲသော စာရိတ္တသတ္တိမျိုးကိုကား အမှန်ပင်ချီးမြှောက်သင့်လှပါသည်။

ရေအဆုံးကုန်းတစ်ဝက်ဟု စကားရှိလင့်ကစား ထိုအမျိုးသမီးကြီး၏ မယ်တော်ကို ချီးမြှင့်မှုသည်ကား **"ကျေးဇူးတင်ပါတယ်"** ဟူသော စကားတစ်ခွန်းသာ ဖြစ်ပါ၏။ သူတော်ကောင်းတို့မည်သည်ကား သူတစ်ပါးစိတ်ချမ်းသာသည်ကို မြင်ရခြင်းသည်ပင်လျှင် မိမိအတွက်ရရှိသော အကောင်းဆုံးဆုလာဘ်ဟု သဘောထားပြီးသား ဖြစ်နေပေပြီ။ ချီးမြှောက်မှု ပဂ္ဂုဟကံနည်းပါးမှုနှင့်ပတ်သက်၍ ထို့ယက်ဆိုးသော ဖြစ်ရပ်တစ်ခုကိုလည်း သခင်တင်မြရေးသော ဘုံဘ၀မှာဖြင့် စာအုပ်ထဲမှ မှတ်သားမိသည်မှာ-

www.dhammaransi.com

ဗိုလ်ရန်အောင်နှင့်ငွေဒင်္ဂါးနှစ်သောင်း

ဒုတိယကမ္ဘာစစ်အတွင်းကပင်ဖြစ်ပါ၏။ ဗိုလ်ရန်အောင်နှင့်တကွ ဘီအိုင်အေတပ်မတော်သားများ ရခိုင်ပြည်နယ် စစ်တွေနယ်ထဲသို့ ဝင်ရောက်သိမ်းပိုက်ပြီး အုပ်ချုပ်စီမံရေးများ ပြုလုပ်နေချိန်ပင် ဖြစ်ပါ၏။

ဖောက်သယ်ဟူသောစကားသည် ထိုခေတ်အချိန်က စတင်ခဲ့ဟန်တူပါသည်။ ဗုံးဒဏ် သေနတ်ဒဏ်ကို ကြောက်လန့်ကြသဖြင့် လူအများသည် နေအိမ်ကိုသော့ပိတ်ကာ ဘေးကင်းရာသို့ ရှောင်တိမ်းကြရလေသည်။ ထိုအခါ မသူတော်များက ပစ္စည်းရှိသော သူဌေးအိမ်များကို ဖောက်ပြီး ရှိသမျှပစ္စည်းဥစ္စာများကို သယ်ယူကြသဖြင့် ဖောက်သယ်ဟူသောစကားသည် ထင်ရှားလာခဲ့ရသည်။

တစ်နေ့တွင် ဖောက်သယ်များ အိမ်တစ်အိမ်ကိုဖောက်ပြီး ဧရာမသေတ္တာကြီးတစ်လုံးကို သယ်ယူရန်ကြိုးစားနေကြစဉ် ဘီအိုင်အေတပ်သားများရောက်လာသဖြင့် လက်လွတ်ထွက်ပြေးကြသည်။ သိမ်းမိလာသောသေတ္တာကြီးကို စခန်းရောက်၍ ဖွင့်ကြည့်လိုက်ကြသောအခါ ငွေဒင်္ဂါးများကို အပြည့်အကျပ်တွေ့ကြရသည်။ ကြမ်းပြင်ပေါ် ပုံ၍ ရေတွက်ကြည့်သောအခါ အပြားနှစ်သောင်းရှိသည်ကို တွေ့ကြရသည်။

ဗိုလ်ရန်အောင်တို့၏ စာရိတ္တသတ္တိသည်လည်း အံ့သြချီးကျူးဖွယ်ရာ ကောင်းလှပါပေ၏။ ကတိုက်ကရိုက်ဖွဲ့ထားရသော ဘီအိုင်အေတပ်အတွက် စားဖို့ ဝတ်ဖို့ ဆေးကုဖို့ လက်နက်တပ်ဆင်ဖို့ အစစလိုအပ်နေသောအချိန်ပင် ဖြစ်ပါ၏။ ငွေဒင်္ဂါနှစ်သောင်းကို တပ်မတော်အတွက် သိမ်းလိုက်သည်ဆိုလျှင် ဘယ်သူမှ အပြစ်ပြောစရာမရှိပေ။ ဘယ်သူမှလည်း စောဒကတက်ဝံ့စရာ မရှိပေ။

သို့သော် ဗိုလ်ရန်အောင်ကား ငွေဒင်္ဂါးပိုင်ရှင် သူဌေးလင်မယားကို ရှာဖွေခေါ်ဆောင်ပြီး ပြန်လည်အပ်နှံပေးခဲ့သည်။ သူဌေးလင်မယားမှာ ဒင်္ဂါးများ ပြန်မပေးတော့ဘူးအထင်နှင့် ငိုကြီးချက်မနှင့် လိုက်လာကြပြီး မထင်မှတ်ဘဲ အကုန်ပြန်ရသောအခါ ဗိုလ်ရန်အောင်တို့အား ကျေးဇူးတင်စွာဖြင့် အကြိမ်ကြိမ်ဦးချသည်။ သူ၏ဒင်္ဂါးများကို သေတ္တာအတွင်းရေတွက်သိမ်းဆည်းပြီးသည်နှင့် ဗိုလ်ရန်အောင်က-

"ကဲ... နောင်ကြီး၊ ကျွန်တော်တို့ဟာ အင်္ဂလိပ်တွေကို တိုက်ခိုက်ပြီး မြန်မာပြည်ကို လွတ်လပ်ရေးရအောင်ကြိုးစားနေတဲ့ ဘီအိုင်အေ

www.dhammaransi.com

တပ်မတော်သားတွေဆိုတာ သိပြီးလောက်ပါပြီ။ တစ်ချို့တပ်သားတွေဆိုရင် ယူနီဖောင်းအဝတ်အစားတောင် မရှိဘူး။ သေနတ်မရှိလို့ ဝါးချွန်ကိုင်ရတဲ့ရဲဘော်တွေကို မနည်းဘူး။ ဆေးဝါးမရှိလို့ မသေသင့်ဘဲသေရတဲ့ရဲဘော်တွေလည်း အတော်များပါတယ်။ အဲဒါ နောင်ကြီးအနေနဲ့ တပ်မတော်နဲ့ နိုင်ငံအတွက် သဒ္ဓါသလောက် အလှူငွေ ထည့်ဝင်စေလိုပါတယ်"

သူဌေးနေရာတွင် ကျွန်ုပ်သာဖြစ်ခဲ့လျှင် ဆုံးထားပြီးမှ တပ်မတော်၏ ကျေးဇူးကြောင့် ပြန်ရသောဒင်္ဂါးများဖြစ်၍ အနည်းဆုံး ဒင်္ဂါးတစ်သောင်းလောက် လှူဖြစ်မှာ သေချာပါသည်။ ယခုစာဖတ်နေသူ ဖြစ်ခဲ့လျှင်လည်း ဒင်္ဂါးတစ်သောင်း သို့မဟုတ် ငါးထောင်လောက်တော့ လှူဖြစ်မည်ဟု ယုံကြည်ပါသည်။ သဒ္ဓါအတော်နည်းသောသူဖြစ်လျှင် ဒင်္ဂါးတစ်ထောင်လောက်ကတော့ လှူဖြစ်ပါလိမ့်မည်။

ယခုသူဌေးကား ဒင်္ဂါး (၅၀)ပြားသာ လှူပါသည်။ ဤမျှငွေကိုတော့ အလှူမခံတော့ပါဟု ပြောသောအခါမှ ဒင်္ဂါးအပြားသုံးရာသာ လှူသွားပါသည်။ သူခိုး သို့မဟုတ် ခါးပိုက်နှိုက်တစ်ယောက်ကို မိခဲ့လျှင် ခုံဖိနပ်နှင့်ဝင်ခုတ်သူ၊ လက်သီးနှင့်ဝင်ထိုးသူ ပေါ်များသလောက် သူတစ်ပါးဥစ္စာကို ယူလို့ရပါလျက်နှင့်မယူဘဲ ရိုးသားစွာ ပြန်လည်ပေးကမ်းသူတစ်ယောက်ကို တွေ့ခဲ့လျှင် စိတ်ပါလက်ပါ ချီးကျူးသူ၊ ဂုဏ်ပြုဆုငွေချီးမြှင့်သူကား အင်မတန်မှ ရှားပါးပါသည်။

## ပဂ္ဂယာကံပြုသောကုလားသူဌေး

ရှားပါးသောဂုဏ်ပြုမှုကို ပြုလုပ်ခဲ့ကြသည့် ဖြစ်ရပ်နှစ်ခုကိုလည်း သတိတရ ဖော်ပြပါဦးမည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုး တက်သည်နှင့် စက်ရုံ၊ အလုပ်ရုံအတော်များများကို ပြည်သူပိုင်သိမ်းလိုက်သောအခါ လူမျိုးခြားသူဌေးအများအပြား နိုင်ငံခြားသို့ ထွက်ပြေးကြသည်။ ရန်ကုန်မှ အိမ်ဆောက်ကုန်မာပစ္စည်းဖြန့်ဖြူးသော ကုလားသူဌေးတစ်ဦးသည်လည်း ကုန်မာပစ္စည်းများနှင့် အရောင်းဆိုင်ခန်းကြီးများကို မန်နေဂျာဖြစ်သူ မြန်မာလူမျိုး ဦးကျော်သောင်းအား အပ်နှံပြီး အိန္ဒိယသို့ ရှောင်ထွက်သွားပါသည်။

ဦးကျော်သောင်းကား ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်မှ မြန်မာဗုဒ္ဓဘာသာအမျိုးသားတစ်ဦးဖြစ်သည်။ ကုလားသူဌေး ထွက်သွားပြီး ခြောက်နှစ်ခန့် ကြာသည်အထိ ဘာအဆက်အသွယ်မှ မရသလို ဘာ

www.dhammaransi.com

သတင်းမှလည်း မကြားရပါ။ စာရိတ္တသတ္တိ မရှိသူသာဆိုလျှင် ပစ္စည်းနှင့် ဆိုင်ခန်းများကို လျှော့ဈေးနှင့်ရောင်းချပြီး မြန်မာပြည်တစ်နေရာရာတွင် လမ်းစဖျောက်ပြီးနေလိုက်လျှင် တစ်သက်လုံးစားလို့ကုန်လိမ့်မည်မဟုတ်ပါ။

ထိုကဲ့သို့ မဟုတ်တာလုပ်ရန် အခွင့်အရေးရပါလျက် မလုပ်ဘဲ နေနိုင်သည့် သတ္တိကို စာရိတ္တသတ္တိဟု ခေါ်ရပေသည်။ မည်မျှခက်ခဲသော သတ္တိဆိုသည်ကို တွေးကြည့်ရုံနှင့် သိနိုင်ပေသည်။ စာရိတ္တသတ္တိအပြည့် ရှိသော ဦးကျော်သောင်းကား စာရင်းအင်းအတိအကျနှင့် စီမံအုပ်ချုပ် ပြီး ကြိုးစားရာ ၆ နှစ်အတွင်း ဆိုင်ခန်းကြီးများ အမြတ်ငွေများ ကြီးပွား တိုးတက်လာလေသည်။

ခြောက်နှစ်ကျော်ကြာပြီး တစ်နေ့သောအခါ ကုလားသူဌေးသည် ရန်ကုန်သို့ ပြန်ရောက်လာလေသည်။ ကြီးပွားတိုးတက်အောင်မြင်လျက် ရှိသော ဆိုင်ခန်းများကို တွေ့သောအခါ ကုလားသူဌေးမှာ အံ့ဩမဆုံး ဖြစ်နေလေသည်။ သူအံ့ဩနေသည်မှာ ပစ္စည်းဥစ္စာဆိုင်ခန်းများ တိုးပွား လာသောကြောင့် မဟုတ်ကြောင်းကို စကားပြောရင်းက သိလာရလေ သည်။

ခြောက်နှစ်အတွင်း ရလာသော အမြတ်ငွေစာရင်း၊ တိုးပွားလာ သော ပစ္စည်းစာရင်း၊ ဆိုင်ခန်းစာရင်း၊ မိမိနှင့် အလုပ်သမားများအတွက် လခငွေ၊ ဘောက်ဆူးငွေစာရင်းများကို ဦးကျော်သောင်းက အတိအကျ တွက်ချက်ပြီး အပ်လိုက်သည်နှင့် ကုလားသူဌေးက လက်ကာပြကာ-

"အဲဒါတွေ အသာထားပါဦး ဦးကျော်သောင်း ကျွန်တော် အခု သိပ်အံ့ဩနေတာက ငွေတွေ၊ ပစ္စည်းတွေ တိုးပွားလာလို့ မဟုတ်ဘူး။ ကျွန်တော် ခင်ဗျားကိုအပ်ခဲ့စဉ်ကတည်းက ပြန်ရမယ်ဆိုတဲ့ မျှော်လင့် ချက်မရှိဘူး။ ကျွန်တော်တို့အနေနဲ့ လက်လွှတ်ထွက်သွားရတာမဟုတ် လား။ ပြန်ပေးလဲပေး၊ မပေးလဲနေဆိုပြီး ကံကိုပဲ ပစ်ချထားတာပေါ့။"

"အခုပြန်လာတာကလည်း အခြေအနေ အကဲခတ်ကြည့်ရုံလာခဲ့ တာပါ။ အခုတော့ ပစ္စည်းဥစ္စာမှန်သမျှကို တစ်ခုမှ မတရားမလုပ်ဘဲ ပြန်အပ်တာကို ကျွန်တော် တအားအံ့ဩနေတယ်၊ ဦးကျော်သောင်းကို ကျွန်တော် တစ်ခုမေးချင်တာက ဒီပစ္စည်းတွေကို အပြတ်ရောင်းချပြီး တစ်နေရာမှာ ရှောင်နေမယ်ဆိုရင် ဒီလိုလုပ်တာကို မြန်မာပြည်က လူတွေ ဘယ်သူမှ သိမှာမဟုတ်ပါဘူး။ ပိုင်ရှင်မဲ့သလို ဖြစ်နေတဲ့အတွက် တရားဥပဒေအရလဲ အရေးယူလို့မရပါဘူး။ ဒါနဲ့တောင် မတရားမလုပ်

www.dhammaransi.com

ဖြစ်တဲ့ အကြောင်းကို ကျွန်တော် သိပ်သိချင်ပါတယ်၊ ပြောပြပါလား"

လေးစားကြည်ညိုသော အကြည့်ဖြင့်ကြည့်လျှက် လေးနက်စွာ တောင်းခံနေသော ကုလားသူဌေး၏အမေးကို ဦးကျော်သောင်း ပြန်ဖြေလိုက်သော အဖြေက-

"ကျွန်တော်မဟုတ်တာလုပ်ခဲ့ရင် တရားဥပဒေအရ အရေးယူလို့ မရတာမှန်ပါတယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာဘုရားဥပဒေအရ နောက်ဘဝမှာ အရေးယူလို့ ရနေပါတယ်။ ကျွန်တော် မဟုတ်တာလုပ်တာကို မြန်မာတစ်ပြည်လုံး မသိကြပေမယ့် ကျွန်တော်ကိုယ်တိုင် သိနေပါတယ်။ သူတစ်ပါးကိုလိမ်လို့ရသော်လည်း မိမိကိုယ်ကို လိမ်လို့မရပါဘူး။ ကိုယ့်ကိုယ်ကို တကယ်ကြည်ညိုအောင်နေတတ်သူဟာ သူတစ်ပါးသိသိ၊ မသိသိ မကောင်းတာကိုမလုပ်ပါဘူး"

ကုလားသူဌေး၏ ဘဝတစ်သက်တာ။ ဤလိုလူမျိုး၊ ဤလိုစာရိတ္တကောင်းသူကို ဘယ်မှာမှ မတွေ့ခဲ့ဘူးသောကြောင့် ရိုသေလေးစားစွာ တစ်စိမ့်စိမ့်စိုက်ကြည့်ရင်းဖြင့် ဦးကျော်သောင်းညာလက်ကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ-

"ဦးကျော်သောင်း ခင်ဗျားရဲ့စာရိတ္တမျိုးကို ဘယ်နိုင်ငံမှာမှ ကျွန်တော် မတွေ့ခဲ့ဖူးဘူး။ နောင်လဲ တွေ့မှာမဟုတ်ပါဘူး။ ဒါ့ကြောင့် ဘယ်သူမှ ဂုဏ်မပြုဘူးတဲ့ ဂုဏ်ပြုမှုမျိုးနဲ့ ခင်ဗျားရဲ့ စာရိတ္တကို ဂုဏ်ပြုပါရစေ။ အခု ခင်ဗျားစာရိတ္တနဲ့ စောင့်ရှောက်ထားတဲ့အတွက် တိုးပွားလာတဲ့ ပစ္စည်း၊ ဥစ္စာ၊ ဆိုင်ခန်းတွေအားလုံးကို ခင်ဗျားကိုပဲ ပြန်ပေးပါရစေ။ ကျွန်တော့်အတွက်ကိုလည်း အားမနာပါနဲ့။ အိန္ဒိယမှာ ကုမ္ပဏီတွေ၊ ဆိုင်ခန်းတွေနဲ့ ပြည့်စုံနေပါပြီ။ ထူးထူးခြားခြားလှူရတဲ့ ဒီအလှူကို ကျွန်တော့်တစ်သက်တာမှာ ဘယ်တော့မှမေ့မှာ မဟုတ်ပါဘူး။

## လူတိုင်းနှစ်သက်သောဂုဏ်

ရိုးသားဖြောင့်မတ်သောဂုဏ်ကို လူတိုင်း နှစ်သက်ကြသည်။ ကောင်းသောလူများကို မဆိုထားနှင့် မကောင်းသောသူများပင်လျှင် ရိုးသားဖြောင့်မတ်သောသူကို နှစ်သက်တတ်ကြသည်။ လူတို့သည် အဆင့်အတန်း၊ အနိမ့်အမြင့်၊ ဆင်းရဲချမ်းသာသာ ကွာခြားမည်။ မိမိနာမည်နှင့် ဂုဏ်သတင်း သမိုင်းတွင်ကျန်ရစ်သည့်ကိုတော့ အလိုရှိကြသည်သာ ဖြစ်ပါ၏။

www.dhammaransi.com

ထို့ကြောင့် အလှူ့ဒါနပြုရာ၌ပင် နည်းနည်းပဲလှူလှူ၊ များများပဲ လှူလှူ၊ မိမိတို့နာမည်လေး ပေါ်လွင်ထင်ရှားစေချင်ကြသည်သာ ဖြစ်သောကြောင့် ကောင်းမှုရှင်စာရင်းကို မဖြစ်မနေ ရေးပေးနေရခြင်း ဖြစ်ပါ၏။ ထို့ကြောင့် ခန္ဓာကိုယ်နှင့်ဂုဏ် ဘယ်အရာက ရေရှည်ခံသည်ကို ဟိတောပဒေသဆရာက-

"သရီရဿဂုဏာနဥ္စ၊ ဒူရမစ္စန္တ မန္တရံ။
သရီရံခဏဝိဒ္ဓံသိ၊ ကပ္ပန္တဋ္ဌာယိနောဂုဏာ။
သရီရဿ၊ ခန္ဓာကိုယ်ကြီး၏လည်းကောင်း။
ဂုဏာနဥ္စ၊ ဂုဏ်ကျေးဇူးတို့၏လည်းကောင်း။
အန္တရံ၊ ခြားနားချက်သည်။
အစ္စန္တံအစ္စန္တေန၊ စင်စစ်ကေန်အမှန်အားဖြင့်။
ဒူရံ၊ ခရီးဝေးပမာ၊ ကွာလှချေ၏။
သရီရံ၊ ခန္ဓာကိုယ်ကြီးသည်။
ခဏဝိဒ္ဓံ၊ ခဏနှင့် ယိုယွင်းပျက်စီးတတ်၏။
ဂုဏာ၊ ဂုဏ်ကျေးဇူးသတ္တိတို့သည်ကား
ကပ္ပန္တဋ္ဌာယိနော၊ ကမ္ဘာဆုံးသည့်တိုင်အောင်၊ မပျက်မပြုန်းဘဲ တည်ပါပေ၏။"

ခန္ဓာကိုယ်နှင့် ဂုဏ်ကျေးဇူး၏ ခြားနားချက်ကား ကြီးမားလှ၏။ ခန္ဓာကိုယ်သည် သေပြီးခဏနှင့် ပျက်စီးသော်လည်း ဂုဏ်ကျေးဇူးကား ကမ္ဘာဆုံးသည့်တိုင်အောင် မပျက်စီးဟု ဆိုလိုပါ၏။ ဟင်းမှန်သမျှ အရသာရှိရန်အတွက် အခေါင်အချုပ်သည် ဆားဖြစ်သကဲ့သို့ လောက၌ ရှိသမျှ ဂုဏ်ကျေးဇူးတို့ တန်ဖိုးတက်ရန်အတွက် အခေါင်အချုပ်ကား ရိုးသားဖြောင့်မတ်ခြင်း ဖြစ်ပါ၏။

မည်မျှကောင်းသော အသားဟင်းဖြစ်ပါစေ။ ဆားမပါလျှင် ဘယ်လိုမှ အရသာမရှိနိုင်သကဲ့သို့ ရပ်ရွာကောင်းကျိုး နိုင်ငံအကျိုး မည်မျှဆောင်ရွက်ခဲ့သောပုဂ္ဂိုလ်ပင်ဖြစ်စေ စာရိတ္တချို့ယွင်းသွားသည်နှင့် သူ၏ကောင်းခဲ့သောလုပ်ဆောင်ချက်မှန်သမျှသည် ဘာမှတန်ဖိုးမရှိတော့ချေ။ ထို့ကြောင့်လည်း ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံခေါင်းဆောင်အချို့ မရိုးသားသော ကိုယ်ကျိုးရှာမှုများကြောင့် နာမည်ပျက်စာရင်းဝင်ပြီး နိုင်ငံရေးလောကမှ ကွယ်ပျောက်သွားခဲ့ရသူတွေ များလှပေပြီ။

www.dhammaransi.com

ထိုရိုးသားဖြောင့်မတ်မှုတစ်ခုတည်းနှင့်ပင် လူတစ်ယောက်အတွက် အထွတ်အထိပ်သို့ ရောက်နိုင်ကြောင်းကို ဓမ္မဒူတကျမ်း၌ ဓမ္မာစရိယ ဦးဋ္ဌေးလှိုင်က-

"လုပ်တာကိုင်တာ၊ ပြောတာဆိုတာ နောက်ဆုံး နှလုံးစိတ်ဝမ်းထဲကိုက ရိုးသားရ၏။ အရိယာပုဂ္ဂိုလ်တို့၏ အလုပ်ဂုဏ်မှာလည်း ဥဇုပ္ပဋိပန္န၊ ရိုးသားစွာ ပြောဆိုနေထိုင် လုပ်ကိုင်ကြံစည်ခြင်းပင် မဟုတ်ပါလော။

ဤရိုးသားခြင်းသည် ကိုယ်ကျင့်တရား (သီလ) အားလုံးပါဝင်နေသဖြင့် လောက၌ ဤအရည်အချင်း တစ်ခုတည်းနှင့်ပင် အရာရာ အထွတ်အထိပ်ရောက်နိုင်၏။

ရိုးသားခြင်းသည် ထိုမျှလောက်တန်ဘိုးကြီး၏။ အရိယာတို့၏ နေနည်းပေတည်း။ ရိုးသားမှု အထွတ်အထိပ်ရောက်သူကိုပင် အရိယာ ဟုခေါ်ရ၏" ဟု ဖော်ပြခဲ့ပါ၏။

သူတစ်ပါးက အက္ခရာဖြင့် အရောင်းအဝယ်ဆန်ဆန် ရေးပေးရသော သမိုင်းကြောင်းသည် သူ့အတိုင်းအတာ ကာလရှိသလောက်သာ ရေရှည်ခံမည်ဖြစ်၏။ အတိုင်းအတာကာလကို ကျော်လွန်သွားသည်နှင့် ပျောက်ပျက်သွားရမည်သာဖြစ်ပါ၏။

လူအများက သူတို့၏နှလုံးသားတွင် စိတ်လိုလက်ရရေးထားသော သမိုင်းသည်သာလျှင် ကမ္ဘာဆုံးသည်အထိ မပျက်မစီး တည်ရှိပေလိမ့်မည်။ နိုင်ငံတစ်ခုလုံးကို ပိုင်ဆိုင်အုပ်ချုပ်ရသည့် ဗိုလ်ချုပ်အောင်ဆန်းသည် ဘာတစ်ခုမှ ကိုယ်ကျိုးမရှာဘဲ သေဆုံးသွားချိန်တွင် [illegible]စုံသာ ကျန်ခဲ့ရှာသတဲ့ဟူသော သမိုင်းကြောင်းမျိုးသည် ဘယ်သောအခါမှ ပျောက်ပျက်သွားလိမ့်မည် မဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော် ထိုသမိုင်းကြောင်းမျိုးကား မြန်မာပြည်သားများကိုယ်တိုင် သူတို့နှလုံးသားတွင် သူတို့ကိုယ်တိုင် ရေးသားထားသောသမိုင်းကြောင်း ဖြစ်သောကြောင့်ပါတည်း။

## ရိုးသားဖြောင့်မတ်ခြင်း၏ရန်သူ

ရိုးသားဖြောင့်မတ်ခြင်း၊ စာရိတ္တသတ္တိ၏အဓိကဖြစ်သော ရန်သူမှာ အလိုလောဘကြီးခြင်း ဖြစ်ပါ၏။ အလိုလောဘကြီးသူထံ၌ ရိုးသားဖြောင့်မတ်ခြင်း စာရိတ္တသတ္တိ မရှိနိုင်သလို၊ ရိုးသားဖြောင့်မတ်ခြင်း စာရိတ္တသတ္တိ ရှိသူထံတွင်လည်း အလိုလောဘကြီးခြင်းမရှိပါ။ လောဘ၏

နယ်ပယ်ကား ကျယ်ဝန်းလှပါ၏။ ပုထုဇဉ်မှစ၍ အနာဂါမိပုဂ္ဂိုလ်ထိ လိုက်သေးသည်။ အနာဂါမိပုဂ္ဂိုလ်သည်ပင်လျှင် ဘဝကိုလိုချင်သေးသော အလိုလောဘ (ဘဝရာဂါနုသယ) ရှိသေးသည် မဟုတ်ပါလော။

ရဟန္တာဖြစ်မှသာ အလိုလောဘ၏စက်ကွင်းမှ လွတ်ကင်းပါသည်။ ဗုဒ္ဓအလိုအရ လောဘကို နည်းနည်းသတ်နိုင်လျှင် နည်းနည်းချမ်းသာသည်။ များများသတ်နိုင်လျှင် များများချမ်းသာသည်။ လောဘကို အမြစ်ပြတ် ပယ်သတ်နိုင်လျှင်ကား ဆင်းရဲအားလုံးအမြစ်ပြတ်၍ နိဗ္ဗာန်ချမ်းသာထိ ရောက်စေနိုင်သောကြောင့်ဖြစ်ပါ၏။

ထို့ကြောင့် ဗုဒ္ဓက တစ်စ တစ်စ၊ စွန့်ဝံ့မှလျှင်၊ ဘဝနောက်နှောင်းဆက်တိုင်းကောင်း၏ ဟူ၍ ဟောခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓကိုယ်တိုင်ပင်လျှင် ဥစ္စာစည်းစိမ်၊ သားသမီး၊ မယား၊ အင်္ဂါခြေလက်၊ အသက်တို့ကို တစ်စတစ်စစွန့်ရင်းဖြင့် သဗ္ဗညုတဉာဏ်ရကာ ဘုရားဖြစ်ခဲ့သည် မဟုတ်ပါလော။

## သုံးကောင်ဖြစ်သွားကြသူများ

အင်းဝခေတ်က တောင်ဖီလာဆရာတော်ဘုရားကြီးသည် ခွေးများကို အစာကျွေးနေရင်းဖြင့် ကြီးသောခွေးက ငယ်သောခွေးကို အနိုင်ကျင့်ပြီး ကိုက်သောအခါ တဟဲ့ဟဲ့ဖြင့် မောင်းနေရ၏။ တစ်ချို့ခွေးကြီးများကား ဘယ်လောက်မောင်းမောင်း မရ၊ ပိုဆိုးလာ၏။ ထိုအခါ ဆရာတော်ကြီးသည် စိတ်တိုသွားသဖြင့် တောင်ဝှေးကို ကိုင်မြှောက်လိုက်ရင်း-

"တယ်... ဒီခွေးတွေ ရိုက်လိုက်ရ၊ ငါပါ သုံးကောင်ဖြစ်သွားရောမယ်" ဟု ညည်းတွားရှာလေသည်။ ယခုဆုတ်ကပ်ခေတ်ကြီးတွင်လည်း မကောင်းသောသူများက များလာသောအခါ အနည်းစုဖြစ်သော ကောင်းသောသူများက မထူးပါဘူးကွာ၊ သူများ မိုးခါးရေသောက် ကိုယ်လည်း သောက်တာပဲ ကောင်းပါတယ်ဆိုပြီး မကောင်းတာကို လုပ်မိသွားကြသူများက များ၏။ ထိုသူမျိုးကား မိမိကိုယ်ကို သုံးကောင်ဖြစ်စေသူများသာ ဖြစ်ကြပါ၏။

မိမိကိုယ်ကို သုံးကောင်ထဲမပါအောင် ထိန်းသိမ်းနိုင်သော စာရိတ္တသတ္တိရှိသူ တစ်ယောက်ကိုလည်း ၁၉၉၈ ခုနှစ်က ထူးထူးခြားခြား တွေ့ခဲ့ရပါသည်။ ထိုသူကား ရန်ကုန်တိုင်း၊ ထန်းတပင်မြို့၊ ကုန်းဒနဲရီရွာမှ လယ်သမား၊ လယ်ပိုင်ရှင်ကြီး ဦးသန်းလွင်ပင် ဖြစ်ပါ၏။ သူသည် ကိုယ့်လယ်ကိုယ်လုပ်သော လယ်သမားတစ်ယောက်ပင် ဖြစ်၏။

www.dhammaransi.com

ရိုးသားဖြောင့်မတ်ခြင်း စာရိတ္တဂုဏ်ကြောင့် ဧက ၆၀ ကျော် ပိုင်ဆိုင်သည့် လယ်ပိုင်ရှင်ကြီး ဖြစ်လာခဲ့ခြင်းဖြစ်သည်။ လေးဆယ်ကျော် ကျော်လေးသာရှိသေးသော သူ၏ အသက်အရွယ်၊ လူတိုင်းမှာ မရှိသော ရိုးသားဖြောင့်မတ်သည့် စာရိတ္တသတ္တိ၊ ဤနှစ်ချက်ကြောင့် သူသည် ဒီထက်ပို၍ ကြီးပွားချမ်းသာလာဦးမည်ကား မြေကြီးလက်ခတ် မလွဲ နိုင်ပေ။

သူ၏ လေ့လာစူးစမ်းတတ်သော အကျင့်နှင့် ထက်မြက်သော ဉာဏ် ပညာကြောင့် အင်ဂျင်စက်မျိုးစုံကို ပြုပြင်တတ်သည်။ တစ်နေ့တွင် တစ်ဖက် ရွာမှ လယ်ထွန်စက်တစ်လုံး ရောင်းမည်ဆိုသောကြောင့် သွားကြည့်ရာ စက်ပျက်နေသော လယ်ထွန်စက်တစ်လုံးကို တွေ့ရသည်။ ပိုင်ရှင်ဖြစ် သော ကရင်ကြီးက-

"ငါ မနှစ်ကမှ ဝယ်ထားတာ စက်ပျက်သွားတာ၊ ပြင်တတ်တဲ့လူ မရှိလို့ ဒီတိုင်း ထိုးထားရတာပါ၊ ငါဝယ်တုန်းကတော့ တစ်သိန်းခွဲ ပေးရ တယ်၊ အခု ပျက်နေပြီဆိုတော့ မင်းပေးချင်သလောက်သာ ပေးတော့"

အဖုံးဖွင့်ပြီး လေ့လာကြည့်လိုက်သောအခါ ဘာမှ ကြီးကြီးမားမား ပျက်စီးခြင်းမရှိ၊ ဆီကူးသော ပိုက်အသေးလေးတစ်ခု ပြုတ်နေသည်ကို သာ တွေ့ရသည်။ ထိုပိုက်ကလေးတပ်လိုက်သည်နှင့် ထွန်စက်က အကောင်း ဖြစ်သွားပေမည်။ ထိုအချက်ကို ပိုင်ရှင်ကားမသိ၊ ဝယ်မည့် ဦးသန်းလွင် ကသာ သိသည်။ စက်ပစ္စည်းသည် အသစ်ဈေး၊ အဟောင်းဈေး၊ အပျက် ဈေးဟု သုံးမျိုးရှိသည်။

ဆိုင်မှာ တင်ရောင်းနေချိန်တွင် အသစ်ဖြစ်သောကြောင့် ဆိုင်ရှင် ဆိုသလောက် ပေးကြရ၏။ ဝယ်ပြီး အိမ်သို့ရောက်မှ ပြန်ရောင်းမည်ဆို လျှင် အဟောင်းဈေး ဖြစ်သွားပြီ။ ဝယ်ရင်းဈေးထက် ထက်ဝက်သာသာ လောက်သာ ရနိုင်တော့သည်။ စက်တစ်ခုခုပျက်စီးပြီးမှ ရောင်းမည်ဆို လျှင်ကား အပျက်ဈေး ဖြစ်သွားလေပြီ။

အပျက်ဈေးကား ပိုင်ရှင်က ဈေးခေါ်၍မရတော့၊ ဝယ်မည့်သူ ပေးသလောက်သာ ရတော့သည်။ ယခုထွန်စက်သည် အပျက်ဈေးဖြင့် ရောင်းနေရခြင်းဖြစ်၏။ ထို့ကြောင့် ဦးသန်းလွင် ပေးသလောက်သာ ပိုင်ရှင်သည် ရရှိမည်ဖြစ်၏။ စာဖတ်သူသာ ဦးသန်းလွင်နေရာမှာ ရှိမည် ဆိုလျှင် မည်မျှပေးမည်နည်း စိတ်ကူးဖြင့် ပေးကြည့်စေချင်သည်။

www.dhammaransi.com

အပျက်ဈေးအဖြစ် လေးငါးသောင်းလောက်သာပေးလျှင် ရနိုင်သော်လည်း ဦးသန်းလွင်ကား တစ်သိန်းထိ ပေးခဲ့ပါသည်။ အပျက်ဈေးပေးလည်းရရဲ့သားနဲ့ ဘာ့ကြောင့် တစ်သိန်းထိ ပေးရသလဲဟု မေးကြည့်သောအခါ သူဖြေလိုက်သောအဖြေက "တစ်သိန်းတန်နေတဲ့ပစ္စည်းကို လေးငါးသောင်းသာ ပေးမယ်ဆိုရင် တပည့်တော်ဟာ မတရားတဲ့လူ တစ်ယောက်ဖြစ်သွားမှာပေါ့" တဲ့။

"လူဘဝကိုရရှိခြင်း၊ သာသနာတော်နှင့် တွေ့ကြုံရခြင်းကား ဒုလ္လဘတရားကြီးပင်တည်းဆိုသည်ကို လွန်ခါမှ နောင်တမဖြစ်ကြရာ လူဘဝကို ရခြင်းသည် သတ္တဝါအရည်အသွေးတက်စေရန် လေ့ကျင့်ခန်းဝင်ရခြင်း ပင်တည်း"

"ကွင်းဆင်းစမ်းသပ်ရခြင်းပင်တည်း၊ အရင်းမပြုတ်စေသင့်၊ သီလ၊ သမာဓိ၊ ပညာ ကိုယ်ပိုင်သာသနာအင်အားတို့ကို ရမယ်ရှာအချိန် မဆိုင်းဘဲ အခွင့်သင့်တိုင်း ထူထောင်သင့်ကြ၏"

*(ဓမ္မဒူတ - ပ - တွဲ - ၁၂၄)*

## နိမ့်သူနှင့်မြင့်သူ

"တွင်းတူးသူသည် တစ်စတစ်စနိမ့်ကျသွား၏။ တံတိုင်းဆင့်သူကား တစ်ဆင့်တစ်ဆင့် မြင့်တက်လာ၏။ မည်သူမဆို ကိုယ့်အလုပ်အားလျော်စွာ အကျိုးခံစားကြရ၏။"

"အများကို မြှင့်တင်ပေးတတ်သူများသည် ကိုယ်တိုင်လည်း အမြင့်သို့ ရောက်ကြရ၏။ ဤသည်မှာ လောကတံထွာ ဖြစ်ရိုးဖြစ်စဉ် တစ်မျိုးသာတည်း"

## ကြီးပွားချမ်းသာဖို့ ဆောင်ရန်နှင့်ရှောင်ရန်

ကျွန်ုပ်အသက် (၁၇)နှစ်အရွယ်ခန့်တွင် ကျောင်းအနီးမှ ထမင်းဆိုင်ပိုင်ရှင်တစ်ဦးနှင့် တွေ့ဆုံဆွေးနွေးဖူးသည်။ စားသုံးသူအပေါ်မှာ စေတနာထားခြင်းကြောင့် ထိုနေရာတစ်ဝိုက်တွင် သူ့ဆိုင်မှာ ရောင်းအကောင်းဆုံးဖြစ်ပါ၏။ ဆက်ဆံရေးကောင်းခြင်း၊ စားသုံးသူအပေါ်မှာ စေတနာထားခြင်းတို့ကြောင့် ထိုမျှရောင်းကောင်းခြင်းဖြစ်သည်ကို သတိထားမိပါသည်။ ဝင်ငွေကောင်းသော်လည်း သူသည် မချမ်းသာ၊ ကိုယ်ပိုင်အိမ်ပင်မရှိ၊ အိမ်ခန်းငှားပြီးနေရတန်းပင်ဖြစ်၏။

www.dhammaransi.com

ကျွန်ုပ်တို့ကျောင်းအတွက်လည်း နေ့စဉ်ဆွမ်းပို့သော ဒကာတစ်ဦး ဖြစ်၏။ ဝင်ငွေကောင်းပါလျက် မကြီးပွားခြင်းမှာ သူ၏ချွတ်ယွင်းချက် နှစ်ခုကြောင့်ဖြစ်၏။ ထိုချွတ်ယွင်းချက်များကို ပြင်နိုင်လျှင် ကြီးပွားလာမည်ကိုလည်း ကျွန်ုပ်သတိထားမိ၏။ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ် ဟူသော ရဟန်းသံဃာတို့၏ဝတ္တရားကို ကျွန်ုပ်ဆောင်ရွက်မိသည်။

"ဒကာကြီး ဒီထက်ပိုပြီး မကြီးပွား မချမ်းသာချင်တော့ဘူးလား"

"ချမ်းသာချင်တာပေါ့ ကိုရင်ရဲ၊ ဘာလဲ ကိုရင်က ထီထိုးခိုင်းမလို့လား"

"ဒီထက်သေချာတဲ့ ဘုရားဟောတဲ့ ကြီးပွားချမ်းသာကြောင်း တရားကို ပေးချင်တယ်၊ ဒကာကြီးသေချာနားထောင်မလား"

၄၅ နှစ်အရွယ် ဒကာတစ်ယောက်အနေနှင့် (၁၇)နှစ်အရွယ်ကိုရင်တစ်ပါး၏ ဩဝါဒစကားကို တလေးတစားနားမထောင်လိုကြောင်း သူ၏မျက်နှာအမူအယာမှာ ထင်ရှားပေါ်လွင်နေသည်။ ပျားကိုရှာသောသူသည် ပျားကိုရခဲ့လျှင် ကြက်ဆူပင်,ပင်ဖြစ်သော်လည်း တောတွင် အမြတ်မှတ်ရာသည်။ ပညာကိုရှာသောသူသည် ပညာရခဲ့လျှင် သူဖုန်းစားပင်ဖြစ်သော်လည်း လူတွင်အမြတ် မှတ်ရာသည် ဟူသော လုံးတော်ဆရာတော်၏ ဩဝါဒလေးကို သတိမမူမိသောကြောင့်သာ ထိုအမူအရာမျိုး ပေါ်ပေါက်ခြင်း ဖြစ်ပါလိမ့်မည်။

သို့သော် ခက်မာသောကျောက်ဆောင်ကြီးများကို နူးညံ့သောရေက သဲပွင့်လေးများဖြစ်အောင် တိုက်စားပစ်နိုင်သလို ခက်မာသောမြေကြီးကို နူးညံ့သောမှိုပွင့်က ဖောက်ထွက်လာနိုင်သလို ခက်မာရိုင်းစိုင်းသောနှလုံးသားပိုင်ရှင်များကိုလည်း နူးညံ့သိမ်မွေ့သော မေတ္တာနှလုံးသားပိုင်ရှင်များသည် ယဉ်ကျေးသိမ်မွေ့သွားစေနိုင်သည် ဟူသောစကားအတိုင်း ကျွန်ုပ်၏ကရုဏာမျက်ဝန်းနှင့် ပြည့်လျှမ်းနေသော မေတ္တာအမူအယာတို့ကြောင့်-

"ပြောပါဘုရား၊ ကိုရင်က တကယ့်စေတနာနဲ့ပြောတာပဲ တပည့်တော် သေချာနားထောင်ပါ့မယ်"

"ဒကာကြီး၊ ဘုရားရဲ့တရားတော်တွေဟာ ပုဂ္ဂိုလ်အနုအရင့်အလိုက် ပြည့်စုံအောင်ဟောကြားထားတာ။ ပါရမီရင့်တဲ့သူတွေအတွက် မဂ်ဖိုလ်ရကြောင်း တရားတော်တွေကို ဟောကြားသလို ပါရမီနည်းတဲ့သူတွေအတွက် လောကီကြီးပွားတိုးတက်ရာ တိုးတက်ကြောင်းတွေကိုလည်း

ဟောခဲ့တာပဲ၊ ဥပမာ သမ္ပဒါလေးပါးတရားပေါ့၊ ဘာတွေလဲဆိုတော့-

ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လဝီရိယဖြင့် ဥစ္စာကိုရှာဖွေခြင်း။

အာရက္ခသမ္ပဒါ = လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း။

သမဇီဝိတသမ္ပဒါ = အဝင်အထွက်မျှတအောင်သုံးစွဲခြင်း။

အလျာဏမိတ္တသမ္ပဒါ = မိတ်ဆွေကောင်းရှိခြင်း။

ဒီလေးချက်နဲ့အညီနေတဲ့သူဟာ ကြီးပွားတိုးတက်မှာပဲ။ ဒါက ဆောင်ရမည့်တရားပေါ့၊ တစ်ခါ ရှောင်ရမည့် တရားလေးပါးကိုလည်း အင်္ဂုတ္တိုရ်မှာ ဟောထားတာက-

- ပွဲလမ်းသဘင်အပျော်အပါးများခြင်း
- မိန်းမအပျော်အပါးလိုက်စားခြင်း
- သေရည်သေရက်မူးယစ်ဆေးဝါးသုံးစွဲခြင်း
- လောင်းကစားပြုလုပ်ခြင်း တို့ပဲ။

ဒီလေးချက်ကိုရှောင်ကြဉ်ရင်လည်း ကြီးပွားချမ်းသာမှာပဲ။"

ထိုစကားအဆုံးတွင် သူသည် တစ်ခဏတွေပြီး စဉ်းစားသွားသည်။ သူ့တွင် အသုံးအဖြုန်းများခြင်း၊ မိန်းမလိုက်စားခြင်းပြစ်ချက်တို့ ရှိနေသည်ကို သတိထားမိသွားဟန်တူပါသည်။ ကျွန်ုပ်ကလည်း တိုက်ရိုက် ပြောမကောင်းသောကြောင့် ပရိယာယ်ဖြင့် သတိထားမိသွားအောင် ပြောပြခြင်းဖြစ်ပေသည်။

"အဲဒီဆောင်ရန်လေးချက်၊ ရှောင်ရန်လေးချက်ကို တစ်ချက်တည်း ပေါင်းမှတ်ချင်ရင်လည်းရတယ်။ မင်္ဂလာ (၃၈)ဖြာမှာပါတဲ့ အတ္တသမာ ပဏိဓိမင်္ဂလာဆိုတာပဲ။ မြန်မာပြန်ရင်တော့ မိမိကိုယ်ကို မကောင်းတာ မလုပ်ဖြစ်အောင်၊ ကောင်းတာလုပ်ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက် တာပါပဲ။

"ဒီအတ္တသမာပဏိဓိမင်္ဂလာတစ်ခုနဲ့ ပြည့်စုံရင်လည်းပဲ အဲဒီလူ အတွက် ကြီးပွားချမ်းသာဖို့ရာ အခြေခံအကြောင်းလုံလောက်နေပါပြီ။ ဗုဒ္ဓရဲ့တရားတော်ဟာ သဘာဝတရားဖြစ်တဲ့အတွက် ဘယ်ဘာသာဝင် ဘယ်လူမျိုးကပဲကျင့်ကျင့်၊ ကျင့်တဲ့သူမှန်သမျှ ကောင်းကျိုးခံစားရမှာပဲ"

"ဗုဒ္ဓဘာသာဝင်ဖြစ်လို့ မကျင့်ဘဲနေပြီး ကောင်းကျိုးခံစားရမယ် လို့လည်း မမျှော်လင့်နဲ့၊ မရဘူး၊ ကျင့်မှပဲရမယ်။ ဒါ့ကြောင့်လည်း ဓမ္မပဒ မှာ- တုမှေဟိကိစ္စံ အာတပ္ပံ

အက္ခာတာရော တထာဂတာ။

www.dhammadownload.com

"ဘုရားရှင်တို့မည်သည် ဟောကြားညွှန်ပြရုံပဲ၊ ကြိုးစားအားထုတ်မှုကိုကား သင်တို့ကိုယ်တိုင်လုပ်ကြရမယ်" လို့ ဟောထားတာပေါ့။

## ဝက်သားစား စောသူများ

"ဒါနဲ့ပတ်သက်ပြီး ပဲခူးရိုးမတောထဲက သစ်ခွဲသမားနှစ်ယောက်အကြောင်းကို ပြောပြပါ့မယ်။ တစ်ယောက်က ကုလား၊ တစ်ယောက်က မြန်မာ၊ လူမျိုးမတူသလို ဘာသာလဲမတူဘူး။ စက်နဲ့ခွဲတဲ့လွှဝိုင်းကြီးတွေ မပေါ်သေးတဲ့အချိန်ဆိုတော့ ငမန်းစွယ်လွှကြီးတွေနဲ့ပဲ သစ်တွေကို ခွဲကြရတယ်။ ပင်ပန်းသလောက် ငွေလည်းတအားရတယ်။ ကုလားက ဗုဒ္ဓဘာသာမဟုတ်ပေမယ့် အတ္တသမာပဏ္ဏိဓိမင်္ဂလာကို အပြည့်အဝကျင့်တယ်။ အသုံးအဖြုန်းလည်း မကြီးဘူး။ အပျော်အပါးလည်း မလိုက်စားဘူး"

"စားသောက်တဲ့အခါမှာလည်း ဈေးကြီးတဲ့အစားအသောက်တွေရှောင်ပြီး ဈေးနည်းနည်းနဲ့အာဟာရဖြစ်မယ့် အစားအစာကိုပဲ ဦးစားပေးပြီး စားတယ်။ ငွေကိုလည်း ကျစ်ကျစ်ပါအောင် စုတယ်။ ဒီဘဝနဲ့တင်မနေဘူး။ ကြီးပွားတိုးတက်အောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်လည်းရှိတယ်"

"ကိုရွှေမြန်မာကတော့ ဗုဒ္ဓဘာသာတော့ဖြစ်ပါရဲ့၊ အတ္တသမာပဏ္ဏိဓိမင်္ဂလာ တစ်စက်မှမရှိဘူး။ ရသမျှ သုံးဖြုန်းသောက်စားပစ်တာနဲ့ပဲ ကုန်တယ်။ လုပ်ခငွေလေးရလိုက်တာနဲ့ တစ်သက်လုံးမကုန်တော့မယ့်အတိုင်း ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့အစားတွေ ဝယ်စားပစ်လိုက်တာပဲ"

"ဒီလိုနဲ့ ငါးနှစ်လောက်ရှိသွားတော့ ကုလားက လုပ်ကိုင်စားဖို့အရင်းအနှီး စုမိသွားပြီဖြစ်တဲ့အတွက် အလုပ်က တစ်ခါတည်းထွက်သွားတယ်။ ကိုရွှေမြန်မာကတော့ တောထဲက မထွက်နိုင်ပါဘူး။ ဒီလိုနဲ့ နောက်သုံးနှစ်လောက်ကြာသွားတော့ ငမန်းစွယ်လွှကြီးတောင် အသွားမရှိတော့တဲ့အတွက် လွှအသစ်ဝယ်ရအောင်ရယ်၊ ဘုရားဖူးရအောင်ရယ် ဆိုပြီး ရန်ကုန်ကိုရောက်လာတယ်"

သံထည်ပစ္စည်းမျိုးစုံရောင်းတဲ့ နှစ်ထပ်တိုက်အိမ်ဆိုင်ကြီးတစ်ဆိုင်ထဲဝင်ပြီး လွှတစ်ချောင်းဝယ်တယ်။ ငွေချေဖို့ မော့ကြည့်လိုက်တဲ့အခါ ဆိုင်ပိုင်ရှင်ကုလားဟာ သူနဲ့အတူ ပဲခူးရိုးမမှာ သစ်ခွဲခဲ့တဲ့လူဖြစ်နေလို့ အားရဝမ်းသာနဲ့ "ခင်ဗျားကျွန်တော်နဲ့အတူ ပဲခူးရိုးမထဲမှာ သစ်ခွဲခဲ့တဲ့

www.burmeseclassic.com

မိတ်ဆွေမဟုတ်လား” လို့မေးလိုက်တော့ ကုလားကလည်း ဟုတ်ပါတယ် လို့ပြန်ဖြေတယ်”

ကိုရွှေမြန်မာ မစဉ်းစားတတ်အောင် ဖြစ်သွားတယ်။ အလုပ်လုပ်ကြတာချင်းအတူတူ ကုလားကကြီးပွားသွားပြီး သူကကြီးပွားမလာတာကို သူဉာဏ်နဲ့စဉ်းစားတယ်။ မပေါ်ဘူး။ ဒါနဲ့ကုလားကို မေးခွန်းတစ်ခုထပ်မေးလိုက်ပြန်တယ်။ “ခင်ဗျားနဲ့ကျွန်တော်အလုပ်ချင်းအတူတူဖြစ်ရဲ့သားနဲ့ ခင်ဗျားက ကြီးပွားသွားပြီး ကျွန်တော်က ဘာလို့မကြီးပွားရတာလဲ” တဲ့။

ကုလားပြန်ဖြေလိုက်တဲ့အဖြေလေးကို မြန်မာစီးပွားရေးသမားတွေအားလုံးကြားစေချင်တယ်။ အဖြေစကားက “အစ်ကိုတို့မြန်မာတွေက ဘယ်ကြီးပွားမှာတုန်း ဝက်သားစားတာ စောတာကိုး” တဲ့။

**ဒီအဖြေစကားထဲမှာ** အဓိပ္ပာယ်တွေ အများကြီးပါတယ်။ ဝက်သားစားစောတယ်ဆိုတာ စီးပွားဥစ္စာရှာဖွေနေစဉ်အချိန်ကလေးမှာ သူဌေးမဖြစ်သေးပဲနဲ့ သူဌေးလို အသုံးအဖြုန်းကြီးကြလို့ မကြီးပွားတာလို့ ပြောချင်တာပါပဲ။ ဒကာကြီးတို့အနေနဲ့လည်း အသုံးအဖြုန်းတွေလျှော့ပြီး ငွေစုစေချင်ပါတယ်။

အမေရိကန်သမ္မတကြီး ဂျော့ဝါရှင်တန်က ပြောဖူးတယ်။ ဆင်းရဲနေကြတဲ့လူအများစုဟာ ငွေမစုလို့ပဲတဲ့။ ဒကာကြီးအနေနဲ့ ပထမဆုံးအရေးကြီးတာက ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အိမ်ရှိဖို့ပဲ။ ပြီးမှ တစ်ဆင့်ချင်းတက်သွားရမှာပေါ့။ ဒါ့ကြောင့် အရှင်မဟာသီလဝံသက ဆုံးမဖူးတယ်။ တရားအားထုတ်သောသူဖြစ်လျှင် မနက်ဖြန် သေမလိုသဘောထားပြီး အားထုတ်ရမယ်တဲ့။ စီးပွားရှာသူဖြစ်လျှင် တစ်ကပ်၊ တစ်ကမ္ဘာ စားရမလို သဘောထားပြီး ရှာကြရမယ်တဲ့။

## သန္နိဋ္ဌိကို တလွဲသုံးသူများ

ကိုးရီးယားက သူဌေးတစ်ယောက်သည် မြန်မာနိုင်ငံ၌ အလုပ်သမားခ သက်သာသောကြောင့် အထည်ချုပ်စက်ရုံကြီးနှစ်ခု ရွှေပြည်သာစက်မှုဒေသမှာ လာဆောက်သည်။ ကိုးရီးယားမှာလည်း ထိုကဲ့သို့ သူပိုင်စက်ရုံကြီးပေါင်း ၃ ခု ရှိနေသောကြောင့် မြန်မာနိုင်ငံက သူဌေးတစ်ယောက်က-

www.dhammaransi.com

"ခင်ဗျား ကိုးရီးယားမှာရှိတဲ့ စက်ရုံသုံးခုနဲ့တင် သားသမီးဆွေမျိုး သားချင်းတွေ စားလို့မကုန်ပါဘူး။ ဒါနဲ့တောင် မြန်မာပြည်မှာလာပြီး စက်ရုံနှစ်ခု ထပ်ဖွင့်ရသေးတယ်ဟု ဝေဖန်လိုက်ရာ ကိုးရီးယားသူဌေးက-

"သားသမီးဆွေမျိုးသားချင်းအတွက်ပြီးရင် ကိုယ့်နိုင်ငံအတွက် ကျန်သေးတယ်လေဗျာ"ဟု ပြောလိုက်သော စကားတစ်ခွန်းကို မြန်မာပြည်က သူဌေးကြီးများအားလုံး သိစေချင်လှပါသည်။ မြန်မာပြည်ရှိ အိမ်ထောင်ဦးစီးအများစုသည် သန္တုဋ္ဌိမင်္ဂလာကို တလွဲမှာအသုံးပြုနေကြသည်။ ပျင်းရိသည့်အတွက် စီးပွားရေးကို အဖြစ်လောက်သာရှာဖွေပြီး မဝရေစာလေးရသောအခါ ဘုရားက ရတာလေးနဲ့ရောင့်ရဲလို့ ပြောထားတာ စားရရုံရတော်ပြီပေါ့ကွာဟုဆိုကာ ရေသာခိုနေလိုက်ကြတော့သည်။

ဗုဒ္ဓ၏သန္တုဋ္ဌိကား ထိုကဲ့သို့မဟုတ် ဥဋ္ဌာနသမ္ပဒါ ဟောကြားချက်အရ စီးပွားဥစ္စာကို သမ္မာအာဇီဝကျကျ သားမယားအတွက်၊ ထို့ထက်စွမ်းနိုင်လျှင် ဆွေမျိုးသားချင်းအတွက်၊ ထို့ထက်စွမ်းနိုင်လျှင် နိုင်ငံအတွက်ပါ ရှာဖွေရမည်။ ထိုသို့တက်ကြွစွာရှာဖွေရင်း အခန့်မသင့်သဖြင့် ငါးသိန်းမြတ်ရမည့်နေရာ ငါးသောင်းသာမြတ်ခဲ့လျှင် ဝမ်းနည်းပူဆွေးမှု ဖြစ်မနေဘဲ "အေးလေ ဒီတစ်ကြိမ်အတွက်တော့ ငါကံက ဒီလောက်ပဲရှိတော့ ဒီလောက်နဲ့ပဲ ကျေနပ်ရတော့မှာပေါ့ " ဟုရောင့်ရဲခြင်းကိုသာ သန္တုဋ္ဌိဟု ဆိုခြင်းဖြစ်ပါ၏။

ပြောလိုက်သောစကား၌ အနှစ်အသား အပြည့်အဝပါပါ၏။ လိုက်နာကျင့်သုံးလျှင်ကျင့်သုံးသလောက် ကောင်းကျိုးများလည်းရနိုင်ပါ၏။ သို့သော် အသက်ငယ်ရွယ်သောကိုရင်တစ်ပါး၏ စကားမို့ သူလက်မခံချင်။ ထို့ကြောင့်လည်း-

"ကိုရင်ရာ... ကြီးပွားချမ်းသာဖို့ ကံပါလာတဲ့သူဟာ ဒီလောက်ကြီး စုစရာမလိုပါဘူး။ စကားပုံတစ်ခုရှိတယ်မဟုတ်လား၊ ဘုရင်ဖြစ်ချင် ရာဇပလ္လင် ဖင်လာကပ်ရတယ်ဆိုတာလေ" ဟု စောဒကတက်လာသည်။ ကျွန်ုပ်က-

"ဒကာကြီး ကိုရင်လက်လှမ်းမှီသလောက်ကတော့ အတ္တသမာပဏိဓိမင်္ဂလာနဲ့ ပြည့်စုံကြတဲ့သူတွေသာ ရှင်ဘုရင်ဖြစ်ကြတာ များပါတယ်။ သက္ကရာဇ် ၂၆၈ ခုနှစ်က ပုဂံမှာ စလေငခွေးက တန်နက်မင်းကို လုပ်ကြံပြီး နန်းတက်တယ်။ တန်နက်မင်းရဲ့ မိဖုရားငယ်တစ်ဦးဟာ ကိုယ်ဝန်ကြီးနဲ့ထွက်ပြေးပြီး ကြောင်ဖြူရပ်မှာ သားယောကျ်ားလေး မွေးဖွားတယ်။

www.dhammaransi.com

မင်းဖြစ်ချင်တဲ့သူငယ်ကို ဆရာဘုန်းကြီးရော မယ်တော်ကပါ သရဏဂုံနဲ့ ငါးပါးသီလကို စောင့်ထိန်းစေတယ်။ မကောင်းတာ မလုပ်ဖြစ်အောင် စောင့်ထိန်းပြီ ဆိုကတည်းက ဒါ အတ္တသမာပဏိဓိမင်္ဂလာပဲ။ နောက် ပုဂံမြို့ကိုအရောက်သွားပြီး ကွမ်းဆော်ရာထူးကိုရ အောင်ယူနိုင်ခဲ့တယ်။ ဇောင်ချမ်းပင်စောင့်နတ်ကို စားစရာပသတဲ့အတွက် နတ်ကလည်း ကိုယ်ထင်ပြပြီး သရဏဂုံနဲ့ ငါးပါးသီလ လုံခြုံအောင်စောင့်ပါ။ အနုသာသတိဆယ်ပါး ပွားများပါ။ ဤပုဂံပြည်မှာ မင်းဖြစ်ပါလိမ့်မယ်လို့ အားပေးတယ်။

သရဏဂုံနဲ့ သီလစွမ်းအားကြောင့် မင်းဖြစ်ချိန်တန်ပြီဆိုတော့ ပုဂံအရှေ့ဖက် တူရွင်းတောင်ခြေမှာ မင်းလောင်းပေါ်မယ်ဆိုတဲ့ ကောလာဟလကြီးဖြစ်ပေါ်လာလို့ မင်းလောင်းတွေ့ချင်တဲ့သူတွေ၊ ရာထူးတောင်းချင်တဲ့သူတွေဟာ တူရွင်းတောင်ခြေကို အလုံးအရင်းနဲ့ သွားနေကြတယ်။ ကွမ်းဆော်မင်းဖြစ်လာမယ့် လူငယ်လေးလည်း မင်းလောင်းကြည့်ရအောင် လိုက်သွားတယ်။

လမ်းခုလတ်ကျတော့ အဖိုးအိုတစ်ယောက်က မြင်းတစ်ကောင်ရယ်၊ ဥသျှောင်ရယ်၊ လှံတစ်စင်းရယ် ပေးလွှတ်လိုက်လို့ အသင့်ဆင်ယင်ပြီး တူရွင်းတောင်ခြေကို ဆက်ထွက်ခဲ့တယ်။ တောင်ခြေရောက်တယ်၊ မျှော်မဆုံးနိုင်တဲ့ လူထုကြီးက မင်းလောင်းလာပြီဆိုပြီး ဝိုင်းရှိခိုးကြတော့မှ သူကိုယ်သူ မင်းလောင်းဖြစ်နေမှန်းသိတယ်။

နန်းသိမ်းပွဲခံမယ်ဆိုပြီး ပုဂံနန်းတော်ကို လာခဲ့ကြတော့ တောင်သူကြီးမင်းက သန်လျက်ကိုင်ပြီး ကွမ်းဆော်မင်းလောင်းကို သတ်ရအောင် စောင့်နေတယ်။ သူဟာ ပင်ကိုယ်က သခွားစိုက်တဲ့ တောင်သူကြီးတစ်ယောက်ပဲ။

တစ်နေ့ တောလည်ရာက လမ်းကွဲပြီး တစ်ယောက်တည်း ပြန်လာတဲ့ ပုဂံဘုရင်ဟာ သူ့အခင်းကို ခွင့်မတောင်းဘဲဝင်ပြီး သခွားသီးတွေစားတဲ့အတွက် တူရွင်းနဲ့ရိုက်သတ်ပြီး ဘုရင်ဖြစ်လာသူပေါ့။ နန်းရင်ပြင်မှာ သူ့အသက်ကိုသတ်ပြီး ဘုရင်ဖြစ်လာသူနဲ့ သူ့အသက်ကို မသတ်ဘဲရှောင်ကြဉ်လာသူတို့ ထိပ်တိုက်တွေ့ကြပြီ"

အတ္တသမာပဏိဓိမင်္ဂလာ ရှိသူနဲ့ မရှိသူတို့ရဲ့ အားစမ်းပွဲပေါ့။ သန်လျက်ကြီးကိုင်ပြီးဆင်းလာတဲ့ တောင်သူကြီးမင်းကို နန်းတော်တံခါးမုခ်မှာ ထုထားတဲ့ ကျောက်ရုပ်ကြီးက အသက်ဝင်လာပြီး ထုလိုက်တဲ့

www.dhammaransi.com

အတွက် သေတယ်လို့ ဆိုပါတယ်။ ကျောက်ရုပ်ကြီးအောက်ကဖြတ်လာတဲ့ အချိန်မှာ အရုပ်ရဲ့ လက်တွေဘာတွေ ကျိုးပဲ့ကျလာပြီး သေသွားတာလည်း ဖြစ်နိုင်ပါတယ်။

ဒီတော့ သက္ကရာဇ် ၃၂၆ ခုနှစ်မှာ ကွမ်းဆော်မင်းဆိုတဲ့ အမည်နဲ့ ပုဂံမှာ မင်းပြုရပါတယ်။ ထေရဝါဒသာသနာပြု အနော်ရထာမင်းရဲ့ ဖခင်လည်း ဖြစ်ပါတယ်။

ထိုသမိုင်းကြောင်းကိုကား သူလည်း ဖတ်ဖူးထားမည်ပင်။ သို့သော် သမိုင်းစာအုပ်ထဲမပါသည့် သာသနာအတွင်းအား အကြောင်းအရာလေးများက သူ့ကို ဆွဲဆောင်ထားဟန်တူသည်။ စိတ်ဝင်တစား ငြိမ်နားထောင်နေသည်ကို တွေ့ရသည်။

"ကုန်းဘောင်ခေတ်မှာလည်း အတ္တသမာပဏ္ဏိမိမဂ်လာကြောင့် မင်းဖြစ်သွားသူတစ်ယောက် ရှိသေးတယ်။ ဒကာကြီး နားထောင်လိုတယ်ဆိုရင်တော့ ဆက်ပြောပါမယ်"

"ပြောပါဦးဘုရား၊ တပည့်တော်နားထောင်ပါ့မယ်"

"မင်းဆိုးမင်းညစ်ဖြစ်တဲ့ပုဂံမင်း အမရပူရထီးနန်းစိုးစံနေချိန်မှာ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ဟာ ရွှေဘိုမှာ လူသူလက်နက်စုရုံးပြီး အမရပူရကိုတိုက်ယူဖို့ ဆုံးဖြတ်ပြီးကြပြီး အစီအစဉ်အတိုင်းသာ ဖြစ်သွားရင်တော့ ပြည်သူလူထုအများ သေကြေ ဆင်းရဲကြရဦးမှာပါ"

"ထွင့်ခေါင်တောရကျောင်းဆရာတော် အရှင်ဉာဏဝံသဟာ မင်းသားနှစ်ပါးလုံးကို ဘဝအနှစ်သာရ ရှာပုံတော်ကိုသာ တစ်စိုက်မတ်မတ် ဟောပေးနေပါတယ်။ လာဖူးကြတဲ့မင်းသားနှစ်ပါးကလည်း လေးလေးစားစား နာယူကြတယ်။ တရားဆုံးသွားတော့ အသိဉာဏ်ရင့်ကျက်သွားတဲ့ မင်းသားနှစ်ပါးဟာ ရဟန်းပြုပေးဖို့ တောင်းပန်ကြတယ်"

ထွင့်ခေါင်ဆရာတော်က-

"မောင်တို့... မောင်တို့မှာ သာသနာပြုဖို့ ဘုန်းကံ ရှိသေးတယ်။ ရဟန်းဝတ်တာတော့ နောင်အခါအဆင့်သင့်မှ ဝတ်ကြတာပေါ့"လို့ မိန့်တော်မူလိုက်တော့ မင်းသားနှစ်ပါးလည်း သူတို့အမရပူရမှာ ဘုရင်ဖြစ်ရဦးမှာပဲဆိုတာတွေးမိပြီး ဝမ်းသာသွားကြတယ်"

"စစ်တိုက်မယ့်အစီအစဉ်တွေ ရပ်ဆိုင်းပြီး ဆရာတော်ကျောင်းမှာပဲ ဝတ်ကြီးဝတ်ငယ်ပြုပြီး နေကြတယ်။ ပြန်ခါနီးတဲ့အခါမှာတော့ အတ္တသမာပဏ္ဏိမိမဂ်လာနဲ့ဆက်စပ်နေတဲ့ အောက်ပါဩဝါဒကို ပေးသနားတော်မူပါတယ်။ အဲဒီဩဝါဒကတော့

www.dhammaransi.com

## မင်းဖြစ်စေသောဩဝါဒ

"အမောင်တို့...

အတိတ်ကပါလာတဲ့ ဘုန်းကံပါရမီကို ပစ္စုပ္ပန်စိတ်မိုက်ကြီးကြောင့် မပျက်စီးကြစေနဲ့။

အမောင်တို့... အပင်ငှက်ပျော မည်သည့်မှာ အချိန်တန်မှသာ သီးကြ၊ ပွင့်ကြရတယ်၊ အတင်းအကျပ် လုပ်ယူလို့မရဘူး။

အမောင်တို့... လိမ်လိမ်မာမာနေကြလေ"

ဩဝါဒသုံးခုလုံးကို အကျဉ်းချုပ်ကြည့်လိုက်ရင် ကိုယ့်ကိုယ်ကို မကောင်းတာ မလုပ်မိအောင် စောင့်စည်းခိုင်းတဲ့ အတ္တသမာပဏိဓိ မင်္ဂလာပါပဲ။ ဒီဩဝါဒကြောင့် သွေးချောင်းစီးမယ့် အကြမ်းဖက်တိုက်ပွဲကြီးကို ရှောင်ကြဉ်နိုင်ပြီး နူးညံ့တဲ့နည်းနဲ့ အမရပူရကို သိမ်းနိုင်ခဲ့ပါတယ်။ ပဉ္စမသင်္ဂါယနာတင်ခဲ့တဲ့ သာသနာပြုမင်းလည်း ဖြစ်ခဲ့ရပါတယ်။

သူသည် ကျွန်ုပ်စကားကို စိတ်ဝင်စား၏။ ကျင့်ကြံလျှင် အကျိုးရှိမှန်းလည်းသိ၏။ သို့သော် ငယ်ရွယ်နုနယ်သူ၏ အဆုံးအမမှ လိုက်နာချင်ဟန်မရှိ။ မှားယွင်းသော အယူအဆတစ်ခုပင်။ အဆုံးအမဩဝါဒတစ်ခုသည် ဗုဒ္ဓဒေသနာနဲ့လည်း ညီမည်။ မိမိအတွက် ပစ္စက္ခရော၊ သံသရာမှာပါ ကောင်းကျိုးရှိမည်ဆိုလျှင် ကျင့်သုံးလိုက်နာသင့်သည်သာ ဖြစ်ပါ၏။

အဆုံးအမဩဝါဒပေးသူ၏ အသက်၊ ဂုဏ်ဝါကြီးသည် ငယ်သည်က အဓိကမဟုတ်။ အဆုံးအမဩဝါဒ၏ အကျိုးရှိမရှိက အဓိကပင်ဖြစ်ပါ၏။ အဆုံးအမဩဝါဒက အကျိုးရှိပါလျက် မကျင့်သုံးဘူးဆိုလျှင် မိမိသာအကျိုးယုတ်မည်ဖြစ်ပါ၏။ ယခုဒကာကြီးကိုကြည့်ပါ။ ကျွန်ုပ်စကားဆုံးသည်နှင့် နေရာမှထလိုက်ပြီး-

"ဒါပေမယ့် ကိုရင်ရာ... သီပေါမင်းကျတော့ ဘာမှအသုံးမကျဘဲနဲ့ ဆင်ဖြူမရှင်မိဖုရားနဲ့ ဦးကောင်းတို့တိုင်ပင်ပြီး နန်းတင်တော့ အသာလေး ဘုရင်ဖြစ်သွားတာ မဟုတ်လား"

ဟုပြောပြီး ထွက်သွားပါတော့သည်။ ထွက်ကန် ကန်သွားသည်ဟု ဆိုရပါမည်။ သူသာကောပြသော အတ္တသမာပဏိဓိမင်္ဂလာ မရှိသည့် သီပေါမင်းသည် အင်္ဂလိပ်လက်ပါကာ အိန္ဒိယနိုင်ငံရတနာဂီရိတွင် နိုင်ငံမဲ့သည့် အထီးကျန်ဘဝဖြင့် [illegible]ခဲ့ရသည် မဟုတ်ပါလား။

ယခုအချိန်တွင် ထိုဒကာကြီးအကြောင်း စုံစမ်းသောအခါ စီးပွား ပျက်၍ ကိုယ်စိတ်နှစ်ပါးဆင်းရဲနေသည်ကိုသာ တွေ့ခဲ့ရပါသည်။

ဩဝဒေယျာနုသာသေယျ၊
အသဗ္ဘာစနိဝါရယေ။
သတဉှိသော ပိယောဟောတိ၊
အသတံဟောတိအပ္ပိယော။

(ဓမ္မပဒ)

"အဆုံးအမဩဝါဒပေးရာ၏။
မကောင်းမှုမှ တားမြစ်ရာ၏၊ ထိုသို့သောသူကို သူတော်ကောင်း တို့က ချစ်ခင်၍ မသူတော်တို့က မုန်း၏။"

ဤ (၁၇)နှစ်သားအရွယ်မှာပင် သားသမီးကို အသေခံပြီး ချစ် သည့် ခွေးနက်မကြီးတစ်ကောင်ကို တွေ့ခဲ့ရပါသည်။ စိတ်ဝင်စားစရာ ကောင်းသလို သနားစရာလည်းကောင်းလှပါသည်။ မိဘ၏ကျေးဇူးနှင့် မေတ္တာကို သတိထားမိလောက်စရာ အချက်ကလေးများပါသဖြင့် အလျဉ်း သင့်သောနေရာတွင် ဖော်ပြပါဦးမည်။ ဝတ္ထုရှည်အဖြစ် ရေးသားပြီးသား ရှိနေပါသည်။

www.dhammaransi.com

## အခန်း ( ၅ )

## မျှော်လင့်ချက်ထားကူညီက စိတ်ဆင်းရဲရ

ယခု (၂၇-၃-၂၀၀၁) တွင် ကြုံရသော ဖြစ်ရပ်နှင့် လွန်ခဲ့သော ၁၅ နှစ်က ဖြစ်ရပ်တို့သည် စာရှုသူများအတွက် စိတ်ဆင်းရဲမှုမှ လွတ်ကင်းစေသော ကျင့်စဉ်တစ်ခုကို ရရှိစေနိုင်ပါသဖြင့် အစဉ်အတိုင်း မဟုတ်သော်လည်း ကြားဖြတ်၍ တင်ပြလိုက်ပါသည်။

လွန်ခဲ့သော (၁၅)နှစ်ကဖြစ်ရပ်ကို ဦးစွာတင်ပြရလျှင် ကျွန်ုပ် ရဟန်းဝါနှစ်ပါအရတွင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်သို့ ရောက်ခဲ့ရသည်။ ထိုတိုက်မှာပင် ပထမကြီးတန်းကို ဖြေဆိုအောင်မြင်ခဲ့သည်။ သက္ကသီဟစာသင်တန်းနှင့် ဓမ္မာစရိယစာပေများ လေ့လာဆည်းပူးခွင့် ရရှိခဲ့သည်။

မမျှော်လင့်ဘဲပေါ်လာသော အတားအဆီးနှစ်ခုကြောင့် ကောင်းမွန်စွာဖြေဆိုခွင့် မရရှိခဲ့ပါ။ အလျဉ်းသင့်သောနေရာတွင် ဖော်ပြပါမည်။ မစိုးရိမ်တိုက်သစ်ရောက်သောအချိန်တွင် ကျွန်ုပ် စာဖတ်အားသည် အတော်ပင် ကောင်းမွန်နေပါသည်။

ဦးအဂ္ဂဓမ္မအမည်ရှိ ရဟန်းတော်တစ်ပါးသည် ကျွန်ုပ်ကို အတော်ပင် လေးစားချစ်ခင်ခဲ့သည်။ ရင်းနှီးသောမိတ်ဆွေအဖြစ်သို့လည်း ရောက်သွားကြသည်။ သူသည်လည်း စာပေဝါသနာပါသူတစ်ယောက်ပင် မဟုတ်လား။ သူကား ပခုက္ကူခရိုင်၊ မြိုင်ခေါင်းကွဲဘက်မှဖြစ်သည်။

မိဘများကား တောသူဌေးများဖြစ်၍ အင်မတန်ချမ်းသာကြသည်။ သူ့ပါရမီကြီးလွန်း၍သာ ဘုန်းကြီးဘဝ မြဲနေခြင်းဖြစ်သည်။ တစ်နေ့တွင် မစိုးရိမ်တိုက်သစ်၊ ဓမ္မယာနကျောင်းဆောင်မှ မြတောင်တိုက်သို့ ရောက်သွားသည်။ ရောက်ပြီး လေးငါးလအကြာမှာပင် ဦးအဂ္ဂဓမ္မကြီး နေထိုင်မကောင်းဖြစ်နေသည်ဟု သတင်းကြားသဖြင့် ဆေးနှင့် ခါတ်စာလေး ဝယ်ကာ အရောက်သွားခဲ့ပါသည်။

www.dhammaransi.com

သူ့ကိုမြင်လိုက်ရတော့ ကျွန်ုပ် တော်တော်စိတ်မကောင်းဖြစ်သွားရသည်။ ပိန်လိုက်သည်မှာ နံရိုးများပင် အပြိုင်းလိုက်ပေါ်နေပြီး မျက်တွင်းမှာလည်း အတော်ပင်ဟောက်ကျသွားသည်။ ဆေးနှင့် ခါတ်စာကို သင့်တော်သည့်နေရာ ထားလိုက်ရင်း အနီးတွင် ထိုင်ချလိုက်ကာ-

"ဦးအဂ္ဂသက်သာတယ်မဟုတ်လား"

"သိပ်တော့ မသက်သာသေးဘူး၊ မေမြို့တောထဲက ပါလာတဲ့ ငှက်ဖျားပေါ့။"

"ဘာတွေနဲ့ ကုနေသလဲ"

"အင်္ဂလိပ်ဆရာနဲ့မရလို့ မြန်မာဆရာနဲ့ ဆက်ကုနေတယ်"

ပြောရင်းဖြင့် သူ့မျက်လုံးတွင် မျက်ရည်များ ဝေလာသည်ကို တွေ့လိုက်သဖြင့်-

"ဘာဝမ်းနည်းစရာတွေတွေးပြီး မျက်ရည်လည်နေရတာလဲ"

"ဒီကျောင်းပေါ်ကကိုယ်တော်အားလုံး တပည့်တော်ပစ္စည်းနဲ့ကင်းတာ တစ်ယောက်မှမရှိဘူး။ တပည့်တော်ဆီက အကူအညီ တစ်ခုမဟုတ်တစ်ခု ယူဖူးတာချည်းပဲ။ ဒါနဲ့တောင် တပည့်တော်အခုလို နေထိုင်မကောင်းဖြစ်တဲ့အခါကျတော့ ဘာအကူအညီမှမပေးကြဘူး။ တပည့်တော်ဆီက ဘာပစ္စည်းမှမယူဘူးတဲ့ အရှင်ဘုရားကမှ အဝေးကလာပြီး ထောက်ပံ့ကူညီဖော်ရသေးတယ်၊ အဲဒီနှစ်ခုကို ဆက်စပ်တွေးမိပြီး စိတ်မကောင်းသလို ဖြစ်လာလို့ပါ"

"ကိုယ်ကတော့ တတ်အားသမျှ ကူညီထောက်ပံ့ခဲ့ရပြီး ကိုယ်အလှည့်ကျတော့ ကူညီမယ့်သူမရှိလို့ စိတ်မကောင်းဖြစ်မိတဲ့သဘောဆိုပါတော့ ဟုတ်သလား"

"ဟုတ်တယ်"

"အဲဒါ အကူအညီလာမပေးတဲ့၊ ကိုယ်တော်တွေရဲ့ အပြစ်မဟုတ်ဘူး... ဦးအဂ္ဂရဲ့အပြစ်ပဲ"

"ဟာ... အရှင်ဘုရားစကားကလည်း တစ်မျိုးကြီးပဲ။ အကူအညီပေးတဲ့သူက ဘာလို့အပြစ်ရှိရမှာလဲ"

"အကူအညီပေးတာက အပြစ်မဟုတ်ဘူး၊ နောင်တစ်ချိန်မှာ ငါ့ကိုပြန်ပြီးကူညီကြပါစေလို့ မျှော်လင့်ချက်ထားမိတာက ဦးအဂ္ဂအပြစ်ပဲ။ ကိုယ့်ပစ္စည်းနဲ့ကိုယ် စိတ်ဆင်းရဲမှုမဖြစ်စေချင်ရင် သူတစ်ပါးကို ပေးကမ်း

www.dhammaransi.com

ကူညီတဲ့အခါတိုင်း ဘယ်တော့မှ မျှော်လင့်ချက်မထားနဲ့။ နဂိုကတည်းက မျှော်လင့်ချက်မထားဘဲ ကူညီခဲ့ရင် နောင်တစ်ချိန်မှာ တစ်ဖက်လူက ကျေးဇူး သိသိ,မသိသိ ဘယ်လိုမှမခံစားရတော့ဘူး"

"ကိုယ်ပြုခဲ့တဲ့ကုသိုလ် ညစ်နွမ်းစရာ အကြောင်းမရှိတော့ဘူးပေါ့။ မျှော်လင့်ချက်နဲ့ကူညီခဲ့သူအတွက် ကိုယ့်မျှော်လင့်တဲ့အတိုင်း ဖြစ်မလာရင် စိတ်ဆင်းရဲရတော့တာပဲ။ ဒါ့ကြောင့် ဗုဒ္ဓကလည်း စွန့်ကြဲတဲ့အခါမှာ မုတ္တစာဂီ = ဘာမှမျှော်လင့်ချက်မထားဘဲ လွတ်လွတ်စွန့်ကြဲပါလို့ ဟောခဲ့တာပေါ့။ ဒါ့ကြောင့် ဒီကရှေ့လျှောက် ဦးအဂ္ဂအနေနဲ့ စွန့်ကြဲတိုင်း ဘာမျှော်လင့်ချက်မှမထားနဲ့ပေါ့"

အမှန်ကို ထိုးထွင်းမြင်သွားသည့်အတွက် သူ့မျက်နှာသည် ကြည်ရွှင်ဝင်းလက်သွားသည်။ နှုတ်မှလည်း-

"တပည့်တော် အမှန်ကိုမြင်သွားပြီ ဦးဇဝန၊ သူများအပြစ်ကိုမရှာနဲ့၊ ကိုယ့်အပြစ် ကိုယ်ရှာပြီး ပြုပြင်မှ ပစ္စက္ခသံသရာ ကောင်းကျိုးရမယ်ဆိုတဲ့ ဘုရားဟော ဒေသနာကို အရှင်ဘုရားက လက်တွေ့အသုံးချပြလိုက်တာပဲ။ တပည့်တော်ဘဝတစ်လျှောက် ကိုယ့်ပစ္စည်းနဲ့ကို ဘယ်တော့မှ စိတ်ဆင်းရဲမခံတော့ဘူးဆိုတာ ဦးဇဝနကို ကတိပေးပါတယ်ဘုရား"

### အပြစ်ရှာသူများ သတိထား

မနှစ်လို အပြစ်ဆိုတာ (တစ်)ကိုယ်က မကောင်းတာ
နှစ်လိုသမျှ အကြောင်းရှာသော်
တစ်ချောင်းသာလက်ညှိုး
ရှေးတစ်စောင်း ဘေးဟောင်းပမာ
လေးချောင်းဟာ ကိုယ့်ကိုယ်ကိုပြန်ထိုး
ကိုယ့်မျက်ချေး ကိုယ်မမြင်တယ်
ဆိုအစဉ်လက်ရိုး
မလိုအင်ဖျက်ချိုးတော့
ပျက်အကျိုးကိုယ်အရင်
ဖွဲပြာကိုနွဲ့ကာပစ်ရင်ဖြင့်
ဝဲယာအသင့် ကိုယ့်မျက်စေ့ကိုယ်ပြန်ဝင်တယ်
ဉာဏ်ကဝိအမှန်သိမြင်လျှင်

www.dhammadansi.com

ပဏ္ဍိရှင် ပညာရှိသူတို့
ထင်စွာသတိထားရှိစေဌာ အများသိကြေငြာ
ရှောင်သဘောနှင့် ပြောင်ပြောပါသည်
နောင်သောအခါ စောင့်စည်းဖို့လေး။

*(စတုတ္ထကြောင်ပန်းဆရာတော်)*

ယခုလည်းကြည့်ပါ။ အသက် ၅၆ နှစ်ခန့်ရှိ ကျွန်ုပ်၏ယောက်ဖတော်တစ်ယောက်၊ တနင်္သာရီတိုင်းအတွင်း သာသနာပြုတရားဟောခရီးစဉ်သို့ ကပ္ပိယအဖြစ် လိုက်ပါလာခဲ့သည်။ တနင်္သာရီမြို့နယ်၊ တကူကျေးရွာသို့အရောက် နေ့ခင်းမှာပင် တရားပွဲအကျိုးဆောင် ဦးဝင်းအောင်နှင့်အတူ သာရဘွင်ရွာမှ လူငယ်လေးတစ်ဦး စာရေးသူထံသို့ ရောက်လာပြီး-

"ဆရာ... ဦးမြဝင်း ဘယ်သွားသလဲ"

မြိတ်မြို့နယ်နှင့် တနင်္သာရီမြို့နယ်အတွင်းတွင် ကျောင်းထိုင်ဆရာတော်မှန်သမျှကို ဆရာဟုသာခေါ်သည်။ လက်ထောက်ခန်းနေ ဦးပဥ္စင်းများကိုကား ဆရာငယ်ဟု ခေါ်လေ့ရှိသည်။ ဦးမြဝင်းဟူသည် ကျွန်ုပ်အစ်မအကြီးဆုံး၏ ခင်ပွန်းဖြစ်ပါ၏။ ကျွန်ုပ်က-

"တကူရွာထဲက လူနာတစ်ယောက်ကို အကြောပြင်ပေးဖို့ လိုက်သွားတယ်။ ဘာကိစ္စရှိလို့လဲ"

"သာရဘွင်က ဦးမြင့်ဝင်းတစ်ယောက် ၂၄ တောင်လောက် ရှိတဲ့ ခရူပင်ပေါ်က လိမ့်ကျလို့ဘုရား၊ အခုအိပ်ရာထဲကတောင် မထနိုင်ဘူး။ အဲဒါကြောင့် လွဲသွားတဲ့အရိုး၊ အကြော၊ အဆစ်တွေ ပြင်ပေးရအောင် ဦးမြဝင်းကို လာခေါ်ကြတာဘုရား"

မှတ်ချက်။ သီဟိုဠ်သရက်ပင်ကို ခရူပင်ဟု ခေါ်ကြသည်။

ဦးမြင့်ဝင်းဆိုသူကား သာရဘွင်ရွာတွင် ကျွန်ုပ် တရားပွဲဖြစ်မြောက်အောင် ကြိုးစားကြသော အမှုဆောင်လူကြီးများမှ တစ်ယောက်ပင်ဖြစ်ပါ၏။

အဲဒါဆို တော်တော်အရေးကြီးတာပဲ။ ဒကာကြီးတို့ ရွာထဲကို မြန်မြန်လိုက်သွားလိုက်ကြ။ ယောက်ဖတော်ကား လေဖြတ်သူ၊ အရိုး၊ အကြော၊ အဆစ်လွဲသူ၊ တင်သူများကို ပြင်ပေးသောဆရာတစ်ယောက်ပင် ဖြစ်ပါ၏။ ဆရာကို မြန်မြန်တွေ့၊ မြန်မြန်ပြင်၊ မြန်မြန်ပြန်ကောင်းပါစေ ဟူ၍ စိတ်ထဲမှာ အခါခါမေတ္တာပို့ ဆုတောင်းနေမိသည်။

www.dhammaransi.com

အတန်ကြာသောအခါ မြိတ်နှင့် တနင်္သာရီမြို့နယ်အတွင်း ကျွန်ုပ်၏တရားပွဲများဖြစ်မြောက်အောင် အကျိုးဆောင်ပေးသော ဦးဝင်းအောင် တစ်ယောက်သာ မျက်နှာမသာမယာနှင့် ပြန်ရောက်လာသည်။

"ဦးဝင်းအောင်၊ ကိုမြဝင်းကို မတွေ့ဘူးလား"

"တွေ့ပါတယ်ဘုရား၊ ဒါပေမယ့် လိုက်ကုမပေးနိုင်ဘူးတဲ့ဘုရား"

"ဟာ… ဟိုမယ်၊ သေမလိုဖြစ်နေတဲ့ဟာ၊ ဘာဖြစ်လို့ လိုက်ကု မပေးနိုင်တာတဲ့လဲ"

"အဲဒီ ဦးမြင့်ဝင်းကို အရင်နှစ်ခါတောင် အကြောပြင်ပေးဖူးတယ် တဲ့၊ အဲသလို နှစ်ကြိမ်တိတိ အကြောပြင်ပေးတာတောင် ကွမ်းတစ်ယာ၊ လက်ဖက်တစ်ရိုး၊ ဆေးလိပ်တစ်လိပ်မှ မကန်တော့တဲ့အတွက် ကျေးဇူး မသိတတ်တဲ့လူမို့ လိုက်ကုမပေးနိုင်တာတဲ့ဘုရား"

"တော်တော်ရက်စက်တဲ့ တုန့်ပြန်ချက်ပါလား။ သူလာမှ စိတ် ပြောင်းလိုပြောင်းငြား နည်းနည်းပြောကြည့်ဦးမယ်"

နေ့ခင်း (၂)နာရီခန့်မှာပင် ဦးမြဝင်း ရောက်လာသဖြင့်-

"ကိုမြဝင်း… သာရဘွင်ရွာက ဦးမြင့်ဝင်း သစ်ပင်ပေါ်က ကျလို့ လာပင့်တာ ခင်ဗျားလိုက်ကြည့်လိုက်ဖို့ ကောင်းတယ်"

"မကြည့်နိုင်ဘူးဘုရား၊ ဒီလူက အလကားကျေးဇူးမသိတတ်တဲ့ လူပဲ၊ တပည့်တော်နဲ့ တွေ့စကတည်းက ခါးလှည့်မရ၊ လက်မြှောက်မရ ဖြစ်နေလို့ ပြင်ပေးလိုက်တာ တစ်ခါတည်း ကောင်းသွားတယ်။ ရွာက ဦးပဥ္စင်းကြီးတစ်ပါး ခါးဆန့်မရလို့ ပြင်ပေးလိုက်တာ တစ်ထောင်ကန် တော့တယ်။ သူလည်းမြင်တယ်။ ဒါတောင် မသိချင်ယောင်ဆောင်ပြီး တစ်ပြားမှ မကန်တော့ဘူး။ အဲလိုလူမျိုးတော့ တပည့်တော်လိုက်ကု မပေးနိုင်ဘူး"

"ကိုမြဝင်းအနေနဲ့ ကိုယ့်ရဲ့ ကောင်းတဲ့စေတနာကိုပဲ ကြည့်သင့် တယ်။ သူ့ရဲ့ မကောင်းတဲ့စိတ်စေတနာကို ကြည့်မနေသင့်ဘူး။ ကိုယ့် စေတနာက ကိုယ့်ကိုကောင်းကျိုးပေးမှာ မဟုတ်လား"

"ဒီလိုလူမျိုးအတွက်ကတော့ ကောင်းကျိုးမပေးချင် နေပါစေ ဘုရား၊ တပည့်တော် ကုမပေးနိုင်ဘူး"

"ကိုမြဝင်းပြောတော့ တရားပွဲလိုက်ရင်း ဒုက္ခတွေ့နေတဲ့သူတွေ ကို ကယ်တာဆို၊ ငွေရေးကြေးရေးက အဓိကမကျဘူးဆို၊ အခု မသိတတ် လို့ ငွေကြေးမကန်တော့တာ တစ်ချက်ကိုကြည့်ပြီး ဒုက္ခရောက်နေတဲ့ ရောဂါသည်တစ်ယောက်ကို ရန်သူလို သဘောမထားသင့်ဘူး"

www.dhammadaransi.com

"တပည့်တော် သူ့ကို အရိပ်အမြွက်ပြောတယ်၊ မြန်မာ့ယဉ်ကျေးမှု အရ ကုသပေးတဲ့ဆရာကို လက်ဖက်တစ်ရိုး၊ ကွမ်းတစ်ယာ၊ ဆေးလိပ် တစ်လိပ်ကန်တော့တာ မြန်မာတွေရဲ့ ထုံးစံလို့ပြောတယ်။ ဒါလည်း မသိ ချင်ယောင်ဆောင်နေတယ်"

"အခု သူကကျေးဇူးမသိတတ်လို့ ကုသပေးတဲ့ ကိုမြဝင်းမှာ စိတ် ဆင်းရဲနေရတယ်မဟုတ်လား"

"ဒီလူနဲ့ပတ်သက်လို့ စိတ်ထဲမှာ ဘာမှမဖြစ်ဘူး၊ ဖြစ်စရာလည်း မလိုဘူး"

သူ၏ ဒေါသနှင့်အတ္တမာနကား ကြီးမားလွန်းလှ၏။ တစ်ဖက် လူနာအပေါ် ငြိုးသူရန်ဖက်ပမာ သဘောထားသော ဒေါသရန်ငြိုးသည် ကျွန်ုပ်ဆီသို့ပါ ကူးပြောင်းလာဟန်ရှိသည်။ သူသည် စကားကို အော်ဟစ် ဆူညံစွာ ပြောလာ၏။

"မဟုတ်ပါဘူး၊ ဒေါသတော့ဖြစ်နေတယ် မဟုတ်လား"

သူသည် ဝန်ခံဟန်ငြိမ်သက်နေ၏။ ထိုအခါကျမှ-

"အဲဒီ ဒေါသကို ဒေါမနဿလို့လည်း ခေါ်တယ်။ စိတ်ရဲ့ ပူလောင် ဆင်းရဲခြင်းပေါ့။ ဒီဆင်းရဲကို ဘာ့ကြောင့် ခံစားရသလဲဆိုရင် အဲဒီလူနာ ကို ကုသပေးစဉ်အခါတုန်းက ငါ့ကျေးဇူးကိုသိပြီး ပစ္စည်းဥစ္စာ တစ်ခုခုနဲ့ ကန်တော့ပါစေဆိုတဲ့ မျှော်လင့်ချက်ထားခဲ့လို့ပဲ။ အဲဒါ ကိုမြဝင်းရဲ့အပြစ် ပဲ။ မျှော်လင့်ချက်ထားခဲ့တော့ မျှော်လင့်တဲ့အတိုင်း ဖြစ်လာရင်တော့ တော်သေးတာပေါ့။ ဟော... မျှော်လင့်တဲ့အတိုင်း ဖြစ်မလာတော့ စိတ် ဆင်းရဲရရော"

"ဒါ့ကြောင့် ကုသပေးစဉ် အခါတုန်းကတည်းက ဘာမှ မျှော်လင့် ချက်မထားခဲ့ရင် တစ်ဖက်ကကျေးဇူးသိသိမသိသိ ဘာမှခံစားစရာမလို တော့ဘူး"

"မျှော်လင့်တာတွေ၊ မမျှော်လင့်တာတွေ တပည့်တော်နားမလည် ဘူး။ ကျေးဇူးမသိတတ်တဲ့ လူတစ်ယောက်ကိုတော့ အရှင်ဘုရား ဘယ် လောက်ပြောပြော သွားကုမပေးဘူး"

"မကုချင်တဲ့သူကို ဇွတ်ကုခိုင်းလို့လည်းမရပါဘူး။ ဒါပေမယ့် ကိုမြဝင်း အနေနဲ့ တွေ့သမျှလူတိုင်းကို ကျုပ်လောက် သီလ၊ သမာဓိ၊ ပညာကြီးတဲ့ လူ မရှိဘူးလို့ အမြဲပြောလေ့ပြောထရှိတယ်။ မြင့်မြတ်တဲ့စိတ် အပြည့်ရှိ တယ်လို့ ပြောတဲ့သဘောပဲ။ ကိုယ်ကို ဝတ္ထုငွေကြေး မကန်တော့တာ

www.dhammaransi.com

တစ်ခုကိုကြည့်ပြီး သေလုမြောပါးဖြစ်နေတဲ့ ရောဂါသည်တစ်ယောက်ကို ပစ်ထားရက်တာဟာ မြင့်မြတ်တဲ့စိတ်လို့ မပြောနိုင်ဘူး။ ယုတ်ညံ့တဲ့ စိတ်လို့တောင် ပြောနိုင်တယ်"

"အရှင်ဘုရား ပြောတာကောင်းပါတယ်။ ဒါပေမယ့် အဲသလို မြင့်မြတ်အောင် တပည့်တော် မကျင့်နိုင်သေးဘူးဘုရား"

"အေးပါ... အခုကျင့်ရမယ်လည်း မဆိုလိုပါဘူး။ ပါရမီဆိုတာ မိမိနိုင်သလောက်ကစပြီး နည်းနည်းချင်းကျင့်ကြံရတာပဲ"

"ဒီလူနဲ့ပတ်သက်ပြီး ဘာမှကျင့်စရာမလိုပါဘူးဘုရား"

"ဩော်... ကိုမြဝင်းက ရန်စကားချည်းပြောနေတာကိုး။ ဦးပဍ္ဍင်း အတွက်တော့ သင်ခန်းစာတစ်ခုပဲ။ ပုဂ္ဂိုလ်တိုင်းဟာ သုဝစ = ဆိုဆုံးမ လွယ်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူး။ ဒုဗ္ဗစ = ဆိုဆုံးမခက်တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိသေးတယ်။ ဒီဒုဗ္ဗစပုဂ္ဂိုလ်မျိုးကတော့ ဘာမှမဆုံးမတာ အကောင်း ဆုံးဆိုတဲ့ သင်ခန်းစာပေါ့"

"ဥပါသကာအဖြစ်လိုက်လာသောသူတစ်ယောက်ကို ကျောင်းသား လိုသဘောထားပြီး ဆုံးမရမည်လားဟု ဒေါသဖြစ်ကာ နောက်တစ်နေ့ မှာပင် ရန်ကုန်သို့ ပြန်သွားခဲ့ပါသည်။ သူသည်အသက်ကြီးတာ တစ်ခုကို အကြောင်းပြုပြီး ငါ့မှာအသိဉာဏ်ပညာနှင့်ပြည့်စုံနေပြီ။ မည်သူမျှဆုံးမ ရန်မလိုဟု ယူဆနေခြင်းသည် မာန၏အစေအပါး ခံနေရခြင်းဖြစ်ပါ၏။ မာနသမားသည် ယခုဘဝ၌ ထောင်လွှားတက်ကြွသလောက် နောက် ဘဝ၌ အောက်ကျနောက်ကျဖြစ်ကြရ၏။ ယခုဘဝ၌ တစ်ထောင်ဘိုး ထောင်လွှားလျှင် နောက်ဘဝ တစ်ထောင်ဘိုး အောက်ကျ၏။

ယခုဘဝ၌ တစ်သိန်းဘိုးထောင်လွှားလျှင် နောက်ဘဝ တစ်သိန်း ဘိုးအောက်ကျ၏။ ပထမမစိုးရိမ်ဆရာတော်ဘုရားကြီး၏-

## ဘုရားဖြစ်မှ ပြည့်စုံတယ်

"ဘုရားမဖြစ်သေးသမျှ မိမိကိုယ်ကို ဘယ်တော့မှ ပြည့်စုံပြီဟု မအောက်မေ့ပါနှင့်" ဟူသော ဩဝါဒသည်လည်းကောင်း၊ အမရပူရမြို့ ပထမ မဟာဂန္ဓာရုံဆရာတော်ကြီး၏ မိမိကိုယ်ကို အမြဲတမ်းပြုပြင်နေရ မည်။ ဘယ်အချိန်ထိ ပြုပြင်ရမလဲဆိုရင် သေသည့်အချိန်ထိ ပြုပြင်ရ မည်ဟူသော ဩဝါဒသည်လည်းကောင်း မာနကြီးချင်သူများကို သတိ ပေးနေသကဲ့သို့ ဖြစ်ပါ၏။ စူဠကမ္မဝိဘင်္ဂသုတ်၌ သုဘလုလင်က လူချင်း တူပါလျက် အမျိုးမြတ်ခြင်း အမျိုးယုတ်ခြင်း အဘယ်ကြောင့် ကွဲပြား

နေရပါသနည်းဟု မေးလျှောက်ရာ ဗုဒ္ဓက မာနကိုပယ်ရှားပြီး ဂါရဝ နိဝါတရှိသူသည် ဖြစ်ရာဘဝ အမျိုးမြတ်၍ မာနတရားရှိသူသည် ဖြစ်ရာ ဘဝ အမျိုးယုတ်ကြောင်း ဟောကြားထားတော်မူသည်။

မာနကား သာမန်လူများကိုမဆိုထားနှင့် ပစ္ဆိမဘဝိက ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုရမည့် နောက်ဆုံးဘဝ ပုဂ္ဂိုလ်များကိုပင် ယုတ်ညံ့သော ဘဝသို့ ပို့ဆောင်ပေးနိုင်သည်။ သုပ္ပိယ သူသည်ကား ယခုဂေါတမ မြတ်စွာဘုရားသာသနာတွင် ရဟန္တာဖြစ်ရမည့် ပစ္ဆိမဘဝိကပုဂ္ဂိုလ် ဖြစ်ပါ၏။

သို့သော် သူ ပဋိသန္ဓေနေခဲ့ရသည်က သုသာန်စောင့် သုဘရာဇာ ကတော်တစ်ယောက်၏ ဝမ်းထဲတွင်ဖြစ်ပါ၏။ ရဟန္တာဖြစ်ရမည့်ပုဂ္ဂိုလ် ကြီးသည် အဘယ့်ကြောင့် အမျိုးယုတ်ဝမ်းတွင် ပဋိသန္ဓေနေရသနည်း။ ရဟန္တာဖြစ်ရမည့် ပါရမီဖြည့်ဆည်းခဲ့သည်ကား မှန်ပါ၏။ သို့သော် ကဿပ ဘုရားသာသနာတွင် မာနကြီးသော ရဟန်းတစ်ပါး ဖြစ်ခဲ့ရခြင်းကြောင့် ယုတ်ညံ့သောအမျိုးတွင် ဝင်ရောက်ခဲ့ရခြင်း ဖြစ်ပါ၏။

အရွယ်ရောက်သောအခါကျမှ အရှင်သောပါကမထေရ်၏ တရား တော်ကိုနာကြားရပြီး ရဟန်းပြုကာ ရဟန္တာဖြစ်ခဲ့ရသည်။ အဆံမရှိသော ကောက်ပင်များကသာ ထောင်နေပြီး အဆံရှိသောကောက်ပင်များကား ငိုက်နေကြသည်သာဖြစ်၏။ ထိုနည်းတူ သူတော်ကောင်းစိတ်နှင့် အသိ ဉာဏ်ပညာမရှိသောများသာ ထောင်လွှားကြသည်။ ရှိသောသူများကား မထောင်လွှားကြပါ။

ပရိနိဗ္ဗာန်ဝင်စံသွားပြီဖြစ်သော ဗုဒ္ဓရင်သွေးတော် ရာဟုလာမထေရ် မြတ်ကို ကြည့်ပါ။ နေ့စဉ်မနက်တိုင်း သဲတစ်ဆုပ်ကိုကိုင်၍ ဤသဲလုံး အရေအတွက်နှင့်အမျှ အဆုံးအမ ဩဝါဒ ပေးမည့်သူကို ရလိုပါ၏ဟု ဆုတောင်းလေ့ရှိသည်။ အရှင်သာရိပုတ္တရာကား ယနေ့ ရှင်ဖြစ်သော (၇)နှစ်အရွယ် ကိုရင်ကလေးက အဆုံးအမပေးခဲ့လျှင် ရိုသေစွာ ဦးထိပ် ထက်ဖြင့် ခံယူတော်မူပါမည်ဟု ဥဒါန်းကျူးရင့်တော်မူခဲ့သည်။

ဥဒါန်းကျူးရင့်တော်မူသည့်အတိုင်း လက်တွေ့ကျင့်ကြံသည်ကို ကြည့်ပါ။ တစ်ခါတွင် ဆွမ်းခံကြွရန် ထွက်လာသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ကိုရင်လေးတစ်ပါးက- "အရှင်ဘုရား သင်္ကန်းရုံတာ မညီညွတ်သေးပါဘုရား"ဟု လျှောက်လိုက်ရာ အရှင်သည် သင်္ကန်းကို ချက်ခြင်းပြင်ရုံကာ ပြီးသည်နှင့် ကိုရင်ကလေးသို့ လက်အုပ်ချီကာ-

www.dhammadownload.com

"ဆရာ သင့်တော်ပါပြီလားဘုရား နောက်အပြစ်တွေ့ရင်လည်း ဆုံးမတော်မူပါဘုရား"ဟု လျှောက်ထားတော်မူခဲ့ပါသည်။ စပါးနှံသည် အဆံများလေ ငိုက်ကျလေဖြစ်သကဲ့သို့ သူတော်ကောင်းစိတ်နှင့် အသိပညာပြည့်ဝလေ မာနကင်းလေဖြစ်ပါ၏။

ထို့ကြောင့်လည်း ပထမရွှေကျင်ဆရာတော်ဘုရာကြီးက အပြစ်ပြ၍ ဆုံးမသူကို ရွှေအိုးရှိရာ ညွှန်ပြသူကဲ့သို့ ဆည်းကပ်ရမည်ဟု ဩဝါဒ ပေးတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

"ဝါသနာဆိုးကို ငယ်ကတည်းကဖျောက်၊ လူတိုင်းဉာဉ်ဆိုးလေးတွေရှိတတ်ကြတယ်။ အဲဒီဉာဉ်ဆိုးလေးတွေကို ငယ်ငယ်ကပဲ သတိပြုပြီး ပြင်ကြ၊ ဖျောက်ဖျက်ကြ၊ ကြီးလာတော့ ငါ လူကြီးဆိုတဲ့ မာန်ကလေးနဲ့ မပြင်ချင်ကြတော့ဘူး" ***(စစ်ကိုင်း၊ ရွှေဟင်္သာတောရ ပထမဆရာတော် ဘုရားကြီး ဘဒ္ဒန္တပဏ္ဍိတသီရိ)***

## လူမုန်းများသောအကျင့်ဆိုးတစ်ခု

ကျွန်ုပ် သိတတ်သောအချိန်မှစ၍ လူမုန်းများသော အကျင့်ဆိုးတစ်ခု စွဲကပ်လာခဲ့သည်။ ၎င်းအကျင့်ဆိုးကား ငြင်းခုန်ခြင်းပင် ဖြစ်ပါသတည်း။ အရေးကြီးတာရော၊ အရေးမကြီးတာရော ဘာမှထည့်မတွက်၊ မိမိစိတ်ထဲ မယုံကြည်နိုင်လျှင် မနိုင်နိုင်အောင် ဇွတ်ငြင်းတော့သည်။ ထို့ကြောင့်လည်း ထိုအကျင့်ဆိုးကြီး မဖျောက်သေးသမျှ လူမုန်းများခဲ့ရသည်။ ငြင်းခုန်ခြင်းသည်လည်း ဝါသနာတစ်ခုပင်ဖြစ်၏။

ကျွန်ုပ်မိဘနှစ်ပါးတွင် ထိုအကျင့်ဆိုးမရှိပါဘဲ ကျွန်ုပ်ကျမှ ဤအကျင့်ဆိုးကြီးပါလာသည်မှာ အလွန်အံ့ဩစရာကောင်းနေသည်။ ယခု အသက်အရွယ်ရောက်မှ စဉ်းစားကြည့်သောအခါ အမေ့မောင်၊ ကျွန်ုပ်ဦးလေးထံမှ ကူးစက်လာခြင်းဟု ယူဆမိသည်။ ကျွန်ုပ်ဦးလေးကား ငြင်းခုံရလျှင် အနိုင်ရမှ ကြိုက်၏။ မနိုင်နိုင်အောင်လည်း ငြင်း၏။

သူ့အမည်ကို ဦးချစ်ဝင်း ဟုခေါ်သည်။ လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်ခန့်က အမရပူရမြို့ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်ရှိ ဦးလေးဖြစ်သူထံသို့ မန္တလေးမြို့မှ သူငယ်ချင်းသုံးယောက်အလည်လာကြသည်။ မိုးတွင်းဖြစ်သဖြင့် လမ်းများမှာ ဗွက်ထပြီး ပျက်စီးနေသည်။ အကျင့်ဆိုးသော ခွေးတစ်ချို့ကလည်း လမ်းအလယ်မှာ မစင်စွန့်ထားသဖြင့်-

www.dhammaransi.com

"ပိန်ရသည့်အထဲ၊ ဝဲခြောက်ကစွဲသေး၊
အမဲကသပိတ်ရောင်၊ မျက်ဆံချောင် ကုတ်ကိုင်းနဲ့၊
လုပ်တိုင်းက လက်မခံ၊
ဖက်မတန် စုပ်ညှိုးလှတဲ့၊
အရုပ်ဆိုးမခေါ်တဲ့ မကျည်းတန်"

ဟူသောစကားဖြင့် တင်စားရမလိုပင် ဖြစ်နေသည်။ ဦးလေးကို တွေ့သည်နှင့် သူ၏မိတ်ဆွေများက-

"ဟော့ကောင် ချစ်ဝင်း၊ မင်းတို့ရပ်ကွက်လမ်းတွေကလည်း စုတ်ချာလိုက်တာကွာ၊ ဒီကြားထဲ ခွေးချေးပုံတွေကပေါသေး။ ရွံ့စရာကောင်းလိုက်တာကွာ၊ မင်းခင်လို့သာလာရတာ၊ ငါတို့တော့ အော့အန်ချင်နေပြီ"

ထိုအခါ စကားအရာမှာပင် အတင်စီးမခံလိုသော ဦးလေးက-

"မင်းတို့ကလည်းကွာ ဗုဒ္ဓဘာသာတွေမဟုတ်တာကျနေတာပဲ၊ တရားနဲ့ရှုလိုက်ပေါ့ကွ"

"ခွေးချေးပုံတွေကို ဘယ်လိုတရားရှုမလဲ"

"ဩော်... လွယ်ပါတယ်ကွ၊ လူလည်း ဓာတ်ကြီးလေးပါး ပေါင်းစပ်ထားတာ၊ အစားအစာတွေလည်း ဓာတ်ကြီးလေးပါး ပေါင်းစပ်ထားတာ၊ ခွေးချေးလည်း ဓာတ်ကြီးလေးပါးပေါင်းစပ်ထားတာလို့ ရှုလိုက်ရင် ရွံ့စရာလည်းပျောက်ပြီး ဝိပဿနာလည်း ပွားပြီးသားဖြစ်သွားတာပေါ့ကွာ။ ကဲ... ငါ့ဆီလာတာ၊ မင်းတို့အတွက် ဘယ်လောက်အကျိုးရှိသွားတုန်း"

သူငယ်ချင်းသုံးယောက် ခဏငြိမ်သက်သွားသည်ကို တွေ့ရသဖြင့် ဦးလေးက "ငါကွ" ဟူသောဘဝင်ဖြင့် ခေါင်းကိုမော့ ရင်ကိုကော့ထားလိုက်လေသည်။ သူငယ်ချင်းသုံးယောက် ငြိမ်သွားသည်မှာ သူ့စကားကို သဘောကျ၍မဟုတ်။ လမ်းမကောင်းတာ၊ ညစ်ပတ်တာကို ဝန်မခံဘဲ စကားတင်စီးပြောသည့်အတွက် မခံချိမခံသာဖြစ်ကာ တုန့်ပြန်ရမည့်စကားကို စဉ်းစားနေကြခြင်းသာဖြစ်၏။ ခဏကြာသော် သူငယ်ချင်းတစ်ယောက်က-

"ဟော့... ချစ်ဝင်း တို့တော့ပြောနေတယ်။ မင်းရော ခွေးချေးပုံတွေ့ရင် အဲသလိုတရားရှုရဲ့လား"

"ဟ... ရှုတာပေါ့ကွ၊ ဒါကြောင့် မင်းတို့ကို ရှုနည်းသင်ပေးနိုင်တာပေါ့"

www.dhammaransi.com

"အဲသလို ရှုပါများတော့ မင်းစိတ်ထဲမှာ စားစရာသောက်စရာတွေနဲ့ ခွေးချေးဟာ ခါတ်ကြီးလေးပါး အတူတူပဲလို့ ဉာဏ်ထဲမှာထင်သွားမှာပေါ့"

"ထင်တာပေါ့၊ ထင်မြင်သွားတော့ ရွံတဲ့စိတ် ပျောက်သွားတာပေါ့"

"ဒါဆိုရင် အဲဒီခွေးချေးကို မင်းစားနေကျထမင်းလို သဘောထားပြီး စားနိုင်ပါ့မလား"

စကားဝိုင်းတိုင်း အနိုင်ယူနေကြ ဦးလေးထံမှ ဘာစကားမှ တော်တော်နဲ့ထွက်မလာတော့။ ချက်ကောင်းကို အခွပ်ခံလိုက်ရပြီမဟုတ်ပါလား။ သူငယ်ချင်းများကလည်း သူတို့ဘက်က အနိုင်ပေါ်သဖြင့် အားတက်လာကြကာ-

"ဟုတ်တယ် ချစ်ဝင်း၊ ဓာတ်လေးပါးချင်းအတူတူလို့ သဘောထားနိုင်ရင် ခွေးချေးကို မင်းစားနိုင်ရမယ်"

"ကဲ… အမြွတမ်း တို့အပေါ် အနိုင်ယူခဲ့တဲ့ကောင် အခုတော့ ဘာတတ်နိုင်သေးလဲ"

ဦးလေးကဘာမှ မပြောသေးဘဲ စဉ်းစားနေသည်။ ခဏကြာသောအခါ ချိုင့်တစ်လုံးဆွဲပြီး ထွက်လာသဖြင့် သူငယ်ချင်းများက-

"ဟေ့ကောင် ဘာသွားဝယ်မှာလဲ"

"လက်ဖက်ရည်အချိုနဲ့ မုန့်လေ"

"ဆိုင်သွားသောက်ကြမယ်လေကွာ"

"ဆိုင်က လူတအားရှုပ်တယ်၊ ကိုယ့်အိမ်မှာ အေးအေးဆေးဆေး စကားပြောရင်း သောက်တာကောင်းတယ်ကွ" ဟုပြောပြီး ထွက်သွားလေသည်။

အတန်ကြာမှ ပြန်ရောက်လာပြီး သူငယ်ချင်းများကို အချိုရည်နှင့် မုန့်များ ပြင်ကျွေးသည်။ စောစောကစကားကိုမဆက်ဘဲ ငြိမ်နေသဖြင့် သူငယ်ချင်းများက-

"ဘယ်လိုလဲ ချစ်ဝင်း၊ ခွေးချေးကိစ္စဆက်ရအောင် မင်း စားနိုင်ပါ့မလား"

## ခွေးချေးစားသောသူ

ဦးလေးက ချက်ခြင်းအဖြေမပေးသေးဘဲ စဉ်းစားဟန် ပြုနေသေးသည်။ ခဏကြာမှ-

www.dhammaransi.com

"စားနိုင်ရင် မင်းတို့ ဘယ်လောက်ပေးမလဲ" ပြန်မေးလိုက်ရာ သူငယ်ချင်းများက မစားနိုင်လောက်ဘူးဟု ယုံကြည်နေသဖြင့်-

"တို့သုံးယောက် တစ်ယောက်တစ်ရာပေးမယ်။ တစ်ပုံကုန်အောင် မစားနိုင်ခဲ့ရင် မင်းက တစ်ရာ့ငါးဆယ်ပဲပြန်ပေး၊ ဘယ့်နှယ်လဲ"

"အေး... ကြိုက်တယ်၊ ဒါပေမယ့် စည်းကမ်းတစ်ခုတော့ထားမယ်။ လမ်းမှာတွေ့တဲ့ ခွေးချေးပုံတွေအနက်က ငါကြိုက်တဲ့အပုံကိုပဲ စားမယ်။ ခွေးချေးပုံဖြစ်ရင်ပြီးရော မဟုတ်လား"

"အေး... ရတယ်၊ ကြိုက်တဲ့အပုံစား၊ ခွေးချေးပုံဖြစ်ရင်ပြီးတာပဲ"

ထိုသို့သော သဘောတူညီချက်ရပြီးသည်နှင့် သူငယ်ချင်းလေးယောက် အပြန်လမ်းဘက်သို့ ထွက်လာခဲ့ကြသည်။ ထိုခေတ်အချိန်က ရွှေတစ်ကျပ်သား နှစ်ရာခန့်သာရှိသေးသောအချိန်မို့ သူတို့လောင်းကြေး၏ပမာဏကို ခန့်မှန်းကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ရပ်ကွက်ထဲတွင် နာမည်ကြီး မိသားစုတံဆိပ် သနပ်ဖက်ဆေးလိပ်ခုံတစ်ခုရှိသည်။ ထိုဆေးလိပ်ခုံမှ အသုံးပြုပြီးသနပ်ဖက် အမှိုက်စများပစ်ထားသောနေရာရောက်လျှင် သနပ်ဖက်အမှိုက်များပေါ်တွင် ခွေးချေးပုံတစ်ပုံ တွေ့ရလေသည်။ မပြီးအခွေလိုက်ကလေးဖြစ်ကာ သားရေကွင်းအနီလေးတစ်ကွင်းပင် မစင်ထဲမြုပ်နေသည်ကို အထင်အရှားတွေ့လိုက်ကြရသည်။ ဦးလေးက အပုံရှေ့ရပ်လိုက်ပြီး-

"ကဲ... ဒီအပုံစားမယ်ကွာ"

"စားကွာ၊ သဘောတူတယ်"

ဦးလေးသည် ခွေးချေးပုံကို လက်နှင့်ဆုပ်ယူလိုက်ကာ သားရေကွင်းလေးကို သူတို့ရှေ့မှာပင် အသေအချာဖယ်ရှားပစ်လိုက်ပြီး မရွံမရှာ အားရပါးရ ပလုပ်ပလောင်း ဝါးစားနေပါတော့သည်။ သူငယ်ချင်း သုံးယောက်အနက် တစ်ယောက်သာ အစအဆုံးကြည့်နိုင်ပြီး ကျန်နှစ်ယောက်မှာ တစ်ဖက်လှည့်ပြီး အော့အန်ကုန်ပါတော့သည်။

ဦးလေးက ငွေသုံးရာကျပ် အနိုင်ရလိုက်ပါ၏။ သို့သော် ထိုဖြစ်ရပ်ကို သိသွားသူအချို့က ကျွန်ုပ်တို့ကိုတွေ့လျှင် မင်းခွေးချေးမျိုးဟု နောက်ကြသည်။ ပုဂံရာဇဝင်တွင် မင်းခွေးချေး၊ နရသီဟပတေ့၊ တရုတ်ပြေးမင်းဟူ၍ အမည်သုံးမျိုးရသော မင်းတစ်ပါးပေါ်ခဲ့ဖူးသည်။ သူ့ဖခင် ပုဂံမင်း (ဥဇနာဟုတွင်သည်)သည် ပန်းပွတ်သည်မတစ်ယောက်နှင့် သင့်မြတ်ပြီး နရသီဟပတေ့မင်းဖြစ်လာမည့် သားလေးကို မွေးဖွားသည်။ သားလေး မွေးကြောင်း ဘုရင်ကိုလျှောက်တင်သောအခါ ဘုရင်က-

www.dhammadaransi.com

"အလကားခွေးချေးလေးပါကွာ"ဟု ပြောလိုက်သည်ကိုအကြောင်းပြုပြီး မင်းခွေးချေးဟု အမည်တွင်ခဲ့သည်။ မင်းခွေးချေးမျိုးဟု အပြောခံရသည်နှင့် ကျွန်ုပ်အစ်မများသည် ဦးလေးဖြစ်သူကို ရန်သွားတွေ့ကြသည်။

"လေးလေးက ငွေလေး သုံးရာလိုချင်တာနဲ့ မရှိမရှာ ခွေးချေးကို သွားစားလိုက်တော့ ကျွန်တော်တို့ကို မင်းခွေးချေးလို့ အပြောခံနေရပြီ။ တစ်မျိုးလုံး နာမည်ပျက်သွားပြီ။ အဲဒါ လေးလေးအပြစ်ကြောင့်ပဲ"

"အဲဒါ မသိလို့ပြောကြတာဟ၊ နောက်တစ်ခါလာပြောရင် နင်တို့က ပြန်ရှင်းပြလိုက်ပေါ့။ တို့ဦးလေးက ခွေးချေးအစစ်စားတာ မဟုတ်ဘူးလို့၊ လူလုပ်ထားတဲ့ခွေးချေးအတု စားတာလို့"

"ဟင်... ဒါဆိုလေးလေးက သူငယ်ချင်းတွေကို တပါတ်ရိုက်ပြီး အနိုင်ယူလိုက်တာပေါ့။ တတ်လည်းတတ်နိုင်တဲ့လေးလေးပဲ။ ခွေးချေးအတုက ဘယ်လိုလုပ်တုန်း၊ ပြီးတော့ သူငယ်ချင်းတွေမသိအောင် ဘယ်အချိန်သွားလုပ်လိုက်တုန်း"

လက်ဖက်ရည်အချိုသွားဝယ်တယ်ဆိုတာ အဲဒီခွေးချေးအတု လုပ်ချိန်ရအောင် ကြံလိုက်တာပေါ့။ ငချိတ်ပေါင်းကို ညက်အောင်ထောင်းပြီး အခွေကလေးလုပ်ပြီးတာနဲ့ သဏ္ဌာန်လုပ် သရုပ်တူအောင် သားရေကွင်းလေးတစ်ကွင်းနှစ်ကွင်းမြှုပ်ထားလိုက်တာနဲ့ ခွေးချေးအတုဖြစ်သွားတာပဲပေါ့။ တကယ်ခွေးချေးအစစ်ကို စားခိုင်းမှာစိုးလို့ ခွေးချေးဖြစ် ပြီးရောငါစားချင်တဲ့အပုံ စားမှာလို့ပြောခဲ့တာပေါ့။ ငါ သူတို့ငွေ တကယ်မယူပါဘူး၊ ပြန်ပေးလိုက်ပါတယ်"

ဦးလေးကား ဤကဲ့သို့သော သူပါတည်း။

## ဘုရားဟောကို ဆန့်ကျင်သူ

တစ်ခါကလည်း ဦးလေးသည် ရပ်ကွက်ထဲမှ လူကြီးတစ်ယောက်နှင့် အပြင်းအထန် ငြင်းခုန်ခဲ့ဖူးသည်။ နောက်ဆုံး ကမ္ဘာမှာ အကြီးကျယ်ဆုံးဟုဆိုရမည့် အလောင်းအစားပွဲကြီးတစ်ခု ဖြစ်ခါနီးထိ ရောက်သွားခဲ့သည်။ ကျွန်ုပ်တို့ရပ်ကွက်ထဲတွင် ဘုရားဟောကို ဆန့်ကျင်သူတစ်ယောက်ရှိခဲ့သည်။ သူ့အမည်ကား ဦးတင်မောင်၊ သူဆန့်ကျင်သောအရာကား ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင် သေခြင်းတရားရောက်လာနိုင်သည်ဟူသော ဓမ္မဒေသနာဖြစ်၏။

www.dhammadownload.com

သူက ထိုဒေသနာကို သူအယုံအကြည်မရှိကြောင်း၊ မနက်ဖြန် ခါထိ သူမသေဟု တာဝန်ယူနိုင်ကြောင်း ထိုဒေသနာကို တကယ်ယုံသူများသည် သူနှင့်အလောင်းအစားလုပ်နိုင်ကြောင်း အမြဲစိန်ခေါ်လေ့ရှိ၏။ သို့သော် သူနှင့်လောင်းရဲသူကား တစ်ယောက်မှပေါ်မလာခဲ့။ အများစုမှာ မလောင်းရဲလို့သာ ကြည့်နေကြရသည်။ သူ့အယူအဆကို ဘယ်သူမှ သဘောမကျ။

သူ့ကိုနိုင်အောင် ဆုံးမမည့်သူ ပေါ်ပါစေဟုသာ ဆုတောင်းနေကြရသည်။ တစ်နေ့တွင် အများစု၏ဆုတောင်းကား ပြည့်လေပြီဟု ပြောရပါတော့မည်။ ဦးတင်မောင်ကို ဆုံးမရန်အတွက် ကျွန်ုပ်ဦးလေးအား အကြောင်းစုံပြောပြပြီး လူတစ်ယောက်က ရပ်ကွက်ဓမ္မာရုံသို့ ခေါ်သွားပါတော့သည်။ နှစ်ယောက်သားတွေ့ကြလေပြီ။ သူတို့ကား လေးဆယ်ကျော်အရွယ် သက်တူရွယ်တူခြင်းသာ ဖြစ်၏။ ကျွန်ုပ်ဦးလေးက စကားစလိုက်သည်။

"ကိုတင်မောင်၊ ခင်ဗျားက ဘုရားဟောကို ဆန့်ကျင်ပြီး မနက်ဖြန် ခင်ဗျား မသေဘူး၊ လောင်းရဲတဲ့သူ လောင်းလို့ပြောတာ ဟုတ်ပါသလား"

"ဟုတ်တယ်၊ လောင်းရဲတဲ့သူ မပေါ်လို့ စောင့်နေတာ၊ ဘာလဲ ခင်ဗျားလောင်းမလို့လား"

"ဟုတ်တယ်၊ လောင်းချင်လို့လိုက်လာတာ ခင်ဗျားကဘယ်လောက်ကြေးထိ လောင်းချင်တာလဲ"

"အနည်းဆုံး နှစ်ထောင်ကြေးလောက်မှ လောင်းမယ်"

(မှတ်ချက်)

ထိုငွေနှစ်ထောင်သည် ထိုအချိန်က ရွှေတစ်ဆယ်သား ဝယ်လို့ ရပေသည်။

ဓမ္မာရုံအတွင်းရှိ ဥပုသ်သည်အားလုံးမှာ ဒေဝဒတ်နောက်လိုက်ကို ဆုံးမမည့်သူပေါ်ပြီဟုဆိုကာ သူတို့နှစ်ဦးနားသို့ ဝိုင်းအုံလာကြသည်။ တစ်ဖက်မှလောင်းကြေးက မြင့်လွန်းနေသောကြောင့်လားတော့မသိ။ ဦးလေးဖြစ်သူသည် စကားကိုမဆက်သေးဘဲ အနည်းငယ်တုန့်ဆိုင်းနေသဖြင့် နားထောင်ကြသူများမှာ သူတို့လူအတွက် အားမလို အားမရ ဖြစ်သွားကြသည်။ ခဏကြာသော် ဦးလေးက-

www.dhammaransi.com

“ဦးတင်မောင်၊ ခင်ဗျားလောင်းကြေးက နည်းနေတယ်။ အသက်နဲ့ဆိုင်တဲ့လောင်းကြေးဆိုတော့ အသက်နဲ့တန်အောင် လောင်းကြေးကိုလည်း အမြင့်ဆုံးထားသင့်တာပေါ့”

“ခင်ဗျားက ဘယ်လောက်ထိထားချင်လို့လဲ”

“မနက်ဖြန်ခါ ခင်ဗျားသေရင် ခင်ဗျားပိုင်ဆိုင်သမျှ အိမ်ခြံမြေအတွင်းအပြင်ပစ္စည်းအားလုံး ကျွန်တော့်ကိုပေးရမယ်။ ဒါ့အပြင် ခင်ဗျားမိန်းမနဲ့ သားသမီးအားလုံးလည်း ကျွန်တော်ဆီမှာ တစ်သက်လုံး ကျွန်ခံရမယ်။ အကယ်၍ခင်ဗျားမသေခဲ့ဘူးဆိုရင် ကျွန်တော်ပိုင်ဆိုင်သမျှ အိမ်ခြံမြေ ပစ္စည်းအားလုံး ခင်ဗျားကိုပေးမယ့်အပြင် ကျွန်တော့်နဲ့တကွ မိသားစုအားလုံး ခင်ဗျားဆီမှာ တစ်သက်လုံးကျွန်ခံမယ်”

ဦးလေးဆီမှ စကားကိုကြားလိုက်ရသည်နှင့် ဦးတင်မောင်ဆီမှ ဘာသံမှ ထွက်မလာတော့။ စိုးရိမ်ကြောက်ရွံ့သော အမူအရာက မျက်နှာနှင့်မျက်လုံးတွင် ထင်ထင်ရှားရှားပေါ်လာသည်။ ဦးလေး၏ အမူအရာကလည်း သေချာပေါက်နိုင်မည်ဟု သိထားသည့်အတွက် ရှိသမျှပုံအောနေသော ဖဲသမားတစ်ယောက်ပမာ ရက်စက်ထက်မြက်လွန်းနေသောကြောင့် တစ်ဖက်လူ စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်လောက်ပါပေသည်။

“ကဲ… ကိုတင်မောင်၊ အသိသက်သေတွေလည်း အများကြီး ရှိနေတုန်း ရှေ့နေခေါ်ပြီး စာချုပ်ရေးရအောင်၊ ကဲ… ဦးထွန်းသန်း၊ ရှေ့နေဦးမောင်ကိုကို ခင်ဗျားပဲ သွားခေါ်လိုက်ပါ။ ရှေ့နေခနဲ့ စာချုပ်စာတမ်းအတွက် ကျွန်တော်ကပဲ ကုန်ကျခံပါ့မယ်”

ဦးတင်မောင်ကို မာန်စွယ်ချိုးချင်နေသော ဦးထွန်းသန်းကလည်း ချက်ချင်းပင် ရှေ့နေသွားခေါ်ရန် နေရာမှထလိုက်ရာ ဦးတင်မောင်က ကဗျာကယာ ဦးထွန်းသန်း၏လက်ကို လှမ်းဆွဲလိုက်ရင်း-

“ဦးထွန်းသန်း၊ ခဏနေပါဦးဗျာ၊ ကျွန်တော် စဉ်းစားပါရစေဦး”

“ဟ… မင်း ဒီစကားကို မြိန်ရေယှက်ရေပြောနေတာ ကြာလှပြီပဲ၊ အခုမှ စဉ်းစားစရာလိုနေသေးလားကွ”

“လိုတာပေါ့ ဦးထွန်းသန်းရာ၊ အခုလောင်းကြေးက ရှုံးသွားရင် ကျွန်တော်တင်မကဘူး မိသားစုပါ ဒုက္ခရောက်မှာဆိုတော့ မစဉ်းစားလို့မဖြစ်ဘူးဗျ”

ထိုအခါကျမှ ဦးထွန်းသန်းက ခနဲ့သလို တစ်ချက်ရယ်လိုက်ပြီး နေရာတွင် ပြန်ထိုင်သည်။

www.dhammaransi.com

## ခင်ဗျားမနက်ဖြန်သေရမည်

ဦးတင်မောင်က ကျွန်ုပ်ဦးလေးကို တစ်ချက်လှမ်းကြည့်လိုက်ရင်း-

"ကိုချစ်ဝင်း၊ တစ်ခုလောက် မေးပါရစေ။ ဒီလောက်အပြတ်အသတ် လောင်းရဲတယ်ဆိုတော့ မနက်ဖြန်ခါ ကျွန်တော်သေမှာကို တကယ်ကြိုသိနေလို့လား... အဲဒါလေး တဆိတ်လောက်ရှင်းပြစမ်းပါ"

"ကျွန်တော်အသိဉာဏ်မရှိတဲ့ ကလေးတစ်ယောက်မဟုတ်ဘူး။ မသေချာတဲ့အလုပ်တစ်ခုကို ကိုယ်ရောကိုယ့်မိသားစုရော ဘ၀အပျက်ခံပြီး လုပ်ပါ့မလား။ ခင်ဗျား မနက်ဖြန် ဧကန်မုချသေရမယ်ဆိုတာသိလို့ အခုလို အပြတ်အသတ်လောင်းရဲတာပေါ့"

ထိုစကားကိုကြားလိုက်ရသည်နှင့် ဦးတင်မောင်မျက်နှာသည် ဆီးရွက်လောက်ထိအောင် သေးငယ်သွားသကဲ့သို့ ရှိသည်။ ကြောက်ရွံ့ထိတ်လန့်သောစိတ်ကြောင့် ထစ်ထစ်အအ ဖြစ်ပေါ်လာသော အသံများဖြင့်-

"နေ... နေပါဦး၊ ကျွန်တော် မနက်ဖြန် သေမယ်ဆိုတာ ခင်ဗျား ဘယ်နည်းနဲ့ သိနေသလဲ။ ဗေဒင်ဆရာမှန်သမျှကတော့ ကျွန်တော့်ကို အသက် (၈၀)ပြည့်မှ သေမယ်လို့ချည်း ဟောထားကြတယ်"

"စကား စကား ပြောပါများ စကားထဲက ဇာတိပြ"ဟူသော စကားပုံအတိုင်း သူက ဗေဒင်ဆရာအားကိုးဖြင့် ဘုရားဟောကို ရမ်းကားဆန့်ကျင်နေသူဖြစ်ကြောင်း ထင်ရှားလာလေသည်။ ဦးလေးသည် ဦးတင်မောင်ကို အထင်သေးသောမျက်လုံးဖြင့် တစ်ချက်ကြည့်လိုက် ကာ-

"ဒါကတော့ ဘယ်ပြောလို့ ဖြစ်မလဲဗျ၊ ဒီအလောင်းအစားပွဲမှာ ကျွန်တော်နိုင်ဖို့အတွက် အဓိကအချက် ဖြစ်နေတာကိုး။ အလောင်းအစားပွဲပြီးရင်တော့ တစ်ရပ်ကွက်လုံးသာမကပါဘူး တစ်ပြည်လုံးက လူတွေပါ သိရမှာပါ။ ခင်ဗျားကတော့ သိတဲ့အချိန်နဲ့ သေတဲ့အချိန် တစ်ဆက်တည်းလောက် ကျလိမ့်မယ်ထင်တယ်"

ဦးလေး၏စကားများမှာ ကြာလေ ကြောက်စရာကောင်းလေ၊ ကြက်သီးထစရာကောင်းလေးဖြစ်လာသဖြင့် ဦးတင်မောင်ကား ဦးလေး၏ဆိုက်ကိုနှင့်ပင် အလောင်းအစားမလုပ်ခင် အရှုံးပေးရလေပြီ။

"ကဲ... ကိုချစ်ဝင်း၊ ကျွန်တော် အရှုံးပေးပါတယ်ဗျာ။ လောင်းလည်း မလောင်းရဲတော့ပါဘူး။ ဘုရားဟောကို ဆန့်ကျင်ပြီးတော့လည်း နောက်မပြောတော့ပါဘူး။ ကျွန်တော်မနက်ဖြန်ခါ သေမယ်ဆိုတာကို ခင်ဗျားက ဘယ်လိုသိနေသလဲဆိုတာ... ပြောပြပါဗျာ"

www.dhammaransi.com

"အေးပေါ့လေ၊ ခင်ဗျားက မလောင်းရဲတော့ဘူးဆိုရင်လည်း ပြော ပြရတော့မှာပေါ့။ ခင်ဗျား မနက်ဖြန်သေမယ်ဆိုတာ ဘာ့ကြောင့် သေချာ သိနေရသလဲဆိုရင် ခင်ဗျား မနက်ဖြန် သွေးရိုးသားရိုး သေချင်သေ၊ အကယ်၍ သွေးရိုးသားရိုး မသေခဲ့ဘူးဆိုရင် ကျွန်တော်ကိုယ်တိုင် လာ သတ်မှာမို့လို့ပါပဲ"

ဦးလေးစကားအဆုံးတွင် ဦးတင်မောင်နှင့်တကွ အနီးရှိ လူအားလုံး မှာ ဟာကနဲ ဟင်ကနဲ အံ့ဩထိတ်လန့်သော အာမေဍိတ်သံများ ထွက် သွားကြသည်။ ပါးစပ်အဟောင်းသားနှင့် ဘာမှမပြောနိုင်ဘဲ ဖြစ်နေကြ သည်။ ဦးလေးက သူ့စကားကိုဆက်သည်။

"ကျွန်တော်သတ်လို့ သေရင်လည်း ဒီအလောင်းအစားပွဲမှာ ကျွန်တော် နိုင်တာပဲ။ စာချုပ်မှာ သေရမယ်လို့သာပါတာကိုး၊ ဘာ့ကြောင့် သေရမယ် ဆိုတာမှ မပါတာပဲ။ ကျွန်တော်ကတော့ တရားဥပဒေအတိုင်း ခံရမယ်။ ကျွန်တော့်သားမယားတွေကတော့ ကောင်းစားရစ်မှာပေါ့။ အလောင်းအစား မဖြစ်တာ ခင်ဗျားအတွက် သိပ်ကံကောင်းသွားတယ် ကိုတင်မောင်"

"အလောင်းအစားသာ ဖြစ်လို့ကတော့ မနက်ဖြန်ဟာ ခင်ဗျား အတွက် သေမယ့်နေ့အစစ်ပဲ။ ခင်ဗျားက မေးချင်မေးမယ်၊ ဒီလိုသူများ သတ်လို့သေရင် ဘုရားဟောနဲ့ညီပါ့မလားလို့၊ သိပ်ညီတာပေါ့ဗျာ။ ဘုရား ဟောအရ သေခြင်းဟာ လေးမျိုးရှိတယ်"

သေခြင်း လေးမျိုး

အာယုက္ခယ = သက်တမ်းကုန်ရင်လည်း သေတယ်၊ အခု (၇၅)နှစ်တမ်း မှာ (၇၅)နှစ်ပြည့်လို့ သေတာမျိုးပေါ့။

ကမ္မက္ခယ = သက်တမ်းတော့မကုန်သေးဘူး။ လူ့ဘဝ ဆက်နေရမယ့် ကုသိုလ်ကံကုန်သွားလို့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရတာ မျိုးပေါ့။

ဥဘယက္ခယ = အသက်တမ်းလည်းကုန်၊ ကုသိုလ်ကံလည်းကုန်လို့ မီး ဇာကုန်ဆီခန်း သေရတာမျိုးပေါ့။

ဥပစ္ဆေဒက = ကပ်၍ဖြတ်တတ်သောကံကြောင့် တစ်စုံတစ်ခုသော လံ့လ ပယောဂနဲ့ သေရတာမျိုးပေါ့။

ကိုတင်မောင်အနေနဲ့ ရှေ့သေခြင်းသုံးမျိုးကိုပဲ သိထားတော့ ဘုရား ဟောကို ဆန့်ကျင်ရဲနေတာပေါ့။ သူများသတ်လို့ပဲသေသေ၊ အမြင့်က ကျလို့သေသေ၊ ရေနစ်လို့သေသေ၊ ကျားကိုက်လို့သေသေ၊ အသေဆိုးနဲ့

သေရတာမှန်သမျှ ဥပစ္ဆေဒကနဲ့ သေရတာချည်းပဲပေါ့။ မနက်ဖြန် ကျွန်တော် သတ်လို့ ခင်ဗျားသေသွားရင် ဒါ ဥပစ္ဆေဒကသေခြင်းထဲမှာ အကြုံးဝင်သွားတာပဲ။ ဗုဒ္ဓက အဲဒီဥပစ္ဆေဒကသေခြင်းကိုပါ ရည်ရွယ်ပြီး ကွေးသော လက် မဆန့်ခင် ဆန့်သောလက် မကွေးခင် သေခြင်းတရား ရောက်လာနိုင်တယ်လို့ ဟောကြားတော်မူတာပေါ့"

ကျွန်ုပ်ဦးလေးကား အငြင်းအခုန်တွင် အနိုင်ရဖို့အတွက် လူသတ်ဖို့ပင် ဝန်မလေးသောသူပါတည်း။ ကျွန်ုပ်ကား ဦးလေးအိမ်တွင် မွေးဖွားရသောသူပင် ဖြစ်ပါ၏။ ထို့ကြောင့် ငြင်းခုန်သောဝါသနာ စွဲကပ်လာသလားဟု ထင်မိပါသည်။ အငြင်းသန်သောအကျင့်သည် တောင်သာမြို့၊ သာသနာမူလိကာရာမ၊ ကျောင်းသစ်ကျောင်းစာသင်တိုက်သို့ ရောက်ပြီး နှစ်နှစ်ခန့်အကြာမှာမှ ပျောက်သွားခဲ့ပါသည်။ ထိုအချိန်က ကျွန်ုပ်သည် ရဟန်းခံရခါနီး အသက် (၁၉) နှစ်ခန့် ရှိနေပါသည်။

တစ်နေ့တွင် မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာမှ ဦးသုမန အမည်ရှိသော ရဟန်းတော်တစ်ပါးနှင့် ကျွန်ုပ်တို့ အငြင်းအခုန်တစ်ခု ဖြစ်ကြသည် ဒူးလေးနှင့် လေးဒူး ဘယ်ဟာကမှန်သလဲဟု ငြင်းခုန်ကြခြင်းပင် ဖြစ်ပါ၏။ စာဖတ်များသော ကျွန်ုပ်က တွေ့သမျှစာအုပ်တိုင်းတွင် ဒူးလေးသာတွေ့ဖူးသဖြင့် ဒူးလေးသာမှန်ကြောင်းပြောရာ ဦးသုမနကလည်း သူတို့တစ်ရွာလုံး လေးဒူးဟုသာ ခေါ်ကြကြောင်း၊ မယုံလျှင် ရွာကိုပါလိုက်ခဲ့ဖို့အကြောင်းပြောပြီး ဇွတ်ငြင်းနေကြပါတော့သည်။ အရှုံးအနိုင်မပေါ်သည့်အဆုံး ကျွန်ုပ်က-

"ကဲ... ဦးသုမန၊ စကားတစ်ရာ စာတစ်လုံးဆိုတဲ့ စကားပုံ တစ်ခုရှိတယ်။ အဲဒီတော့ တပည့်တော် စာအုပ်အထောက်အထားပြမယ်၊ အဲဒီကျရင်တော့ အရှင်ဘုရား အရှုံးပေးရမယ်"

ဟုပြောကာ ထွက်ခဲ့တော့သည်။ ဦးသုမနကား အင်းမလုပ်၊ အဲမလုပ်။ ကျွန်ုပ်ကား ဂရုမစိုက်၊ အထောက်အထားစာအုပ်ကိုသာ သဲကြီးမဲကြီး ရှာဖွေပါတော့သည်။ တွေ့ပါပြီ။ အစိုးရတန်း ကျောင်းဖတ်စာအုပ်တစ်အုပ်မှ ဆရာစံအရေးတော်ပုံအကြောင်း ဖတ်စာတွင် ဆရာစံနှင့်တော်လှန်ရေးဂဠုန်တပ်သားများ လက်နက်မျိုးစုံကိုင်ဆောင်လာကြရာတွင် ဒူးလေး ဟူသော အသုံးအနှုန်း ပါလာခဲ့လေပြီ။

ကျွန်ုပ်ကား ဝမ်းသာအားရစာအုပ်ကိုယူခဲ့ကာ ဦးသုမနထံ အပြေးအလွှား ရောက်သွားသည်။ ဦးသုမနရှေ့ရောက်သည်နှင့် ဖတ်စာအုပ်ကို

ဖွင့်ပြီး လက်နှင့်ထောက်ပြလိုက်ကာ-

"ဟောဒီမှာတွေ့လား ဦးသုမန၊ တစ်ပြည်လုံးသုံးနေတဲ့ကျောင်းသုံးစာအုပ်၊ ကဲ… ကြည့်စမ်းပါဦး၊ လေးဒူးလား၊ ဒူးလေးလားဆိုတာ"

ဦးသုမနသည် ကျွန်ုပ်ဤမျှလောက် အပင်ပန်းခံပြီး အနိုင်ရအောင်ယူလိမ့်မည်ဟု တွေးဆထားဟန်မတူ။ ထို့ကြောင့်လည်း စိတ်မပါ့တပါအမူအယာနှင့် လှမ်းကြည့်လိုက်လေသည်။ ကျွန်ုပ်ကား အနိုင်ရတော့မည်ဟု ကြိုသိနေသောကြောင့် ဝမ်းသာကြည်နူးနေလိုက်သည်မှာ ဘာနှင့်မျှနှိုင်းပြစရာမရှိ။

"တပည့်တော် မှားပါတယ်။ အရှင်ဘုရားပြောတဲ့ ဒူးလေးဆိုတာပဲမှန်ပါတယ်"

ဟု ပြောလာမည့်အချိန်ကို ကျွန်ုပ် မျှော်လင့်တကြီး စောင့်စားနေမိသည်။

သူသည် စာကိုကြည့်ပြီး ခဏအကြာမှာပင် ကျွန်ုပ်ဖက်သို့ လှည့်ပြီးစကားတစ်ခွန်း ပြောလိုက်သည်။ ကျွန်ုပ် လိုလားတောင့်တနေသောစကားကားမဟုတ်။ သူ့စကားက-

"ဒါပုံနှိပ်တိုက်က မှားရိုက်ထားတာ"ဟူသတည်း။ ကျွန်ုပ်၏ အမျက်ဒေါသတို့သည် ငယ်ထိပ်ထိတက်သွားသည်ဟု ထင်မိသည်။ ထိုကိုယ်တော်ကို စိတ်ရှိလက်ရှိ ထိုးကြိတ်ကန်ကျောက်ချင်သော စိတ်များကတစ်ကိုယ်လုံးကို လွှမ်းမိုးသွားသည်။ လက်သီးနှစ်ဖက်ကိုပင် ကျစ်ကျစ်ပါအောင် ဆုပ်မိသွားသည်။ ကိုယ်ထိလက်ရောက် မဖြစ်ခင်မှာပင် တွေးခေါ်မျှော်မြင်သောဉာဏ်များ အစီအရီပေါ် လာကြသည်။

"ငြင်းခုန်တဲ့သူဆိုတာ အနိုင်ရလိုခြင်းရမ္မက်ရဲ့ကျေးကျွန်ပါပဲလား။ အနိုင်ရချင်တယ်ဆိုတာ မင်းထက်ငါတတ်တယ်၊ မင်းထက် ငါတော်တယ်ဆိုတဲ့ ကြွားဝါထောင်လွှားခြင်း မာနရဲ့သဘောတရားတွေပါပဲလား၊ အနိုင်ရတော့ရော ဘာအကျိုးရှိသလဲ၊ ဘာမှကောင်းကျိုးမရှိဘူး။ မိတ်ဆွေပျက်ခြင်းဆိုတဲ့ ဆိုးကျိုးပဲ ရှိတာပါလား၊ ငြင်းခုန်ပြီဆိုကတည်းက တစ်ယောက်နဲ့တစ်ယောက် အမှန်သိပါစေဆိုတဲ့ စေတနာ မေတ္တာပါမှ မပါကြဘဲ။ အနိုင်ရချင်လွန်းတဲ့ လောဘ၊ ငါက သူ့ထက် ပိုသိတယ်၊ တတ်တယ်ဆိုတဲ့ မာနကြောင့် ငြင်းခုန်ကြတာပဲ၊ ဒါ့ကြောင့် တစ်ဖက်ကလည်းကိုယ့်ဘက်က ဘယ်လောက်မှားနေနေ အရှုံးပေးတာနဲ့ ကိုယ့်သိက္ခာကိုယ်ချသလို ဖြစ်နေတာဆိုတော့ ဘယ်အရှုံးပေးပါ့မလဲ"

ထိုနေ့မှစပြီး ယခုအချိန်တိုင်အောင် ကျွန်ုပ်သည် အငြင်းသန်သော ဝါသနာကို စွန့်လွှတ်လိုက်ပါတော့သည်။ နောင်စာပေများ စုံစုံလင်လင် ဖတ်ရှုလာရသောအခါ အတွေးအခေါ်ရှိသော ပညာရှိကြီးများသည် ငြင်းခုန်ခြင်းဓလေ့ကို မိမိတို့ကိုယ်တိုင် ရှောင်ရှားသလို သူတစ်ပါးတို့ လည်း ရှောင်ရှားစေရန် နည်းပေးလမ်းပြပြုကြကြောင်းကို တွေ့လာရ ပါသည်။

တစ်ခါက ပထမလယ်တီဆရာတော်ဘုရားကြီးကျောင်းတိုက်မှ ကျောင်းသားနှစ်ယောက်သည် သာသနာငါးထောင်နှင့် လေးထောင် ငြင်းကြရာမှ ခိုက်ရန်ဖြစ်ကြသည်။ နောက်ဆုံးဆရာတော်ဆီ ရောက်ကြ သည်။ ဆရာတော်က-

"မင်းတို့ဘာတွေ ငြင်းနေကြတာတုန်း"

"ဘုရားထားခဲ့တဲ့ သာသနာငါးထောင်နဲ့ လေးထောင် ငြင်းကြတာ ပါဘုရား"

"ဘယ်သူက ငါးထောင်၊ ဘယ်သူက လေးထောင်တုန်း"

"တပည့်တော်က ငါးထောင်၊ သူက လေးထောင်ပါဘုရား"

"အေး... အဲဒါဆိုရင် သာသနာငါးထောင်သမားနေခဲ့၊ လေး ထောင်သမားသွားတော့"

ထိုနောက် သာသနာငါးထောင်ဘက်ကနေသော ကျောင်းသားကို မှောက်ခိုင်းပြီး ကြိမ်နှစ်ချက်ရိုက်ပြီး ဆုံးမလေသည်။ ရိုက်ပြီးသောအခါ ကျောင်းသားက-

"ဆရာတော် တပည့်တော်သာသနာငါးထောင်လို့ ပြောတာ မှား သလားဘုရား"

"မမှားဘူး မင်းမှန်တယ်"

"မှန်ရင် တပည့်တော်ကို ဘာလို့ရိုက်တာတုန်းဘုရား"

"အေး... သာသနာငါးထောင်ဆိုတာ အသိဉာဏ်ရှိတဲ့ ဗုဒ္ဓဘာသာ တိုင်းသိတယ်။ အဲဒီတော့ သာသနာငါးထောင်တောင်မသိတဲ့ နလပိန်း တုံးတစ်ယောက်နဲ့ ပြိုင်ပြီးငြင်းခုံနေလို့ မင်းကိုရိုက်တာ" ဟူ၏။ တစ်ဖန် ထိုဆရာတော်သည်ပင် ငြင်းခုန်ခိုက်ရန်ပြုသူများ၏ အဆင့်အတန်းကို ယခုလို တွေးခေါ်ပြတော်မူသည်။

"အေး... အစ္စလာမ်ဘာသာက လူတစ်ယောက်နဲ့ ဗုဒ္ဓဘာသာက လူတစ်ယောက် ငြင်းခုန်ကြတယ်ဆိုရင် တိုက်ဆမြင်ဘဲနဲ့ မှန်းပြောလိုက်

www.dhammaransi.com

မယ်။ အစ္စလာမ်ဘက်က ငြင်းသူဟာ ဆိတ်ကျောင်းသားအဆင့်လောက်ပဲ ရှိလိမ့်မယ်။ ဗုဒ္ဓဘာသာဖက်က ငြင်းခုန်သူဟာလည်း နွားကျောင်းသားအဆင့်လောက်ပဲ ရှိလိမ့်မယ်”

## မိတ်ပျက်ဆေး

ကြီးပွားချမ်းသာလိုသူမှန်သမျှ ပြည့်စုံရမည့် သမ္ပဒါလေးပါးတွင် ကလျာဏမိတ္တသမ္ပဒါ = မိတ်ဆွေကောင်းရှိရမည်ဟူသော အချက်တစ်ခု ပါရှိခဲ့သည်။ မိတ်ဆွေကောင်းရှိရုံနှင့် မလုံလောက်သေး။ ထိုမိတ်ဆွေကောင်းနှင့် စွဲစွဲမြဲမြဲပေါင်းသင်းနေဖို့လည်း လိုအပ်ပါသေးသည်။ မိတ်ဆွေကောင်းနှင့်စွဲမြဲစေရန် မိတ်ပျက်ဆေးလေးခုကို ရှောင်ကြဉ်ရမည်။ ထိုလေးခုကား-

၁။ အမြဲတစေတွေ့ဆုံနေခြင်း

၂။ လုံးလုံးမတွေ့ဆုံဘဲ ပြတ်စဲနေခြင်း

၃။ သူ့အလွန်နှစ်သက်သော ဥစ္စာပစ္စည်းကို မရမက တောင်းယူခြင်း

၄။ အကြောက်အကန်ငြင်းခုန်ခြင်း တို့ဖြစ်ပေသည်။

အမြဲတန်းတွေ့ဆုံနေလျှင် ရိုးသွားပြီး တန်ဘိုးမထားဖြစ်သွားတတ်သောကြောင့် မိတ်ဆွေပျက်မှုအကြောင်းထဲတွင် ထည့်ထားရခြင်းဖြစ်သည်။ မိတ်ဆွေဆယ်ယောက်ပျက်သည်ဆိုလျှင် ကိုးယောက်လောက်မှာ ငြင်းခုန်မှုကြောင့် ပျက်ကြရသည်သာ ဖြစ်၏။ ထို့ကြောင့် မိတ်ဆွေမပျက်လိုသောသူများသည် ငြင်းခုန်မှုကို အဓိကထား၍ ရှောင်ကြရမည် ဖြစ်ပါ၏။

ထိုအချက်နှင့်ပတ်သက်၍ ဒေးကာနက်ဂျီ၏ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကိုဖော်ပြပါမည်။ တစ်ခါတွင် ဒေကားနက်ဂျီနှင့် သူ၏မိတ်ဆွေတစ်ယောက်တို့ ညစာစားပွဲတစ်ခုသို့ အတူတက်ရောက်ကြရသည်။ ညစာစားပွဲအပြီးမှာပင် မိတ်ဆွေများစုပေါင်း၍ ရောက်တတ်ရာရာ စကားပြောပွဲလေးတစ်ခု ကျင်းပကြသည်။

တခြားမိတ်ဆွေတစ်ယောက်သည် ပြဇာတ်အကြောင်းဟောပြောရင်းဖြင့် ရှိတ်စပီးယားနှင့် ဘားနဒ်ရှောတို့၏ ပြဇာတ်ထဲမှစကားလုံးများကိုရွတ်ဆိုပြရာမှ တစ်နေရာတွင် အမှားတစ်ခုပါသွားသည်။ ထိုသို့မှားသွားသည်ကို စာပေသမားများဖြစ်သော ဒေးကာနက်ဂျီနှင့် သူ၏

မိတ်ဆွေတို့က အတိအကျသိလိုက်ကြသည်။ ထို့ကြောင့်လည်း ဒေးကာနက်ဂျီမိတ်ဆွေက ချက်ခြင်းထ၍-

"ခင်ဗျားပြောနေတဲ့ ပြဇာတ်ထဲက ဝါကျတစ်ခုဟာ ပြောင်းပြန်လှန်အောင်မှားနေပါတယ်။ ခင်ဗျားရော ကျန်တဲ့သူတွေရော အမှန်သိသွားအောင် ကျွန်တော်ပြန်ရွတ်ပြချင်ပါတယ်"

ဟု ပြောလိုက်ရာ အပြောခံရသူမှာ မျက်နှာကြီး ချက်ချင်းနီရဲသွားပြီး-

"ဘာလို့မှားရမှာလဲ၊ ဒီပြဇာတ်တွေကို ကျွန်တော် ငယ်ငယ်ကတည်းက လေ့လာလာတာ အခုအချိန်ထိပဲ။ မှားတယ်ဆိုရင် ဘယ်အထောက်အထားနဲ့ပြောတာလဲ။ ချက်ခြင်းသက်သေပြပါ"

ဟု ဒေါသတကြီးရန်တွေ့ပါတော့သည်။ ထိုအခါ ဒေးကာနက်ဂျီက သူ့မိတ်ဆွေ၏လက်ကို ဆတ်ကနဲဆွဲချထိုင်ခိုင်းလိုက်ပြီး ချက်ခြင်းထရပ်ကာ-

"ကျွန်တော့်မိတ်ဆွေ စိတ်လောပြီးတော့ ထပြောမိတာ ခွင့်လွှတ်ကြပါခင်ဗျာ။ စောစောကမိတ်ဆွေ ဟောပြောချက်ဟာ မှန်ပါတယ်ခင်ဗျာ။ ဆက်သာဟောပြောပါ။ ကျွန်တော်တို့အင်မတန် စိတ်ဝင်စားပါတယ်ခင်ဗျာ"

ဟုပြောလိုက်မှ တစ်ဖက်လူသည် စိတ်ပြေသွားပြီး ဆက်လက်ဟောပြောပါသည်။ ဟောပြောပွဲပြီး၍ ထွက်လာကြသောအခါ ဒေးကာနက်ဂျီမိတ်ဆွေက-

"မင်းကငါ့ကို ဘာလို့ဖွတ်ထိုင်ခိုင်းရတာလဲ။ ဟိုလူမှားနေတာ မင်းလဲသိတယ်မဟုတ်လား"

"အေးပါ သိပါတယ်။ ဟိုလူမှားတာလည်း သိတယ်။ မင်းအမှန်ကို ထပြောမယ်ဆိုတာလည်းသိတယ်။ ဒါပေမယ့် မင်းစဉ်းစားကြည့်စမ်း မင်းကလူပုံအလယ်မှာ အမှန်ကိုထောက်ပြပြီး ဂုဏ်တက်သွားတာတော့ဟုတ်တယ်။ ဒါပေမယ့် တစ်ဖက်လူမှာ လူပုံအလယ် ဘာမှမသိဘဲ ရမ်းပြောတဲ့ကောင် ဆိုပြီး ဂုဏ်ပျက်သွားနိုင်တာကိုလဲ ထည့်တွက်ရမယ်"

"အဲဒါ မိတ်ဆွေပျက်ခြင်းရဲ့ အဓိကအကြောင်းပဲပေါ့။ မင်းတို့နှစ်ယောက်ငြင်းခုန်လို့ မင်းနိုင်တယ်ထားဦး၊ ဘာအကျိုးရှိမလဲ ဘာမှအကျိုးမရှိဘူး။ မိတ်ဆွေပျက်တဲ့ ဆိုးကျိုးပဲရှိမယ်။ ပြီးတော့ လူဆိုတာ

www.dhammaransi.com

ဘယ်သူမဆို ကိုယ့်ကိုယ်ကို အထင်အကြီးဆုံးပဲ၊ အဲဒီအထင်ကြီးမှုကို ပျက်စီးသွားအောင်လုပ်တဲ့သူဟာ သူ့ရဲ့အကြီးဆုံးရန်သူပဲ"

"သူက သူကိုယ်သူ အထင်တကြီးနဲ့ အားရပါးရပြောနေချိန်မှာ မင်းကခင်ဗျားပြောနေတာမှားတယ်လို့ ပြောလိုက်တာဟာ ခင်ဗျားဟာ အမှားတွေ လျှောက်ပြောနေတဲ့ အလကားလူပဲ။ ကျုပ်ကမှ အမှန်ကို ပြောနိုင်တဲ့လူလို့ မပြောသော်လည်း အဲဒီသဘောကိုပဲ သက်ရောက်သွားတယ်။ ဒါကြောင့် တစ်ဖက်လူဟာ သူ့ဂုဏ်သိက္ခာကို ထိခိုက်လာတော့ ခါးခါးသီးသီးငြင်းပြီး ရန်တွေ့တော့တာပေါ့"

"အေး... ဒီအချက်တွေကို တစ်ခါမှမတွေးဖူးဘူး။ ခုမင်းပြောမှပဲ တွေးမိတော့တာပဲ။ ဒါကြောင့်အငြင်းအခုန်ဖြစ်ရင် မိတ်ဆွေပျက်ကြတာ များတာကိုး ဒါနဲ့တစ်ဖက်လူက အမှားကြီးပြောနေတာ သိရက်နဲ့ငြိမ်ပြီး နေရတော့မလား။ အမှန်ကိုပြင်ပေးခွင့် မရှိတော့ဘူးလား"

"ရှိပါတယ်။ ဒါပေမယ့် ချဉ်းကပ်တဲ့နေရာမှာ နူးညံ့သိမ်မွေ့ဖို့တော့ လိုတယ်။ ဆိုကြပါစို့၊ ညကလိုနေရာမျိုးမှာ မင်းဝင်ရမှာက သူ့စကား ဆုံးသွားပြီဆိုမှ နောင်ကြီးရေ ကျွန်တော်လည်း အဲဒီဆရာကြီးတွေရဲ့ ပြဇာတ်တွေကို ဝါသနာပါသူတစ်ယောက်ပါ။ ဒါကြောင့် နည်းနည်းကျဉ်း ကျဉ်းတော့ လေ့လာထားမိပါတယ်"

"နောင်ကြီးပြောသွားတဲ့ ဝါကျလေးတစ်ခုကတော့ ကျွန်တော် ဖတ်ထားတဲ့ စာအုပ်ထဲကအချက်နဲ့ နည်းနည်းလေးကွဲလွဲနေတယ်ခင်ဗျ။ စာအုပ်တွေကလဲအများသားဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ဗျာ။ ကျွန်တော်မှတ်သားထားမိတာကတော့ ဆိုပြီး အဲဒီနေရာမှာ အမှန်ကိုရွတ်ပြ လိုက်ရုံပဲ"

"ဒီလိုဝင်လိုက်တော့ သူ့သိက္ခာကိုမထိတော့ဘူး။ အဲဒါဆိုရင်တော့ မင်းစကားကို တစ်ဖက်လူက လက်ခံလိမ့်မယ်" ဟုဒေးကာနက် ဂျီက သေချာကျနစွာ ရှင်းပြခဲ့ပေသည်။

ဤနေရာ၌ဆက်စပ်မှုရှိလာသဖြင့် စကားနှင့်ပတ်သက်သော အတွေးအခေါ်များကို ဆက်လက်ရေးသားသွားပါမည်။ ဗုဒ္ဓရှင်တော်မြတ်သည် မှန်ကန်အကျိုးရှိပြီး သူတစ်ပါးနှစ်သက်သော စကားမျိုးကိုသာ အဓိကထားပြီး ဟောကြားပြောဆိုသွားတော်မူပါသည်။ မှန်ကန်အကျိုး ရှိပြီး သူတစ်ပါးမနှစ်သက်သောစကားကိုကား အခါအားလျော်စွာ ပြောသင့်သည့်နေရာ၌ ပြောဟောတော်မူပါသည်။

မှန်ကန်အကျိုးရှိပြီး သူတစ်ပါးမနှစ်သက်သောစကားကိုကား ဗုဒ္ဓသည်ပင်လျှင် တစ်ခါတစ်ရံမှသာလျှင် သုံးတော်မူရာ ကျွန်ုပ်တို့ကဲ့သို့သာမန်ပုဂ္ဂိုလ်များကား ဖြစ်နိုင်လျှင်သုံးကိုမသုံးသင့်ပါ။ မဖြစ်မနေသုံးခွင့်ကြုံလာလျှင် မှန်ကန်၊ အကျိုးရှိပြီးသူတစ်ပါးမနှစ်သက်သော စကားကို မှန်ကန်အကျိုးရှိပြီး သူတစ်ပါးနှစ်သက်သော စကားဖြစ်အောင်ပြုပြင်သုံးစွဲရပေမည်။ သာဓကများပြပါအံ့။

ဗုဒ္ဓဘာသာတွင် ပညာဉာဏ်အကြီးမားဆုံးသူသည် မဟောသဓာဖြစ်သကဲ့သို့ ဟိန္ဒူဘာသာတွင် ပညာအကြီးမားဆုံးသူကား ကာလိဒါသပင်ဖြစ်ပါ၏။ တစ်နေ့တွင် ဘောဇဘုရင်ကြီးသည် ထူးဆန်းသောအိပ်မက်ကိုမက်၏။ ထို့ကြောင့် နံနက်ခင်းရောက်သည်နှင့် နိမိတ်ဖတ်သောအယူတော်မင်္ဂလာပညာရှိကိုခေါ်ယူ၍ မေးမြန်းတော်မူသည်မှာ-

စကားတစ်ခွန်း၊ သေဒဏ်၊ ငွေတစ်ထောင်

"အယူတော်မင်္ဂလာအမတ် မနေ့ညက ငါ၏အောက်သွားများ ပြုတ်ထွက်သွားသည်ဟု မြင်မက်တော်မူသည်။ မည်ကဲ့သို့ဖြစ်မည့် အတိတ်နိမိတ်ဆိုသည်ကို လျှောက်တင်လော့"

ထိုအခါ အယူတော်မင်္ဂလာပညာရှိက အိပ်မက်တိတ္ထုံကျမ်းထဲ၌ပါသည့်အတိုင်း လျှောက်တင်သည်မှာ-

"မှန်လှပါ အောက်သွားများ ပြုတ်ထွက်သည်ဟု မက်တော်မူခြင်းမှာ- အရှင်မင်းကြီး၏ သားတော်သမီးတော်များသည် သက်တော်မရှည်ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် နတ်ရွာစံရမည် ဟူသည့် အတိတ်နိမိတ်များပင်ဖြစ်ကြောင်း လျှောက်တင်ဝံ့ပါသည်ဘုရား"

"အိပ်မက်တိတ္ထုံကျမ်းလာအတိုင်း လျှောက်တင်ခြင်းဖြစ်သောကြောင့် အယူတော်မင်္ဂလာ၏စကားသည် မှန်ကန်မှုလည်း ရှိပါသည်။ သားတော် သမီးတော်များအတွက်ကြိုတင်ပြီး ခတ်၊ ယတြာများ စီရင်နိုင်သည့်အတွက် အကျိုးလည်းရှိသည်။ သို့သော် စောစောစီးစီး မင်္ဂလာယူနေသည့်အချိန်တွင် သားတော် သမီးတော်များ ငယ်ငယ်ရွယ်ရွယ်သေမည်ဆိုသည့် အသုံးအနှုန်းကြီး ပါနေသောကြောင့် မင်းကြီး မနှစ်သက်သောစကား ဖြစ်နေပါ၏။ မှန်ကန်အကျိုးရှိသော်လည်း သူတစ်ပါးမနှစ်သက်သောစကား၏ ဆိုးကျိုးတို့ရှုပါ။

www.dhammadownload.com

"အယူတော်မင်္ဂလာ၏ စကားအဆုံးမှာပင် ဘောဇဘုရင်ကြီး၏ မျက်နှာသည်မည်းမှောင်သွားကာ ချက်ချင်း အမိန့်တော်ချမှတ်လိုက်သည်မှာ-

"သယ်... နံနက်ခင်း မင်္ဂလာယူနေချိန်မှာ အတိတ်နိမိတ်မရှိ မင်္ဂလာကင်းမဲ့သောစကားတို့အား လျှောက်ထားသည့် အယူတော်မင်္ဂလာကို ယခုပင်လျှင် သုသာန်ထုတ် ဓားခုတ်သတ်စေ"

အယူတော်မင်္ဂလာကား နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ ဟူသော စကားအတိုင်းသေဘေးနှင့် ရင်ဆိုင်ရပေပြီ။ အာဏာပါးကွက်သားများ ခေါ်ဆောင်ရာသို့ ကြိုးတန်းလန်းနှင့် လိုက်ပါသွားရလေပြီ။ ဘာများ တတ်နိုင်ပါမည်နည်း။ ထိုအချိန်မှာပင် ပညာရှိကြီး ကာလီဒါသလည်း စောစောအခစားဝင်ရောက်လာရာ အယူတော်မင်္ဂလာ၏ အဖြစ်ဆိုးကို တွေ့မြင်ရသဖြင့် သေချာမေးမြန်းပြီးနောက် အာဏာပါးကွက်သားများ အား-

"မင်းကြီး စိတ်တော်အခန့်မသင့်ခိုက်မို့ အပြစ်နဲ့မတန်တဲ့ ပြစ်ဒဏ်ကို ချမှတ်လိုက်တာ၊ မင်းတို့ လက်မလွန်စေကြနဲ့ဦး၊ ငါ့ဆီက လွှတ်လိုက်မယ့် အထောက်တော်ရောက်မှစီရင်"

ဟု ပြောကာ ဘုရင်ကြီးထံ အခစားဝင်သွားလေသည်။ ကာလီဒါသကို တွေ့လိုက်သည်နှင့် ဘောဇဘုရင်ကြီးက-

"အို... ကာလီဒါသ မနေ့ညက ငါကိုယ်တော်မြတ် အောက်သွားတွေ ပြုတ်ကျတယ်လို့ အိပ်မက်တော်မူတယ် ဘယ်ပုံဖြစ်မည့် အတိတ်နိမိတ်ဆိုတာ မောင်မင်းလျှောက်တင်စေဗျာ"

"မှန်ပါ၊ အိပ်မက်နိမိတ်အရဆိုလျှင် အရှင်မင်းကြီးက သားတော်၊ သမီးတော်တွေထက် သက်တမ်းပိုရှည်စွာနေရမယ် ဖြစ်ပါတယ်။

အရှင်မင်းကြီးကဲ့သို့ သားတော်၊ သမီးတော်များလည်း သက်တမ်းရှည်စွာနေရအောင် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ်ယတြာများကို များများပြုလုပ်စေချင်ကြောင်းပါဘုရား"

ကာလီဒါသ၏စကားအဆုံးမှာပင် ဘောဇဘုရင်ကြီးက ဝမ်းမြောက်ဖွယ်မင်္ဂလာစကားကို လျှောက်တင်တတ်သောကြောင့်ဟုဆိုကာ အသပြာတစ်ထောင် ပေးသနားတော်မူလေသည်။ အယူတော်မင်္ဂလာ၏စကားနှင့် ကာလီဒါသ၏စကားမှာ အဓိပ္ပာယ်အတူတူပင် ဖြစ်ပါသည်။ စကားလုံးသုံးနှုန်းပုံသာ ကွာခြားသွားခြင်းဖြစ်ပါ၏။

www.dhammaransi.com

ထို့နောက် ကာလီဒါသ၏ လျှောက်ထားအသနားခံမှုကြောင့် အယူ တော်မင်္ဂလာအမတ်လည်း သေဒဏ်မှလွတ်သွားပါသည်။

မှန်ကန်အကျိုးရှိပြီး သူတစ်ပါးမနှစ်သက်သောစကားကို မှန်ကန် အကျိုးရှိပြီး သူတစ်ပါးနှစ်သက်အောင် ပြုပြင်သုံးစွဲလိုက်ခြင်းဟုဆိုလျှင် မမှားပေ။ တစ်သက်လုံးပြောနေပြီး မတတ်သောအရာသည် စကားသာ ဖြစ်သည်ဟူ၍ ဤဖြစ်ရပ်က မီးမောင်းထိုးပြလျက်ရှိပေသည်။

- စွမ်းပကားရှိသူအတွက်
  လေးလံသောတာဝန်ဟူသည်မရှိ။
- ရောင်းဝယ်ဖောက်ကား ခရီးသွားကုန်သည်အတွက်
  ဝေးလံသောအရပ်ဒေသဟူသည်မရှိ။
- ပညာရှိသူအတွက် မိမိဒေသမဟုတ်သော
  အခြားအရပ်ဟူသည်မရှိ။
- ပိယဝါစာ ချိုသာစွာပြောတတ်သူအတွက်
  သူစိမ်းတစ်ရံဆံဟူသည် မရှိ။

*(လောကနီတိ)*

## အင်းဝဘုရင်နှင့် ရဟန်းယောင်

အင်းဝဘုရင်လက်ထက်ကဟုဆိုပါသည်။ တစ်ခါတွင် ဘုရင့်စားတော် ဆောင်အနီးသို့ ကြည်ညိုဖွယ်ရာ ရဟန်းတစ်ပါး ဆွမ်းရပ်ရာ ဘုရင်မှာ ဒီလိုနေရာထိ ဆွမ်းလာရပ်ရဲသောရဟန်းသည် သာမန်ရဟန်း မဖြစ်နိုင်၊ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော ရဟန္တာဖြစ်နိုင်သည်ဟု ယူဆကာ စားမည့် ထဲမှ စားဖွယ်ခဲဖွယ်များကို မြတ်မြတ်နိုးနိုး လောင်းလှူလိုက်ပါသည်။

မထေရ်ပြန်ကြွသွားသောအခါ နေထိုင်သီတင်းသုံးရာနေရာနှင့် ဘယ်လိုတန်ခိုးဣဒ္ဓိပါဒ်ရှိသည်ကို သိနိုင်ရန် အမတ်ငယ်တစ်ယောက် အား နောက်ယောင်ခံ လိုက်ခိုင်းလိုက်လေသည်။ ရဟန်းယောင်သည် နန်းတော်မှ ပြန်ကြွခဲ့ပြီးလျှင် မြို့စွန်တောစပ်တစ်နေရာအရောက်တွင် အပေါ်ကသင်္ကန်းများကို ချွတ်ချလိုက်လေသည်။

ထိုအခါကျမှ အောက်ကလူဝတ်လူစားများ ပေါ်လာလေသည်။ ပြီးလျှင် ခပ်လှမ်းလှမ်းမှ အသင့်စောင့်နေကြသော တဲအိမ်ထဲမှ သားမယား များနှင့် ပျော်ပျော်ပါးပါး စားသောက်နေကြလေသည်။ ရဟန်းယောင် လူလိမ်ကား ရာဇဝတ်အိုးကိုမှ တိုက်နှင့်ထိုးမိသည့် သူ့အဖြစ်ကို မသိ

www.dhammaransi.com

သဖြင့် ပျော်ပါးစွာစားသောက်နေသော်လည်း အမတ်ငယ်မှာကား မင်းကြီး ရော ရဟန်းယောင်အတွက်ပါ ထည့်စဉ်းစားနေရလေပြီ။

အရှင်မင်းကြီး၏ ပွဲတော်စာများကို ရဟန်းယောင်ဆောင်ပြီး လိမ် လည်သွားခြင်းသာ ဖြစ်ပါသည်ဟု လျှောက်တင်လိုက်လျှင် မှန်ကန်မှု လည်း ရှိပါသည်။ ရဟန်းယောင်ကို ဖမ်းဆီးသုတ်သင်မည် ဖြစ်သည့် အတွက် သာသနာအတွက် အကျိုးလည်းရှိပါသည်။ သို့သော် ထိုသို့ အလိမ်ခံရသည်ဆိုသည့် စကားကို မင်းကြီး ဘယ်လိုနည်းနှင့်မှ နှစ်သက် လိမ့်မည်မဟုတ်ပါ။

ထို့ကြောင့် အမတ်ငယ်က မင်းကြီးထံ ပြန်ရောက်သောအခါ-

"အရှင်မင်းကြီး၊ ရဟန်းတော်နောက်သို့ ကျွန်တော်မျိုး မျက်ခြေ မပြတ်လိုက်ကြည့်ရာ တောအုပ်တစ်နေရာအရောက်တွင် သင်္ကန်းရောင် ပျောက်ကွယ်သွားကြောင်းပါဘုရား"ဟု လျှောက်တင်လိုက်ရာ မင်းကြီးမှာ "ငါလှူလိုက်ရတာ တန်ခိုးကြီးတဲ့ရဟန္တာပဲ"ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အမတ်ငယ်အား ဆုတော်လာဘ်တော်များ ပေးသနားတော်မူလိုက်လေ သည်။

ထိုစကားသည် မှန်ကန်ပါသည်။ မင်းကြီး သဒ္ဓါတရားကုသိုလ် လည်း ဆက်ဖြစ်ပွား၊ လူ့အသက်ကို သတ်မိန့်ပေးရမည့် ပါဏာတိပါတကံ မှလည်းလွတ်၊ ရဟန်းယောင်လည်း အသက်ဘေးမှ ချမ်းသာသည့်အတွက် အကျိုးလည်းရှိပါသည်။ မင်းကြီးအတွက် နှစ်သက်ဖွယ်စကားလည်း ဖြစ် ပါသည်။

စောဒကတက်လာစရာရှိသည်က ရဟန်းယောင်ကို မင်းက အပြစ် ပေးခွင့်မရတော့သည့်အတွက် သာသနာ့အရေခြုံပြီး ဆက်လိမ်နေလျှင် အကျိုးရှိသည်ဟူသော စကားသည် တင်းပြည့်ကျပ်ပြည် မှန်နိုင်ပါမည် လောဟူ၍ပင် ဖြစ်ပါ၏။ မင်းကြီးသဒ္ဓါတရားကိုပင် မထိခိုက် အောင် တွေးခေါ်နိုင်သော အမတ်ငယ်သည် သာသနာကို ရဟန်းယောင်အနေ ဖြင့် ဆက်လက်မထိခိုက်နိုင်အောင်လည်း တွေးခေါ်မိမည်သာ ဖြစ်ပါ၏။

မင်းကြီးကို မသိစေဘဲ မိမိအသိဖြင့် ရဟန်းယောင်ကို ခေါ်ယူပြီး ထိုက်သင့်သောပြစ်ဒဏ်ပေးကာ နောင်မလိမ်ညာအောင် သတိပေးမည်သာ ဖြစ်ပါ၏။ ထို့ကြောင့် မှန်ကန်အကျိုးရှိပြီး သူတစ်ပါး နှစ်သက်သော စကားဟုသာ ဆိုရပါမည်။

www.dhammaransi.com

## အဝီစိသို့ ကျနိုင်သူ

"သူတော်မဟုတ် ယုတ်သောအကျင့်ရှိသော အလဇ္ဇီပုဂ္ဂိုလ်တို့ကား သဒ္ဓါဒုဗ္ဗလ ပညာနည်းလှသောသူတို့ကိုသာရှာ၍ ပေါင်းကြသည်။ သဒ္ဓါဒုဗ္ဗလ ပညာနည်းလှစွာသော သူတို့ကလည်း အလဇ္ဇီပုဂ္ဂိုလ်တို့ကိုသာ ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုကြကုန်သည်။

ခွေးတိရစ္ဆာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီးနိုင်။ ထိုသို့ မဖျက်ဆီးနိုင်သောခွေးသည် အဝီစိသို့မကျရ။ လူသည်သာ သာသနာတော်မြတ်ကို ဖျက်ဆီးနိုင်သည်။ ထိုသို့ ဖျက်ဆီးနိုင်သောလူသည် အဝီစိသို့ ကျရသည်။

မောင်မင်းတို့သည် သာသနာတော်မြတ်ကို ဖျက်ဆီးကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့အား ချီးမြှင့်ထောက်ပံ့ခြင်းကို မပြုကြကုန်လင့်။ အဝီစိငရဲကြီးသို့ကျဆင်းရမည်ကို ကြောက်ကြကုန်။" *(မင်းတုန်းမင်းတရားကြီး)*

## ဗခင်ရဲ့ဒဿနတစ်ခု

ကျွန်ုပ်ကိုသာမဏေပြုပေးသော ဥပဇ္ဈာယ်ဆရာသည် ဒေါသကြီးသောကြောင့် အင်မတန်မှ အရိုက်ကြမ်းသည်။ ကျွန်ုပ်သည် ကိုရင်ဝါလေးဝါ၊ လေးနှစ်တိတိ အရိုက်အနှက်ခံပြီး နေခဲ့ရသည်။ ကောင်းသောအချက်များနှင့် ထေလိုက်သောကြောင့် ထိုစဉ်အခါက အရိုက်ခံရတုန်းခဏသာ စိတ်ဆင်းရဲသည်။ ရက်အကြာကြီး စိတ်ဆင်းရဲသည်ဟူ၍ ဖြစ်မနေပေ။

သိပ်စိတ်မဆင်းရဲသည်မှာ ကိုရင်မှန်သမျှ အရိုက်ခံရသည်ဟူ၍ ထင်နေမှုသည် အဓိကဖြစ်ကြောင်းကို စာသင်တိုက်ရောက်သွားသော အခါ သေချာသိသွားသည်။ ကိုယ့်စာပေ ကိုယ်ကြိုးစားနေသူဆိုလျှင် ဘုန်းကြီးများသည် မရိုက်သည့်အပြင် ဂရုတစိုက်ဖြင့် ချီးမြှောက်ကြသည်ကို တွေ့ရသောအခါ ဥပဇ္ဈာယ်ဆရာ၏ လိုအပ်ချက်ကို မြင်လာသည်။

မိဘ၊ ဆရာအချို့သည် သားသမီးနှင့် တပည့်တို့ကို ရိုက်နှက်ဆုံးမသောအခါ အမှားကိုပြင်ပြီး အမှန်ကိုမြင်စေလိုသည့် စေတနာထက် ပြင်းထန်စွာဖြစ်နေသော မိမိဒေါသ ပြေပျောက်ဖို့အတွက် အသုံးချသည့်အနေဖြင့် ရိုက်နှက်ကြသည်က များသည်။ ထို့ကြောင့် ကလေးငယ်အချို့သည် အသိဉာဏ်ပညာ တိုးပွားမလာကြဘဲ ရန်ငြိုးအာဃာတများသာ တိုးပွားလာကြသည်။

www.dhammaransi.com

ဤကား စိတ်ပညာရှင်များ၏ လေ့လာသုံးသပ်ချက်တစ်ခုပင် ဖြစ်ပါ၏။ မိဘဆရာများ သတိပြုစရာ အချက်တစ်ခုပင်။ တစ်နေ့တွင် စာမေးပွဲပြီး၍ မန္တလေးသို့ ခဏပြန်ရောက်ချိန်တွင် ချင်းလူမျိုး ကိုရင်တစ်ပါးကို ဥပဇ္ဈာယ်ဆရာကျောင်းတွင် တွေ့ရသည်။ ထိုကိုရင်ရေချိုးဖို့ ဧကသီခေါ် ကိုယ်ရုံကိုချွတ်လိုက်သည့်အခါ ကျောနှင့် ခါးတွင် ညိုမည်း နေသော အစင်းများကို တွေ့ရပြီး အရေခွံများလန်နေသည်ကိုလည်း တွေ့ရသည်။

မေးမြန်းကြည့်သောအခါ ဥပဇ္ဈာယ်ဆရာက ဝါယာကြိုးနှင့် ရိုက်ထားသောကြောင့်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့်လည်း ကျွန်ုပ် စာသင်တိုက်ပြန်ရောက်သောအခါ ဥပဇ္ဈာယ်ဆရာတော်ထံသို့ စာတစ်စောင် ရေးထည့်လိုက်လေသည်။ စာထဲတွင် တပည့်များကို ဆုံးမသည့်အခါတွင် နေရာတကာ ရိုက်နှက်ဆုံးမခြင်းကို မသုံးသင့်ကြောင်း၊ နှုတ်နှင့်ဆုံးမ၊ မရမှ တုတ်နှင့်ဆုံးမသင့်ကြောင်း၊ ရိုက်နှက်ဆုံးမလိုက်သည့်အတွက် ကိုယ်ပေါ်မှာထင်နေသောဒဏ်ရာများသည် အချိန်တန်က ပျောက်သွားနိုင်သော်လည်း စိတ်မှာထင်ကျန်နေသော ဒဏ်ရာများသည်ကား တစ်သက်လုံးမပျောက်ဘဲ ကျန်နေတတ်ကြောင်း အရင် (ကျွန်ုပ်တို့)တပည့်များသည် သည်းခံပြီးနေနိုင်သော်လည်း နောက်တပည့်များကား ထိုသို့ သည်းခံပြီးနေနိုင်မည် မဟုတ်ကြောင်း၊ ထိုသို့ တပည့်များမရှိပါက ဥပဇ္ဈာယ်ဆရာသာ ဒုက္ခရောက်မည်ဖြစ်ကြောင်းတို့ကို အကျယ်ရေးသားလိုက်သည်။ ဤနေရာ၌ ကျွန်ုပ်၏သဘောထားတစ်ခုကို တင်ပြသင့်ပေသည်။ ကျွန်ုပ်သည် သူတစ်ပါးကို သနားတတ်သည်။ ကူညီစရာ ရှိလျှင်လည်း ဥစ္စာရေ၊ ခန္ဓာပါ နှစ်ခုလုံး အနာခံ၍ကူညီတတ်သည်။ သုံးတန်းကျောင်းသားဘဝ ကျွန်ုပ်အသက် ကိုးနှစ် ဆယ်နှစ်ခန့်သာ ရှိပါဦးမည်။

တစ်နေ့တွင် အတန်းပိုင်ဆရာ မလာသဖြင့် အခြားအတန်းမှ ဆရာတစ်ယောက်က သုံးတန်းကျောင်းသူကျောင်းသားအားလုံးကို အရိပ်ရသောကျောင်းအောက် ကွက်လပ်တစ်ခု၌ ညီညီညာညာထိုင်ပြီး စာကျက်ခိုင်းထားသည်။ ထိုအချိန်မှာပင် ကျွန်ုပ်ဘေးနားမှ မတရားအနိုင်ကျင့်မှုတစ်ခုကို ဒေါသဖြစ်ဖွယ်ရာ တွေ့ကြုံလိုက်ရသည်။

မှိုဦးတန်းရပ်ကွက်မှ ကျောင်းသားသစ်လေးတစ်ယောက်ကို နဂါးရပ်ကွက်မှ (၂)နှစ်ကျ ကျောင်းသားဟောင်းကြီးတစ်ယောက်က ခေါင်းနှင့် ကျောတို့ကို လက်သီးနှင့်ထိုးကာ ရန်စနေလေသည်။ ကျောင်းသားသစ်

www.dhammaranasi.com

လေးမှာ သွားလည်းမတိုင်ရဲ ပြန်လည်းမလုပ်ရဲသဖြင့် ကျောင်းသားဟောင်းကြီး နှိပ်စက်သမျှကို မျက်ရည်အဝဲသားဖြင့် ခံနေရရှာသည်။ ငုပ်လျှိုးနေသော ကျွန်ုပ်၏ဇီဇသတ္တိသည် ဘွားကနဲပေါ်လာကာ-

"ဟေ့ကောင်... မင်း ကိုယ့်ထက်ငယ်တဲ့သူကို မတရား အနိုင်မကျင့်ပါနဲ့"

"အနိုင်ကျင့်တော့ မင်းက ဘာလုပ်ချင်လို့လဲ။ အောင်မာ... ခြေကျိုးကများ ငါ့ကိုလာပြီး အာဏာပေးနေသေးတယ်" သူသည် သုံးတန်းကျောင်းသားများထဲတွင် အသက်အကြီးဆုံး၊ ခန္ဓာကိုယ် အထွားဆုံးဖြစ်သောကြောင့် ဤမျှ လူတွင်ကျယ်လုပ်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ မာန်ဖီနေသောစကားများကြောင့် ကျောင်းသူကျောင်းသားအားလုံး စာကျက်သံများ တိတ်သွားကာ ကျွန်ုပ်တို့နှစ်ယောက်ဆီသို့ ဝိုင်းကြည့်နေကြလေသည်။

အားကစားစိတ်ဓာတ်ရှိသော ကလေးများ သဘောထားကြီးကြသည်ကို ကျွန်ုပ် ကိုယ်တွေ့ကြုံဖူးပေသည်။ ကျွန်ုပ်သည် ဘောလုံးနှင့် လက်ဝှေ့အားကစားကို အထူးတလည် ဝါသနာပါလေသည်။ အကျိုးဆော့ အကန်းမော့ဟု ဆိုရလေမည်လား မသိ။ ထိုနှစ်မျိုးတွင် လက်ဝှေ့ကို ပို၍ဝါသနာပါသည်။

စိတ်တူကိုယ်တူများကိုရွေးရှာပြီး လက်သီးထိုးတန်းကိုသာ ကစားလေ့ရှိသည်။ ထိုအားကစားစိတ်ဓာတ်ကြောင့် နေရာတကာစိတ်တိုပြီး ရန်မဖြစ်တတ်ပါ။ အခုကိစ္စသည်ပင် မိမိကြောင့်မဟုတ်၊ သူတစ်ပါး အတွက် မခံချင်၍ ဝင်ပါရခြင်းသာဖြစ်ပါ၏။ ယခုလည်း ကြည့်ပါ။ ရန်ပွဲကို ကျွန်ုပ်က အားကစားပွဲအဖြစ်သို့ ပြောင်းလိုက်သည်။

"ကဲ... ခြေကျိုးအကြောင်းသိရအောင် အပြင်ထွက်ခဲ့ကွာ။ မင်းနဲ့ ငါနဲ့ လက်သီးချင်းထိုးမယ်"

ထိုသို့ပြောဆိုပြီး ကျွန်ုပ်က အရင်ကျောင်းသားများနှင့် ခပ်လှမ်းလှမ်းတစ်နေရာသို့ ထသွားလိုက်သည်။ သူသည် ထလိုက်လာသည်။ ကျောင်းသားကျောင်းသူများကား လက်ဝှေ့ပွဲတစ်ပွဲ ကြည့်ရမည်ကဲ့သို့ စိတ်ဝင်တစားဖြစ်နေသည်ကို တွေ့ကြရသည်။ မျက်နှာချင်းဆိုင်မိကြသည်နှင့် ကျွန်ုပ်က သူ့ကို လက်ကာပြကာ ပုဆိုးပြင်ဝတ်လိုက်သည်။ သူ့ကိုလည်း ပြင်ဝတ်ခိုင်းသည်။ ပြီးသည်နှင့်-

"စိန်ပြီလား"ဟု ကျွန်ုပ်က မေးလိုက်ရာ သူက "စိန်ပြီ"ဟု ပြော

www.thanhlwin.com

လိုက်သည်နှင့် ကျွန်ုပ် ညာလက်သီးပြင်းက သူ့မျက်နှာပေါ်သို့ လျှပ်စစ်လက်သလို ကျရောက်သွားရာ "ဖောင်း" ဆိုသောအသံနှင့်အတူ သူသည် နောက်သို့ နှစ်ပေခန့်လွင့်သွားပြီး ပက်လက်လန်လဲကျသွားပါသည်။ ရန်ပွဲလိုသာ သဘောထားလျှင် သူ့ကိုယ်ပေါ် ခွစီးပြီး ဘယ်ပြန်ညာပြန် ထိုးပစ်လိုက်ရုံသာရှိသည်။ သို့သော် အားကစားစိတ်ဓာတ်ရှိသူကား ထိုသို့ဘယ်တော့မှ လုပ်လိမ့်မည်မဟုတ်ပေ။

လက်ကို အသင့်အနေအထားပြန်ယူရင်း ကျွန်ုပ်က သူ ပြန်ထအလာကို စောင့်နေလိုက်သည်။ ကြည့်နေသော ကျောင်းသားကျောင်းသူအားလုံးထံမှ အံ့ဩသောအာမေဋိတ်သံများ ထွက်လာသလို အထိုးခံရသော ကျောင်းသားကိုယ်တိုင်သည်လည်း ပက်လက်လန်နေရာမှ လက်ထောက်ပြီး ကျွန်ုပ်ကို အံ့ဩထိတ်လန့်စွာဖြင့် ကြည့်နေလေသည်။

ခြေမသန်သောကောင်လေးတစ်ယောက်သည် သူ့ထက် ဗလကောင်းသောသူတစ်ယောက်ကို တစ်ချက်တည်းဖြင့် မြေပြင်ပေါ် လဲကျအောင် ထိုးနိုင်သည်မှာ သူတို့အတွက် အထူးအဆန်းဖြစ်နေဟန် တူပါသည်။ ထိုမှနောက် ၎င်းကျောင်းသားသည် ကျွန်ုပ်ရှေ့တွင် ဘယ်သူ့ကိုမှ အနိုင်ကျင့်သည်ကို မတွေ့ရတော့ပါ။

"အစွမ်းထာမ၊ မပြမသိ၊

ပြမှသိ၏၊ သိမှကြောက်လန့်၊

ရှိသေခန့်၏" ဟူသော နိယာမကို ကျွန်ုပ်သည် ငယ်စဉ်ကတည်းက ကြုံခဲ့ရပေသည်။ ဥပဇ္ဈာယ်ဆရာဆီ စာရေးရာမှာလည်း ရည်ရွယ်ချက်နှစ်ခုပါသည်။ ဥပဇ္ဈာယ်ဆရာဆီမှာ တပည့်တွေမြဲစေချင်သည်။ ရောက်လာသောတပည့်များလည်း ရက်စက်သောဆုံးမခြင်းမှ လွတ်ကင်းစေချင်သည်။ သို့သော် ဥပဇ္ဈာယ်ဆရာကား ဒေါသဓာတ်ခံရှိသူမို့ ကျွန်ုပ်အပေါ် အမုန်းကြီးမုန်းသွားကာ ကျောင်းပြန်ရောက်သောအခါ အကြီးအကျယ် ဆူပါလေတော့သည်။

မိမိအမှားကိုထောက်ပြပြီး လမ်းမှန်ညွှန်သောသူကို ကျေးဇူးတင်ချီးမွမ်းကြသောသူများကား အရှင်သာရိပုတ္တရာနှင့် ရှင်ရာဟုလာတို့လောက်ပဲ ရှိသည်။ ကျွန်ုပ်ထုဇဉ်လူသားများတွင်ကား ထိုစိတ်မျိုးရှိသူနည်းပါးလှကြောင်း လက်တွေ့သိရလေပြီ။ ကျွန်ုပ်သည် ကောင်းသောစကားကိုဆို၏။ သို့သော် တစ်ဖက်ကလက်မခံ။ ထိုအခါ ကျွန်ုပ် ဘာလုပ်ရမည်နည်း။

www.dhammaransi.com

ကျွန်ုပ် အဆူခံရသည်ကို သိသွားသောဖခင်သည် တစ်ရက်တွင် ကျောင်းသို့ ရောက်လာပြီး-

"ကိုရင့်ကို စကားပြောမှုနဲ့ပတ်သက်ပြီး ဒကာကြီးက လျှောက်ထားရဦးမယ်၊ စာရေးတာလည်း အတူတူပဲပေါ့။ စာရေးတယ်ဆိုတာလည်း ပါးစပ်နဲ့ပြောခွင့်မကြုံလို့ စာရေးပြီးပြောတာပါပဲ၊ ပြောတဲ့အခါမှာ အကောင်းဆုံး အကျိုးရှိဆုံး စကားဖြစ်အောင် ရွေးပြီးပြောရတယ်။ ကိုယ့်ထက်ကြီးသူတွေနဲ့ ပြောရပြီဆိုတဲ့အခါ ပိုပြီးတော့တောင် ဂရုစိုက်ရတယ်"

"လူကြီးတွေဆိုတာ များသောအားဖြင့် မိမိကိုယ်ကို အပြစ်ကင်းပြီးသား၊ လူငယ်တွေမှာသာ အပြစ်ရှိတာလို့ တစ်ထစ်ချစွဲယူထားတတ်ကြတယ်။ ဒါ့ကြောင့် သူတို့ရဲ့ အားနည်းချက်ကို ထောက်ပြလာပြီဆိုရင် ကျေးဇူးတင်တဲ့လူထက် အပြစ်တင်တဲ့လူက များတယ်။ ဒါ့ကြောင့် ကောင်းသောစကားပင်ဖြစ်သော်လည်း မပြောဘဲ နေသင့်ရင် နေလိုက်ရတယ်"

"ကိုရင့်ကို ပုံပြင်တစ်ပုဒ် ပြောပြဦးမယ်၊ တစ်ခါက မုဆိုးသားအဖနှစ်ယောက် တောလိုက်ထွက်ကြတယ်။ တောတွင်းတစ်နေရာကျတော့ ရေပေါ်မှာပေါ်နေတဲ့ကျောက်ဖျာကြီးတစ်ခုကို တွေ့ကြရတယ်။ အံ့ဩလွန်းလို့ သားအဖနှစ်ယောက် ခပ်ကြာကြာငေးစိုက်ကြည့်မိကြတယ်။ အတွေးအခေါ်ရှိတဲ့ဖခင်က ဒီအကြောင်းကို ဘယ်သူ့မှမပြောဖို့၊ ပြောမိရင် ကိုယ်သာ အရှုံးအထင်ခံရမယ့်အကြောင်း သေချာမှာထားတယ်"

"သူ့သား နှုတ်ဖွာမှန်းလည်း သိလို့ပေါ့လေ။ အဲသလို မှာထားတဲ့ကြားထဲက သားဖြစ်သူက ရွာထဲလျှောက်ပြောတော့ ဘယ်သူမှမယုံကြဘူး။ သူ့သားပဲ အရူးတစ်ယောက်လိုဖြစ်နေတယ်။ နောက်ဆုံး မုဆိုးကြီးသားက သူမှန်ရဲ့သားနဲ့ အရူးအထင်ခံရတော့ ဒေါသထွက်ပြီး အလောင်းအစားလုပ်တယ်။ ကျောက်ဖျာရေပေါ်တာကို သူ့ဖခင်ကပါ ဟုတ်တယ်လို့ထောက်ခံရင် ရွာသားတွေဆီက ငွေတစ်ထောင် သူရမယ်"

"အကယ်၍ သူ့အဖေက မထောက်ခံဘူးဆိုရင် ရွာသားတွေကို သူကငွေတစ်ထောင်ပေးမယ်ဆိုပြီး သူ့အိမ်ခေါ်လာတယ်။ အိမ်ရောက်လို့ မုဆိုးကြီးကို မေးကြည့်တော့ မုဆိုးကြီးက မင်းတို့အရူးစကားများ ယုံနေကြသလားလို့ ပြောလွှတ်လိုက်သတဲ့။ ဒါနဲ့သူ့သားလည်း ငွေတစ်ထောင် ဆုံးသွားတော့ သူ့အဖေကို အပြစ်တင်တော့တဲ့"

www.burmeseclassic.com

"ဒီအခါ သူ့အဖေက ငါ့ဒီအရေးတွေမြင်လို့ ဘယ်သူ့မှ မပြောဖို့ အကြောင်း မင်းကိုမှာခဲ့တာပေါ့။ စကားဆိုတာ ကောင်းတာမှန်တာ ဖြစ်ပေမယ့် မပြောဘဲနေသင့်တဲ့အခါ နေရတယ်။ နောက်တစ်ခါ ငါက ပြောလို့ တိုက်တွန်းတဲ့စကားကျမှ သူများကိုပြောလို့ ဩဝါဒပေးပြီး တော လိုက်ထွက်သွားတယ်"

"သူ့သားကလည်း ငွေတစ်ထောင်ရှုံးလို့ စိတ်ညစ်ပြီး အိမ်မှာပဲ နေခဲ့တော့တယ်။ သူ့အဖေပြန်လာတဲ့အခါ သမင်တစ်ကောင်ထမ်းလာ တာကို တွေ့ရတယ်။ သူ့အဖေက သမင်ကိုပစ်ချလိုက်ရင်း ကဲ... ငါ့သား ဒီတစ်ခါ မင်းရွာထဲကို ကြိုက်သလောက် လျှောက်ပြောပေတော့။ ငါ့ အဖေသမင်တစ်ကောင်ကို ပစ်လိုက်တာ ခြေထောက်ကနေ နားရွက်ကို ဖောက်ထွက်သွားတယ်လို့ ပြောကွာ။ မယုံတဲ့သူတွေကို အရင်တစ်ခါထက် နှစ်ဆတက်ပြီးလောင်းခဲ့လို့ ပြောလိုက်သတဲ့"

"သားဖြစ်သူလည်း ဖအေကိုယ်တိုင် ပြောခိုင်းတာဆိုတော့ တစ်ရွာ လုံးလျှောက်ပြောတာပဲတဲ့။ နောက်ဆုံး မယုံတဲ့သူတွေစုပြီး နှစ်ထောင် ကြေးလောင်းကြပြန်သတဲ့။ အဆုံးအဖြတ်ပေးမယ့်သူကတော့ မုဆိုးကြီးပဲ ပေါ့။ မုဆိုးကြီးဆီရောက်တော့ သူ့သားပြောတဲ့စကား ဟုတ်,မဟုတ် မေး ကြတဲ့အခါ မုဆိုးကြီးက-

"ဒီတစ်ခါတော့ငါ့သားပြောတာမှန်တယ်။ သမင်ကသူ့ခြေထောက် နဲ့နားရွက်ကို အယားဖျောက်နေတဲ့အချိန်မှာ ငါကပစ်လိုက်တာ ဖြစ်တဲ့ အတွက် မြားတံကခြေထောက်ကနေ နားရွက်ကိုဖောက်ထွက်သွားတာ ဟုတ်ပါတယ်လို့ ပြောလိုက်တဲ့အတွက် မုဆိုးကြီးသားဟာ လောင်းကြေး နှစ်ထောင်နဲ့အတူ စကားဆိုတာ ကောင်းတာမှန်တာဖြစ်ပေမယ့် မပြော ဘဲနေသင့်တဲ့အခါ နေရတယ်ဆိုတဲ့ သင်ခန်းစာကိုလည်း တစ်ခါတည်း ရသွားသတဲ့"

ဘဝတစ်ပါး ပြောင်းသွားရှာပြီဖြစ်တဲ့ အို... ဖခင်၊ မုဆိုးကြီးသားဟာ စကားအတွက် သင်ခန်းစာရသလို သား ဦးပဥ္စင်းလည်း ကိုရင်ဘဝ ကတည်းကရခဲ့သော သင်ခန်းစာဟာ ယခုအချိန်ထိအောင် အသုံးဝင်နေ ပါကြောင်း အသိပေးအပ်ပါသည်။ ဖခင်တစ်ယောက်ရောက်ရာ အရပ်မှ ဝမ်းမြောက်ပါလေ။

"အများနှင့်အခန့်သင့်ရန် စကားများ၊ အများစိတ်တိုင်းကျမည့် အလုပ်များ လောက၌ရှိသည်ဟု မှတ်သင့်။ ထိုသို့သောစကား

www.dhammaransi.com

မျိုး၊ အလုပ်မျိုးကား လောက၌မရှိ။ စင်စစ်တစ်ဦးနှင့် မဆန့်ကျင်လျှင်၊ တစ်ဦးနှင့်ဆန့်ကျင်မည့်စကား၊ အလုပ်များသာ ဖြစ်ကြကုန်၏။

*(အရှင်အာဒိစ္စဝံသ)*

## ဒေါသ၏ ဆိုးကျိုးများ

- တစ်စုံတစ်ယောက်အပေါ် အမျက်ဒေါသ အာဃာတဖြင့် သေခဲ့လျှင် ငရဲပြည်သို့ ရောက်သည်။
- လူသားတို့သန္တာန်တွင် ဒေါသစိတ်များ များသထက်များ လာလျှင် ကမ္ဘာလောကကြီးသည် သတ္တန္တရကပ် လက်နက်ဘေး၊ စစ်ဘေးကို အလူးအလဲခံရသည်။
- ဒေါသစိတ်များ အလွန်အကျူး များပြားလာလျှင် ကမ္ဘာ လောကကြီးသည် ရေလွှမ်း၍ ပျက်စီးရသည်။

ကမ္ဘာအရပ်ရပ်၌ဖြစ်နေသော စစ်ပွဲများသည် ဒေါသစိတ်ကြောင့် သာလျှင်ဖြစ်၏။ လူသားတို့သန္တာန်တွင် ဒေါသစိတ်များ၊ မေတ္တာ ဘာဝနာ အစွမ်းဖြင့် ငြိမ်းနေမည်ဆိုလျှင် စစ်ပွဲများလည်း ထို့အတူ ငြိမ်းနေပေလိမ့် မည်။ လူသားတို့သန္တာန်တွင် ဒေါသစာတ်များ မင်္ဂဉာဏ်၏ အစွမ်းဖြင့် အမြစ်ပြတ်သွားပြီဆိုလျှင် စစ်ပွဲကြီးများ ကမ္ဘာလောကတွင် မည်သည့် အခါမှ ဖြစ်ပေါ်လာလိမ့်မည်မဟုတ်ပေ။

လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာတရားများကို ပယ်သတ်နိုင်သောတရားမှာ ဗုဒ္ဓ၏ဝိပဿနာတရားသာလျှင် ဖြစ်ပါ၏။ ကမ္ဘာ၌ စစ်ပွဲကြီးများ မဖြစ်ပေါ်စေရန်ရည်သန်၍ ကမ္ဘာ့ကုလသမဂ္ဂ ဌာနချုပ်ကြီး ပေါ်လာသည်။ စစ်ပွဲများကားဖြစ်၍ကောင်းတုန်းပင်။ နိုင်ငံ တစ်ချို့ပေါ်သို့ ယခုအချိန်တိုင်အောင် ကျတုန်းကျဆဲသော ဗုံးများသည် ကုလသမဂ္ဂ၏ခွင့်ပြုချက်ကြောင့်ဟုဆိုလျှင် အလွန်အံ့ဩကြပေလိမ့်မည်။

နိုင်ငံရေးစာပေ အပါးဝသူများက ကုလသမဂ္ဂကို ကြိုးကိုင်ပြီး မိမိ လုပ်ချင်ရာလက်မှတ်ထိုးခိုင်းနေကြသည့် အရင်းရှင်နိုင်ငံကြီးတစ်ချို့ကို ဆိုလိုခြင်းဖြစ်ကြောင်း တွေးခေါ်မိကြပေလိမ့်မည်။ သို့သော် ထိုအတွေး အခေါ်သည် စစ်ပွဲကြီးများကို ဖယ်ရှားပစ်နိုင်မည့် အတွေးအခေါ် မဟုတ် ပေ။ ဗုဒ္ဓဘာသာအလို အဂတိ ၈ မလားသင့်သောလားရာ လေးပါး ရှိသည်။

www.dhammaransi.com

ကမ္ဘာ့လူအများစု နားလည်အောင်ပြန်ရလျှင် ဘက်လိုက်ခြင်း၊ မျက်နှာလိုက်ရခြင်း၏ အကြောင်းလေးခုရှိသည်။ ၎င်းတို့ကား ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ခြင်း၊ အမှန်မသိခြင်းတို့ ဖြစ်၏။ ချစ်ခြင်းသည် လောဘကြောင့် ဘက်လိုက်ခြင်းဖြစ်၏။ မုန်းခြင်းနှင့် ကြောက်ခြင်းသည် ဒေါသကြောင့် ဘက်လိုက်ခြင်းဖြစ်၏။ အမှန်မသိခြင်းသည် မောဟကြောင့် ဘက်လိုက်ခြင်းဖြစ်၏။

လိုရင်းချုပ်သောအခါ လောဘ၊ ဒေါသ၊ မောဟဟူသော ကိလေသာဆိုးများကြောင့် ဘက်လိုက်ကြခြင်းဖြစ်၏။ ထိုသို့ ဘက်လိုက်ဆိုးဖြတ်ကြသောကြောင့်လည်း စစ်ပွဲများ မပြီးနိုင်ကြခြင်းဖြစ်၏။ ထို လောဘ၊ ဒေါသ၊ မောဟကိလေသာများကို ပယ်သတ်နိုင်မှသာ စစ်ပွဲကြီးများ ကမ္ဘာမှ ကွယ်ပျောက်သွားပေလိမ့်မည်။ ထိုကိလေသာဆိုးများကို ပယ်သတ်ပေးနိုင်သော ဝိပဿနာတရားကား ဗုဒ္ဓဝါဒမှာသာ ရှိလေသည်။ သက္ကရာဇ် ၂၀၀၀ လောက်က ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်ကြီးများ လက်နက်ဖြင့် စစ်ပွဲကို မပြီးစေနိုင်ကြောင်း နားလည်ကြသဖြင့် ဘာသာရေးဖြင့် စစ်ပွဲများကို အဆုံးသတ်နိုင်ရန် ကြိုးစားလာကြသည်ကို တွေ့ရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘာသာရေးခေါင်းဆောင်များကို ခေါ်ယူပြီး အကြံဉာဏ်ရယူကြသည်။ အိန္ဒိယနိုင်ငံ၊ အီဂတ်ပူရီမြို့မှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ လှည့်လည်တရားပြနေသော မန္တလေးသား ဆရာကြီး ဂိုအင်ကာ၏ တင်ပြချက်ကို နှစ်သက်လှသဖြင့် နောက်တစ်ရက်တွင် သီးသန့်ခေါ်ယူတွေ့ဆုံမေးမြန်းကြရာ မိနစ်သုံးဆယ်သာအချိန်ပေးနိုင်မည်ဟု ပြောထားကြသော ကမ္ဘာ့နိုင်ငံအကြီးအကဲများသည် တစ်နာရီခွဲ နှစ်နာရီနီးပါးကြာအောင် နာယူလေ့လာကြကြောင်း ကြားသိရသည်မှာ ကမ္ဘာလောကကြီးအတွက် အားတက်စရာတစ်ခုပင် ဖြစ်ပါ၏။

## ဂျန်တဲလ်မန်းကို အထင်ကြီးသူ

နိုင်ငံကျော်စာရေးဆရာကြီးတစ်ယောက်သည် မြန်မာပြည်မှ ငါးပါးသီလလုံခြုံသူများထက် အနောက်နိုင်ငံများမှ ဂျန်တဲလ်မန်း (လူကြီးလူကောင်း) ဆိုသူများကိုသာ အထင်ကြီးကြောင်း အဘယ့်ကြောင့်ဆိုသော် ငါးပါးသီလလုံခြုံသူဟု ဆိုသူများသည် ဈေးရောင်းသောအခါ ဝယ်သူက မသိနားမလည်လျှင် မတန်တဆအမြတ်တင်ပြီး ရောင်းတတ်ကြောင်း၊ အနောက်တိုင်းမှ ဂျန်တဲလ်မန်းများကား ထိုကဲ့သို့ပင် မလုပ်

www.dhammadownload.com

ကြောင်း၊ ထို့ကြောင့် သူသည် ဂျန်တဲလ်မန်းများကိုသာ အထင်ကြီးကြောင်း ရေးထားပါသည်။

ထိုစာရေးဆရာအနေဖြင့် ရှေ့တွင် ကျွန်ုပ်ဖော်ပြခဲ့သော ဗိုလ်ရန်အောင်၊ ဦးဘခင်၊ ဦးကျော်သောင်း၊ ဦးသန်းလွင်တို့၏ စာရိတ္တသတ္တိရှိမှုများကို သတိမထားမိ၍ ဖြစ်ပါလိမ့်မည်။ ဤကဲ့သို့သော စာရိတ္တသတ္တိရှင်များ မြန်မာပြည်၌ အများအပြားပေါ်ထွက်နေသည်မှာ မျိုးစေ့မှန်၍ အပင်သန်ခြင်းပင် ဖြစ်ပါ၏။

မြန်မာတို့ မျိုးစေ့မှန်ပုံကို ရှုဦးလော့။ ၁၈၅၉ ခုနှစ် ဖွားမြင်ပြီး ၁၉၃၂ ခုနှစ်တွင်မှ ကွယ်လွန်သွားသည့် ဘဆေဆ်လာလ်ကျီး၏ ကိုယ်တွေ့ဖြစ်ရပ်နှစ်ခုမှာ ကမ္ဘာမှာ အရိုးသားအဖြောင့်မတ်ဆုံးဟာ မြန်မာဟု လက်မထောင်နိုင်လောက်ပါပေ၏။

သူသည် ကမ္ဘာ့ကမ္ဘဒ္ဒာန်းပြဂုရုကြီး ဦးဂိုအင်ကာ၏ အဘိုးဖြစ်ပါ၏။ ထိုအချိန်က အထက်မြန်မာပြည် မန္တလေး ရတနာပုံနေပြည်တော်သည် အင်္ဂလိပ်လက်ထက် မရောက်သေးသဖြင့် မြန်မာတိုင်း အကျင့်စာရိတ္တ ကောင်းနေတုန်းအချိန်ပင်ဖြစ်ပါ၏။ မည်မျှ သူခိုးဓားပြကင်းသနည်းဆိုလျှင် ဘယ်လောက်ချမ်းသာသည့်အိမ် ဖြစ်ပါစေ၊ အပြင်ထွက်သွားကြသောအခါ လုံးဝသော့မခတ်ပါ။ ခွေး ကြောင် နွားစသော လေလွင့်တိရစ္ဆာန်များ မဝင်နိုင်ရန်အတွက် ဂလန့်ထိုးရုံသာ ထိုးထားကြသည်။

ထိုဓလေ့ထုံးစံသည် ၁၈၈၅ ခုနှစ် မြန်မာဘုရင်စနစ် နိဂုံးချုပ်သည့်အချိန်အထိ ဆက်လက်တည်မြဲလာခဲ့သည်။ ဘဆေဆ်လာလ်ကျီးသည် ကုန်သည်ကြီးတစ်ဦးဖြစ်ရာ ဈေးရှိသောမြို့ကြီးများသို့ လှည့်လည်သွားလာပြီး ရောင်းဝယ်ရသည်။ တစ်ခါတွင် ဇရပ်ကြီးတစ်ဆောင်ပေါ်တွင် တစ်ညအိပ်ကြရသည်။ ဘယ်နိုင်ငံမှာမှ မတွေ့ရသော မြန်မာတို့၏ စေတနာပြယုဂ်တစ်ခုဖြစ်ပေ၏။

အမိုးနှင့် အခင်းသာပါသည်၊ အကာမပါ။ အနီးနားတွင်လည်း ရေအလွယ်တကူရအောင် စီမံပေးထားကြသည်။ ဇရပ်နှင့် အနီးဆုံးရွာမှ လူများသည် ဇရပ်၏သန့်ရှင်းရေး၊ ရေရှိရေးတို့ကို တာဝန်ယူဆောင်ရွက်ကြသည်။ နောက်တစ်နေ့နံနက်စောစောပင် နေမထွက်ခင် ကုန်စည်ပစ္စည်းတင်သော မြင်းသမားများနှင့်အတူ ခရီးဆက်ကြသည်။

ခြောက်နာရီခန့် မိုင်အားဖြင့် လေးဆယ်ခန့် ခရီးပေါက်ချိန်ကျမှ ခေါင်းအုံးအိပ်ခဲ့သောငွေဒင်္ဂါးပြားအိတ်ကြီး ဇရပ်တွင်မေ့ကျန်ခဲ့ကြောင်း

www.dhammaransi.com

သိလေသည်။ ငွေဒင်္ဂါးများမှာ မနည်းသဖြင့် ပြန်လှည့်ယူပေးကြရန် မြင်းသမားများအား ပြောဆိုတောင်းပန်ကြည့်ရာ မြင်းသမားများက-

"ရှေ့ဈေးကို သွားမှာသာဆက်သွားပါ။ ပြီးမှပြန်လာပါ။ ခင်ဗျား ပိုက်ဆံအိတ်ဘယ်မှထွက်မပြေးဘူး။ ထားခဲ့တဲ့အတိုင်း တွေ့ရပါစေ့မယ်" ဟု ရဲရဲကြီးအာမခံပြီး ရှေ့ဆက်သွားရန်သာ ပြောနေသဖြင့် ဘာမျှမတတ်နိုင်ဘဲ ရှေ့ဆက်သွားရလေတော့သည်။ ငါးရက်ခန့်ကြာမှ ထိုဇရပ်သို့ ပြန်ရောက်ရာ ငွေဒင်္ဂါးအိတ်ကို ထားခဲ့သည့်အတိုင်း လက်ရာမပျက် တွေ့ရလေသည်။

ငါးရက်အတွင်း ဇရပ်အတွင်းသန့်ရှင်းရေးလာလုပ်သည့် ကျေးရွာသားများသည်လည်းကောင်း၊ ရာပေါင်းများစွာသော ခရီးသွားများသည်လည်းကောင်း၊ ဤငွေအိတ်ကို တွေ့ကြမည်ဖြစ်သော်လည်း ဘယ်သူမှ မယူချင်၍ မယူကြကြောင်း ထင်ရှားနေ၏။

## ဈေးချိုတော်ထဲက စိန်နားကပ်ကြီး

တစ်ခါကလည်း ရတနာပုံမန္တလေးဈေးချိုတော်ထဲတွင် အမျိုးသမီး တစ်ယောက် ဈေးဝယ်ရင်းဖြင့် စိန်နားကပ်ကြီးတစ်ဖက် ကျွတ်ကျခဲ့လေသည်။ ဆိုင်မျက်နှာစာ လူသွားလူလာလမ်းပေါ်၌ ကျွတ်ကျခဲ့သော်လည်း ဘယ်သူမှ ကောက်မယူကြ။ သူတစ်ပါးဥစ္စာကို မတရားလိုချင်သည့် ဝိသမလောဘကင်းသောကြောင့်ပင် ဖြစ်ပါ၏။

ဈေးသန့်ရှင်းရေးအမျိုးသမီးတစ်ယောက်သည် တံမြက်လှဲရင်းဖြင့် ထိုစိန်နားကပ်ကိုတွေ့ရာ ကောက်ယူပြီး ထိုနေရာကို တံမြက်လှဲလေသည်။ ပြီးသောအခါ မူလတွေ့ခဲ့သော နေရာမှာပင် ထိုစိန်နားကပ်ကို ပြန်ချထားလေသည်။ စာရေးဆရာအထင်ကြီးခဲ့သော အနောက်နိုင်ငံမှ သန့်ရှင်းရေးသမားများသည် ထိုမျှရိုးဖြောင့်နိုင်ပါမည်လော။

ထိုမျှ အလိုလောဘကို ထိန်းသိမ်းနိုင်ပါမည်လော။ တစ်ပတ်ကြာသွားပြီးကာမှ မင်းမှုထမ်းတစ်ဦးက ထိုစိန်နားကပ်ကို ကောက်ယူသွားပြီး တစ်မြို့လုံး မောင်းကြေးနင်းခတ်ကာ ပိုင်ရှင်ကိုရှာပြီး ပြန်ပေးခဲ့ရပါသည်။ ထိုမျှရိုးသားဖြောင့်မတ်သောသူများကို မြန်မာပြည်မှတစ်ပါး မည်သည့်တိုင်းပြည်တွင် ရှာဖွေတွေ့ရှိနိုင်ပါမည်နည်း။

ထိုမျှရိုးသားသောမြန်မာပြည်သူ ပြည်သားများသည် အင်္ဂလိပ်လက်အောက်ရောက်ကာမှ အကျင့်စာရိတ္တများ ပျက်ပြားလာခဲ့ရခြင်း ဖြစ်သည်။ ထိုအင်္ဂလိပ်များသည် ထိုစာရေးဆရာ အထင်ကြီးခဲ့သော

www.dhammaransi.com

အနောက်နိုင်ငံသားများပင် မဟုတ်ပါလော။ သူ့ကျွန်ဘဝရောက်သဖြင့် ပျက်စီးခဲ့ရသော ဥစ္စာပစ္စည်း၊ တိုက်တာအဆောက်အဦများကို အလွယ်တကူပြန်ပြင်ဆင်၍ ရနိုင်သော်လည်း ပျက်စီးသွားသော အကျင့်စာရိတ္တကိုကား အလွယ်တကူပြန်ပြင်၍ မရနိုင်တော့ပေ။

စက်ရုံ တိုက်တာအဆောက်အဦ မည်မျှပင်တိုးတက်သော်လည်း အကျင့်စာရိတ္တဖက်မှာ တိုးတက်မလာလျှင် ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဆိုသောစကားပုံအတိုင်း ဘာမှတန်ဘိုးမရှိချေ။ အသားဟင်းခွက်တွေ ဘယ်လောက်များများ ဆားမပါလျှင် ဘာမှ မရသာမရှိသကဲ့သို့ပါပေတည်း။

"ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက၊
နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏။
ရှေ့ဆောင်နွားလား ကောက်ကောက်သွားက၊
နောက်နွားတစ်သိုက် ကောက်ကောက်လိုက်၏။"

ဟူသော စကားပုံသည် မြန်မာတစ်ပြည်လုံး အကျင့်စာရိတ္တပြန်ကောင်းရန်အတွက် ကျင့်နည်းကို ပြောပြနေခြင်းဖြစ်၏။ နှစ်အတန်ကြာခန့်က တောင်ကိုးရိုးယားသမ္မတနှင့် ဝန်ကြီးများက သူတို့၏စည်းစိမ်ဥစ္စာအဘယ်မျှသာရှိကြောင်းကို တိုင်းပြည်သို့ အတိအလင်းကြေငြာခဲ့ကြသည်။ ရိုးသားဖြောင့်မတ် လာဘ်မစားရိုးမှန်လျှင် မြန်မာနိုင်ငံရေးလောကမှ ခေါင်းဆောင်များသည်လည်း ထိုသို့ ကြေငြာရဲရပေမည်။

တိုးတက်ရေး၌လာသည့်-

"တိုင်းပြည်၏ကောင်းကျိုးကို အစဉ်အမြဲဆောင်ရွက်သော နိုင်ငံရေးသမားသည် တစ်နေ့တခြား အမှန်ပင်မွဲရမည်ဖြစ်လေသည်။ နိုင်ငံရေးလိုက်စားသဖြင့် ချမ်းသာသောသူသည် တိုင်းပြည်ကို ညာသော လူညာကြီးသာ ဖြစ်လေသည်" ဟူသော စကားပိုဒ်ကို နိုင်ငံရေးသမားတိုင်း သတိမူသင့်သည်သာ ဖြစ်ပါ၏။

နိုင်ငံခေါင်းဆောင်များမှစ၍ ငယ်သားများတိုင်အောင် စာရိတ္တသတ္တိရှင်များကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုသလို ဖောက်ပြန်သူများကိုလည်း ထိထိရောက်ရောက် အသေးအဖွဲကစ အရေးယူအပြစ်ပေးမည်ဆိုလျှင် "ပျက်အစဉ် ပြင်ခဏ" ဆိုသောစကားအတိုင်း တစ်နေ့ထက်တစ်နေ့ စာရိတ္တကောင်းသောနိုင်ငံကြီးအဖြစ် ပြန်လည်ရောက်ရှိလာနိုင်ပါသည်။

www.dhammaransi.com

ဖော်ပြပါ စာရေးဆရာကြီး အထင်ကြီးခဲ့သော အနောက်နိုင်ငံမှ သူခိုးအချို့ကို ထုတ်ပြပါဦးမည်။ သူတို့နိုင်ငံတွင် မည်မျှခိုးနေမည်မသိ။ ကျွန်ုပ်တို့နိုင်ငံအထိ လာခိုးသောကြောင့် သူတို့အကြောင်း သိရခြင်းဖြစ်၏။ ဆိုဗီယက်ဝန်ကြီးချုပ် (ကရှုရှက် - မြန်မာနိုင်ငံကို အလည်လာရင်း ရွှေတိဂုံစေတီ ရောက်စဉ်က ပြောသွားသော စကားတစ်ခွန်းရှိ၏) ထိုစကားကား-

"မြန်မာလူမျိုးဖြစ်တဲ့ တဖုဿနဲ့ ဘလ္လိကတို့ ရွှေတိဂုံစေတီ တည်စဉ်အချိန်တုန်းက အင်္ဂလိပ်လူမျိုးတွေဟာ နိုင်ငံတောင် အတည်တကျမရှိသေးတဲ့ လူရိုင်းအဆင့်ပဲ ရှိသေးတယ်"ဟူ၍ဖြစ်၏။ ဟုတ်လည်းဟုတ်ပါ၏။ ရိုင်းလည်းရိုင်းစိုင်းလှပါ၏။ မြန်မာပြည်ကို သိမ်းစဉ်အခါတုန်းက မြန်မာလူမျိုးများသည် လူရိုင်းများဖြစ်၍ ယဉ်ကျေးလာစေရန် သိမ်းယူရပါသည်ဟူသော အင်္ဂလိပ်များသည် မြန်မာပြည်ရှိ စေတီအသီးသီးမှ ဌာပနာများကို ဖောက်ထွင်းခိုးယူကြရင်းဖြင့် သူတို့၏ယဉ်ကျေးမှုကို ပြသခဲ့ကြသည်။

တခြားမထင်မရှားစေတီများကို မဆိုထားနှင့် ရွှေတိဂုံစေတီတော်ကြီးက ဌာပနာများကိုပင် ဖောက်ထွင်းခဲ့ကြသည်။ ဖောက်ခဲ့ကြသူများမှာ အဆင့်အတန်းမရှိသော လက်အောက်ငယ်သားများမဟုတ်။ အင်္ဂလိပ်ဗိုလ်ချုပ်ကင်းဘဲလ်နှင့် ဗိုလ်မှူးဖရေဇာတို့ဖြစ်သည်။ ထိုအကြောင်းကို သိသွားသော မော်လမြိုင်မြို့ စစ်ကဲကြီး မောင်ထော်လေးက ဝိတိုရိယဘုရင်မကြီးထံရောက်အောင် တိုင်ကြားပြီး ဟန့်တားခဲ့ရသည်။

ဘုရားတန်ခိုးတော်ကြောင့် ဌာပနာများကိုကား ရမသွားခဲ့ပါ။ ၁၆ ရာစု (လွန်ခဲ့သောအနှစ်လေးရာနီးပါး)ခန့်က ဩစကြီးယားပြည်မှ ထီးရိုးနန်းမျိုးဖြစ်သော "ဟက်စဘတ်"နွယ်ဝင် ကောင့်ဟာမင်ဆိုသူသည် မြန်မာပြည်ရှိ စေတီတစ်ဆူအတွင်းမှ ပေါင်ငါးသန်း မြန်မာငွေ ကိုးကုဋေခွဲတန်ဘိုးရှိ ဌာပနာပစ္စည်းများကို ဖောက်ထွင်းခိုးယူသွားခဲ့သည်။

သူ့နိုင်ငံ ပြန်ရောက်သောအခါ သူ့ဆွေမျိုးသားချင်းများက အပိုင်သိမ်းယူထားလိုက်ကြသဖြင့် စိတ်ဖောက်ပြန်သွားကာ အရူးထောင်ထဲမှာပင် သေဆုံးသွားခဲ့ရသည်။ ကောင့်ဟာမင် သေဆုံးပြီးနောက် ထိုရတနာများသည် ဩစကြီးယားဘုရင် ဖရင့်စ်ဂျိုးဇက်ထံရောက်သွားသည်။

ရတနာများလက်ဝယ်ရောက်ပြီး မကြာမီမှာပင် သူ၏မိဖုရားကြီး အယ်လိဇဘက်သည် ဖိနပ်ချုပ်သမားတစ်ဦး၏ ဓားချက်ဖြင့် အသက်

www.dhammaransi.com

ထွက်ခဲ့ရသည်။ သားဖြစ်သူ ရှူးဒေါ့(ဖ်)သည်လည်း အလိုလို စိတ်ရိုင်းဝင်ကာ မိမိကိုယ်ကို သေနတ်ဖြင့် ပစ်သတ်၍ သေပွဲဝင်ခဲ့ရလေသည်။ ဘုရင်ကြီးဂျိုးဇက်ကိုယ်တိုင်လည်း နှလုံးရောဂါဖြင့် ကံကုန်ခဲ့ရပြန်သည်။

ဂျိုးဇက်ဘုရင်သည် မသေမီအတွင်း ရတနာတွေကို ညီတော် "မက်ဇီမီလီယာန်" မင်းသားကြီးကို လွှဲပြောင်းပေးခဲ့သည်။ ထို့နောက်ပိုင်း အမေရိကန်တောင်ပိုင်းနှင့် မြောက်ပိုင်း စစ်ဖြစ်ကြသဖြင့် မက္ကဆီကိုပြည်တွင် ဘုရင်လိုလားသဖြင့် မင်းသားကြီးကို ဘုရင်ခန့်လိုက်ကြသည်။ မိဖုရားချောလေး ချားလော့နှင့်အတူ နန်းစံနေစဉ်မှာပင် တိုင်းသူပြည်သားများက ဆူပူပုန်ကန်လာကြလေသည်။

စစ်အင်အားနှင့်နှိမ်နင်းသော်လည်း ဘယ်လိုမှမနိုင်သဖြင့် မိဖုရားချားလော့ကို မင်းဆွေမင်းမျိုးများထံလွှတ်ပြီး စစ်ကူတောင်းခိုင်းလိုက်သည်။ နောက်ဆုံးတွင် တော်လှန်သူများက ဘုရင်ကို ဖမ်းမိပြီး ကွပ်မျက်လိုက်ကြသည်။ ထိုသတင်းကိုကြားသွားသော ချားလော့မှာ သွက်သွက်ခါအောင် ရူးသွားပြီး ရဲတိုက်ကြီးတစ်ခုထဲမှာပင် သေဆုံးသွားခဲ့ရသည်။

ရတနာများကို သမ္မတအသစ်အဖြစ် ရွေးကောက်ခံရသော "ပေါ်ဒိုင်ရီယိုဒိုက်စ်" က ရရှိသွားပြန်သည်။ ၁၉၁၁ ခုနှစ်ရောက်သောခါ သမ္မတရွေးကောက်ပွဲအသစ်တွင် ဒိုက်စ်ရှုံးသွားပြီး "ဖရန်စစ္စကိုမာဒီယို တက်လာသည်။ သမ္မတဟောင်းဒိုက်စ်သည် သူ့ရတနာတွေ သိမ်းယူခံရမှာစိုးရိမ်သည့်အတွက် မာရီးဒါးခေါ် သင်္ဘောတစ်စီးငှားပြီး ပြင်သစ်ပြည်သို့ ထွက်ပြေးခဲ့လေသည်။

မြန်မာ့ရတနာ သာသနာ့ဘဏ္ဍာများကို တင်ဆောင်၍လာသော မာရီးဒါးသင်္ဘောသည် ပင်လယ်ကွေ့ကိုကျော်ဖြတ်ပြီး ဟက်တီးယားငူအလွန်တွင် နှင်းလုံးနှင်းမှောင်တွေကျလာပြီး "အက်မိုင်ရယ်မာရာဂတ်" အမည်ရှိသင်္ဘောနှင့်တိုက်မိပြီး နှစ်ပိုင်းပြတ်ထွက်ကာ ပင်လယ်တွင်း နစ်မြုပ်ခဲ့ရသည်။ သံသေတ္တာကြီးနှစ်လုံးနှင့်အပြည့် ဘုရားဌာပနာတော်များကား မည်သူ့လက်မှ အရောက်မခံတော့ဘဲ အတ္တလန္တိတ်သမုဒ္ဒရာရှိ ဗာဂျီးနီးယားအငူနှင့် ၄၅ မိုင်အကွာ ပင်လယ်အောက်တွင် ကိန်းအောင်းလျှက်ရှိပေသည်။

## ပြင်သစ်လူမျိုးသူခိုးရှိသည်

ပြင်သစ်မှကျောက်ကုန်သည် ဂျိုးဆက်တာဗာနီယာဆိုသူသည် ၁၆၈၈ ခုနှစ်ခန့်၌ မြန်မာပြည်သို့ရောက်လာပြီး ပုဂံအာနန္ဒာဘုရားမုခ်ဝ

www.dhammaransi.com

ရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၏ သင်းကျစ်တော်တွင် တပ်ဆင်ထားသော စိန်ကြီးတစ်လုံးကို တိတ်တဆိတ်ဖြုတ်၍ ခိုးယူထွက်ပြေးသွားခဲ့သည်။

တာဗာနီယာသည် ထိုအကုသိုလ်ဖြင့်ပင်ရှုးသွပ်သွားပြီး ကျားကိုက်ခံရကာ သေဆုံးခဲ့ရသည်။ ပြင်သစ်တော်လှန်ရေးကြီးနောက်ပိုင်းတွင် မစ္စတာသောမတ်စ်ဟုပ်ဆိုသူက ရရှိသွားပြီး သုံးစိတ်စိတ်၍ ၄၄ ရတီခွဲရှိ အကြီးဆုံးအပိုင်းကို သူ့လက်ထဲတွင်ထားပြီး စိန်ကိုလည်း ဟုပ်ဟုအမည်ပေးခဲ့သည်။

ဟုပ်လက်သို့မရောက်မီက အင်္ဂလန်မှစိန်ကုန်သည် ဖောလ်ဆိုသူထံ ရောက်ခဲ့သည်။ ဖေါလ်၏သားဖြစ်သူသည် စိန်ကြီးကိုဖခင်ထံမှ ခိုးယူပြီး မကြာမီမှာပင် ကိုယ့်ကိုယ်ကိုသတ်သေသွားခဲ့သည်။

သတ်မသေမီ "ဖရန်စ်ဘော်လီယူဆိုသူထံတွင် ငွေကြေးအနည်းငယ်ဖြင့် စိန်ကြီးကိုရောင်းချသွားသည်။ ဖရန်စစ်သည် အဆိုပါစိန်ကြီးကို ရတနာကုန်သည် ဒင်နီယာယ်၊ အယ်လီဆင်အား ရောင်းချခဲ့သည်။ သို့သော် သူ့ထံသို့ ဒင်နီယာယ် ရောက်သွားသောအခါ ဖရန်စစ်သည် အိပ်ရာထဲတွင် သေဆုံးနေသည်ကို တွေ့ရသည်။

အယ်လီဆင်သည် ၁၈၃၀ ခုနှစ်အထိ စိန်ကြီးကို ထိန်းသိမ်းထားပြီးနောက် မစ္စတာသောမတ်စ်ဟုပ်ကို စတာလင်ပေါင် တစ်သောင်းရှစ်ထောင်ဖြင့် ရောင်းလိုက်၏။ သောမတ်စ်ကွယ်လွန်လျှင် သားဖြစ်သည့် လော့ဒ်ဖရန်စစ်ဟုပ်က အမွေရခဲ့သည်။ သို့သော် ဖရန်စစ်ဟုပ်သည် မကြာမီပင် စည်းစိမ်အိမ်မြေပျက်စီးဆုံးပါးရသော စိတ်မချမ်းမြေ့ဘွယ်များနှင့် ကြုံတွေ့ရ၏။

၁၉၀၈ ခုနှစ်သို့ရောက်သောအခါ ရုရှားဘုရင်မျိုးနွယ်ဝင် မင်းသားကြီး ကနီတော့စကီးကဝယ်ယူခဲ့ပြီး သူချစ်ကြိုက်နေသောကချေသည်မ လော်ဒီကိုလက်ဆောင်ပေးခဲ့သည်။ လော်ဒီမှာပြင်သစ်ပြည်၌ နာမည်ကျော်အနုပညာသည်တစ်ဦးဖြစ်၏။ သို့သော် လော်ဒီမှာအဆိုပါစိန်ကြီးကို လက်ခံရရှိပြီးမကြာမီ ဇာတ်ခုံပေါ်၌ပင် ခြောက်လုံးပြူးသေနတ်ဖြင့် လုပ်ကြံခြင်းခံရသည်။

ထို့အတူ မင်းသားကြီးသည်လည်း လုပ်ကြံခံရသည်။ စုစုပေါင်း စိန်ကြီး လက်ဝယ်ရရှိသူမှန်သမျှ အယောက်၂၀ ခန့်သေဆုံးခဲ့ရသည်။

www.dhammaransi.com

## အခန်း (၆)
## ခိုက်တယ်ဆိုတာ အကုသိုလ်ပါ

စေတီရုပ်ပွား၊ ဗုဒ္ဓသာသနာ ပစ္စည်းများက ခိုက်သည်ဆိုရာဝယ် သာသနိကပစ္စည်းများက ခိုက်သည် (ဝါ) ဒုက္ခရောက်စေသည်မဟုတ်။ ရှိသေရမည့်နေရာ၌ မရှိသေသော ဗုဒ္ဓအဂါရဝ၊ ဓမ္မအဂါရဝ၊ သံဃာ့ အဂါရဝ အကုသိုလ်များက ခိုက်ခြင်း၊ ဒုက္ခပေးခြင်းဖြစ်သည်။

### မြန်မာမှာသာရှိသောအရာ

ဗုဒ္ဓဘာသာသည် လောကဓာတ်မှာ ယခုရှိသော ဘာသာတကာ တို့ထက် မြင့်မြတ်သန့်ရှင်း၍ လူတို့၏ လောကီ၊ လောကုတ္တရာ နှစ်ဖြာ သောအကျိုးကို မည်သည့်ဘာသာဝင်၊ ပညာတတ်ကြီးများနှင့်မဆို ကျွန်ုပ် က ပြိုင်ဆိုင်၍ ပြောဆိုဝံ့ပါ၏။

သို့သော်လည်း ဤမြင့်မြတ်သောတရားတော်ကို မြန်မာလူမျိုး အားလုံးက ကောင်းမွန်စွာလိုက်နာပါ၏ ဟူ၍ကား မပြောဝံ့ချေ။ မြန်မာ လူမျိုးတို့၏ အလွန်အဖိုးထိုက်တန်သော သဘောတစ်ခုမှာ အားနာခြင်း ဖြစ်လေသည်။

ဤအားနာခြင်းဆိုသော စကားသည် အခြားလူမျိုးမှာ မရှိချေ။ အားနာခြင်းသည် သည်းခံခြင်းနှင့် မေတ္တာတရား၏စပ်ကြားက ဖြစ်ပေါ် လာသောတရားဖြစ်၏။

လောကနီတိကျမ်းကိုရေးသော ဆရာသည် မြန်မာလူမျိုးကို မြင်ဖူး ဟန်မရှိ၊ အကယ်၍မြင်ဖူးပါလျှင် စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း အနံ့ကိုမစွန့် ဟူသော စကားနှင့်ဆက်၍ မြန်မာလူမျိုးသည် မည်မျှပင် ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရသော်လည်း အားနာခြင်းသဘောကို မစွန့်ဟု အမှန်ရေးရပေလိမ့်မည်ဟု ကျွန်ုပ် ထင်မိလေသည်။

***(ဝန်ထောက်ကြီးဦးညို၏ ဗုဒ္ဓဘာသာသို့ကူးပြောင်းခြင်း***
***အတ္ထုပ္ပတ္တိကျမ်းမှ ၁၉၆၂ ခု၊ ဇူလိုင်လထုတ်)***

www.dhammaransi.com

လောဘနည်းမှ ရိုးသားဖြောင့်မတ်ပါမည်။ ဒေါသနည်းမှ စစ်ပွဲကြီးများ ကင်းရှင်းပါမည်။ ထို လောဘ၊ ဒေါသ နည်းကြောင်း၊ ကုန်ကြောင်း တရားများသည် ဗုဒ္ဓဝါဒမှာသာရှိပေသည်။ ဒါန၊ သီလ၊ ဘာဝနာ တရားများသည် ထိုလောဘ၊ ဒေါသ၊ မောဟ နည်းကြောင်း၊ ကုန်ကြောင်း တရားများပင် ဖြစ်ပါ၏။

ဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိသည်။ ပညတ်ကိုရှုပွား၍ ဈာန်အဘိညာဉ်တို့ကိုရခြင်းသည် သမထဘာဝနာ၏ နောက်ဆုံးပန်းတိုင်ဖြစ်၏။ ပရမတ်ကိုရှုပွား၍ မဂ် ဖိုလ် နိဗ္ဗာန်ကိုရခြင်းသည် ဝိပဿနာဘာဝနာ၏ နောက်ဆုံးပန်းတိုင်ဖြစ်၏။ ထို့ထက် အကျယ်ခွဲမှတ်လိုလျှင်-

## သမထနှင့်ဝိပဿနာ

၁။ သမထဟူသည် ဈာန်အလုပ်ဖြစ်၍ ဝိပဿနာမှာကား ဉာဏ်အလုပ်ဖြစ်ပေသည်။

၂။ သမထဖြင့် ပဌမဈာန်၊ ဒုတိယဈာန် အစရှိသဖြင့် ဈာန်အဆင့်ဆင့်သို့ရောက်နိုင်ပြီး ဝိပဿနာမှာကား သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်အစရှိသဖြင့် ဉာဏ်စဉ်အဆင့်ဆင့်ကို ရောက်နိုင်ပေသည်။

၃။ သမထသည် ပညတ်ကို ရှုမှတ်ပွားများခြင်းဖြစ်၍ ဝိပဿနာမှာကားပရမတ်ကို ရှုမှတ်ပွားများခြင်းဖြစ်သည်။

၄။ သမထသည် ကိလေသာကို ငြိမ်အောင်သာ ထိန်းနိုင်ခြင်းရှိ၍၊ ဝိပဿနာကား ကိလေသာကို ချုပ်ငြိမ်းအောင်စွမ်းဆောင်နိုင်ခြင်းရှိသည်။

၅။ သမထသည် သမာဓိဦးစီးသောအလုပ်ဖြစ်၍ ဝိပဿနာကား ပညာဦးစီးသောအလုပ်ဖြစ်သည်။

၆။ သမထသည် အရင်းအနှီးများသလောက် အမြတ်နည်းပြီး ဝိပဿနာကား အရင်းအနှီးနည်းသလောက် အမြတ်များပေသည်။

မှတ်ချက်။ သမထပွားသောအခါ ထိုင်၍သာပွားရခြင်း၊ တစ်ယောက်တည်းသာပွားရခြင်း၊ အသံဗလံတိတ်ဆိတ်ငြိမ်သက်ရခြင်းစသော ကာယိကထများခြင်းကို အရင်းအနှီးများသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ရသောအခါ ဈာန်အဘိညာဉ်သာဖြစ်၍ အမြတ်နည်းသည်ဟု ရေးခြင်း ဖြစ်ပါသည်။

www.dhammaransi.com

ဝိပဿနာကား ဉာဏ်ပညာ၏အလုပ်ဖြစ်၍ ဆရာကောင်းထံမှ နည်းရလျှင် စီးပွားဥစ္စာရှာဖွေလုပ်ကိုင်ရင်းပင် ပွားများနိုင်ပါသည်။ သို့ အတွက် အရင်းနည်းသည်ဟုဆိုရခြင်းဖြစ်ပြီး ရရှိသောအခါ မဂ်ဖိုလ် နိဗ္ဗာန်ထိ ရရှိသဖြင့် အမြတ်များသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

အထက်ပါအတွေးအခေါ်ကို ယခုမှတွေ့ရဖူးသူများ စိတ်ချလက်ချ ယုံကြည်လက်ခံနိုင်ရန် လယ်တီဆရာတော်ဘုရားကြီး၏ရေးသားချက်ကို အောက်တွင်ဖော်ပြအပ်ပါသည်-

## လူနှင့်သောတာပန်

ဤဝိပဿနာကမ္မဋ္ဌာန်း အရာမည်သည် အလွန်နက်နဲသိမ်မွေ့လှ ၏။ ဟောပြောပြသ ဆုံးမသွန်သင်သောဆရာ နေရာကျရန်လိုလှ၏။ သိသင့်သောနေရာ၌ နေရာတကျသိနိုင်အောင် ဟောပြောမှု ထင်မြင် အောင် အားထုတ်ရမည့်အရာ၌ နေရာတကျ ထင်ကွက်မြင်ကွက်ပေါ် အောင် ပြသမှုသည်ကား ဆရာ့တာဝန်တည်း။

ထင်ကွက်မြင်ကွက်ပေါ်ရုံမျှနှင့် ကမ္မဋ္ဌာန်းကိစ္စ ခရီးရောက်နိုင်သေး သည်မဟုတ်။ ထင်မြင်အောင် အားထုတ်ရန်အချက်ကို ဆရာ သွန်သင် ပြသ၍ လှလှကြီးရိပ်မိသောအခါ အထင်အမြင် နေ့စဉ်တိုးပွားစေရန် ရဟန်းဖြစ်ခဲ့အံ့၊ ဆိတ်ငြိမ်ရာတောတောင်အရပ်သို့ဝင်၍ ထက်သန်သော ဝီရိယဖြင့် လရှည်နှစ်များ အားထုတ်မှု၊ လူဖြစ်ခဲ့အံ့၊ အိမ်စီးပွားနှင့်ဖက် တွဲ၍ လရှည်နှစ်များ စွဲမြဲမှုသည်ကား တပည့်၏တာဝန်တည်း။

အာနာပါနအစရှိသော (သမထ) ကမ္မဋ္ဌာန်းမျိုးသည်ကား ပြော ဟောမှု အလွန်လွယ်၏။ နိမိတ်အထင်ရအောင် အားထုတ်မှု အလွန် ခဲယဉ်း၏။ အိမ်နေ၍ စီးပွားနှင့် ဖက်တွဲခြင်းငှာမရ။ ဆိတ်ငြိမ်ရာသို့ထွက်၍ အပြင်းအထန်အားထုတ်နိုင်မှ နိမိတ်ကိုရနိုင်၏။

ဝိပဿနာကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ် ရင်းလည်းဖြစ်နိုင်၏။ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏။ လှေသွားရင်း၊ ဝန်ထမ်းရင်း၊ ရောင်းရင်း၊ ဝယ်ရင်း အစရှိသည်ဖြင့် အိမ်အလုပ်၊ အိမ် စီးပွားနှင့် ဖက်တွဲနိုင်သတည်း။

ဘုရားလက်ထက်တော်၌ သမထကမ္မဋ္ဌာန်းကို ပေါက်ရောက် အောင် လုပ်နိုင်သောသူသည် အလွန်နည်း၏။ အိမ်၌နေ၍ အိမ်စီးပွား ဖက်တွဲ၍ စွဲမြဲကြသူ အလွန်များ၏။ ထိုစကားမှန်၏။

www.dhammadownload.com

- ♦ သမထကမ္မဋ္ဌာန်းပေါက်ရောက်သူ လူ၌ အလွန်နည်း၏။ ရဟန်း တို့သာ များ၏။
- ♦ ဝိပဿနာကမ္မဋ္ဌာန်းပေါက်ရောက်၍ သောတာပန်အရိယာ ဖြစ် ကြသူကား လူ၌အလွန်များ၏။ လူသောတာပန် တစ်ထောင်ကို ရဟန်းသောတာပန်တစ်ယောက်ကျထား၍ ရေတွက်သော်လည်း ရဟန်းဘက်သာ ကုန်လေရာ၏။ လူဘက်မှမကုန်လေရာ။ ဤမျှ လောက်များပြားရိပ်ထင်၏။
- ♦ အဘယ့်ကြောင့်နည်း။ လောက၌ရှိရင်းကပင် ရဟန်း အလွန်နည်း ၏။ လူကမူ မရှိမတိုက်နှင့် အပြည့်ရှိ၏၊ လူသောတာပန်လည်း ပြည့်မတတ်ပင် များလှ၏။ ထိုသို့များလှခြင်းက အိမ်စီးပွားနှင့် ဝိပဿနာ တွဲချင်တိုင်းတွဲ သာလှလေသောကြောင့်တည်း။
- ♦ အယုတ်အားဖြင့် အစေခံ၊ အိမ်ကျွန်မ၊ အစေားကူလီပင် ဖြစ်သော် လည်း သံဝေဂတိကောင်းကောင်းရှိပါလျှင် ဝိပဿနာဖက် တွဲနိုင် တော့သည်သာတည်း။ ဤမျှသောစကားစုဖြင့် ဝိပဿနာမှုမည် သည် လူတို့လည်း စွဲမြဲခြင်းငှာ အလွန်ကောင်းလှကြောင်း ပြလို ရင်း စကားတည်း။

*ဒီပနီပေါင်းချုပ် တတိယတွဲ -စာမျက်နှာ -၃၁၆။*

*(အာဟာရဒီပနီကျမ်းမှ ကောက်နုတ်ချက်)*

ဗုဒ္ဓလက်ထက်က ရာဇဂြိုဟ်မြို့တွင် လူဦးရေ ကိုးကုဋေရှိရာ အရိယာ ခုနစ်ကုဋေ၊ သာဝတ္ထိမြို့တွင် လူဦးရေ ခုနစ်ကုဋေရှိရာ အရိယာ ငါးကုဋေထိ အိမ်ထဲမှာနေရင်းဖြစ်နေကြရာ ဆရာတော်စကားကို ပိုမိုခိုင်မြဲစေ ပါသည်။

၇။ သမထသည် သာသနာတွင်း သာသနာပနှစ်မျိုးလုံး၌ ရနိုင်သော် လည်း ဝိပဿနာသည် သာသနာတွင်းမှာသာ ရနိုင်သည်။

၈။ သမထသည် မဖြစ်သေးသောကုသိုလ်ကို ဖြစ်စေနိုင်စွမ်းရှိ၍ ဖြစ် ပြီးသား အပါယ်ဆွဲချမည့်အကုသိုလ်ကံများကို ပယ်ဖျောက်နိုင်စွမ်း မရှိပေ။ ဝိပဿနာကား မဖြစ်သေးသောကုသိုလ်ကိုလည်း ဖြစ်စေ နိုင်စွမ်းရှိ၍ ဖြစ်ပြီးသားအပါယ်ဆွဲချမည့် အကုသိုလ်ကံများကို လည်း ပယ်ဖျောက်နိုင်စွမ်း ရှိပေသည်။

၉။ သမထနှင့်ဝိပဿနာသည် ၃ ဂဏန်းနှင့် ၄ ဂဏန်းလို အသွင် သဏ္ဌာန်တူလျက် မျက်နှာမူထားသော ဦးတည်ချက်နှင့် တန်ဖိုး

www.dhammaransi.com

ခြင်းကား ကွာခြားလှပေသည်။ သမထကို အကျိုးမရှိဟု ဆိုလိုခြင်းမဟုတ်၊ သမထမှာတင် တန့်ရပ်နေမှာစိုးသောကြောင့် ယခုအတွေးအခေါ်များကို ရေးသားနေခြင်းဖြစ်သည်။

သမထပွား၍ရလာသောဥပစာရသမာဓိ၊ အပ္ပနာသမာဓိများကို ဝိပဿနာဉာဏ်ဖြင့် တွဲဖက်၍ ပရမတ်ခန္ဓာအဖြစ်အပျက်ကို ရှုပွားနိုင်မည်ဆိုလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်ပြန်ပါသည်။ ထိုသို့ သမထမှတစ်ဆင့်ဝိပဿနာသို့ကူး၍ မဂ်ဖိုလ်ရသောနည်းကို သမထယာနိကနည်းဟု ခေါ်ပါသည်။

သမထမပွားတော့ဘဲ စိတ်ဖြစ်တိုင်းအလိုလိုပါနေသော ခဏိကသမာဓိအားလောက်ကိုသာယူ၍ ပရမတ်ခန္ဓာ၏အဖြစ်အပျက်ကို ရှုပွား၍ မဂ်ဖိုလ်ကိုရသောနည်းကို ဝိပဿနာယာနိကနည်းဟု ခေါ်သည်။ ကျွန်ုပ်သိရသလောက်ဆိုလျှင် မြန်မာပြည်၌ သမထယာနိကနည်းကိုသာအပြများသည်။ ဝိပဿနာယာနိကနည်းဆို၍ ပခုက္ကူဝိပဿနာ သင်တန်းဆရာကြီး ဦးကြင်ရွှေ ဦးဗချိုင်၏ ပသုံးလုံးဝိပဿနာ၊ ကသစ်ဝိုင်ဝိပဿနာ၊ ရန်ကုန်မှ သစ္စာဒီပက ဆရာဦးကြည်တို့ကိုသာ တွေ့ရပါသည်။ ဘုရားဟောနည်းချည်းဖြစ်၍ စုံလင်အောင် စမ်းသပ်အားထုတ်ကြည့်သင့်ပါသည်။ ကျွန်ုပ်သည် မိုးကုတ်ဝိပဿနာ၊ ကသစ်ဝိုင်ဝိပဿနာနှင့် ပခုက္ကူဝိပဿနာတို့ကို ကြားနာအားထုတ်ခဲ့ဖူးပါသည်။

ပခုက္ကူဝိပဿနာသင်တန်းတရားသည် မြန်မာပြည် လွတ်လပ်ရေးမရခင်သုံးလလောက်ကတည်းက ပေါ်သောတရားဖြစ်၍ ဝိပဿနာတရားတို့တွင် အစောဆုံးဟုပင် ဆိုထိုက်ပါသည်။ ဆရာကြီးကား မရှိတော့ပါ။ ဝိပဿနာသင်တန်းတရားခွေပေါင်း (၃၆၅)ခွေရှိ၍ တစ်နေ့လျှင်တစ်ခွေကျ နာယူပွားများရပါသည်။ ကျွန်ုပ်ကျောင်းမှာလည်း နေ့စဉ်ဖွင့်လှစ်ထားရှိပေသည်။

ကွယ်ဝှက်နေသော ရင်းတရားတော်ကို တခြားသူများလည်း ကြားနာရှုပွားနိုင်စေရန်အလို့ငှာ စာအုပ်ရေးသားရန်လည်း ကြိုးစားနေပါသည်။ ဒိဋ္ဌိအယူစွဲပြုတ်ရန် ဝိပဿနာတရား အားထုတ်နေသည် ဖြစ်ပါလျက်တစ်ချို့သောယောဂီများသည် မိမိတို့ရိပ်သာမှတပါး အခြားရိပ်သာဆရာတော်များနှင့်တရားများကို အမနာပအပြစ်တင်စကားများ ပြောမိတတ်ကြသည်။

သူတို့၏အပြုအမူများက ငါစွဲအတ္တဒိဋ္ဌိ မပြုတ်သည့်အပြင် ရိပ်သာ စွဲ၊ ဆရာစွဲ အတ္တဒိဋ္ဌိများပါ တိုးလာနေကြောင်း သက်သေခံလျက်ရှိသည်။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတွက်လေးဆိုသော စကားပုံနှင့် တစ်ထပ်တည်းကျနေပေသည်။ ကမ္မဋ္ဌာန်းဆရာအချို့ကလည်း ငါတို့ နည်းနဲ့ပွားများမှသာ မဂ်ဖိုလ်ကိုရမယ်။ တခြားနည်းများနဲ့ပွားများလို့ မဂ်ဖိုလ်မရနိုင်ဟု သဘောပါသည့်တရားမျိုးကို မကြာခဏဟောတတ် ကြသည်။

ဆရာရောတပည့်များပါ အထူးဆင်ခြင်သင့်လှပါသည်။ လိုဏ် ခေါင်းအတွင်းရှိ ဘုရားပေါ် မစင်စွန့်ချလေ့ရှိသောခိုကို ခဲဖြင့်ပစ်လိုက် ရာ ခိုမမှန်ဘဲ ဘုရားရုပ်ပွားတော်ကိုသာမှန်သောဥပမာကဲ့သို့ မိမိတို့နှင့် နည်းလမ်းမတူသော ကမ္မဋ္ဌာန်းပြဆရာနှင့် တရားကို ပုတ်ခတ်လိုက်ရာ ထိုဆရာနှင့်တရားကိုမထိဘဲ ဘုရားကိုသာပုတ်ခတ်မိပြီးသားဖြစ်နေ တတ်ပါသည်။ ဘုရားဟောတရားချည်းဖြစ်နေသောကြောင့်ပါတည်း။

ထိုသို့ပုတ်ခတ်မိလျှင် အရိယူပဝါဒ = အရိယာကိုစွပ်စွဲသော ကံကြီး ထိုက်သွားပေပြီ။ ထိုကံကြီးကိုမကုစားဘဲ တရားအားထုတ်နေသမျှ ဘယ် သောအခါမှ မဂ်ဖိုလ်ကို ရလိမ့်မည်မဟုတ်ပေ။

## ကဲ့ရဲ့ချီးမွမ်းရာမှာ သတိထားပါ

လောကုတ္တရာစာပေအခံမရှိသော လူပုဂ္ဂိုလ်စာရေးဆရာအချို့ နှင့် ယောဂီအချို့သည် သဒ္ဓါက လွန်နေပြီး ပညာက မထိန်းနိုင်တော့ သဖြင့် မိမိကိုးကွယ်ရာဆရာတော်များကို ရဟန္တာအဖြစ်ပြောဆိုချီးမွမ်းပြီး ဂုဏ်တင်တတ်ကြသည်။ ဤသည်လည်း ကြောက်စရာအပြစ်ကြီးတစ်ခု ပင်ဖြစ်ပါ၏။ ပုထုဇဉ်ကို ရဟန္တာအဖြစ် ချီးမွမ်းဂုဏ်တင်ကြော်ငြာမိလျှင် အပြစ်ကြီးကြောင်း သိသူအင်မတန်နည်းပါသည်။

ထိုသူများအရေးတကြီးသိသင့်သော မန်လည်ဆရာတော်၏ ဝိမံသ ကထာကျမ်းမှ အမေးအဖြေတစ်ခုကို ရှာဖွေတင်ပြပါမည်။

မေး။ နှစ်ဦးသားဗာလတို့
မိုက်ကြသည့်အနေ
တစ်ဦးသားဗာလက
ရဟန္တာ ဇေန္တကို
ဤသူလျှင် ဒုဿီလဟာ

www.dhammaransi.com

မြွက်ဟတုံပေ
တစ်ဦးမှာ ဒုဿီလကို
ရဟန္တာဧကန္တ ဟု
စွန်းနှုတ်ကဖွင့်ချေသည်
ဆိုပုံလေလွန်ရိုင်း
နှစ်ပါးစုံထိုကံညစ်ဝယ်
အပြစ်ကယ်ဘယ်ကလေးတယ်
မေး၍ချင့်နှိုင်း။

ရဟန္တာကို သီလပျက်နေသောသူဟု ကဲ့ရဲ့သူ၊ သီလပျက်နေသောသူကို ရဟန္တာဟုချီးမွမ်းသူ ထိုသူနှစ်ဦးတွင် မည်သူကအပြစ်ပိုလေးသနည်းဟု မေးထားခြင်းဖြစ်သည်။ အဖြေလင်္ကာမှာ-

ဖြေ။ နှစ်ဦးသားဗာလတို့
မိုက်ကြသည့်အနေ
တစ်ဦးသားဗာလက
ရဟန္တာ ဧကန္တကို
ဤသူလျှင် ဒုဿီလဟု
မြွက်ဟတုံပေ
တစ်ဦးမှာဒုဿီလကို
ရဟန္တာ ဧကန္တဟု
စွန်းနှုတ်ကဖွင့်ချေသည်
ဆိုပုံလေလွန်ရိုင်း
နှစ်ပါးစုံထိုကံညစ်မှာ
အပြစ်ကယ်အတူရှိတယ်
ဖြေ၏မှန်တိုင်း။

ဟူ၍ဖြစ်သည်။ အဓိပ္ပါယ်အချုပ်မှာ အပြစ်မှာအတူတူဖြစ်သည်။ တစ်နည်း နှစ်ဦးလုံး အရိယူပဝါဒကံထိုက်တာချင်း တူသည်ဟုဆိုလိုပေသည်။ အင်္ဂုတ္တိုရ်၌လာရှိသည့် နိန္ဒိယပသံသာယဟိ ပသံသိယနိန္ဒာယစ သမကောဝဝိပါကောဟူသော ဒေသနာကိုကြည့်၍ အတိအကျဖြေဆိုထားခြင်းဖြစ်သည်။ သဒ္ဒါကိုပညာနှင့် ထိန်းနိုင်ဘို့အရေးကြီးလှပါသည်။

ထို့ကြောင့် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီးက-

www.dhammaransi.com

သဒ္ဓါလွန်ကဲ၊ ပညာနည်း၊ တလွဲယုံတတ်သည်
ပညာလွန်ကဲ၊ သဒ္ဓါနည်း၊ စဉ်းလဲကောက်ကျစ်သည်
သတိတရား၊ ထိုနှစ်ပါး၊ စွမ်းအားညှိပေးသည်
လုံ့လလွန်ကဲ၊ အငြိမ်နည်း၊ မစွဲပျံ့လွင့်သည်
အငြိမ်လွန်ကဲ၊ လုံ့လနည်း၊ ဖင့်နွဲ့နှေးကွေးသည်
သတိတရား၊ ထုံနှစ်ပါး၊ စွမ်းအားညှိပေးသည်
စွမ်းအားညီမှ၊ ကောင်းကျိုးရ၊ မုချချမ်းသာမည်။

ဟု ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ရေးခဲ့သမျှကိုလိုရင်းချုပ်ရလျှင် ဝိပဿနာကို နည်းမှန်လမ်းမှန် ဖြင့် ပေါက်မြောက်အောင်ပွားများမှ မဂ်ဖိုလ်ကိုရမည်ဟု ဆိုလိုရင်းပင် ဖြစ်ပါ၏။ ဝိပဿနာကို ပွားများနေသော ယောဂီများပင် လက်မလွှတ် သင့်သည့် သမထကမ္မဋ္ဌာန်းတစ်ခုရှိပါ၏။ ယင်းကား မေတ္တာဘာဝနာ ပင်ဖြစ်သည်။ ငါကဝိပဿနာပွားများနေပြီပဲ သမထအဆင့်သာရှိတဲ့ မေတ္တာဘာဝနာပွားစရာမလိုပါဘူး ဟုယူဆပြီး မေတ္တာကိုလက်လွှတ်ခဲ့ လျှင် ထိုယောဂီတရားရဖို့ အတော်ခက်သွားပေလိမ့်မည်။

မေတ္တသုတ်ဟောခြင်း၏ အကြောင်းဇာတ်လမ်းဖြစ်သည့် ဗုဒ္ဓ လက်ထက်တော်က ရဟန်းငါးရာကိုကြည့်ပါ။ ဗုဒ္ဓထံမှ ဝိပဿနာ ကမ္မဋ္ဌာန်းနည်းကိုရယူပြီး တောအုပ်တစ်ခုတွင်းသို့ဝင်၍ ပွားများကြရာ နတ်ဆိုးများနှောက်ယှက်မှုကြောင့် ရောဂါများသာရကြပြီး ဘုရားထံသို့ ဒုတိယဝါဆိုအမီ ပြန်ခဲ့ကြရသည်။ အကြောင်းစုံလျှောက်ထား၍ ဗုဒ္ဓ သိတော်မူသောအခါ မေတ္တာဘာဝနာကို ဦးစွာပွားပြီးမှ တရားအားထုတ် ကြရန် နည်းပေးတော်မူပြီး ထိုတောသို့ပင် ရဟန်းငါးရာလုံးကို ပြန်လွှတ် လိုက်ပါသည်။

မေတ္တာဘာဝနာပွားများကြသောအခါတွင်ကား ရောဂါရအောင် ဒုက္ခပေးခဲ့ကြသော နတ်ဆိုးများကိုယ်တိုင် မိတ်ဆွေအဖြစ်သို့ရောက်သွား ပြီး ဝိုင်းဝန်းပြုစုစောင့်ရှောက်ကြသဖြင့် လေးမဂ်လေးဖိုလ်ကို ချမ်းသာ လွယ်ကူစွာဖြင့် ရရှိသွားတော်မူခဲ့ကြပါသည်။ ထို့ကြောင့် မေတ္တာဘာဝနာ သည် ဝိပဿနာယောဂီများပင် လက်လွှတ်လို့မရလေရာ ကြွင်းပုဂ္ဂိုလ် များအတွက်ကား ပိုလို့ပင်လိုနေမည်ဖြစ်ပါ၏။

www.dhammaransi.com

ဘာသာရေးလောကမှာဖြစ်စေ၊ စီးပွားရေးလောကမှာဖြစ်စေ၊ အောင်မြင်တိုးတက်လိုလျှင် မေတ္တာဘာဝနာကို လက်ကိုင်ထားကြရမည်သာဖြစ်ပါ၏။ မြန်မာပြည်ရှိ သံဃာတော်လေးသိန်းခန့်တွင် တိပိဋကအောင်မြင်သောဆရာတော် ယခု ၂၀၀၁ ခုနှစ်ထိ (၈)ပါးသာ ပေါ်ထွက်သေး၏။

ထိုရှစ်ပါးတို့တွင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးတစ်ပါးသာလျှင် သာသနာကို အကြီးပွားဆုံး၊ အတိုးတက်ဆုံးဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့ပေသည်။ မြန်မာပြည်၏တစ်ခုတည်းသော တိပိဋကစာသင်တိုက်၊ ကမ္ဘာအရပ်ရပ်မှပင် လာရောက်ပညာသင်ကြားနေကြရသော ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ ထို့နောက် ထူးခြားသည်မှာ အင်္ဂလန်မှ ကမ္ဘာကျော် ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်ကြီးထဲတွင် ဉာဏ်အကြီးကျယ်ဆုံးလူသားအဖြစ် မင်းကွန်းတိပိဋကဆရာတော်ကြီးကို ဂုဏ်ပြုခံခဲ့ရခြင်းပင်ဖြစ်၏။ တိပိဋကအောင်တာခြင်းတူသော်လည်း မင်းကွန်းဆရာတော်ကြီးတစ်ပါးသာလျှင် ဤမျှလောက် ထူးထူးခြားခြား သာသနာရေးအောင်မြင်မှုများရရှိနေသည်မှာ မေတ္တာဘာဝနာကြောင့်ပင်ဖြစ်ပါ၏။

တစ်နေ့လျှင် ဆန်ဆယ်တင်းကျော်ကုန်သည်အထိ လာသမျှ ပရိသတ်ကို နေ့စဉ် နှစ်ပေါင်းများစွာ ချက်ကျွေးနေနိုင်သည်မှာ သာမညဆရာတော်တစ်ပါးသာရှိပါသည်။ အစိုးရမင်းများပင် ထိုသို့ကျွေးထားနိုင်ဖို့ရန် မလွယ်ကူပါ။ န-ဝ-တလက်ထက်က ဗိုလ်ချုပ်ကြီးစောမောင် သာမညတောင်သို့ ရောက်သွားပြီး-

"ဆရာတော်ဘုရား၊ လိုအပ်တဲ့အရာကို အမိန့်ရှိပါဘုရား"

ဟု လျှောက်ထားရာ ဆရာတော်က-

"တခြားတော့ လိုအပ်ချက်မရှိပါ။ ဘုရားဖူးများကို ချက်ကျွေးရန်အတွက် တစ်နေ့လျှင် ဆန်ဆယ်တင်း အစိုးရဈေးနဲ့ရောင်းပေးစေချင်ပါတယ်" ထိုအခါ ဗိုလ်ချုပ်ကြီးစောမောင် ပြန်ပြောလိုက်သည်ကား-

"နေ့တိုင်း ဆန်ဆယ်တင်းတော့ ရောင်းပေးနိုင်စွမ်းမရှိပါဘုရား" ဟူ၏။ တောတောင်ထဲနေကြသော ရဟန်းတော်ချင်းတူပါလျက် သာမညဆရာတော်တစ်ပါးသည်သာ ဤမျှ ဘုန်းကံကြီးနေရခြင်း၏ အကြောင်းသည်ကား မေတ္တာဘာဝနာကြောင့်ပင်ဖြစ်ပါ၏။

www.dhammaransi.com

ရဟန်းတော်တိုင်း ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ကြပါ၏။ သို့သော် တောင်တန်းသာသနာပြုဆရာတော်ကြီး အရှင်ဥတ္တမသာရရွတ်ဆိုသော ပရိတ်တော်ကြောင့် ပရိတ်ရေများပွက်ကျခြင်း၊ ထိုပရိတ်ရေကို သောက်သူများ၊ ဆရာဝန်တို့ပင်မနိုင်သောရောဂါများ ပျောက်ကင်းကြရသည်မှာ မေတ္တာဘာဝနာကြောင့်ပင် ဖြစ်ပါ၏။

လက်ဖက်သုပ်ရောင်းသူအများအပြားရှိခဲ့ပါ၏။ ယခုလည်း ရှိဆဲ နောင်လည်းရှိနေဦးမည်သာဖြစ်ပါ၏။ ထိုရောင်းသူတို့တွင် ဦးကျော်သိန်းတို့ဇနီးမောင်နှံ၏ အရီးတောင်းလက်ဖက်သုပ်ကိုသာ မြန်မာတစ်ပြည်လုံးက အများဆုံးအားပေးကြ၏။ မန္တလေးမြို့ပေါ် လက်လီရောင်းချရသည်ကပင် တစ်နေ့လျှင် လူတစ်ရပ်လောက်ရှိသော ပလပ်စတစ်ပုံးကြီးနှစ်ပုံးနှင့် ငွေအပြည့်အသိပ်နှိပ်ထည့်ရ၏။ သူတို့၏မေတ္တာစေတနာကိုလည်း ရှုဦးလော့။

တစ်ပြည်လုံးသို့ ဖြန့်ဖြူးရောင်းချရန် နှပ်ထားသောလက်ဖက်များကို လင်မယားနှစ်ယောက်စလုံး ကျေနပ်လောက်အောင်မြည်းကြည့်ပြီးမှ ရောင်းချခွင့်ပြုသည်။ သူတို့ပါးစပ်တွင်အရသာမတွေ့မချင်း ရောင်းချခွင့်မပြုပေ။လက်ဖက်သုပ်ရောင်းသူများစွာရှိသော်လည်း အရီးတောင်းလက်ဖက်သုပ်ကသာ အများဆုံးရောင်းချရသည်မှာ မေတ္တာစေတနာကြောင့်ပင် ဖြစ်ပါ၏။

ငါတို့ပါးစပ်တွင်းမှာအရသာတွေ့သလို သူတစ်ပါးပါးစပ်မှာလည်း အရသာတွေ့ကြပါစေဟူ၍ ဖြစ်ပေါ်နေသောစိတ်သည် ကာယကံရှင်ပင် မသိလိုက်သော မေတ္တာဘာဝနာဖြစ်ပါ၏။ ကျားဘမ်းပရုပ်ဆီသည် မြန်မာမှာသာမက ကမ္ဘာကိုပင် ကျော်ထွက်သွားခဲ့သည်။ ကျားဘမ်းပရုပ်ဆီကို ထွင်ခဲ့သော အော်ဘွန်ဟောသည်လည်း မြန်မာပြည်မှာသာမက စင်္ကာပူမှာပင် အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီးတစ်ယောက်ဖြစ်ခဲ့ရသည်။

သူသည် ကျားဘမ်းပရုပ်ဆီကို ဆင်းရဲနွမ်းပါးသူများ ဈေးချိုချိုနှင့် ဝယ်ယူနိုင်ရန် မေတ္တာစေတနာဖြင့် တီထွင်ခဲ့ခြင်းဖြစ်သည်။ ကိုက်ခဲမူးဝေလျှင် လိမ်း၊ ဖျားနာလျှင်သောက်၍ရသော စွယ်စုံဆေးသည် သူ၏ မေတ္တာစေတနာကြောင့် ပေါ်ထွက်ခဲ့ခြင်းဖြစ်ပါ၏။ ပရုပ်ဆီအမျိုးပေါင်းများစွာရှိသော်လည်း ကျားဘမ်းပရုပ်ဆီသာလျှင် အအောင်မြင်ဆုံး ဖြစ်ခဲ့ခြင်းမှာ မေတ္တာစေတနာကြောင့်ပင် ဖြစ်ပါ၏။

## ကျွန်ုပ်နှင့်ဘာသာရေးစာပေ

ကျွန်ုပ်သည် စာဖတ်တတ်သော အရွယ်မှစ၍ စာသင်တိုက် မရောက်ခင် (၁၇)နှစ်အရွယ်ထိ ကာတွန်း၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာ၊ ဝတ္ထုမျိုးစုံတို့ကို အငမ်းမရဖတ်ခဲ့သည်။ စာဖတ်များလာသော် ကိုယ့်အသိ ကို သူတစ်ပါးအား ဝေငှလိုသောစေတနာဖြစ်ပေါ်လာခဲ့သည်။ ဤကား ကျွန်ုပ်စာရေးဖြစ်ခြင်း၏ အဓိကအကြောင်းပင် ဖြစ်ပါ၏။

စာသင်တိုက်ရောက်၍ (၁၈)နှစ်သားအရွယ်တွင်ကား စာချဆရာ တော်တစ်ပါးထံမှ တွေ့ရသော ရတနာ့ဂုဏ်ရည်၊ ကိုယ့်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာရေး၊ နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ စာအုပ် လေးအုပ် ကို ဖတ်လိုက်ရသောအချိန်မှစပြီး ဖေတော့ မောင်တော့ လောကီ စာပေများကို ဖတ်ချင်စိတ်ရေးချင်စိတ်များ ပျောက်သွားပါတော့သည်။

ကိုယ်ကျင့်အဘိဓမ္မာတွင်ပါသော မေတ္တာဘာဝနာ မရှိသောသူ သည် ကိုယ့်အောက်နိမ့်သောသူကိုတွေ့၍ သနားခြင်း ကရုဏာနှင့် ကိုယ့် ထက်မြင့်သူကိုတွေ့၍ ဝမ်းမြောက်ခြင်း မုဒိတာတို့လည်း မဖြစ်နိုင်တော့ပေ ဟူသော အဆုံးအမသည် ကျွန်ုပ်၏နှလုံးသားကို တစ်ခါတည်း ယဉ်ကျေး သွားအောင် ဆုံးမလိုက်သကဲ့သို့ ရှိပါသည်။

ယခု ရွှေပါရမီတောရ ပထမကျော်အရှင်ဆန္ဒာဓိက ဖြစ်လာမည့် သူငယ်လေးသည် အရှင်ဇနကာဘိဝံသ၏ ဓမ္မစကြာတရားစာအုပ်ကို ဖတ်ရှုပြီး သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်ရောက်တော်မူလာခြင်းဖြစ် သည်။ ဆရာတော်ဘုရားကြီး ဟောကြားထားသည်မှာ ထိထိမိမိရှိလှ သဖြင့် ဖတ်ရသူတိုင်း သံဝေဂဉာဏ်ရလောက်ပါသည်။

အရှင်ဆန္ဒာဓိက သံဝေဂရသွားသော ဟောပြောရေးသားချက် ကိုကြည့်ပါ။ ကုဋ္ဌနူနာရောဂါသည်သည် နူနာရောဂါပိုးများ ထကြွလာ လျှင် ယားယံလာသဖြင့် မီးကင်ပြီး အယားဖျောက်ရသည်။ မီးကင်ပေး လိုက်လျှင် အယားပျောက်သွားသည်။ သို့သော် အမြစ်ပြတ်မဟုတ်။ ပိုးများ အပူဓာတ်နှင့်တွေ့သဖြင့် နောက်ဆုတ်သွားကာ ခဏအယား သက်သာခြင်းဖြစ်၏။

တော်နေကြာလျှင် ပြန်ယားလာသည်သာဖြစ်၏။ ထိုသို့ ယား လိုက်၊ မီးကင်လိုက်၊ ပျောက်လိုက်၊ ပြန်ယားလိုက်ဖြင့် ဘယ်ခါမှ မဆုံး နိုင်ဘဲ လုံးလည်လိုက်နေသကဲ့သို့ ပုထုဇဉ်လူသားသည်လည်း ကာမရာဂ ကြွလာလိုက်၊ ကာမဂုဏ်ခံစားလိုက်၊ ခဏပျောက်သွားလိုက်၊

နောက်တစ်ခါခံစားချင်စိတ်ပေါ်လာလိုက်၊ ပြန်ခံစားလိုက်ဖြင့် ဘယ်သောအခါမှ သံသရာမှမဆုံးနိုင်တော့ခြင်းကို သံဝေဂဉာဏ်ဖြင့် မြင်သွားခြင်းဖြစ်ပါ၏။

## ကုဋ္ဌနူနာသည်နှင့်ပုထုဇဉ်

နူနာပိုးထလာပြီး ယားယံခြင်းနှင့် ကာမရာဂထကြွလာပြီး ကာမဂုဏ်ငါးပါး ခံစားချင်စိတ်ပေါ်လာခြင်း၊ နူနာသည် မီးကင်ခြင်းနှင့် ပုထုဇဉ် ကာမဂုဏ်ခံစားခြင်း၊ မီးကင်သည့်အတွက် ပိုးများ နောက်ဆုတ်သွားပြီး ခေတ္တခဏအယားပျောက်ခြင်းနှင့် ကာမဂုဏ်ခံစားလိုက်သည့်အတွက် ခေတ္တခဏ အာသာပြေသွားခြင်း၊ တစ်ဖန် ပိုးပြန်ထပြန်လျှင် ထပ်ပြီး မီးကင်ရခြင်းနှင့် ကာမရာဂပြန်ထလာပြန်လျှင် တစ်ဖန်ကာမ ဂုဏ်ကို ပြန်ခံစားပြန်ခြင်းတို့ကို ဥပမာနှင့်တကွ ဟောကြားတော်မူထားခြင်း ဖြစ်ပါသည်။

ဓမ္မစကြာသည် အရှင်ဆန္နာမိကအား ဝိပဿနာတရားရှုပွားသည့် သူတော်စင်အဖြစ်သို့ ဆွဲတင်ခဲ့သလို ကိုယ့်ကျင့်အဘိဓမ္မာသည်လည်း ကျွန်ုပ်အား မေတ္တာသမားဘဝရောက်အောင် တင်ပေးခဲ့သည်။

တစ်ဖန်ကကစူပမသုတ်တွင် ဗုဒ္ဓက-

"ချစ်သားတို့၊ ခိုးသားဓားပြများ ချစ်သားတို့၏ ဝမ်းဗိုက်ကို လွှဖြင့် တိုက်ဖြတ်၍ သတ်သော်လည်း အမျက်ဒေါသမထွက်ရာ၊ အမျက်ဒေါသ ထွက်ခဲ့လျှင် ငါ၏တပည့်သားမပီသနိုင်"

ဟူ၍ဟောကြားခဲ့ရာ ကျွန်ုပ်ပွားများနေသော မေတ္တာဘာဝနာကို ပိုမိုခိုင်မြဲစေခဲ့သည်။ တစ်ဖန် အင်္ဂုတ္တိုရ်ပါဠိတော်တွင်-

"ရဟန်းသည် လက်ဖျစ်တစ်ချက်တီးခန့်အချိန်လောက် မေတ္တာပွားသည်ဆိုလျှင် ထိုရဟန်းမျိုးကို ငါဘုရားစကားကို လိုက်နာသောရဟန်း၊ ဈာန်တရားနှင့်နေသောရဟန်း၊ ငါဘုရားသာသနာကို ကြီးပွားအောင်စောင့်ရှောက်သောရဟန်း၊ တိုင်းသူပြည်သားတို့လှူသောဆွမ်းကို အကျိုးရှိစွာ စားသုံးသောရဟန်းဟု ဆိုအပ်၏။"

ဟူ၍ ဟောကြားထားပြန်ရာ မေတ္တာဘာဝနာကို အချိန်ပြည့်ပွားများချင်စိတ်များပင် ပေါ်ပေါက်ခဲ့ရပါသည်။ မသူတော်တို့၏ စိတ်ဓာတ်များမှ ထွက်ပေါ်လာသော ဒေါသအခိုးအငွေ့များက ကမ္ဘာ့စစ်ပွဲကြီးများဖြစ်အောင် ဖန်တီးသလို သူတော်စင်များထံမှ ထွက်ပေါ်လာသော မေတ္တာအအေးဓာတ်များကလည်း ဖြစ်ပွားဆဲ ဖြစ်ပွားလတ္တံ့သော စစ်ပွဲကြီးများကို ငြိမ်းအေးစေပါသည်။

www.dhammaransi.com

ဒုတိယကမ္ဘာစစ်မဖြစ်မီက ဖြစ်ပွားခဲ့သော အီတလီနှင့် အဘီဆီးနီး ယား (ယခု အီသီယိုပီးယား) နှစ်နိုင်ငံ၏စစ်ပွဲကို မိုးညှင်းဆရာတော် ဘုရားကြီးနှင့်တကွ သံဃာများ၊ ယောဂီများ စုပေါင်း ပို့သအပ်သော ဥဒ္ဒိဿမေတ္တာစာတ်က ငါးရက်အတွင်း ငြိမ်းအေးစေခဲ့ပါသည်။

မှတ်ချက်။ ဒေါသအခိုးအငွေ့နှင့် မေတ္တာစာတ်တို့၏အားပြိုင်ပုံ၊ မိုးညှင်းဆရာတော်ဘုရားကြီး၏ စစ်ပွဲပြီးအောင်မေတ္တာပို့သပုံ အကျယ်၊ ဒေါသမီးကြောင့်ချက်ချင်းသေပြီး ငရဲကျကြရသော မနောပဒေါသိက နတ်များအကြောင်းကို ကျွန်ုပ်ရေးသားသော မေတ္တာအစွမ်းအံ့မခန်းဖြစ် ရပ်ဆန်းများစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

ပါရမီသည် မိုးကျရွှေကိုယ်မဟုတ်၊ လုပ်ယူမှရသည် ဟူသော စကားသည် မှန်လှပေ၏။ ကျွန်ုပ်သည် စိတ်ကို အလကားမထားတော့ဘဲ အိပ်ချိန်မှလွဲ၍ ကျန်အချိန်များကို မေတ္တာဘာဝနာဖြင့်သာ ကုန်လွန်စေ သည်။ မြက်စသော ပေါင်းပင်များသည် တကူးတကစိုက်စရာမလိုဘဲ အလိုအလျောက်ပေါက်ရောက်ပွားများလာသကဲ့သို့ လောဘ၊ ဒေါသနှင့် ဆိုင်သော အကုသိုလ်စိတ်များသည်လည်း တကူးတက အာရုံပြုစရာ မလိုဘဲ အလိုလိုပေါ်လာတတ်ပေသည်။

ပိန္နဲ၊ မာလကာစသော စားပင်သီးပင်များကိုကား ဂရုတစိုက် စိုက်ပျိုးပြုစုမှ ရှင်သန်ကြီးထွားလာသကဲ့သို့ ဂုဏ်တော်၊ မေတ္တာစသော ဘာဝနာစိတ်များကို သတိသမာဓိဖြင့် အာရုံစိုက်ပွားများမှ ရရှိနိုင်ပေ သည်။

## ဗုဒ္ဓဉာဏ်တော်ကို ထေန်သော ဘာသာခြား

အထက်ပါဥပမာနှင့်ဆက်စပ်ပြီး ဘာသာခြားတစ်ယောက်က ဆရာတော်တစ်ပါးအား မေးလာသောမေးခွန်းတစ်ခုမှာ ဗုဒ္ဓဘာသာ တိုင်း ကြိုတင်သိထားသင့်သဖြင့် သတိရတုန်း ဖော်ပြလိုက်ပါသည်။

ဒကာ။ ဆရာတော်၊ ဆရာတော်တို့ဘုရားက သဗ္ဗညုတ သိစရာ မှန်သမျှ အကုန်သိတယ်လို့လည်းပြောကြတယ်။ တစ်ခါ အခုလို သာသနာနှစ် ကြာလာတဲ့အချိန်မှာ အဆိုးဆုံး ဘာသာခြားတစ်ခု ပေါ်လာလိမ့်မယ်။ အဲဒီဘာသာခြား တွေက ဗုဒ္ဓဘာသာကို လူဖောက်သာသနာပြုပြီး ဖျက်ဆီး ကြလိမ့်မည်လို့ ဟောခဲ့တယ်လို့လည်း တပည့်တော် မကြား ဖူးပါဘူး ဘုရား။

www.dhammaransi.com

ဒီတော့ အကုန်သိတယ်ဆိုရင်လည်း ဒီအကြောင်းတွေ ဟောခဲ့ရမယ်။ အခု မဟောခဲ့ပုံကို ထောက်သောအားဖြင့် ဒီအကြောင်းတွေ ဖြစ်လာမယ်ဆိုတာ မသိလို့ဆိုတဲ့သဘော သက်ရောက်မနေဘူးလား ဘုရား"

**ဆရာတော်။** ဒကာ၊ ဒကာတို့အိမ်ဝိုင်းမှာ သရက်ပင်၊ ဘယ်နှစ်ပင်ရှိတုန်း။

**ဒကာ။** လေးပင်ရှိပါတယ်ဘုရား။

**ဆရာတော်။** အုန်းပင်ရော ဘယ်နှစ်ပင်ရှိတုန်း။

**ဒကာ။** ငါးပင်ရှိပါတယ်ဘုရား။

**ဆရာတော်။** ဒါနဲ့မြက်ပင်တွေရော ဘယ်နှစ်ပင်ရှိတုန်း။

**ဒကာ။** ဟာ... မြက်ပင်တွေတော့ တပည့်တော်ဘယ်ရေတွက် ထားမလဲဘုရား။

**ဆရာတော်။** သရက်ပင်၊ အုန်းပင်ကျတော့ ရေတွက်ထားပြီး မြက်ပင် ကျတော့ ဘာလို့ရေတွက်မထားတာလဲ။

**ဒကာ။** သရက်ပင်၊ အုန်းပင်ကတော့ တန်ဘိုးရှိတဲ့အပင်ဆိုတော့ မှတ်ထားတာပေါ့ဘုရား။ မြက်ပင်တွေကတော့ ကောင်း ကျိုးမပြုတဲ့ အပင်တွေဆိုတော့ ဘယ်ရေတွက်ပြီး မှတ် ထားတော့မလဲဘုရား။

**ဆရာတော်။** ဒကာ၊ အဲဒီဥပမာအတိုင်းပဲ၊ ဗုဒ္ဓက မသိလို့မဟုတ်ဘူး သိတယ်။ ဒါပေမယ့် ဒကာကိုယ်တိုင် တန်ဘိုးမရှိတဲ့ မြက် ပင်တွေကို ရေတွက်ပြီးမှတ်မထားသလို ဗုဒ္ဓကလည်း တန်ဘိုးမရှိတဲ့ မြက်အမျိုက်လောက်အဆင့်သာရှိတဲ့ ဒကာ တို့ဘာသာဝင်တွေကိုလည်း လူစာရင်းမသွင်းတဲ့အတွက် တကူးတက ထည့်မဟောခဲ့တာ။

အတွေးအခေါ် အသိဉာဏ်ရှိတဲ့လူသားတွေ လက်မခံတဲ့ ဒကာတို့ဘာသာဟာလည်း ကြာလေ ကမ္ဘာက ပျောက် လေဖြစ်သွားမှာကို ကြိုသိလို့ ဘာမှပူစရာမရှိလို့ ဗုဒ္ဓက ကြိုမဟောခဲ့တာပဲဒကာ။

ထိုဘာသာခြားဒကာကား ခေါင်းငိုက်စိုက်ချလျက် ဘာမှ ဆက် မပြောနိုင်တော့ပေ။

## ခွေးကိုက်သော်လည်း မပေါက်ပါ

မေတ္တာပွားကျိုး ၁၁ မျိုးတွင် မေတ္တာပွားနေသူအား မီး၊ အဆိပ်၊ ဓားစသောလက်နက်များ မကျရောက်နိုင်၊ မထိခိုက်နိုင်ဟု ဟောတော်မူထားပါသည်။ ကျွန်ုပ်ကိုယ်တွေ့ကား အထက်ပါလက်နက်များသာမက ခွေးကိုက်လျှင်တောင် မပေါက်ပြပါဟု ဗုဒ္ဓဟောကြားချက်ကို ထောက်ခံချက်ပေးချင်ပါသည်။

တစ်ကြိမ်နှစ်ကြိမ်အကိုက်ခံရ၍ မပေါက်ဟုဆိုလျှင်တော့ တိုက်ဆိုင်မှုဟု ဆိုနိုင်ပါသည်။ ကျွန်ုပ်ကား ငါးကြိမ်တိုင်တိုင် အကိုက်ခံရသော်လည်း တစ်ကြိမ်မှမပေါက်ခဲ့ပါ။ နည်းနည်းချိုင့်ပြီး သွားရာလေးထင်သွားရုံသာရှိပါသည်။ သုံးကြိမ်ကား မေတ္တာဘာဝနာကို စတင်ပွားများရာ တောင်သာမြို့၌ အကိုက်ခံရခြင်းဖြစ်သည်။

နှစ်ကြိမ်ကား ကျောင်းစထိုင်ရာ ရွှေပြည်သာမြို့တွင် အကိုက်ခံရခြင်းဖြစ်သည်။ ပထမအကြိမ်အကိုက်ခံရသောအိမ်ကား တောင်သာမြို့ လျှပ်စစ်ရုံး မန်နေဂျာ၏အိမ်တွင်ဖြစ်သည်။ ထိုအိမ်၌ ကိုက်တတ်သော ခွေးဆိုးကြီးတစ်ကောင်ရှိကြောင်း ဆွမ်းခံမကြွမီကတည်းက ကြားဖူးထားပါသည်။ ထို့ကြောင့် ထိုအိမ်သို့ဆွမ်းခံဝင်လျှင် မေတ္တာဘာဝနာကို ပိုပွားမိသည်။

တစ်နေ့ ထိုအိမ်မှ ဆွမ်းခံပြီးပြန်အထွက် ခြံရှေ့ထွက်ခါနီးလောက်တွင် နောက်မှတစ်စုံတစ်ယောက်ပြေးလိုက်လာသောအသံကို ကြားလိုက်ရသဖြင့် ခွေးဆိုးကြီးများဖြစ်နေမလားဟူသော အတွေးနှင့် မေတ္တာပို့ရင်း နောက်လှည့်ကြည့်လိုက်မိသည်။ ထင်သည့်အတိုင်း ခွေးဆိုးကြီးက ချည်ထားသောကြိုးမှလွတ်လာပြီး ပြေးလာခြင်းဖြစ်၏။

ကျွန်ုပ်၌ လုံးလုံးကြောက်စိတ်ပေါ်မလာ။ ပုံမှန်ပင်ဆက်သွားနေလိုက်သည်။ မေတ္တာကားပွားလျက်။ ညာဖက်ဖနောင့်အပေါ်နားလောက်ဆီသို့ ကိုက်ဝါးဆွဲဆောင့်မှုကို ခံလိုက်ရသဖြင့် တုန့်ကနဲရပ်သွားမိသည်။ ခွေးကားကိုက်ပြီးသည်နှင့်နောက်သို့ပြန်လှည့်ထွက်သွားသည်။ ကျွန်ုပ်ထံမှရော၊ ခွေးထံမှရော ကျယ်လောင်သည့်အသံများ ထွက်မလာသောကြောင့် ခွေးရှင်များပင် မသိလိုက်ပါ။

အကိုက်ခံရသောနေရာကို ငုံ့ကြည့်လိုက်သောအခါ ပေါက်သွားသည်ကိုမတွေ့ရ။ သွားကိုက်မိရာနေရာတွင် အနည်းငယ်ချိုင့်သွားသည်။

www.dhammadownload.com

ခွေးပါး၊စပ်မှတ်တွေးအနည်းငယ်စိုရွဲနေသည်ကိုသာ တွေ့ရသည်။ နောက် ထပ်လေးကြိမ်အကိုက်ခံရသောအခါတွင်လည်း ထိုအတိုင်းပင်ဖြစ်ပါ၏။

ခလုတ်ထိမှအမိတ,သဘောမျိုးဖြင့် အန္တရာယ်ပေါ်မှ ပွားများ သည့်မေတ္တာဘာဝနာသည်ကား ထိုသို့ကာကွယ်ပေးလိမ့်မည်မထင်ပါ။ ထိုသို့ကာကွယ်မပေးခြင်းသည် မေတ္တာဘာဝနာ၏အပြစ်မဟုတ်။ အထုံ ရအောင်ပွားမထားသူ၏ အပြစ်သာဖြစ်ပါ၏။ ဓားတစ်ချောင်းကို သုံး သည့်အခါတိုင်း ပြတ်စေလိုလျှင် သွေးပေးနေဖို့လို၏။

မသွေးဘဲပစ်ထားသောဓားတစ်လက်ကို လိုအပ်၍လှီးဖြတ်သော အခါ မပြတ်ထဲနေလျှင် ဓား၏အပြစ်မဟုတ်။ မသွေးသောသူ၏ အပြစ် ဖြစ်သကဲ့သို့ပါပေတည်း။

## ကျွန်ုပ်ကိုသေကြောင်းကြံကြခြင်း

ထိုနေ့သည်ကား ကျွန်ုပ်ကြမ္မာငင်သောနေ့ဟု ဆိုရပါလိမ့်မည်။ ကျောင်းတိုက်အတွင်းမှ ကိုရင်ကြီးငါးပါး ကျွန်ုပ်ကိုသတ်ရန် ဓားများ ဝယ်ပြီးနေပြီဟူသော သတင်းတစ်ခု ကျွန်ုပ်ဆီရောက်လာသည်။ ဘာ ကြောင့် လာမသတ်ရသေးသနည်းဟု စုံစမ်းကြည့်သောအခါ တိုက်အုပ် ဆရာတော်ကြီးက သူတို့ကို နှင်မထုတ်သေးသောကြောင့် ဟူ၏။ သူတို့ကို ကျောင်းတိုက်မှနှင်ထုတ်သောနေ့သည် ကျွန်ုပ်ကိုသတ်သောနေ့ဖြစ်မည် ဟု ဆိုလိုခြင်းဖြစ်ပေသည်။

ဘာ့ကြောင့်သတ်ချင်ရတာလဲဟု လေ့လာလိုက်သောအခါ သူတို့ ကျူးလွန်ထားသော ကျောင်းတိုက်မှနှင်ထုတ်နိုင်သည့်အပြစ်တစ်ခုကို ကျွန်ုပ်က တိုက်အုပ်ဆရာတော်ထံ တိုင်စာပစ်၍ တိုင်သောကြောင့် ဟူပါ ၏။ ကျွန်ုပ်သစ္စာဆိုဝံ့ပါ၏။ သူတို့အပြစ်ကို တိုင်စာပစ်ဖို့နေနေသာသာ သူတို့ ဘာအပြစ်ကျူးလွန်သည်ဆိုသည်ကိုပင် ကျွန်ုပ်မသိရိုး အမှန်ပါပေ။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ကျွန်ုပ်ဘဝအတွက် လုပ်စရာတွေ များလွန်းသောကြောင့် သူတစ်ပါး၊အပြစ်ကိုပင် ရှာဖွေချိန်မရပါ။ ထိုသို့ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး သူတို့နှင့်ရောရောနှောနှောမနေခြင်းသည်ပင် ကျွန်ုပ်ကို တိုင်စာပစ်သောရန်သူတစ်ယောက်အဖြစ် ထင်မှတ်ရန် ဖြစ် လာခဲ့ရသည်။

ကျွန်ုပ်ကိုချစ်ခင်လေးစားသော သူငယ်ချင်းများကလည်း မတရား လုပ်တာမခံနိုင်၊ သူတို့လာသတ်လျှင် ကိုယ်ကလည်း ပြန်သတ်မယ်ဆိုပြီး

www.dhammaransi.com

ခါးစသော လက်နက်များကို ဝယ်ယူမည်ပြုနေသဖြင့် မနည်းတောင်းပန်ပြီး တားမြစ်နေရသည်။ ယခု ပြန်တွေးကြည့်မိသောအခါ ကျွန်ုပ်ကို ကျွန်ုပ်ပင် ပြန်၍အံ့ဩမိပါသည်။

အသက်နှစ်ဆယ် တက်ကြွသောအရွယ်ဖြစ်သော်လည်း ကျွန်ုပ်ကား ရန်လိုသောစိတ် လုံးလုံးမရှိဖြစ်နေခြင်းပင်။ မေတ္တာဘာဝနာ၏အစွမ်းပင်ဖြစ်ပါလိမ့်မည်။ ကျွန်ုပ် လက်သီးထိုး လက်ဝှေ့ဝါသနာပါသည်ကိုပင် သိနေသော ကိုရင်ပဒုမက-

"ဦးဇဝန၊ သူတို့ကလာသတ်တာကို ခုခံဖို့မပြင်ဆင်ဘူးဆိုရင် အသေခံတော့မလို့လား"

"ဟုတ်တယ်၊ အသေခံမယ်၊ တပည့်တော်မှာ သေရမယ့်ကံရှိရင် သေမှာပဲ၊ သေရမယ့်ကံမရှိရင် မသေဘူးပေါ့။ သူတို့ကို ရန်ပြုချင်တဲ့စိတ် မရှိဘူး"

"ဟာ... ဦးဇဝန ဘယ်လိုဖြစ်သွားတာလဲ၊ အရင်က ဒီလိုမဟုတ်ပါဘူး၊ မဟုတ်မခံစိတ်အပြည့်ပါ၊ ဘယ်လိုလုပ် ပြောင်းလဲသွားတာလဲ"

"အခုအရင်ကနဲ့မတူဘူး၊ ဟုတ်လည်းခံမယ်၊ မဟုတ်လည်း ခံမယ်၊ သူတော်ကောင်းစိတ်ဘက်ကို ပြောင်းလဲတာကတော့ စက္ကန့်နဲ့အမျှ ပြောင်းလဲနေလေ ကောင်းလေပါပဲ။ ဒါပေမယ့် မပူကြပါနဲ့၊ တပည့်တော်မှာ အားကိုးစရာမေတ္တာဘာဝနာရှိပါတယ်။ အရှင်ဘုရားတို့ စိတ်ထဲမှာရှင်းရှင်းထားပြီး ကိုယ့်စာကိုပဲ ကြိုးစားကြပါ"

မိတ်ဆွေများကား ကျွန်ုပ်အဖြစ်ကို ဘယ်လိုမှနားမလည်နိုင် ဖြစ်နေကြသည်။ မိတ်ဆွေများသာမဟုတ်။ ကျွန်ုပ်ကိုယ်တိုင်ပင် ကိုယ့်ကိုယ်ကို နားမလည်နိုင်အောင်ဖြစ်နေရသည် မဟုတ်ပါလော။ ကြည့်ပါ။ ကျွန်ုပ်၏ထူးခြားသောအတွေးတစ်ခု-

"သြော်... သူတို့ ငါ့ကိုသတ်ပြီးသွားမှ၊ သူတို့အပြစ်ကိုတိုင်တာ ငါမဟုတ်မှန်းသိသွားရင် သိပ်စိတ်ဆင်းရဲကြရမှာပဲ၊ သူတို့အပြစ် တိုင်တဲ့သူကို တစ်ရက်မဟုတ်တစ်ရက် သိကြရမှာပဲ၊ အဲဒီအချိန်ကျမှ ဦးဇဝနက တိုင်တဲ့သူဟာ သူမဟုတ်ကြောင်း ငါတို့ကိုရှင်းမပြလေခြင်းလို့ ငါ့အပေါ်မှာ အပြစ်တင်လာနိုင်တယ်"

ထိုသို့တွေးမိသည်နှင့် ကျွန်ုပ်က သူတို့ငါးပါးတွင် ခေါင်းဆောင်ဖြစ်သော ဗလတောင့်တောင့် ကိုရင်ကြီးနန္ဒဝံသကို ပြောစရာရှိလို့ဆိုပြီး သွားခေါ်လိုက်သည်။ သူတို့ရန်သူတစ်ယောက်က လာခေါ်သည်ဆိုသော

www.myanmarlanguage.com

အခါ သူတို့သည် ငါးပါးလုံးစုပြီး အသင့်ပြင်ကာ ကျွန်ုပ်နေသော ကျောင်းဆောင်ပေါ်သို့ တက်လာကြသည်။

ကျွန်ုပ်ကိုတွေ့သည်နှင့် သူတို့၏မျက်လုံးများက ဒေါသရောင်တောက်သွားကြသည်။ တိုက်အုပ်ဘုန်းကြီးက နှင်မထုတ်သေးလို့သာပေါ့ကွာ၊ နှင်ထုတ်တဲ့နေ့ဟာ မင်းသေတဲ့နေ့ပဲဟု မပြောသော်လည်း ပြောသကဲ့သို့ သူတို့အမူအယာက ခက်ထန်ကြမ်းတမ်းလှပါသည်။ ကျွန်ုပ်က နေရာထိုင်ခင်းပေးပြီးလျှင်-

"တပည့်တော် အရှင်ဘုရားတို့ကို ခေါ်တာက ရှင်းပြချင်လို့ပါ၊ အရှင်ဘုရားတို့အပြစ်ကို တိုင်စာပစ်တယ်ဆိုပြီး တပည့်တော်ကိုသတ်ဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။ တပည့်တော်ကလည်း ရဲရဲဝံ့ဝံ့ အသေခံမှာပါ။ ခုခံဖို့လည်း ဘာမှပြင်ဆင်မထားပါဘူး။ ဒီပြတင်းပေါက်ဘေးမှာ တပည့်တော်အိပ်ပါတယ်။ သတ်ချင်တဲ့အချိန်မှာ လာသတ်လို့ရပါတယ်"

သူတို့မျှော်လင့်မထားသောစကား ဖြစ်နေသောကြောင့် အားလုံးတွေဝေငေးမောသွားကြသည်။ ကျွန်ုပ်ကဆက်ပြီး-

"တပည့်တော်ရှင်းပြချင်တာကတော့ အရှင်ဘုရားတို့အပြစ်ကို တပည့်တော်တိုင်စာပစ်ဖို့နေနေသာသာ သိတောင်မသိရပါဘူးဘုရား။ တပည့်တော်ကိုသတ်ပြီးတဲ့အချိန်ကျမှ လူမှားသတ်မိမှန်းသိသွားရင် အရှင်ဘုရားတို့စိတ်ဆင်းရဲကြရမှာပါ။ ဦးဇဝနဟာ သူတိုင်တာမဟုတ်ရင်မဟုတ်တဲ့အကြောင်း စောစောကတော့ ကြိုပြီးရှင်းမပြဘူးဆိုပြီး တပည့်တော်အပေါ် အပြစ်မြင်နေမှာစိုးလို့ အခုလို ပွင့်ပွင့်လင်းလင်းခေါ်ပြီး ရှင်းပြရတာပါ။ တပည့်တော် သေရမှာမကြောက်ပါဘူး။ ချောက်ကမ်းပါးက တံတားကိုဖြတ်ကူးတဲ့အခါ တံတားကိုမကြည့်ဘဲ နမော်နမဲ့ ဘေးဘီကို ကြည့်ကူးခဲ့ရင် ချောက်ကမ်းပါးထဲ ကျတတ်ပါတယ်ဘုရား"

"သံသရာတံတားကို ဖြတ်ကူးကြတဲ့အခါမှာလည်း သူတစ်ပါးအပြစ်ကိုကြည့်နေရင် အောက်အပါယ်သံသရာချောက်ထဲကို ကျတတ်ပါတယ်ဘုရား၊ ကိုယ့်အပြစ်ကိုကြည့်ပြီး ပြုပြင်သွားမှ သံသရာချောက်က လွတ်မြောက်မှာပါဘုရား။ အခုလည်း အရှင်ဘုရားတို့ကို အပြစ်မမြင်ပါဘူး။ တပည့်တော်ရဲ့အတိတ်က မကောင်းတဲ့ကံကြောင့်ပဲလို့ ယူဆထားပါတယ်။ ပြုသူအသစ် ဖြစ်သူအဟောင်းလို့ ဘုရားဟော ရှိထားတာပဲဘုရား။ တပည့်တော် ဖြေတတ်ပါတယ်။ ကဲ... အရှင်ဘုရားများ ကြွလို့ရပါပြီဘုရား"

www.dhammaransi.com

သူတို့ တွေဝေငေးမောစွာဖြင့် ထွက်သွားကြသည်။ သူတို့၏ ချိတ်ကောက်ဖြင့် ကျွန်ုပ်ကိုလာချိတ်ကြသည်။ သို့သော် ကျွန်ုပ်တွင် ချိတ်ကောက်မရှိသဖြင့် သူကို့ချိတ်၍မရ။ ချိတ်ချိတ်ချင်းမှ ချိတ်လို့ရမည် မဟုတ်ပါလော။ ထို့ကြောင့်လည်း ရန်မလိုမှ ရန်ပြုသည်၊ ရန်လိုလျှင် ရန်ပိုသည် ဟူသော စကားပုံ ဖြစ်လာဟန်တူသည်။

ထိုနေ့မှစ၍ ကျွန်ုပ်သည် မေတ္တာဘာဝနာကို အထူးပွားနေမိသည်။ မေတ္တာဘာဝနာမှတစ်ပါး ကိုးကွယ်ရာမရှိဟူ၍ ခံယူထားသည် မဟုတ်ပါလား။ စကြဝဠာအနန္တကိုဖြန့်၍ ပို့နေကျဖြစ်သော မေတ္တာဓာတ်များကို ရန်ပြုမည့်ကိုယ်တော်ငါးပါးနှင့် အဆုံးအဖြတ်ပေးမည့် တိုက်အုပ်ဆရာတော်ထံ ရည်စူး၍ပို့လွှတ်လိုက်သည်။

တစ်တိုက်လုံးသံဃာများကလည်း သူတို့ငါးပါးကို တိုက်အုပ်ဆရာတော် နှင်ထုတ်မည့်နေ့နှင့် ကျွန်ုပ်ကို လုပ်ကြံသတ်ဖြတ်မည့်နေ့ကို စိုးရိမ်တကြီးစောင့်ကြည့်နေကြသည်။ ထိုငါးပါးကလည်း လုပ်ကြံသတ်ဖြတ်သည့်အခါ အသင့်ဖြစ်စေရန် ကျွန်ုပ်သွားလာနေထိုင်တတ်သည့် နေရာများကို စနစ်တကျ စုံစမ်းမှတ်သားနေကြောင်း ကြားသိရသည်။

တစ်ရက် ရှိသွားပြီ။ ဘာမှမထူးခြားသေး။ နှစ်ရက် ရှိသွားပြီ။ တိုက်အုပ်ဆရာတော် ဘာမှမပြောသေး။ ကျွန်ုပ်ကား ဘာကိုမှ ဂရုမစိုက်တော့ မေတ္တာကိုသာ စူးစိုက်ပို့နေလိုက်သည်။ တိုက်အုပ်ဆရာတော်သည် နှင်ထုတ်သင့်,မသင့်ကို အတော်ချင့်ချိန်နေဟန်ရှိသည်။ သုံးရက်မြောက်ည ဘုရားဝတ်တက်ပြီးသည်နှင့် စာချဆရာတော်တစ်ပါးက-

သေဘေးဖယ်ရှား ဩဝါဒတရား

"သံဃာတော်များအားလုံး ခဏသီတင်းသုံးကြပါဦး။ တိုက်အုပ်ဆရာတော် ဩဝါဒပေးဖို့ ကြွတော်မူလိမ့်မယ်"

ဟု အမိန့်ရှိလိုက်သဖြင့် (၇၀)ကျော်သော စာသင်သား သံဃာတော်များအားလုံး ငြိမ်ကျသွားကြသည်။ ရင်တထိတ်ထိတ်နှင့် စောင့်ရသောရက်ကား ရောက်လာပြီမဟုတ်ပါလား။ ခဏအကြာတွင် တိုက်အုပ်ဆရာတော် ကြွလာတော်မူပြီး အသင့်ချထားသောထိုင်ခုံပေါ်တွင် ထိုင်တော်မူလိုက်သည်။ ဆရာတော်၏သမာဓိအရှိန်ကြောင့် သံဃာတော်များကား မော်၍ပင်မကြည့်ဝံ့ကြ။

www.dhammaransi.com

တည်ကြည်ခန့်ငြားသောမျက်နှာတော်ကို ငြိမ်းအေးသော အမူအယာဖြင့် နှုတ်ခမ်းသတ်ထားသည်။ ဆရာတော်က သံဃာတော်များကို တစ်ချက်ဝေ့၍ကြည့်လိုက်ပြီးလျှင်-

"အရှင်ဘုရားတို့ကို တာဝန်နဲ့ ဝတ္တရားအကြောင်း ခွဲခြားပြောပြချင်တယ်။ တွဲသုံးနေကြပေမယ့် အဓိပ္ပာယ်ချင်းက မတူဘူး။ မလုပ်ဘဲနေလို့မရတာက တာဝန်၊ စွမ်းနိုင်ရင်လုပ် မစွမ်းနိုင်ရင် မလုပ်ဘဲနေနိုင်တာက ဝတ္တရား၊ သာသနာ့ဘောင်မှာဆိုရင် ဂန္ထဓုရ - စာပေ ပို့ချသင်ကြားခြင်းအလုပ်၊ ဝိပဿနာဓုရ - ဝိပဿနာတရား ပွားများအားထုတ်ခြင်းအလုပ်ဟာ ရဟန်းတစ်ပါးအတွက် မလုပ်မဖြစ်လုပ်ရမယ့်တာဝန်ပဲ"

"စာပေ သို့မဟုတ် တရား အားသန်ရာလုပ်နိုင်တယ်၊ မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ စသောဝတ္တရားများကတော့ စွမ်းနိုင်ရင်လုပ်၊ မစွမ်းနိုင်ရင်လည်း မလုပ်ဘဲနေနိုင်တဲ့ ဝတ္တရားပဲ။ စာပေ၊ တရား တစ်ခုမှမလုပ်ဘဲ သာသနာ့ဘောင်မှာ အိပ်ကာ,စားကာနဲ့နေမယ်ဆိုရင် အဲဒီကိုယ်တော်မှာအကြွေးတင်ပြီး အဲဒီအကြွေးကို နောက်ဘဝမှာ ခန္ဓာနဲ့ဆပ်ရမယ်"

ပစ္စည်းလေးပါး လှူဒါန်းခဲ့တဲ့ အလှူရှင်တွေအိမ်မှာ မြင်းတွေ၊ နွားတွေ၊ ကျွဲတွေ ဖြစ်ကြရတယ်။ ပါရာဇိကဏ်ပါဠိတော်ကလာတဲ့ ရဟန်းပြိတ္တာတွေအကြောင်း နည်းနည်းပြောပြမယ်။ တစ်ခါတော့ အရှင်မောဂ္ဂလာန်မထေရ်မြတ် ဆွမ်းခံကြွရင်းနဲ့တွေ့လာတဲ့ ပြိတ္တာတွေအကြောင်း ဘုရားရှင်ကို လျှောက်ထားတယ်"

"အဲဒီပြိတ္တာတွေဟာ မီးဟုန်းဟုန်းတောက်လောင်နေတဲ့ သင်္ကန်းတွေကို ဝတ်ထားကြရတယ်။ မီးဟုန်းဟုန်းတောက်လောင်နေတဲ့ သပိတ်တွေကိုပိုက်ပြီး မရပ်မနား အော်ဟစ်ပြေးလွှားနေကြရတယ်။ သူတို့ရဲ့ခေါင်းထဲမှာရှိတဲ့ ဦးနှောက်တွေကိုလည်း ကြီးမားလှတဲ့ ကျီးတွေ ငှက်တတွေကလိုက်ဖောက်ပြီး စားကြတယ်။ ဦးနှောက်တွေကုန်ရင် သေသွားတယ်။ အကုသိုလ်မကုန်သေးတော့ ချက်ချင်း အကောင်းပြန်ဖြစ်ပြီး ဆက်ပြေးလွှားနေကြရပြန်တယ်"

"အဲဒီပြိတ္တာတွေဟာ အရင်ဘဝတုန်းက ကဿပမြတ်စွာဘုရားသာသနာနောက်ပိုင်းမှာ ရဟန်းဝတ်ခဲ့ကြတယ်။ စာပေ၊ တရား တစ်ခုမှမလုပ်ဘဲ အိပ်ကာစားကာ သက်သာသလို နေခဲ့ကြလို့ ခန္ဓာနဲ့ အကြွေးဆပ်နေရကြောင်း ဗုဒ္ဓက ဟောပြတော်မူခဲ့တယ်"

www.dhammaransi.com

"ဒါ့ကြောင့် သာသနာ့ဘောင်နေစဉ်အတွင်းမှာ အကြွေးမတင်အောင် တာဝန်တစ်ခုခုကို အချိန်ပြည့်ထမ်းဆောင်နေကြရမယ်၊ မထမ်းဆောင်နိုင်ဘူး၊ မထမ်းဆောင်ချင်ဘူးဆိုရင်တော့ လူထွက်တာပဲကောင်းတယ်။ ထိုင်နေကောင်းသား၊ ထသွားမှကျိုးမှန်းသိဆိုတဲ့ စကားအတိုင်း လူ့ဘဝနေရ အကောင်းသား၊ သင်္ကန်းဝတ်ကာမှ အကုသိုလ်ပိုကြီးနေတယ်ဆိုရင် မသင့်တော်ဘူး"

"လူ့ဘဝက ကိုယ့်ဥစ္စာကိုယ်စားနေတာဆိုတော့ မဟုတ်တာလုပ်ရင် ခွဲတန်းကျ ခံသင့်သလောက်ပဲခံရမှာ ရဟန်းဘဝဆိုတာကတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးလုံး ကိုယ့်ဥစ္စာတစ်ခုမှ မပါဘူး။ သူများဥစ္စာ သူများလှူထားတာချည်းပဲ"

"သူတစ်ပါး ဦးဦးဖျားဖျား မြတ်မြတ်နိုးနိုး လှူထားတာတွေ သုံးဆောင်မှီဝဲပြီး မကောင်းတာလုပ်မယ်ဆိုရင်တော့ လူ့ဘဝကထက် နှစ်ဆပိုပြီး ခံကြရလိမ့်မယ်။ အဲဒီတော့ အရှင်ဘုရားတို့ကို နိဂုံးချုပ် မှာချင်တာကတော့ မောဟမကင်းသူ လူတိုင်းဟာ အမှားနဲ့ဆက်ဆံနေတယ် ဆိုတဲ့ စကားအတိုင်း မှားပြီးသားသံဃာများက နောက်မမှားအောင် ဆင်ခြင်ပြီးနေထိုင်ပါ"

"မမှားသေးတဲ့သူများကလည်း အဲဒီအမှားမျိုး ငါတို့သန္တာန်မှာ မဖြစ်စေရဘူးဆိုပြီး သင်ခန်းစာယူ နေထိုင်ကြပါ။ မိမိမှာ အစွမ်းအစမရှိလို့ သာသနာဂုဏ်တက်အောင် မလုပ်နိုင်ချင် နေပါစေ၊ အရေးကြီးတာက မိမိတစ်ယောက်အတွက်နဲ့ သာသနာဂုဏ်မပျက်ဘို့ အထူးဂရုစိုက်နေထိုင်ကြပါလို့ တိုက်တွန်းရင်း ယနေ့ညဩဝါဒကို နိဂုံးချုပ်လိုက်ပါတယ်"

တိုက်အုပ်ဆရာတော် ဦးပရမ၏ ဩဝါဒအဆုံးတွင် သံဃာတော်များထံမှ ဝမ်းမြောက်ဝမ်းသာ သာဓုသံသုံးကြိမ် ထွက်ပေါ်လာသည်။ ထိုကိုယ်တော်ငါးပါးလည်း နှင်ထုတ်မခံရသလို ကျွန်ုပ်သည်လည်း လုပ်ကြံသတ်ဖြတ်ခံရမည့်ဘေးက ကင်းလွတ်လာခြင်းသည် ကျွန်ုပ် ပွားများပို့သနေသော မေတ္တာဘာဝနာမှတစ်ပါးအခြား မည်သည့်အကြောင်းကြောင့် ဖြစ်နိုင်ပါမည်နည်း။

ဤနေရာ၌ တောင်သာမြို့၊ သာသနာ့မူလိကာရာမ၊ ကျောင်းသစ်ကျောင်းစာသင်တိုက် တိုက်အုပ်ဆရာတော် ဦးပရမ၏ ဩဝါဒနည်းတူ ရဟန်းသံဃာအားလုံးအတွက် သံတိသံဝေဂရစရာကောင်းလှသောစစ်ကိုင်း၊ ဝတ်ချက်မင်းကျောင်းဆရာတော်ကြီး၏ ဩဝါဒကို ရှာဖွေဖော်ပြလိုက်ပါသည်။

## ဒကာကအထက် ဘုန်းကြီးကအောက်

"ဘုရားလက်ထက်တုန်းက ကပိလဝတ်ပြည်က ဂေါပိကာ ဆိုတဲ့ သာကီဝင်အမျိုးသမီး သေသွားတော့ သိကြားမင်းကြီးရဲ့သား အလွန်တန်ခိုးကြီးတဲ့ ဂေါပကနတ်သားသွားဖြစ်တယ်"

"သူ့အိမ်မှာဆွမ်းခံနေတဲ့ ကိုယ်တော်ကြီးသုံးပါးက ကဟဲ့၊ ဆိုဟဲ့ ဆိုတဲ့ ဂန္ဓဗ္ဗ နတ်ကချေသည်တွေ သွားဖြစ်တယ်။ ဒါသက္ကပဉှာသုတ်မှာ ဒီဟေမဝတသုတ်က ဝိနည်းမိုရ်ကိုယ်တော်ကြီးနှစ်ပါးလည်း ဒီအတိုင်း ဖြစ်ကြတယ်"

"သူတို့ရဲ့ပစ္စည်းလေးပါး ဒါယကာဒါယိကာမတွေက အထက်နတ်ပြည်မှာ၊ သူတို့ကတော့ နတ်ဘီလူးကြီးတွေ၊ ဒါ့ကြောင့် ဝတ်ချက်မင်းကျောင်းဆရာတော်က အလှူတစ်ခုမှာဟောတယ်"

"အခု မင်းတို့က အောက်ကနေပြီးတော့ စေတနာသုံးတန် ထက်သန်စွာနဲ့ ဟောဒီသင်္ကန်းတွေ၊ ထီးတွေ၊ ဖိနပ်တွေက နိဗ္ဗာန်လက်ဆောင်တွေကွ။ မင်းတို့က ဝမ်းပန်းတသာလှူလိုက်တော့ အခုမင်းတို့က အောက်မှာထိုင်နေရပေမယ့်လို့ နောက်ဘဝကျရင် အထက်အထက်ဖြစ်တဲ့ တာဝတိံသာ ယာမာအရပ်မှာ သေချာတယ်"

"အေး… အခု သံဃာစင်ပေါ်မှာ အမြင့်ကနေကြတဲ့ တို့တစ်တွေကတော့ မင်းတို့လှူလိုက်တဲ့ ပစ္စည်းလေးပါးကိုစွဲရင် အခု အပေါ်က နေပေမယ့်လို့ အင်း… စွဲလမ်းတပ်မက်လို့ရှိရင်တော့ အောက်ရောက်ဖို့ သေချာတယ်"

ဝတ်ချက်မင်းကျောင်းဆရာတော်က ဒီလိုဟောတာ သံဃာစင်ပေါ်က ပုဂ္ဂိုလ်က အောက်ရောက်လို့ မကျွတ်ဘူးဆိုရင် ကမ္မဝါဖတ်လို့လည်းမရဘူး။ ပရိတ်ဆိုလည်း သူက အရင်ရွတ်တယ်။ ကြားဖူးကြမှာပေါ့။ ဘယ်မှာ ဘယ်မှာဆိုတာ။ *(တိပိဋကဟောစဉ် ပ-တွဲ ၂၂၁၊ ၂၂၂)*

## ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်း

ကုသိုလ်တရားဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် ယောနိသောမနသိကာရ = အကောင်းမြင်ဝါဒရှိခြင်းဖြစ်၍ အကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် အယောနိသောမနသိကာရ = မကောင်းမြင်ဝါဒဖြစ်ကြောင်း ဗုဒ္ဓ[illegible]သည်။ အကောင်းမြင်ဝါဒ

www.dhammadownload.com

ကြောင့် ကုသိုလ်ဖြစ်ရပုံ၊ စိတ်ချမ်းသာရပုံနှင့် မကောင်းမြင်ဝါဒကြောင့် အကုသိုလ်ဖြစ်ပုံ၊ စိတ်ဆင်းရဲရပုံကို စိတ်ပညာကျမ်းက ပုံစံလေးတစ်ခု ထုတ်ပြထားပုံမှာ မှတ်သားကျင့်ကြံဖွယ် ကောင်းလှသဖြင့် ထုတ်ဖော်ပြလိုက်ပါသည်။

စိတ်ပညာကျမ်းများ၌ အကောင်းမြင်ဝါဒကို အပြုစိတ်ထား၊ မကောင်းမြင်ဝါဒကို အပျက်စိတ်ထားဟု သုံးနှုန်းပါသည်။ အပျက်စိတ်ထားရှိသော အိမ်ထောင်ဦးစီးတစ်ယောက်သည် ညနေပိုင်း အလုပ်ကပြန်လာသော အခါ သူ့အခန်းထဲတွင် ဖလ်ခွက်တစ်ခွက်ဖြင့် ဖျော်ရည်တစ်ဝက် ထည့်ထားသည်ကို တွေ့လိုက်ရသည်။ သူသည် ဖျော်ရည်တစ်ဝက် ထည့်ထားသော ဖလ်ခွက်ကိုကြည့်ပြီး-

"အလကား သားမယားတွေ... အိမ်ထောင်ဦးစီးတစ်ယောက် အပေါ်မှာ ဘာမှစေတနာမထားကြဘူး။ တကယ်ဆို ဒီဖျော်ရည်ကို ငါလာမှ ဖျော်သောက်သင့်တယ်။ ချန်ထားတယ်ဆိုရင်လည်း ဖလ်ခွက်အပြည့်တော့ ချန်ထားသင့်တာပေါ့။ အခုတော့ တစ်ဝက်ပဲချန်ထားတယ်။ ကျေးဇူးမသိတဲ့ဟာတွေ ငတ်သေကြပါစေ"

ဟု ဒေါသဖြင့်ကျိန်ဆဲပြီးမှ ဖျော်ရည်ကိုသောက်ရသဖြင့် အာဟာရ သိပ်မဖြစ်တော့ဘဲ အကုသိုလ်သာ ဖြစ်ရပေတော့သည်။ တစ်ဖန် အပြုစိတ်ထားရှိသောအိမ်ထောင်ဦးစီးတစ်ယောက်သည်လည်း အလုပ်မှပြန်လာရာ တစ်ဝက်သာထည့်ထားသော ဖျော်ရည်ခွက်ကို တွေ့ပြန်ရာ ထိုသူက ဖျော်ရည်ခွက်ကို ကြည့်ပြီး-

"ဩော်... ကျေးဇူးသိတတ်တဲ့ သားမယားတွေပါလား၊ ဖအေကြီးမရှိတုန်း ဖျော်ရည်ဖျော်သောက်တာတောင်မှ သတိတရချန်ထားဖော်ရကြတယ်။ မိသားစုအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ"ဟု မေတ္တာပို့ပြီးမှ ဖျော်ရည်ကိုသောက်ရသဖြင့် ကုသိုလ်လည်းရပြီး ကျန်းမာရေးကိုထောက်ပံ့သော အာဟာရကိုလည်း ဖြစ်စေလေသည်။

အပျက်စိတ်ထား မကောင်းမြင်ဝါဒ ရှိသူများအတွက် အရိယာရဟန္တာများကိုတွေ့ရလျှင်ပင် ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်သည်ဟု ဆိုလျှင် စာရှုသူစိတ်ထဲတွင် ဟုတ်ပါ့မလားဟု သံသယဝင်လာနိုင်သဖြင့် ဗုဒ္ဓလက်ထက်က အတုလျှအမည်ရှိ ဒကာတစ်ယောက်အကြောင်းကို တင်ပြပါမည်။ ထိုဒကာသည် တရားနာလိုသောဆန္ဒရှိသဖြင့် ရှားတောတွင် သီတင်းသုံးနေသော ရဟန္တာဖြစ်သည့် ရှင်ရေဝတထံ သွားလေသည်။

www.dhammadownload.com

ရှင်ရေဝတကား စကားနည်းပြီး တရားဟောလေ့ဟောထ မရှိသဖြင့် သမာပတ်ဝင်စားရင်း အဖူးအမြော်သာခံသဖြင့် အပျက်စိတ်ထားရှိသော အတုလျဒကာက-

"အလကား လျှာမရှိတဲ့ငါးလို ဘာတရားမှလည်း မဟောတတ်ဘူး။ လူချင်းမတူတဲ့ကိုယ်တော်ပါ"ဟု ကဲ့ရဲ့ပြစ်တင်ပြီး ထွက်သွားလေသည်။ မကောင်းမြင်ဝါဒရှိသူအတွက် ရဟန္တာကိုဖူးတွေ့ရသော်လည်း ကုသိုလ်တစ်စက်မှမရဘဲ အကုသိုလ်သာဖြစ်ရပေသည်။ ထိုအချက်ကိုရည်ရွယ်၍ မန်လည်ဆရာတော်က-

"ခပဲထွေပြား၊ ဤလူများ၌၊
စကားနည်းသူ၊ ထိုသည့်လူကို၊
မတူလူချင်း၊ နှုတ်ဟင်းလင်းနှင့်၊
ခံတွင်းမဟ့်၊ လျှာမဲ့ငါးယောင်၊
အရောင်တုံ့ချက်၊ မငက်ငက်ဟု၊
အမျက်စောင်းမဲ့၊ ဆိုကဲ့ရဲ့၏"

ဟု စပ်ဆိုတော်မူထားပေသည်။ ထိုမှပြန်လာပြီး အရှင်သာရိပုတ္တရာထံ ရောက်သွားရာ မထေရ်မြတ်က အပါယ်မျိုးစေ့ သက္ကာယဒိဋ္ဌိကြီး ကွာရန်အတွက် ခန္ဓာ၊ အာယတန စသောအဘိဓမ္မာတရားကို ပြည့်ပြည့်စုံစုံ ဟောပေးတော်မူပါသည်။ ထိုဒကာကား တရားဟောပေးသော မထေရ်မြတ်ကို ကျေးဇူးဆပ်ပုံမှာ-

"ဒီကိုယ်တော်ကြီးတရားကလည်း ရှည်လိုက်တာ၊ ထန်းရွက်လေခတ်လို့ တငွတ်ငွတ်မြည်နေသလိုပြီးပဲ မပြီးနိုင်ဘူး။ ပါးစပ်က အမြှုပ်ထွက်အောင်လေရှည်တဲ့ကိုယ်တော် ဒီတစ်ခါပဲ တွေ့ဖူးတယ်" ဟူ၏။ မန်လည်ဆရာတော်က ထိုအချက်ကို ရည်၍-

"ကျယ်ဖွဲ့စကား၊ များလှအားလည်း၊
ဖွားဖွားသက်သက်၊ အမြှုပ်ထွက်အောင်၊
ထန်းရွက်လေခတ်၊ တငွတ်ငွတ်ဟု၊
ရေရွတ်မဲ့ရွဲ့၊ ဆိုကဲ့ရဲ့၏။"

ဟု စပ်ဆိုပြထားပေသည်။ တစ်ဖန် အရှင်အာနန္ဒာထံရောက်သွားပြီး ရှင်ရေဝတက တရားမဟောပုံ၊ အရှင်သာရိပုတ္တရာက အရှည်ကြီးဟောပုံတို့ကို လျှောက်ထားသဖြင့် အရှင်အာနန္ဒာက မတိုမရှည် သင့်တော်ရုံ တရားတစ်ပုဒ်ကို ဟောကြားပေးလိုက်ရာ ထိုအတုလျဒကာ တရား

www.dhammaransi.com

ရပြီး ကုသိုလ်တွေတိုးပွားသွားပြီဟု ထင်ပါသလား။ ဝေးစွ။ မကောင်းမြင် ဝါဒရှိသူအတွက် ကုသိုလ်တရားဖြစ်ပွားရန် မြေပြင်နှင့် ကောင်းကင်၊ သမုဒ္ဒရာဟိုဘက်ကမ်းနှင့်ဒီဘက်ကမ်းလိုပင် ဝေးကွာလွန်းလှပါသည်။

အရှင်အာနန္ဒာ၏ တရားအဆုံးတွင် ထိုဒကာ ပြောလိုက်သော စကားကား-

"တရားဟောတာများဗျာ၊ စကားကိုတွန့်တိုနေလိုက်တာ၊ ကုန် သွားမှာကျနေတာပဲ၊ စကားတစ်ခွန်း ရွှေတစ်ကျပ်သားပေးနေရတာ ကျလို့ နှိုင်းနှိုင်းချိန်ချိန်နဲ့ ဟောနေလိုက်တာ" ဟူ၏။ နောက်ဆုံး ဘုရား ထံပါး ရောက်သွားပြီး ထိုအကြောင်းများကို လျှောက်ထားရာ ဗုဒ္ဓက ထိုသို့သာ အပြစ်ရှာမည်ဆိုလျှင် မည်သူမှအပြစ်ကင်းသူဟူ၍ရှိမည် မဟုတ်ကြောင်း မိမိမှာသာ အကုသိုလ်ပွားများမည်ဖြစ်ကြောင်း ဆုံးမ တော်မူလိုက်ပါသည်။

ထိုအကြောင်းကို မန်လည်ဆရာတော်က-

"နှိုင်းယှဉ်သောအား၊ စကားမမည်၊
တိုရှည်သင့်ရုံ၊ ပြောပါတုံလည်း၊
နိတုံနိက္ခ၊ ရွှေပေးရသို့၊
မျှတအကယ်၊ ကုန်နိုးဖွယ်ဟု၊
လူဝယ်နှုတ်ရွဲ့၊ ဆိုကဲ့ရဲ့၏၊
ပြစ်ဖွဲ့ဆိုတင်း၊ ကဲ့ရဲ့ခြင်းမှ၊
လွတ်ကင်းသည့်သူ၊ မရှိဟူရှင့်"

ဟူ၍ စပ်ဆိုသတိပေးတော်မူခဲ့ပေသည်။ ထိုသဘောမျိုး သက် ရောက်သောလင်္ကာတစ်ပုဒ်ကို ကျွန်ုပ် ကိုရင်ဘဝ၊ တောင်သာမြို့နယ်၊ ပန်းတောရွာ၊ ခန်းနေဦးပဥ္စင်း ဦးနန္ဒိယ၏အခန်းထဲတွင် ရေးထားသည် ကိုတွေ့ရသဖြင့် ကျက်မှတ်ထားသည်မှာ-

## အပြစ်မြင်သူများသို့

"ရယ်ရယ်မောမော၊ ဝင်ကာပြောတော့၊
လူပေါ်ကြီးဟုထင်ကြသည်၊
ရောနှောမဝင်၊ တည်ပြန်လျှင်၊
ဘဝင်မြင့်သည်၊ ဆိုပြန်သည်၊
ခေါ်ထူးမေးမြန်း မှန်မှန်နေကာ၊

www.dhammadownload.com

ဆိုလေအတင်း၊ ကုတ်ကမြင်း
သို့ ပတ်ဝန်းကျင်၊
ဝေဖန်ရှင်တို့၊
သင့်အလိုကျ၊ ဖြစ်စေရမည်၊
သဘောအမှန်၊ မောမခံနှင့်၊
ပြောရန်ရင်တွင်း၊
လက်ကျန်အတင်းကို၊
စာရင်းကလေး ပြုပေးပါ။"

ဟူ၍ဖြစ်သည်။ မကောင်းမြင်ဝါဒရှိသဖြင့် အမြဲတမ်း ဒေါသဖြစ်နေရသော ကျောင်းထိုင်ဘုန်းကြီးတစ်ပါးအကြောင်းကို ကြားခဲ့ရဖူးသည်။ တစ်ခါတွင် ကိုရင်တစ်ပါး ကျောင်းပေါ် လမ်းလျှောက်ရာ အသံထွက်သွားသဖြင့်-

"အလကား သူတောင်းစားဖြစ်ပြီး ဆင်းရဲမယ့်ကောင်၊ ခြေသွားတာသိပ်ကြမ်းတာပဲ"ဟူ၍ ဒေါသထွက်ကာ ကြိမ်းမောင်းလေသည်။ နောက်တစ်ရက်တွင်ကား ကိုရင်က အသံမထွက်အောင် ခြေဖျားထောက်ပြီး ဖွဖွလေးသွားရှာသည်။ အပြစ်ကား မလွတ်။ မကောင်းမြင်ဝါဒရှိသော ထိုဘုန်းကြီးက-

"အလကားကောင်၊ သွားတာကိုက သူခိုးသွား သွားနေတယ်"ဟု ဒေါသထွက်ပြီး ကြိမ်းမောင်းသည်သာ ဖြစ်ပါ၏။ တိရစ္ဆာန်ငယ်တို့၏ အသားကိုစားချင်သဖြင့် အပြစ်ရှာသော ခြသေ့်ကြီးတစ်ကောင်အကြောင်း ပုံပြင်ကို သတိရမိသည်။ တစ်ခါတွင် ကေသရာဇာခြသေ့်ကြီးတစ်ကောင်ကို မြေခွေး၊ မျောက်၊ ယုန် သုံးကောင်တို့က တပည့်ခံပြီး ခစားလျက်ရှိသည်။

တစ်နေ့တွင် အစာရှာမရသဖြင့် သူ့တပည့်တွေကို ပြန်စားရန် ခြသေ့်ကြီးက အကွက်ဆင်လိုက်သည်မှာ သူ့ပါးစပ်ကြီးကို ဖွင့်ပြီး မျောက်အား နမ်းကြည့်ခိုင်းလိုက်သည်။ ပြီးလျှင် ဘာနံ့ရသလဲဟု မေးလိုက်ရာ ခြသေ့်ကြီး၏အကြံကိုမသိသော မျောက်က-

"ပုပ်စော်နံတယ်"

"ဘာ… ငါလိုခြသေ့်ရဲ့ပါးစပ်ကို ပုပ်စော်နံတယ်လို့ပြောရသလား"

ဟုဆိုကာ မျောက်ကို စားပစ်လိုက်လေတော့သည်။ မြေခွေးနှင့် ယုန်ကား မျောက်၏အဖြစ်ကိုကြည့်ပြီး ထိတ်လန့်နေကြသည်။ ခြသေ့်

ကြီးကား ဝသေးဟန်မတူ။ မြေခွေးကို ပါးစပ်ဟပြ နမ်းခိုင်းပြီး မေးခွန်း ထုတ်ပြန်သည်။

"အသင်မြေခွေး၊ ဘာအနံ့ရသလဲ"

မြေခွေးသည် မျောက်၏အဖြစ်ဆိုးကို မြင်ထားပြီဖြစ်သောကြောင့်

"မှန်ပါ၊ မွှေးကြိုင်သင်းပျံ့နေကြောင်းပါ" ဟု ဖြေလိုက်ရာ အပြစ် ရှာနေသော ခြင်္သေ့က-

"ဘာ... ငါလိုခြင်္သေ့မင်းဆီမှာ ခစားနေတဲ့သူက ဘာလို့ မဟုတ် မမှန်တာတွေ လိမ်ပြောနေရတာလဲ"ဆိုကာ စားပစ်လိုက်ပြန်လေသည်။ နောက်ဆုံးကျန်နေသော ယုန်လေးကိုလည်း ပါးစပ်ကို နမ်းခိုင်းပြီး-

"အသင်ယုန်၊ ငါ့ပါးစပ်က ဘာနံ့ရသနည်း"

မည်သည့်အဖြေကိုဖြေဖြေ မလွတ်တော့သည်ကိုသိသော ယုန်က ပညာရှိပီပီ-

"အို... ခြင်္သေ့မင်းကြီး၊ ကျွန်ုပ် နှာစေးနေ၍ ဘာနံ့မှမရပါ"ဟု ဖြေလိုက်ရာ ခြင်္သေ့ကြီးမှာ စားဖို့အခက်တွေ့သွားသည်ဟူ၏။ ဤပုံပြင် ကို ဥပမာထားပြီး ယခုခေတ်တစ်ချို့လူများက မည်သို့ပြောပြော အပြစ် မလွတ်သည့်အခါမျိုးတွင် နှာစေးနေတာပဲ ကောင်းပါတယ်ဟု ပြောလေ့ ရှိကြသည်။

## ကိုယ့်ကိုယ်ကို သတ်နေသူများ

မကောင်းမြင်ဝါဒရှိသူများကို ကိုယ့်ကိုယ်ကို တဖြည်းဖြည်း ညှဉ်း၍ သတ်နေသူများဟုဆိုသင့်ပေသည်။ မကောင်းမြင်ဝါဒရှိသူများအတွက် ဒေါသအမြဲတမ်းဖြစ်နေရသည်။ ထိုဒေါသသည် ပူလောင်၏။ အဘယ်မျှ ပူလောင်သနည်းဆိုလျှင် တစ်ချို့သောနတ်များသည် ဒေါသမီးလောင်၍ ချက်ချင်းသေသွားကြရသည်။

လူများ၏ရုပ်ကား ကြမ်းတမ်းသောကြောင့် ချက်ချင်းကားသေမသွား။ သို့သော် ဒေါသက သူ့ကိုကြာကြာလက်ခံသော လူသားအား သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်၊ နှလုံးစသော ရောဂါများကို တည်းခိုခလက်ဆောင် အဖြစ် ပေးခဲ့သည်။

မကောင်းမြင်ဝါဒကြောင့် အမြဲတစေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရသော ဒကာတစ်ယောက်ကို တွေ့ဖူးသည်။ ကျွန်ုပ်ကို သိက္ခာ ထပ်သော ရဟန်းဒကာများထဲမှ တစ်ယောက်ပင်ဖြစ်ပါ၏။ သူသည်

www.dhammaransi.com

ရဟန်းဒကာဟူသောအမည်ကို အချောင်ရလိုက်ခြင်းသာဖြစ်၏။ ကျွန်ုပ်ကို သိကျွမ်းထပ်သောအချိန်က သူသည် ဘာစီးပွားရေးမှ မလုပ်နိုင်တော့သော နာတာရှည် 'ဘ'သုံးလုံးသမား ဖြစ်နေလေပြီ။

'ဘ'သုံးလုံးကား ဘိုင်ကျ၊ ဘေးထိုင်၊ ဘုပြောတို့ပင် ဖြစ်ပါ၏။ သူ့အမျိုးသမီးသည်သာလျှင် စီးပွားရေးကို ယောကျ်ားတစ်ယောက်လို ကုန်းရုန်းရှာဖွေနေရချိန်ဖြစ်ပါ၏။ ကျွန်ုပ်နှင့်တွေ့စအချိန်က သူတို့သည် အိမ်မီးလောင်ခံထားရသောအချိန်ဖြစ်၍ ကိုယ်ပိုင်အိမ်ရာပင် မရှိသေးဘဲ အိမ်ငှားနေနေရသောအချိန်ပင်။

ကျွန်ုပ်ကိုအကြောင်းပြုပြီး ဒါနမျိုးစုံပြုရင်းကပင် ကံတက်လာကာ ကိုယ်ပိုင်အိမ်ခြံမြေသာမက အပိုမြေကွက် လေးငါးဆယ်ကွက် ဝယ်နိုင်သည်အထိ ကြီးပွားတိုးတက်လာခဲ့သည်။ အထက်အညာဒေသ ချောင်းများသည် နွေအခါရေခန်းပြီး သဲများသာရှိတော့သည်။ ထိုသဲများကို တစ်တောင်ခန့် လက်နှင့်ယက်လိုက်လျှင် ကြည်လင်အေးမြသောရေများ တစ်မိုက်ခန့် ထွက်လာသည်။

ထိုတွင်းလေးများကို လက်ယက်တွင်းဟု ခေါ်သည်။ ထိုရေကို အုန်းမှုတ်ခွက်လေးများနှင့်ခပ်ယူပြီး သောက်ရေအဖြစ် အသုံးပြုကြရသည်။ ထိုလက်ယက်တွင်းမှ ရေတစ်မိုက်ခန့်သည် ခပ်ယူလိုက်လျှင်လည်း လျော့မသွား တစ်မိုက်ခန့်က အမြဲရှိနေသည်။ တစ်ဖန် ကုန်မှာစိုး၍ မခပ်ဘဲထားလျှင်လည်း တိုးမလာ၊ တစ်မိုက်ခန့်ပင် ရှိနေသည်။

ထိုဥပမာအတိုင်းပင် သာသနာအတွက်လိုအပ်သောနေရာတွင် ဒါနပြုလိုက်လျှင် သိသာအောင်လျော့မသွား တစ်နည်းနည်းဖြင့် ငွေက ပြန်ဝင်လာသည်။ ပိုတိုးအောင်ဆိုပြီး မလှူဘဲထားလျှင်လည်း ပိုတိုးမလာ အရင်အတိုင်းပင် ရှိနေသည်။ ထိုအချက်ကိုသိထားသော သူ့ဇနီးက-

"ဦးပဥ္စင်းလှူလို့ ကုန်သွားတယ်ဆိုတာမရှိဘူး။ တပည့်တော် အခုလက်တွေ့မို့ ပိုယုံနေတယ်။ ဒါကြောင့် ဦးပဥ္စင်းလိုတာ တပည့်တော်ကို ပြောပါ။ တပည့်တော်ဆီ အလှူခံတာကိုက တပည့်တော်ကိုချမ်းသာအောင် စောင့်ရှောက်တယ်လို့ယူဆပြီး အင်မတန်မှဝမ်းသာရပါတယ်ဘုရား"

ဟု ကျွန်ုပ်ကို အားရပါးရလျှောက်ထားသလို လိုအပ်သမျှကိုလည်း အားရပါးရလှူဒါန်းပါသည်။ သူ့ဒကာကား သဒ္ဓါတရားမရှိ၊ မတတ်သာလို့သာကြည့်နေရသည်။ ထို့ကြောင့် သူ့အမျိုးသမီးက

www.myanmarbook.com

သိက္ခာထပ်လို့သာ ရဟန်းဒကာအမည်ရလာသည်။ သူသဒ္ဒါကား ရဟန်းဒကာဟူသောအမည်နှင့်ပင် ထိုက်တန်မှုမရှိ။

ကျွန်ုပ်နှင့်တိုက်ရိုက်ပတ်သက်သော သူတို့ဇနီးမောင်နှံ၏အကြောင်းသည် အလွန်စိတ်ဝင်စားစရာကောင်းသည်။ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သူတိုင်း အရေးတကြီးသိသင့်သည်။ ရှောင်စရာ၊ ဆောင်စရာ၊ သင်ခန်းစာယူစရာတွေများစွာပါသဖြင့် ကျွန်ုပ်အသက် (၂၅)နှစ်မှစ၍ သူတို့ဇနီးမောင်နှံနှင့်ပတ်သက်၍ သိသမျှကို ကောင်းဆိုးမကျန် တိတိကျကျ ရေးသားတင်ပြမည်ဖြစ်ပါသည်။

ယခုနေရာ၌ကား ထိုဒကာ၏ မကောင်းမြင်ဝါဒကြောင့် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်ရပုံကိုသာ ဖော်ပြပါမည်။ ထိုဒကာသည် မည်မျှမကောင်းမြင်ဝါဒရှိသနည်းဆိုလျှင် သူ့မွေးသမိခင်အမေကိုပင် မျက်ရည်ကျလောက်အောင် ဆူဆဲပြီး သူ့အိမ်မှနှင်ချခဲ့ဖူးသည်။ တစ်ခါတွင် သူရှိရာ ရွှေပြည်သာမြို့သို့ သူ့မိခင်သည် အလည်ရောက်လာပြီး သားဖြစ်သူကို ကိုယ်တိုင်ချက်ကျွေးချင်သဖြင့် မီးဖိုချောင်ဝင်ခဲ့သည်။

ညှော်ပါသောဟင်းတစ်ခွက်ကို ချက်မိသောကြောင့်ဟု ဆိုကာ ထိုသူသည် သူ့မိခင်ကို မျက်ရည်ကျလောက်အောင် မာန်မဲငေါက်ချသဖြင့် ငိုယိုကာ ပြန်သွားခဲ့ရဖူးသည်။ ထိုအခါမှစ၍ သူ့မိခင် နောက်တစ်ကြိမ်လာသည်ကို မတွေ့ရတော့ပါ။ သူနှစ်ပေါင်းများစွာ လက်ခံခဲ့သော မကောင်းမြင်ဝါဒကြောင့် ဖြစ်လာသည့် ဒေါသအပူဓာတ်သည် သူ့ကိုချက်ချင်း မသေစေနိုင်သော်လည်း အဆုတ်ပန်းနာ နာတာရှည်ရောဂါဖြစ်စေပြီး သူ့ကို နေ့စဉ်နှိပ်စက်လျက်ရှိလေပြီ။

မွေးသမိခင်အပေါ်၌ပင်လျှင် အကောင်းမြင်ဝါဒမရှိသော သူ့အတွက် ဘယ်သူ့အပေါ်မှ အကောင်းမြင်ဝါဒရှိရန် မလွယ်ကူတော့ပေ။ ထို့ကြောင့်လည်း သူ့ရောဂါအတွက် နေ့စဉ် ဆေးဘိုး ထောင့်ငါးရာ၊ နှစ်ထောင်ရအောင် ကုန်းရုန်းရှာဖွေပေးနေသော ဇနီးမယားကို ကျေးဇူးမတင်၊ နေ့စဉ် အပြစ်မရှိအပြစ်ရှာပြီး ဆဲဆိုကြိမ်းမောင်းနေတတ်သည်။

သူ၏အဆိုးဆုံးပြုမူချက်ကား နာတာရှည်ရောဂါသည်တစ်ယောက်ကို စိတ်ပျက်မသွားဘဲ (၁၅)နှစ်ကျော် အနှစ် (၂၀)နီးပါး သစ္စာရှိရှိကျွေးမွေး ဆေးကုသနေသည့် ဇနီးသည်ကို သူသိသမျှ ယောကျ်ားများနှင့် စွပ်စွဲသမုတ်ကာ မိန်းမယုတ်ဖြစ်သယောင် တစ်ရပ်ကွက်လုံးသို့ ပြောဆိုသတင်းလွှင့်မှုပါတည်း။ www.dhammaransi.com

## သူတစ်ပါးမကောင်းကြောင်း ပြောခြင်းအကြောင်း

သုဒဿံ ဝဇ္ဇမညေသံ၊
အတ္တနော ပန ဒုဒ္ဒသံ။
ပရေသံဟိ သော ဝဇ္ဇာနိ၊
ဩပုနာတိ ယထာ ဘုသံ။
အတ္တနော ပန ဆာဒေတိ၊
ကလိံဝ ကိတဝါ သဌော။

(ဓမ္မပဒ)

“သူတစ်ပါး၏ ဆိုးစေလောက်ရှိသောအပြစ်ကို မြင်လွယ်သော်လည်း မိမိ၏ မြင့်မိုရ်တောင်လောက်ရှိသော အပြစ်ကိုကား မြင်ဖို့ရာ ခဲယဉ်းလှ၏။

ထိုသို့ သူတစ်ပါးအပြစ်ကိုသာမြင်၍ မိမိအပြစ်ကို မြင်လေ့မရှိသော (မကောင်းမြင်ဝါဒ) ရှိသူများသည် စပါးဖျင်းကို လေမှာလွှင့်သကဲ့သို့ သူတစ်ပါးအပြစ်ကို လွှင့်လေ့ (ပြောလေ့) ရှိ၏။

ဥပမာအားဖြင့် စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ငှက်တို့ကို သတ်ဖြတ်ဖမ်းဆီးလိုသောအခါ မိမိကိုယ်ကို ငှက်တို့မမြင်အောင် သစ်ခက်များဖြင့် ဖုံးလွှမ်းသကဲ့သို့၊ စဉ်းလဲကောက်ကျစ်သောသူသည် သူတစ်ပါးအပြစ်ကို များများပြောခြင်းဖြင့် မိမိအပြစ်ကို ဖုံးလွှမ်းလေ့ ရှိသည်။

လေးသင်္ချေ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းပြီးမှ ရရှိခဲ့သည့် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ဟောကြားတော်မူခဲ့သည့် အထက်ပါ ဒေသနာကို ဖြည်းဖြည်းလေးဖတ်ကြည့်ပါ။ မည်မျှမှန်ကန်ပြီး အနှစ်သာရ ရှိလိုက်ပါသနည်း။ ထိုဒကာသည် အထက်ပါဒေသနာအတိုင်း မယား၏အပြစ်များကို လူတွေ့တိုင်းပြောပြီး သူ့အပြစ်ကို ကာကွယ်လေ့ ရှိသည်။

ရပ်ရွာထဲကလူများကို မဆိုထားနှင့် ကျွန်ုပ်တို့ကဲ့သို့ ရဟန်းသံဃာများကိုပင် မယားမကောင်းကြောင်း တွေ့တိုင်းပြောနေသဖြင့် အကြောင်းရှိတောင် သံဃာများ သူ့အိမ်ကို မကြွကြတော့ပေ။ မကောင်းမြင်ဝါဒရှိသူများသည် သူတစ်ပါးကောင်းဂုဏ်ကို ချီးမွမ်းသည့် အလေ့အထ မရှိပေ။ ဤသည်ကို အဠသာလိနီ၌ ဝဏ္ဏမစ္ဆရိယဟုဆိုသည်။

www.dhammaransi.com

တစ်နေ့တွင် သူတို့၏တစ်ဦးတည်းသောသားလေး ဆယ်နှစ်ပြည့် မွေးနေ့အဖြစ် အိမ်မှာဆွမ်းကပ်သည်။ ဟင်းစပ်တည့်ပြီး လက်ရာကောင်း လှသောကြောင့် ဧည့်သည်များပင်မက သံဃာတော်များပင် ချီးမွမ်းယူ ကြရသည်။ နောင်စားပေါက်ချောင်ရန် ရည်ရွယ်ချက်ဖြင့် မဟုတ်တာကို အဟုတ်လုပ်ပြီး မျက်နှာလိုမျက်နှာရပြောခြင်းကို မြှောက်ပင့်ခြင်းဟု ခေါ်၍ ဘာမှမျှော်လင့်ချက်မထားဘဲ တကယ့်မုဒိတာစိတ်ဖြင့် အမှန်ကို အမှန်အတိုင်း လှိုက်လှိုက်လှဲလှဲ ပြောဆိုခြင်းကို ချီးမွမ်းခြင်းဟု ခေါ်ပါ သည်။

ထို့ကြောင့် မြှောက်ပင့်ခြင်းကို ပညာမဲ့သူများ၊ ဦးနှောက်မပြည့် သူများသာ သဘောကျကြပြီး ပညာရှိသူတော်ကောင်းများက စက်ဆုပ် ရွံရှာကြသည်။ အပိုအလိုမပါဘဲ အမှန်အတိုင်းချီးမွမ်းမှုကိုကား ပညာရှိ သူတော်ကောင်းများ လက်ခံကြပါသည်။ လောကီဘွဲ့ထူးဂုဏ်ထူးရရှိ ကြသော သာမန်ပုထုဇဉ်များ မဆိုထားပါနှင့်။ ပညာအရာ တန်ခိုးအရာ ဘွဲ့ထူးဂုဏ်ထူး (ဧတဒဂ်)ရရှိကြသော ရဟန္တာအရှင်မြတ်များပင် ကုသိုလ်၊ အကုသိုလ်ကင်းသော မဟာကြိယာ သောမနဿသဟဂုတ် စိတ်ဖြင့် ဝမ်းမြောက်ကြသည်သာ ဖြစ်ပါသည်။

ထိုသို့ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ခြင်းသည် အရှိ၊ အရှိအတိုင်း အမှန်၊ အမှန်အတိုင်း အကောင်းဆုံး ချီးမွမ်းခြင်းပင် မဟုတ်ပါလော။

သာဓု သာဓု ဘိက္ခု တိတိက္ခတ္တုံ၊
သာဓုကာရံဒတ္ဝာ တံမမ ဂတမဂ္ဂေ၊
ဌိတောအဟမ္ပိ ပုဗ္ဗစရိယံစရန္တော မာတာ၊
ပိတရော ပေါသေသိံတိအာဟ။ *(သုဝဏ္ဏသာမဇာတ်)*

"ရဟန်း... သင်၏မိဘာကိုလုပ်ကျွေးပြုစုခြင်း အလုပ်ကား ကော ပေစွ၊ ကောင်းပေစွ။ သင်သည် ငါဘုရားလျှောက်ခဲ့သောလမ်း၌ တည် သောသူပေတည်း။

ငါဘုရားသည်လည်း ရှေးဘဝများစွာ ကျင်လည်စဉ်အခါတုန်းက မိဘာကိုလုပ်ကျွေးပြုစုခဲ့သည်သာတည်း။"

ဤကား မိဘာကိုလုပ်ကျွေးသော ရဟန်းတစ်ပါးကို ဗုဒ္ဓကိုယ်တိုင် ချီးမွမ်းပုံသာဓကပေတည်း။ ဤသည်ကိုထောက်၍ ဟုတ်မှန်သည့်အတိုင်း ချီးမွမ်းခြင်းအလုပ်သည် တကယ့်ပညာရှိသူတော်ကောင်းများ၏ အလုပ် ဖြစ်ကြောင်းကို သဘောပေါက်လောက်ခဲ့နိုင်လောက်ပေပြီ။

www.dhammadownload.com

ရဟန်းအမသည် ဟုတ်မှန်သည့်အတိုင်း ချီးမွမ်းသဖြင့် တပြုံးပြုံးနှင့် ပျော်နေသော်လည်း တစ်ခုခုလိုနေသလို ခံစားနေရသည်။ တခြားတော့မဟုတ်။ သူ၏ပါရမီဖက်ခင်ပွန်းထံမှ ချီးကျူးစကားကို မကြားရသေးသောကြောင့်ပါတည်း။ ထို့ကြောင့် သူတစ်ပါးနည်းတူ ချီးကျူးစကားများ ပြောလေမည်လားဟူ‌သော မျှော်လင့်ချက်ဖြင့် ထမင်းကို အားရပါးရ ကုန်းလွေးလျက်ရှိသော ခင်ပွန်းဖြစ်သူမျက်နှာကို စိုက်ကြည့်လျက်ရှိသည်။

သို့သော် ထိုဒကာကား မသိချင်ယောင်ဆောင်လျက် ထမင်းကိုသာ ဆက်စားလျက်ရှိသည်။ ကျွန်ုပ်ပင် ကြားထဲက မနေနိုင်တော့ဘဲ-

"ဒကာကြီး... စားကောင်းရင်လည်း ကောင်းတဲ့အကြောင်း ပြောလိုက်ပါ။ ဒါယိကာမကြီးက ဒကာကြီးဆီက ချီးမွမ်းတဲ့အသံကို သိပ်ကြားချင်နေတယ်" ဟု ပြောလိုက်ရာ သူပြန်ပြောလိုက်သည်က-

"တပည့်တော်က သူများကို ချီးမွမ်းတဲ့အလေ့အထမရှိဘူး။ အပြစ်ကိုရှာပြီးတော့ ကဲ့ရဲ့တတ်တဲ့အကျင့်ပဲရှိတယ်"ဟူ၏။

ကျွန်ုပ် အံ့ဩမိသလို ရွံရှာစိတ်လည်း ဖြစ်မိသဖြင့်-

"ဒကာကြီးကာ ခေတ်ပညာတတ် ဘွဲ့ရတစ်ယောက်ဖြစ်တယ်။ ဒါပေမယ့် ဘာရာထူးမှမတက်ဘဲ တပ်ကြပ်ရာထူးနဲ့ပဲ တပ်ထဲက ထွက်ခဲ့ရတယ်။ အပြင်မှာလုပ်ကိုင်စားတော့လည်း ဘာမှမကြီးပွားမတိုးတက်ခဲ့ဘူး။ အဲဒါဘာ့ကြောင့်လဲဆိုရင် သူများအပြစ်ကိုသာမြင်ပြီး ကဲ့ရဲ့တတ်တဲ့ အကျင့်ဆိုးကြီးကြောင့်ပဲ"

ဟု ပြောလိုက်ရာ သူ့မျက်နှာ စူပုပ်သွားသည်ကို တွေ့ရသည်။ သူကား ဘယ်လောက်ပင်ပြောပြော... သူ၏မကောင်းသောအကျင့်ကို မဖျောက်ခဲ့။ ထိုသို့ မဖျောက်လျှင် သူသာ ပစ္စက္ခ၊ သံသရာ နှစ်ဖြာလုံးနစ်နာမည်ဖြစ်ပါ၏။ ထို့ကြောင့်လည်း မန်လည်ဆရာတော်က မဃဒေဝတွင်-

"ယုတ်မာဆိုးတောင်း၊ ကျင့်မကောင်းကို၊
မှားကြောင်းတစိ၊ သိလျှင်သိခြင်း၊
စွန့်ပယ်လျှင်းလော့၊ အတင်းယူစွဲ၊
ဖားမြွေခဲသို့၊ အမြဲမှတ်သို၊
မစွန့်လိုက၊ ဤကိုယ်သုခ၊
နောင်မရဘူး" ဟု စပ်ဆိုတော်မူခဲ့ခြင်းဖြစ်ပေလိမ့်မည်။

www.dhammaransi.com

ယခုအချိန်တွင်ကား ရဟန်းအမကြီးသည် အသက် ၅၀ ကျော်ကာမှ စိတ်ဆင်းရဲလွန်းလှသဖြင့် သူ့အရပ်သူ့ပြန်၍ မိဘများကိုသာ လုပ်ကိုင်ကျွေးမွေးနေလေတော့သည်။ ထိုဒကာက ဘယ်လိုပြန်ခေါ်ခေါ် မလိုက်တော့ပေ။ မကောင်းမြင်ဝါဒ၏ဆိုးကျိုးကို ဒကာကား အတိုးနှင့်ဆပ်ရသည့်အလား ခံစားနေရလေပြီ။ ဒကာမ မရှိတော့သဖြင့် စီးပွားရေးလည်း ထိုးကျကာ ချေးငှား၍ပင် စားသောက်နေရသည်။

ဒကာမ၏စီးပွားဥစ္စာကိုမှီပြီး မာနထောင်ခဲ့သော ဒကာကား စိန်နားကပ်ရောင်ကြောင့် ပါးပြောင်ခဲ့သည်မဟုတ်ပါလား။ စိန်နားကပ်မရှိသောအခါ ပါးပြောင်လို့မရတော့သကဲ့သို့ ဒကာမ မရှိသောအခါ သူ၏မာနသည်လည်း မြေကြီးထဲသို့ ထိုးဆင်းသွားရပေပြီ။ အကောင်းဟူသည် နေရာမှန်သမျှ၌ရှိပါသည်။ မိမိကမြင်တတ်ဖို့သာလိုပါသည်။

မနက်မိုးလင်းတော့မည်ဆိုသည်နှင့် ငှက်သံလေးများက စီစီညီညီထွက်လာကြသည်။ အကောင်းမြင်ဝါဒရှိသူက "ကြည့်စမ်းပါဦး၊ ငှက်ကလေးတွေရဲ့ တေးသီသံနဲ့အတူ လင်းချင်းလာတော့မယ်၊ အရုဏ်ဦးရဲ့အရောင်ဟာ ဘာနဲ့မှမတူတဲ့ သဘာဝအလှပါလား"ဟု ကြည်နူး စိတ်ချမ်းသာနေသလောက် မကောင်းမြင်ဝါဒရှိသူကား-

"အလကားငှက်တွေ အလုပ်မရှိတိုင်း လျှောက်အော်နေကြတယ်။ နားငြီးတယ်။ အိပ်ရေးပျက်တယ်။ တစ်နေ့လုံး ချွေးဒီးဒီးကျအောင် ဒုက္ခပေးမယ့်နေကလည်း ထွက်လာတော့မယ်။ လောကကြီးဟာ တော်တော်စိတ်ပျက်စရာကောင်းတာပဲ"ဟု ညည်းညူနေပေသည်။ တွေ့ကြုံနေရသောအရာချင်း တူသော်လည်း နှလုံးသွင်း မနသိကာရ မတူသောကြောင့် စိတ်ဆင်းရဲ၊ စိတ်ချမ်းသာ ကွဲပြားသွားရသည် မဟုတ်ပါလော။

www.dhammaransi.com

## အခန်း (၇)
## ခြေထောက်မသန်တာ ကောင်းကွက်ရှာ

တစ်နေ့တွင် ကျွန်ုပ်ရေးသားသော မေတ္တာအစွမ်း အံ့မခန်း စာအုပ်၌ပါရှိသည့် အကောင်းမြင်ဝါဒအကြောင်းကို ဖတ်ထားသော မိတ်ဆွေတစ်ယောက်က မေးခွန်းတစ်ခု ထုတ်လာသည်မှာ-

" ဦးဇဝန၊ အရှင်ဘုရားရေးတဲ့ မေတ္တာအစွမ်းစာအုပ်ထဲက လောကအလို အကောင်းမြင်နည်းများ၊ ဗုဒ္ဓအလိုအကောင်းမြင်နည်းများ အခန်းကို တပည့်တော်နှစ်ခေါက်သုံးခေါက်ပြန်ဖတ်မိတယ်။ စိတ်လည်း သိပ်ဝင်စားတယ်။ ပေါ်လီယာနာစာအုပ်ထဲက အကောင်းမြင်နည်းတွေ ထက် ပိုပြီးအဆင့်မြင့်ပါတယ်"

"တပည့်တော် မေးချင်တာက အဲဒီလို အကောင်းမြင်နည်းတွေ အတွေးအခေါ်ကောင်းကောင်းနဲ့ရေးနေတဲ့ အရှင်ဘုရားရော အကောင်း မြင်နည်းတွေကို လက်တွေ့အသုံးချသလားဆိုတာ သိချင်တာပါ။ ဥပမာ အရှင်ဘုရားဟာ ခြေတစ်ဖက် မသန်မစွမ်း ဖြစ်နေတယ်။ အဲဒီအပေါ် မှာရော အရှင်ဘုရားအနေနဲ့ အကောင်းမြင်ဝါဒနဲ့ ကြည့်နိုင် မကြည့်နိုင် သိချင်ပါတယ်ဘုရား"

ထိုဆရာတော်သည် ကျွန်ုပ်ထက် ဝါအတော်ကြီးပါသည်။ အကောင်း မြင်ဝါဒအကြောင်းကို နက်နက်နဲနဲသိချင်၍ပဲလား၊ သို့မဟုတ် စာတော့ ရေးပြီး ကိုယ်တိုင်ကျင့်ကြံမှုရောရှိရဲ့လားဟု စုံစမ်းချင်၍ပဲလားဆိုသည် ကိုတော့ ထိုဆရာတော်ကိုယ်တိုင်သာ သိပေလိမ့်မည်။

www.dhammaransi.com

"နေ့ရောညပါ၊ တစာစာ
သူများကိုသာ အတွင်ဟော
ကိုယ်မကျင့်လို၊ ပဋ္ဌင်းပျို
ပုံဆိုပါလော ကိုယ့်ဖြစ်ပျက်
စောင်းသမားနားထိုင်း
ပုံနှင့်နှိုင်း
ရိုင်းလိုက်လေခြင်းမဆိုနှင့်"

*(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)*

ဟူသော အဆုံးအမကို ရပြီးကတည်းက ကျွန်ုပ်သည် အတတ်နိုင်ဆုံး ကိုယ်တိုင်ကျင့်ကြံပြီးမှသာ ရေးသားဟောပြောလေ့ရှိပါသည်။ ထိုဆရာတော် ယခုလိုထုတ်ဖော်မေးလိုက်ခြင်းကြောင့် ကျွန်ုပ်နှင့်ဘဝတူပုဂ္ဂိုလ်များအတွက် အကောင်းမြင်ဝါဒတစ်ခုကို တင်ပြနိုင်ခြင်းဖြစ်၍ မေးသူအား များစွာ ကျေးဇူးတင်မိပါသည်။ ကျွန်ုပ်ဖြေပါမည်။

ကျွန်ုပ်ဘယ်သူနှင့်တွေ့တွေ့ အသာဘက်က မနေခဲ့ဘဲ အနာဘက် ကသာ နေခဲ့သည်မှာ တစ်နည်း သူတော်ကောင်းစိတ် အပြည့်ရှိခဲ့သည်မှာ ခြေလက်အင်္ဂါ ချွတ်ယွင်းနေမှုကြောင့်ဖြစ်ပါ၏။ ယခုလို ခြေလက်အင်္ဂါ ချွတ်ယွင်းရသည်မှာ အတိတ်ဘဝများက စိတ်ထားမကောင်းခဲ့သောကြောင့် သာဖြစ်သည်။ သူတစ်ပါးအပေါ် အနိုင်ယူခဲ့သောကြောင့်သာ ဖြစ်သည်။

ထို့ကြောင့် ယခုဘဝတစ်လျှောက်လုံး စိတ်ထားအကောင်းဆုံးဖြစ် အောင်ထားနိုင်ခြင်း၊ မိမိကသာ အနာခံခြင်းတို့မှာ ခြေလက်အင်္ဂါချွတ်ယွင်း သောကြောင့်သာ ဖြစ်ပါ၏။ ခြေလက်အင်္ဂါချွတ်ယွင်းမှုက ကျွန်ုပ်အား သူတော်ကောင်းဘဝရောက်အောင် ပို့ဆောင်ပေးခဲ့သည်ဟု ဆိုရပါမည်။ ဤကား ခြေလက်အင်္ဂါချွတ်ယွင်းချက်အပေါ် ကျွန်ုပ်၏ အကောင်းမြင်ချက် ပါတည်း။

## ကောင်းကွက်ကိုရှာ မေတ္တာ

"ကောင်းကွက်ကိုရှာ မေတ္တာ"

ဟူသော စကားသည် ဘုရားဟောနှင့် အလွန်ကိုက်ညီသည်။ စရိယာပိဋကဌ်-

"ဟိတာကာရ ပဝတ္တိလက္ခဏာ မေတ္တာ
ဟိတူပ သံဟာရရသာ
အာဃာတ ဝိနယ ရသာဝါ

www.dhammaransi.com

သောမ္မဘာဝ ပစ္စုပဋ္ဌာနာ
သတ္တဝါနံ မနာပဘာဝဒဿန ပဒဋ္ဌာနာ”

ဟု ဖွင့်ပြထားသည်။ အဓိပ္ပာယ်အချုပ်မှာ-

မေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိသည်။ သတ္တဝါတို့၏အကျိုးစီးပွားကို ကပ်၍ဆောင်ခြင်းကိစ္စရှိသည်။ တစ်နည်း - ရန်ငြိုးအာဃာတကို ပယ်ဖျောက်ခြင်းကိစ္စရှိသည်။

အေးမြငြိမ်းချမ်းသောစိတ်သဘောလျှင် ဉာဏ်အား ရှေးရှုထင်လာတတ်သော အခြင်းအရာရှိသည်။ သတ္တဝါတို့၏ နှစ်သက်ဖွယ်သော ဂုဏ် (ကောင်းကွက်)ကိုသာ ရှုမြင်တတ်သော ယောနိသောမနသိကာရလျှင် နီးစွာသောအကြောင်း ရှိသည်ဟူ၍ ဖြစ်သည်။ နောက်ဆုံးအချက် ဆိုလိုရင်းမှာ ကောင်းကွက်ကိုသာ ကြည့်တတ်ခြင်းသည် မေတ္တာဘာဝနာပွား ဖြစ်ဖို့ အနီးဆုံးအကြောင်းဟု ဆိုလိုပေသည်။

ဤဒေသနာ၏အဆိုအရ ကောင်းကွက်ကိုရှာကြည့်တတ်မှ မေတ္တာဘာဝနာပွားများလို့ရတာ မှန်ပါ၏။ ထူးခြားသောအချက်ကား မေတ္တာဘာဝနာကို အချိန်ကြာကြာပွားများလာပြီဆိုလျှင် သူတစ်ပါး ကောင်းကွက်ကို စစ်စစ်ပေါက်ပေါက် ရှာဖွေကြည့်ရှုတတ်လာခြင်းပင် ဖြစ်ပါ၏။

ကျွန်ုပ်အပေါ် သေကြောင်းကြံသောကိုယ်တော်များအပေါ် ကျွန်ုပ် ရှုမြင်ချက်ကိုကြည့်ပါ။ သူတို့ ငါ့ကိုသတ်ချင်ကြတယ်ဆိုတာ လူမှားနေကြလို့ပဲ။ အမှန်ကိုသိရင် သတ်ချင်မှာမဟုတ်ဘူး။ ငါ့ကိုသတ်ခြင်းရဲ့ အဓိကတရားခံဟာ သူတို့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ ဒေါသဓာတ်ပဲ။

သူတို့ဟာ ဒေါသရဲ့စေခိုင်းမှုကိုခံနေကြရတဲ့ ကျွန်တွေပဲ။ ဒေါသကို လက်ခံတဲ့ သူတို့ကိုယ်တိုင် ပူလောင်နေကြပြီ။ ဒီစိတ်နဲ့သာသေရင် ငရဲကို ကျကြရမှာ သနားစရာကောင်းပေစွ။ ဤရှုမြင်ချက်ကို ကျွန်ုပ်က တကူးတက လုပ်ယူရသည်မဟုတ်။ ပွားများနေကျ မေတ္တာဘာဝနာစိတ်ကြောင့် အလိုလို ရှုမြင်တတ်သွားခြင်းသာဖြစ်သည်။

## ဘုရားကပေးသော ရန်ငြိမ်းနည်း

“လောက၌ ရန်ကိုရန်ခြင်း တုန့်နှင်းခြင်းဖြင့် ဘယ်သောအခါမှ ရန်မငြိမ်းနိုင်။ ရန်ကိုရန်ချင်း မတုန့်နှင်းမှသာလျှင် ရန်ငြိမ်းနိုင်၏။ ဤကား လောကဓမ္မတာဖြစ်၏။ ***(ဓမ္မပဒ)***

www.dhammaransi.com

## ရှုံးရာမှနိုင်ချင်လျှင်

ဆုံးရှုံးမှုနှင့်ကြုံရပြီးနောက် နာလန်ပြန်ထူလာနိုင်သူတွေဟာ အကောင်းမြင်သမားတွေဖြစ်ကြတယ်။ သူတို့က ငါကြုံနေရတဲ့အခက်အခဲက ယာယီအခက်အခဲပါလို့ ယုံကြည်ကြတယ်။ ပြန်ပြီးနာလန်မထူနိုင်သူတွေကတော့ သူတို့ရဲ့အခက်အခဲကို ထာဝရအခက်အခဲလို့ ခံယူထားကြတဲ့ အဆိုးမြင်ဝါဒသမားတွေပဲ။ *(တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ ဆဲလစ်ဂမင်း)*

ဗုဒ္ဓ၏စကားကား မှန်ကန်ပေစွ။ ရန်ပြုလာသူများကို ကျွန်ုပ်က ရန်တုန့်မပြုသောကြောင့်သာလျှင် ရန်ငြိမ်းခဲ့သည် မဟုတ်ပါလား။ တောင်သာမြို့မှစခဲ့သော ဇာတ်လမ်းသည်မဆုံးသေးဘဲ မန္တလေးမြို့ထိ လိုက်လာခဲ့သည်။ ကျွန်ုပ် တောင်သာတွင် အကြီးတန်း ၁ နှစ် ဖြေအပြီးမှာတင် မန္တလေး မစိုးရိမ်တိုက်သစ်သို့ ရွှေ့ပြောင်းခဲ့သည်။

မစိုးရိမ်တိုက်သစ်တွင် လေးနှစ်နေသောအချိန်အတွင်း ကျွန်ုပ် အနှစ်သက်ဆုံးအချိန်ကား ဥပုသ်နေ့ ဘုရားဝတ်တက်ပြီးစအချိန်ပင် ဖြစ်ပါ၏။ အကြောင်းကား ထိုအချိန်တွင် မစိုးရိမ်တိုက်သစ်၏ ပဓာနနာယကဆရာတော် ဦးသီရိန္ဒာဘိဝံသ၏ ဩဝါဒနှင့် အနုသာသနီများကို နာယူမှတ်သားရသောကြောင့်ပါတည်း။

ဤနေရာ၌ ဩဝါဒနှင့် အနုသာသနီ မည်သို့ခြားနားသနည်းဟု ဆိုလျှင်-

| | |
|---|---|
| တစ်ကြိမ်တစ်ခါသာဆုံးမခြင်းသည် | ဩဝါဒ |
| ထပ်ခါထပ်ခါဆုံးမခြင်းသည် | အနုသာသနီ |
| မျက်မှောက်ဆုံးမခြင်းသည် | ဩဝါဒ |
| မျက်ကွယ်ဆုံးမခြင်းသည် | အနုသာသနီ |
| အပြစ်ပေါ်လာချိန်ဆုံးမခြင်းသည် | ဩဝါဒ |
| အပြစ်မပေါ်မီဆုံးမခြင်းသည် | အနုသာသနီ |
| ရှေးဦးစွာဆုံးမခြင်းသည် | ဩဝါဒ |
| နောက်မှဆုံးမခြင်းသည် | အနုသာသနီ |
| ပစ္စုပ္ပန်အကျိုးအတွက်ဆုံးမခြင်းသည် | ဩဝါဒ |
| တမလွန်အကျိုးအတွက်ဆုံးမခြင်းသည် | အနုသာသနီ |

ဤသို့ ခြားနားသည်ဟု မှတ်ရပါမည်။ စီးပွားရေးလောကမှာဖြစ်စေ၊ ဘာသာရေးလောကမှာဖြစ်စေ အထွတ်အထိပ်သို့ရောက်နေသူမှန်သမျှ ဖော်ပြပါအင်္ဂါငါးချက်နှင့် ပြည့်စုံနေကြသည်သာဖြစ်ပါ၏။ ထိုငါးချက်ကား-

၁။ စီရကာလဘာဝနာ = ကြာမြင့်စွာပြုလုပ်ခြင်း
၂။ နိရန္တရဘာဝနာ = မရပ်မနားအလုပ်လုပ်ခြင်း
၃။ နိရဝသေသဘာဝနာ = အကြွင်းအကျန်မရှိလုပ်ခြင်း
၄။ သက္ကစ္စဘာဝနာ = ရိုသေလေးစားစွာလုပ်ခြင်း
၅။ အဘိရတိဘာဝနာ = ပျော်ရွှင်စွာလုပ်ခြင်း

တို့ ဖြစ်ပါသည်။ ထိုငါးချက်နှင့်ပြည့်စုံရန်အတွက် မိမိကိုယ်ကို မကောင်းတာရှောင်နိုင်စေရန်၊ ကောင်းတာလုပ်မိစေရန်၊ အတ္တသမာပဏိဓိမင်္ဂလာ လိုအပ်ပါသည်။ တစ်ဖန် အတ္တသမာပဏိဓိမင်္ဂလာ ပြည့်စုံစေရန်အတွက် စာကောင်းပေမွန်များနှင့် ဩဝါဒ အနုသာသနီများကို များများကြီး ကြည့်ရှုနာယူရန် လိုအပ်လှပါသည်။ စာကောင်းပေမွန်များ ထွက်ပေါ်လာရန်အတွက် နိုင်ငံအုပ်ချုပ်သူခေါင်းဆောင်များက သဘောထားကြီးကြီးဖြင့် အားပေးသင့်ပါသည်။

လမ်းဖောက်သောအခါ မြေညှိစက်ကြီးဖြင့် အရင်ထိုးပစ်ရသည်။ ထိုသို့ထိုးသောအခါ လမ်းနှင့်မလွတ်သော အရာဝတ္ထုမှန်သမျှ အထိုးခံရမည်သာ ဖြစ်ပါ၏။ ထိုနည်းတူနိုင်ငံအတွက် ပြုပြင်ရေး၊ တိုးတက်ရေး စာပေများ ရေးသည့်အခါ အတားအဆီးဖြစ်နေသော အကျင့်အကြံ အမူအရာမှန်သမျှ အရေးခံကြရမည်သာဖြစ်ပါ၏။ ရေးသူဘက်ကလည်း ပုဂ္ဂလဓိဋ္ဌာန်မရေးဘဲ ဓမ္မဓိဋ္ဌာန်ရေးဖို့ အတုက္ကံသန၊ ပရဝမ္ဘန သဘောကင်းဖို့ကား အမှန်ပင်လိုအပ်ပါ၏။

## အနာရှိရင်စပ်လိမ့်မည်

လယ်တီဆရာတော် ဦးဝိလာသနောက် ဓမ္မဓိဋ္ဌာန်ဖြင့် နိုင်ငံပြုပြင်တိုးတက်ရေးများကို ဟောပြောခဲ့သော ဆရာတော်တစ်ပါး ပေါ်ခဲ့ဖူးသည်။ တခြားမဟုတ်။ သဒ္ဓမ္မသီတဂူ၊ သပိတ်အိုင်ဆရာတော် ဦးဉာဏိဿရ၏ လက်ရင်းဆရာ အနီးစခန်းဆရာတော်ပင်ဖြစ်ပါ၏။ နိုင်ငံပြုပြင်ရေးများကို ထည့်ထည့်ဟောသဖြင့် မဆလလက်ထက်စုံထောက်များသည် ဆရာတော် တရားပွဲများနောက်လိုက်၍ အမြဲထောက်လှမ်းနေကြရသည်။ ထို့ကြောင့် မင်းကွန်းတိပိဋကဆရာတော်က-

"အနီးစခန်းဆရာတော်၊ ဆရာတော် တရားဟောရင် ပလ္လင်အောက် ဆင်းမဟောပါနဲ့ဘုရား" ဟု သတိပေးလျှောက်ထားသည်။ နိုင်ငံရေးမပါ

www.dhammaranga.com

နှင့်ဟု ပညာရှိစကားဖြင့် လျှောက်ထားခြင်းဖြစ်သည်။ အနီးစခန်းဆရာတော်က မသိချင်ယောင် မရိပ်မိယောင်ဆောင်ပြီး-

"တရားဟောချိန် ဘယ်သူက ပလ္လင်အောက်ဆင်းမှာလဲဘုရား၊ ပလ္လင်ပေါ်မှာပဲ ဟောတာပါ"

"အဲဒါပြောတာမဟုတ်ဘူးဘုရား၊ တရားဟောရင် နိုင်ငံရေးတွေမပါဘို့ လျှောက်တာပါ။ ဆရာတော်ကိုလည်း နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကပ်ထားတယ်မဟုတ်လားဘုရား၊ ဒါ့ကြောင့် ဆင်ခြင်ပြီးတော့ ဟောစေချင်တယ်ဘုရား"

"မင်းကွန်းဆရာတော်၊ တပည့်တော်က စာထဲပါတဲ့ ဘုရားဟောအတိုင်း အတိအကျဟောတာဘုရား။ ဘယ်သူသာစေ၊ ဘယ်သူနာစေ၊ ပုဂ္ဂလဓိဋ္ဌာန်မပါပါဘူး၊ ဓမ္မဓိဋ္ဌာန်ပဲဟောတာပါ။ ဘုရားဟောနဲ့ညီအောင်နေရင် ဘာမှနာစရာမရှိဘူးဘုရား။ ဘုရားဟောနဲ့ ညီအောင်မနေရင်တော့ နာကြမှာပဲ"

"ဥပမာ ဆားအိုးတစ်အိုး ယူချင်တဲ့သူယူရအောင် အလကားချပေးထားလိုက်တယ်။ လူတိုင်းလက်နဲ့နှိုက်ယူနေကြတာပဲ။ အနာမရှိတဲ့သူမှာ ဘာမှမဖြစ်ဘူးဘုရား၊ အဲ... လက်မှာအနာရှိတဲ့ လူတွေဆိုရင်တော့ စပ်လိမ့်မယ်ဘုရား"

"အဲသလိုစပ်တာဟာ ဆားအိုးချပေးသူရဲ့အပြစ်မဟုတ်ဘူးဘုရား။ လက်မှာအနာရှိတဲ့လူရဲ့အပြစ်ပါ။ အခုလည်း ဘုရားဟောအတိုင်း အတိအကျဟောတဲ့အခါ ဘုရားဟောနဲ့ညီအောင်မနေရင်တော့ နာကြမှာပဲဘုရား၊ အဲဒါလည်း ဟောတဲ့သူရဲ့အပြစ် မဟုတ်ဘူးဘုရား"

ဟု အချက်ကျကျ ပြန်လည်လျှောက်ထားသဖြင့် မင်းကွန်းဆရာတော်ကား ဆိတ်ဆိတ်သာနေရတော့သည်။

## တန်ဖိုးမကျသော စာပေဖြစ်ပါစေ

"သားတို့ကို အမေပြောချင်တာကတော့ စာရေးနိုင်တုန်းကြိုးစားရေးကြစေချင်ပါတယ်။ အမေလည်း အသက် (၈၀)ကျော်ပေမယ့် ရေးနိုင်သရွေ့ရေးနေတာပါပဲ။ အဲ... အမေ့ဆန္ဒကတော့ ဘာစာရေးပဲရေးရေး မိမိရေးလိုက်တဲ့စာဟာ ဘယ်အချိန်ရောက်ရောက် တန်ဖိုးကျမသွားဖို့ အရေးကြီးတယ်။

www.dhammaransi.com

များများရေးပြီးရေရှည်မခံတဲ့စာမျိုးကျတော့ သတိထားကြပါ။ အရေအတွက်ထက် အရည်အချင်းရှိတဲ့စာမျိုး ရေးနိုင်ကြမယ်ဆိုရင် စာပေမျိုးဆက်တွေအပေါ် အမေတော့ ကျေနပ်နေမိတယ်။"

*ဆရာမကြီးလူထုဒေါ်အမာ*

*၈၂ နှစ်အရွယ်က ဩဝါဒ (၁၄-၁-၉၇)*

## မှန်တဲ့အတိုင်းသာရေးပါ

စာရေးဆရာဆိုတာ တိုင်းပြုပြည်ပြု မျိုးချစ်စိတ်ဓာတ် ထက်သန်ရေးကို ရေးသင့်တယ်၊ မှန်ရင် မှန်တဲ့အတိုင်းရေးနိုင်တဲ့ သတ္တိမွေးပါ၊ အမှန်ဆို အမှန်အတိုင်းတင်ပြဖို့ လိုပါတယ်။

ဒီလိုတင်ပြတဲ့နေရာမှာလည်း နည်းလမ်းမှန်ကန်ဖို့လိုပါတယ်။ နည်းလမ်းမမှန်ရင်တော့ ဒုက္ခရောက်တတ်ပါတယ်။ အမှန်ကို တင်ပြပေးခြင်းဟာ အများအတွက် တစ်နေ့မဟုတ်တစ်နေ့ အကျိုးဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ *ဆရာမကြီး အမ်. အေ ဒေါ်အုန်း*

*(၈၁) နှစ်အရွယ်က ဩဝါဒ (၁၆-၁-၉၇)*

စာကောင်းပေမွန်များထွက်လာရုံနှင့်လည်း နိုင်ငံတိုးတက်ဖို့ကမလွယ်သေးပေ။ စာပေသမားများက အဆင့်အတန်းရှိသောစာပေများကို ဖတ်တတ်သည့်အလေ့အထများ ရှိဖို့ကလည်း လိုပါသေးသည်။

စာပေသည် အရည်လည်းမသောက်ရ၊ အဖတ်ကလည်း မစားရ၊ ဝါးပြီးထွေးပစ်ရသောကွမ်းယာလို စာပေလည်းရှိသည်။ ထိုစာပေသည် ပစ္စက္ခရော၊ သံသရာပါ ဘာကောင်းကျိုးမှမပြုပေ။ အပျော်ဖတ်သက်သက်သာဖြစ်သော အချစ်၊ အသတ်၊ အညစ်အပတ်စာပေမျိုးဟု ဆိုရပါလိမ့်မည်။

အရည်သာစုပ်ရပြီး အဖတ်ကိုထွေးပစ်ရသော ကြံချောင်းလို စာပေမျိုးလည်းရှိသည်။ ပစ္စက္ခဘဝတစ်ခုအတွက်သာ အသုံးတည့်ပြီး သံသရာအတွက် အသုံးမတည့်သော တစ်ဖို့သာရသော စာပေမျိုးဟုလည်း ခေါ်ရပါမည်။

အရည်ရောအဖတ်ပါသုံးဆောင်ရသော နွားနို့မလိုင်လို စာပေမျိုးသည်းရှိသည်။ ပစ္စက္ခရော သံသရာအတွက်ပါ ကောင်းကျိုးပေးနိုင်သော စာပေမျိုးဟု ဆိုရပါမည်။ ကျွန်ုပ်အပါအဝင် စာပေသမား အတော်များများမှာ အပျော်ဖတ်စာပေမှ စခဲ့ကြသူများပါသည်။

www.dhammaransi.com

ဖတ်ကာစတွင် အပျော်ဖတ်မှ စကြရမည်ဖြစ်သော်လည်း တဖြည်းဖြည်းချင်း အဆင့်မြင့်စာများကိုလည်း ဖတ်ပေးကြရမည်ဖြစ်ပေသည်။ လူငယ်များ အဆင့်အတန်းရှိစာပေများကို ဖတ်ဖြစ်အောင် မိဘဆရာများက လမ်းကြောင်းဖောက်ပေးသင့်သည်။

## မြန်မာပြည်ကိုမီးရှူးသူ

အနုပညာသည်များ အထူးသဖြင့် စာရေးဆရာများ သိသင့်လှသည့် ဖြစ်ရပ်နှစ်ခုကို ရှာဖွေတင်ပြချင်ပါသည်။ ၁၉၉၈ ခုနှစ်၏ တစ်ခုသော ရက်က လှည်းကူးမြို့နယ်ရှိ ငွေလဲ့ကန်တောရကျောင်းသို့ စာရေးဖို့အတွက် ရောက်သွားသည်။ စာရေးပြီးစအချိန်မှာပင် ထောက်ကြန့်မြို့နယ်မှ သီလရှင် တစ်ပါးရောက်လာပြီး အရှင်နေမိန္ဒရဓမ္မဝိဇ္ဇာအကြောင်းကို စကားစပ်မိသွားကြသည်။

နေမိန္ဒရဓမ္မဝိဇ္ဇာကား ယခင်က နာမည်ကြီးစာရေးဆရာ တည်ကြည် ဆိုသူပါတည်း။ သူသည် သံဝေဂရပြီး ရဟန်းပြုသွားကြောင်း သတင်းစကားကြားရသည်။ သို့သော် ထွက်ရပ်လမ်းသို့ လိုက်သွားသည်ဆိုသောကြောင့် ကျွန်ုပ်မှာ သူ့အတွက်စိတ်မကောင်းဖြစ်မိသည်။

ရတနာမျိုးစုံရှိသော ဝေဘာရတောင်ပေါ်သို့ရောက်ပါလျက် အဖိုးတန်ကျောက်မျက်ရတနာတစ်လုံးမှမယူဘဲ ကျောက်စရစ်ခဲကိုသာယူပြီး ပြန်လာသူကဲ့သို့ ဖြစ်နေသောကြောင့်ပါတည်း။ သာသနာတွင်း၊ သာသနာပ နှစ်မျိုးလုံးမှာရှိနိုင်သော ထွက်ရပ်ပေါက်ဝိဇ္ဇာပညာသည် ကျောက်စရစ်ခဲ အဆင့်လောက်ပင်ရှိသည် မဟုတ်ပါလော။

ဘုရားသာသနာ အနှစ်ငါးထောင်အတွင်းမှာသာရနိုင်သော ဝိပဿနာ ပညာသည်သာ ပတ္တမြား၊ စိန် စသော ရတနာများနှင့် တူသည်မဟုတ်ပါလော။ တည်ကြည်ကား ဘဝတစ်ခုလုံးကို စွန့်လွှတ်စွန့်စားပြီး ရဟန်းဘဝသို့ ရောက်ရှိလာပါလျက် ကျောက်စရစ်ခဲလေးနှင့်သာ တင်းတိမ်သွားရမည်ဆိုလျှင် သူ့အတွက်စိတ်မကောင်းစရာပင် မဟုတ်ပါလား။

ယခု ထိုသီလရှင်အသိပေးချက်အရ ထေရဝါဒဝိပဿနာစစ်စစ်ကို ကျင့်ကြံပွားများနေပြီဟူသော သတင်းသည် ကျွန်ုပ်အတွက် အထူးဝမ်းမြောက်စရာ သတင်းတစ်ခုဖြစ်နေပါသည်။ ထို့ကြောင့် အကောက်လမ်းမှ အဖြောင့်လမ်းသို့၊ လမ်းရှည်မှ လမ်းတိုသို့ ဆိုက်ရောက်လာသော သူ့အား မေးမြန်းစရာတွေက အပြည့်ရှိနေသောကြောင့် သူရှိရာ နေမိန္ဒရ

www.dhammaransi.com

ဓမ္မအေးရိပ်သာသို့ ခပ်သွက်သွက်ကလေးရောက်အောင် လှမ်းခဲ့ပါတော့သည်။

ထောက်ကြန့်မြို့နယ်အတွင်းရှိ ရွာကျောင်းတစ်ကျောင်း၏ နောက်ကျောဘက် တောစပ်တွင်သူ၏ ဓမ္မအေးရိပ်သာတည်ရှိသဖြင့် ရေ၊ လေ၊ မြေ သုံးခုစလုံး ကောင်းမွန်သည်ကို တွေ့ရှိရသည်။

အေးချမ်းသိမ်မွေ့သော မျက်နှာနှင့် ကြည်လင်တောက်ပြောင်နေသော အသားအရေတို့က သူ၏တရားလမ်းကြောင်းမှန်ကန်မှုကို အထင်အရှားပြသလျက်ရှိသည်။ ကျွန်ုပ်ရေးသားသော ထေရဝါဒအတွေးအခေါ်တို့စုဝေးရာ "မျက်ရည်မကျခင်သိစေချင်" စာအုပ်ကလေးကို သူ့အိပ်ရာဘေး၌ အသင့်တွေ့ရသဖြင့် စာဖတ်အားကိုလည်း တင်ထားလျက်ပင်ရှိသေးကြောင်း အကဲခတ်မိသည်။

သူက ကျွန်ုပ်ထက် ငါးဝါခန့်ငယ်သဖြင့် တွေ့တွေ့ချင်း ဦးချရှိခိုးပြီးနောက် အမေးအဖြေစကားဝိုင်းလေးကို စတင်မိကြသည်။

"အရှင်ဘုရား၊ လောကီစာတွေရေးနေရာကနေ ဘယ်လိုက ဘယ်လို ဘာသာရေးဖက်ကိုရောက်သွားတာလဲ"

"အသက်ရလာတော့ အနှစ်အသားကိုသိလာတဲ့အခါ အနှစ်မဲ့တဲ့စာတွေရေးရတာ ရှက်လာတာပေါ့ဘုရား၊ လယ်တီဆရာတော်ရဲ့ စကားအရပြောရမယ်ဆိုရင် တပည့်တော်ဟာ မြန်မာတစ်ပြည်လုံးကို မီးရှို့နေခဲ့တဲ့ သူတစ်ယောက်ပါပဲဘုရား"

"အရှင်ဘုရားစကားက စိတ်ဝင်စားစရာပဲ မြန်မာပြည်ကို ဘယ်လိုမီးရှို့ခဲ့တာလဲ"

"ကြားဖူးတာပါဘုရား၊ ဇာတ်မင်းသားကြီးဦးဖိုးစိန် ကျော်ကြားနေစဉ်တုန်းကပေါ့ဘုရား။ တစ်ခါတော့ မြို့တစ်မြို့မှာ နယ်လှည့်တရားဟောနေတဲ့ လယ်တီဆရာတော်ဘုရားကြီးနဲ့ကြုံတာနဲ့ သွားဖူးသတဲ့ဘုရား၊ ရှိခိုးပြီးတော့ တပည့်တော်ဖိုးစိန်ပါဘုရားလို့လျှောက်ထားတော့ လယ်တီဆရာတော်ဘုရားကြီးက အော်... အော်... မြန်မာတစ်ပြည်လုံးကို မီးလှည့်ရှို့နေတဲ့သူပဲလို့ ပြောသတဲ့ဘုရား"

"ပြည်သူပြည်သားတွေကို လောဘမီး၊ ဒေါသမီးနဲ့ရှို့နေသူလို့ဆိုလိုတာပေါ့ဘုရား။ တပည့်တော်တို့ရေးတဲ့ ချစ်ကြိုက်၊ ညား၊ ကွဲ၊ သာ်၊ ဖြတ် စာပေမျိုးတွေဟာလည်း ပြည်သူတွေကိုမီးရှို့တာပါပဲဘုရား"

"ဒါနဲ့ ဝိဇ္ဇာလမ်းကနေ ဝိပဿနာလမ်းမှန်ကို ဘယ်လိုရောက်သွားသလဲဆိုတာ အမိန့်ရှိပါဦး"

www.dhammaransi.com

"တပည့်တော်က ဝိဇ္ဇာလမ်းကို အတော်ကြာကြာလိုက်ခဲ့ဖူးလို့ ဝိဇ္ဇာတွေအကြောင်း တော်တော်သိနေပါတယ်ဘုရား။ ဝိဇ္ဇာအတုတွေကြောင့် ဝိဇ္ဇာအစစ်တွေ နာမည်ပျက်ရတာလည်း အများကြီးပဲဘုရား"

"ဝိပဿနာလမ်းမှန်ကိုကျင့်ဖြစ်တာက အရှင်ဘုရားစိတ်ကူးနဲ့လား ဝိဇ္ဇာက ကျင့်ခိုင်းတာလား"

"တပည့်တော်ကိုယ်တိုင် အမှန်ကိုသိလာလို့ ပြောင်းလိုက်တာပါ။ ပထမတော့သူတို့က ဝိဇ္ဇာလမ်းကိုပဲဖွတ်လိုက်ခိုင်းကြတယ်။ တပည့်တော်က သံသရာရှည်တဲ့လမ်း မလိုက်ချင်ဘူး။ ဝိပဿနာတရားပဲ ကျင့်မယ်ဆိုပြီး ဖွတ်တင်းခံလို့ နောက်ဆုံးတော့ အလျှော့ပေးပြီး တတ်နိုင်သလောက် စောင့်ရှောက်ကြပါတယ်"

## ငါ့အသက်ဆယ်ခါလွှတ်

ထိုစကားရောက်သောအခါ ကျွန်ုပ်သည် ကမ္ဘာလိပ် ရေထဲလွှတ်သော လူမမာမောင်ပိန်အကြောင်း ပုံပြင်ကို သွားသတိရမိသည်။ တစ်ခါက နေမကောင်းပျောက်ခါစ မောင်ပိန်အမည်ရှိ လူတစ်ယောက်သည် ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်နေရင်းဖြင့် ကမ်းစပ်သောင်ပြင်ပေါ် တလှုပ်လှုပ်ဖြင့်သွားနေသော ကမ္ဘာလိပ်ကြီးတစ်ကောင်ကို တွေ့သွားလေသည်။

နာလန်ထကာစဖြစ်သဖြင့် လိပ်သားစားချင်စိတ် ပေါက်လာသောကြောင့် လိပ်ကြီးဆီသို့ပြေးသွားကာ ကုန်းပေါ်သို့ဆွဲတင်လေသည်။ ပင်ကိုယ်ကပင် ပိန်လှီလှသည့်အပြင် အဖျားပျောက်ကာစဖြစ်သောကြောင့် အားအင်ချိနဲ့နေသဖြင့် လိပ်ကြီးဆွဲရာ ပင်လယ်ထဲသို့ တဖြည်းဖြည်းပါသွားသည်။

ရေထဲရောက်သည်နှင့် လိပ်ကြီးက အားတက်သွားကာ တအားကုန်းရုန်းကန်ကူးခတ်သဖြင့် မောင်ပိန်မှာ တဖြည်းဖြည်းဆွဲရင်းဆွဲရင်းနှင့် ပင်လယ်ထဲပါသွားရာ ရေက လည်မြို့အနက်ထိ ရောက်သွားသော အခါကျမှ မရတော့မှန်းသိသဖြင့်-

"ကဲ... လိပ်ကြီးရေ...နင့်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ်"ဟုဆိုကာ ကိုင်ထားသောလက်ကို လွှတ်လိုက်ပါတော့သည်။ မောင်ပိန်သည် ဆွဲမရတော့မှန်းသိမှ လိပ်ကိုလွှတ်သကဲ့သို့ ဝိဇ္ဇာများသည်လည်း သူတို့ဘက်ဆွဲမရမှန်းသိမှ ဆရာတည်ကြည်ကို လွှတ်ကြခြင်းဖြစ်၏။

www.dhammadownload.com

"ဒါနဲ့ အခုခေတ်မှာ ဘိုးမင်းခေါင်တို့ ဘိုးဘိုးအောင်တို့ ခေတ်စီးနေကြတဲ့ မိန်းမ၊ ယောက်ျားတွေ အတော်များများတွေ့ရတယ်။ တစ်မြို့ထဲတင် နေရာအသီးသီးမှာ လေးငါးခုနစ်ယောက် အချိန်တူခေတ်စီးနေတာကို တွေ့ရပါတယ်။ ဘိုးတော်တွေ ဖောင်းပွလွန်းနေတယ်ပေါ့။ အဲဒါရော အရှင်ဘုရားအနေနဲ့ဘယ်လိုမြင်ပါသလဲ"

"တပည့်တော်ရဲ့အတွေ့အကြုံတစ်ခုကို လျှောက်ပါ့မယ်။ ဒီအကြောင်းကို ပြောပြလိုက်တာနဲ့ ခေတ်စီးသူတွေအပေါ် တပည့်တော်ရဲ့အမြင်လည်း ပါသွားမှာပါ။ တစ်နေ့ တပည့်တော်ရိပ်သာကို အငြိမ်းစားအရာရှိကြီး တစ်ယောက်ရောက်လာပြီး တပည့်တော်ရဲ့ ရှေ့ကြောင်းနောက်ကြောင်း လေးငါးမျိုးလောက်ကို တိတိကျကျ မှန်အောင်ပြောနိုင်တယ်"

"သူပြောကာတွေ မှန်လားလို့မေးတော့ မှန်နေတော့ တပည့်တော်ကလည်း မှန်တယ်ပဲပြောရတာပေါ့။ အဲဒါကို သူတော်တော်ဂုဏ်ယူနေပုံရတယ်။ နာမည်ကြီးတစ်ယောက်ကို အနိုင်ရလို့ဂုဏ်ယူမှုမျိုးပေါ့။ အဲဒီအချိန်မှာတပည့်တော်က ကောက်မေးလိုက်တယ်"

"ဒကာကြီးကို တစ်စုံတစ်ယောက်က လာပြောနေတာ မဟုတ်လားလို့ပေါ့။ သူလဲဟုတ်တဲ့အကြောင်း မကွယ်မဝှက်ဝန်ခံတယ်။ ဘယ်သူက ပြောနေတာလဲဆိုတော့ ဘိုးမင်းခေါင်တဲ့။ ဒီတော့ တစ်ခုချင်းဆက်မေးလိုက်တယ်။ လာပြောတဲ့သူကို ဘိုးမင်းခေါင်လို့ ဒကာကြီး ဘာကြောင့်ပြောနိုင်သလဲဆိုတော့ လာပြောတဲ့သူက သူ့ကိုယ်သူ ဘိုးမင်းခေါင်လို့ပြောလို့ ပြောနိုင်တာပါတဲ့"

"လာပြောတဲ့သူဟာ သူ့ရဲ့ပုံသဏ္ဌာန်ကို ဒကာကြီးပြဖူးသလားဆိုတော့ အဲသလိုလဲ မပြဖူးဘူးတဲ့။ ဒါဆို ဒကာကြီးက သူပြောတဲ့အတိုင်း ယုံနေရတာပေါ့ဆိုတော့ ဟုတ်ပါတယ်ဘုရားတဲ့"

"ဒီလိုဆိုရင် မကောင်းဆိုးဝါးတစ်ကောင်ကောင်က ဒကာကြီးကို စီးပြီး အခုမင်းကိုစီးနေတာ ဘိုးမင်းခေါင်ကွလို့ရော လိမ်ပြီးလာမပြောနိုင်ဖူးလားဆိုတော့ သူ ဘာမှပြန်မပြောနိုင်တော့ဘူး။ ခဏကြာတော့ တပည့်တော်အလိမ်ခံနေရတာပါဘုရားလို့ပြောပြီး ချုံးပွဲချငိုတော့တာပဲ"

တော်စတွိုင်းအရှက်ရသောဝတ္ထု၊

ရုရှားစာရေးဆရာကြီး တော်စတွိုင်းသည် စစ်နှင့် ငြိမ်းချမ်းရေး ဟူသော ဝတ္ထုကြီးကြောင့် ကမ္ဘာကျော်၍ထင်ရှားခဲ့သည်၊

www.dhammadownload.com

ပြင်သစ်ဘုရင်နပိုလီယံ ဆိုဗီယက်သို့ ကျူးကျော်တိုက်ခိုက်လာသော စစ်ပွဲကြီးကို အခြေခံကာ နန်းတွင်းအိမ်ထောင်ရေး အရှုပ်အထွေးများကို ဇာတ်လမ်းဆင်၍ ရေးသားထားခြင်းဖြစ်သည်။

အသက်ကြီး၍ အသိဉာဏ်ရင့်ကျက်လာသော အခါတွင်ကား တော်စတွိုင်းအမြင်များ အကြီးအကျယ်ပြောင်းလဲသွားလေပြီ။ တစ်ခါတွင် စာဖတ်သူတစ်ယောက်က တော်စတွိုင်းဆီအလည်လာရင်းဖြင့် စစ်နှင့်ငြိမ်းချမ်းရေးဝတ္ထုကြီး ကောင်းမွန်ကြောင်း ချီးမွမ်းစကားပြောကြားရာ တော်စတွိုင်းက-

"ဒီဝတ္ထုအကြောင်းလာမပြောစမ်းပါနဲ့ အနှစ်အသားမပါတဲ့ သမ္ဘပ္ပလာပတွေပါ။ ဒီဝတ္ထုရေးမိတဲ့အတွက် ငါအမြဲတမ်း အရှက်ရနေမိတယ်" ဟု ပြန်ပြောလိုက်ရာ ချီးမွမ်းစကားပြောသူကား နားမလည်နိုင်အောင်ပင် ဖြစ်သွားသည်။

ကျွန်ုပ်ကား နားလည်နိုင်ပါ၏။ တော်စတွိုင်း၏ဝတ္ထုသည် အဖတ်ထွေးပစ်ပြီး အရည်သာမြိုချရသော ကြံချောင်းနှင့်တူသောစာပေမျိုးဖြစ်နေသောကြောင့်ပါပေတည်း။ အရည်ရောအဖတ်ပါ စားသောက်ရသော နို့မလိုင်လိုစာပေမျိုးဖြစ်ဖို့ကား စာရေးသူတိုင်း၏ တာဝန်သာဖြစ်ပါ၏။

"ဘဝတစ်ခု တိုးတက်ကြီးပွားဖို့အတွက် စာကောင်းပေမွန် များများဖတ်ဖို့ လိုသလို ပညာရှိသူတော်ကောင်းများ၏ သြဝါဒများကိုလည်း မကြာခဏနာယူဖို့ လိုအပ်ပါသည်။ ကျွန်ုပ် မစိုးရိမ်တိုက်သစ်၌ နေချိန်အတွင်း ပဓာန နာယကဆရာတော် ဦးသီရိန္ဒာဘိဝံသထံမှ နာကြားရသည့် သြဝါဒများကို မှတ်မိသလောက် ပြန်လည်ရေးသားပါမည်။

## ယုတ်မာသောစိတ်

အရှင်ဘုရားတို့ ဘုန်းကြီးချင်တဲ့စိတ် မိမိသန္တာန်မှာ အဖြစ်မခံကြနဲ့၊ ဘာကြောင့်လဲဆိုရင် ဘုန်းကြီးချင်တဲ့စိတ်ဟာ ယုတ်မာတဲ့စိတ် ဖြစ်နေလို့ပဲ၊ ဘာလို့ယုတ်မာတဲ့စိတ်လို့ ပြောရသလဲဆိုရင် ဘုန်းကြီးချင်တယ်ဆိုတာ လာဘ်လာဘပစ္စည်းတွေကို ရချင်တာပဲ။

ရချင်တဲ့စိတ်ဟာ အဘိဓမ္မာအလိုအားဖြင့် လောဘစိတ်ပါပဲ။ လောဘဟာ အကုသိုလ်စိတ်ပါ။ အကုသိုလ်စိတ်မှန်သမျှ မကောင်းကျိုးကိုသာ ဖြစ်စေတတ်လို့ ယုတ်မာတဲ့စိတ်လို့ ခေါ်ရပါတယ်။

www.dhammaransi.com

ဧဝဒဗ်ကြီး ဘုရားကို သေကြောင်းကြံခြင်းရဲ့ အဓိကအကြောင်း ဟာ ဘုန်းကြီးချင်လို့ပါပဲ။ အဲဒီဘုန်းကြီးချင်တဲ့စိတ်တွေ အားကြီးလာ တော့ ဘုရားကို နည်းအမျိုးမျိုးနဲ့ သေကြောင်းကြံတော့တာပဲ။ ဒါကြောင့် အရှင်ဘုရားတို့ သတိပြုရမှာက သာသနာ့ဘောင်ရောက်ရင် ပရိယတ်၊ ပဋိပတ် တစ်ခုခုကို စောက်ချလုပ်နေဖို့ပဲ။

ဘုန်းကံတို့၊ လာဘ်လာဘတို့ဆိုတာ ကိုယ်ကလိုက်ရင် သူကပြေး တယ်။ မလိုက်ဘဲ ကိုယ့်သာသနာအလုပ်ကိုယ်လုပ်နေမယ်ဆိုရင် သူက ပြန်ပြီးလိုက်လာတယ်။ အဲဒီလို သူ့အာသာလိုက်လာတဲ့ လာဘ်လာဘကမှ အစစ်မှန် သမ္မာအာဇီဝကျတဲ့ လာဘ်လာဘပဲ။

## ပြည့်တန်ဆာစိတ်

ယောက်ျားတကာခေါ် တိုင်းလိုက်တဲ့အမျိုးသမီးကို ပြည့်တန်ဆာလို့ ခေါ်သလို အာရုံခေါ် တိုင်းလိုက်တတ်တဲ့စိတ်ကိုလည်း ပြည့်တန်ဆာစိတ် လို့ခေါ် ရတယ်။ အရှင်ဘုရားတို့စိတ်ကို ပြည့်တန်ဆာစိတ်မဖြစ်ကြစေနဲ့။

အရှင်ဘုရားတို့ အခုလို စာသင်တိုက်မှာနေစဉ်အခါမှာ တွေ့သမျှ ကိုယ်တော်တွေဟာ အရှင်ဘုရားတို့ဆရာတွေပဲ။ ကောင်းတဲ့ကိုယ်တော် တွေလည်း တွေ့မယ်။ မကောင်းတဲ့ကိုယ်တော်တွေလည်း တွေ့မယ်။ ကောင်းတဲ့ကိုယ်တော်တွေတွေ့တဲ့အခါ ဒီကိုယ်တော်တွေရဲ့ အပြုအမူ အကျင့်အကြံဟာ ကောင်းတယ်၊ အကျိုးရှိတယ်။ ငါ့သန္တာန်မှာဖြစ်စေ ရမယ်ဆိုပြီး အတုယူရမယ်။

ဒါကြောင့် ကောင်းတဲ့ကိုယ်တော်တွေဟာလည်း ကိုယ့်ဆရာပဲ။ တစ်ခါ မကောင်းတဲ့ကိုယ်တော်တွေ တွေ့ရပြန်ရင်လည်း ဒီကိုယ်တော်တွေ ရဲ့ အကျင့်အကြံ အမူအရာတွေဟာ မကောင်းဘူး၊ ဆိုးကျိုးပဲပေးမယ်၊ ငါ့သန္တာန်မှာ ဘယ်တော့မှမဖြစ်စေရဘူးဆိုပြီး သတိနဲ့ဖယ်ရှားပစ်ရမယ်။

ဒါကြောင့် မကောင်းတဲ့ကိုယ်တော်တွေဟာလည်း ကိုယ့်ကို မကောင်း တာမလုပ်ဖြစ်အောင် သင်ပေးနေသလိုဖြစ်တဲ့အတွက် ကိုယ့်ဆရာလို့ပဲ မှတ်ထားရမယ်"

"ဘဝတစ်ခု တိုးတက်ဖို့အတွက် ကြိုးစားနေချိန်မှာ အရာရာ ပြဿနာ မဖြစ်အောင် အောင့်အီးသည်းခံတယ်ဆိုတာ သူတစ်ပါးအတွက် မဟုတ် ပါဘူး။ မိမိအတွက်ပါ။ ဥပမာ ဒီကျောင်းတိုက်မှာ ရန်ဖြစ်ရင် နှစ်ပါးလုံး ထုတ်ပစ်တယ်။ ဒါကြောင့် သူတစ်ပါးက ရန်စလာတောင် ပြဿနာ မဖြစ်အောင် သည်းခံတယ်ဆိုတာ ကိုယ့်အတွက်ပဲ"

www.dhammadownload.org

## လိုက်လာသောရနံ့သူ

ကျွန်ုပ် မဖိုးရိမ်တိုက်သစ်သို့ရောက်ပြီး သုံးနှစ်ခန့်ကြာမှာပင် ကျွန်ုပ်ကို သေကြောင်းကြံသူငါးပါးထဲမှ ခေါင်းဆောင်ကိုယ်တော်လည်း ရောက်လာပါတော့သည်။ ကျောင်းတိုက်ချင်းတူသော်လည်း နေသောကျောင်းဆောင်ချင်းကား မတူပါ။

ကျွန်ုပ်က ဓမ္မယာနကျောင်း၊ သူက မျက်နှာချင်းဆိုင် ဓမ္မဂါရဝကျောင်းသို့ ရောက်သွားသည်။ ဒီတစ်ခါတော့ ကျွန်ုပ်ကနယ်ခံ၊ သူက ဧည့်သည်ဖြစ်နေလေပြီ။ မျက်နှာချင်းဆိုင်တွေ့လျှင် နှုတ်ဆက်လိုက်ရုံ အဆင့်သာရှိသည်။ အမည်းကွက်ထင်သွားပြီဖြစ်သောကြောင့် ခင်ခင်မင်မင်ကား မရှိကြတော့ပါ။

တောင်သာမှာဖြစ်သောပြဿနာ၏ အဓိကတရားခံမှာ တိုက်အုပ်ဆရာတော်ကြီး၏တူဖြစ်သူ ဦးကုန္ဒာစာရဖြစ်ကြောင်း နောက်ပိုင်းကျမှသိရသည်။ သိရပုံမှာ ဦးကုန္ဒာစာရသည် တရွက်တစ်ရွက်ကို တိုက်အုပ်ဆရာတော်အခန်းထဲထည့်လိုက်ပြီး တိုက်အုပ်ဆရာတော်ကြီးကျောင်းဆောင်ထဲနေသည့် ကိုရင်ဉာဏ်သရအား ဦးဇဝနက ဆရာတော်အခန်းထဲတာတစ်စောင်ပစ်သွားကြောင်း တစ်ကျောင်းလုံးကိုလျှောက်ပြောနိုင်းသည် ဟုဆိုပါသည်။

ထိုအကြောင်းကို ကိုရင်လေးကိုယ်တိုင်ပြောပြ၍ ကျွန်ုပ်သိရခြင်းဖြစ်သည်။ သေကြောင်းကြံသူကိုယ်တော်ငါးပါး သိ,မသိကား ကျွန်ုပ်မသိ။ ယခု မဖိုးရိမ်သို့ရောက်လာသူမှာ ထိုငါးပါးတွင် ခေါင်းဆောင်ဖြစ်သော ဦးနန္ဒဝံသဆိုသည့်ကိုယ်တော်ဖြစ်သည်။

တစ်ရက်တွင် ဂါရဝကျောင်းမှ ကိုယ်တော်တစ်ပါး ကျွန်ုပ်ဆီ ရောက်လာပြီး-

"ဦးဇဝန တောင်သာကလာနေတဲ့ တပည့်တော်တို့ကျောင်းပေါ်က နန္ဒဝံသဆိုတဲ့ကိုယ်တော်ကို အရှင်ဘုရားသိသလား"

"တောင်သာမှာ တစ်တိုက်တည်းနေခဲ့တော့ သိတော့သိပါတယ်။ ဒါပေမယ့် ခင်မင်မှုတော့မရှိဘူး။ ဘာဖြစ်လို့လဲဘုရား"

"အဲဒီကိုယ်တော် ဘာတွေအစားမှားတယ်မသိဘူး။ အထက်လှန်အောက်လျှော့ဖြစ်လို့ အပြင်ဆေးခန်းနဲ့ မနိုင်တော့တာနဲ့ အခုကမ်းနားဆေးရုံမှာ တင်ထားရတယ်။ ကျောင်းပေါ် လည်း သူနဲ့သိတာတစ်ပါးမှမရှိတော့ ဘယ်သူမှသွားမကြည့်ဘူး။ ဦးဇဝနက တောင်သာကဆိုလားလို့ သိရင်လည်းသွားကြည့်နိုင်အောင် လာသတင်းပေးတာပါ"

ကျွန်ုပ် ထိုကိုယ်တော်ကို ဘာမှပြန်မပြောလိုက်မိ။ ငူငူကြီးရပ်ကျန်ခဲ့သည်။ ကျွန်ုပ်ကိုသေကြောင်းကြံခဲ့သောရန်သူတစ်ယောက် ဒုက္ခရောက်နေပြီ။ ကျွန်ုပ်စိတ်က ဘယ်လိုသဘောထားမည်နည်း။

"နံ့သာသည် မီးရှို့သူကိုသော်လည်း၊ မကျွမ်းမချင်း
အနံ့ဖြင့် မွှေးစေသည်။ သူတော်ကောင်းသည် ညှဉ်းပန်းနှိပ်
စက်သူကိုသော်လည်း မသေမချင်းအကျိုးဆောင်သည်"

ဟူသော ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒလေးကို သတိရလိုက်သည်နှင့် ကျွန်ုပ်ရင်တွင်းမှာဖြစ်နေသည့် အဓမ္မနှင့် ဓမ္မတို့၏ တိုက်ပွဲတွင် ဓမ္မက အနိုင်ရရှိသွားခဲ့ပေသည်။ ကျွန်ုပ်သည် (၇)ရက်တိုင်တိုင် ရန်သူဖြစ်ခဲ့ဘူးသောကိုယ်တော်အား ဆွမ်း၊ ဆေးတို့ဖြင့် ကျန်းမာလာသည်အထိ ပြုစုစောင့်ရှောက်ခဲ့သည်။

အပေါ်ယံကြည့်သောအခါ ကျွန်ုပ်ကရှုံးသကဲ့သို့ ထင်ရ၏။ အမှန်ကား ကျွန်ုပ်က အနိုင်ရခြင်းဖြစ်၏။ ဓမ္မပဒ၌ ဗုဒ္ဓက-

အက္ကောဓေန ဇိနေကောဓံ၊
အသာဓုံ သာဓုနာဇိနေ။
ဇိနေကဒရိယံ ဒါနေန။
သစ္စေနာလိကဝါဒိနံ။

အမျက်ဒေါသထွက်နေသောသူကို အမျက်ဒေါသမထွက်ဘဲ မေတ္တာဖြင့် အနိုင်ယူရမည်။

"အကျင့်ယုတ်မာသောသူကို အကျင့်ကောင်းဖြင့် အနိုင်ယူရမည်။ နှမြောစေးနဲသောသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူရမည်။ လိမ်ညာပြောသူကို အမှန်ပြောခြင်းဖြင့် အနိုင်ယူရမည်" ဟု ဟောကြားထားရာ ကျွန်ုပ်အနေနှင့် ဘုရားပေးသောအနိုင်ယူနည်းဖြင့် အနိုင်ရခြင်းသာဖြစ်ပါ၏။ ပုထုဇဉ်လူသားမှန်သမျှတို့သည် သူများနှင့်ယှဉ်လိုက်လျှင် အနိုင်ရချင်ကြသည်သာဖြစ်ပါ၏။ သို့သော် ဖော်ပြပါဘုရားပေးသော အနိုင်ယူနည်းဖြင့်ကား အနိုင်မယူချင်ကြ။ မတရားသောနည်းဖြင့်သာ အနိုင်ယူချင်ကြသည်။

ဖော်ပြပါနည်းမှတစ်ပါး အခြားသောနည်းဖြင့် အနိုင်ရမှုမှန်သမျှ သံသရာ၌ ပြန်လည်ရှုံးကြရမည်ဖြစ်သောကြောင့် စစ်မှန်ကောင်းမြတ်သော အနိုင်ရမှုဟုမဆိုရချေ။ ဖော်ပြပါနည်းလေးမျိုးဖြင့် အနိုင်ရမှုသည်ကား ပြန်စဉ်းစားလိုက်တိုင်း ကြည်နူးဝမ်းမြောက်ရသည်ဖြစ်သောကြောင့် ကုသိုလ်နှင့်စပ်သော စစ်မှန်သောအနိုင်ရမှု ဖြစ်ပါပေ၏။

www.dhammaransi.com

## အခန်း (၈)

## ကျွန်ုပ်နှင့် ဒါနပါရမီ -၂

"လောကီမှုကို၊ အောင်စေလို
ကံကိုမချရ၊ ကံကိုချလျှင်
မအောင်မြင်၊ ဉာဏ်ယှဉ်ကြိုးစားကြ
နိဗ္ဗာန်ရှေ့ပြည်၊ ရောက်ခဲသည်
ပါရမီမချရ၊ ပါရမီချလျှင်
ဝဋ်ထဲတွင်၊ ပူပင်ဆင်းရဲရ။

*(မဟာစည်ဆရာတော်)*

"လောကီအမှုကိစ္စများအောင်မြင်စေလိုလျှင် ရှေးကံတစ်ခုတည်းလွှဲချလို့မရ၊ ဉာဏ်ရော ဝီရိယပါတွဲဖက်ပြီး ကြိုးစားမှအောင်မြင်နိုင်သည်။ နိဗ္ဗာန်ရောက်လိုသောသူများသည် ပါရမီကိုလွှဲချပြီးထိုင်နေလျှင် ဘယ်သောအခါမှ ရောက်လိမ့်မည်မဟုတ်။ ဝဋ်သုံးပါးထဲတွင် အမြဲတမ်း ပူပင်ဆင်းရဲနေရမည်ဟု မဟာစည်ဆရာတော်ကြီးက သတိပေးထားခြင်းဖြစ်သည်။

"ပရမာနံကမ္မံ ပါရမီ (မြင့်မြတ်သောသူတို့၏အလုပ်သည် ပါရမီ) ဟုဆိုထားသဖြင့် ပါရမီသည်မိုးကျရွှေကိုယ်မဟုတ်လုပ်ယူမှရမည့် တရားဟု တိတိကျကျ ခံယူထားရမည်။ မြင့်မြတ်သူတို့၏ အလုပ်သည် ဆယ်မျိုးရှိသည်။ ယင်းတို့မှာ-

| | |
|---|---|
| ဒါန | = စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း |
| သီလ | = ကိုယ်နှင့် နှုတ်ကို အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်း |
| နိက္ခမ | = ကာမဂုဏ်မှထွက်မြောက်ခြင်း |
| ပညာ | = ပရမတ် ရုပ်၊ နာမ် အဖြစ်အပျက်ကို ထိုးထွင်း၍ သိခြင်း |

www.dhammaransi.com

| | |
|---|---|
| ဝီရိယ | = ကုသိုလ်ကောင်းမှု၌ ထက်သန်သောလုံ့လရှိခြင်း |
| ခန္တီ | = အကုသိုလ်မဖြစ်အောင် သည်းခံခြင်း |
| သစ္စာ | = မှန်ရာကိုပြောခြင်း |
| အဓိဋ္ဌာန် | = စမိသောအလုပ်ကို ဆုံးခန်းတိုင်အောင်လုပ်ခြင်း |
| မေတ္တာ | = သူတစ်ပါးကိုအေးမြချမ်းသာစေခြင်း |
| ဥပေက္ခာ | = မိမိပေါ် အကောင်းပြုလာသူ၊ အဆိုးပြုလာသူ နှစ်ဦးလုံးအပေါ်၌ ချစ်ခြင်း၊ မုန်းခြင်း မဖြစ်စေဘဲ အလယ်တည့်တည့်၌ရပ်တည်နိုင်ခြင်း၊ (ဝါ) လျစ်လျူရှုနိုင်ခြင်းတို့ဖြစ်၏။ |

ပါရမီများကိုဖြည့်ကျင့်ရခြင်း၏ အဓိကအကြောင်းမှာ-

| | |
|---|---|
| လောဘ | = လိုချင်တပ်မက်ခြင်း |
| ဒေါသ | = စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ညှိုးဖွဲ့ခြင်း |
| မောဟ | = အမှန်ကိုမသိခြင်း |
| မာန | = ထောင်လွှားခြင်း |
| ဒိဋ္ဌိ | = ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါရှိတယ်ဟု အယူမှားခြင်း |
| ဝိစိကိစ္ဆာ | = ငါသည် အရင်ကဖြစ်ခဲ့သလား၊ အခုလည်း ဖြစ်ဆဲလား။ နောင်လည်းဖြစ်ဦးမှာလားဟူ၍ မဝေခွဲနိုင်ဖြစ်ခြင်း |
| ထိန | = တရားနာချိန်၊ တရားထိုင်ချိန်၌ အိပ်ချင် ငိုက်မြည်းခြင်း |
| ဥဒ္ဓစ္စ | = စိတ်ပျံ့လွင့်ခြင်း |
| အဟိရိက | = အကုသိုလ်အမှုပြုရမှာ၊ ပြောရမှာ၊ ကြံစည်ရမှာ မရှက်ခြင်း |
| အနောတ္တပ္ပ | = အကုသိုလ်အမှုပြုရမှာ၊ ပြောရမှာ၊ ကြံစည်ရမှာ မကြောက်ခြင်း |

ဟူသော ကိလေသာဆယ်ပါး ကုန်ခမ်းစေရန်အတွက်ဖြစ်သည်၊ ပုဂ္ဂိုလ်အလိုက်ဖြည့်ကျင့်ရသော နှစ်ကာလကွာခြားသွားသည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ဖြစ်ဖို့ဆိုလျှင် ဝီရိယကိုအဓိကထား၍ ဖြည့်ကျင့်သော ဘုရားဖြစ်ပါက (၁၆)သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ သဒ္ဓါကိုအဓိကထား၍ ဖြည့်ကျင့်သောဘုရားဖြစ်ပါက (၈)သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ပညာကို

www.dhammaransi.com

အဓိကထား၍ ဖြည့်ကျင့်သောဘုရားဖြစ်ပါက (၄)သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ပစ္စေကဗုဒ္ဓါဘုရားငယ်ဖြစ်လိုလျှင် နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့ကဲ့သို့ အဂ္ဂသာဝက ဖြစ်လိုလျှင် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ အရှင်သီဝလိ၊ အရှင်အနုရုဒ္ဓါမထေရ်မြတ်တို့ကဲ့သို့ မဟာသာဝကဖြစ်လိုလျှင် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရမည်။

မဂ်ဖိုလ်ကိုအခုရလျှင် အခုယူမည့် ပကတိသာဝကမျိုးဆိုလျှင်ကား ပါရမီကိုဘဝများစွာချီ၍ ဖြည့်ကျင့်စရာမလိုပေ။ ယနေ့ဖြည့်ကျင့်သော ပါရမီသည် နောက်နေ့ မဂ်ဖိုလ်ရဖို့အတွက် ပါရမီဖြစ်သွားပေသည်။ ထိုအချက်နှင့်ပတ်သက်၍ မိုးကုတ်ဆရာတော်ဘုရားကြီးက-

"တိဟိတ်ဟုတ်မှဟုတ်ပါ့မလား။ ဒွိဟိတ်များဖြစ်နေမလားနဲ့၊ ဒါက ဘုရားရှင်အရာ ကိုယ့်အရာမဟုတ်ဘူး။ ဒီတော့ အကျိုးမများမှာကို မတွေးကြနဲ့။ အလုပ်လုပ်ဖို့သာ ကိုယ့်တာဝန်၊ ဖြစ်ပျက်မြင်ရင် တိဟိတ်ပဲ ဆိုတာ သံသယမရှိကြနဲ့၊ ဒီအချက်ဟာ ပေဋကော ပဒေသပါဠိတော်မှာ အတိအလင်းဟောထားတာရှိတယ်။ သံသယဖြစ်ဖို့ မလိုဘူး။ ဒုဝေဟေတူ ဒုဝေပစ္စယာ၊ သာဝကဿ သမ္မာဒိဋ္ဌိယာ ဉပ္ပါဒါယ၊ သာဝကဉာဏ်အရာမှာ အထောက်အပံ့နှစ်ချက်ပဲ လိုတယ်တဲ့။

ပရတောစဃောသော သစ္စာနုသန္ဓိ
အဇ္ဈတ္တဉ္စယောနိသောမနသိကရောတော

သစ္စာတရားနာကြားမှုနဲ့ နှလုံးသွင်းမှန်ကန်မှု ဒီနှစ်ခုပဲလိုတယ်လို့ ဆိုလိုရင်းဖြစ်တယ်၊ ဒီအကြောင်းနှစ်ခု ညီညွတ်ရင် မဂ်ဖိုလ်ရတယ်ဆိုတော့ အဓိပ္ပါယ်ဟာ အလိုလိုထင်ရှားပါတယ်"

*မိုးကုတ်ဆရာတော် နိဗ္ဗာန်ရရာကျင့်သုံးဖြာတရားတော်မှ*
*ဓမ္မဗျူဟာ-အတွဲ ၃၉-အမှတ် (၁၀)၊ ၂၀၀၁ ခုနှစ်၊ မတ်လထုတ်။*

ထိုကိလေသာဆယ်ပါးတွင် လောဘ၏နယ်ကား လွန်စွာကျယ်ဝန်း၏။ အရဟတ္တမဂ်ကိုရမှ ရဟန္တာဖြစ်မှ ထိုလောဘကို ပယ်သတ်နိုင်သည်။ အစကတည်းက ယဉ်သကိုဟူသော စကားအတိုင်း မိခင်ဝမ်းတွင် ပဋိသန္ဓေနေစဉ်ကတည်းက ဘဝနိကန္တိကလောဘဇော- ဘဝကို တပ်မက်စွဲလမ်း

www.dhammaransi.com

နေသော လောဘဖြင့်စခဲ့ရသော လူသားမှန်သမျှ လောဘကြီးကြမည် သာ ဖြစ်ပါ၏။

ထိုလောဘသည် ဥစ္စာပစ္စည်း၊ ခြေလက်အင်္ဂါ၊ အသက်ဝိညာဉ်ဟူ၍ စွဲလမ်းရာ သုံးဌာနရှိသည်။ ဥစ္စာပစ္စည်းထက် ခြေလက်အင်္ဂါကိုပို၍ စွဲလမ်းသည်။ တစ်ဖန် ခြေလက်အင်္ဂါထက် အသက်ဝိညာဉ်ကို ပို၍စွဲလမ်း ပြန်သည်။ လူနာတစ်ယောက်ကို ဥပမာထား၍ ကြည့်ပါ။ သင့်လက်မှာ ပေါက်နေသော အနာပျောက်ဖို့အတွက် သင့်မှာရှိသမျှ စည်းစိမ်ဥစ္စာ အကုန်ခံကုမှ ပျောက်ကင်းမည်။

သို့မဟုတ်လျှင် သင့်လက်ကို ဖြတ်ပစ်ရလိမ့်မည်ဟုသော ပြောလိုက် ပါက လူနာသည် လက်ကိုကား အဖြတ်ခံလိမ့်မည်မဟုတ်။ စည်းစိမ် ဥစ္စာကိုသာ အကုန်ခံ၍ ကုပေလိမ့်မည်။ အဘယ့်ကြောင့်နည်း။ ပြင်ပ စည်းစိမ်ဥစ္စာထက် ခြေလက်အင်္ဂါအသွေးအသားကို ပို၍စွဲလမ်းတပ်မက် သောကြောင့်ပါတည်း။

တစ်ဖန် အသင်လူနာ သင့်လက်ကိုဖြတ်၍ ကုသမှသာလျှင် သင့် အသက် ရှင်လိမ့်မည်ဟု ပြောလိုက်ပါက လူနာသည် လက်ကိုဖြတ်၍ ကုသမည်သာဖြစ်ပါ၏။ အဘယ့်ကြောင့်နည်း။ ခြေ၊ လက် အင်္ဂါ အသွေး အသားထက် အသက်ဝိညာဉ်ကို ပိုမိုတပ်မက်စွဲလမ်းသောကြောင့်ပါတည်း။

"တစ်စတစ်စ၊ စွန့်ဝံ့မှလျှင်၊ ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်း ၏"ဟူသော ညွှန်ပြချက်အတိုင်း ဥစ္စာစည်းစိမ်ကိုတွယ်တာသော လောဘ မှစ၍ ခန္ဓာကိုယ်အသွေးအသား အသက်ဝိညာဉ်ကိုတွယ်တာသော လောဘ များကို တစ်ဆင့်ပြီးတစ်ဆင့် စွန့်သွားရမည်ဖြစ်ပေသည်။

## ပယ်စွန့်ရမည့်အရာ

ဤနေရာ၌ လူအများစုလွဲနေသော အတွေးအခေါ် တစ်ခုကို တည့် ပေးချင်ပေသည်။ အများစုထင်ထားကြသည်က ပယ်စွန့်ဟုဆိုလျှင် ဥစ္စာ စည်းစိမ်၊ ခန္ဓာကိုယ်ကြီးကို ပယ်စွန့်ရမည်ဟု ထင်နေကြသည်။ မဟုတ်ပါ။ ထိုဥစ္စာပစ္စည်းနှင့် ခန္ဓာကိုယ်ပေါ် စွဲလမ်းတပ်မက်သော လောဘတဏှာ ကိုသာ ဗုဒ္ဓက ပယ်စွန့်ခိုင်းခြင်းဖြစ်ပါသည်။

ဒေသနာတော်တစ်ခုကိုကြည့်ပါ။

ဇာတိမစ္စုဇရာဗျာဓိ၊ ဝေဒနာဒိအဘိပ္ပလုတံ။

သံသာရမိဓ [illegible] တာသုခံ။

www.burmeseclassic.com

ပဋိသန္ဓေနေရခြင်း၊ သေရခြင်း၊ အိုရခြင်း၊ နာရခြင်း ဝေဒနာတို့ဖြင့် အမြဲမပြတ် အနှိပ်စက်ခံနေရသော စင်စစ်အားဖြင့် အနှစ်သာရ ဘာမျှ ရှာမရသော ဤဘဝခန္ဓာ သံသရာကြီးကို စွန့်ပစ်နိုင်လျှင် ချမ်းသာ၏။

ခန္ဓာကိုယ်ကိုစွန့်ပစ်လျှင် ချမ်းသာ၏ဟုဆိုထားရာ ဘယ်လိုစွန့်ပစ်မည်နည်း။ အမှိုက်သရိုက်လို စွန့်ပစ်လို့မရသည်ကား အသေအချာပင်ဖြစ်ပါ၏။ တကယ်စွန့်ပစ်ရမည်ကား ခန္ဓာကိုယ်ပေါ်မှာ တွယ်တာနေသော လောဘတဏှာပင်ဖြစ်ပါ၏။

ရဟန္တာဖြစ်တော်မူသည့် မထေရ်ကြီးများသည် ကိုယ်ပိုင်တိုက်တာ၊ ခြံမြေများ၊ ကိုးကွယ်ဆည်းကပ်သော ဒကာ၊ ဒကာမများနှင့် နေရသည်သာ ဖြစ်ပါ၏။ တစ်ခုမှမစွန့်ပါ။ စွန့်ပယ်သည်ကား ထိုသက်ရှိ သက်မဲ့အားလုံး အပေါ်မှာ စွဲလမ်းတပ်မက်သော လောဘတဏှာပင်ဖြစ်ပါ၏။

ထို့ကြောင့် သဠာယတနသံယုတ်၊ မိဂဇာလသုတ်၌ ဗုဒ္ဓက-

"အို... မိဂဇာလ၊ ရဟန်းသည် ရွာတွင်း၌ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ၊ မင်း၊ မှူးမတ်၊ တိတ္ထိတို့နှင့် ရောပြွမ်းနေထိုင်စေကာမူ တဏှာရာဂကို ပယ်သတ်ပြီးဖြစ်လျှင် အဖော်မပါ တစ်ယောက်တည်းနေသောသူဟူ၍ ဆိုအပ်၏"

ဟူ၍ ဟောတော်မူခဲ့ခြင်းဖြစ်သည်။

အစွဲအလမ်း လောဘတဏှာရှိနေလျှင် တစ်ယောက်တည်း တောတွင်းမှာနေသော်လည်း လူတစ်ထောင်နှင့်အတူနေရာရောက်သည်။ အစွဲအလမ်း လောဘတဏှာမရှိလျှင် လူတစ်ထောင်နှင့်နေသော်လည်း တစ်ယောက်တည်းနေရာရောက်သည်ဟူ၍ သင်ခန်းစာထုတ်ယူရပေမည်။

ထိုသင်ခန်းစာနှင့်ပတ်သက်၍ မှတ်သားစရာကောင်းသော သီဟိုဠ်က ရဟန်းနှစ်ပါးအကြောင်းကို တင်ပြချင်သည်။ သူငယ်ချင်းနှစ်ပါးအနက် တစ်ပါးသည် တောရဆောက်တည်ကာ ခေါင်းခေါင်းပါးပါးဖြင့် ကျင့်ကြံအားထုတ်နေသည်။ တစ်ပါးကား မြို့ပေါ်တွင် ကိုယ်ပိုင်တိုက်တာကြီးဖြင့် ကျောင်းထိုင်နေသည်။

တစ်နေ့တွင် တောထဲမှကိုယ်တော်သည် ငါ တောထဲမှာနေရတာ အစားရှား၊ အနေရှားဆင်းရဲလှတယ်။ မြို့ပေါ်က မိတ်ဆွေကျောင်းမှာ ခဏသွားနေရရင် အနေအစားချမ်းသာမယ်ဟုယူဆပြီး မိတ်ဆွေ၏ မြို့ပေါ်က ကျောင်းသို့ရောက်လာခဲ့သည်။

www.dhammadansi.com

မနက်မိုးလင်းသောအခါ အရုဏ်ဆွမ်းလေး ချမ်းချမ်းသာသာ စားရမည်ဟုထင်ခဲ့သော်လည်း ဆွမ်းချိုင့်တစ်ချိုင့်မှ ပို့သူမရှိသဖြင့် နှစ်ပါးလုံး အရုဏ်ဆွမ်းခံကြွကြရသည်။ ထိုအခါတောနေရဟန်းက စဉ်းစားသည်မှာ မြို့သူမြို့သားတွေဆိုတာ အိပ်ရာထနောက်ကျကြတယ်။ ဒါ့ကြောင့် လာမပို့ကြတာနေမှာ၊ နေ့ခင်းတော့ ချမ်းချမ်းသာသာ ဘုဉ်းပေးရမှာပါဟူ၏။

နေ့ခင်းရောက်သောအခါတွင်လည်း ဆွမ်းပို့မည့်သူ မရှိသဖြင့် နှစ်ပါးလုံး ဆွမ်းခံထွက်ကြရပြန်သည်။ ထိုအချိန်တွင်ကား တောနေရဟန်းသည် သည်းမခံနိုင်တော့သဖြင့်-

"အရှင်ဘုရား... အရုဏ်ဆွမ်းရော၊ နေ့ဆွမ်းရော ဒီလိုပဲ နေ့စဉ်ဆွမ်းခံထွက်ရသလား"

"မှန်ပါ ပုံမှန်ထွက်ရကြောင်းပါ"

"ဒါဆို အရှင်ဘုရားဟာ မြို့ပေါ်မှာသာကျောင်းထိုင်နေရတယ်။ တပည့်တော်နေတဲ့ တောရကျောင်းလောက်တောင် ပစ္စည်းလေးပါး မချမ်းသာပါလား"

"ဒီလိုဆို အရှင်ဘုရားနေတဲ့တောရကျောင်းကို အခုတစ်ခါတည်း ကြွကြပါစို့ဘုရား" ထိုအခါ တောနေရဟန်းမှာ အံ့အားသင့်စွာဖြင့်

"ဟင်... အရှင်ဘုရား ကျောင်းကန် တိုက်တာပစ္စည်းတွေ ဘယ်လိုမှမစီမံဘဲ ဒီအတိုင်းပစ်ထားခဲ့တော့မလို့လား"

"တပည့်တော် ဒီပစ္စည်းတွေပစ်ထားတာကြာပါပြီ အခုမှ လူစွမ်းကောင်းလုပ်ပြီး တကူးတကပစ်တာမဟုတ်ပါဘူး"

"ဟာ... ကျောင်းကိုတော့ခဏပြန်ဦးမှဖြစ်မယ်ဘုရား တောရကျောင်းကို ချက်ချင်းသွားလို့မဖြစ်သေးဘူး။ အရှင်ဘုရားကျောင်းမှာ တပည့်တော်အမြဲသုံးတဲ့ တောင်ဝှေးနဲ့ ယပ်တောင် ကျန်နေလို့ ပြန်ယူရဦးမယ်"

မြို့ပေါ်မှာနေသော်လည်း တိုက်တာခြံမြေအပေါ် တပ်မက်သည့် လောဘတဏှာကို ပယ်စွန့်ထားပြီးဖြစ်သည့်ရဟန်းက ချက်ချင်းစွန့်ချက်ချင်းတောရကျောင်းကို အပြီးပြောင်းနိုင်ပါ၏။ သို့သော် လောဘတဏှာကို မစွန့်နိုင်သေးသည့် တောရရဟန်းသည် တောင်ဝှေးနှင့် ယပ်တောင်တစ်ချောင်းအပေါ်မှာပင် အာသာငန်းငန်းဖြစ်နေပုံမှာ တရားကျဖွယ်ကောင်းလှပါသည်။

www.dhammaransi.com

## ထန်းလျက်ကလေးနှစ်လုံး

ကောင်းကျိုးမပြုသောမြက်ပင်သည် လွယ်ကူများပြားစွာပေါက်ရောက်သလောက် ကောင်းကျိုးပြုသော သီးပင်စားပင်များကိုကား ရေလောင်း၊ ပေါင်းနုတ်၊ မြေသြဇာကျွေးစသည်ဖြင့် ဂရုစိုက်မှသာ ရှင်နိုင်သကဲ့သို့ ထို့အတူ လောကကို ကောင်းကျိုးမပြုသော အတ္တဆန်ခြင်း၊ လောဘကြီးခြင်းစသောအကျင့်ဆိုးများသည် အလွယ်တကူဖြစ်လွယ်သလောက် လောကကိုကောင်းကျိုးပြုသော အနစ်နာခံခြင်း၊ ကိုယ်ကျိုးစွန့်ခြင်းစသော အကျင့်ကောင်းများကိုကား တကူးတက ခက်ခက်ခဲခဲကျင့်ကြံအားထုတ်မှသာ ရနိုင်ပေသည်။

ပါရမီဆယ်ပါးတွင် အလွယ်ကူဆုံးဖြစ်သော ဒါနပါရမီကိုပင် ကျွန်ုပ်မည်ကဲ့သို့ ခက်ခက်ခဲခဲကျင့်ခဲ့ရသည်ကို မှတ်မိသမျှဖော်ပြပါမည်။ ကျွန်ုပ်တောင်သာမြို့ သာသနာ့မူလိကာရာမစာသင်တိုက် ရောက်စအချိန်ကပင်ဖြစ်ပါ၏။ တစ်ညနေတွင် စာကျက်ပြီး ဆာဆာရှိသည်နှင့် ထန်းလျက်စားရန် ပုလင်းကိုဖွင့်လိုက်ရာ ဆီးထန်းလျက်နှင့် ရိုးရိုးထန်းလျက် နှစ်လုံးကိုသာ တွေ့ရသည်။ ဆီးထန်းလျက်သည် ကျွန်ုပ် အကြိုက်ဆုံးဖြစ်သည်။

ထိုအချိန်မှာပင် နေမိန္ဒအမည်ရှိ အနားမှ ကိုရင်တစ်ပါးက -

"ကိုရင်ဇဝန၊ ထန်းလျက်စားမလို့နဲ့တူတယ်။ တပည့်တော်လည်း တစ်လုံးလောက်ပေးပါဦး"ဟု တောင်းလိုက်ရာ ထန်းလျက်က နည်းနေသဖြင့် ပေးချင်စိတ်ကပေါ်မလာ။ နည်းနည်း များများ ပေးချင်စိတ်ပေါ်မလာသည်မှာ လောဘကြောင့်သာဖြစ်ပါ၏။ သို့သော် အတ္တသမားဖြစ်သော လူသားသည်ကား မိမိအတွက် တစ်ကွက်ချန်ထားချင်သည်။

လောဘကြောင့် မပေးချင်သည်ကို နည်းလို့မပေးချင်တာပါဖြစ်အောင် ခေါင်းရှောင်လိုက်သည်။ ရွှေစက်တော်ဆရာတော်၏ ကဗျာလေးတစ်ပုဒ်ကို သွားအမှတ်ရမိ၏။

### လူဆိုသည်မှာ အတ္တသမား

"လူဆိုသည်မှာ၊ အတ္တသမား၊
ကိုယ့်အတွက်တော့၊ တစ်ကွက်ထား၊
သူများမှားတာမြင်ပါလျှင်၊
မေးငေါ့မဲ့ရွဲ့၊ အပြစ်တင်၊
ကိုယ့်မှာပင် မှားမြန်ကြ၊

www.dhammaransi.com

ဖုံးလိုက်ဖိလိုက်ကြ၊
အတ္တဆန်သော ဤလောက၊
အံ့သြဖွယ်ရှိစွ။"

ကိုယ့်စိတ်ကို ပြန်ဆုံးမလိုက်သောအခါ တစ်လုံးတော့ကျွေးမယ်။ သို့သော် ကိုယ်မကြိုက်သော ရှုံးရှုံးထန်းလျက်ခဲကိုသာ ကျွေးမယ်ဟူသော အဖြေထွက်လာသည်။ ကျွန်ုပ်ကား ပရိယာယ်မာယာများလှသော လောဘကို သြချမိတော့သည်။ သူသူကိုယ်ကိုယ် များသောအားဖြင့် လောဘ၏ ကျေးကျွန်များသာဖြစ်သောကြောင့် ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲလိုစိတ် နည်းကြသည်။

ထိုပေးကမ်းစွန့်ကြဲလိုစိတ်ကို ရအောင်ထူထောင်နိုင်ပြန်ပြီဆိုလျှင် ကောင်းတာကိုမပေးချင်ဘဲညံ့တာကိုပေးချင်သောစိတ်ကပေါ်လာပြန်သည်။ ယခု ကျွန်ုပ်အဖြစ်ကို ကြည့်ပါ။ ကိုယ်နှစ်သက်သော ဆီးထန်းလျက်ကို မပေးနိုင်ဘဲ ရှုံးရှုံးထန်းလျက်ကိုသာ ပေးဖို့ပြင်နေသည် မဟုတ်ပါလော။

စိတ်ကို တစ်ချက်ဆုံးမလိုက်ပြီး မိမိနှစ်သက်သော ဆီးထန်းလျက်ကိုသာ ပေးလှူလိုက်ပါသည်။ ကျွန်ုပ်သည် သူတစ်ပါးကို ပေးကမ်းစွန့်ကြဲလျှင် အကောင်းဆုံးကိုသာ ပေးကမ်းစွန့်ကြဲတတ်သော အလေ့အထကို ရရန်အတွက် ၎င်းထန်းလျက်ခဲ နှစ်ခဲမှစ၍ လေ့ကျင့်ခဲ့ရပါသည်။

နောက်တစ်ကြိမ်ကြုံရသောဖြစ်ရပ်သည်လည်း ကျွန်ုပ်အတွက် ကြီးကျယ်သော စွန့်စားခန်းတစ်ခုပင်ဖြစ်ပါသည်။ အစိုးရပထမငယ်တန်းအောင်သောနှစ်တွင် စာအောင်သံဃာများဂုဏ်ပြုပွဲ၌ အလှူရှင်တစ်ဦးက ဖြူလွှနေသော အဖိုးတန်အဝတ်စကို လက်ကိုင်ပုဝါများအဖြစ်ချုပ်ပြီး လှူဒါန်းပါသည်။

အဖြူရောင်သည် ရဟန်းသံဃာများနှင့်သင့်လျော်ခြင်း၊ အကောင်းစား အဝတ်စဖြစ်ခြင်း၊ ဆိုင်မှာဝယ်၍မရနိုင်ခြင်းစသော အကြောင်းများကြောင့် ကျွန်ုပ်မှာ ချက်ချင်းမသုံးရက်သဖြင့် သေတ္တာထဲထည့်၍ သော့ခတ်သိမ်းထားလိုက်ပါသည်။

## ကျွန်ုပ်လောဘနှင့်အဖြူရောင်ပုဝါစ

ထိုစဉ်က အခြေပြုမူလတန်းမပေါ်သေးသဖြင့် ရောက်စစာသင်သားများသည် အခြေခံစာများကို (၁)နှစ်သင်ယူရပြီး နောက်တစ်နှစ်မှ ပထမ ငယ်တန်းစာမေးပွဲဝင်ရသည်။ အရပြီးနောက် နောက်တစ်ရက်

www.dhammadanaa.org

မှာပင် ပညာဇောတအမည်ရှိ ကိုရင်တစ်ပါးက ထိုလက်ကိုင်ပုဝါလေးကို လာအလှူခံပါတော့သည်။ သူကား အခြေပြုစာသင်သားဖြစ်သဖြင့် စာမေးပွဲအောင်ဆုရဖို့ အဝေးကြီးလိုပေသေးသည်။

ကျွန်ုပ်ကား ပေးချင်စိတ်ဖြစ်ဖို့နေနေသာသာ မိမိအနှစ်သက်ဆုံး ပစ္စည်းကို လာတောင်းသည့်အတွက် စိတ်ပင် ဆိုးသွားပါသေးသည်။ တဖြည်းဖြည်း ကိုယ့်စိတ်ကို ပြန်ပြီးဆုံးမရသည်။ ဗုဒ္ဓရှင်တော်မြတ်သည် အသားတွေလှီးဖြတ်လှူခဲ့သည်မှာ မြင့်မိုရ်တောင်ကမှ နိမ့်ပါဦးမည်။

သွေးတွေဖောက်လှူခဲ့သည်မှာ သမုဒ္ဒရာလေးစင်းက ရေတွေကမှ နည်းနေပါလိမ့်မည်။ မျက်စိတွေထုတ်လှူခဲ့သည်မှာ ကောင်းကင်က ကြယ်တာရာတွေကမှ နည်းနေပါလိမ့်မည်။ ထိုကဲ့သို့ သူမတူအောင် စွန့်လွှတ်ခြင်းများစွာဖြင့် တည်ထောင်ခဲ့သော ဘုရားသာသနာသို့ ဝင်ရောက်လာသူဖြစ်ပါလျက် ဘာမှတန်ဖိုးမရှိသည့် လက်ကိုင်ပုဝါလေး တစ်ထည်ကို မလှူနိုင်ဘူးလားဟူ၍ ကိုယ့်ကိုယ်ကိုဆုံးမကာ လက်ကိုင်ပုဝါလေးကို ချက်ချင်းထုတ်၍ လှူဒါန်းလိုက်ပါတော့သည်။

ဆင်လည်း ဆင့်အထွာ၊ ဆိတ်လည်း ဆိတ်အထွာ ဟူသော စကားအတိုင်း ကြွယ်ဝချမ်းသာသူများအတွက် လက်ကိုင်ပုဝါတစ်ထည်သည် ဘာမှမပြောပလောက်သည်မှန်သော်လည်း ထိုအချိန်က ရှင်သာမဏေဘဝသာရှိသေးသော ကျွန်ုပ်အတွက်ကား ပြောပလောက်သောစွန့်စားခန်းသာ ဖြစ်ပါ၏။ နောက်တစ်ကြိမ်ကြုံရသည်ကား မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်တွင် ရောက်စအချိန်က ဖြစ်ပါ၏။

ကျွန်ုပ်တို့စာသင်သားလောကတွင် ဆိုရိုးစကားတစ်ခုရှိ၏။ "ကံစမ်းချင် မန်း၊ ဉာဏ်စမ်းချင် ဆန်း" ဟူသော စကားတစ်ခုပင်ဖြစ်၏။ အဓိပ္ပာယ်မှာ မိမိအတိတ်ကုသိုလ်ကံ ရှိ,မရှိ စမ်းကြည့်ချင်လျှင် မန္တလေးမှာ သွားစာသင်ပြီး နေကြည့်ပါ။ မန္တလေးမှာနေလို့ ပစ္စည်းလေးပါးပေါများလျှင် ကံကောင်းသူ ကုသိုလ်ရှိသူဟု မှတ်ယူနိုင်သည်။

မိမိဉာဏ် ဘယ်လောက်ကောင်းသည်ကိုသိလိုလျှင် ဆန်းကျမ်းကို သင်ကြည့်ရမည်။ ဆန်းကျမ်းကိုသင်ကြည့်၍ ကောင်းမွန်စာနားလည် တတ်မြောက်လျှင် ဉာဏ်ကောင်းသူဟု သတ်မှတ်နိုင်ပါသည်။ ကျွန်ုပ်သည် အမရပူရမြို့ပေါ် မွေးပြီး မန္တလေးအရှေ့တောင်မြို့နယ်မှာ ကိုရင်ဝတ်သည့်အတွက် မန္တလေးသားတစ်ယောက်ဟုသာ ခေါ်တွင်သင့်ပါ၏။

www.dhammaransi.com

သို့သော် မူလဇီးဘန်နီကျောင်းတိုက်မှာ ကိုရင်ဝါလေးဝါ နေခဲ့သော်လည်း မန္တလေးတောင်နှင့် ညစျေးတန်းကို တစ်ခေါက်သာ ရောက်ဖူးသည်။ ကျောင်းတွင်းက ကျောင်းပြင် ဘယ်မှမသွားခဲ့ရ၍ မြို့မရောက်ဖူးသော တောသားတစ်ယောက်နှင့် ဘာမှမခြားနား။ မန္တလေးတောင်နှင့် ညစျေးတန်းကို တစ်ခေါက်စီသာရောက်ဖူးရာ ရောက်ဖူးသော အခေါက်မှာပင် နှစ်နေရာလုံး အလိမ်ခံခဲ့ရပုံကို ပြောပြပါဦးမည်။

## မန္တလေးသူက မန္တလေးသားကိုလိမ်ခြင်း

ကျွန်ုပ်တို့နေသောကျောင်းသို့ ဦးစန္ဒာဝရအမည်ရှိ ရဟန်းတစ်ပါး ရောက်လာသောအခါတွင်မှ ထိုရဟန်းတော်၏အကျိုးဆောင်မှုကြောင့် မန္တလေးတောင်ပေါ်သို့ ရောက်ဖူးခဲ့ရသည်။ တောင်ပေါ်ရောက်ချိန်မှာပင် ဆွမ်းစားချိန်ရောက်လာသဖြင့် အသုပ်ဆိုင်တစ်ဆိုင် ဝင်ထိုင်လိုက်ကြသည်။ လိုက်ပို့ပေးသောရဟန်းကား ကျောင်းကကြိုစားလာခဲ့၍ ဆိုင်မှာ မစားပါ။

ကျွန်ုပ်တို့ကို အသုပ်ဆိုင်ရှိရာညွှန်ပြပြီး သူက ပြခန်းများကြည့်ရင်း ကျန်ခဲ့သည်။ တောသားအဆင့်သာရှိသော ကျွန်ုပ်တို့ညီအစ်ကိုနှစ်ပါးကို စျေးသည်ဖာ သတိထားမိဟန်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် မှာလိုက်သော မုန့်တီသုပ်တစ်ပွဲ ဘယ်လောက်ကျသလဲ ဟူသော ကျွန်ုပ်တို့၏ အမေးကို အဖြေမပေးဘဲ မသိချင်ယောင်ဆောင်နေသောကြောင့်ပါတည်း။

ကျွန်ုပ်တို့ညီအစ်ကိုနှစ်ပါးလည်း စျေးသည်က မဖြေသောကြောင့် ဆက်မမေးတော့ဘဲ မုန့်တီကိုသာ တစ်ပါးလျှင် နှစ်ပွဲနှုန်း ဆာဆာနှင့် ဘုဉ်းပေးလိုက်ကြသည်။ စားပြီး၍ ပိုက်ဆံရှင်းသောအခါ တစ်ပွဲလျှင် ၈ ကျပ်နှုန်း ကျနေလေသည်။ မြို့ထဲမှာ တောင်အောက်မှာစားလျှင် တစ်ပွဲလျှင် နှစ်ကျပ်နှုန်းသာရှိရာ တောင်ပေါ်မှစျေးသည်သည် ကျွန်ုပ်တို့ လူအ,တွေမှန်းသိ၍ တင်တောင်းလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့ကား စားပြီးဖြစ်၍ ဘာမှမပြောနိုင်တော့ဘဲ အောင့်သက်သက်နှင့် ပေးလိုက်ရပါတော့သည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၅)နှစ်ခန့်က ဖြစ်၍ ငွေတန်ဖိုးရှိသောအချိန်ဖြစ်သောကြောင့် (၈)ကျပ် ဆိုသည်မှာ အဘယ်မျှများပြားသည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။

www.dhammaransi.com

## ပန်းသီးကိုပင် ခရမ်းချဉ်သီးထင်

နောက်တစ်ကြိမ်အလိမ်ခံရသည်ကား ညဈေးတန်းတွင်ဖြစ်သည်။ မန္တလေးညဈေးတန်းကိုလည်း တစ်ခါမှမရောက်ဘူးသဖြင့် ကျောင်းမှာလာတည်းသော လားရှိုးမှ ကုန်ကားပိုင်ရှင် ဒကာကြီးဦးအောင်ဆန်းက သူ့ဂျစ်ကားလေးနှင့် ဆရာတော်ကိုလျှောက်ပြီး ခေါ်သွား၍ ရောက်ဖူးခဲ့ခြင်းဖြစ်၏။

ကျွန်ုပ်တို့ဘဝ အကျိုးပေးနုံချာလိုက်ပုံကား ထို ၁၄ နှစ်သားအရွယ်ထိ ပန်းသီးကိုမမြင်ဖူး၊ မစားဖူးခြင်းပါတည်း။ ကျွန်ုပ်တို့ အ,သည်ကို သိထားသော ဦးအောင်ဆန်းက ညဈေးတန်းထဲလျှောက်ကြည့်ရင်း ရယ်စရာတစ်ခု လုပ်လိုက်သည်။ ကားပေါ်တွင် မြို့ထဲမှ သူတူမအပျိုချောလေးများလေးငါးယောက်လည်း ပါလာသည်။

ဦးအောင်ဆန်းက ပန်းသီးဆိုင်တန်းရှေ့ရောက်ခါနီးတွင်-

"ကဲ... ကိုရင်တို့ မန္တလေးမြို့က ကုန်ဈေးနှုန်း ဘယ်လောက်ကြီးသလဲဆိုတာ ကိုရင်တို့ရှေ့မှာ လက်တွေ့မေးပြမယ်။ ဟော- ဟိုရှေ့မှာ ခရမ်းချဉ်သီးတွေ ဗန်းတွေနဲ့တင်ရောင်းနေတာတွေ့တယ်မဟုတ်လား" ဟု ပြောပြီး ပန်းသီးဆိုင်ရှေ့ရောက်သည်နှင့်-

"ဒါတွေ တစ်လုံးဘယ်လောက်လဲဗျာ" ဟု မေးလိုက်ရာ ပန်းသီးသည်က "ငါးကျပ်" ဟုဆိုလိုက်ရာ ခရမ်းချဉ်သီးတစ်လုံး ငါးကျပ်ဆို၍ ကျွန်ုပ်တို့ညီအစ်ကိုနှစ်ပါးမှာ တအံ့တသြဖြစ်သွားကြပါသည်။ ဦးအောင်ဆန်းက ဆက်လျှောက်လာရင်း-

"တွေ့တယ်မဟုတ်လား ကိုရင်တို့၊ မန္တလေးက ကုန်ဈေးနှုန်းဘယ်လောက်ကြီးသလဲလို့၊ ခရမ်းချဉ်သီးတစ်လုံး ငါးကျပ်တောင်ရှိတယ်"

ဟု ပြောလိုက်ရာ သူတူမများက ကျွန်ုပ်တို့၏တောကျပုံကို ကြည့်၍ တဝါးဝါးပွဲကျသွားကြပါသည်။ ကျွန်ုပ်တို့ကား သနားစရာကောင်းစွ။ ကိုယ့်ကိုလှောင်မှန်းပင်မသိသော ဘဝပါတကား။ ထိုကဲ့သို့ အ,လှ၊ န,လှ၊ တောကျလှသောကျွန်ုပ်ကို ဥပဇ္ဈာယ်ဆရာက တောင်သာစာသင်တိုက်လေး ပို့လိုက်ပြန်ရာ တောကျနေသူမှာ တောမြို့ရောက်သွားသဖြင့် ထိုအခါမှ အံကိုက်သွားပါသည်။

တောင်သာမှာ လေးနှစ်နေပြီး အကြီးတန်းရောက်သောအခါတွင်မှ မန္တလေးမြို့၊ မစိုးရိမ်ကျောင်း (တိုက်သစ်)သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ခင်မင်နေသော ဘကြီးဦးဘရီ နှင့် မိခင်တို့က ကျွန်ုပ်ကိုလိုက်အပ်ပေးကြ

www.dhammaransi.com

"ဒီခေတ်မှာ ဆွမ်းကတော့ ဘယ်ကိုယ်တော်မဆို သပိတ်တစ်ဝက်တော့အနည်းဆုံးရတာပဲ။ တပည့်တော်တို့တုန်းကဆို ဆွမ်းနှစ်ပန်းကန်စာလောက်ရအောင် မန္တလေးတစ်မြို့လုံးပတ်နေရတာ၊ ဟင်းခွက်ကတော့ မရတဲ့ရက်က များတယ်။ ဒါဆို ဘာနဲ့ဆွမ်းစားသလဲဆိုရင် ချဉ်ပေါင်ရွက်နှစ်စီးနဲ့ ဆားနဲ့ ဆွမ်းတစ်နပ်ပြီးအောင် စားကြရတယ်"

"မန္တလေးမြို့ဝန်ကတော်က မနက်တိုင်း သံဃာတစ်ပါးကို ချဉ်ပေါင်ရွက်နှစ်စီးနဲ့ ဆွမ်းတစ်ဇွန်း လောင်းတယ်။ သံဃာတွေများလွန်းအားကြီးတော့ သူတို့လည်း ချဉ်ပေါင်ရွက်ကို ချက်တောင်မချက်နိုင်တော့တာထင်ပါတယ်။ အဲဒီချဉ်ပေါင်ရွက်တွေကို သပိတ်ထဲချွေထည့်၊ ဆားဖြူးပြီးဆွမ်းနဲ့နယ်စားရတော့တာပဲ"

ထိုဩဝါဒကိုရပြီးကတည်းက ကျွန်ုပ်ဘာမှမပူတော့။ ဒီထက်တော့ပိုမဆိုးနိုင်တော့ဘူးဆိုတာ သိနေပြီမဟုတ်ပါလား။ ဦးဘရီနှင့် ကျွန်ုပ်မယ်တော်တို့ပြန်သွားပြီး နောက်တစ်နေ့မနက်မှာပင် ကျွန်ုပ် ကိုယ့်ဝမ်းကိုစ၍ ကျောင်းရပြီ။ မိုးလင်းသည်နှင့် မုန့်ဟင်းခါးဆိုင်ထိုင်ကာ အရဏ်ဆွမ်းပြဿနာကို ဖြေရှင်းလိုက်သည်။ ခမည်းတော်နှင့် မယ်တော်တို့က စာသင်သားများကြားတွင် မျက်နှာမငယ်ရစေရန် သူတို့ချွေးနည်းစာလေးများကို လှူဒါန်းထားကြသည်။

ပထမဆုံးရဟန်းဒကာ၊ ဒကာမများ ဖြစ်ကြသည့် ဦးဝင်းမြင့်၊ ဒေါ်ထွေး၊ ဦးဝင်းမြ၊ ဒေါ်ခင်မူတို့သည် ဥပဇ္ဈာယ်ဆရာတော်၏ တူနှင့်တူမများဖြစ်ကြသည်။ ကျွန်ုပ်သည် စာသင်တိုက်ကိုရောက်သွားပြီးကတည်းက ဘာသာရေး၊ သာသနာရေးအလုပ်ကိုသာ ပျော်မွေ့သွားသည်။ လောကီအလုပ်ကိစ္စမှန်သမျှကို မလုပ်ချင်တော့၊ စိတ်လည်းမဝင်စားတော့။

ထိုအခါ လောကီကိစ္စများကို လက်မလွှတ်နိုင်သော ဥပဇ္ဈာယ်ကျောင်း၌ ကျွန်ုပ်နေ၍မရတော့။ ထိုအခါမှစ၍ မူလရဟန်းဒကာ၊ ဒကာမများမှာ ကျွန်ုပ်နှင့် တဖြည်းဖြည်း ဝေးသထက်ဝေးလာသဖြင့် သူတို့ဆီမှ လည်း ဘာမျှအထောက်အပံ့ မရတော့ပါ။ ထို့ကြောင့် ရဟန်းခံ ပြီးချိန်မှစ၍ မိဘနှစ်ပါးကသာ ကျွန်ုပ်လိုအပ်သမျှကို ထောက်ပံ့ရပါတော့သည်။

မိဘနှစ်ပါးသည် မူလက သူတို့ကိုယ်တိုင် ကျွန်ုပ်ကို ရဟန်းခံဖို့ အစီအစဉ်ရှိသော်လည်း ဥပဇ္ဈာယ်ဘုန်းကြီးက "မိဘကိုယ်တိုင်ရဟန်းမခံသင့်၊ တစိမ်းဒကာကို ပေးရမည်။ မိဘဟူသည် ရဟန်းဒကာ ဖြစ်ဖြစ်၊ မဖြစ်ဖြစ် ထောက်ပံ့ရမည်သာဖြစ်သည်။ တစိမ်းဒကာဟူသည် ရဟန်းခံ

www.dhammaransi.com

ခွင့်ရမှာသာ ထောက်ပံ့မည်ဖြစ်သည်"ဟု မိန့်ကြားသောကြောင့် ဥပဇ္ဈာယ်၏တူများကို ပေးလိုက်ရခြင်းဖြစ်သည်။

ယခုလည်း မယ်တော်ကြီးက ငါးပိလိမ္မာကြော်နှင့် ဘာလချောင်ကြော်များကို ပုလင်းနှင့်ထည့်ပြီး လှူပေးထားသည်။ ထို့ကြောင့် ဇီဇာမကြောင်သော ကျွန်ုပ်အတွက် ဟင်းဖူလုံသွားပေပြီ။ ဆွမ်းသာရဖို့ လိုတော့သည်။ ဆွမ်းခံထိုင်အိမ် ဖိတ်မည်လား။ မဖိတ်ချင်။ မျက်နှာပူသည်။ ရှက်သည်။ ဝိနည်းနဲ့လည်း ညီညွတ်သည်ဟုမထင်။

ကျောင်းမှ ကဝိသာရဆိုသော ကိုယ်တော်တစ်ပါးသည် အပြောကောင်းသဖြင့် ဆွမ်းခံအိမ်ဖိတ်တိုင်း သူ့ကိုအရခေါ်ပြီး ဖိတ်ခိုင်းကြသည်။ သူသည် နတ်မောက်သားဖြစ်သည်။ မည်မျှအပြောကောင်းသနည်းဆိုလျှင် မလောင်းနိုင်ဟု ငြင်းနေသော အိမ်ရှင်ဒကာ၊ ဒကာမများ မျက်ရည်ကျလာအောင်ထိ အပြောကောင်းသည်။

တစ်နေ့တွင် ကိုယ်တော်တစ်ပါးအား ဆွမ်းခံထိုင်အိမ် လိုက်ဖိတ်ပေးသည်။ အိမ်တစ်အိမ်က ဒကာတစ်ယောက်သည် သံဃာတွေ များလွန်းနေ၍ လက်မခံနိုင်ကြောင်းငြင်းရာ ဦးကဝိသာရက ထုံးစံအတိုင်း နောက်မဆုတ်ဘဲ စာသင်သားများ ဆင်းရဲသည့်အကြောင်း သနားလောက်အောင်ပြောနေရာ ဒကာမှာ သည်းမခံနိုင်တော့ဘဲ အိမ်နောက်ထဲဝင်သွားပြီး ပြန်ထွက်မလာတော့သဖြင့် အပြောကောင်းသော ဦးကဝိသာရမှာ ထိုအခါမှ အရှုံးပေးရပါတော့သည်။

ဆွမ်းခံအိမ်ရအောင် ကျွန်ုပ်ကိုယ်တိုင် ဖိတ်ရပါသည်။ တခြားကိုယ်တော်များကိုလည်း ရအောင်ဖိတ်ပေးခဲ့ဖူးပါသည်။ သို့သော် မဖိတ်ချင်ခြင်း၏ အခြားအကြောင်းတစ်ခုမှာ ကျွန်ုပ်သည် ရဟန်းပီပီ သံယောဇဉ်ကင်းကင်းနေချင်သည်။ သာမဏသုခအပြည့်ဖြင့် လွတ်လွတ်လပ်လပ်နေချင်သည်။

ထိုင်ကိုယ်တော်ဖြစ်သွားပြီဆိုလျှင် ရဟန်းရော၊ ဒကာရော တာဝန်တွေ ရှိလာသည်။ ဒကာကလည်း ထိုင်ကိုယ်တော်မှ လက်ခံပြီးလျှင် ဆွမ်းရော၊ ဟင်းရော နေ့စဉ်မီအောင် ကြိုးစားရတော့သည်။ ထိုင်ကိုယ်တော်လက်ခံပြီး ထိုသို့မီအောင်မချက်လျှင် အပြောခံရမည် မဟုတ်ပါလား။

ကိုယ်တော်ကလည်း မပျက်မကွက်ကြွရသည်။ တခြားကြွစရာရှိလျှင်လည်း ထိုင်အိမ်ရှိဒကာကို သေချာပန်ကြားပြီးမှ သွားရသည်။ တစ်ယောက်ကိုတစ်ယောက် တုပ်နှောင်ထားပြီးဖြစ်နေသည် မဟုတ်ပါလော။

ကျွန်ုပ်ကား ဆရာနှင့် ဒကာ၏ ဆက်ဆံရေးကိုညွှန်ပြသော ဗုဒ္ဓ၏ ဒေသနာ တစ်ခုကို အတော်သဘောကျမိသည်။

## ဗုဒ္ဓအလိုကျ ဆက်ဆံနည်း

"ကောင်းကင်မှလမင်းသည် လူတွေနှင့် အဝေးမှာသာနေ၏။ သို့သော် အေးမြသောဓာတ်ကိုကား အမြဲပေးလျက်ရှိသည်။ ထိုသို့ ပေးရာ၌လည်း ချစ်သူ၊ မုန်းသူ ဟူ၍ မခွဲခြား၊ တစ်ညီတစ်မျှတည်းသာပေး၏။ ရဟန်းသည် ဒကာ၊ ဒကာမတို့အပေါ်၌ ထို့အတူ ကျင့်ရမည်"

ထို့ကြောင့် ဆွမ်းခံအိမ် ဖိတ်မည့်အလုပ်ကို ကျွန်ုပ် ပယ်ဖျက်လိုက်သည်။ ဒါဆိုလျှင် ဘုံလောင်းတိုးမည်လား၊ ဒါလည်း မသင့်။ ကျွန်ုပ်သည် မန္တလေးမြို့ရှိ လမ်းများကို ကျွမ်းကျွမ်းကျင်ကျင်မရှိ။ မသန်မစွမ်းဖြစ်နေသော ကျွန်ုပ်၏ခြေတစ်ဖက်ကြောင့်လည်း ဘုံလောင်းတိုးမည့် အစီအစဉ်ကိုလည်း ပယ်ဖျက်လိုက်သည်။ ထိုသို့ဆိုလျှင် အိမ်စဉ်လည်ပြီး ဆွမ်းရပ်သည့်အစီအစဉ်သာ ရှိတော့သည်။ ဘုရားရှင်များကိုယ်တိုင် ကျင့်သုံးခဲ့သောနည်းဖြစ်သောကြောင့် မလွဲသော၊ မမှားနိုင်သောနည်းကိုလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

နောက်တစ်နေ့ နံနက်မိုးလင်းသည်နှင့် သပိတ်လွယ်ကာ ကျောင်းတိုက်ရှေ့ရှိ စိန်ပန်းရပ်ကွက်ထဲသို့ ရပ်ကိုယ်တော်အဖြစ် ဆွမ်းခံထွက်ခဲ့ပါတော့သည်။ တစ်လမ်းလုံးရှိအိမ်များကို စီတန်းပြီးရပ်သွားသည်။ တစ်အိမ်မှ မကျော်ခဲ့။ လူမရှိသောအိမ်၊ မိမိရပ်သည်ကို မသိသောအိမ်၊ ကန်တော့ ဆွမ်းအိမ်က များပါသည်။

ဆွမ်းက တစ်ပါးစာဝလောက်ရုံရသလို၊ ဟင်းက သုံးခွက်ရသည်။ ကျောင်းရောက်၍ ဖွင့်ကြည့်လိုက်သောအခါ ချဉ်ရည်ဟင်းတစ်ခွက်နှင့် ပဲပြုတ်နှစ်ခွက် ဖြစ်နေသည်ကို တွေ့ရသည်။ ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီး၏ဩဝါဒကို ခံယူထားပြီးဖြစ်သောကြောင့် အတော်ဝမ်းသာသွားသည်။ ဆရာတော်ကြီးတို့ခေတ်ကလောက် မဆိုးသည်ကတော့ အသေအချာပင် မဟုတ်ပါလား။

မယ်တော်ကြီးကြော်ပေးထားသော ငါးပိကြော်နှင့် ကျွန်ုပ်ရလာသော ဟင်းများမှာ အစပ်အဟပ်တည့်လျက်ရှိသည်။ ကြာလာလေ ရပ်ကိုယ်တော်ဘဝကို ကျွန်ုပ် ပိုမိုနှစ်သက်လာလေဖြစ်ရသည်။ တစ်ယောက်နှင့်တစ်ယောက် ချုပ်နှောင်မထားသဖြင့် နေရထိုင်ရသည်မှာ လွတ်လပ်ပြီး စိတ်ချမ်းသာစရာကောင်းလှသည်။

www.dhammaransi.com

ရုပ်ကိုယ်တော်ဖြစ်သည့်အတွက် ဒကာကလည်း တာဝန်ကြီးတစ်ခု အနေဖြင့် အထူးဂရုစိုက်စရာမလို၊ မီးလျှင် လောင်း၊ မမီလျှင် ကန်တော့ဆွမ်း။ ရုပ်အိမ်ဖြစ်သည့်အတွက် ကျွန်ုပ်ဘက်ကလည်း ဘာမှ အားနာစရာမရှိ။ ကြွချင်လျှင်ကြွ၊ မကြွချင်လျှင်နေ။ ပန်ကြားစရာလည်းမလို။ ထိုကဲ့သို့ ကြွလာခဲ့ရာ (၁)နှစ် ကျော်ခဲ့လေပြီ။ ဟင်းခွက်ကား သုံးခွက်မှ ငါးခွက် လောက်ထိ တက်လာသည်။ ဟင်းကောင်းတော့ မလောင်းကြသေး။

ကျောင်းတိုက်အဝင်ဝ မဗ္ဗပါလကျောင်းလေးမှ ဆောက်လုပ်ပြီးစ ဓမ္မယာနကျောင်းကြီးသို့ ရောက်စမှာပင် ကျွန်ုပ်ဘဝတွင်အကြီးကျယ်ဆုံး အဗ္ဘုတ္တတိုက်ပွဲတစ်ပွဲကို ဆင်နွှဲခဲ့ရသည်။ ထိုနေ့က ရုပ်ကိုယ်တော်ဖြစ်သော ကျွန်ုပ်အတွက် (၁)နှစ်ကျော်အတွင်း ပထမဆုံး အသားဟင်းရသောနေ့ ဖြစ်သောကြောင့် ဘဝတွင် မမေ့နိုင်သောနေ့တစ်နေ့အဖြစ် သတ်မှတ် ရပါမည်။

မီးသွေးရောင်းသောအိမ်မှ ဒါယိကာမကြီးသည် ဆွမ်းလောင်းပြီး သည်နှင့် လွတ်နေသောဆွမ်းဟင်းခွက်တစ်ခွက်ကို ယူသွားသည်။ အိမ်ထဲ မှ ပြန်ထွက်လာသောအခါ ဒါယိကာမကြီးက ဆွမ်းခွက်အဖုံးဖွင့်လျက် ယူလာသည်။ ကျွန်ုပ် အံ့သြနေသည်။ အရင်နေ့များက ဆွမ်းဟင်းလောင်း လျှင် ခွက်ဖုံးကို အိမ်တွင်းကတည်းက ပိတ်လာနေကြ။ ဒီနေ့မှ ဘာဖြစ်လို့ အဖုံးကို ဖွင့်ယူလာပါလိမ့်။

ထိုအဖြေကို အနားရောက်မှသိရသည်။ အရင်နေ့များက အဖုံးပိတ် လာခြင်းမှာ ဟင်းမကောင်းသောကြောင့် ကိုယ်လောင်းသောဟင်းကို ဆွမ်းခံ ကိုယ်တော် ချက်ချင်းမသိစေချင်။ ထို့ကြောင့် အိမ်ထဲမှာကတည်းက အဖုံးကိုပိတ်လာခဲ့ခြင်းဖြစ်သည်။ ယခုလောင်းသည်က ဝက်သားဆီပြန် ဟင်း၊ ဟင်းကောင်းဖြစ်သောကြောင့် ဆွမ်းခံကိုယ်တော် စောစောသိစေ ချင်သည်။ ထို့ကြောင့် ကျွန်ုပ်ရှေ့ကျမှ အဖုံးကိုပိတ်လိုက်ခြင်းဖြစ်သည်။ ထိုဝက်သားဟင်းခွက်ကို မြင်လိုက်ရသည်နှင့် ကျွန်ုပ် သိန်းထီပေါက် သလောက် ဝမ်းသာသွားသည်ဟုဆိုလျှင် လွန်အံ့မထင်။ အရုဏ်ဆွမ်း လည်း မစားရ၊ နေ့ဆွမ်းကျတော့လည်း ချဉ်ရည်ဟင်း၊ ငါးပိကြော်နှင့်သာ (၁)နှစ်ကျော် ကြာအောင် လွေးနေရသော ကျွန်ုပ်လို စာသင်သားတစ်ပါး အတွက် အဘယ်မှာဝမ်းမသာဘဲ ရှိပါမည်နည်း။

www.dhammaransi.com

## ဒုက္ခသည်ထံ အလျှုခံ

ဗုဒ္ဓလက်ထက်က ဗာဟိကဒါရုစိရိယတိတ္ထိကြီးသည် မိတ်ဆွေဖြစ်ခဲ့ဖူးသော ပြဟ္မာ၏တန်ခိုးဖြင့် မိုင်ပေါင်းတစ်ထောင်ကျော်ခရီးကို တစ်ညဥ့်သွားရုံဖြင့် ဘုရားထံရောက်ပြီး ရဟန္တာဖြစ်ခဲ့သည်။ ကျွန်ုပ်ကား ဝက်သားဟင်း၏တန်ခိုးဖြင့် ခြေထောက်မြေကြီးထိသည် မထင်ရဘဲ ကျောင်းကို ခဏဖြင့်ပြန်ရောက်သွားခဲ့သည်။

ဘုန်းကံနည်းသော စာသင်သားများမှာ များသောအားဖြင့် အုပ်စုဖြင့်ဆွမ်းဝိုင်းမစားဘဲ တစ်ပါးတည်းသာ ဖြစ်သလိုစားတတ်ကြသည်။ နည်းပါးပြီးညံ့ဖျင်းလှသော မိမိ၏ဟင်းခွက်များက အားငယ်သောစိတ်၊ သိမ်ငယ်သောစိတ်များကို မွေးဖွားပေးလိုက်သောကြောင့် ဖြစ်ပေသည်။ ကျွန်ုပ်သည် ဟင်းခွက်များကို အသင့်ဖွင့်ပြီးသည်နှင့် ဘုရားကိုအာရုံပြုပြီး ကပ်လှူလိုက်သည်။

ပေစ္စဝေကွဏာဆင်ခြင်၊ မေတ္တာပို့ပြီးသည်နှင့် ဝက်သားဆီပြန်ဟင်းကို တစ်ချက်လှမ်းကြည့်လိုက်မိသည်။ စေတနာဗရပွနှင့်ထည့်ပေးလိုက်သော ဝက်သားဟင်းများ ခွက်ထဲတွင် အပြည့်အသိပ်ပါလာသည်ကို အားရကျေနပ်ဖွယ်ရာ တွေ့လိုက်ရသည်။ ထိုအချိန်မှာပင် ဆွမ်းစားဆောင်ထောင့်မှ ခေါ်သံတစ်သံ ပေါ်လာသည်။

"ဦးဇဝန"

လှည့်ကြည့်လိုက်သောအခါ ကျွန်ုပ်ကဲ့သို့ပင် ဘုန်းကံနည်းပါးသည့် ဘုံလောင်းကိုယ်တော်တစ်ပါးကို တွေ့လိုက်ရသည်။ သူ့ဘွဲ့ကား ဦးဓမ္မာနန္ဒ ကျောင်းတွင် အရပ်အပုဆုံးဖြစ်သောကြောင့် ထင်ရှားသူတစ်ယောက်ပင်။ အတန်ငယ်ကြီးသော စိတ်ပုတီးတစ်ကုံးကို စကြံသွားပြီးစိပ်ပြရာ ပုတီးက ကြမ်းပြင်နှင့်မလွတ်၊ တရွတ်တိုက်နေသဖြင့် တစ်ကျောင်းလုံး ပွဲကျခဲ့ရဖူးသည်။

"ဦးဓမ္မာနန္ဒ ဘာပြောမလို့တုန်းဘုရား"

ပြန်မေးရင်း သူစားပွဲပေါ် လှမ်းကြည့်လိုက်ရာ ဟင်းခွက်နှစ်ခွက်ကိုသာ တွေ့ရသည်။ သူသည် ပြောသင့်၊ မပြောသင့် အတန်ကြာချင့်ချိန်ပြီးမှ-

"တပည့်တော် ဘုံလောင်းက ပဲပြုတ်နှစ်ခွက်ပဲ ရတယ်ဘုရား... ဆီလည်းမပါဘူး။ အဲဒါ အရှင်ဘုရားဆီမှာ ငါးပိကြော်လေးများရှိသေးရင် နည်းနည်းလောက်မျှပါဦးဘုရား"

www.burmaransi.com

ရင်ထဲ နင့်ခနဲနေအောင် သနားသွားမိသည်။ ခတ်ဘုန်းကြီး၊ နတ်ဘုန်းကြီး၊ ယတြာဘုန်းကြီး၊ ချဲဘုန်းကြီးများထံ လောဘဦးစီးကာ ဈေးတွက်တွက်ပြီး လှူဒါန်းထားကြသော ဘုန်းပေါလအောနိုင်သည့် လှူဖွယ်ဝတ္ထုများ ယခုလို ချို့ငဲ့နွမ်းပါးလှသည့် စာသင်သားသံဃာများထံ ဆယ်ပုံပုံ တစ်ပုံ လောက်လာလှူလျှင် ကောင်းပေစွဟု တောင့်တမိပေသည်။

မစိုးရိမ်မှာနေသည့် လေးနှစ်အတွင်း စာသင်သားများမှာ ဆွမ်းစားကွမ်းစားလည်း မရှိပါ။ သံဃာများလွန်းသည့် တိုက်တာကြီးဖြစ်သည့် အတွက် ဝါဆိုလရောက်လျှင် ဝါသာဆိုရသည် ဝါဆိုသင်္ကန်းတစ်စုံမှမရ။ ကထိန်ခေတ်ရောက်လျှင်လည်း အနုမောဒနာသာ ပြုရသည်။ သင်္ကန်းမရ။ ကျွန်ုပ်ဆိုလျှင် မိဘများချွေးနည်းစာဖြင့် ဝယ်ပေးသော တရုတ်တက်ထရွန်သင်္ကန်းလေးကို စာချဘုန်းကြီးဘဝရောက်သည်အထိ ရိုရို သေသေ ဝတ်ခဲ့ရသည်။

ငါးပိကြော်လည်း ကျွန်ုပ်ဆီမှာ မရှိတော့။ ပေးလှူစရာက တစ်ခွက် တည်းသာရလာသော ဝက်သားဟင်းသာ ရှိပါသည်။ ဝက်သားဟင်းကို ပေးလှူမည်လောဟု မိမိစိတ်ကို ပြန်မေးကြည့်လိုက်ရာ စိတ်က ချက်ချင်း အဖြေပြန်ပေးသည်။ မလှူနိုင်ပါတဲ့။ ကျွန်ုပ်စိတ်ကိုလည်း အပြစ်မတင် ရက်ပါ။ (၁)နှစ်ကျော်ရှိမှ တစ်ခါသာရဖူးသော ဝက်သားဟင်းကို မိမိ မစားဘဲ သူတစ်ပါးလှူဖို့ဆိုသည်မှာ ခက်လှပါဘိတောင်း။

## အဩတ္တတိုက်ပွဲ

စွဲလမ်းတပ်မက်သော လောဘနှင့် ပေးကမ်းစွန့်ကြဲချင်သော အလောဘစာတ်တို့ကား ကျွန်ုပ်စိတ်ထဲတွင် တိုက်ပွဲဖြစ်နေလေပြီ။ ဘုရား သားတော် ရဟန်းတစ်ပါးလုပ်နေပြီး ဟင်းလေးတစ်ခွက်တောင် မစွန့် နိုင်ဘူးလား။ ဤကား အလောဘဓာတ်၏ အမေး။ လောဘစိတ်က (၁)နှစ်ကျော်ရှိမှ တစ်ခါရတဲ့ဟင်းလေး မပေးနိုင်ပါဘူး။ နောင် ဘုန်းကြီး လာတဲ့အခါမှ ဝက်သားတွေအများကြီး ချက်လှူမယ်တဲ့။ ခက်လှပါတကား။

ယခုရေးပြနေခြင်းသာ ကြာပါသည်။ ထိုအချိန်တုန်းကကား စက္ကန့် ပိုင်းအတွင်းသာဖြစ်ပါသည်။ နာကြားဖတ်ရှုထားသော ဝတ္ထုသာကေ နှစ်ခုက ခေါင်းထဲသို့ ဝင်လာသည်။ တစ်ခုက မေတ္တာကသူဌေးအလောင်း ဗာရာဏသီသူဌေးကြီး ဒဗ္ဗိကဏ္ဏရ အဝတ်ဘေးကြီးဆိုက်သဖြင့် မိသားစု ငါးယောက်အတွက် မနောက်ဆုံးချက်ထားသော ထမင်းပန်းကန်လေးရှေ့

www.dhammaransi.com

အထိုင်မှာပင် ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါတစ်ပါး အိမ်ရှေ့တွင် ဆွမ်းလာ၍ ရပ်သည်။

မထေရ်မြတ်ကလည်း နိရောဓသမာပတ်မှ ထလာကာစဖြစ်သောကြောင့် ယနေ့မနက်သာ ဆွမ်းမဘုဉ်းပေးရလျှင် ပရိနိဗ္ဗာန် စံဝင်ရပေတော့မည်။ (၇)ရက်တိတိ မစားမသောက်၊ မယိုမပေါက်ဘဲ သမာပတ်ဝင်စားခဲ့သည်ဖြစ်သောကြောင့် ပြင်းထန်ပူလောင်နေသော ပါစကဝမ်းမီးက အစားအစာထည့်ရင်ထည့်၊ မထည့်ရင်တော့ ဒီနေ့ပဲ ပရိနိဗ္ဗာန်စံဝင်ဖို့ ပြင်ထားဟု မပြောသော်လည်း ပြောနေသကဲ့သို့ ဝမ်းဗိုက်တစ်ခုလုံးကို လောင်ကျွမ်းစပြုနေပြီ မဟုတ်ပါလော။

တစ်ထပ်စာထမင်းလေးကို လှူလိုက်ရင် ကောင်းမလား၊ စားလိုက်ရင် ကောင်းမလားဟူ၍ ဗာရာဏသီသူဌေးကြီး ဝေခွဲမရဖြစ်နေသည်။ အဇ္ဈတ္တတိုက်ပွဲကား ရင်ထဲတွင် ပြင်းထန်စွာ ဖြစ်လျက်ရှိသည်။ ခဏအကြာမှာပင် အလောဘစေတက လောဘစေတကိုနိုင်စေမည့် အတွေးအခေါ် တစ်ခု သူဌေးကြီးခေါင်းထဲသို့ ဝင်လာသည်။ ထိုအတွေးအခေါ်ကား ကျွန်ုပ်တို့အတွက် တန်ဘိုးကြီးလှပါ၏။

ပုဗ္ဗေပိမယာ ဒါနဿ အဒိန္နတ္တာ ဝေရူပံဆာတကံဒိဋ္ဌံ
ဣဒံခေါပနဘတ္တံ မံကောဒိဝသမေဝရက္ခေယျ
အယျဿပနဒိန္နံ အနေကာသုကပ္ပ ကောဋိသု
မမဟိတသုခါဝဟံ ဘဝိဿတီတိ။

*(ဓမ္မပဒ၊ အဋ္ဌကထာ)*

ငါသည် ရှေးအခါက အလှူဒါနမပြုခဲ့သည့်အတွက် ဤကဲ့သို့သော ငတ်မွတ်ခေါင်းပါးသောဘေးကို ကြုံရခြင်းဖြစ်သည်။ ဒီတစ်နပ်စာထမင်းသည် စားခဲ့လျှင် ငါ့အသက်မသေအောင် တစ်ရက်သာ စောင့်ရှောက်နိုင်မည်ဖြစ်သည်။ အရှင်မြတ်ကိုလှူလိုက်လျှင်ကား ကပ်ကမ္ဘာပေါင်းများစွာ ငါ၏ချမ်းသာသုခကို ဆောင်လိမ့်မည်။

ဤမှန်ကန်သော အတွေးနှင့်အတူ သူဌေးကြီးသည် တစ်ထပ်စာထမင်းကို မထေရ်မြတ်အား အကုန်လှူဒါန်းခဲ့သည်။ ကျန်မိသားစုလေးယောက်ကလည်း ထို့အတူ လှူဒါန်းကြသည်။

၁။ အလှူခံပုဂ္ဂိုလ်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတစ်ပါးပါး ဖြစ်ခြင်း

www.dhammaransi.com

၂။ နိရောဓသမာပတ်မှ ထလာကာစဖြစ်ခြင်း
၃။ လှူဖွယ်ဝတ္ထုသည် တရားသဖြင့်ရတာဖြစ်ခြင်း
၄။ စေတနာသုံးတန်လုံးကောင်းမွန်ခြင်း

*(ဓမ္မပဒ၊ အဋ္ဌကထာ)*

ဤအင်္ဂါလေးချက်နှင့်ညီသောကြောင့် ယခုဘဝမှာတင် သူတို့၏ ဆုတောင်းအတိုင်း ဖြစ်ကြရသည်။ သူဌေးကြီးသည် ခေါင်းလျှော်ပြီး ကောင်းကင်သို့မော့ကြည့်လိုက်သည်နှင့် ၁၂၅၀ သော ကျီများပြည့် အောင် သလေးစပါးမိုးများ ရွာချပေးသည်။ သူဌေးကတော်ကြီးကလည်း ထမင်းတစ်အိုးချက်ကို ဘယ်လောက်ပင် ဝေပေးသော်လည်း ယောက်မ တစ်ယောက်မစာသာ လျော့သည်။

သားသည်လည်း အသပြာထောင်ထုပ်ကိုကိုင်၍ ဘယ်လောက်ပင် ဝေပေးသော်လည်း မလျော့တော့ပေ။ ချွေးမသည်လည်း ဆန်တစ်တောင်း ကိုယူ၍ လူဘယ်နှစ်ယောက်ကို ဝေပေးသော်လည်း မကုန်တော့ပေ။ ကျွန်ပုဏ္ဏသည် ထွန်သွားတစ်ချောင်းသာ တပ်သော်လည်း လယ်ထွန် သောအခါ (၇)ချောင်း ထွန်ပြီးသားဖြစ်လေသည်။

ထိုဟာရာဏသီသူဌေးဘဝမှပြုခဲ့သော ကုသိုလ်သည် ယခုဂေါတမ ဘုရားလက်ထက် မေဏ္ဍကသူဌေးကြီးဖြစ်သည်အထိ ကောင်းကျိုးများက ပေးတုန်းသာရှိသေးသည်။ မေဏ္ဍကသူဌေးကြီး၏သား ဓနဥ္စယနှင့် ချွေးမ သုမနာဒေဝီတို့မှ နာမည်ကြီး ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါကို မွေးဖွားခဲ့ပါသည်။ ဝိသာခါကား သားဆယ်ယောက်၊ သမီးဆယ်ယောက် ရှိသည်။

ထိုသားသမီး ၂၀ မှ မြေးပေါင်း (၄၀၀) ပေါက်ဖွားခဲ့သည်။ ထို မြေးပေါင်း (၄၀၀) မှ မြစ်ပေါင်း (၈၀၀၀) ပေါက်ဖွားခဲ့ပြန်သည်။ ဥစ္စာပစ္စည်းလည်း ပေါများ၊ အခြံအရံလည်း များပြားစွာဖြင့် အသက် (၁၂၀) ရှည်သည်အထိ သောတာပန်အရိယာမကြီးအဖြစ်ဖြင့် ဘုရား သာသနာကို ပျော်ပျော်ကြီး ချီးမြှောက်ထောက်ပံ့သွားခဲ့သူပါတည်း။

www.dhammaransi.com

## အခန်း ( ၉ )
## ဒါနဟူက မြန်မြန်ပြုရ

အဘိတ္ထရေထကလျာဏေ၊
ပါပါစိတ္တံ နိဝါရယေ။
ဒန္ဓံဟိ ကရောတောပုညံ၊
ပါပသ္မိံရမတိမနော။

*(ဓမ္မပဒပါဠိတော်)*

ကုသိုလ်ကောင်းမှုကို ဖြည်းဖြည်းနှေးနှေးပြုသောသူ၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်သွားတတ်သည်။ (ဝါ) ကုသိုလ်မပြုဖြစ်တော့ဘဲ ပျက်သွားတတ်သည်။ ထို့ကြောင့် ကုသိုလ်ကို မြန်မြန်ပြုရမည်။ မကောင်းမှုမှ စိတ်ကိုတားမြစ်ရမည်။

အထက်ပါဒေသနာသည် လင်မယားနှစ်ယောက်မှ အပေါ်ရုံအဝတ် (အကျႌ) တစ်ထည်သာရှိသော ဧကသာဋကပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားခြင်းဖြစ်သည်။ တစ်နေ့တွင် ဗုဒ္ဓ၏တရားပွဲရှိသဖြင့် ညတရားပွဲကို လင်ဖြစ်သူကနာရန်၊ နေ့တရားပွဲကို မယားဖြစ်သူကနာရန် အချိန်ခွဲလိုက်ကြသည်။ တစ်ချိန်တည်း နှစ်ယောက်အတူသွားဖို့က ဘယ်လိုမှ မဖြစ်နိုင်။ အပေါ်ရုံအဝတ်သည် လင်မယားနှစ်ယောက်မှ တစ်ထည်သာ ရှိသည် မဟုတ်ပါလော။ ဆင်းရဲပေစွ။ အဖွတ္တတိုက်ပွဲများတွင် လောဘက အမြဲအနိုင်ရ၍ ဒါနမပြုဖြစ်ခဲ့သော ဆိုးကျိုးပါပေတည်း။

သံသရာတစ်လျှောက် တိုက်လာခဲ့သောတိုက်ပွဲများတွင် လောဘကို အရှုံးချည်းပေးခဲ့ရသော ဧကသာဋကပုဏ္ဏားအား ယခုဘဝကစ၍ အလောဘက အနိုင်ယူနိုင်စေရန် သဗ္ဗါတက်ဖွယ်ရာတရားများကို ဟောကြားပေးရာ ဧကသာဋကစိတ်ထဲတွင် အလောဘဓာတ်တွေ အားကောင်းလာသဖြင့် တစ်ထည်တည်းသော အပေါ်ရုံလေးကို ချွတ်လှူရန် စိတ်ကူးပေါ်လာသည်။

www.dhammaransi.com

သို့ရာတွင် ငယ်နိုင်ဖြစ်သော လောဘစာတ်က မလှူနဲ့၊ ဒီတစ်ထည် လေးရှိတာသွားလှူလိုက်ရင် မင်းတို့လင်မယားနှစ်ယောက် ဘာသွားဝတ်နေ ကြမှာလဲဟူ၍ တားမြစ်လိုက်ရာ အပေါ်ရုံစကိုကိုင်ထားသော လက်လေး ပြန်ပြုတ်ကျသွားလေသည်။ ဗုဒ္ဓကလည်း အလောဘက ပြန်အနိုင်ရရန် ဒေသနာကို ဆက်လက်ဟောကြားပြန်ရာ သန်းခေါင်ယံတွင် လှူချင်စိတ် တစ်ခါပေါ်လာပြန်သည်။

အပေါ်ရုံစကိုချွတ်၍ လက်မှာပင် ကိုင်မိနေပြီ။ လှူချင်လိုက်တာ။ သို့သော် လောဘစာတ်က ဒီတစ်ထည်လေးရှိတာ သွားမလှူပါနဲ့၊ နောက် များများရှိလာတော့ ကြိုက်သလောက်လှူစမ်းပါဟူ၍ တားလိုက်ပြန်ရာ မလှူဖြစ်တော့ဘဲ တရားကိုသာ ဆက်နာနေမိပြန်သည်။ တရားပွဲကား မိုးသောက်ယံ လင်းအားကြီးအချိန်ထိ ရောက်လာခဲ့ပြီ။ ထိုအချိန်တွင် လှူချင်သောသဒ္ဓါစာတ်က ထပ်ပေါ်လာပြန်သည်။

ဒီလိုချင်တပ်မက်တဲ့လောဘနဲ့ သူတစ်ပါးကိုမရစေလိုတဲ့ မစ္ဆရိယ တရားဆိုးနှစ်ပါးကြောင့် ငါဟာ အတိတ်က ဒါနမပြုခဲ့ရဘူး။ ဒါ့ကြောင့် အခုလောက်ထိဆင်းရဲနေတာ၊ အခုလည်း လောဘနဲ့ မစ္ဆရိယကို အနိုင် ပေးပြီး ဒါနမပြုခဲ့ဘူးဆိုရင် နောက်ဘဝ ဒီထက်ပိုပြီး ဆင်းရဲဖို့ပဲရှိတယ်၊ ဟု တွေးကာ လက်မှာကိုင်ထားသော အပေါ်ရုံအဝတ်စကို ဗုဒ္ဓအား ကပ်လှူလိုက်ပါတော့သည်။

ကပ်လှူပြီးသည်နှင့် "ဇိတံမေ၊ ဇိတံမေ၊ ဇိတံမေ" "ငါအောင်ပြီ၊ ငါအောင်ပြီ၊ ငါအောင်ပြီ" ဟု သုံးကြိမ်တိတိ ကျယ်လောင်စွာ ဟစ်ကြွေး လိုက်လေသည်။ ထိုအသံကိုကြားသွားသော ပြည့်ရှင်မင်းက အပါးသို့ ခေါ်ယူစေပြီး-

"အမောင်ဆင်းရဲသား၊ သူပုန်သူကန်တွေကို တိုက်ခိုက်အောင်မြင် လို့ ငါကဲ့သို့သော ဘုရင်တစ်ပါးက ငါအောင်ပြီလို့ ဟစ်ကြွေးတာဟာ အဓိပ္ပာယ်ရှိပါတယ်။ သင့်လို သူဆင်းရဲက ဘယ်သူ့ကိုအောင်နိုင်လို့ ငါ အောင်ပြီလို့ ဟစ်ကြွေးနေရတာလဲ"

"မှန်လှပါ၊ အရှင်မင်းကြီးတို့ ဗဟိဒ္ဓမှာတိုက်တဲ့ တိုက်ပွဲဆိုတာ စစ် အင်အားကောင်းရင်၊ လက်နက်ကောင်းရင်၊ တိုက်ရည်ခိုက်ရည်ကောင်းရင် နိုင်နိုင်ပါတယ်။ ကျွန်တော်မျိုးရဲ့စိတ်ထဲမှာဖြစ်နေတဲ့ အဇ္ဈတ္တတိုက်ပွဲ ကတော့ အောင်နိုင်ဖို့ရာ အင်မတန်မှ ခဲယဉ်းလှပါတယ်"

www.dhammaransi.com

"ဘဝများစွာကပါလာတဲ့ လောဘနဲ့ မစ္ဆရိယကို ကျွန်တော်မျိုး အရှုံးပေးခဲ့ရတဲ့ ဘဝပေါင်းများလှပါပြီ။ တစ်ညလုံးတိုက်ရတာ မနက် မိုးလင်းမှပဲ အလောဘနဲ့ သဒ္ဓါစေတက နိုင်သွားလို့ လင်မယားနှစ်ယောက် မှ တစ်ထည်တည်းသာရှိတဲ့ အပေါ်ရုံအဝတ်ကို ဘုရားရှင်အား ကပ်လှူ လိုက်နိုင်ပါပြီ"

"ပေါများကြွယ်ဝတဲ့အရှင်မင်းကြီးတို့အတွက် ဒီအဝတ်စဟာ ဘာမှ မပြောပလောက်သော်လည်း ကျွန်တော်မျိုးအတွက်ကတော့ အင်မတန်မှ ကြီးမားတဲ့ စွန့်စားမှုကြီးပါ။ ဒါ့ကြောင့် လောဘနဲ့ မစ္ဆရိယကို ပထမဆုံး အောင်နိုင်တာဖြစ်လို့ ဇိတံမေ ငါအောင်ပြီလို့ ကျယ်လောင်စွာ ဟစ်ကြွေး မိတာပါ အရှင်မင်းကြီး"

ကိုယ်ချင်းစာတရားထားပြီး ကေသာဋကနေရာမှာ နေကြည့်လိုက် သည်နှင့် မင်းကြီးကား လှိုက်လှိုက်လှဲလှဲ ကြည်ညိုလေးစားသွားသဖြင့် အကောင်းဆုံးဝတ်စုံတစ်စုံကို ကေသာဋကအား ချက်ချင်းဆုချလေသည်။ အလောဘစိတ်က အနိုင်ရသည့်အရှိန်ကား ပြင်းထန်ဆဲသာဖြစ်သော ကြောင့် ကေသာဋကကား ဘုရားကို ချက်ချင်းလှူပစ်လိုက်တော့သည်။

ကေသာဋကဘုရားကို လှူပစ်မှန်းသိသောအခါ ဘုရင်က နောက်ထပ် နှစ်ဆတက်ပြီး နှစ်စုံလှူပြန်သည်။ ဘုရားကိုသာ လှူပစ်သည်။ ထို့နောက် လေးစုံ၊ ရှစ်စုံ၊ ၁၆ စုံ၊ ၃၂ စုံထိ ပေးလာသောအခါ အတွေးအခေါ် ရှိသော ကေသာဋက စဉ်းစားလာသည်။ ဘုရင်က ဆက်ပေးနေမှန်းသိလို့ ကေသာဋကဟာ ဘုရားကိုလှူနေတာလို့ ဘေးလူတွေက ပြောစရာဖြစ် လိမ့်မယ်လို့ တွေးပြီး အစုံသုံးဆယ်ကို ဘုရားလှူပြီး နှစ်စုံကိုပဲ သူတို့ လင်မယားအတွက် ထားလိုက်ပါသည်။

ကေသာဋက၏ဒါနကား ချက်ချင်းအကျိုးပေးလေပြီ။ ကေသာ ဋကကို ကြည်ညိုပြီးရင်း ကြည်ညိုရင်းဖြစ်လာသည့် ဘုရင်ကြီးက-

| | | |
|---|---|---|
| ဆင် | - | လေးကောင် |
| မြင်း | - | လေးကောင် |
| အသပြာ | - | လေးထောင် |
| အခွန်ထွက်ရွာ | - | လေးရွာ |
| ကျွန်ယောကျ်ား | - | လေးယောက် |
| ကျွန်မိန်းမ | - | လေးယောက် |
| ဇနီးမယား | - | လေးယောက် |

www.dhammaransi.com

လေးခုနစ်လီ (၂၈) မျိုးသောဆုကို ပေးသဖြင့် ချမ်းသာကြွယ်ဝသွားတော့သည်။ တစ်နေ့တွင် နေ့ချင်းညချင်း ကြီးပွားချမ်းသာသွားသော ဧကောသာဋကဓာ၏ဒါနအကြောင်းကို ရဟန်းတော်များ ပြောဆိုဆွေးနွေးနေစဉ် ဘုရားရှင်ရောက်လာပြီး အကြောင်းစုံ မေးမြန်းပြီးသည်နှင့် ဗုဒ္ဓကမိန့်တော်မူသည်။

## နောက်ကျတဲ့ဒါန အကျိုးနည်းနည်းရ

"ချစ်သားတို့ ဧကောသာဋက ရသွားသောချမ်းသာမှာ နည်းပါးသွားခြင်းသာဖြစ်သည်။ ဧကောသာဋကသည် အကယ်၍ ညဉ့်ဦးယံမှာသာ ငါဘုရားကိုလှူခဲ့မိလျှင် ၁၆ ခုနစ်လီ ၁၁၂ မျိုးသော ဆုကိုရမည်။ အကယ်၍ သန်းခေါင်းယံမှာသာ လှူခဲ့မိလျှင် ၈ ခုနစ်လီ ၅၆ မျိုးသော ဆုကို ရရှိမည်ဖြစ်သည်။

ယခုသော်ကား ကောင်းမှုကို ဖြည်းဖြည်းပြုသောအနေဖြင့် မိုးလင်းမှ ပြုနိုင်သောကြောင့် ၄ ခုနှစ်လီ ၂၈ မျိုးသောဆုနှင့် တင်းတိမ်သွားရခြင်းဖြစ်သည်။ ထို့ကြောင့် သဒ္ဓါတရား၊ လှူဖွယ်ဝတ္ထု၊ အလှူခံ ဤ ၃ ချက် ညီညွတ်နေလျှင် ချက်ချင်းလှူဒါန်းရမည်။

စာဖတ်ခြင်း၊ တရားနာခြင်း စသည်သည် အသိဉာဏ်ရဖို့အတွက်ဖြစ်၏။ ထိုအသိဉာဏ်သည် လက်တွေ့ကျင့်ကြံမှသာလျှင် ထိုသူအတွက် အကျိုးရှိနိုင်ပါသည်။

ကျွန်ုပ်သည် ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ချလိုက်ပြီး တစ်ခုတည်းသော ဝက်သားဟင်းခွက်ကို ဦးဓမ္မာနန္ဒအား အကုန်ပေးလှူလိုက်ပါတော့သည်။ သက္ကဋဂါထာလေးတစ်ဂါထာကို သွားပြီးအမှတ်ရသေးသည်။

## ရှိမှလှူမယ်ဆိုတာ လူမိုက်စကား

ဂရာဆာဒ ပိတဒရလေကျ၊ ကဆာမာန္တိ၊ ဒီယတေထိယှု။
က္ကဋ္ဌာနုရှုပိုဝိဘဝ၊ ကဒါကဆယ ဘဝိယှတိ။

*(ကာလိဒါသဝတ္ထုမှ)*

"မိမိစားသုံးမည့် တစ်ခုသောပန်းကန်မှ တစ်ဝက်မျှကို အဘယ်ကြောင့် မပေးနိုင်အံ့နည်း။ ဥစ္စာစည်းစိမ်ကို တင်းတိမ်အောင် အဘယ်မှာ ရနိုင်အံ့နည်း။ ဥစ္စာပစ္စည်းရှိမှ လှူမည်ဆိုခြင်းသည် လူမိုက်တို့၏ စကားဖြစ်၏။ တတ်နိုင်သမျှ ဖဲ့၍လှူဒါန်းရမည်။"

www.dhammaransi.com

ဒါနသည် ဝတ္ထုဒါန၊ စေတနာဒါနဟု နှစ်မျိုးရှိရာတွင် ကောင်းကျိုးပေးရာ၌ စေတနာဒါနက ဦးဆောင်ပေသည်။ ယခု ကျွန်ုပ်ပြုသော ဒါနကို ကြည့်ပါ။ လှူဖွယ်ဝတ္ထုအနေဖြင့် ဘာမျှမပြောပလောက်သော်လည်း ကျွန်ုပ်၏သဒ္ဓါစေတနာ အားကောင်းမှုကြောင့် နောက်ရက်မှစပြီး ဆွမ်းဆိုလျှင် သပိတ်အပြည့်ရပြီး ဟင်းဆိုလျှင် ၁၅ ခွက်၊ ခွက် ၂၀ ထိ ရလာခဲ့သည်။

ရပ်နေကျအိမ်များကလည်း စေတနာပေါက်လာပြီး ထိုင်အိမ်ပင့်လာကြသဖြင့် ကျွန်ုပ်မှာ ထိုင်ကိုယ်တော်အဖြစ်သို့ အဆင့်မြင့်သွားပါတော့သည်။ နောက်ရက်မှစပြီး ကျွန်ုပ်သည် သုံးနှစ်ကျော်ကျော်တိုင်အောင် ဆွမ်းမပြည့်စုံသော ကိုယ်တော်လေးငါးပါးခန့်ကို ဒိုင်ခံပြီး ကျွေးမွေးလှူဒါန်းနိုင်သည်အထိ ဘုန်းကြီးသော ကိုယ်တော်တစ်ပါး ဖြစ်ခဲ့သည်။

ဗုဒ္ဓရှင်တော်မြတ်သည် ပိဋကတ်တော်၌ အလှူခံပုဂ္ဂိုလ်ရွေးချယ်၍ လှူရန် ဟောတော်မူခဲ့ခြင်းမှာ ဉာဏ်နုသူများအတွက် ဖြစ်ပါသည်။ ဉာဏ်ပညာရင့်ကျက်သူများအတွက်ကား အလှူခံပုဂ္ဂိုလ်သည် အဓိကမကျ၊ မိမိသဒ္ဓါစိတ်ကသာ အဓိကကျပေသည်။ ထိုအဆိုကို ထောက်ခံသော ပါဠိတော်မှာ-

> တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊
> သမေစိတ္တံ သမံဖလံ။
> စေတောပဏိဓိဟေတုဟိ၊
> သတ္တာဂစ္ဆန္တိသုဂတိံ။ *(ဝိမာနဝတ္ထု ပါဠိတော်)*

သက်တော်ထင်ရှား ဘုရား၌လည်းကောင်း၊ စေတီရုပ်ပွား၌လည်းကောင်း စိတ်ထားအတူတူထားပြီးလှူလျှင် အကျိုးပေးတူသည်သာဖြစ်၏။ သတ္တဝါတို့သည် ကြည်ညိုသောသဒ္ဓါစိတ်ကြောင့်သာလျှင် ကောင်းသောသုဂတိဘဝသို့ ရောက်ကြရသည်။

## မသေမီက နတ်ဗိမာန်ပေါ်ကဲ့သူ

သမေစိတ္တံ သမံဖလံ = စိတ်ထားတူလျှင် အကျိုးပေးတူသည်ဟူသော ဒေသနာနှင့်အညီ အံ့သြဖွယ်ရာ တကယ့်ဖြစ်ရပ်တစ်ခု ဖြူးမြို့ပေါ်တွင် ဖြစ်ပေါ်ခဲ့သည်။ ဖြူးမြို့နယ်၊ ဝဲကြီးအောက်ခုံရွာမှ ဆရာတော်ကြီး ဦးဇာဂရသည် သက်တော်ရှစ်ဆယ်ကျော်လာပြီဖြစ်သဖြင့် တစ်ရက်တွင် ဇရာရောဂါကြောင့် သတိလစ်မေ့မြောသွားလေသည်။

www.dhammadana.com

ဆရာတော်ကြီး၏ဝိညာဉ်သည် နတ်ပြည်သို့ရောက်သွားပြီး ရွှေအတိပြီးသော ဗိမာန်အသီးသီးကို လျှောက်ကြည့်နေရာမှ တစ်ခုသော ဗိမာန်ရှေ့အရောက်တွင် အခြွေအရံ၊ နတ်သား၊ နတ်သမီးများကို တွေ့သော်လည်း ပိုင်ရှင်နှင့်တူသူ နတ်သားနတ်သမီးကို မတွေ့ရသောကြောင့် နှုတ်က မနေနိုင်တော့ဘဲ-

"ဟဲ့... နတ်သားနတ်သမီးတွေ ဒီဗိမာန်က ဘယ်သူပိုင်တာတုန်း" ဟု မေးလိုက်ရာ အမေးခံရသော နတ်သားနတ်သမီးများက-

"မှန်လှပါ၊ တပည့်တော်တို့က အခြွေအရံများသာ ဖြစ်ပါတယ် ဘုရား။ ဒီဗိမာန်ပိုင်ရှင်ဖြစ်လာမယ့် နတ်သမီးက မသေသေးဘဲ လူ့ပြည်မှာ ရှိနေပါသေးတယ်ဘုရား"

"လူ့ပြည်ဆိုတော့ ဘယ်နိုင်ငံ၊ ဘယ်မြို့ကလဲ မသိရဘူးလား"

"သိရပါတယ်ဘုရား၊ လိပ်စာက ဖြူးမြို့နယ်၊ စမ်းမြိုင်ရပ်ကွက်က ဒေါ်ကုလားမဖြစ်ပါတယ်ဘုရား၊ ဆရာတော်လည်း ပျံတော်မမူသေးပါဘူး ဘုရား၊ ဆရာတော် ရောဂါသက်သာလို့ သတိပြန်ရလာရင် အဲဒီလိပ်စာအတိုင်းစုံစမ်းပြီး ဒေါ်ကုလားမကို နတ်ပြည်အမြန်လာဖို့ ပြောကြားပေးပါဘုရား"

ဆရာတော်ကြီးသည် သတိပြန်ရလာသည်နှင့် အနားမှ ဒကာများကို အရေးတကြီးလှမ်းခေါ်ပြီးလျှင်-

"ကဲ... ဒကာတွေ ဖြူးမြို့နယ်၊ စမ်းမြိုင်ရပ်ကွက်က ဒေါ်ကုလားမဆိုတာ တကယ်ရှိမရှိ သွားစုံစမ်းချေ။ တွေ့ခဲ့ရင် ခင်ဗျားနေဖို့ ဗိမာန်ကြီး နတ်ပြည်မှာ အသင့်ရှိနေပြီ။ ကျုပ်တို့ဆရာတော်ကိုယ်တိုင် တွေ့ခဲ့ပါတယ်လို့ ဝမ်းသာအောင် ပြောပြကြ။ ပြီးတော့ မသေခင် နတ်ပြည်မှာ ဗိမာန်ကြိုတင်ပေါက်ရလောက်အောင် ဘာကုသိုလ်တွေ လုပ်ထားသလဲဆိုတာလည်း သေချာမေးခဲ့ကြ" ဟုပြောပြီး လွှတ်လိုက်လေသည်။

ဒကာများ နှံ့နှံ့စပ်စပ်ရှာဖွေမှုကြောင့် ဒေါ်ကုလားမကို လိပ်စာအတိုင်းတွေ့ကြလျှင်-

"အစ်မကြီး၊ ကျွန်တော်တို့ဆရာတော်က အစ်မကြီးအသင့်နေဖို့ ဗိမာန်ကို နတ်ပြည်မှာ တွေ့ခဲ့ရပါတယ်။ အဲဒီလို နတ်ဗိမာန်ကြိုတင် ပေါက်ရလောက်အောင် အစ်မကြီးက ဘယ်လိုကုသိုလ်တွေ ပြုထားတယ်ဆိုတာ ကျွန်တော်တို့တစ်တွေ နည်းရအောင် ပြောပြစေချင်ပါတယ်"

"ကျွန်မဟာ ဒီသမီးလေးတစ်ယောက်နဲ့ ပဲပြုတ်ရောင်းစားနေရတဲ့ မုဆိုးမတစ်ယောက်ပါ။ ထောင်ဂဏန်း၊ သောင်းဂဏန်းချီပြီး တစ်ခါမှ မလှူဘူးပါဘူး။ ဒါပေမယ့် ဆရာကောင်းသမားကောင်းတွေရဲ့ အဆုံးအမကို နာယူထားဖူးလို့ အိမ်မှာကိုးကွယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကိုတော့ တစ်နေ့တစ်ကြိမ် ဆွမ်းတော် မှန်မှန်ကပ်ပါတယ်"

"ကပ်တဲ့အခါမှာလည်း တကယ့်သက်ရှိထင်ရှား ဘုရားရှင်ကိုမှန်းပြီး ဆွမ်းပွဲနဲ့ ဟင်းပွဲနဲ့ ဖွန်းနဲ့ လက်ဆေးရေနဲ့ လက်သုတ်ပုဝါနဲ့ သေချာကပ်လှူပါတယ်။ အဲဒီလို လှူလာတာကတော့ နှစ်ပေါင်းသုံးဆယ်ကျော်ကြာခဲ့ပါပြီ"

ရှင်းပါ၏။ ဤဖြစ်ရပ်တွင် လှူဖွယ်ဝတ္ထုကလည်း တန်ဖိုးမကြီး၊ အလှူခံကလည်း ရုပ်ပွားဆင်းတု၊ သို့ပါလျက် ကြီးမားသောကောင်းကျိုးကိုပေးရသည်မှာ စေတနာဒါန အားကောင်းသောကြောင့်ပင် မဟုတ်ပါလော။

ကျွန်ုပ်၏ဒါနတွင်လည်း ထိုနည်းအတူ လှူဖွယ်ဝတ္ထုက ဘာမှတန်ဖိုးမကြီး၊ အလှူခံကလည်း သာမန်စာသင်သား ရဟန်းတော်တစ်ပါးမျှသာ။ သို့ဖြစ်ပါလျက် ယခုဘဝမှာပင် ကောင်းကျိုးများစွာ ပေးသည်မှာ ကျွန်ုပ်သန္တာန်မှာဖြစ်နေသည့် ဖြူစင်သော ကုသိုလ်စေတနာကြောင့်ဟူသည်မှာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါသည်။

ဒါနပြုခြင်းသည် လောဘကို သတ်ခြင်းတစ်မျိုးဖြစ်သည်။ သို့ဖြစ်ပါလျက် အရောင်းအဝယ်သဘောမျိုးဖြင့် လှူဖွယ်ဝတ္ထုအပေါ် မှာ စွဲလန်းတပ်မက်သောလောဘကို ပယ်သတ်ပြီး နာမည်ကြီးချင်၊ လူသိများချင်၊ ထင်ရှားချင်သော လောဘကို လိုချင်နေဦးမည်ဆိုလျှင် ပါရမီမြောက်သော ဒါန မဖြစ်နိုင်ပေ။

လောကီချမ်းသာတစ်စုံတစ်ရာကို တောင့်တ၍ဒါနပြုမည်ဆိုလျှင် လောဘဆိုသော အကုသိုလ် ခြံရံသွားသောကြောင့် ထိုကုသိုလ်မျိုးကို ဩမက = ညံ့သောကုသိုလ်ဟုခေါ် သည်။ ထိုကုသိုလ်မျိုးကြောင့် လူလာဖြစ်လျှင် ဉာဏ်ရည်မပြည့်မီသောသူ ဖြစ်ရသည်။

လောကီချမ်းသာ ထင်ပေါ် ကျော်ကြားမှု ဘာတစ်ခုကိုမှ မတောင့်တဘဲ အလှူခံပုဂ္ဂိုလ်ချမ်းသာမှုတစ်ခုကိုသာ ရည်ရွယ်ပြီး ပေးလှူအပ်သော ဒါနမျိုးကို ဥက္ကဋ္ဌ - မြတ်သောကုသိုလ်ဟု သင်္ဂဟကျမ်းမှာ အမည်ပေးထားသည်။ ထိုကုသိုလ်သည် အကုသိုလ်မခြံရံသောကြောင့် ဖြစ်ရာ

ဘဝတွင် ဉာဏ်ရည်ထက်မြက်သော အကျိုးကို ရစေသည်။ ပါရမီမြောက်သောဒါန ဟူ၍လည်း ဆိုရသည်။

ဤနေရာ၌ မိမိပြုသောဒါန အဆင့်အတန်းမြင့်လာစေရန်အတွက် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျမွဘာမိ၏ အောက်ပါ ဩဝါဒကို နာယူစေချင်ပါသည်။

## ပုဂ္ဂိုလ်စွဲနဲ့ လှူနေလျှင်

"ခင်ဗျားတို့ ဒီလိုပုဂ္ဂိုလ်စွဲနဲ့သာ လှူနေရင် ငါစွဲ၊ ငါ့ပစ္စည်းစွဲ ဆိုတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတွေက ဘယ်တော့လွတ်မတုန်းဗျ၊ ငါတော့ ဘယ်ဆရာတော်ကြီးကို ဘာလှူလိုက်ရတာဆိုတဲ့ စွဲစိတ်တွေ၊ မျှော်စိတ်တွေ၊ ဒီလိုလှူလိုက်ရလို့ နောင်ဘဝကျ ငါဘာဖြစ်မှာဆိုတဲ့ အမျှော်စိတ်တွေနဲ့ လှူနေသမျှ ခင်ဗျားတို့ဒါန အကျိုးပေးမစင်ကြယ်သေးဘူးလို့ မှတ်ပါ။ အကျိုးပေးမှ မစင်ကြယ်သေးရင် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ ဝေးသေးသဗျ။

ပြီးတော့ ခင်ဗျားတို့ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာဆိုတာတွေကရော စင်ကြယ်ရဲ့လားဆိုတာ ပြန်ဆန်းစစ်ဗျ။ သူများမျက်ရည်ပေါက်ကြီးငယ်ကျပြီးမှ ရလာတဲ့ပစ္စည်းတွေနဲ့ လာလှူတာလားဗျ။

ဒါနပြုတယ်ဆိုတာ ငါစွဲဖြုတ်နေတာ၊ ငါပိုင်တယ်ဆိုတာတွေကို စွန့်လွှတ်ပေးလှူပစ်တာ၊ လိုချင်မှု၊ သိမ်းပိုက်မှုဆိုတဲ့ တဏှာလောဘတွေကို ဒါနနဲ့ခွာချနေတာ၊ ရင်ဝမှာစူးနေတဲ့ လှံကိုဆွဲနှုတ်ပစ်တာ၊ ငါဒီလို အလှူကြီးလှူလိုက်လို့ နောင်ဘဝဘယ်လိုကောင်းစားဦးမှာဆိုတဲ့ အမျှော်စိတ်နဲ့လှူနေရင် နောက်ထပ်စူးဝင်လာမယ့် လှံတွေကို ရင်ကော့ပြီး ခံနေသလို ဖြစ်မှာပေါ့။ ငါးကြီးကြီးလိုချင်လို့ ငါးသေးသေးကို ငါးစာလုပ်၊ ငါးမျှားချိတ်မှာ တပ်မျှားသလို ဖြစ်မှာပေါ့။ ဒီလိုအလှူမျိုး လှူတိုင်း မကောင်းဘူး၊ ကုသိုလ်လိုချင်လို့လုပ်တာ အကုသိုလ်ပဲ များမယ်။

ငါ၊ ငါစွဲအတ္တ၊ ပစ္စည်းမာန၊ ပုဂ္ဂိုလ်စွဲတွေရှိနေသမျှ ပါရမီမြောက်တဲ့ ဒါနမဖြစ်ဘူး။ အဲဒီ ငါစွဲဒိဋ္ဌိရှင်တွေဟာ ဒါနရဲ့မူရင်းသတ္တိဖြစ်တဲ့ စွန့်လွှတ်ခြင်းလိုနေလို့ ပါရမီဆိုတဲ့ စကားနဲ့တော့ ဖီလာကန့်လန့်ချည်းပဲ။

ပါရမီဒါနဆိုတာ လှူဆဲကာလ ဉာဏ်ယှဉ်ပါမှဗျ။ အဲဒီတော့ ငါစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ပစ္စည်းစွဲတွေအစား၊ ငါလည်း မမြဲ၊ ပုဂ္ဂိုလ်လည်း မမြဲလို့ ဆင်ခြင်ပြီး လှူနိုင်ပါမှ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့အကြောင်း အထောက်အပံ့ဖြစ်တယ်ဗျ"

www.dhammaransi.com

ကျွန်ုပ်၏ ခက်ခက်ခဲခဲပြုရသော တတိယမြောက်ဒါနကို ဆက်လက်ဖော်ပြနိုင်ရန်အတွက် စာသင်သားဘဝမှ စာချဘုန်းကြီးဘဝသို့ကျော်၍ ရေးရပါတော့မည်။ ဤနေရာမှစ၍ အသက်အစဉ်ကို အဓိကမထားတော့ဘဲ စိတ်ထဲတွင် အပေါ်လွင်ဆုံး၊ အခံစားရဆုံး အရာများကိုသာ ဦးစားပေး၍ တင်ပြပါတော့မည်။

၁၃၅၂ ခုနှစ်၊ ကဆုန်လ၊ ၁၉၈၉ ခုနှစ်၊ ဧပြီလခန့်တွင် ကျွန်ုပ် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ၈၈ ခုနှစ် အရေးအခင်းဖြစ်ပြီးစအချိန်တွင် မစိုးရိမ်တိုက်သစ်မှ စာချဆရာတော်များမှာ ရပ်ရွာသို့ပြန်ပြီး ရှောင်တိမ်းနေကြသဖြင့် ကျောင်းတိုက်ကြီးမှာ ခြောက်ကပ်ပြီး ကျန်ခဲ့သည်။ စာသင်သားအများစုမှာလည်း ပြောင်းရွှေ့ကြ၊ ရွာပြန်ကြနှင့် မရှိတော့သလောက်ပင်။

မန္တလေးသားဖြစ်သော ကျွန်ုပ်သာလျှင် အရေးအခင်းစချိန်မှ ပြီးဆုံးချိန်အထိ တိုက်တွင်းမှာ ရှိနေခဲ့သည်။ ကျွန်ုပ်သည် ပညာရေးကံ အလွန်ညံ့သည်။ ကြိုးစားနိုင်လွန်း၍သာ အကြီးတန်းအောင်မြင်ခဲ့ခြင်းဖြစ်သည်။ စာချတန်းရောက်သည်နှင့် အရေးအခင်းဖြစ်လိုက်သောအခါ စာလည်းမတက်ဖြစ်၊ စာမေးပွဲလည်းမဖြေဖြစ်နှင့် ကျွန်ုပ်ပညာရေး ဆုံးခန်းတိုင်သလို ဖြစ်သွားပါတော့သည်။

ယခုအချိန်ထိ စာချတန်းကို ဆက်မလုပ်ဖြစ်တော့ပါ။ ထိုအချိန်မှာပင် ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက် ( ) စာသင်တိုက်မှ စာချဘုန်းကြီး လာပင့်သဖြင့် ရဟန်းအသိ၊ ဒကာအသိမရှိဘဲနှင့် သာသနာအားကိုးပြီး မျက်စိမှိတ်လိုက်ခဲ့ပါတော့သည်။ ကျွန်ုပ်ဘဝကား စွန့်စားခန်းတွေ အင်မတန်များ၏။ ပထမအကြိမ် တောင်သာမြို့ စာသင်တိုက်သို့သွားစဉ်အခါကလည်း လူအသိ၊ သံဃာအသိ တစ်ဦးမျှ မရှိခဲ့။

ဒုတိယအကြိမ် မစိုးရိမ်တိုက်သစ် ရောက်သောအခါတွင်လည်း ဘာအသိမှမရှိခဲ့။ ယခုတတိယအကြိမ် ရန်ကုန်ရောက်သောအခါတွင်လည်း ဘိုနည်းလည်းကောင်းသာ။ ကျွန်ုပ်စာချသည့်ကျောင်းအမည်ကို အုန်းတောကျောင်းဟူ၍သာ မှတ်သားထားစေချင်သည်။ နာမည်ရင်းကို ဖော်မပြခြင်းမှာ ရှေးရေးလတ္တံ့သောအကြောင်းအရာများတွင် ယင်းကျောင်းထိုင်ဆရာတော်ကြီးနှင့်ပတ်သက်၍ ရှောင်စရာက များနေသောကြောင့် ပုဂ္ဂိုလ်ရေးထိခိုက်မှုရှိမှာ စိုးရိမ်သောကြောင့်ဖြစ်ပေသည်။

www.dhammaransi.com

ဤကျောင်းနှင့် အဆက်အသွယ်ရသွားရခြင်း၏ အကြောင်းမှာ ဂုဏ်အုန်းတောကျောင်းတွင် တစ်ဝါနေဖူးသော ဥတ္တရအမည်ရှိ ကိုရင်ကြီးတစ်ပါးသည် ဓမ္မယာနကျောင်းသို့ ရောက်လာပြီး စာသင်နေချိန်တွင် ယင်းဆရာတော်က သာသနာစိတ်ရှိသော စာချဆရာတော်တစ်ပါးကို ပင့်ပေးပါဟု စာရေးလာသဖြင့် ဥတ္တရက ကျွန်ုပ်ကိုပင့်ပေးခြင်းဖြစ်သည်။

ဥတ္တရ ကျွန်ုပ်ကို လာလျှောက်စဉ်ကစကားလေးကို မှတ်မိနေပါသေးသည်။

"ဦးဇဝန၊ ကြွသင့်,မကြွသင့် ဆုံးဖြတ်လို့ရအောင် ကျောင်းတိုက်ရဲ့ အနေအထားကို နည်းနည်းလျှောက်ရရင် စာသင်တိုက်ဆိုပေမယ့်လို့ အကျယ်ကြီးမဟုတ်ဘူးဘုရား၊ အကျယ်အဝန်း ပေ ၆၀ × ပေ ၈၀ လောက်ပဲရှိမယ်။ ကျောင်းဆောင်ကလည်း နှစ်ဆောင်ပဲရှိတယ်။ ကျောင်းမကြီးတစ်ဆောင်နဲ့ သိမ်ကျောင်းတစ်ဆောင်ပေါ့"

"ကျောင်းဆောင်နှစ်ခုလုံး သစ်သားဆောင်ချည်းပဲ၊ ကျောင်းမကြီးကတော့ ဆရာတော်ကြီးနှစ်ပါးအတိုင်းပဲ အိုပြီးဆွေးနေပြီ၊ သိမ်ကျောင်းလေးကတော့ နေဖြစ်ရုံကောင်းပါသေးတယ်။ ကျောင်းကို ကိုးကွယ်တဲ့ အိမ်တွေက အကုန်မီးလောင်သွားလို့ မြို့သစ်တွေကို ပြောင်းသွားကြပြီ။ လှူမယ့် တန်းမယ့် ဒကာ၊ ဒကာမနည်းသွားလို့ ဆွမ်းစားကွမ်းစား လာဘ်လာဘကတော့ နည်းမှာသေချာတယ်"

"ညီအစ်ကိုနှစ်ပါး အုပ်ချုပ်တယ်။ အစ်ကို ဘုန်းကြီးကတော့ အတက်ရောဂါရှိလို့ ညီဘုန်းကြီးကပဲ အဓိကအုပ်ချုပ်တယ်။ မိုးတွင်းမှာတော့ တော်တော်ဒုက္ခရောက်တယ်။ မြေနိမ့်ဆိုတော့ မိုးရေတွေဝင်ပြီး ကျောင်းဝင်းတစ်ခုလုံး ရေတွေ ပြည့်နေတတ်တယ်။ စာသင်သားသံဃာကတော့ ကောင်းကောင်းမရှိပါဘူး။ လေးငါးပါးပဲ။ အဲဒီလေးငါးပါးကလည်း ကျောင်းအနီးက ဒုက္ခရောက်နေတဲ့ ကလေးတွေပါ။"

ဤစကားသုံးပိုဒ်ကို နားထောင်ပြီးသည်နှင့် စာချဆရာတော် တစ်ရာတွင် ၉၉ ပါးက လိုက်မည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်သည် ထူးထူးခြားခြား ၉၉ ပါးထဲတွင် မပါဘဲ ကျန်တစ်ပါးထဲမှာ ပါနေသောကြောင့် လိုက်သွားခဲ့ပါသည်။ ကလေးဘဝမှစ၍ ယခုအရွယ်တိုင်အောင် ပေးရသောအရသာနှင့် ယူရသောအရသာတို့တွင် ပေးရသောအရသာကို ခံစားနေတတ်ပြီ ဖြစ်သောကြောင့် အသာမစံရမှန်းသိလျက် လိုက်သွားဖြစ်ခြင်းဟု နောင်တစ်ချိန်တွင် ကျွန်ုပ် ထုံးဆယ်ဆိုက်ခဲ့ပါသည်။

## အစုတ်ဆုံးခုတင်နှင့် အဝတိုဆုံးမီးချောင်း

လိုက်ပို့သူဒကာ၊ ဒကာမကလည်း တစ်ယောက်မှမပါ။ စာချမည့် ကိုယ်တော်ဆိုသော်လည်း ကြည့်လိုက်ပြန်တော့ အသက်က (၂၅)နှစ်ခန့် သာရှိသေးရာ ကျောင်းထိုင်ဆရာတော်မျက်နှာပေါ်တွင် အထင်သေးသော အရိပ်က တစ်ချက်တစ်ချက်ပေါ်လာသည်ကို ကျွန်ုပ်သတိထားမိသည်။

ဒီလောက်ငယ်ရွယ်တဲ့ ကိုယ်တော်လေးအနေနဲ့ ချောင်ကျတဲ့ ဒီ ကျောင်းမှာ ဘယ်မှမသွားမလာဘဲ စာချပေးဖို့ဆိုတာ မဖြစ်နိုင်ဟု တွက် ထားဟန်တူပါသည်။ ရောက်သောနေ့မှာပင် သိမ်ကျောင်းလေးပေါ်၌ သုံးထပ်သားအဟောင်းလေးများနှင့် ကုတင်တစ်လုံးဆန့်ရုံ အခန်းလေး တစ်ခု ရိုက်ပေးပါသည်။

အဖော်ရရန် ကိုရင်နှစ်ပါးကိုလည်း သိမ်ကျောင်းပေါ်သို့ ပြောင်း ပေးသည်။ အခန်းရိုက်ပြီး၍ ကုတင်သယ်ရန် ကျောင်းပေါ်သို့သွားကြ သောအခါ လိုအပ်က ကူညီလုပ်ရန် ကျွန်ုပ်လည်း လိုက်သွားမိသည်။ ကျောင်းပေါ်တွင် ပေါ်လစ်ရောင်ပြောင်နေသော ကုတင်အလွတ်သုံးလုံး ခန့်ကို တွေ့ရသည်။

သို့ရာတွင် ဘယ်ကုတင်ကိုမှမယူဘဲ ဖျာစုတ်ပုံကြီးတစ်ပုံကို နေရာ ပြောင်းနေသည်ကို တွေ့ရသည်။ ခဏကြာသောအခါ ဖျာစုတ်များကုန် သွားသည်နှင့် ယိုင်နဲ့နေသော ကုတင်လေးတစ်လုံး ပေါ်လာသည်။ ခြင်ထောင်၊ ထောင်စရာတိုင်ပင်မပါ။ ကိစ္စမရှိ။ အခန်းနံရံမှာ သံရိုက်ပြီး ခြင်ထောင်ထောင်လျှင် ရနိုင်သည်မဟုတ်ပါလား။

ကုတင်ကိစ္စပြီးသွားသည်နှင့် မီးကိစ္စလာပြန်သည်။ လျှပ်စစ်မီးချောင်း တို့တွင် နှစ်ပေမီးချောင်းကား အတိုဆုံးသာဖြစ်ပါ၏။ သို့သော် ကျွန်ုပ် အခန်း၌လာတပ်ပေးသော မီးချောင်းမှာ တစ်ပေသာရှိ၏။ တစ်ပေသာ ရှိရခြင်းအကြောင်းမှာ နှစ်ပေရှည်သောမီးချောင်းကို ကျွန်ုပ် အခန်းမှာ တစ်ဝက်၊ အပြင်စာသင်သားသံဃာများအတွက်တစ်ဝက် ထွန်းပေးသော ကြောင့်ပါတည်း။

ကျွန်ုပ်ကား လာလာချင်း ဆောက်နဲ့အထွင်းခံရခြင်းပါပေတည်း။ သို့သော် ကျွန်ုပ် စိတ်ပျက်ခြင်း၊ စိတ်ဆင်းရဲခြင်း တစ်စက်မှမရှိ။ ဝတ် မသေရုံ စားရရင် အစားအစာဟာ လုံလောက်ပြီ၊ အရှက်လုံရုံ ဝတ်ရရင် အဝတ်အစားဟာ လုံလောက်ပြီ၊ မိုးလုံရုံနေရရင် နေစရာဟာ လုံလောက် ပြီဟု ခံယူထားသော ကျွန်ုပ်အတွက် ယခုလောက်အတွေ့အကြုံသည်

အကယ်၍ စာသင်သားတစ်ပါး၏ ဆွမ်းခံအိမ်မှ ဆွမ်းစားပင့်မည်ဆိုလျှင်လည်း ကျောင်းတိုက်သို့လာ၍ ကျောင်းထိုင်ဆရာတော်ထံ လျှောက်ရသည်မဟုတ်ပါလော။ ထို့ကြောင့် အုန်းတောကျောင်းတိုက်မှ သံဃာများမှာ လာဘ်လာဘ ရှားပါးလှပါသည်။ ကျွန်ုပ်ကား ထိုစဉ်ကတည်းက သန္နိဋ္ဌာန်ချထား၏။ ငါသာ ကျောင်းထိုင်ဆရာတော် ဖြစ်ခဲ့လျှင် ရသမျှလာဘ်လာဘကို သံဃာများအား ကိုရင်ပါမကျန် အညီအမျှ ခွဲဝေပေးမည်။

ယခုကျောင်းထိုင်ဘုန်းကြီးဖြစ်သောအခါတွင်လည်း ၎င်းဆုံးဖြတ်ချက်အတိုင်း ဆွမ်းစားလာပင့်လျှင် သံဃာများ အလှည့်ကျလိုက်ရသည်။ ဥပမာ ရဟန်းငါးပါး၊ ကိုရင်ငါးပါးရှိသည်ဆိုလျှင် ပထမတစ်ကြိမ် ငါးပါးပင့်လျှင် ရဟန်းငါးပါး လိုက်ရသည်။ နောက်တစ်ကြိမ်ငါးပါးပင့်လျှင် ဒကာကသဘောတူပါက ကိုရင်ငါးပါးကို လိုက်ခိုင်းသည်။

အကယ်၍ အလှူရှင်က ရဟန်းများကိုသာ ကပ်ချင်ပါသည်ဆိုလျှင် ရဟန်းများက ဆွမ်းစားလိုက်ပေးရပြီး ရလာသော လာဘ်လာဘကို ကျောင်းရောက်လျှင် ကိုရင်များအား ပေးရသည်။ ကျွန်ုပ်ကား လာဘ်လာဘ နည်းသည့်ကြားထဲကပင် အုန်းတောကျောင်းတိုက် အဆောက်အဦများ ပြုပြင်မွမ်းမံရေး၊ အသစ်ဆောက်ရေးတို့အတွက် ကိုယ့်ချွေးနည်းစာလေးကို လှူချင်၏။

## ဝင့်လိုက်တယ်ဆိုသော ဇီးကွက်ရုပ်

ထို့ကြောင့် ရသမျှလာဘ်လာဘလေးစုပြီး ကျောင်းတိုက်လိုအပ်သောနေရာတွင် လှူနိုင်ရန်အတွက် ရွှေတိဂုံဘုရားသို့ ဇီးကွက်ရုပ်ဝယ်ရန် ထွက်ခဲ့ပါတော့သည်။ ဇီးကွက်ရုပ်ကြီးကြီး၏ခေါင်းတွင် ပိုက်ဆံထည့်ရအောင်ဖောက်လိုက်လျှင် စုဗူးဖြစ်သွားမည်ဟူသောအတွေးဖြင့် ထွက်လာခဲ့ခြင်းပင်။

ရွှေတိဂုံဘုရားအရှေ့မုခ် ဝင်ဝင်ချင်း စောင်းတန်းဘေးကဆိုင်ထဲတွင် ဇီးကွက်ရုပ်အတော်များများကို တွေ့လိုက်ရသည်။ မြေပြန့်သား မြို့သူမြို့သားအတော်များများသည် ဇီးကွက်ကို လာဘ်ကောင်ဟု ယူဆထားသည့်အတွက် ဇီးကွက်ရုပ်မှာ ဈေးကွက်ဝင်အရောင်းပစ္စည်းတစ်ခု ဖြစ်နေခဲ့သည်။ www.dhammaransi.com

လောကဥတ္တရာဘာယ်သောအခါမှ မဖောက်မပြန် မှန်သောတရား ဟူ၍ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ်တရား လေးပါးသာရှိသည်။ ကြွင်းသောပညတ်တရား မှန်သမျှကား လူတို့သတ်မှတ်ထားသော အတိုင်းအတာအတွင်းသာ မှန်နိုင်ကြပေသည်။

ယခု ဇီးကွက်ဆိုသော ငှက်ကိုကြည့်ပါ။ မြေပြန့်ဒေသတွင် လာဘ်ကောင်ဟု သတ်မှတ်ခံရသော်လည်း တောင်ပေါ်ဒေသတွင်ကား ငှက်ဆိုးဟု သတ်မှတ်ကြပြန်သည်။ တစ်တီတူးငှက်ကို မြေပြန့်ဒေသတွင် ငှက်ဆိုးဟု သတ်မှတ်ကြသော်လည်း တောင်ပေါ်ဒေသတွင် လာဘ်ကောင်ဟု သတ်မှတ်ကြပြန်သည်။

မိရိုးဖလာအစွဲအလမ်းတစ်ခုသည် ဂျမ်းသဒါလန်အောင် မှားနေပါသော်လည်း တော်တော်တန်တန် အတွေးအခေါ်ပညာနှင့် မစွန့်လွှတ်နိုင်ကြပေ။ ယခင်က မြန်မာရဟန်းတော်များ အင်္ဂလိပ်စာကို လုံးဝမသင်ရဲကြ။ သင်မိလျှင် ပါရာဇိကကျတော့မလောက် စွပ်စွဲပုတ်ခတ်တတ်ကြသည်။

အရှင်အာဒိစ္စဝံသနှင့် တပည့်ဖြစ်သူ အရှင်သေဋ္ဌိလတို့ ကဲ့ရဲ့ပုတ်ခတ်မှုကြားက မရရအောင်သင်ယူပြီး အင်္ဂလန်ကို သာသနာပြုကြွခဲ့သည်။ အရှင်သေဋ္ဌိလ၏ အခက်အခဲများကြားမှ ကြိုးစားအားထုတ်မှုကြောင့် အင်္ဂလန်တွင် ဗုဒ္ဓသာသနာ ထိုက်သင့်သလောက် ပြန့်ပွားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့သာသနာပြုဆရာတော်ကြီး အရှင်သေဋ္ဌိလ၏ လမ်းဖောက်ခဲ့မှုကြောင့် ယခုအခါတွင်ကား ရဟန်းတော်တိုင်း အင်္ဂလိပ်စာသင်ယူနိုင်ခွင့် ရရှိနေကြလေပြီ။

“အများအကျိုး၊ ရွက်သည်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖဲ့တိမ်းစောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော။”

ဟူသော ညောင်တုန်းရွှေဟင်္သာတောရ စတုဗ္ဗဏ္ဏစံကျောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒလင်္ကာလေးသည် မိရိုးဖလာအမှားကို တော်လှန်မည့် သူရဲကောင်းများအတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပါ၏။ ကျွန်ုပ်သည် စာသမားပီပီ ဇီးကွက်ရုပ်မှတစ်ဆင့်ပေါ်လာသော ဒဿနများကို စဉ်းစားရင်း အကြီးဆုံးဇီးကွက်ရုပ်တစ်ခုကို ကောက်ကိုင်လိုက်ပြီးလျှင်-

www.dhammaransi.com

"ဒီဇီးကွက်ရုပ် တစ်ခုဘယ်လောက်လဲ" မေးလိုက်ရာ... ကျွန်ုပ် အသက်အရွယ်ခန့်ပင်ရှိသော အရောင်းမိန်းကလေးက-

"ဦးပဥ္စင်းက တစ်ကောင်တည်းဝယ်မလို့လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ တစ်ကောင်တည်း မရောင်းဘူးလား"

"ရောင်းတော့ရောင်းပါတယ်၊ ဒါပေမယ့် တစ်ကောင်တည်း မဝယ်ကောင်းဘူးလားလို့"

"ဟေ... ဘာဖြစ်လို့လဲဟ၊ ငရဲများကြီးမှာမို့လား"

မိန်းကလေးသည် ကျွန်ုပ်အမေးကြောင့် ခပ်ပြုံးပြုံးဖြစ်သွားပြီးလျှင် လူအ,တစ်ယောက်ကို ကရုဏာသက်သောအကြည့်မျိုးဖြင့် လှမ်းကြည့်ပြီးလျှင်-

"ဦးပဥ္စင်း ဇီးကွက်ရုပ် တစ်ခါမှမဝယ်ဖူးဘူး ထင်တယ်၊ ဟောဒီမယ် သေချာကြည့်ဘုရား၊ ဇီးကွက်ရုပ်က နှစ်ကောင်စုံတွဲပဲလာတယ်။ ဟောဒီလို ခြေထောက်နေရာမှာ အကောင်သေးသေးလေးနှစ်ကောင်ပုံပါတာက အမဘုရား၊ မပါတာကတော့ အထီးပေါ့ဘုရား၊ ဘယ်သူပဲဝယ်ဝယ် အထီးအမတစ်စုံပဲ ဝယ်ကြတယ်ဘုရား၊ ခွဲပြီးမဝယ်ကြဘူး"

"အေးလေ၊ နှစ်ကောင်စုံတွဲထားတာတော့ သိပါပြီ။ အဲဒါ တစ်ကောင်တည်းဝယ်ရင် ဘယ်လိုဝဋ်လိုက်မှာတုန်း"

"တူသောအကျိုးပေးမှာပေါ့ဘုရား၊ အထီးနဲ့ အမကို ခွဲထားဟော့ ဦးပဥ္စင်းလည်း နောက်ဘဝကျတစ်ယောက်တည်း အထီးကျန်နေရမှာပေါ့"

မိန်းကလေးသည် ထိုသို့ပြောပြီး တခစ်ခစ်ရယ်ပါလေတော့သည်။ သူမစကားကြောင့် ကျွန်ုပ်စိတ်ပြောင်းသွားပြီး နှစ်ကောင်စလုံး ဝယ်ယူမည်ဟု ထင်ထားဟန်တူသည်။ ကျွန်ုပ်ကား မဝယ်။ သူမရယ်ပြီးသည်နှင့်

"အဲဒီဝဋ်ကတော့ တို့ဘုန်းကြီးတွေ အခုလည်း လိုက်နေတာပဲ၊ ဘာမှမထူးပါဘူး။ အဲဒီတော့ တစ်ကောင်ပဲပေးဟာ"ဟု ပြောပြီး ဇီးကွက်တစ်ကောင်ဝယ်ကာ ပြန်ခဲ့ပါတော့သည်။ သူမသည် ကျွန်ုပ် ဝဋ်လိုက်နေသည်ကို မကြည့်ရက်၍ပဲလားမတော့မသိ။ ကျောင်းရောက်မှ ဇီးကွက်ရုပ်ကို သေချာကြည့်လိုက်သောအခါ ခြေထောက်တွင် ကလေးလေးနှစ်ကောင်ပါသော အမကြီးဖြစ်နေပါတော့သည်။

www.dhammaransi.com

## မပေးနိုင်ပါဟူသောစကား

အုန်းတောကျောင်းရောက်သည်မှာ လေးလကျော်သွားပြီဖြစ်သလို ကျွန်ုပ်ခွေးနည်းစာ စုဗူးလေးသည်လည်း ထို့အတူ လေးလကျော်သွားခဲ့လေပြီ။ ထိုအချိန်တွင် မစိုးရိမ်ကျောင်းတိုက်သစ်မှာ နေစဉ်ကတည်းက ကျွန်ုပ်ထံတွင် စာလိုက်ဖူးကြသော စာသင်သားငါးပါးလည်း ကျွန်ုပ်ဆီ ရောက်လာခဲ့ကြပြီးဖြစ်သဖြင့် ကျောင်းတိုက်မှာ စည်ကားစပြုလာလေပြီ။

တစ်နေ့ညတွင် လူအမည် အောင်အောင်၊ ရှင်ဘွဲ့အမည် အရိယ သည် ကျွန်ုပ်ကို နှိပ်နယ်ပေးရင်းဖြင့်-

"ဦးပဥ္စင်း၊ သက်နီးတစ်စုံလောက်အပိုရှိရင် တပည့်တော်ကို စွန့်ပါ။ တပည့်တော်ဆွမ်းခံသင်္ကန်း စုတ်နေပြီဘုရား၊ ဘယ်လိုမှ ကြည့်မကောင်းတော့ဘူး။ အထက်အောက်ပြောင်းဝတ်လိုက်၊ ပြောင်းပြန်လှန်ဝတ်လိုက်နဲ့ နည်းမျိုးစုံသွားပြီဘုရား၊ အခုတစ်ခါတော့ ဘယ်လိုလုပ်ဝတ်လို့မှ မရတော့ဘူးဘုရား"ဟု လျှောက်ထားရင်း ဆင်းရဲသူက မွဲသူထံတွင် သင်္ကန်း အလှူခံပါတော့သည်။

မှတ်မှတ်ရရ ကျွန်ုပ်ဘဝ သက်တမ်းတစ်လျှောက်တွင် တကယ်လိုလို့ ယခုလို ဖွင့်ဟတောင်းသူများကို မရှိပါ, မပေးနိုင်ပါဟု တစ်ခါမှ မပြောခဲ့ဖူးခြင်းပင် ဖြစ်ပါ၏။ မိမိမှာမရှိလျှင်ပင် တခြားသူဆီမှ ရအောင်တောင်းယူပေးခဲ့သည်သာ ဖြစ်ပါ၏။ အရိယတို့ကား အင်မတန်မှ ဆင်းရဲလှသည်။ သူ့မိဘများသည် သားများကို ဗုဒ္ဓဘာသာထုံးစံ ရှင်သာမဏေပင် မပြုပေးနိုင်ကြ။

ညီအစ်ကိုများတွင် အရိယတစ်ယောက်သာ ဆရာတော်စွန့်သော သင်္ကန်းအိုလေးဖြင့် ကိုရင်ဝတ်ခွင့် ရခဲ့ခြင်းဖြစ်သည်။ ကျောင်းထိုင်ဆရာတော်ထံတွင် သင်္ကန်းအပို များစွာရှိသော်လည်း မတောင်းရဲကြ။ ကျွန်ုပ်သာ လက်လွယ်မှန်းသိသဖြင့် လာတောင်းခြင်းဖြစ်သည်။

သို့သော် ယခုအချိန်တွင်ကား ကျွန်ုပ်၌လည်း စွန့်ကြစရာသင်္ကန်းက အပိုမရှိပါလေပြီ။ ကျောင်းနေရင်းဝတ်သော သင်္ကန်းအစုတ်တစ်စုံနှင့် ဆွမ်းခံကြွရာတွင် အလဲအလှယ်နှင့်ဝတ်သော သင်္ကန်းနှစ်စုံ စုစုပေါင်း သုံးစုံသာရှိသည်။ ကျွန်ုပ်သည် စာချဘုန်းကြီးဆိုပြီး ဇိမ်နှင့်မနေပါ။ ဆွမ်းခံနေ့စဉ်ကြွပါသည်။ စာသင်သားသံဃာများ ဆွမ်းဟင်းပေါပေါများများ ဘုဉ်းပေးစေချင်သော စေတနာကြောင့်ပင် ဖြစ်ပါ၏။

www.dhammaransi.com

ကျွန်ုပ်သည် အရိယလိုအပ်သောသက်န်းကို ဘယ်လိုရအောင် ရှာပေးရမည်နည်းဟု အကြိတ်အနယ်စဉ်းစားပေးရင်းဖြင့် ခေါင်းရင်းတွင်တင်ထားသော စုဗူးကြီးကို ဖျတ်ခနဲသတိထားမိသွားသည်။ စာသင်သားများထဲတွင် ကျွန်ုပ်ကို အကြောင်းပြုပြီးရောက်လာသော မိုးညှင်းမြို့နယ်မှ စာသင်သားတစ်ပါးကိုလည်း တစ်ခါတည်း သတိရသည်။

သူသည် ဘုန်းကံကြီးမားသူတစ်ယောက်ပင်။ ရဟန်းဒကာ၊ ရဟန်းဒကာမများက ချမ်းသာကြသောကြောင့် သင်္ကန်းဆိုလျှင် သေတ္တာနှင့်အပြည့် (၇)စုံ (၈)စုံခန့်အထိ ရှိသည်။ ကျွန်ုပ်သည် အတွေးထဲတွင် အကွက်ချပြီးသည်နှင့်-

"ကဲ... အရိယ အဲဒီခေါင်းရင်းက စုဗူးကြီးခွဲကွာ၊ စုတုန်းကတော့ ကျောင်းတိုက်လိုတဲ့နေရာ လှူရအောင်စုတာပဲ။ အခု မင်းက လိုနေတော့ မင်းကိုပဲ လှူလိုက်တော့မယ်"ဟု ပြောလိုက်ရာ အရိယသည် သူ့အထင်ကြီးသော ကျွန်ုပ်ထံတွင် သင်္ကန်းအပိုမရှိမှန်း သိသွားသဖြင့် အားနာသွားကာ-

"အပိုမရှိရင် နေပါစေဘုရား၊ စုဗူးကြီးကိုတော့ မခွဲပါနဲ့ဘုရား" ဟု လျှောက်နေသဖြင့် မနည်းတိုက်တွန်းပြီး ခွဲခိုင်းလိုက်ရာ ငွေ (၄၅၀) ကျော်ကျော်လေးရသည်။ ကျွန်ုပ်ကား အချိန်မဆွဲ ချက်ချင်းပင် မိုးညှင်းမှ အရှင်စန္ဒာသီရိကို အကျိုးအကြောင်းသေချာပြောပြပြီး အတော်ကောင်းသေးသော ရှန်သင်္ကန်းတစ်စုံဝယ်ယူ၍ ရှင်အရိယအား လှူဒါန်းလိုက်ပါတော့သည်။

ကျွန်ုပ်ကား ဒါနနှင့်ပတ်သက်လျှင် လက်မနှေးတော့ပေ။ အဘယ်ကြောင့်ဆိုသော် ဒါန၏ကောင်းကျိုးကို လက်တွေ့သိနေတော့ကြောင့်ပင်ဖြစ်ပါ၏။ ထို့ကြောင့်လည်း ဗုဒ္ဓက-

စေတနာအကျိုးကိုသာသိလျှင်

ဧဝဉ္စေ သတ္တာ ဇာနေယျုံ၊ ဒါနံ သံဝိဘာဂဿ၊
ဝိပါကံ ယထာဟံ ဇာနာမိ၊ နဒတွာ ဘုဉ္ဇေယျုံ၊
နစနေသံ မစ္ဆေရမလံစိတ္တံ ပရိယာဒါယတိဋ္ဌေယျ။

*(ဣတိဝုတ်ပါဠိတော်-ဒါနသုတ်)*

"ရဟန်းတို့ ပေးကမ်းစွန့်ကြဲခြင်း စေတနာရဲ့အကျိုးကို ငါသိသလို သတ္တဝါများသိကြမယ်ဆိုရင် ကိုယ်စားရမည့် အစားအစာ ဝတ္ထုထဲက

www.dhammaransi.com

သူတစ်ပါးကို မပေးကမ်းဘဲ ဘာကိုမှ စားနိုင်မည်မဟုတ်ပေ။ ကိုယ့်ပစ္စည်းကိုမပေးရက်သော မစ္ဆေရစိတ်သည်လည်း သတ္တဝါတို့ကို နှိပ်စက်နိုင်မှာမဟုတ်ပေ”

ဟု ဟောခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ အလှူဒါနပြုရာ၌ မျှော်လင့်ချက်လောဘပါသောဒါနထက်၊ မျှော်လင့်ချက်လောဘမပါသောဒါနက ပို၍အကျိုးပေးထက်သန်ကြောင်းကို ဗုဒ္ဓ၏ဘဝဖြစ်စဉ်က လက်တွေ့ပြသလျက်ရှိသည်။ ဗုဒ္ဓသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး မျှော်လင့်ချက်မပါသော ကောင်းမှုများစွာကို ပြုလုပ်ခဲ့သည်။

သို့အတွက်ကြောင့် ယခုနောက်ဆုံးဘဝတွင် မင်းသားဘဝမှာရော၊ ဘုရားရှင်ဖြစ်သည့်ဘဝမှာပါ သူမတူအောင် ဘုန်းသမ္ဘာကြီးမားခဲ့သည် မဟုတ်ပါလော။ ယခု ကျွန်ုပ်၏သက်န်းအလှူပွဲတွင်လည်း ဘာမျှော်လင့်ချက်မှုမပါကြောင်း ကျွန်ုပ်ကိုယ်ကျွန်ုပ်အသိဆုံးပင် ဖြစ်ပါ၏။

ထို့ကြောင့်ပင် ၄င်းနှစ် ဝါဆိုလကစ၍ ယခုကျောင်းထိုင်ဘုန်းကြီးဖြစ်သည့်တိုင်အောင် ကျွန်ုပ်သည် သင်္ကန်းဘုန်းကြီးသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာခဲ့သည်။ တစ်နှစ်တစ်နှစ်လျှင် ကျောင်းနီးချင်းများ၊ ဧည့်သည်အာဂန္တုရဟန်းများကို ကျွန်ုပ်လှူသော သင်္ကန်းသည်ပင် အစုံပေါင်း (၆၀) ကျော်ရှိသည်။

## စေတနာဗေဒင်

“စေတနာဆိုးရင် ကံဆိုးတာပါပဲ၊ စေတနာကောင်းရင် ကံကောင်းတာပါပဲ။ ကံကောင်းဖို့ ဘာမှအခက်အခဲမရှိဘူး။ ငါကံကောင်းသလား၊ မကောင်းဘူးလားဆိုတာကို ဗေဒင်မတွက်ဘဲနဲ့သိတယ်။ လက္ခဏာမမေးဘဲနဲ့သိတယ်။ ကံကောင်းသလား၊ မကောင်းဘူးလားဆိုတာကို ကိုယ့်စေတနာကို ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဟာကိုယ်တွက်ကြည့်ရင် မသိဘူးလား၊ စေတနာဆိုးရင် ကံဆိုးကြတာပါပဲ။”

“စေတနာကောင်းရင် ကံကောင်းကြတာပါပဲ၊ စေတနာကိုပဲ ကံလို့ခေါ်ကြတာမဟုတ်ဘူးလား။ ကိုယ့်စေတနာကိုယ်တွက်မှသိတာ၊ သူများတွက်လို့ ကိုယ့်စေတနာ ကိုယ်သိပ့ါမလား၊ မသိဘူး။ အေးဗျာ… အဲဒါကိုယ့်စေတနာ ကိုယ့်ဟာကိုယ်တွက်ရင် သိနိုင်လျက်နဲ့ ဟိုလူ သွားမေးရ၊ ဒီလူ သွားမေးရနဲ့ ဘယ်နှယ်ကြောင့် သူများသွားသွားပြီး ကိုယ့်စေတနာကို မေးနေရတာလဲ”

www.dhammaransi.com

"ကံကောင်းကံဆိုး သူများမမေးနဲ့ ကိုယ့်ကိုယ်ကိုမေး၊ ဘုန်းကြီးတို့ ပရိသတ်များ ကိုးကွယ်မှုအဆင့်အတန်း မြင့်ဖို့ဟုတ်လား။ အပြင်ဘက်မှ အကူအညီ မရှာရဘူး၊ မိမိမှာ အကူအညီတွေ အပြည့်အစုံရှိပါတယ်"

*(သဲကုန်း အရှင်ဉာဏိဿရ)*

## တတိယမြောက်သေဘေး

၁၃၅၃ ခုနှစ် တန်ဆောင်မုန်းလ။ ကျွန်ုပ်အသက် ၂၈ နှစ် အရွယ်တွင် တတိယမြောက်သေဘေးကို ကြုံတွေ့ခဲ့ရသည်။ တစ်နေ့တွင် ဦးပညာသီဟ အမည်ရှိသော စာသင်သားရဟန်းတစ်ပါးသည် အသက်ငါးဆယ်နီးပါးခန့်ရှိသော ဒကာတစ်ယောက်ကို ကျွန်ုပ်နေရာအခန်းလေးထဲသို့ ခေါ်ဆောင်လာသည်။ အခန်းထဲရောက်သည်နှင့် ဦးပညာသီဟက-

"ဦးပဥ္စင်း၊ ဒါ တပည့်တော်တို့တောင်ငူက အသိဒကာပါဘုရား။ ရန်ကုန်ကို ကိစ္စတစ်ခုနဲ့လာရင်း ကျောင်းမှာခဏဝင်တည်းတာပါဘုရား။ ဒကာကြီးက ဗေဒင်ဆရာဆိုတော့ ဦးပဥ္စင်းရဲ့ဇာတာလေး စစ်ပေးချင်တယ် ပြောလို့ပါဘုရား"ဟု လျှောက်သဖြင့် ကျွန်ုပ် မငြင်းသာတော့၊ ဇာတာကို ထုတ်ပေးလိုက်ရတော့သည်။

ဒကာကြီးက ပညာမာနကြီးဟန်တူသည်။ ကျွန်ုပ်ကို သိပ်အရေးမစိုက်ဘဲ ကျွန်ုပ်၏မွေးလခုနှစ်များကို သေချာကြည့်၍ စာရွက်တစ်ရွက်ပေါ်တွင် ဂဏန်းမျိုးစုံ ရေးခြစ်လျက်ရှိသည်ကို တွေ့ရသည်။ သူရေးခြစ်တွက်ချက်သွားသော စာရွက် ကျွန်ုပ်ဆီမှာ ယခုအချိန်တိုင်အောင် ရှိနေပါသည်။

အဘယ့်ကြောင့်ဆယ်နှစ်ကျော်ကြာသည်အထိ သိမ်းထားရသနည်းဟု မေးခဲ့ငြားအံ့။ ဗေဒင်ဆရာက ကျွန်ုပ်ကို စိန်ခေါ်သောကြောင့်။ တစ်နည်း၊ နက္ခတ်ဗေဒင်က ကံတရားကို စိန်ခေါ်လာသောကြောင့် အမှတ်တရ..သိမ်းထားရပါသည်ဟု ဖြေရပါမည်။

ကျွန်ုပ်မွေးသက္ကရာဇ်သည် ၁၃၂၆.ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်၊ အင်္ဂါနေ့ဖြစ်ရာ သူတွက်ချက်နေသော အချိန်က ၁၃၅၃ ခု၊ တန်ဆောင်မုန်းလထဲတွင် ဖြစ်ပါ၏။ ဒကာသည် အတန်ကြာတွက်ချက်ပြီးသည်နှင့် ကျွန်ုပ်ကို တစ်ချက်မော့ကြည့်လိုက်ပြီး-

www.dhammaransi.com

"အရှင်ဘုရားအတွက် အတော်စိုးရိမ်ရတယ်ဘုရား၊ ခန္ဓာပျက်ကိန်း ပေါ်နေတယ်"ဟု လျှောက်လိုက်သည်။ ကျွန်ုပ်က 'သြော်'ဟုသာ တစ်ခွန်း ပြောလိုက်ပြီး ဘာမှဆက်မပြောမိ။ မျက်နှာလည်းပျက်မသွားဘဲ ပကတိ အတိုင်းသာဖြစ်နေသဖြင့် ဗေဒင်ဆရာက သိပ်အားရဟန်မတူ။ သူ အတွေ့များလာသည်က စီးပွားပျက်ကိန်းလေး ဟောလိုက်လျှင်ပင် နေစရာမရှိအောင် စိုးရိမ်ကြောက်လန့်တတ်သောသူများကိုသာ တွေ့ဖူး ထားသည်မဟုတ်ပါလား။ ထို့ကြောင့်လည်း-

"ဒါပေမယ့် သိပ်တော့စိတ်မပူပါနဲ့ဘုရား တပည့်တော်နဲ့ တွေ့နေ ပြီပဲ။ အရှင်ဘုရား ဘာမှမဖြစ်စေရပါဘူး။ တပည့်တော် ယတြာကောင်း ကောင်းလုပ်ပေးခဲ့ပါမယ်။ ဆီးသားတစ်ချောင်းရှာပြီး အရှင်ဘုရားအရပ် နဲ့ တိုင်းဖြတ်ပါ။ ပြီးရင် အသုံးမပြုတော့တဲ့ အရှင်ဘုရားဝတ်ခဲ့တဲ့သင်္ကန်း စုတ်နဲ့ပတ်လိုက်ပါ။ ဆီးသားရဲ့ထိပ်ဆုံးနေရာမှာတော့ ရိတ်ထားတဲ့ဆံပင် နည်းနည်းတင်ပေးပြီး အရှင်ဘုရားမွေးနံရဲ့ ဘုမ္မိအရပ်မှာ ပစ်ပေးလိုက် ပါ"

ဗေဒင်ဆရာက ယတြာနည်းကိုပေးပြီးသည်နှင့် ကျွန်ုပ်မျက်နှာကို အကဲခတ်ကြည့်ပြန်သည်။ စိုးရိမ်သည့်လက္ခဏာကို အနည်းငယ်မျှမတွေ့ ရသည့်အတွက် သူ့ဟောကြားချက်ကို မယုံဘူးဟု ထင်သွားဟန်တူသည်။ ကျွန်ုပ်ကလည်းစိတ်ထဲမှာ ရှိသည့်အတိုင်း-

"ဦးပဥ္စင်းအတွက် ပူစရာမရှိပါဘူးဒကာကြီး"ဟု ရိုးရိုးအေးအေး ပင် ပြောလိုက်သော်လည်း ထိုစကားက သူ၏မာနကို ထိခိုက်သွားဟန် တူသည်။ သူသည် တရှူးရှူးတရှဲရှဲ ဖြစ်သွားပြီးလျှင် -

"အရှင်ဘုရားက တပည့်တော်ဟောတာကို မယုံတဲ့သဘောပေါ့။ မယုံရင် အရှင်ဘုရား အခုပေးတဲ့ယတြာ မချေဘဲနေရဲရင် နေကြည့်ပေါ့။ ဒီနှစ်တန်ဆောင်မုန်းကနေ တပို့တွဲထိ လေးလအတွင်းမှာ အရှင်ဘုရား ပျံတော်မူလိမ့်မယ်"

"ပျံတော်မမူရင်တောင် အနည်းဆုံး အိပ်ရာထဲက ဘယ်တော့မှမထ နိုင်တဲ့အထိ ရောဂါဒဏ်ခံရမယ်။ အရှင်ဘုရား အခုဟောတဲ့အတိုင်း တကယ်ဖြစ်၊ မဖြစ်ကို တောင်ငူကနေ တပည့်တော်ကိုယ်တိုင် လာကြည့် မယ်။ ဟောချက်အတိုင်းမဖြစ်ခဲ့ဘူးဆိုရင် တပည့်တော်ဆည်းပူးထားသမျှ ဗေဒင်ပညာကို တစ်သက်လုံး အသုံးမပြုတော့ဘူး။ ဝယ်ထားတဲ့ ဗေဒင် စာအုပ်တွေလဲ အကုန်လုံးမီးရှို့ပစ်လိုက်မယ်"

www.grammartansi.com

ဟုပြောကာအခန်းတွင်းမှ ထွက်သွားပါတော့သည်။ ဦးပညာသီဟနှင့်တကွ လာနားထောင်နေကြသော တပည့်များကား မျက်နှာမကောင်းကြ။ ကျွန်ုပ်အတွက်လည်း တော်တော်စိုးရိမ်သွားကြဟန်တူသည်။ နောက်ရက်တွင် ဆီးသားတစ်ချောင်းခုတ်ယူလာပြီး အခန်းထဲဝင်လာကြသဖြင့် ကျွန်ုပ်ကမသိချင်ဟန်ဆောင်၍-

“မင်းတို့ဆီးသားကြီးက ဘာလုပ်ဖို့ယူလာကြတာတုန်း” ဟု မေးလိုက်ရာ တပည့်များက-

“ဦးပဥ္စင်းအရပ်နဲ့တိုင်းဖြတ်ပြီး ယတြာချေရအောင်ပါဘုရား”

“သြော်... မင်းတို့က ငါ့အတွက် ပူနေကြတာကိုး။ ဒါနဲ့ မင်းတို့ကို မေးရဦးမယ်။ ဗေဒင်ဆရာဟောတာနဲ့ ဘုရားဟောတာ ဘယ်ဟာကို ပိုယုံမလဲကွ”

“ဘုရားဟောတာကို ပိုယုံရမှာပေါ့ဘုရား။ ဒါပေမယ့် အခုလို ယတြာချေလိုက်တော့ ဦးပဥ္စင်းကိုဘာထိခိုက်တာမှတ်လို့ဘုရား အန္တရာယ်ကင်းအောင်လုပ်တဲ့ဟာပဲ”

“ကဲ... ဒါဆိုလဲ ဆက်မေးရဦးမယ်။ ယတြာမှာလဲ ဘုရားပေးတဲ့ယတြာနဲ့ ဗေဒင်ဆရာပေးတဲ့ယတြာ ဘယ်ဟာကကောင်းမလဲ”

“ဘုရားပေးတဲ့ယတြာက ကောင်းတာပေါ့ဘုရား”

“အေး... အဲဒါဆိုရင် မင်းတို့ ငါ့အတွက်ဘာမှမပူကြနဲ့တော့ ငါက ဘုရားပေးတဲ့ယတြာတွေကို နေ့တိုင်းလုပ်နေတာပဲကွ နောက်နေ့ကစပြီး မင်းတို့သေချာဂရုစိုက်ကြည့်ကြပေါ့ ကဲ... ကဲ... သွားကြတော့”

“တပည့်များသည် ကျွန်ုပ်ကို ဆက်မပြောရဲသောကြောင့်သာ ထွက်သွားကြရသော်လည်း ဘုရားပေးသောယတြာဆိုသည်ကို ဘာမှန်းတော့ သိကြဟန်မတူပါ။

## သေမည့်ရက်ကိုစောင့်ခြင်း

လူသားမှန်သမျှ မိမိသေရမည့်ရက်ကို ထမင်းစားပြီးစောင့်နေရသူချည်း ဖြစ်ပါ၏။ သို့သော် ကျွန်ုပ်မှတစ်ပါး ကျန်လူသားများက သေရမည်ကိုသာ သိကြသည်။ ဘယ်ရက်၊ ဘယ်လအတွင်း သေမည်ဆိုသည်ကို မသိကြပေ။ ကျွန်ုပ်ကား ယနေ့မှစ၍ လေးလအတွင်း သေရမည်ကို သိထားသူတစ်ယောက် ဖြစ်သောကြောင့် သူတကာထက် ထူးနေပါ၏။

တပည့်များကား ကျွန်ုပ်ကိုသာ စိုးရိမ်တကြီး ဂရုစိုက်နေကြသည်။ ဗေဒင်ဆရာဟောသော တန်ဆောင်မုန်းလပြည့်ကျော်ကုန်သွားလေပြီ။ ကျွန်ုပ်

ကား ဘာမှမဖြစ်သေး၊ ထို့နောက် နတ်တော်၊ ပြာသို၊ တပို့တွဲလများသာ တရွေ့ရွေ့ကုန်သွားသည်။ ကျွန်ုပ်ကား ဘာမှမဖြစ်။ တစ်ခုကား ထူးထူးခြားခြားဖြစ်၏။

ကျွန်ုပ်ကို သိက္ခာထပ်သော ရဟန်းအမကြီး နော်မြသန်းနှင့် ဆွမ်းဒကာများဖြစ်ကြသော ဦးတင်ငွေ၊ ဒေါ်ညွန့်တင်၊ ဒေါ်အမာတင်၊ ဦးလှအောင် အစရှိသော ဒါယကာ ဒါယိကာမများ၏ ချွေးနည်းစာဖြင့် ကျောင်းမြေ ဝယ်ယူလှူဒါန်းမှုကြောင့် ရွှေပြည်သာမြို့တွင် ကျောင်းထိုင်ဘုန်းကြီးဘဝသို့ ရောက်ရှိခဲ့ရခြင်းပါတည်း။

ကျွန်ုပ်ကျောင်းထိုင်ဆရာတော်အဖြစ်သို့ရောက်သည်နှင့် စာသင်တပည့်များ အလွန်အံ့သြကြသည်။ အဆောင်ကောင်းရှိလိမ့်မည်ဟူသော ယူဆချက်ဖြင့် ကျွန်ုပ်ထံဆည်းကပ်၍ မေးမြန်းကြပါတော့သည်။

"ဆရာတော် ပေဒင်ကပျံတော်မမူမယ်လို့ဟောတာ ပျံတော်မမူတဲ့အပြင် စာချဘုန်းကြီးဘဝကနေ ကျောင်းထိုင်ဘုန်းကြီးတောင် ဖြစ်သွားသေးတယ်ဆိုတော့ အဆောင်ကောင်းရှိတာတော့ သေချာနေပြီဘုရား မျှလို့ရမယ်ဆိုရင် တပည့်တွေကိုလည်း မျှစေချင်ပါတယ်ဘုရား"

"အဆောင်ကောင်းလည်းရှိတယ်။ မျှလဲမျှပါ့မယ်။ အဆောင်ကတော့ ဂါထာတစ်ဂါထာပါပဲ"

ဂါထာဆိုသည်နှင့် တပည့်များက စာအုပ်၊ ဘောလ်ပင်များကိုပြင်နေကြသဖြင့်-

"ဒီဂါထာက မင်းတို့အရင်ကကြားဖူးတဲ့ ဂါထာတွေလို ကျက်ပြီးရွတ်ရမယ့် ဂါထာမဟုတ်ဘူး။ ဂါထာလာတဲ့ အဓိပ္ပာယ်အတိုင်း ကျင့်ရမယ့် ဂါထာပဲ"

"အမိန့်ရှိပါဘုရား တပည့်တော်တို့လိုက်နာကျင့်ကြံပါ့မယ်"

ဂါထာလေးက-

"ခနာပုညာ ဓီလာတေန၊ ကာလံခိယျတိ ပဏ္ဍိတော။
ကီဠနေနစ ဒုမ္မေဓေါ၊ နိဒ္ဒါယကလဟေနဝါ" တဲ့။

အဓိပ္ပာယ်က-

"ပညာရှိသူတော်ကောင်းဟာ ပစ္စည်းဥစ္စာကိုရခြင်း၊ ကုသိုလ်တရားကိုရခြင်း၊ ပညာဗဟုသုတကိုရခြင်းဖြင့် အချိန်ကာလကို အသုံးချတယ်။ ပညာမဲ့လူမိုက်ကတော့ မြူးတူးပျော်ပါး ကစားခြင်း၊ အိပ်ခြင်း၊ ငြင်းခုန်ခိုက်ရန်စကားများခြင်းဖြင့် အချိန်ကို အသုံးချတယ်တဲ့"

www.dhammaransi.com

"လောကမှာ တန်ဘိုးအကြီးဆုံးအရာဟာ အချိန်ပဲ။ ကုန်သွားတဲ့ငွေကို အချိန်နဲ့ရှာလို့ရပေမယ့် ကုန်သွားတဲ့အချိန်ကိုတော့ ဘာနဲ့မှ ပြန်ဝယ်လို့မရတော့ဘူး။ ကိုယ့်အသက်ကိုချစ်တယ်ဆိုရင် အချိန်ကိုလည်းချစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အချိန်တွေစုပေါင်းထားတာကိုပဲ အသက်ခေါ်တာမဟုတ်လား"

"လူ့ဘဝမှာ အနှစ် (၇၀) နေရမယ့် လူတစ်ယောက်အနေနဲ့ ဥပမာ - ကနေ့လို ရက်တစ်ရက်မှာ ကုသိုလ်၊ ပညာ၊ ဥစ္စာ တစ်မျိုးမှမရဘဲ အချိန်ကို ဖြုန်းပစ်လိုက်မယ်ဆိုရင် အဲဒီ အလကားဘာမှမရဘဲ ကုန်သွားတဲ့တစ်ရက်ကို တစ်သက်လုံး ဘယ်လိုမှ အစားပြန်မရနိုင်တော့ဘူး"

အသက် ၆၀ နှစ်နဲ့ လေးလခန့်နေရမယ့် သာမန်ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အချိန်ကိုအသုံးပြုပုံ သေချာတွက်ပြထားတာရှိတယ်။ သေချာစစ်ကြည့်ရင် အလုပ်လုပ်ချိန်က နည်းလွန်းပါတယ်။ တွက်ပြထားတာကတော့-

| | | |
|---|---|---|
| အိပ်ချိန် | - | ၂၀ နှစ် |
| စားသောက်ချိန် | - | ၃ နှစ် |
| စားသောက်ရန်စောင့်ရချိန် | - | ၉ လ |
| အလုပ်လုပ်ချိန် | - | ၁၇ နှစ် ၆ လ |
| အပျော်အပါးအချိန် | - | ၇ နှစ် ၆လ |
| လမ်းလျှောက်ချိန်၊ ကစားချိန် | - | ၆ နှစ် ၇ လ |
| အဝတ်အစားလဲရန်ကုန်ချိန် | - | ၂ နှစ် ၆ လ |
| အလုပ်မလုပ်ဘဲ ကုန်ချိန် | - | ၂ နှစ် ၆ လ |

အသက် ၆၀ သာသာလောက်နေရမယ့်ပုဂ္ဂိုလ်တစ်ယောက်ဟာ အကျိုးရှိတဲ့အလုပ်လုပ်ချိန်က (၁၇)နှစ်ပဲရှိတယ်။ ဒါ့ကြောင့် ပစ္စက္ခရော၊ သံသရာပါ ကြီးပွားတိုးတက်ချင်တဲ့သူဟာ အိပ်ချိန်မှတစ်ပါး ကျန်တဲ့အချိန်မှန်သမျှထဲက ကုသိုလ်၊ ပညာ၊ ဥစ္စာ သုံးမျိုးမှာ တစ်မျိုးမျိုးကို အမြဲတမ်းရနေရမယ်"

"တို့တစ်တွေကတော့ ရဟန်းတော်တွေဆိုတော့ အချိန်မှန်သမျှထဲက ကုသိုလ်နဲ့ပညာ တစ်မျိုးမျိုးရအောင်ယူကြရမှာပေါ့။ တို့ကတော့ အဲဒီနှစ်မျိုး တစ်မျိုးမျိုးအမြဲရအောင်ယူတယ်။ မင်းတို့သတိထားရင် သိကြမှာပါ။"

www.dhammaransi.com

“ငါဟာ စာချဘုန်းကြီးတစ်ပါးဆိုပြီး ဇိမ်နဲ့မနေပါဘူး။ သံယာတွေ ဆွမ်း၊ ဆွမ်းဟင်း ပြည့်ပြည့်စုံစုံဘုဉ်းပေးရအောင် ဆွမ်းခံထွက်တယ်။ ဒါ ဒါနကုသိုလ်ပေါ့၊ ဆွမ်းခံကြွရင်း ဆွမ်းအလှူရှင်များကို အနီးကပ် မေတ္တာပို့တယ်။ ဒါက ဘာဝနာကုသိုလ်ပေါ့။ စာချတာ၊ ဘုရားရှိခိုးတာ၊ တရားရှုမှတ်တာ ဒါတွေဟာ အချိန်ထဲက ကုသိုလ်တွေ ထုတ်နေတာပေါ့”

“နောက် မင်းတို့တစ်တွေ အုန်းတောမှာနေတုန်းက တုံကင်မနှိပ် ရဘဲနဲ့ ချမ်းချမ်းသာသာရေချိုးရအောင် မနက်တစ်ကန်၊ ညနေတစ်ကန် ငါကိုယ်တိုင် ရေနှိပ်ပြီးတော့ လှူခဲ့တယ်။ တစ်ရက် နှစ်ရက် တစ်လ နှစ်လ မဟုတ်ဘူး၊ သုံးနှစ်နီးပါးကြာတယ်။”

(မှတ်ချက်) ကျောင်း၌ ရေစက်ရှိသော်လည်း မိတာခနှင့် စက်ဆီ အကုန်အကျများမှာစိုးသောကြောင့် ကျောင်းထိုင်ဆရာတော်သည် ရေစက် မောင်းမပေးဘဲ စာသင်သားများအတွက် တုံကင်သာတပ်ပေးထားသည်။ တစ်ကန်လျှင် ဆယ်ပီပါခန့် ဆန့်ပါသည်။

အဲဒီတော့ ငါ့ဘဝအတွက် ရသမျှအချိန်တွေကို ကုသိုလ်နဲ့ ပညာ တစ်ခုခုရဖို့အတွက် အမြဲတမ်းအသုံးချခဲ့တယ်။ ဒါ့ကြောင့်လည်း ဗေဒင်က သေမယ်လို့ဟောခဲ့ပေမယ့် မသေဘဲ စာချဘုန်းကြီးဘဝကနေ ကျောင်းထိုင် ဘုန်းကြီးဖြစ်လာခဲ့တာပေါ့။ ဗေဒင်အဟောမှားရခြင်းရဲ့ အကြောင်းနှစ်ခု ရှိတယ်။ ပထမတစ်ခုက ဗေဒင်ဆရာကိုယ်တိုင် အတွက်အချက်မှားလို့ အဟောပါ မှားသွားရတာ။

ဒုတိယအချက်ကတော့ အဟောခံရသူက ဘဝတန်ဖိုးနဲ့ ဘာသာ တန်ဖိုးကို သိသူဖြစ်တဲ့အတွက် ရသမျှအချိန်ထဲကနေ ကုသိုလ်၊ ပညာ၊ ဥစ္စာတွေ တရစပ်ရအောင် ထုတ်ယူနေမယ်ဆိုရင်လည်း အဟောမှား သွားနိုင်တာပါပဲ။ အခု ငါ့ကို ဗေဒင်အဟောမှားသွားတာကတော့ ဒုတိယ အချက်ကြောင့်ပဲ”

“ဒီအချိန်မှာ ဘယ်ဗေဒင်ဆရာလာတွက်တွက် ခန္ဓာပျက်ကိန်းချည်း ထွက်မှာပဲ။ ငါကလည်း သာမန်ကာလျှံကာ အိပ်လိုက်စားလိုက်သာနေမယ် ဆိုရင် သူဟောတဲ့အတိုင်း သေမှာမလွဲပါပဲ။ ဒါပေမယ့် ငါက ဘုရားပေးတဲ့ ယကြာလို့ခေါ်ရမယ့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားတွေ ဆက်တိုက် ဖြည့်ဆည်းပေးနေတော့ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုတဲ့ စကားအတိုင်း ရေဆိုတဲ့ ကုသိုလ်အားကကောင်းတော့ မီးဆိုတဲ့ သေမယ့်အကုသိုလ်က နောက်ဆုတ်သွားရတာပေါ့

www.dhammaransi.com

"ဒါ့ကြောင့် မယာဒေဝမှာ-
အခံပုညာ၊ ရှိကြသူမှာ၊ ဇာတမူလ၊
ဇနမဌာ၊ ပါပဂြဟာ၊ စီးနင်းကြလည်း၊
ကိုယ်မှတစ်ပါး၊ ခြွေရံများနှင့်၊ ကွဲခွာသွားမျှသာ၊
ပျက်စီးရာ၏၊ ကိုယ်မှာချမ်းမြေ့၊ ဘေးမတွေ့ဘူး"လို့ စပ်ဆိုခဲ့တာပေါ့။ အခုဖြစ်တာလဲ လင်္ကာထဲကအတိုင်း ကွက်တိပါပဲ။ ငါ့မှာက ကုသိုလ်အခံရှိနေတော့ ဘာဘေးမှ မတွေ့ဘူး။ ဒါပေမယ့် တပည့်စာသင်သားအချို့တော့ ငါမရှိတော့ ဟိုပြောင်းဒီပြောင်း ဒုက္ခအနည်းငယ်တော့ရောက်ကြရတာပေါ့။

## ဗေဒင်မှန်အောင်ဟောချင်ရင်

" ဗေဒင်ဆရာတွေ ဗေဒင်မှန်အောင် ဟောနည်းကို ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီးက ပေးခဲ့ဖူးတယ်။ ဆရာတော်ကြီးသက်တော် (၉၅)နှစ် ကျော်လာတဲ့အခါ ဗေဒင်ဆရာ အကျော်အမော်တွေက ဆရာတော်ကြီး သက်တော်ဘယ်လောက်ထိ နေရမယ်ဆိုတာ တွက်ချက်ကြည့်ကြတယ်"

"ညောင်ကန်နည်းအရ (၉၇)နှစ် ၅လ၊ ၂၅ ရက်၊ ၉ နာရီ အသက်ရှည်မယ်လို့တွက်တယ်။ ငွေးချိုနည်းအရ (၉၇)နှစ် ၇ လ၊ ၁၃ ရက်၊ ၈ နာရီ အသက်ရှည်မယ်လို့တွက်တယ်။ ဆရာတော်ကြီး အသက်တစ်ရာကျော်လာတော့ အဲဒီနှစ်နည်းလုံး မှားသွားတာပေါ့"

"ဒါပေမယ့် အပရေဝါဒနည်းအရ ၁၀၅ နှစ်၊ ၅ လ၊ ၂၅ ရက်၊ ၉ နာရီလို့ တွက်ထားတာရှိသေးတော့ နောက်တစ်နည်းတော့ မှန်နိုင်သေးတယ်ဆိုပြီး ရင်တစ်ထိတ်ထိတ်နဲ့ စောင့်ကြည့်ကြပြန်တယ်။ ဟော ဆရာတော်ကြီးက (၁၀၂)နှစ်နဲ့ ပျံတော်မူသွားတော့ သုံးနည်းလုံး မှားသွားတော့တာပေါ့"

ပျံတော်မမူမီမှာ ဗေဒင်ဆရာတွေအတွက် ဆရာတော်ကြီးပြောခဲ့တဲ့ စကားလေးက-

"သူတို့က ငယ်ငယ်တုန်းကဇာတာကိုပဲကြည့်ပြီး ဟောနေကြတာကိုး၊ တို့က ငယ်ငယ်တုန်းကလိုမှ မဟုတ်ဘဲနဲ့၊ အလုပ်ကိုကြည့်ပြီးဟောမှ မှန်တော့မပေါ့... တဲ့"

www.dhammaransi.com

"တကယ်တော့ လူတစ်ယောက်ကို ကောင်းကျိုးဆိုးကျိုးဖြစ်အောင် ဂဏန်းတွေ၊ ဂြိုဟ်တွေ၊ နက္ခတ်တာရာတွေ၊ အတိတ်နိမိတ်တွေက ဖန်တီး မပေးနိုင်ပါဘူး။ လူသားကိုယ်တိုင်ပြုခဲ့တဲ့ ကုသိုလ်ကံက ကောင်းကျိုးကို ဖန်တီးပေးပြီး အကုသိုလ်ကံက မကောင်းကျိုးကို ဖန်တီးပေးတာပါ"

"ကောင်းတဲ့ဂြိုဟ်ထဲဝင်ချင်ရင်၊ ကောင်းတဲ့နက္ခတ်နဲ့ယှဉ်ချင်ရင်၊ ကောင်းတဲ့အတိတ်နိမိတ်ကိုတွေ့ချင်ရင် ကောင်းတဲ့ အပြစ်ကင်းတဲ့အလုပ်ကို လုပ်ပါ။ မကောင်းတဲ့ဂြိုဟ်ထဲဝင်ချင်ရင်၊ မကောင်းတဲ့နက္ခတ်နဲ့ယှဉ်ချင်ရင်၊ မကောင်းတဲ့အတိတ်နိမိတ်ကို တွေ့ချင်ရင် မကောင်းတဲ့ အပြစ်ရှိတဲ့အလုပ်ကို လုပ်ပါ။

ပြောချင်တာကတော့-

"ဟိန္ဒူဗြဟ္မဏဝါဒအရ ဂြိုဟ်တွေ၊ နက္ခတ်တွေက လူတစ်ယောက်ကို ကောင်းအောင်ဆိုးအောင်လုပ်နိုင်တယ်လို့ယူဆတယ်။ မှားတယ်လို့ ပြောလို့မရဘူး။ တကယ်တော်တဲ့ဗေဒင်ဆရာတွေ တွက်ချက်ဟောလိုက်ရင် ဆယ်ယောက်မှာ ကိုးယောက်လောက်ကမှန်နေတာ လက်တွေ့ပဲ"

"ဘာကြောင့်မှန်ရသလဲဆိုတာကို ဗုဒ္ဓဝါဒအရ ဆန်းစစ်ကြည့်လိုက်ရင် လူတစ်ယောက်ဟာ ကောင်းတဲ့အလုပ်တွေ များများလုပ်လာပြီဆိုရင် ဂြိုဟ်တွေနက္ခတ်တွေကိုက ကောင်းတဲ့ထဲဝင် ကောင်းတာတွေနဲ့ယှဉ်ပြီးနေတာဆိုတော့ ဗေဒင်ဆရာက ကောင်းကျိုးပေးမယ်လို့ ဟောလိုက်တော့ ဘယ်လွဲတော့မလဲ။ တစ်ခါ လူတစ်ယောက်ဟာ မကောင်းတာတွေ များများ လုပ်လာပြီဆိုရင် ဂြိုဟ်တွေ နက္ခတ်တွေကိုက မကောင်းတဲ့ထဲဝင် မကောင်းတာတွေနဲ့ ယှဉ်ကုန်တာဆိုတော့ ဗေဒင်ဆရာက မကောင်းကျိုးပေးမယ်လို့ ဟောလိုက်တော့ ဘယ်လွဲတော့မလဲ"

"အဲဒီသဘောကို သေချာမစဉ်းစားပဲ ဒီဂြိုဟ်ထဲဝင်နေလို့၊ ဒီနက္ခတ်နဲ့ယှဉ်နေလို့၊ ဒီလိုကောင်းကျိုးဆိုးကျိုးကိုခံစားရတာလို့ ယူဆလိုက်ရင် ဗုဒ္ဓဝါဒရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးခံစားရမယ်ဆိုတဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိအယူကြီး ပျက်စီးသွားပြီပေါ့"

"ကမ္မဿကတာ သမ္မာဒိဋ္ဌိအယူကြီး ပျက်စီးသွားပြီဆိုရင်တော့ အဲဒီပုဂ္ဂိုလ်မျိုးကို သက်န်းဝတ်ထားတောင် ဗုဒ္ဓဘာသာလို့မဆိုသင့်တော့ဘူး။ နိဂုံးချုပ်ပြောချင်တာကတော့ ကံဆိုတာ ကောင်းအောင်လုပ်လို့ရတယ်။ ဒါန၊ သီလ၊ ဘာဝနာပြုလုပ်တာဟာ ကံကောင်းအောင်လုပ်နေတာပါပဲ"

www.dhammaransi.com

“အချိန်မှန်သမျှထဲက ကုသိုလ်ထုတ်ယူနည်းတစ်ခုကို ပေးမယ်။ ဘာဝနာလို့ဆိုလိုက်ရင် လူအတော်များများဟာ နောက်တွန့်သွားတတ်ကြတယ်။ တောထဲ တောင်ထဲသွားမှ၊ ကျောင်းကန်ဘုရားကိုသွားမှ ဘာဝနာပွားလို့ရတယ်လို့ ထင်နေတတ်ကြတယ်။ အဲဒီအထင်ဟာ မမှန်ပါဘူး”

“တကယ်တော့ ဘာဝနာတရားဆိုတာ စီးပွားရေး အလုပ်ကိစ္စ မပျက်ဘဲနဲ့တောင် ပွားလို့ရတဲ့တရားပါ။ ဥပမာ- အလုပ်ကိစ္စတစ်ခုနဲ့ ကားစီးသွားတယ်ဆိုပါစို့၊ ရည်မှန်းတဲ့နေရာ မရောက်သေးမချင်း အချိန်ဟာ ဘဝတန်ဖိုးသိသူအတွက် ဘာဝနာပွားဖို့အချိန်ပါပဲ”

“ရသမျှအချိန်လေးမှာ စိတ်ထဲကနေပြီး လူ့,နတ်,ဗြဟ္မာ သတ္တဝါအားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာကြပါစေလို့ ရွတ်ဆိုလိုက်တာနဲ့ မေတ္တာဘာဝနာ ပွားပြီးသားဖြစ်သွားတာပဲ။ အရဟံ = လူ့,နတ်,ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေ၏လို့ ရွတ်ဆိုလိုက်တာနဲ့ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများပြီးသား ဖြစ်သွားတာပဲ”

ငါ့အား သေရခြင်းသဘောသည် အမြဲရှိ၏။ ငါ့အား အသက်ရှင်၍နေရခြင်းသဘောသည် အမြဲမရှိလို့ ရွတ်ဆိုလိုက်တာနဲ့ မရဏာနုဿတိဘာဝနာပွားများပြီးသားဖြစ်သွားတာပဲ။ ကားကလှုပ်ကြပ်လို့ စိမ့်ထွက်လာတဲ့ ချွေးတွေကိုကြည့်ရင်း ငါ့ခန္ဓာကား စက်ဆုပ်ရွံရှာဖွယ် အညစ်အကြေးများနှင့် ပြည့်နှက်နေသည့်အတွက် မတင့်တယ်ပါတကားလို့ ဆင်ခြင်လိုက်တာနဲ့ အသုဘဘာဝနာ ပွားများပြီးသား ဖြစ်သွားတာပဲ”

“ဒါတွေက သမထ,ဘာဝနာတွေပေါ့ ဆရာကောင်းနဲ့ နာကြားတတ်မြောက်ထားပြီးဖြစ်လို့ လူနဲ့ ထိုင်ခုံနဲ့ ထိလိုက်တာနဲ့ ကာယပသာဒရုပ်နဲ့ ဖောဋ္ဌဗ္ဗာရုံတို့တွေ့ထိခြင်းကို အကြောင်းပြုပြီး တရစပ်ဖြစ်ပျက်သွားတဲ့ ပရမတ်ခန္ဓာငါးပါးကို ဉာဏ်နဲ့သိပြီး ခန္ဓာငါးပါး အနိစ္စလို့ ရှုပွားလိုက်တာနဲ့ ဝိပဿနာပွားများပြီးသား ဖြစ်သွားတာပဲ”

## အမှိုက်ကို ရွှေဖြစ်အောင်လုပ်နည်း

ပုထုဇဉ်စိတ်ဟာ ကုသိုလ်နဲ့အကုသိုလ် တစ်လှည့်စီဖြစ်နေတာပဲ ကုသိုလ်စိတ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်စိတ်ဖြစ်နေမှာပဲ။ ဒီတော့ ဘာဝနာပွားတယ်ဆိုတာ အလကားနေရင်း အကုသိုလ်စိတ်ဖြစ်မယ့်နေရာမှာ ကုသိုလ်စိတ်ဖြစ်အောင် လုပ်လိုက်တာပဲ။ တစ်နည်း အမှိုက်ကို ရွှေဖြစ်အောင် လုပ်လိုက်တာပဲ”

www.dhammaransi.com

"ဒါနကုသိုလ်ထက် သီလကုသိုလ်ကသာတယ်၊ သီလကုသိုလ်ထက် ဘာဝနာကုသိုလ်ကသာတယ်။ လွှတ်သာထားမယ်ဆိုရင် အကုသိုလ် အဖြစ် အများဆုံးနေရာဟာ စိတ်ဖြစ်သလို ဘာဝနာသာပွားလိုက်မယ်ဆိုရင် ကုသိုလ် အဖြစ်ဆုံးနေရာဟာလဲ စိတ်ပါပဲ။ အမိုးမရှိတဲ့အိမ်ဟာ မိုးရေကြောင့် ခဏနဲ့ ပျက်စီးရသလို ဘာဝနာမရှိတဲ့ စိတ်ပိုင်ရှင်ဟာလဲ လောဘ၊ ဒေါသ၊ မာန အစရှိတဲ့ ကိလေသာမိုးတွေယိုပြီး ပျက်စီးတတ်ပါတယ်။ ဒါ့ကြောင့် ဒါန၊ သီလ၊ ဘာဝနာ၊ သုံးမျိုးလုံး ကြိုးစားရင်းဖြင့် ဘုရားပေးတဲ့ယတြာတွေ များများချေနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်"

ပညာရှိမြတ်၊ ဗောဓိသတ်တို့၊
နက္ခတ်ယှဉ်ရာ၊ အခါဖင့်နှေး၊
နေ့မရွေးဘူး၊ အရေးလက်ရောက်၊
မျက်မှောက်ကျိုးထင်၊ ရခြင်းပင်သာ၊
ဤလျှင်သင့်မြတ်၊ ကောင်းနက္ခတ်တည်း။

(မဃဒေဝ)

(မှတ်ချက်) ဤအဖြစ်အပျက်ကို မျက်ရည်မကျခင် သိစေချင် စာအုပ်၊ သာသနာနှင့်နက္ခတ်ဗေဒင်အခန်းတွင် သေမှာမကြောက်သော စာချ ဘုန်းကြီးတစ်ပါးအနေနှင့် ရေးသားခဲ့ဖူးပါသည်။

www.dhammaransi.com

## အခန်း ( ၁၀ )
## သေခြင်းမရှိသောမြို့

ကျွန်ုပ်ဇာတိမြို့ဖြစ်သော အမရပူရသည် ပါဠိဘာသာဖြစ်သည်။ မြန်မာပြန်လျှင် သေခြင်းမရှိသောမြို့ဟု အဓိပ္ပာယ်ရသည်။ ဘိုးတော်မင်းတရားလက်ထက်က ဤမြို့သူမြို့သားမှန်သမျှတို့သည် သီလကို အထူးတလည်စောင့်ကြသည်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲကြသလို ဝါတွင်းဝါပ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလကိုလည်း လုံခြုံအောင်စောင့်ထိန်းကြသည်။

မြန်မာဘုရင်များ အုပ်စိုးစဉ်ကာလက သေရည်သေရက်အရောင်းဆိုင်နှင့် သားသတ်ရုံများမရှိပေ။ အရက်သောက်သူများသည် ဆိုးသွမ်းတေပေပြီး လူ့လောကမှကြဉ်ထားသော သူများသာဖြစ်သည်။ ထို့ကြောင့်ပင် သေရည်ကို အနည်းငယ်သောက်လျှင် ဝမ်းမီးကောင်းကာ အစာကြေညက်သည်ဟုရေးမိသောကြောင့် ယောအတွင်းဝန် ဦးဖိုးလှိုင်ကို မင်းတုန်းမင်းကြီးက ဝန်ရာထူးမှ ချထားဖူးပါသည်။

ယခုအချိန် ရပ်တိုင်းရွာတိုင်းတွင် ပေါများလျှက်ရှိသော သေရည်သေရက်ဆိုင်နှင့် သားသတ်ရုံများသည် အင်္ဂလိပ်ကပေးခဲ့သော ဆိုးမွေများသာဖြစ်သည်။ အင်္ဂလိပ်ကျွန်သာ မဖြစ်ခဲ့ရလျှင် ကမ္ဘာတွင် မြန်မာမှာ အကျင့်စာရိတ္တ အမြင့်မားဆုံးအဆင့်၌ တည်နေပေလိမ့်မည်။ ထေရဂါထာပါဠိတော်၌ သီလသည် မိခင်နှင့်တူကြောင်း ဟောကြားတော်မူထားသည်။

မိခင်သည် သားသမီးကို အနီးကပ်စောင့်ရှောက်ရသူဖြစ်သည်။ မိခင်ယည် တစ်စုံတစ်ခုသောအကြောင်းကြောင့် သေဆုံးသွားခဲ့မည်ဆိုပါက မွေးစကာလေးတစ်ယောက်အနေနှင့် ကျန်းမာချမ်းသာဖို့ အသက်ရှင်ဖို့ ဆိုသည်မှာ မလွယ်ကူတော့ပါချေ။ ချချာဖို့ အသက်တိုဖို့သာ သေချာပါတော့၏။

www.dhammaransi.com

ထို့အတူ တခြားလောကီကုသိုလ်တွေ မည်မျှပင်ရှိပါသော်လည်း သီလကုသိုလ် မရှိခဲ့လျှင် ထိုလူသားသည် သီလ၏အစောင့်အရှောက်ကို ဘယ်လိုမှ မရနိုင်တော့ပေ။ ချမ်းသာသောမိဘဝမ်းထဲရောက်ပြီးမှ ငယ်ငယ် ရွယ်ရွယ်နှင့်သေဆုံးကြရသော ကလေးသူငယ်များကို တွေ့ဖူးပါလိမ့်မည်။ ဗုဒ္ဓဒေသနာနှင့်ဆန်းစစ်ကြည့်လျှင် ထိုကလေးသူငယ်သည် လှူဒါန်းခြင်း ဒါနရှိခဲ့သည်။

ထို့ကြောင့် ချမ်းသာသော မိဘဝမ်းထဲ ရောက်ခဲ့သည်။ သို့သော် သူ့တွင် စောင့်ထိန်းခြင်းသီလတရား မရှိခဲ့။ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ် နှင့် သေဆုံးခဲ့ရသည်။ ထိုအချက်ကိုကြည့်၍ မိမိပြုခဲ့သော ဒါနကုသိုလ် ၏အကျိုးကို သက်တမ်းပြည့်၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် ခံစားဖို့ဆိုလျှင် သီလစောင့်ထိန်းဖို့ မည်မျှထိအရေးကြီးကြောင်း သတိထား မိလာပါလိမ့်မည်။

နောက်တစ်ချက် လေ့လာပါဦး၊ လူ့လောကတွင် ဆုတ်ကပ်၊ တက် ကပ် ဟူ၍ နှစ်ခုရှိရာ ယခုအချိန်ကို ဆုတ်ကပ်အချိန်ဟု ခေါ်ပါသည်။ အသင်္ချေယျတန်းမှစ၍ ဆုတ်လာခဲ့ရာ ယခုအချိန်ဆိုလျှင် (၇၀)တန်း သို့ပင် ရောက်ခဲ့ပါပြီ။ ထို့နောက် (၆၀)တန်းမှ (၁၀)နှစ်တန်းထိ ဆုတ်မည် ဖြစ်သည်။ ဆယ်နှစ်တန်းထိ အချိန်သည်ကား လူသားတို့သန္တာန်၌ သီလ တရား လုံးလုံးကင်းသောအချိန်ပါတည်း။ ထို့ကြောင့် ဆယ်နှစ်တန်းအချိန် ရောက်လျှင် လူသားများ တစ်ယောက်နှင့်တစ်ယောက် တွေ့ကြလျှင် သတ်ချင်ဖြတ်ချင်စိတ်သာ အပြည့်ရှိနေကြသည်။

ထို့ကြောင့်လည်း လူလူချင်းတွေ့သည်နှင့် တွေ့ရာမြက်သစ်ခြောက် တို့ကို ကောက်ကိုင်သည်။ အံ့ဩစရာကောင်းသည်ကား လူသားလက်ထဲ ရောက်သွားသည်နှင့် ထိုမြက်သစ်ခြောက်များသည် ဓားလှံလက်နက်များ ဖြစ်သွားခြင်းပါတည်း။ အဘယ့်ကြောင့် ထိုသို့ဖြစ်ရသနည်းဟုဆိုလျှင် လူသားတို့သန္တာန်တွင် ပြင်းထန်စွာဖြစ်ပေါ်နေသော ဒေါသအကုသိုလ် အရှိန်ကြောင့်ပင်ဖြစ်ပါ၏။

ထိုအသွင်ပြောင်းလက်နက်တို့ဖြင့် လူသားအချင်းချင်း ခုတ်ထစ် သတ်ဖြတ်ကြရာ လူမိုက်မှန်သမျှ ထိုအခါကျမှ ကုန်လေတော့သည်။ ထိုအခါ တောတွင်းပုန်းအောင်း၍နေကြကုန်သော သူတော်ကောင်းများ ထွက်လာကြပြီး အတုံးအရုံးသေနေကြသောလူမိုက်များကိုကြည့်လျက် သံဝေဂရကာ သီလကိုပိုစောင့်၍ ဗြဟ္မစိရ်တရားကို ပို၍ပွားများကြရာ

www.dhammaransi.com

ဆယ်နှစ်တန်းရှိ မိဘမှမွေးသော ကလေးများသည် အနှစ် ၂၀ အသက်ရှည်ကြသည်။

အနှစ်နှစ်ဆယ်အသက်ရှည်သောမိဘများမှ မွေးသောကလေးများသည် အသက်လေးဆယ်အသက်ရှည်လာကြသည်။ ဤသို့ခေါက်ချိုးတက်အသက်ရှည်လာရင်းဖြင့် တစ်ထောင်တန်း၊ ထိုမှ တစ်သောင်းတန်း၊ ထိုမှ တစ်သိန်းတန်းအရောက်တွင် အရိမေတ္တယျဘုရား ပွင့်တော်မူလာမည်ဖြစ်သည်။ ထိုမှ တစ်သန်းတန်း၊ တစ်ကုဋေတန်း၊ ထိုမှ မရေမတွက်နိုင်သော အသင်္ချေယျတန်းထိ အသက်ရှည်လာကြပေမည်။

ဤနေရာ၌ အဓိကသိစေချင်သည်မှာ လူသားတို့သန္တာန်တွင် သီလတရားမရှိလျှင် ဆုတ်ကပ်ဖြစ်ပေါ်လာပြီး လူသားတို့သန္တာန်တွင် သီလရှိလျှင် တက်ကပ်ဖြစ်ပေါ်လာသည်ဟူ၍ သိစေလိုခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့်ပင် ယခုလို (၇၀)တန်း ဆုတ်ကပ်ခေတ်ထဲတွင် တစ်ရာ ကျော်နေရသော ပုဂ္ဂိုလ်အများအပြားကို တွေ့နေရခြင်းဖြစ်ပေသည်။

တခြားတိုင်းပြည်၊ တခြားမြို့များကို အသာထား၍ ကျွန်ုပ်နေထိုင်ရာ ရွှေပြည်သာမြို့နယ်၊ ၅/၄-ရပ်ကွက်၊ အင်ကြင်းပန်းခြံမှ ဦးပဥ္စင်းကြီးတစ်ပါးကို တွေ့ခဲ့ရဖူးသည်။ ၂၀၀၁ ခုနှစ်ခန့်က သိက္ခာထပ်အလှူပွဲတစ်ခုတွင် ၎င်းဦးပဥ္စင်းကြီးကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ သူသည် အသက် (၉၀)ကျော်မှ ရဟန်းဘောင်သို့ တက်ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်နှင့်တွေ့သောအချိန်က (၁၄)ဝါ ရှိနေပြီဟုဆိုရာ သူ့အသက်သည် (၁၀၄)နှစ်ပင်ရှိနေပေပြီ။

သို့သော် ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်အရွယ်လောက်သာထင်ရပြီး ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်နေပါသည်။ ယခုအချိန်တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်စေတီအနီးရှိ အောင်ဗောဓိရိပ်ငြိမ် ကမ္မဋ္ဌာန်းကျောင်း၌ သီတင်းသုံးလျက်ရှိသည်။ လူအမည် ဦးစိန်မောင်၊ ရဟန်းဘွဲ့ ဦးသောဘိတ အမည်ရှိသည်။

ဦးစိန်မောင်ဘ၀က ဇနီးဖြစ်ခဲ့သော ဒေါ်သန်းကြည်မှာလည်း ယခုအခါ အသက် (၁၀၂)နှစ် ရှိပေပြီ။ သူတို့၏သမီး ဒေါ်လှလှဝင်းမှာ ရွှေပြည်သာမြို့၊ အ. ထ. က (၁) မှ အထက်တန်းပြ ဆရာမတစ်ဦး ဖြစ်သည်။

ကျန်းမာရေးလည်း အထူးကောင်းမွန်ကြသည်။ အသက်တစ်ရာကျော်မှသာ သေကြသောကြောင့် အသုဘချသော အခမ်းအနားမှာ အင်မတန်

www.dhammaransi.com

မှမြင်ရခဲ့သော မြင်ကွင်းတစ်ခု ဖြစ်နေပေသည်။ ထိုသို့ အသက်ရှည်သည်ကို တင်စားဂုဏ်ပြုသောအားဖြင့် အမရပူရ = သေခြင်းမရှိ သောမြို့ဟု အမည်ပေးခဲ့ခြင်းဖြစ်ပေသည်။ ယခုခေတ်အချိန်တွင်ကား အသက် (၇၀)ခန့် နေရလျှင်ပင် အင်မတန်သီလကောင်းသောသူဟု ဆိုရမလိုဖြစ်နေပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်၊ အတိအကျအားဖြင့်ဆိုရလျှင် ၁၃၃၃ ခုနှစ်ခန့်ကပင် ဖြစ်ပါ၏။ ထိုစဉ်က ကျွန်ုပ်အသက် (၇)နှစ်ခန့်သာ ရှိပါသေးသည်။ အမရပူရမြို့၊ နန်းတော်ရာစံပြကွက်သစ်၊ ကျွန်ုပ်ဦးလေးဖြစ်သူ ဦးချစ်ဝင်း၏နေအိမ် အောက်ထပ်အခန်းတစ်ခန်းတွင် ကျွန်ုပ်၏အဖိုးဖြစ်သူ ဦးတရုတ်သည် ပက်လက်အနေအထားဖြင့် သေခြင်းတရားကို ရဲရဲဝံ့ဝံ့ဖြင့် ငံ့လင့်ကြိုဆိုလျက်ရှိသည်။

ဝိပဿနာလုပ်တယ်ဆိုတာ ကိုယ့်အသေ ကိုယ်ကြည့်တာ ဟူသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်အတိုင်း နေ့စဉ် ကိုယ့်အသေကိုယ်ကြည့်ထားသည့် အဖိုးအတွက် သေခြင်းတရားသည် တစ်စိမ်းမဟုတ်တော့။ သေခြင်းတရားသည် သူတော်ကောင်းတို့အတွက် မိတ်ဆွေဟူသော စကားသည်လည်း အဖိုးအတွက် အတိအကျ မှန်ကန်နေလေပြီ။

သားသမီး မြေးမြစ်များအားလုံးက ညှိုးငယ်သောမျက်နှာများဖြင့် အဖိုးကို စိုက်ကြည့်နေရုံမှတစ်ပါး ဘာမှမတတ်နိုင်ကြ။ အဖိုးနှင့် အနီးကပ်ဆုံးနေရာတွင် ရှိနေသည်က မိခင်နှင့် ကျွန်ုပ်။ မိခင်က အဖိုး၏ရင်ဘတ်ကို သေချာစိုက်ကြည့်ရင်းဖြင့် မျက်ရည်များ တွေတွေကျလာသည်။ အသက်တစ်ချက်ရှူနိုင်ဖို့အတွက် မချိမဆန့် ကြိုးစားအားထုတ်နေရသော အဖြစ်ကို ရိပ်စားမိသွားသော မိခင်သည် ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ ရှိုက်သံအနည်းငယ် ထွက်သွားသည်။

တရားသတိ အမြဲရှိနေသောအဖိုးက မျက်လုံးကို အသာအယာဖွင့်ကြည့်လိုက်ကာ-

"ဪ... သမီးငိုနေတယ်ထင်တယ်"

"ဟုတ်ပါတယ်အဖေ"

"ဘာဖြစ်လို့ငိုနေတာလဲ သမီးရဲ့"

"အဖေ အခုလိုခံစားနေရတာကို မကြည့်ရက်လို့ပါ၊ ပြီးတော့ နောက်ဆိုရင် အဖေ့ဆီက အဆုံးအမတရားတွေ မရတော့ဘူးဆိုတာကို တွေးမိလို့ပါ"

www.dhammaransi.com

"သမီးရယ်၊ ခံစားတယ်ဆိုတာ အဖေကခံစားတာမဟုတ်ပါဘူး။ ခံစားတတ်တဲ့သဘော (ဝေဒနာက္ခန္ဓာ)က ခံစားတာပါ။ ဦးတရုတ်လို့ခေါ်တဲ့ ငါ့အဖေက ခံစားနေတယ်လို့ မရှိတဲ့ပညတ်ပေါ်တင်သွားလို့ သမီး သတိလွတ်သွားတာပါ။ တရားသတိ လွတ်သွားတာနဲ့ သမီးမျက်ရည်ကျရတာ မဟုတ်လား။ တရားသတိရှိနေတဲ့ အဖေ့မှာတော့ ခန္ဓာမှာဖြစ်ပေါ်လာသမျှ ဝေဒနာတွေဟာ အနိစ္စလို့ ရှုပွားစရာတွေပဲဖြစ်နေတော့ ကျန်းမာနေစဉ်က ရှုတုန်းကနဲ့ အများကြီးမထူးလှပါဘူး"

"ပြီးတော့ အဖေမရှိတော့ပေမယ့် အဖေဆုံးမခဲ့တဲ့ တရားတွေကို သမီးအမြဲတမ်း လိုက်နာနေမယ်ဆိုရင် အဖေရှိသလိုပါပဲ။ ဒါ့ကြောင့် အဖေ့ကိုသတိရတာနဲ့ တရားသာရှုမှတ်ပါသမီး၊ နောက်ဆုံး အဖေ့ကို သတိရတဲ့စိတ်လေးကစပြီး ဖြစ်ပြီးတာနဲ့ပျက်သွားတဲ့ အနိစ္စသဘောကို ရှုဖြစ်အောင်ရှုပါသမီး၊ ကဲ... အဖေ့မှာ အချိန်မရှိတော့ဘူး၊ ဆက်ရှုမှတ်ရဦးမယ်၊ သမီးလည်း ရှုမှတ်နေပါ"

ထိုသို့မှာအပြီး ခဏအကြာမှာပင် အဖိုးဖြစ်သူ ဆုံးသွားပါတော့သည်။ အဖိုးကား သေခါနီးနောက်ဆုံးအချိန်ထိ သမီးဖြစ်သူကို တရားပြသွားသူပါတည်း။ သေခြင်းမရှိသော အမရပူရမြို့မှာ နေသော်လည်း အဖိုးကား (၇၇)နှစ်အရွယ်မှာပင် သေဆုံးခဲ့ရလေပြီ။ ထူးခြားချက်ကား အဖိုးသည် အသက် (၇၇)နှစ်အရွယ်ရောက်သည်အထိ သွားတစ်ချောင်းမှ မကျိုးခြင်းပါတည်း။

ကျွန်ုပ်၏မယ်တော်ကြီးလည်း ယခု အသက် (၇၀)အရွယ်သို့ ရောက်လာသော်လည်း သွားတစ်ချောင်းမှ မကျိုးသေးပါ။ အဖိုးနှင့် မယ်တော်တို့ သွားမကျိုးခြင်း၏အကြောင်းများကို ရှာကြည့်လိုက်သောအခါ-

## သွားမကျိုးခြင်းအကြောင်းရင်း

မာလွန်းသောအစားအစာများကို ရှောင်ကြဉ်ခြင်း၊ နေ့ရော ညပါ သွားကိုစင်ကြယ်အောင်ထားခြင်း၊ အချိုကိုတတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း တို့ပင် ဖြစ်ပါသည်။ သွားကိုစင်ကြယ်အောင်ထားရာ၌ အစာစားပြီးတိုင်း ရေဖြင့် သေချာပလုပ်ကျင်းဆေးကြောသည်ကိုတွေ့ရပြီး သွားတိုက်သောအခါတွင်ကား မီးဖိုချောင်သုံး ဆားနှင့် မီးဖိုမှပြာကို အလျဉ်းသင့်သလို သုံးစွဲသည်ကို တွေ့ရပါသည်။

www.dhammaransi.com

ဤကား ကျွန်ုပ်ဘဝတွင် သေခြင်းတရားကို ပထမဆုံးတွေ့ခြင်းပါတည်း။ ဒုတိယအကြိမ် တွေ့ရခြင်းသည် ပိုပြီးစိတ်ဝင်စားစရာကောင်းနေသည်ကို တွေ့ရသည်။ ကျွန်ုပ်အတွက်လည်း ဓမ္မသံဝေဂအနည်းငယ်ရသွားစေသော ထိုသေခြင်းတရားကို တွေ့ရချိန်တွင် ကျွန်ုပ်အသက်သည် (၁၅)နှစ်ခန့် ရှိနေပါပြီ။

တစ်နေ့တွင် ကျွန်ုပ် ဥပဇ္ဈာယ်ဆရာတော်နှင့် သက်တူရွယ်တူခန့်ပင်ရှိသော ဆရာတော်တစ်ပါး ညနေဘက်တွင်လမ်းလျှောက်ရင်း ကျွန်ုပ်တို့ကျောင်းသို့ ရောက်လာပါသည်။ မန္တလေးမြို့တွင် ဇီးဘန်နီကျောင်းတိုက်သုံးတိုက်ရှိသည်။ ကျွန်ုပ်နေသော ရန်ကုန်-မန္တလေး ကားလမ်းဘေးမှ မူလဇီးဘန်နီ ကျောင်းတိုက်၊ ရှမ်းစုဘူတာအနီးမှ ရှမ်းစုဇီးဘန်နီ ကျောင်းတိုက်၊ မျက်ပါးရပ်ကွက်အနီးမှ မျက်ပါးရပ်ဇီးဘန်နီ ကျောင်းတိုက်တို့ ဖြစ်ပေသည်။ ထိုလမ်းလျှောက်ကြွလာသော ဆရာတော်၏ဘွဲ့ကို ဦးဝိလာသဟူ၍ မှတ်မိနေပါသည်။ ရှမ်းစုဇီးဘန်နီ သို့မဟုတ် မိုးတားကျောင်းတိုက်တစ်ခုခုမှဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ထိုအချိန်က ဆရာတော်တို့၏အသက်မှာ (၄၀) (၄၅) အတွင်းသာ ရှိကြပါဦးမည်။

ကျွန်ုပ်ဥပဇ္ဈာယ်ဆရာတော်၏ဘွဲ့မှာ ဦးပညာသာမိဖြစ်သည်။ စကားစမည် ပြောကြရင်းမှ ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာတော်က-

"ဦးဝိလာသရေ၊ အရှင်ဘုရားတို့ တပည့်တော်တို့လည်း အသက်လေးဆယ်ကျော်လာပြီဆိုတော့ မငယ်ကြတော့ဘူးဘုရား၊ ဝိပဿနာတရား သေချာလုပ်ပြီး အသေပြင်ထားကြဖို့ အချိန်ရောက်လာပြီ" ဟု ပြောလိုက်ရာ ဆရာတော်က-

"ဦးပညာသာမိရာ အသက်လေးဆယ်ဆိုတာ ငယ်ငယ်လေးရှိပါသေးတယ်။ သေဖို့အဝေးကြီးပါ။ အနောက်တိုင်းမှာဆိုရင် အသက်လေးဆယ်မှ ဘဝစတယ်လို့ ဆိုတယ်မဟုတ်လား"ဟု ပြန်ပြောလိုက်ပါသည်။ အမှတ်တမဲ့ပြောလိုက်သော ထိုဆရာတော်၏စကားတစ်ခွန်းသည် ကျွန်ုပ်အတွက် တစ်သက်မမေ့နိုင်သော အမှတ်တရ ဖြစ်သွားစေခဲ့သည်။

တခြားစကားများပြောဆိုပြီးနောက် ထိုဆရာတော် ပြန်ကြွသွားပါသည်။ မှတ်မှတ်ရရ ထိုဆရာတော်ပြန်ကြွပြီး လေးရက်ပဲကြာပါသည်။ တစ်နေ့တွင် မြို့ထဲဘက်မှ ရွှေဝင်းနောက်ဝင်းခင်းပြီး ဆိုင်းဝိုင်းအပြည့်အစုံဖြင့် ဘုန်းကြီးပျံတစ်ခုချလာသဖြင့် ဥပဇ္ဈာယ်ဆရာတော်ရော ကျွန်ုပ်တို့ညီအစ်ကိုနှစ်ပါးပါ ကျောင်းရှေ့ထွက်၍ ကြည့်ကြပါသည်။

ရှေ့ဝင်းနောက်ဝင်းဟူသည် ပုဂံခေတ်၊ ရတနာပုံခေတ်တို့မှ ဘုရင်၊ မိဖုရား၊ မင်းညီမင်းသား၊ မှူးကြီးမတ်ရာ၊ သေနာပတိ အဝတ်အစား အပြည့်အစုံဝတ်ပြီး အခေါင်းတလားတင်သော ကရဝိတ်၏ရှေ့နောက်မှ တစ်ဖွဲ့စီလိုက်ပို့ကြခြင်းဖြစ်သည်။ မင်းကိုးကွယ်သောဘုန်းကြီးများ ပျံလွန်တော်မူလျှင် မင်း၊ မိဖုရားများကိုယ်တိုင်လိုက်ပို့သော ရှေးထုံးကို အတုယူ ပြုလုပ်ကြခြင်းဖြစ်သည်။

## အသက်လေးဆယ်မှ သေဖို့စတယ်

အခေါင်းတလားတင်သော ကရဝိက်ငှက်သဏ္ဌာန်ဆင်ထားသည့် ကားကြီး ကျောင်းရှေ့ရောက်လာသည်နှင့် ကျွန်ုပ်တို့ဘုန်းကြီးမှာ ဟာခနဲ ဖြစ်သွားပါတော့သည်။ ဖြစ်မည်ဆိုလည်း ဖြစ်လောက်ပါသည်။ ကြည့်ပါ။ မှန်ခေါင်းဘေးတွင်ထောင်ထားသော ဓာတ်ပုံကြီးအောက်မှ ရေးထားသော စာတမ်းက-

ဆရာတော် ဦးဝိလာသ
သက်တော် (၄၅) နှစ်
ဝါတော် (၂၅) ဝါ

ဦးပညာသာမိရာ အသက်လေးဆယ်ဆိုတာ ငယ်ငယ်လေးရှိပါသေးတယ်၊ သေဖို့ရာ အဝေးကြီးပါ၊ အနောက်တိုင်းမှာဆိုရင် အသက်လေးဆယ်မှ ဘဝစတယ်လို့ ဆိုတယ်မဟုတ်လား”ဟု ပြောခဲ့သော ဆရာတော်သည် လေးရက်အကြာမှာပင် ပျံတော်မူခဲ့ပြီ မဟုတ်ပါလား။ အသက်လေးဆယ်မှ ဘဝစသည်ဟု မဆိုသင့်ဘဲ အသက်လေးဆယ်မှ သေဖို့စတယ်ဟု ဆိုရမလိုဖြစ်နေပေပြီ။ ထို့ကြောင့်ပင် ထင်ပါ၏။ ဆရာဝန်တင်ရွှေက အသက်လေးဆယ်မှစ၍ ဖြစ်တတ်သောရောဂါများကို ကာကွယ်ကုသနည်းများ အကြောင်းကို “အသက်လေးဆယ်ကျော်လျှင်”ဟူသော အမည်ဖြင့် စာအုပ်ထုတ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

“ဒုတိယအကြိမ် တွေ့ကြုံလိုက်ရသော သေဘေးသည် ကျွန်ုပ်၏ နုနယ်သေးသော သံဝေဂစိတ်ကို လှုပ်နှိုးလိုက်သလိုရှိသည်။ သေခြင်းတရား ဒီလောက်မြန်မြန် ရောက်လာနိုင်တာသိရက်နဲ့ လူသားအများစုဟာ ဘာကြောင့် မေ့မေ့လျော့လျော့ နေနေကြတာလဲ။ သေခြင်းတရားဆိုတာ အသက်လေးဆယ်ကျော်မှစတာလား၊ ငါတို့လို ကိုရင်ငယ်ငယ်တွေမှာရော မသေနိုင်ဘူးလား။

www.dhammaransi.com

ကျွန်ုပ်စိတ်ထဲဖြစ်နေသောပုစ္ဆာအဖြေကို ရက်ပိုင်းအတွင်းမှာပင် ရရှိလိုက်သည်။ ဘေးကျောင်းတစ်ကျောင်းမှ (၁၂)နှစ်အရွယ်ခန့်ရှိ ကိုရင်လေးတစ်ပါးသည် ဖျားနာပြီးသေဆုံးသွားရာ သူတို့ကျောင်းရှေ့မှာပင် အလောင်းစင်ပြင်ထားသည်ကို တွေ့ရသည်။ ကျွန်ုပ်ထက် သုံးနှစ်ခန့်ငယ်သော ကိုရင်လေးတစ်ပါး၏အလောင်းကို မြင်လိုက်ရခြင်းသည် ၄၅-ရက် တရားပတ်ဝင်ပြီး တရားအားထုတ်ခြင်း၊ တရားနာကြားခြင်းတို့ထက်ပို၍ ကျွန်ုပ်ကို သတိသံဝေဂ ရစေပါသည်။

ထိုနေ့မှစ၍ ကျွန်ုပ်သည် ဘုရားကို ဆွမ်းတော်၊ ရေတော်ကပ်လှူခြင်း၊ ဘုရားဝတ်တက်ခြင်းအလုပ်များကို ဝတ်ကျေတန်းကျေ မဟုတ်တော့ဘဲ စိတ်ပါလက်ပါ ပြုလုပ်လာသည်။ သေခြင်းတရားက ပြလိုက်သော လက်တွေ့တရားကြောင့်ပင် ဖြစ်ပါ၏။ လက်တွေ့နှင့် စာတွေ့များကို ပေါင်းစပ်လိုက်သောအခါ "အသေမြတ်ချင်-သေနည်းသင်" အမည်ရှိသော တရားတစ်ပုဒ်ကို ကျွန်ုပ် ပိုင်ပိုင်နိုင်နိုင် ဟောပြနိုင်ခဲ့သည်။

ထိုတရားဟောဖြစ်ဖို့ ဖန်လာသည့်အကြောင်းရင်းကလည်း စိတ်ဝင်စားဘွယ်၊ သံဝေဂရဘွယ်ကောင်းသဖြင့် ဖော်ပြပါဦးမည်။ ၁၃၆၀ ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်နေ့ကပင် ဖြစ်ပါ၏။ ရွှေပြည်သာမြို့၊ (၈)ရပ်ကွက်၊ သီရိပန်းခြံမှ ဒါယိကာမကြီးဒေါ်အုန်းနှင့် သုခပန်းခြံမှ ဒါယိကာမကြီးဒေါ်အေးတို့နှစ်ဦးသား ကျောင်းသို့ ရောက်လာကြသည်။ ကျွန်ုပ်က-

"ဒါယိကာမကြီးတို့ ဘာကိစ္စများရှိကြပါလိမ့်" ထိုအခါ ဒေါ်အုန်းက

"ဟောဒီ မအေးရဲ့ဒကာ ကိုစွန်စိန်က ဆရာတော့်ကျောင်းမှာ ရဟန်းခံချင်လို့တဲ့ဘုရား၊ ပြီးတော့ သူ့အတွက် တစ်ပါးနေသာရုံ ကျောင်းလေးတစ်ကျောင်းလည်း ဆောက်ခွင့်ပြုပါတဲ့ဘုရား၊ သူက ကျန်းမာရေးမကောင်းတော့ သက်န်းဝတ် တရားအားထုတ်ရင်းနဲ့ အသေပြောင်ချင်တယ်လို့ ပြောပါတယ်ဘုရား၊ အဲဒါ ဆရာတော်က ခွင့်ပြုနိုင်၊ မပြုနိုင် သိချင်လို့ပါဘုရား"

"ကောင်းတဲ့အလုပ် လုပ်တာပဲ၊ ဘာခွင့်မပြုနိုင်စရာရှိရမှာလဲ၊ ခွင့်ပြုပါတယ်၊ ဒါယိကာမကြီးတို့သင့်တော်တဲ့ရက်မှာ လာပြီးရဟန်းခံကြပေါ့"

"မှန်ပါ၊ ဒီနေ့ညနေပဲ လာခဲ့ပါ့မယ်ဘုရား"

"သို့နှင့် ယင်းနေ့ညနေမှာပင် ဦးစွန်စိန်ကို ရဟန်းတက်ပေးလိုက်ကြသည်။ သူ၏အသက်မှာ ၇၅ နှစ်ခန့်သာရှိသေးသော်လည်း ရောဂါ

www.myanmarebook.com

ကြောင့် ရုပ်မှာ တော်တော်ကျသွားရာ ခြောက်ဆယ်ကျော်ခန့်ဟုပင် ထင်ရသည်။ ဦးစွန်စိန်မှာ တရုတ်ကပြားတစ်ယောက်ဖြစ်သည်။ သူတို့ နေဖို့ကျောင်းလေးကို ဆောက်လုပ်ရာ ရှစ်ရက်ခန့်အကြာမှာ ပြီးသွားသည်။

ကျောင်းဆောက်ပြီးသည်နှင့် မြို့ထဲမှ သူ၏အစ်မများနှင့် နှမများ ကျောင်းသို့ ရောက်လာကြကာ

"ဦးပဥ္စင်း - အသေပြင်ဖို့ တရားအားထုတ်တယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမယ့် ဦးပဥ္စင်း အားသိပ်နည်းနေတယ်၊ အားရှိမှ တရားမှတ်လို့လဲကောင်းမှာပေါ့၊ ဒါ့ကြောင့် လူဝတ်လဲပြီး တပည့်တော်မတို့နဲ့ မြို့ထဲလိုက်ခဲ့ဦး၊ အားဆေးလေးဘာလေးစားပြီး အားရှိလာမှ ရဟန်းပြန်တက်ပြီး တရားအားထုတ်တာပေါ့၊ တပည့်တော်မတို့ အကုန်တာဝန်ယူမှာပါ"

ဟု လျှောက်ပြီး ခေါ်သွားကြပါတော့သည်။ နှစ်ပါတ်သာသာခန့်ပဲ ကြာပါသည်။ ပြာသိုလဆန်းတစ်ရက်နေ့အရောက်မှာပင် ဦးစွန်စိန် ဆုံးပြီ ဟူသောသတင်း ကျောင်းကိုရောက်လာသည်။ ဦးစွန်စိန်ကား အသေပြင်သည့်အနေဖြင့် တရားအားထုတ်ဖို့ ကျောင်းဆောက်သော်လည်း သူ ဆောက်သည့်ကျောင်း၌ တစ်ရက်ပင်မနေလိုက်ရဘဲ သေခဲ့ရလေပြီ။

သူ၏ဇနီးသည်ကား တော်ပါပေသည်။ ရက်လည်မရောက်ခင် အကြိုတစ်ညနှင့် ရက်လည်ညတို့တွင် ကျွန်ုပ်ကိုပင့်ပြီး တရားပွဲကျင်းပခဲ့သည်။ တရားပွဲလုပ်ရခြင်း၏ သူ့အယူအဆကိုလည်း လျှောက်ထားသည်။

"ဆွမ်းတွေ၊ သင်္ကန်းတွေလှူပြီး အမျှပေးရုံနဲ့ အားမရသေးပါဘူး ဘုရား၊ အလှူဒါနထဲမှာ အမြတ်ဆုံး အသာဆုံးဖြစ်တဲ့ တရားအလှူပေးပြီး အမျှဝေချင်လို့ တရားပွဲကျင်းပရခြင်း ဖြစ်ပါတယ်ဘုရား"

ခင်ပွန်းအပေါ် အထူးစေတနာထားခြင်းပင်ဖြစ်ပါ၏။ ဗုဒ္ဓဘာသာများအတွက် မွန်မြတ်သည့်ဒါနပြုနည်းတစ်ခုကို အချိန်ကိုက်အခါကိုက် ဖော်ထုတ်လိုက်ခြင်းပင်။ တရားပွဲကျင်းပရခြင်း၏အကြောင်းက ထူးခြားနေသည့်အတွက် ဟောသည့်တရားသည်လည်း ထူးခြားမှုဖြစ်ပေမည်။ သို့အတွက် ဟောမည့်တရားသည် တခြားတရားများထက် ထူးခြားချက်ရှိရမည်။

လူသားတို့အတွက် တကယ်လိုအပ်နေသောတရားလည်း ဖြစ်ရမည်။ သေခြင်းတရားနှင့်ဆီလျော်ခြင်းလည်း ရှိရမည်။ နာကြားသူတိုင်း စိတ်ဝင်စားမှုရှိစေရမည်ဟူသော အင်္ဂါလေးချက်နှင့်ညီသော တရားတစ်ပုဒ် ဖြစ်အောင် ကြိုးစားလိုက်သောအခါ

maransi.com

## အသေမြတ်ချင် သေနည်းသင်

"ယနေ့ သာသနာတော်သက္ကရာဇ် ၂၅၄၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀ ခုနှစ်၊ ပြာသိုလဆန်း ၆-ရက်၊ ၂၃-၁၂-၉၈ ရက်နေ့၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ အမှတ် (၈)ရပ်ကွက်၊ သုခပန်းခြံမှာနေထိုင်တဲ့ လွန်ခဲ့သောငါးရက်ခန့်က ဘဝတစ်ပါးပြောင်းသွားပြီဖြစ်တဲ့ ဒကာကြီး ဦးစွန်စိန်ကိုရည်စူးပြီးတော့ ကျန်ရစ်ခဲ့ကြတဲ့ ဒကာမကြီးဒေါ်အေးတို့ မိသားစုက ကျင်းပပြုလုပ်တဲ့ ဓမ္မဒါန တရားအလှူပွဲပဲ ဖြစ်ပါတယ်။

တရားအမည်ကိုတော့ အသေမြတ်ချင် သေနည်းသင်လို့ပဲ မှတ်ထားကြရအောင်ပါ။ အသေဟာ မြတ်ခြင်း၊ ယုတ်ခြင်းလို့ နှစ်မျိုးရှိပါတယ်၊ အသေမြတ်တယ်ဆိုတာ သေပြီးနောက် သုဂတိဘုံကိုရောက်တာ ဆိုလိုခြင်းဖြစ်ပါတယ်၊ အသေယုတ်တယ်ဆိုတာကတော့ သေပြီးနောက် ဒုဂ္ဂတိဘုံရောက်တာကို ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် အခေါင်းတလား လှလှပပ ဈေးကြီးပေးလုပ်၊ ကားကြီးကားငယ်အသွယ်သွယ်နဲ့ စည်ကားလှပစွာ သင်္ဂြိုဟ်ခံရတဲ့လူပင်ဖြစ်သော်လည်း သေပြီး ဒုဂ္ဂတိလို့ခေါ်တဲ့ အပါယ်ဘုံတစ်ဘုံဘုံ ကျတယ်ဆိုရင် ဒါကို အသေယုတ်တယ်လို့ပဲ ခေါ်ရတယ်၊ အသေမြတ်တယ်လို့ မခေါ်ရဘူး။

တစ်ဖန် ဥစ္စာမရှိ ဆင်းရဲလို့ ဖျာနဲ့လိပ်ပြီးချတဲ့ အသုဘဖြစ်သော်လည်း သေသူဟာ ကောင်းရာသုဂတိရောက်တယ်ဆိုရင် အသေယုတ်တယ်လို့ မခေါ်ပါဘူး၊ အဲဒါ အသေမြတ်တာပါ။ အဲဒီလို အသေမြတ်ဖို့အတွက် သေနည်းသင်ရပါလိမ့်မယ်၊ မသင်လို့မဖြစ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုရင် ပုထုဇဉ်သေရင် အပါယ်လေးပါး ကျသွားနိုင်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ပုထုဇဉ်တွေ ကြိုတင်မသိနိုင်တဲ့ အရာငါးမျိုးကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ ဟောထားတာက-

ဇီဝိတံ ဗျာဓိကာလောစ၊
ဒေဟနိက္ခေပနံ ဂတိ။

ဇီဝိတံ၊ ပုထုဇဉ်မှန်ရင် ငါဘယ်အရွယ်မှာသေမယ်လို့ ကြိုပြီး မသိနိုင်ဘူး၊ ဗျာဓိ၊ ဘယ်အနာရောဂါနဲ့သေရမယ်လို့လဲ ကြိုပြီး မသိနိုင်ဘူး၊ ကာလ၊ မနက်သေမလား၊ နေ့လည်သေမလား၊ ညသေမလား ကြိုပြီးမသိနိုင်ဘူး၊ ဒေဟနိက္ခေပနံ၊ ဘယ်နေရာမှာသေမယ်၊ ဘယ်သုသာန်မှာ သင်္ဂြိုဟ်

www.dhammaransi.com

မယ်ဆိုတာလည်း ကြိုပြီးမသိနိုင်ဘူး၊ ဂတိ၊ သေပြီးနောက် ဘယ်ဘုံရောက် မယ်ဆိုတာလည်း ကြိုပြီးမသိနိုင်ပါဘူးတဲ့။

## ပုထုဇဉ်တွေရောက်နိုင်တဲ့ဘုံ

ဒီအချက်ငါးချက် တစ်ချက်မှမသိရတာကို ထောက်သောအားဖြင့် ပုထုဇဉ်မှာ ဘဝအာမခံချက် ဘာမှမရှိဘူးဆိုတာ သေချာလှပါတယ်၊ ပုထုဇဉ်တွေသေပြီး ရောက်နိုင်တဲ့ဘုံက ၅-မျိုး ရှိပါတယ်။ မနုဿဂတိ-လူ့ဘုံ၊ ဒေဝဂတိ-နတ်ဘုံ၊ ပြဟ္မာ့ဘုံ၊ ဒီနေရာမှာ ဒေဝသဒ္ဒါဟာ ပြဟ္မာကိုပါ ဟောတယ်လို့ ယူရပါမယ်။ နိရယဂတိ - ငရဲဘုံ၊ တိရစ္ဆာနဂတိ -တိရစ္ဆာန်ဘုံ၊ ပေတဂတိ-ပြိတ္တာဘုံတို့ပဲ ဖြစ်ပါတယ်။

အသူရကာယ်ကိုတော့ ပြိတ္တာဘုံထဲမှာထည့်ပြီး ယူထားပါတယ်။ ပုထုဇဉ်တစ်ယောက်ဟာ မိမိရောက်မယ့်ဘုံဌာနကို မသေခင်က ကြိုပြီး သိရပါတယ်၊ မြင်လည်းမြင်ရပါတယ်၊ စာလိုကတော့ ဂတိနိမိတ်လို့ ခေါ်ပါတယ်။ ဥပမာ လူ့ဘုံပြန်ရောက်မယ်ဆိုရင် ကမ္ဗလာနီအဆင်းရှိတဲ့ အမိဝမ်းရေကို မြင်ရပါတယ်၊ နတ်ဘုံရောက်မယ်ဆိုရင် နတ်သမီးတွေ၊ နတ်သားတွေ၊ ဗိမာန်တွေ၊ ပဒေသာပင်တွေကို မြင်ရပါတယ်။

ငရဲကျမယ်ဆိုရင် ငရဲမီးတွေ၊ ငရဲသားတွေ၊ ခွေးနက်ကြီးတွေကို ကြောက်မက်ဘွယ်ရာ မြင်ရပါတယ်၊ တိရစ္ဆာန်ဘုံရောက်မယ်ဆိုရင် မိမိ မိခင်ဖြစ်တဲ့ တိရစ္ဆာန်မရဲ့ပုံသဏ္ဍာန်ကို မြင်ရပါတယ်၊ ပြိတ္တာဘုံရောက် မယ်ဆိုရင်တော့ တောကြီးတွေ၊ တောင်ကြီးတွေ၊ အင်းကြီးတွေ၊ အိုင်ကြီး တွေ၊ ချောင်းကြီးတွေ၊ မြောင်းကြီးတွေကို မြင်လာရပါတယ်၊ ဘေးကလူ တွေကတော့ ဘယ်သူမှ မမြင်ရပါဘူး။

အဲဒီလို ဘယ်ဘုံရောက်မယ်ဆိုတာ ကြိုမသိရတဲ့အတွက် ပုထုဇဉ် တိုင်းဟာ သေနည်းသင်တန်းကို မြန်မြန်တက်ပြီး မြန်မြန်လေ့ကျင့်ထား သင့်ပါတယ်။ သေခြင်းတရားဟာ ရင်ဘတ်နဲ့ ကျောလို အနီးကလေး ကပ်နေတာပါ။ နေ့မြင်ညပျောက်၊ ညမြင်နေ့ပျောက်ဆိုသလို အင်မတန် မှ လျင်မြန်လှပါတယ်၊ ဒါ့ကြောင့်လည်း ဗုဒ္ဓက-

ပါတောဧကေနဒိဿန္တိ၊ သာယံဒိဋ္ဌာဗဟူဇနာ။
သာယံဧကေ န ဒိဿန္တိ၊ ပါတောဒိဋ္ဌာ ဗဟူဇနာ။

**ဘောဿွော** = အဝိဇ္ဇာနယ်၊ တလယ်လယ်ဖြင့်၊ သွယ်သွယ်ယောင်ရမ်း၊ အမှောင်လမ်းဝယ်၊ တောင်စမ်းမြောက်ကိုင်၊ မကြောက် နိုင်ဘဲ၊ ခုတိုင်လည်းမှား အိုသူများတို့။

www.dhammaransi.com

တုမေ့ ။ အပြောတစ်မျိုး၊ သဘောဆိုး၍၊ အကျိုးမပြီး၊ အချည်းနှီး ဖြစ်၍နေကြကုန်သော သင်တို့သည်။

ဣမံလောကံ ။ ရှုပ်ချင်တိုင်းရှုပ်၊ ပွေချင်တိုင်းပွေ၊ တွေချင်တိုင်းတွေ၊ မှောက်ချင်တိုင်းမှောက်နေတဲ့ ကြောက်စရာ၍လောက ကြီးကို။

ပဿထ ။ သတိပြု၍ ကြည့်ရှုကြပါကုန်လော။

ပဿထ ။ ဘယာအထွေထွေ၊ အစီထုတာကြောင့် - မသာတွေ အပြည့်စုနေသည်ကို - တစ်ခါတလေ သတိပြု၍ ကြည့် ရှုကြပါကုန်လော့။

ဗုဒ္ဓက ပြတ်ပြတ်သားသားဟောလိုက်တယ်။ မသာတွေပြည့်နေတဲ့ ကမ္ဘာလောကကြီးကို သေသေချာချာကြည့်လိုက်စမ်းပါတဲ့၊ ဟုတ်ပါတယ်။ ဒီကမ္ဘာလောကကြီးမှာ မသာတွေ ဘယ်လောက်ပြည့်ကျပ်နေသလဲဆိုရင် ဟောဒီ မဟာပထဝီမြေကြီးဟာ သေဆုံးသွားကြတဲ့လူသားတွေရဲ့ အသား တွေ၊ အရိုးတွေက ဖြစ်လာတာပါလို့ ပြောလိုက်ရင် တစ်ချို့က ယုံချင်မှ ယုံမယ်၊ ယုံလိုက်စမ်းပါ။

ဗုဒ္ဓကိုယ်တော်တိုင် လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းကြာအောင်ဖြည့်ကျင့် ဆည်းပူးမှ ရလာတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ကြည့်ပြီး ဟောခဲ့လို့ပါပဲ၊ ဗုဒ္ဓလက်ထက်တော်က ရာဇဂြိုဟ်မြို့မှာ ဥပသာလက အမည်ရှိတဲ့ ပုဏ္ဏား ကြီးတစ်ယောက် ရှိခဲ့ပါတယ်။ သူ အသက်ကြီးရင့်လာတဲ့ အခါကျတော့ သားဖြစ်သူကို သူများနဲ့မတူတဲ့ ထူးခြားချက်တစ်ခုကို မှာကြားသတဲ့၊ ဘယ်လိုမှာသလဲဆိုတော့-

"ငါ့သား အဖေသေရင် ဘယ်လူသေကောင်မှ မမြှုပ်ရသေးတဲ့ နေရာမှာ ရှာဖွေပြီးသင်္ဂြိုဟ်ပါ"တဲ့၊ အဲဒီတော့ သားက-

"အဖေ လူသေမမြှုပ်ဘူးတဲ့နေရာဌာနဆိုတာ ရှာရတာအင်မတန် မှ ခဲယဉ်းလှပါတယ်၊ ဒါကြောင့် အဖေမသေခင်မှာပဲ မြှုပ်နှံရမယ့်နေရာကို ရှာဖွေပြထားခဲ့ပါလို့" ပြန်ပြောတဲ့အတွက် သားအဖနှစ်ယောက် ဂိဇ္ဈကုဋ် တောင်ပေါ်တက်ပြီး ရှာလိုက်ကြတာ၊ တောင်စောင်းတစ်ခုပေါ်က မြေ ကွက်လပ်လေးကို သဘောကျပြီး-

"ငါ့သားရေ ဒီနေရာလေးကတော့ ဘယ်လူသေမှမမြှုပ်ဘူးလောက် သေးဘူး၊ အဖေသေရင် ဒီနေရာပဲမြှုပ်ပေးပါ"လို့ သားကို သေချာမှာကြား ပြီး တောင်အောက်ကို ဆင်းသွားကြတယ်၊ တောင်အောက်ရောက်တော့

www.dhammaransi.com

ဗုဒ္ဓနဲ့ တွေ့ကြတာပါပဲ၊ ဂါထာတစ်ဂါထာလောက် ဟောလိုက်တာနဲ့ ဥပသာဠကပုဏ္ဏားကြီး သောတာပန်တည်မှာ မြင်တော်မူလို့ ဘုရားရှင်ကိုယ်တော်မြတ် ကြွလာတော်မူခြင်း ဖြစ်ပါတယ်။

တွေ့လိုက်တာနဲ့ ဗုဒ္ဓက မေးတော်မူတယ်။

"ဥပသာဠက၊ ဂိဇ္ဈကုဋ်တောင်ပေါ်ကို အဘယ်အကြောင်းကြောင့် တက်ရောက်ခဲ့သလဲ"

"မှန်လှပါ၊ လူသေမမြှုပ်ဘူးတဲ့နေရာ ရှာဖို့အတွက် တက်ရောက်ရခြင်းဖြစ်ပါတယ်"

"လူသေမမြှုပ်ရသေးတဲ့နေရာကို တွေ့ခဲ့ရဲ့လား"

"မှန်ပါ၊ တွေ့ခဲ့ကြောင်းပါ"

"ဒါဆိုရင် အဲဒီနေရာကို ငါဘုရားအား လိုက်ပြပါ"လို့ ပြောလိုက်တဲ့အတွက် ဥပသာဠကဟာ ဗုဒ္ဓကိုခေါ်ပြီး ဂိဇ္ဈကုဋ်တောင်ပေါ်က သူရွေးထားတဲ့နေရာကို ပြပါတယ်။

## လူသေမမြှုပ်ဘူးတဲ့နေရာ

ဥပသာဠကရွေးထားတဲ့နေရာကို ဗုဒ္ဓက လက်ညှိုးညွှန်ပြပြီး ဟောဒီဂါထာကို ဟောတော်မူပါတယ်။

ဥပသာဠကနာမာနိ၊
သဟဿာနိစတုဒ္ဒသ။
အသ္မိံပဒေသေဒဍ္ဍာနိ၊
နတ္ထိလောကေအနာမတံ။

ဖြဟ္မဏ = ပုဏ္ဏားကြီး။
အသ္မိံပဒေသေ = ဤ သင် ယခုညွှန်ပြရာ နေရာဌာန၌။
ဥပသာဠကနာမာနိ = ဥပသာဠကအမည်တစ်ခုတည်းဖြင့်။
သဟဿာနိစတုဒ္ဒသ = အလောင်းကောင်ပေါင်း တစ်သောင်းလေးထောင်တို့သည်။
ဒဍ္ဍာနိ = မီးသင်္ဂြိုဟ်၊ လောင်ကျွမ်း၊ မြှုပ်နှံခဲ့ရလေပြီ။
လောကေ = ကမ္ဘာမြေလောကကြီး၌။
အနာမတံ = လူသေကောင်ပုပ်၊ မမြှုပ်ဘူးသော နေရာဌာနသည်။
နတ္ထိ = စိတ်သာချပေတော့၊ မချမရှိရိုးမှန်သည်သာလျှင်တည်း။

www.dhammaransi.com

ပုဏ္ဏားကြီး၊ ဒီတောစောင်းမြေနေရာလေးကို သင်က ဘယ်သူ့အလောင်းမှမမြှုပ်ဘူးသေးဘူးလို့ ထင်ခဲ့တယ်၊ တကယ်တော့ ဒီနေရာလေးမှာ သင့်ရဲ့ ဥပသာလကဆိုတဲ့အမည်နဲ့ အလောင်းကောင်ပေါင်း တစ်သောင်းလေးထောင် မြှုပ်နှံခဲ့ပြီးပြီ၊ ဒီကမ္ဘာမြေကြီးရဲ့ နေရာအနှံ့မှာ လူသေကောင်ပုပ် မမြှုပ်ဘူးတဲ့နေရာ တစ်နေရာမှမရှိဘူး-

လို့ ဟောတော်မူတဲ့အဆုံးမှာ ပုဏ္ဏားကြီးဟာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကွာပြီး သောတာပန်တည်သွားခဲ့ပါတယ်။ ဒီဒေသနာကိုထောက်ထားပြီး ကမ္ဘာမြေကြီးဟာ မသာတွေနဲ့ ပြည့်နေပါလား၊ ဥပသာလက အမည်တစ်ခုတည်းနဲ့တောင် ဘဝပေါင်းတစ်သောင်းလေးထောင် သေခဲ့ရတယ်ဆိုတော့ အခြားအမည်တွေနဲ့ သေခဲ့ရတဲ့ဘဝတွေ ဘယ်လောက်များမလဲဆိုတာ တွေးကြည့်နိုင်ပါတယ်။

ဥပသာလကနည်းတူ တရားဟောပုဂ္ဂိုလ်၊ တရားနာပုဂ္ဂိုလ်များလည်း အဝိဇ္ဇာ၊ တဏှာဦးစီးခဲ့တဲ့ဘဝတွေ မရေမတွက်နိုင်အောင် ဘယ်လောက်ထိ များပြားခဲ့မယ်ဆိုတာ ဓမ္မသံဝေဂ ယူနိုင်ပါတယ်။ ဒါကြောင့်-

ဗဟူ ဇနာ၊ ကြီးကြီးငယ်ငယ်၊ အသွယ်သွယ်ဟု အရွယ်သောင်းပြောင်း များစွာသောလူအပေါင်းတို့ကို။

ပါတော ၊ အရုဏ်ကျင်း၍ အလင်းရောက်လာ နံနက်အခါ၌။

ဒိဋ္ဌာ ၊ ပြောပြောဆိုဆို ထိုထို ဤဤ၊ အလီလီဖြင့်၊ အတည်မသွေ၊ တွေ့မြင်လိုက်ရပါပေကုန်၏၊ ဩော် - မနက်တုန်းက တွေ့လိုက်မြင်လိုက် ပြောလိုက်ဆိုလိုက်ရပါရဲ့သားနဲ့။

သာယံ ၊ အလင်းရောင်ပျောက်၊ အမှောင်ရောက်လာ ညချမ်းအခါ၌။

ဧကေ ၊ အသိမိတ်ဆွေ၊ အထွေထွေမယွင်း၊ အချို့သောလူတစ်သင်းတို့ကို။

နဒိဿန္တိ၊ အခြေယွင်းပျောက်၊ သေမင်းနောက်သို့၊ ကောက်ကောက်ပါသွား၊ ဖြစ်လေအားကြောင့်၊ ထင်ရှားခုကြုံ မမြင်ရတော့ပါကုန်။

ပရိသတ်များ သတိထားရင် လက်တွေ့မြင်ဘူးပါလိမ့်မယ်၊ တစ်ချို့လူတွေက မနက်ပိုင်းမှာ ရယ်ရယ်မောမော ပြောပြောဆိုဆိုနဲ့ တွေ့ကြရပေမယ့် ညပိုင်းကျတော့ ရုတ်တရက်သေရတာမျိုးပေါ့၊ ဦးပဥ္စင်းတို့ ရွှေပြည်သာမြို့ (၉)ရပ်ကွက်ထဲက လူငယ်လေးတစ်ယောက်အကြောင်း ပြောပြပါဦးမယ်၊ သူ့အသက်က ၂၄-လောက်ပဲ ရှိပါဦးမယ်၊ အသက်က

www.dhammaransi.com

လည်းငယ်၊ ကျန်းမာရေးကလည်းကောင်းဆိုတော့ သေခြင်းတရားဆိုတာ သူနဲ့ဘာမှမဆိုင်သေးဘူးလို့ သူကိုယ်တိုင်ရော၊ ဘေးကလူတွေပါ ယူဆထားတဲ့အချိန်ပေါ့။

## လက်ဖက်ရည်ဆိုင်ထိုင်ရင်းလည်း သေတာပဲ

သူဟာ လက်ဖက်ရည်ဆိုင် တစ်နေ့ နှစ်ကြိမ်ထိုင်တယ်၊ မနက်တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ်ပေါ့၊ မနက်ပိုင်းတုန်းက မိတ်ဆွေသူငယ်ချင်းတွေနဲ့အတူ ပြောပြောဆိုဆို လက်ဖက်ရည်သောက်ခဲ့တဲ့ သူငယ်လေးဟာ ညနေပိုင်းကျတော့ ဆိုင်ထဲမှာ ရုတ်တရက်သေသွားပြီလို့ ကြားရတော့ မနက်ကမှ စကားပြောခဲ့ကြတဲ့သူတွေက မယုံနိုင်ဘူး ဖြစ်နေကြတာပေါ့၊ သေတာကတော့ အမှန်ပါပဲ။

ဘယ်လိုသေသလဲဆိုတော့ အဲဒီနေ့ ညနေပိုင်းမှာ ထုံးစံအတိုင်း ကောင်လေးက သူငယ်ချင်းတွေနဲ့အတူ ဆိုင်ထဲမှာ လက်ဖက်ရည်သောက်ရင်း စကားပြောနေကြတယ်၊ ဆိုင်က ကားလမ်းဘေးမှာရှိတာပါ၊ ကားတွေလည်း သွားနေကျအတိုင်း သွားနေတာပဲ၊ ဘာမှမထူးခြားပါဘူး၊ အဲဒီအချိန်မှာ ကားတစ်စီးက အရှိန်ပြင်းပြင်း ဆိုင်ဘေးကနေ မောင်းသွားတယ်၊ အရေးကြီးတဲ့ကိစ္စရှိလို့ ဖြစ်မှာပေါ့။

ဖြစ်ပုံက အဲဒီကားဘီးအောက်ကနေ အရှိန်ပြင်းပြင်းနဲ့ချော်ထွက်လာတဲ့ လက်သန်းရဲ့ လက်သည်းခွံလောက်ရှိတဲ့ ကျောက်စရစ်ခဲချွန်ချွန်လေးတစ်လုံးဟာ အဲဒီသူငယ်ရဲ့နားထင်မှာ လာစိုက်တယ်၊ တော်တော်နက်နက်စိုက်ဝင်သွားတော့ လူငယ်လည်း ဆတ်ခနဲဖြစ်သွားပြီး ကျောက်စရစ်ခဲကို ဘာမှမဖြစ်သလိုသဘောမျိုးနဲ့ အေးအေးဆေးဆေးပဲ နှုတ်ယူနေတယ်၊ နှုတ်ကလည်း ပြောလိုက်သေးတယ်။

“တော်တော်နာတယ်ဗျ” အရှိန်ပြင်းတဲ့ ကျောက်စရစ်ခဲကို နှဲ့ပြီး နှုတ်ယူနေတဲ့အချိန်ထိ သူ့ကိုယ်သူသေမယ်လို့ မထင်သေးဘူး၊ ဒါ့ကြောင့် မျက်နှာမပျက်ဘဲ အေးအေးပြောနိုင်တာပေါ့၊ ကျောက်စရစ်ခဲလေးလဲ အပြင်ရောက်သွားရော ဒဏ်ရာအပေါက်က ပွက်ခနဲထွက်လာတဲ့ သွေးနဲ့အတူ သူ့အသက်လည်း ပျောက်ခဲ့ရပါတယ်။

ဗဟုဇ္ဇနာ ၊ ကြီးကြီးငယ်ငယ်၊ အသွယ်သွယ်ဟု အရွယ်သောင်းပြောင်း
များစွာသောလူအပေါင်းတို့ကို။

သာယံ ၊ နေဝင်ဖြိုးဖျ၊ အချိန်စရှိ၊ ခေါ်ကြမှန်စွာ၊ ညချမ်းအခါ၌။

www.dhammaransi.com

ဒိဋ္ဌာ ။ ပြောပြောဆိုဆို၊ ထိုထိုဤဤ၊ အလီလီဖြင့်၊ အတည်မသွေ၊ တွေ့မြင်လိုက်ရပါပေကုန်၏၊ ဩော်- ညတုန်းကတွေ့လိုက် မြင်လိုက် ပြောလိုက် ဆိုလိုက် ရပါရဲ့သားနဲ့။

ပါတော ။ အမှန်မပျက်၊တစ်ဖန်ဆက်၍၊ နံနက်သို့ရောက်သောအခါ၌။

ဧကေ ။ အသိမိတ်ဆွေ၊ အတွေတွေမယွင်း၊ အချို့သောလူတစ်သင်းတို့ကို။

နဒိဿန္တိ ။ မမြင်ရပါတော့ကုန်။

နဒိဿန္တိ ။ အခြေယွင်းပျောက်၊ သေမင်းနောက်သို့ ကောက်ကောက်ပါသွား၊ ဖြစ်လေအားကြောင့်၊ ထင်ရှားခုကြုံ၊ မမြင်ရတော့ပါကုန်။

နဒိဿန္တိ ။ သင်္ခါတွေ သူ့နယ်အတွင်းမှာ အကြင်သတ္တဝါတွေ အမှုကွယ်လို့ မငြင်းနိုင်ဘူး၊ ပြုဘွယ်အခင်းတွေ တစ်ခဏမြင်ကြတော့ ညမြင်လျှင် နေ့မှာပျောက်သည်ကို၊ မမေ့ရှာလောက်အောင် ယနေ့ထင်ကြရောပေ့၊ ဩော် - နေ့မြင်လို့ညပျောက် ဖြစ်ရလေတော့သတည်း။

"တစ်ချို့ပုဂ္ဂိုလ်တွေ ညချမ်းအခါမှာ ပြောပြောဆိုဆို ရယ်ရယ်မောမော တွေ့ရပေမယ့် မနက်ရောက်တဲ့အခါကျမှ ဖြိုးခနဲ ဖျတ်ခနဲ သေသွားတာလဲရှိပါတယ်၊ ဦးပဥ္စင်းတို့ကိုယ်တိုင် သက်ပျောက်ဆွမ်း ရေစက်ချပေးခဲ့ရတဲ့ ဓမ္မသံဝေဂရဖွယ် ဖြစ်ရပ်လေးတစ်ခုကို ပြောပြပါဦးမယ်။ ၁၃၆၁ ခုနှစ်လောက်က၊ ဖြစ်ခဲ့တဲ့နေရာက ရွှေပြည်သာမြို့၊ (၉)ရပ်ကွက်၊ ရန်ကုန်ပန်းခြံက အိမ်တစ်အိမ်မှာ ဖြစ်ပါတယ်။

သာယာဝတီမြို့က အသက်လေးဆယ်အရွယ်လောက်ရှိတဲ့ ဒကာမတစ်ဦးဟာ သူ့သမီးအလုပ်လုပ်နေရာ ရွှေပြည်သာကို ခဏအလည်လိုက်လာခြင်းဖြစ်ပါတယ်၊ သူ့သမီးလေးက ရွှေပြည်သာက အထည်ချုပ်စက်ရုံတစ်ရုံမှာ အလုပ်လုပ်နေပါတယ်၊ သမီးလေးအတွက် လိုအပ်တာလေးတွေ ပို့ရင်း လာတာပါ။

ညကပဲ သမီးရော အိမ်ရှင်တွေနဲ့ပါ ရယ်ရယ်မောမော ပြောပြောဆိုဆိုနဲ့ဆိုတော့ သူသေမယ်လို့ ဘယ်သူမှမထင်ပါဘူး၊ မနက်မိုးလင်းလို့ မျက်နှာသစ်၊ ကိုယ်လက်သုတ်သင်ပြီး အိမ်ထဲပြန်အဝင်မှာ ခေါင်းထဲက မူးလိုက်တာဆိုပြီး အိပ်ရာပေါ် ပုံကျသွားရာက အသက်ပါ တစ်ခါတည်း ပါသွားတာပါပဲ။

www.dhammaransi.com

ဘာ့ရောဂါနဲ့သေမှန်းတောင် မသိကြပါဘူး၊ ဆေးရုံရောက်မှ စစ်ဆေးကြည့်တော့ ဦးနှောက်သွေးကြောပြတ်တာလို့ သိရပါတယ်။ သတိသံဝေဂရဖွယ် လင်္ကာလေးလိုက်ဆိုကြပါဦး။

- ပုပ္ပုရွှရွှ ရှိကြမှန်စွာ၊
  သူရောင်ါရော သောသောအုတ်အာ၊
  မနက်တုန်းက အုန်းအုန်းဆူညာ၊
  ညသို့ရောက် သက်ပျောက်သေကြရှာ။
- ပုပ္ပုရွှရွှ ရှိကြမှန်စွာ
  သူရောင်ါရော သောသောအုတ်အာ၊
  ညဥ့်ချိန်တုန်းက အုန်းအုန်းဆူညာ၊
  မနက်ရောက် သက်ပျောက်သေကြရှာ။
- နေ့မြင်ညပျောက် တွေ့ရောက်ဆုံစွာ၊
  ညမြင်နေ့ပျောက် မျက်မှောက်ကြုံလာ၊
  သခ်ီနယ်တွင်း၊ စာရင်းအပါ၊
  သတိပြု ကြည့်ရှုကြောက်လန့်ရာ။

သခ်ီရနယ်အတွင်းမှာပါတဲ့ လူသားတစ်ယောက်အနေနဲ့ သေခြင်းတရားကို ရင်ဆိုင်ရဲအောင် သတိနဲ့ လေ့ကျင့်ထားရပါမယ်။

## ပြိတ္တာဖြစ်ရသော ရဟန်းမယ်တော်

လေ့ကျင့်မထားဘူးဆိုရင်တော့ အပါယ်မကျနိုင်ဘူးလို့ ယူဆထားကြတဲ့ ပုဂ္ဂိုလ်အချို့တောင် အပါယ်လေးပါးကျတာ တွေ့ရပါတယ်။ ပထမတစ်ခုကတော့ ရဟန်းမယ်တော်တစ်ဦးပါ။ လူမသိ၊ သူမသိ သာမညရဟန်းတော်တစ်ပါးရဲ့ မယ်တော်မဟုတ်ပါဘူး၊ ပျံတော်မူသွားပြီဖြစ်တဲ့ တောင်တန်းသာသနာပြု ပရိတ်ရေဆူဆရာတော် အရှင်ဦးဥတ္တမသာရရဲ့မယ်တော်ပဲ ဖြစ်ပါတယ်။

ရွှေဘိုနယ်မှာကျန်ခဲ့တဲ့မယ်တော်ကြီးဟာ ချင်းပြည်နယ် တောင်တန်းမှာ သာသနာပြုနေတဲ့ ဆရာတော်ကြီးအပေါ် တော်တော်သံယောဇဉ်ကြီးရှာသတဲ့၊ သေတာတောင် ဖြောင့်ဖြောင့်မသေနိုင်ဘဲ ငါ့သားဘုန်းကြီးတော့ အစားအသောက်အနေအထိုင် ဆင်းရဲရှာမှာပဲလို့ စိတ်စွဲပြီးသေတဲ့အတွက် အိမ်ခြံဝိုင်းအနီးမှာပဲ ပြိတ္တာမကြီး ဖြစ်နေရတယ်။

www.dhammaransi.com

သူ မကျွတ်လွတ်သေးတဲ့အကြောင်း သမီးဖြစ်သူကို အမြင်ဖေတ်ပါပြီး အိပ်မက်ပေးလို့ ဆရာတော်ကြီးကိုယ်တိုင် တောင်တန်းကပြန်လာပြီး သံဃာတွေပင့်၊ ဆွမ်းတွေ သင်္ကန်းတွေလှူပြီး အမျှပေးမှ ပြိတ္တာဘဝက ကျွတ်သွားခဲ့ရတယ်၊ အစွဲအလန်းလောဘဟာ သိပ်ကြောက်စရာကောင်းပါတယ်၊ အာရုံငါးပါးကိုစွဲလန်းတဲ့ ဆန္ဒရာဂဖြစ်ဖို့မဆိုထားနဲ့၊ မိမိကြိုးစားအားထုတ်နေတဲ့ သီလ၊ သမထ၊ ဝိပဿနာတရားတွေအပေါ် မှာတောင် စွဲလန်းတဲ့ ဆန္ဒရာဂမဖြစ်ဖို့ ဘုရား မှာကြားထားဖူးပါတယ်။

မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်မှာ-

"ချစ်သား ချစ်သမီးတို့ ဖောင်ဖွဲ့၍ တစ်ဖက်ကမ်းသို့ကူးသွားသောသူသည် တစ်ဖက်ကမ်းသို့ရောက်ခဲ့လျှင် ငါ့ကို တစ်ဖက်ကမ်းရောက်အောင်ပို့ပေးတဲ့ ကျေးဇူးကြီးလှတယ်ဆိုပြီး ဖောင်ကြီးကို ခေါင်းပေါ် ရွက်ပြီးယူမသွားဘဲ ရေထဲမှာသာထားခဲ့သလို သီလ၊ သမထ၊ ဝိပဿနာကို အားထုတ်သောယောဂီများသည်လည်း နိဗ္ဗာန်ရောက်ဖို့အတွက်သာလျှင် အသုံးပြုရမည့် ထိုတရားတို့အပေါ်၌ စွဲလန်းတပ်မက်သော ဆန္ဒရာဂကိုပင် မထားအပ်" လို့ ဟောတော်မူခဲ့ပါတယ်။ အပြင်က သူခိုးဓားပြက မိမိကို ဒီတစ်ဘဝသာ ဒုက္ခပေးနိုင်တာပါ။ နောက်ဘဝ အပါယ်ကျအောင် ဒုက္ခမပေးနိုင်ပါဘူး၊ မိမိသန္တာန်မှာလက်ခံလိုက်တဲ့ စွဲလန်းတပ်မက်တဲ့ လောဘကတော့ ဒီဘဝမှာလည်း ပူလောင်ဆင်းရဲအောင် ဒုက္ခပေးသလို သံသရာမှာလည်း အပါယ်ကျအောင်ချပြန်လို့ ပိုပြီးကြောက်စရာကောင်းပါတယ်။

ပြည်မြို့အရှေ့ဘက်၊ ပေါက်ခေါင်းမြို့နယ်နှင့် ၂၄ မိုင်ကျော်ခန့်ဝေးသောရွာတစ်ရွာက ကျောင်းထိုင်ဆရာတော် ဦးနန္ဒအဖြစ်ကတော့ အသေပြင်မယ့်သူတိုင်း သိထားသင့်တဲ့ဖြစ်ရပ်တစ်ခုပါ။ အကျယ်ကိုတော့ တောင်တန်းဆရာတော်ဘုရားကြီးရေးတဲ့ အာပတ်နှင့်တကွစုတေလျှင်ဆိုတဲ့စာအုပ်မှာ ဖတ်ရှုနိုင်ပါတယ်။ ဆရာတော်ရဲ့အဆက်အနွယ်တွေ သိက္ခာကျမှာစိုးလို့ မူရင်းရွာနာမည်ကို ချန်ထားခြင်းဖြစ်ကြောင်း စာအုပ်ထဲမှာ ရေးထားပါတယ်။

ဦးနန္ဒဟာ အသံကောင်း၊ အပြောကောင်း၊ အဟောကောင်း ဓမ္မကထိကတစ်ပါးဖြစ်လို့ ပေါက်ခေါင်းမြို့နယ်တစ်ဝိုက် သာရေး၊ နာရေးကိစ္စတွေမှာ ပွဲတိုင်းကျော်ဖြစ်ခဲ့ပါတယ်။ ပစ္စည်းလေးပါး ပေါများရုံတင်မကဘဲ ဝတ္ထုကြေးငွေများပါ စုမိလာတော့ ဦးနန္ဒတစ်ယောက် သူခိုးဓားပြရန်ကို ကြောက်လာပါတော့တယ်။

www.dhammaransi.com

ဒါနဲ့ပဲ သပိတ်ကြီးတစ်လုံးထဲမှာ ဝတ္ထုငွေတွေ အပြည့်အသိပ်ထည့်ပြီး သူ့ကျောင်းလှေကားအောက်မှာ မြေကျင်းတူးပြီး မြှုပ်ထားလိုက်ပါတယ်။ သူခိုးဓားပြထက် နှစ်ဆဆိုးတဲ့ လောဘဆိုတဲ့ တရားဆိုးကြီး သူ့သန္တာန်မှာ ရောက်လာပြီဆိုတာကိုတော့ သူ့ခမျာ မသိရှာပါဘူး။

တစ်နေ့ အသက်လေးဆယ်ကျော်အရွယ်မှာပဲ ဟောပြောရလွန်းလို့ဖြစ်လာတဲ့ လေနာရောဂါနဲ့ပဲ ပျံတော်မူခဲ့ပါတယ်။ ရဟန်းတော်တစ်ပါးဖြစ်တဲ့အတွက် ပုံမှန်အတိုင်းဆိုရင် အထက်နတ်ဘုံကို ပျံတော်မူရမှာပါ။ အခုတော့ လှေကားအောက်မှာမြှုပ်ထားတဲ့ ငွေသပိတ်အပေါ် စွဲလန်းတဲ့လောဘကြောင့် ကျောင်းဝိုင်းထဲမှာပဲ သံပုရာခွံဦးထုပ်ဖြူဆောင်းရတဲ့ဘုန်းကြီးတစ္ဆေ သွားဖြစ်ပါတယ်။

## ပေါက်ခေါင်းမြို့နယ်က သရဲဦးနန္ဒ

စာတတ်ပေတတ် ဘုန်းကြီးဘဝကလာသူဆိုတော့ ငွေသပိတ်ကို စွဲလမ်းတဲ့လောဘကြောင့် အခုလိုဘဝ ရောက်ရတယ်ဆိုတာ သေချာသိပါတယ်။ ဒါ့ကြောင့်လည်း သူ့ကျွတ်လမ်းလွတ်လမ်းကို ရှာတဲ့အနေနဲ့ နောက်တက်တဲ့ ကျောင်းထိုင်ဘုန်းကြီးများကို ကိုယ်ထင်ပြပြီး အကူအညီတောင်းဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် နောက်တက်လာတဲ့ ကျောင်းထိုင်ဘုန်းကြီးတွေကလည်း ကြောက်တတ်သူတွေဆိုတော့ သရဲခြောက်တယ်ဆိုပြီး ထွက်ထွက်ပြေးကြတာနဲ့ သူ့ဆန္ဒ မပြည့်ဝခဲ့ရပါဘူး။

သူ့ဆန္ဒကတော့ လှေကားအောက်က ငွေသပိတ်ဖော်ပြီး သံဃာတွေပင့် ဆွမ်းတွေ၊ သင်္ကန်းတွေလှူ၊ သူ့ကိုအမျှပေးဖို့ပါပဲ၊ ဒီလိုနဲ့ နှစ်အတန်ကြာတဲ့အချိန်ကျမှ သတ္တိရှိတဲ့ဒကာတစ်ယောက် ဦးနန္ဒကျောင်းကို ရောက်လာပါတယ်၊ လာတာကတော့ ရွာထဲက သူ့သူငယ်ချင်းအိမ်လာတာပါပဲ။

သူငယ်ချင်းကမရှိဘဲ ဇနီးသည်တစ်ယောက်ပဲ အိမ်မှာရှိတော့ ညအိပ်ရမှာ မသင့်တော်လို့ ဦးနန္ဒကျောင်းကို လာအိပ်ခြင်းပါပဲ။ ညရောက်တာနဲ့ ကိုယ်ထင်ပြလာတဲ့ ဦးနန္ဒကို ဒကာက သတ္တိကောင်းသူဆိုတော့ ဘာမပြောညာမပြော ချက်ချင်းထပြီး နပမ်းလုံးတယ်၊ ပြီးတော့ သရဲခေါင်းမှာ ဆောင်းထားတဲ့ ဦးထုပ်ဖြူကို ဖြုတ်ယူမိသွားတာနဲ့ သရဲဟာအားအင်ကုန်ခမ်းသွားပြီး ကြမ်းပြင်ပေါ် ပုံကျသွားတယ်။

www.dhammaransi.com

အဲဒီအခါကျမှ ဦးနန္ဒတစ်ဖြစ်လဲ သရဲက ဒကာတော် သတ္တိကောင်းတဲ့သူနဲ့ တွေ့ရလို့ အားရဝမ်းသာဖြစ်ရပါတယ်၊ ငါဟာ ဒီကျောင်းက ပျံတော်မူသွားခဲ့တဲ့ ကျောင်းထိုင်ဘုန်းကြီးပါ။ လှေကားအောက်မှာ မြှုပ်ထားတဲ့ ငွေသပိတ်ကိုစွဲခဲ့လို့ မကျွတ်မလွတ် ဖြစ်နေရတာပါ၊ ဒကာ ငါ့ကို ကူညီပါ၊ အဲဒီငွေသပိတ်ကိုဖော်ယူပြီး သံဃာတွေပင့်၊ ဆွမ်းတွေ သင်္ကန်းတွေလှူပြီး ကျွန်ုပ်ကို အမျှပေးပါ။

ကျန်တာကို ဒကာသုံးပါလို့ပြောတဲ့အတွက် ဒကာကလည်း ပြောတဲ့အတိုင်းလုပ်ပေးလိုက်မှ သရဲဘဝက လွတ်သွားခဲ့ရပါတယ်။ ဒီဖြစ်ရပ်နှစ်ခုလုံးဟာ အကျဉ်းချုပ်လိုက်ရင် သေနည်းကို ကြိုတင်မပြင်ဆင်ခဲ့လို့၊ ကြိုတင်မလေ့ကျင့်ခဲ့လို့ဆိုတာ သွားတွေ့ရပါတယ်။ ဒီနေရာမှာ သေခြင်းတရားကို တစ်လအတွင်း ရင်ဆိုင်သွားခဲ့ရတဲ့ သားအဖနှစ်ယောက် အကြောင်းကို ပြောပြပါဦးမယ်။

သေကွဲကွဲရခြင်းဆိုတဲ့ဘေးဟာ ငါတို့မိသားစုတစ်စုထဲတင် တွေ့ကြုံရတာမဟုတ်ဘူး၊ ကမ္ဘာလောကမှာရှိတဲ့ လူသားမှန်သမျှ တွေ့ကြုံနေရတဲ့ တရားတစ်ခုပဲဆိုတာကို ယနေ့တရားပွဲအလှူရှင် ဒေါ်အေးနဲ့တကွ မိသားစုများကို သိစေလိုတဲ့အတွက် ဖြစ်ပါတယ်။ ဒီလိုသိသွားတဲ့အတွက် မိမိတို့ရင်ထဲမှာဖြစ်နေတဲ့ ပရိဒေဝဟာ သက်သာပျောက်ကင်းသွားနိုင်ပါတယ်။

သေခြင်းတရားနဲ့ပတ်သက်ပြီး မဃဒေဝမှာ စပ်ဆိုထားတာက-

မိုးဖျားထိနီး၊ ကျောက်တိပြီးသား၊
တောင်ကြီးကြိတ်ကြိတ်၊ လေးလုံးပိတ်၍၊
ချေကြိတ်ညက်စွာ၊ လေးမျက်နှာက၊
လွတ်ရာမရှိ၊ လာတုံဘိသို့၊
ဇာတိဇရာ၊ ဗျာဓိမရဏာ၊
ဓမ္မတရား၊ ဤလေးပါးတို့၊
ထွားထွားကြိတ်ချေ၊ ညက်ညက်ကြေအောင်၊
မြဲနေနိစ္စ၊ နှိပ်စက်စွတည့်

တဲ့၊ အဓိပ္ပာယ်က အရပ်လေးမျက်နှာကနေ မိုးကိုထိလုနီးပါး မြင့်မားတဲ့ ကျောက်တောင်ကြီးတွေဟာ ရှေ့မှာတွေ့သမျှ အရာအားလုံးကို ကြိတ်ချေလာမယ်ဆိုရင် ကျောက်တောင်အလယ်မှာရှိနေတဲ့ လူသားဟာ ကျောက်တောင်ရဲ့အကြိတ်အချေခံရခြင်းဘေးက ဘယ်လိုမှမလွတ်နိုင်သလို

လူသားတစ်ယောက်ဟာ ဇာတိဆိုတဲ့ ပဋိသန္ဓေနေရခြင်းကျောက်တောင်၊ ဇရာဆိုတဲ့ အိုရခြင်းကျောက်တောင်၊ ဗျာဓိဆိုတဲ့ နာရခြင်းကျောက်တောင်၊ မရဏဆိုတဲ့ သေရခြင်းကျောက်တောင်လေးလုံးရဲ့ အကြိတ်အချေ၊ အနှိပ်အစက်ခံရခြင်းဘေးက ဘယ်လိုမှ မလွတ်နိုင်ပါဘူး။ ဗုဒ္ဓက ဓမ္မစကြာမှာ ဇာတိပိဒုက္ခာ - ပဋိသန္ဓေနေရခြင်းဟာလည်း ဆင်းရဲပဲ၊ ဇရာပိဒုက္ခာ - အိုရတာလည်း ဆင်းရဲပဲ၊ ဗျာဓိပိဒုက္ခံ - နာရတာလည်း ဆင်းရဲပဲ၊ မရဏာ မ္ပိဒုက္ခာ - သေရတာလည်း ဆင်းရဲပဲလို့ ဟောထားပေမယ့် လူသားအများစုဟာ ဆင်းရဲဒုက္ခလို့ မထင်ကြပါဘူး၊ ဒါကြောင့်လည်း ဘဝအမျိုးမျိုးကို ဆုတောင်းနေကြတာပေါ့၊ ဒါ့ကြောင့် ဒီနေရာမှာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏလေးမျိုးရဲ့ဆင်းရဲပုံ၊ ကြောက်စရာကောင်းပုံကို အနည်းငယ် ဟောပေးပါ့မယ်၊ ဇာတိ - ပဋိသန္ဓေနေရတဲ့အတွက် ဒုက္ခလေးမျိုး ခံစားရပါတယ်၊ အဲဒါတွေက-

## ပဋိသန္ဓေနေခြင်း ဆင်းရဲလေးမျိုး

ဂဗ္ဘဝေါက္ကန္တိမူလကဒုက္ခ၊ ဂဗ္ဘပရိဟရဏဒုက္ခ၊ ဂဗ္ဘဝိပ္ပတ္တိဒုက္ခ၊ ဂဗ္ဘဝိဇာနနမူလကဒုက္ခတို့ပါပဲ။ ဂဗ္ဘဝေါက္ကန္တိမူလကဒုက္ခဆိုတာ အမိဝမ်းတွင်းသက်ဆင်းဝင်ရောက်ရတဲ့ဆင်းရဲကိုပြောတာပါ။ ထောင်ထဲမှာ တိုက်ပိတ်ခံရတဲ့ အကျဉ်းသားနေရတဲ့အခန်းကမှ ကျယ်ပါသေးတယ်။ အမိဝမ်းတွင်းမှာတော့ မလှူသာမလွန့်သာ အမိအစာဟောင်းအိမ်ကို ဖင်ခုထိုင်၊ အစာသစ်အိမ်ကို ခေါင်းပေါ်ရွက်ပြီး ငုတ်တုပ်လေးနေရရှာတာပါ။

အမိဝမ်းရေကိုကျောပေးပြီး ဒူးနှစ်လုံးကြားဦးခေါင်းထားပြီးနေရပုံဟာ သစ်ငုတ်တိုပေါ် မိုးစိုစိုနဲ့ထိုင်နေတဲ့ မျောက်အိုနဲ့တူတယ်လို့ ဟောထားပါတယ်၊ အမိဝမ်းတွင်း ဝင်ရောက်ရတဲ့ဒုက္ခပြီးပြန်တော့ ကိုးလကျော်ဆယ်လနီးပါး ကိုယ်ဝန်ဆောင်ထားရတဲ့ဒုက္ခကိုတော့ ဂဗ္ဘပရိဟရဏဒုက္ခလို့ ဆိုပါတယ်။ ဝမ်းတိုက်တွင်း ဆယ်လကြာနေရတဲ့ အချိန်ဟာလည်း အင်မတန်ဆင်းရဲပင်ပန်းတဲ့အချိန်ပါပဲ။

ကိုယ်ဝန်မထိန်းသိမ်းတတ်တဲ့မိခင်နဲ့ သွားတွေ့လို့ မိခင်က လက်လွတ်စပယ် ကုန်းလိုက်မယ်ဆိုရင် သန္ဓေသားကို ခါးလှန်ချိုးသလို ဖြစ်သွားလို့ အင်မတန်မှ ဆင်းရဲရပါတယ်။ မိခင်က အလွန်အေးတဲ့အစာတွေစားလိုက်မယ်ဆိုရင် သန္ဓေသားဟာ လောကန္တရိက်ငရဲကျသလို ခံစားရပါသတဲ့၊ လောကန္တရိက်ငရဲဆိုတာ ကမ္ဘာသုံးခုစပ်လိုက်တဲ့အခါ အလယ်မှာပေါ်လာတဲ့အကြားကို လောကန္တရိက်ငရဲလို့ ခေါ်ပါတယ်။

www.myanmarbangsi.com

နိုယတမိစ္ဆာဒိဋ္ဌိရှိတဲ့သူတွေ ခံစားရတဲ့ငရဲပါ။ ကမ္ဘာသုံးခုရဲ့ အလယ်မှာရှိတဲ့ရေတွေဟာ သီတတေဇောဓာတ်အားကြီးပြီး အေးစက်နေတာပါ။ ကမ္ဘာရဲ့နံရံမှာ ကုပ်ကပ်နေတဲ့ငရဲသားတွေ တစ်ကောင်နဲ့ တစ်ကောင် အစာမှတ်ပြီး လှမ်းဟပ်ရင်းနဲ့ ရေထဲပြုတ်ကျသွားရင် တစ်ခါတည်း ကြေမွသွားတာပါ။ အဲဒီငရဲမျိုးကို လောကန္တရက်ငရဲလို့ ခေါ်ခြင်းဖြစ်ပါတယ်။

တစ်ခါ အငွေ့လွန်ပူတဲ့အစာကို မိခင်ကစားလိုက်ရင် သန္ဓေသားမှာ ငရဲမီးနဲ့ပက်လိုက်သလို အင်မတန်မှ ပူလောင်လှပါတယ်။ အလွန်ဖန်တဲ့ ခါးတဲ့ စပ်တဲ့ အစားတွေ စားလိုက်ပြန်ပြီဆိုရင် သန္ဓေသားမှာ ဓားနဲ့မွှန်းသလိုကို ခံစားရပါသတဲ့။ အပြင်လေတောင်အထိမခံရတဲ့ သန္ဓေသားရဲ့ ကိုယ်ဟာ အင်မတန်မှ နူးညံ့နေပါတယ်။ ဒါ့ကြောင့်လည်း မွေးဖွားလာကာစမှာ လက်နဲ့ကိုင်တာ အနှီးစနဲ့ထိတာတောင် မခံသာအောင် နာရှာပါတယ်။ ဒါ့ကြောင့်လည်း တအားငိုရှာတာပါ။

ဆယ်လပြည့်ပြီး မွေးလာတဲ့အချိန်မှာတောင် အဲသလောက် နူးညံ့နေသေးရင် မိခင်ဝမ်းထဲနေရစဉ် လေးငါးခြောက်လအရွယ်ကဆိုရင် ဘယ်လောက်ထိ နူးညံ့နေမယ်ဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဒါ့ကြောင့် အလွန်ဖန်တဲ့၊ စပ်တဲ့၊ ခါးတဲ့အစားတွေ စားလိုက်မယ်ဆိုရင် သန္ဓေသားဟာ ဓားနဲ့မွှန်းသလိုခံစားရတယ်ဆိုတာ သဘောပေါက်လက်ခံလောက်ပါပြီ။

တတိယမြောက်ကတော့ ဂဗ္ဘဝိပတ္တိမူလကဒုက္ခပါ။ အဓိပ္ပာယ်ကတော့ ကိုယ်ဝန်ဖျက်ဆီးခံရတဲ့ဆင်းရဲပါ။ ခုခေတ်ထဲမှာ သန္ဓေတားဆေးတွေ၊ ဖျက်ဆေးတွေ တအားပေါ်နေတော့ ဒီဒုက္ခကို သန္ဓေသားတွေ ပိုခံရပါတယ်။ လူသတ်သမားတွေဟာ လူငယ်လေးတစ်ယောက်ကို ဆွေမျိုးသားချင်းတွေနဲ့ ဝေးရာခေါ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်သလိုပါပဲ။

ဒီလိုအသတ်ဖြတ်ခံရတဲ့အခါ လူငယ်လေးခမျာ တောကြီးမျက်မည်းထဲမှာ အားကိုးရာမဲ့ရှာသလို ကိုယ်ဝန်ဘဝမှာ ဖျက်ချခံရတဲ့ သန္ဓေသားခမျာလည်း အားကိုးရာမဲ့ပြီး ဘာမှခုခံနိုင်စွမ်းမရှိဘဲ အသေခံကြရပါတယ်။ နောက်ဆုံး ဂဗ္ဘဝိဇာနနမူလကဒုက္ခ ဆိုတာကတော့ အမိဝမ်းက ဖွားမြင်ရတဲ့ ဒုက္ခပါ။ ဘယ်လောက်ဆင်းရဲသလဲဆိုတာကို စာပေမှာ ဥပမာပေးထားတာက-

အလွန်ကျဉ်းမြောင်းတဲ့ အပေါက်ကလေးကနေ ဆင်ပြောင်ကြီး တစ်ကောင်ကို သံကြိုး သံကောက်တို့နဲ့ အတင်းဆွဲထုတ်တဲ့အခါ ခံစားရ

www.dhammadownload.com

သလို သန္ဓေသားဟာလည်း ကျဉ်းမြောင်းတဲ့မိခင်ရဲ့ ယောနိပေါက်ကနေ အလွန်နာကျင်ဆင်းရဲစွာနဲ့ ဆွဲထုတ်ခံခဲ့ရတာပါ။ မွေးခါနီးမှာ ကမ္မဇလေကနေ သန္ဓေသားကို ခပ်ပြင်းပြင်းတိုက်ခတ်လိုက်တာ ထိုင်ရက်ကနေ ဦးစိုက်ပြောင်းပြန်ဖြစ်ပြီး ယောနိဝကို ခေါင်းစိုက်သွားရတာပါ။

အဲဒီ ဇာတိဆိုတဲ့ ကျောက်တောင်ကြီးကြိတ်ပြီးတာနဲ့ အိုခြင်းဆိုတဲ့ ဇရာကျောက်တောင်ကြီးက စက္ကန့်နဲ့အမျှ ကြိတ်ချေနေတော့တာပါပဲ။ လောကအမြင်အရတော့ အသက်သုံးလေးဆယ်နောက်ပိုင်းကျမှ အိုလာတယ်လို့ ယူဆကြပါတယ်။ တရားသဘောအရတော့ မွေးပြီးတာနဲ့ တစ်ရက်ပြီးတစ်ရက် အိုတော့တာပါပဲ။ ဘယ်ထိအိုမလဲဆိုရင် ဗျာဓိ နာတဲ့အထိ အိုမှာပါ။ ဗျာဓိကျောက်တောင် အကြိတ်အချေခံရပြီဆိုရင်လည်း အိပ်ရာထဲလဲပြီး သားသမီးအရင်းတွေတောင် စေတနာပျက်တဲ့အထိ ခံစားရပါတယ်။

နောက်ဆုံး ဗျာဓိတရားက အနာဆုံးဖြစ်အောင် ကြိတ်ချေပြီးတဲ့အခါ မရဏဆိုတဲ့ ကျောက်တောင်ကြီးကနေ အသေကြိတ်လိုက်တော့တာပါပဲ။ အဲသလို မရဏကျောက်တောင်က ကြိတ်ချေလာပြီဆိုတဲ့အခါ ကြီးသောငယ်သော မခွဲခြားဘဲ ကြိတ်ချေတတ်ကြောင်းကို ဆက်လက်စပ်ဆိုထားတာက-

ကာယဟူဘိ၊ နားမျက်စိနှင့်၊
ဣတ္ထိပုရိသ၊ ဖြစ်လာကြတိုင်း၊
ရုက္ခသီးပွင့်၊ ခါမလင့်ဘဲ၊
ရင့်တစ်ဖုတ်ဖုတ်၊ ကင်းဖြုတ်ဖြုတ်နှင့်၊
ညှာပြုတ်ကြွေကျ၊ မမြဲကြသို့၊
ဘဝပျက်ပြို၊ လူထိုထိုကား၊
ရွယ်ပျိုရွယ်လတ်၊ ကျန်မလွတ်သည်၊

မချွတ်သေအံ့အပြီးတည်းတဲ့ - အဓိပ္ပာယ်က သရက်သီးလေးတွေ အပွင့်ဘဝကနေ သီးကင်းဘဝရောက်လာကြတယ်။ အဲဒီအခါမှာ သရက်သီးတွေဟာ ရင့်မှည့်ပြီးမှ အညှာကကြွေကျတာရှိသလို သီးကင်းဘဝကတည်းက တစ်စုံတစ်ခုသောအကြောင်းကြောင့် ကြွေကျရတာရှိပါတယ်။ လူသားတွေမှာလည်း မီးစာကုန်ဆီခန်း အသက်ကြီးမှ သေတာရှိသလို တစ်စုံတစ်ခုသောအန္တရာယ်ကြောင့် မိန်းမယောက်ျားမရွေး ငယ်ငယ်ရွယ်ရွယ်သေတာလည်း ရှိကြပါတယ်တဲ့။

www.dhammadanasi.com

လက်တွေ့သာဓကတစ်ခု ထုတ်ပြပါမယ်။ ၁၃၅၀ ခုနှစ်၊ တပေါင်းလဆုတ် ၁၃ ရက်နေ့မှာ ဦးပဥ္စင်းတို့ရဲ့ဖခင်ကြီး ကိုယ်ရောင်တဲ့ရောဂါနဲ့ သေဆုံးခဲ့ရပါတယ်။ သေဆုံးချိန်က အသက် (၅၈)နှစ်ပဲ ရှိပါသေးတယ်။ ခြောက်ဆယ်နီးပါးနေရတယ်ဆိုတော့ ရင့်မှည့်ကြွေကျတဲ့သရက်သီးလို သဘောထားနိုင်ပါတယ်။ ခင်ပွန်းသည်သေဆုံးလို့ ခံစားနေရတဲ့ သောကတောင် မပြေသေးဘူး။

နောက်တစ်လအကြာ တန်ခူးလဆုတ် (၁၃)ရက်နေ့မှာ ဦးပဥ္စင်းအထက်က အစ်မတစ်ယောက်ဖြစ်တဲ့ မခင်ပိုဟာ ဆုံးပါးခဲ့ရပါတယ်။ သေဆုံးစဉ်က အသက် (၂၈)နှစ်ပဲ ရှိပါသေးတယ်။ သေဆုံးရခြင်းရဲ့ အကြောင်းဖြစ်တဲ့ ရောဂါတွေကို ရှာဖွေကြည့်တဲ့အခါမှာ တရားထိုင်ရင်း ထိတ်လန့်ပြီး စိတ်အနည်းငယ်ဖောက်သွားတာရယ်၊ အမျိုးသမီး မီးယပ်ရောဂါရယ်၊ ပြုစားခံရတဲ့ ပယောဂရောဂါရယ်လို့ သုံးမျိုးတွေ့ရပါတယ်။

## ပဋိပတ်အန္တရာယ် စကားတစ်ခွန်း

တရားထိုင်ရင် ရူးတတ်တယ်ဆိုတဲ့ အရိုးစွဲနေတဲ့ စကားလေးကို ဒီနေရာမှာ အနည်းငယ် ရှင်းချင်ပါတယ်။ ပဋိပတ္တိသာသနာအတွက် အနှောင့်အယှက်ဖြစ်နေတဲ့ စကားမို့လို့ပါပဲ။ တရားထိုင်တယ်လို့ လွယ်လွယ် လုံးချပြောဆိုနေကြပေမယ်လို့ မတူတာရှိပါတယ်။ အဲဒါကတော့ သမထနဲ့ ဝိပဿနာပါပဲ။ အကျဉ်းချုပ်ပြောရရင် ပရမတ်ရုပ်နာမ်ကို ပညာနဲ့ရှုပွားရတဲ့ ဝိပဿနာဟာ ဘယ်တော့မှ မရူးပါဘူး။ ရှိပြီးသား အရူးရောဂါကိုတောင် ပျောက်ကင်းစေနိုင်ပါတယ်။ အရူးမ မပဋာစာဟာ ဝိပဿနာရှုပွားလို့ အရူးရောဂါ ပျောက်ခဲ့ရတာပါ။

မရှိတဲ့ပညတ်ကို သမာဓိအားနှင့် ရှုမှတ်ပွားများရတာကိုတော့ သမထလို့ ခေါ်ပါတယ်။ သမထတရားကျတော့ အနီးကပ်ဆရာမရှိရင်၊ အနှောင့်အယှက်ဝင်ရင်၊ ဝင်္ကြွေးပါရင် ရူးတတ်ပါတယ်။ ထွက်လေဝင်လေမှတ်နေတာ၊ ဖောင်းတာပိန်တာ မှတ်နေတာတွေထိက သမထပဲ ရှိပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ ထွက်လေဝင်လေတို့ ဖောင်းတာပိန်တာတို့ဟာ နာမည်တပ်ထားတဲ့ ပညတ်တွေဖြစ်နေလို့ပါပဲ။

ပညတ်ကိုရှုမှတ်ရင်း သမာဓိအားကောင်းလာတဲ့အခါကျမှ ပရမတ်ရုပ်နာမ်ကို ကူးပြောင်းပြီး ရှုမှတ်မှ ဝိပဿနာအဆင့်ကို ရောက်ပါတယ်။ ဆရာကသာ အနီးကပ်ထွန်းထွန်းညွှန်ပြမှုမရှိရင် သမထနဲ့တင်ပဲ အချိန်

ကုန်ရတဲ့ယောဂီတွေ အများကြီးရှိပါတယ်။ အနီးကပ်ဆရာမရှိတဲ့အခါ၊ ရှိသော်လည်း ယောဂီကိုဂရုမစိုက်တဲ့အခါ၊ သမာဓိအားကောင်းလာတဲ့ ယောဂီက အဲဒီသမာဓိကို ဝိပဿနာဖက်မကူးဘဲ ပုံဖော်ကြည့်တဲ့ဘက် ကူးသွားတယ်။

ဥပမာ- ယောဂီက အခုနေအခါ ငါ့နောက်က မကောင်းဆိုးဝါးကြီး တစ်ကောင် ရပ်ကြည့်နေရင် ဘယ်နှယ့်လုပ်မလဲဆိုပြီး စိတ်ကူးလိုက်တယ်။ အဲဒီစိတ်ကူးကို အားကောင်းနေတဲ့သမာဓိက မကောင်းဆိုးဝါးပုံကြီးပေါ် လာအောင် ဖော်ပေးလိုက်တယ်။ အဲဒီအခါမှာ ကိုယ်ပုံဖော်လိုက်တဲ့ မကောင်း ဆိုးဝါးပုံကို ကိုယ်ပြန်မြင်ပြီး စိတ်ဖောက်ပြန်သွားတဲ့ ယောဂီတွေ ရှိပါတယ်။

ဦးပဋ္ဌင်းရဲ့အစ်မဟာ အဲဒီအဖြစ်မျိုးနဲ့ ကြုံလိုက်ရတာပါ။ အနှောင့် အယှက်ကြောင့် ရူးတယ်ဆိုတာကတော့ ယောဂီများ မဂ်ဖိုလ်ရမှာကို မလိုလားကြတဲ့ မာရ်နတ်နဲ့တကွ အသင်းအပင်းတွေက ကြောက်စရာ ရုပ်အဆင်းတွေကို ဖန်ဆင်းပြကြတဲ့အတွက် စိတ်ဖောက်ပြန်ရတဲ့ ယောဂီ တွေလည်း ရှိပါတယ်။ ဒီအနှောင့်အယှက်ကိုတော့ တရားမရှုမှတ်မီမှာ မေတ္တာဘာဝနာကို ထိရောက်အောင်ပွားပြီး ကာကွယ်နိုင်ပါတယ်။ တခြား နည်းနဲ့ ကာကွယ်လို့မရပါဘူး။

ဝဋ်ကြွေးပါရင် ရူးတတ်တယ်ဆိုတာကတော့ ရှင်းပါတယ်။ အရင် ကတည်းက ရူးသွပ်ရမည့်ကံပါလာတယ်။ တရားအားထုတ်နေဆဲ အချိန် မှာမှ ဒီကံက လာအကျိုးပေးတော့ တရားထိုင်လို့ရူးတယ်လို့ အထင်ခံရ တော့တာပေါ့။ သမထမလုပ်တော့ဘဲ စိတ်ဖြစ်တိုင်းပါနေတဲ့ ခဏိက သမာဓိနည်းနဲ့ရှုပွားရတဲ့ ဝိပဿနာ၊ ယာနိကနည်းနဲ့ အားထုတ်မယ်ဆိုရင် တော့ သမထကိုအကြောင်းပြုပြီး ပေါ်ပေါက်လာမယ့် စိတ်ဖောက်ပြန်မှု တွေကို ကာကွယ်ပြီးသား ဖြစ်သွားပါတယ်။

ဒါ့ကြောင့် ဝိပဿနာသက်သက် ရှုပွားနည်းတွေကို လေ့လာကြည့် လိုက်တဲ့အခါ ဆရာကြီးဦးကြင်ရွှေရဲ့ ပခုက္ကူဝိပဿနာသင်တန်းနည်း၊ ကသစ်ဝိုင်ဝိပဿနာနည်း၊ ဆရာကြီးဦးကြည်ရဲ့ သစ္စာဒီပကဝိပဿနာ နည်းများကို သွားတွေ့ပါတယ်။ အဲဒီသုံးနည်းထဲက ဦးပဋ္ဌင်းဉာဏ်ထဲမှာ အရှင်းဆုံးဖြစ်တဲ့ ပခုက္ကူဝိပဿနာသင်တန်းနည်းကို စာတွေ့လက်တွေ့ ကြိုးစားနေတာ ၂၀၀၁ ခုနှစ်ထိဆိုရင် သုံးနှစ်ရှိပါပြီ။

ဝိပဿနာအားထုတ်သူများ ဦးပဋ္ဌင်းရဲ့အစ်မလိုမဖြစ်ရအောင် ပခုက္ကူ ဝိပဿနာနည်းကို အခြေခံပြီး လူတိုင်းနားလည်လွယ်မယ့် ဝိပဿနာ ကျမ်းစာအုပ်တစ်အုပ်ရေးဖို့ ဆုံးဖြတ်ထားပါတယ်။

www.dhammaransi.com

## သေမှာကြောက်၍ ငိုသောဆရာတော်ကြီး

အခုလက်တွေ့ဖြစ်ရပ်တွေကို ဟောပြရတာကတော့ သေခြင်းတရားဆိုတာ ငါတို့မိသားစုတင် ကြုံနေရတာမဟုတ်ဘူး။ လူသားအားလုံးကြုံနေရတာပါလားလို့သိပြီး သောကဖြေနိုင်သလောက် ပြေစေချင်လို့ပါပဲ။ ဒီနေရာမှာ သေခြင်းတရားကို အမှုမဲ့အမှတ်မဲ့နေမိတဲ့အတွက် သေမှာကြောက်ပြီး ငိုကြွေးခဲ့ရတဲ့ ငယ်ဖြူဆရာတော်ကြီးတစ်ပါးအကြောင်းကို ပြောပြပါဦးမယ်။

မြို့နယ်စာသင်တိုက်ကြီးတစ်ခုက ဆရာတော်ကြီးတစ်ပါးပါပဲ။ သက်တော် (၆၇)နှစ်၊ ဝါတော် (၄၇)ဝါ ရပါပြီ။ ရောဂါကရင့်နေတော့ နယ်ဆေးရုံမှာ မနိုင်တော့တာနဲ့ မန္တလေးဆေးရုံကြီးမှာ လာတင်ရပါတယ်။ ဦးပဥ္စင်းတို့ကိုယ်တိုင် တတ်နိုင်သလောက် သွားပြုစုရပါတယ်။ ရောဂါကလွန်နေပြီ မရတော့ဘူးလို့ ဆရာဝန်ကြီးက ဦးပဥ္စင်းတို့ လူနာစောင့်တွေကို တိုးတိုးတိတ်တိတ် သတိပေးပါတယ်။

ဒါပေမယ့် ပါးနပ်တဲ့ဆရာတော်ကြီးက ရိပ်မိသွားပါတယ်။ သေနည်းကြိုတင်ပြင်ဆင်ထားသူဆိုရင်တော့ တုန်လှုပ်မှာမဟုတ်ပါဘူး။ အနားက လူနာစောင့်တွေ၊ ဒကာ ဒကာမတွေ ဘေးကိုဖယ်ခိုင်းပြီး သေမင်းကို ရင်ဆိုင်မှာပါ။ အခုတော့ ဆရာတော်ကြီးခမျာ သေခြင်းတရားကို အဝေးကြီးထင်ပြီး ပေါ့ပေါ့တန်တန်နေခဲ့မိလေတော့ သေခြင်းတရားကို သိပ်ကြောက်နေရှာတယ်။

ဘယ်လောက်ထိကြောက်နေသလဲဆိုရင် မနက်ဖြန် ပျံတော်မူတော့မယ်ဆိုရင် ဒီနေ့လိုနေ့မှာ ကလေးတစ်ယောက်ကို ရှိုက်ကြီးတငင် ငိုကြွေးပါတယ်။ ငိုကြွေးပေမယ့်လည်း သေဘေးကမလွတ်ပါဘူး။ နောက်ရက်မှာ ပျံလွန်တော်မူတာပါပဲ။ ကြောက်လန့်တဲ့စိတ်ကို အဘိဓမ္မာအလို တရားကိုယ်ကောက်ရင် ဒေါသစေတသိက်ကို ရပါတယ်။

ဒီဒေါသနဲ့သာ သေရရင် ငရဲကျရမှာပါ။ ဒါကြောင့် သေခါနီးမှာ ကြောက်ရွံ့ထိတ်လန့်တဲ့စိတ်မဖြစ်ဖို့ သေနည်းသင်တန်းတက်ထားရပါမယ်။ အသေပြင်ထားရပါမယ်။ အသေမြတ်ဖို့အတွက် သေနည်းပြင်ထားချင်တဲ့သူဟာ ပထမဆုံးအနေနဲ့ မရဏာနုဿတိဘာဝနာပွားများထားရပါမယ်။ သေခြင်းတရားကို အဖန်ဖန်အမှတ်ရခြင်းကို မရဏာနုဿတိဘာဝနာလို့ ခေါ်ပါတယ်။ မသေတတ်ခေါက် ကျောင်းဆယ်ခေါက်ဆိုတဲ့

www.dhammadownload.com

စကားလေးက မရဏာနုဿတိဘာဝနာ ကောင်းကျိုးဘယ်လောက်ထိ များတယ်ဆိုတာ တိုင်းတာပြခြင်းပါပဲ။

အဲဒီစကားရဲ့လိုရင်းအဓိပ္ပာယ်ကတော့ ကျောင်းကိုဆယ်ခေါက် သွားပြီး ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းကုသိုလ်ထက် မသာတစ်ခေါက် လိုက်ပို့ရင်း ပွားများလိုက်တဲ့ ဘာဝနာကုသိုလ်က ပိုပြီးတော့သာတယ်လို့ ပြောတာပါပဲ။ မရဏာနုဿတိဘာဝနာပွားများသူများဟာ ကောင်းကျိုး လေးမျိုးကို ရရှိပါမယ်။ ပထမဆုံးကောင်းကျိုးကတော့ မရဏာနုဿတိ ဘာဝနာ ပွားများထားသူဟာ သေခြင်းတရားနဲ့ ရင်ဆိုင်ရတဲ့အခါ မတုန် လှုပ်၊ မကြောက်လန့်တော့ပါဘူး။

သေခြင်းတရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်သွားပါတယ်။ အဲဒါဟာ မရဏာ နုဿတိဘာဝနာ ပွားများခြင်းရဲ့ ပထမဆုံးကောင်းကျိုးပါ။ ဒုတိယ ကောင်းကျိုးကတော့ ကုသိုလ်ကောင်းမှုပြုခွင့် ကြုံလာပြီဆိုရင် အချိန် မဆွဲတော့ပါဘူး။ ချက်ချင်းပြုဖြစ်ပါတယ်။ တတိယကောင်းကျိုးကတော့ မကောင်းမှုအကုသိုလ်မှန်သမျှကို မကြံဖြစ်၊ မပြောဖြစ်၊ မလုပ်ဖြစ်တော့ ပါဘူး။

မကောင်းမှုအကုသိုလ်တွေ ကြံရင်း၊ ပြောရင်း၊ လုပ်ရင်းနဲ့ သေသွား ရင် ကိုယ်ကျိုးနည်းရချည်ရဲ့ဆိုပြီး အကုသိုလ်ကိုကြောက်တဲ့ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားကြီး ဝင်ရောက်လာလို့ပဲ ဖြစ်ပါတယ်။ ဒီသူတော် ကောင်းတရားကြီးဟာ မရဏာနုဿတိဘာဝနာကြောင့် ထင်ထင်ရှားရှား ရောက်လာခြင်းဖြစ်ပါတယ်။ မရဏာနုဿတိဘာဝနာ ပွားများခြင်းရဲ့ စတုတ္ထကောင်းကျိုးကတော့ နတ်ရွာသုဂတိကို အလွယ်တကူရောက်နိုင် ခြင်းပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ မရဏာနုဿတိဘာဝနာရဲ့ ကောင်းကျိုးနဲ့ပတ်သက်ပြီး သာဓကတစ်ခု အကျဉ်းချုပ်ပြီးထုတ်ပြပါမယ်။ ပဋ္ဌကနိပါတ်၊ ဥရဂဇာတ် ပဲဖြစ်ပါတယ်။ တစ်နေ့တော့ သာဝတ္ထိပြည်က သူကြွယ်တစ်ယောက်ဟာ သားလေးသေတာကို အကြောင်းပြုပြီး သောက-ပရိဒေဝမီးတောက် လောင်နေရှာပါတယ်။ အဲဒီအခါမှာ ဘုရားရှင်ကြွလာတော်မူပြီး တရား ပြတော်မူပါတယ်။

"အထခေါ် အပရိမာဏောသု စက္ကဝါဠေသု တီသုဘဝေသု အမရဏာ ဓမ္မောနာမ နတ္ထိ၊ တဗ္ဘာဝေနေဝဋ္ဌာတုံ သမတ္ထော ဧကော သင်္ခါရောပိသ ဿတော နာမနတ္ထိ"

www.dhammaransi.com

အထခေါ၊ စင်စစ်သော်ကား။ အပရိမာဏောသု၊ အတိုင်းအရှည်မရှိကုန်သော။ စက္ကဝါဠေသု၊ စကြာဝဠာတို့၌။ တီသုဘဝေသု၊ ဘဝသုံးပါးတို့၌။ အမရဏာဓမ္မောနာမ၊ မသေသောတရားမည်သည်ကား။ နတ္ထိ၊ မရှိ။

အတိုင်းအရှည်မရှိတဲ့ စကြာဝဠာကြီးထဲမှာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံးပါး ဘဝသုံးပါးလုံးမှာ မသေတဲ့တရားဆိုတာ မရှိပါဘူးတဲ့။

**တဗ္ဗာဝေနေဝ** ၊ ထိုမြင်ရသော၊ သူ့သဘောဖြင့်ပင်လျှင်။

**ဌာတုံ** ၊ အမြဲတည်စေခြင်းငှာ။

**သမတ္တော** ၊ စွမ်းနိုင်သော။

**ကောသင်္ခါရောပိ** ၊ တစ်ပါးသောသင်္ခါရတရားမျှလည်း။

**သဿတောနာမ** ၊ ခိုင်မြဲသောသဘောမည်သည်။ နတ္ထိ၊ တစိုးတစိမရှိချေ။

သူ့သဘောနဲ့သူ မပျက်မစီး အမြဲတည်နေတဲ့ သင်္ခါရတရားဆိုတာ ဘာလဲ၊ တစ်ခုမှမရှိပါဘူးတဲ့၊ သဗ္ဗေသတ္တာ မရဏာဓမ္မာ - သတ္တဝါမှန်သမျှသေရတဲ့သဘောရှိတယ်၊ သဗ္ဗေသင်္ခါရာ ဘိဇ္ဇနဓမ္မာ၊ သင်္ခါရတရားအားလုံး ပျက်စီးရတဲ့သဘောရှိတယ်၊ ဒီသေဆုံးပျက်စီးရတာကလည်း မိမိတစ်ဦးတည်းကြုံရတာမဟုတ်ဘူး၊ သတ္တဝါမှန်သမျှ ကြုံနေရတာပဲဆိုတာကို ဗုဒ္ဓက ဆက်ဟောကြားပါတယ်။ အဲဒီသဘောလေးကို ငုံမိအောင် မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးက လင်္ကာလေး သီထားပါတယ်။

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊
ကွယ်ချုပ်ဝင်သည့်၊ ဤသင်္ခါရ သဘာဝကား၊
ဌာနနယ်ခြုံး၊ တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊
တစ်မြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌၊
သင်းသီးသန့်ခြား၊ တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊
မဟုတ်ပါဘူး၊ ဗြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊
ဥပါဒ်စလျှင်၊ ငြီသို့ဝင်၍၊ ဘင်္ဂကွဏာ၊ မရဏာဖြင့်၊
ရှုရှုလှုပ်လှုပ်၊ တစ်ချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊
ဖြစ်တိုင်းညှိုးသည်။

အရိုး အနိစ္စပါတကား
အရိုး ဒုက္ခပါတကား
အရိုး အနတ္တပါတကား

www.pdfmmaransi.com

သူကြွယ်ရဲ့ သောကပရိဒေဝ အနည်းငယ်ပြေသွားပြီဆိုတာနဲ့ ရှေးက ပညာရှိတွေဟာ မိမိသားသေသော်လည်း သေခြင်းသဘောတရားရှိတဲ့ တရားဟာ သေတာပဲ၊ ပျက်စီးခြင်းသဘောတရားရှိတဲ့ တရားဟာ ပျက်စီး တာပဲလို့ဆင်ခြင်ပြီး စိုးရိမ်သောက မဖြစ်ကြဘူးလို့ အစချီပြီး ဥရဂဇာတ် ကို ဟောကြားတော်မူပါတယ်။

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးမိုးအုပ်ချုပ်နေတဲ့အချိန်၊ မြို့ တံခါးအနီးမှာ ပုဏ္ဏားမိသားစုခြောက်ယောက်ရှိကြတယ်။ ပုဏ္ဏားကြီး၊ ပုဏ္ဏေးမကြီးရယ်၊ သားရယ်၊ ချွေးမရယ်၊ သမီးရယ်၊ ကျွန်မလေးရယ်ပေါ့။ ကျွန်မလေးကိုလည်း သမီးတစ်ယောက်လိုသဘောထားတော့ မိသားစုလိုပဲ ဖြစ်နေတာပေါ့။ မိသားစုအားလုံးကို ပုဏ္ဏားကြီးက မရဏာနုဿတိဘာဝနာကို ပွားများခိုင်းထားတယ်။

သူကိုယ်တိုင်လည်း အမြဲပွားများတယ်။ ပရိသတ်များလည်း ပွားများ တတ်သွားအောင် သင်ပေးခဲ့ပါမယ်။ အားလုံးလိုက်ဆိုပါ။

မရဏံမေဓုဝံ၊ ဇီဝိတံမေ အဓုဝံ၊

မေ ၊ ငါ့အား။ မရဏံ၊ သေရခြင်းသဘောသည်။ ဓုဝံ၊ အမြဲရှိ၏။

မေ၊ ငါ့အား။ ဇီဝိတံ၊ အသက်ရှင်၍နေရခြင်းသဘောသည်။ အဓုဝံ၊ အမြဲမရှိ။

မြန်မာလို လိုက်ဆိုပါဦး။

ငါ့အားသေရခြင်းသဘောသည် အမြဲရှိ၏။

ငါ့အား အသက်ရှင်၍နေရခြင်း သဘောသည် အမြဲမရှိ။ အဲဒါလေး ကို သတိရတဲ့အခါတိုင်း စိတ်ထဲကနေ ရွတ်ဆိုပွားများနေပါ။ ပုဏ္ဏားကြီး တို့မိသားစုလည်း အဲဒီလိုပွားများလာကြတာ နှစ်အတော်ကြာသွားကြပြီ ပေါ့။ တစ်နေ့တော့ သားအဖနှစ်ယောက် လယ်ထဲကအမှိုက်စတွေစုပြီး မီးရှို့ကြတယ်။ ထွက်လာတဲ့မီးခိုးတွေက တောင်ပို့ပေါက်ထဲ လေသင့်တော့ ဝင်ကုန်တယ်။ တောင်ပို့ထဲမှာနေတဲ့မြွေဟောက်က ဒေါသဖြစ်သွားတယ်။

ငါ့ကို မီးခိုးမွှန်အောင်လုပ်တဲ့လူ သေပေတော့ဆိုပြီး တောင်ပို့ထဲက ထွက်လာပြီး ပုဏ္ဏားကြီးသားခြေထောက်ကို ပေါက်လိုက်တယ်။ အဆိပ်ပြင်း တဲ့အတွက်ကြောင့် တုံးခနဲလဲပြီး ချက်ချင်းသေသွားတယ်။ သား သေတာ ကိုမြင်လိုက်တာနဲ့ ပုဏ္ဏားကြီးက သေခြင်းသဘောတရားရှိတဲ့ အရာဟာ သေရတာပဲ၊ ပျက်စီးခြင်းသဘောတရားရှိတဲ့အရာဟာ ပျက်စီးရတာပဲ။

www.dhammaransi.com

ငါ့အား သေရခြင်းသဘောသည် အမြဲရှိ၏။ ငါ့အား အသက်ရှင်၍ နေရခြင်းသဘောသည် အမြဲမရှိလို့ ပွားများရင်း သားအလောင်းကို မီးသင်္ဂြိုဟ်ရအောင် ထင်းတွေရှာပြီး ချက်ချင်းပြင်ဆင်တယ်။ တစ်ချက် မျက်နှာမညှိုးဘူး။ မရဏာနုဿတိဘာဝနာရဲ့စွမ်းရည်ပေါ့။ ပြင်ဆင်ပြီး တာနဲ့ အိမ်ဘက်သွားမယ့် လူကြုံတစ်ယောက်ကို မှာလိုက်တယ်။

ပုဏ္ဏေားမကြီးနဲ့ မိသားစုများအားလုံး ပန်းနံ့သာလက်စွဲပြီး လယ်ထဲ ကိုလိုက်လာကြပါ။ ထမင်းကိုလည်း တစ်ယောက်စာသာထုပ်ခဲ့ပါဆိုတဲ့ အမှာစကားကိုကြားရတော့ ပြောလာသူကို တစ်ချက်ပဲ ပြန်မေးလိုက်တယ်။ အခုမှာလိုက်သူဟာ ပုဏ္ဏားကြီးလား၊ သားကြီးလားတဲ့။ လူကြုံက ပုဏ္ဏား ကြီးက မှာလိုက်တာပါလို့ ဖြေလိုက်တာနဲ့ ပုဏ္ဏေားမကြီးက သိသွားပြီ။ ယနေ့ ငါ့သားတော့ဆုံးရှာပြီလို့။

## သေတာမငိုသောမိသားစု

မိသားစုအားလုံးကို သားသေကြောင်း အသိပေးပြောကြားပြီး မီး သင်္ဂြိုဟ်ဖို့ ထွက်လာခဲ့ကြတယ်။ ထမင်းကလည်း တစ်ယောက်စာသာ ထုပ်လို့ပေါ့။ လယ်ထဲရောက်တော့ အလောင်းဘေးမှာဝိုင်းထိုင်ပြီး တိတ် ဆိတ်ငြိမ်သက်စွာ မရဏာနုဿတိဘာဝနာကို ပွားများကြတယ်။ ရှုပ်ပျက် ဆင်းပျက် အော်ဟစ်ငိုဖို့နေနေသာသာ မျက်ရည်တောင်မလည်ကြပါဘူး တဲ့။ ဘာဝနာပွားပြီးတာနဲ့ သားအလောင်းကို မီးသင်္ဂြိုဟ်ကြတယ်။

သူတို့ရဲ့ မရဏာနုဿတိဘာဝနာတန်ခိုးကြောင့် သိကြားမင်းတောင် မနေနိုင်ဘဲ တာဝတိံသာကဆင်းလာပြီး ခရီးသွားယောင်ဆောင်ကာ ပုဏ္ဏားကြီးကို စမေးတယ်။

"အသင်ပုဏ္ဏားကြီးတို့မိသားစု ဘာလုပ်နေကြတာပါလဲ"

"လူသေအလောင်းကို မီးသင်္ဂြိုဟ်နေတာပါ"

"ကျွန်ုပ်ကတော့ လူသေမီးရှို့တယ်လို့ မထင်ဘူး။ သားကောင်တစ် ကောင်ကို မီးရှို့တယ်လို့ပဲထင်တယ်"

"မဟုတ်ပါဘူး၊ ခရီးသွားကြီး လူသေကောင်ကို မီးရှို့တာပါ"

"လူသေဆိုရင်လည်း အဲဒီသေတဲ့လူဟာ သင်တို့ရဲ့ရန်သူ ဖြစ်မယ် ထင်ပါတယ်"

"ရန်သူမဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့သားကြီးပါ"

"သားဆိုရင်လည်း မုန်းစရာကောင်းတဲ့သား ဖြစ်မယ်ထင်ပါတယ်"

www.dhammaransi.com

"မဟုတ်ပါဘူး၊ လိမ္မာပြီး အလွန်ချစ်စရာကောင်းတဲ့ သားတစ်ယောက်ပါ"

"ဒါဆိုရင် ဖခင်ဖြစ်တဲ့သင်ဟာ ဘာဖြစ်လို့ မငိုတာလဲ"

"မိတ်ဆွေ၊ မြွေဟာ အရေဟောင်းကိုစွန့်ပြီး လိုရာသွားသကဲ့သို့ ကျွန်ုပ်သားသည်လည်း ဘဝဟောင်းကိုစွန့်၍ ဘဝသစ်သို့ သွားခဲ့လေပြီ။ ဤရုပ်ကလာပ်သည် ဘာမျှအသုံးမကျတော့ပေ။ သေလွန်သွားသူအတွက် ငိုကြွေးလို့ ကျွန်ုပ်အတွက် ဘာအကျိုးရှိမှာလဲ၊ ကျွန်ုပ်တို့က ငိုကြွေးနေသော်လည်း ဘဝတစ်ပါးရောက်သွားသူက ဘာမှမသိတော့ပေ။ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်မိတ်ဆွေ"

"အင်း တော်ပါပေတယ်၊ တော်ပါပေတယ်"ဟုပြောကာ ပုဏ္ဏားမကြီးဘက် လှည့်မေးပြန်ပါတယ်။

"အစ်မကြီးနဲ့ အခုသေသွားသူဟာ ဘာတော်ပါသလဲ"

"ကျွန်မဝမ်းမှာ ဆယ်လလွယ်ပြီး မွေးခဲ့ရတဲ့ သားအရင်းပါ"

"သားအရင်းသေတာတောင် မျက်ရည်တစ်စက်မကျတာ ဘယ်လိုကြောင့်ပါလဲ"

"ခရီးသွားကြီး၊ ကျွန်မသားဟာ ကျွန်မကမခေါ်ဘဲနဲ့ ဒီဘဝထဲကိုရောက်လာတာပါ။ အခုလည်း ကျွန်မကမနှင်ဘဲ သူဟာသူ ဘဝတစ်ပါးကိုပြန်သွားခဲ့ပါပြီ။ အဲဒီလို မခေါ်ဘဲနဲ့လာ၊ မနှင်ဘဲနှင့် ပြန်သူတစ်ယောက်အတွက် ကျွန်မငိုနေလို့ ဘာမှအကျိုးမရှိပါဘူး"

လို့ ဖြေလိုက်တော့ သိကြားမင်းလည်း တအံ့တဩဖြစ်ပြီး သေသူရဲ့နှမကို မေးမြန်ပါတယ်။

"တူမနဲ့သေသူ ဘာတော်ပါသလဲ"

"မောင်နှမတော်ပါတယ်"

"ဒါဆိုရင် ကိုယ့်အစ်ကိုတစ်ယောက်သေတာ ဘာဖြစ်လို့ မငိုရတာလဲ"

"ဦးကြီး၊ သေသူအတွက် ငိုကြွေးပြီး မစားနိုင်မသောက်နိုင်ဖြစ်ရင် ပိန်လို့ပြီး ရောဂါရတာပဲရှိမှာပေါ့။ သေသူအတွက်ရော၊ ငိုသူအတွက်ရော ဘာမှအကျိုးမရှိပါဘူး။ ကျွန်မနဲ့စပ်ဆိုင်သမျှ ဆွေမျိုးသားချင်းတွေက ကျွန်မငိုကြွေးတာကြည့်ပြီး စိတ်ဆင်းရဲတာပဲရှိမှာပါ။ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်"

သိကြားမင်းကတော့ အံ့ဩပြီးရင် အံ့ဩရင်းပေါ့။ တစ်ခါ သေသူရဲ့မယားဖြစ်သူဘက်လှည့်ပြီး

www.dhammaransi.com

"ဒီဘက်ကတူမနဲ့ သေသူနဲ့ရော ဘာတော်ပါသလဲ"

"ကျွန်မကိုလုပ်ကိုင်ကျွေးမွေးနေတဲ့ ခင်ပွန်းဖြစ်ပါတယ်"

"ကိုယ့်ခင်ပွန်း လင်သားတစ်ယောက် သေတာတောင် ဘာကြောင့် မငိုကြွေးတာလဲ"

"ကောင်းကင်ကလမင်းကိုယူပေးဖို့ပြောပြီး ငိုကြွေးတဲ့ကလေးရယ်၊ သေသူကိုအာရုံပြုပြီး ငိုကြွေးတဲ့သူရယ်ဟာ အတူတူပါပဲ။ ဘာမှအကျိုး မရှိပါဘူး၊ ဒါကြောင့် မငိုကြွေးခြင်းဖြစ်ပါတယ်"

"ဒီဘက်ကတူမကရော သေသူနဲ့ ဘာတော်ပါသလဲ"

"သေသူဟာ ကျွန်မရဲ့သခင်တစ်ယောက် ဖြစ်ပါတယ်"

"သခင်တစ်ယောက်သေတာကို ဘာကြောင့်မငိုကြွေးရတာလဲ၊ အသင့် အပေါ်မှာ နှိပ်စက်ကလူပြုခဲ့တဲ့သူ ဖြစ်နေလို့များလား"

"အမှုလုပ်တွေအပေါ် မေတ္တာ၊ ကရုဏာနဲ့ စောင့်ရှောက်တဲ့ သခင် တစ်ယောက် ဖြစ်ပါတယ်၊ မငိုကြွေးရတာကတော့ အစိတ်စိတ်အမွှာမွှာ ကွဲသွားတဲ့အိုးဟာ ဘယ်လိုမှ အကောင်းပြန်မဖြစ်တော့သလို သေသူ အတွက် ငိုကြွေးနေလို့လဲ အသက်ပြန်ရှင်နိုင်တော့တာမဟုတ်ပါဘူး။ ဒါကြောင့် အပိုအလုပ်ဖြစ်တဲ့ ငိုကြွေးခြင်းအလုပ်ကို မလုပ်တာဖြစ်ပါတယ်"

အဲဒီအခါမှာ သိကြားမင်းဟာ သာစုသုံးကြိမ်ခေါ်ပြီး သင်တို့ ရထား တဲ့တရားကို နားထောင်ချင်လို့ လာခဲ့ခြင်းဖြစ်ပါတယ်။ ငါဟာ နတ်တို့ရဲ့ အရှင် သိကြားမင်းပါ။ သင်တို့သားဟာလည်း နတ်ပြည်ကိုရောက်နေခဲ့ ပါပြီ။ သင်တို့လည်း ယနေ့ကစပြီး ဝမ်းရေးအတွက် ဘာမှမပူကြပါနဲ့ တော့။ သင်တို့မိသားစုအတွက် တစ်သက်စာရတနာများကို ပေးခဲ့ပါ့မယ်။ အကျိုးကြီးလှတဲ့ မရဏာနုဿတိဘာဝနာကို ဆက်လက်ပွားများပြီး ဒါန လည်းပြုကြပါ။ သီလလည်း ဆောက်တည်ကြပါလို့ မှာကြားပြီး နတ်ပြည် ကို ပြန်သွားခဲ့ပါတယ်။

သေနည်းသင်တန်းအတွက် ဒုတိယအချက်ကတော့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားဆိုးသုံးမျိုး နည်းသွားအောင်၊ ကုန်သွားအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ကျန်တဲ့ကိလေသာတွေကတော့ ဒီသုံးပါးထဲ ထိုက်သလိုဝင်သွားကြတာပါ။ ဒါ့ကြောင့် ဒီသုံးပါးကိုသာ အဓိကထားပြီး ပြောရခြင်းဖြစ်ပါတယ်။ ကိလေသာခေါင်ချုပ်ကတော့ ဒိဋ္ဌိကိလေသာပါ။ သူ့ကိုတော့ ဝိပဿနာပညာနဲ့ သတ်ရပါတယ်။

www.dhammaransi.com

ဒိဋ္ဌိပြုတ်ဖို့ကတော့ သီးသန့်အချိန်ပေးဟောမှ ဖြစ်မှာပါ။ အခုတရားက ဝိပဿနာကို ထိထိရောက်ရောက်မရှုတတ်သူတွေ၊ အရိယာမဖြစ်သေးသူတွေအတွက် ဦးစားပေးဟောနေတာပါ။ ဝိပဿနာမပွားတတ်သေးခင်၊ အရိယာမဖြစ်သေးခင် သေဘေးနဲ့ကြုံလာခဲ့ရင် သစ်မရခင် ဝါးပေါင်းကွပ်တဲ့အနေနဲ့ ဟောပေးခြင်းပါ။ ဒီတော့ ဒီကိလေသာသုံးမျိုးရဲ့ ဆိုးကျိုးတွေကို ကြည့်လိုက်ရင်-

လောဘဆိုတာ သက်ရှိသက်မဲ့တစ်ခုခုကို စွဲလမ်းတပ်မက်ခြင်းပါ။ အဲဒီလောဘစိတ်နဲ့သေရင် ပြိတ္တာဘုံရောက်ပါတယ်။ ဒီလောဘဓာတ်တွေ လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် ဒုဗ္ဘိက္ခန္တရ - အငတ်ဘေးကြီး ဆိုက်ရပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ မီးလောင်ပြီး ပျက်စီးရပါတယ်။

ဒေါသဆိုတာ စိတ်ဆိုးတာ၊ အမျက်ထွက်တာ၊ ရန်ငြိုးဖွဲ့တာ၊ အာဃာတထားတာတွေပါ။ အဲဒီဒေါသစိတ်နဲ့သေရင် ငရဲထိကျပါတယ်။ ဒီဒေါသဓာတ် လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် သတ္ထန္တရကပ်၊ လက်နက်ဘေးကြီး ဆိုက်ရပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ ရေလွှမ်းပြီး ပျက်စီးရပါတယ်။

မောဟဆိုတာ၊ တွေဝေတာ၊ အမှန်ကိုမသိတာ။ အဲဒီမောဟနဲ့သေရင် တိရစ္ဆာန်ဘုံရောက်ပါတယ်။ ဒီမောဟဓာတ်တွေ လူသားတွေသန္တာန်မှာ အားကြီးလာမယ်ဆိုရင် ရောဂန္တရကပ် ရောဂါဘေးကြီး ဆိုက်ပါတယ်။ ဒီထက်ပိုပြီး အားကြီးလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ လေတွေကျပြီး ပျက်စီးရပါတယ်။ လိုချင်တပ်မက်တဲ့ လောဘဓာတ်ကို ဒါနနဲ့သတ်ပါ။

အမျက်ထွက်တဲ့ဒေါသကို သီလနဲ့သတ်ပါ။ တွေဝေတဲ့မောဟကိုတော့ ဘာဝနာနဲ့သတ်ပါ။ တစ်ချက်ခုတ် သုံးချက်ပြတ် ဆိုတဲ့အတိုင်း ဘာဝနာတစ်ခုခုလက်ကိုင်ထားပြီး ပွားနေမယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟ သုံးမျိုးလုံး မဖြစ်နိုင်တော့ပါဘူး။ လောဘ၊ ဒေါသက ဖြစ်ရင် သိလွယ်လို့ ရန်သူကို တိုက်ရိုက်ရင်ဆိုင်ရတာနဲ့ တူပါတယ်။ ယှဉ်တိုက်တဲ့အခါ နိုင်တဲ့အခါလည်း နိုင်မယ်၊ ရှုံးတဲ့အခါလည်း ရှုံးမယ်ပေါ့။

## သူလျှိုနဲ့တူတဲ့ အကုသိုလ်

ဥပမာ တပ်မက်တဲ့လောဘ၊ စိတ်ဆိုးတဲ့ဒေါသ ဖြစ်လာပြီဆိုရင် ကိုယ်က သတိနဲ့မထိန်းလိုက်နိုင်လို့ လွန်ကျူးမိတဲ့အခါ မိမိက ရှုံးသွား

www.dhammaransi.com

တာပေါ့။ သတိနဲ့ထိန်းလိုက်လို့ လောဘနဲ့ဒေါသ နောက်ဆုတ်သွားတဲ့အခါ မိမိကနိုင်တာပေါ့။ မောဟကျတော့ တစ်ဖက်နိုင်ငံက ကိုယ့်နိုင်ငံထဲလွှတ်ထားတဲ့ သူလျှိုနဲ့တူတယ်။ သူလျှိုဆိုတာ ကြောက်စရာအကောင်းဆုံး ရန်သူပဲ။

ဒါပေမယ့် သူ့လူကိုယ့်ဘက်သားလုပ်ထားတော့ သူ့ကို တွေ့မြင်ရပေမယ့် ရန်သူမှန်းမသိရဘူး။ ဒါကြောင့် မိမိကို သူလျှိုဟာ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ပြီး ဒုက္ခပေးချင်တိုင်းပေးတယ်။ မောဟကိုလည်း ထိုနည်းတူပဲ တိရစ္ဆာန်ဘုံပို့ပေးတဲ့ အကုသိုလ်ရယ်လို့ သိသူအင်မတန်နည်းတယ်။ ဒါ့ကြောင့်လည်း လူရော၊ ရဟန်းရော မောဟအကုသိုလ်ကပေးတဲ့ ဆိုးကျိုးတွေ တနင့်တပိုးခံနေရတာပေါ့။

မိမိစိတ်ဟာ ဘာဝနာနဲ့မနေသမျှ မောဟအကုသိုလ်နဲ့ နေတဲ့အချိန်လို့ပဲမှတ်ပါ။ လူသားတွေသန္တာန်မှာ ထုနဲ့ ထည်နဲ့ ဖြစ်နေတဲ့ မောဟတရားတွေက ကမ္ဘာလောကကြီးကို ရောဂါမျိုးစုံဖြစ်စေပြီး ဒုက္ခပေးတော့တာပေါ့။ ဒါ့ကြောင့်-

၁။ မိမိအပါအဝင် ကမ္ဘာလောကကြီးကို ရောဂါတွေနဲ့ မနှိပ်စက်စေချင်ရင်၊

၂။ တိရစ္ဆာန်ဘဝ ဘယ်တော့မှ မရောက်ချင်ရင်၊

၃။ လောဘ၊ ဒေါသ၊ မောဟ သုံးမျိုးလုံး မိမိသန္တာန်မှာ မဖြစ်စေချင်ရင်၊

၄။ ဒါနကုသိုလ်၊ သီလကုသိုလ်ထက်သာတဲ့ စက္ကန့်မလပ် အမြဲတမ်းယူလို့ရတဲ့ ကုသိုလ်ထူးကို ဆည်းပူးချင်ရင်

ဘာဝနာတရားတစ်ခုကို အမြဲတမ်းလက်ကိုင်ထားပြီး ပွားများပါလို့ တိုက်တွန်းချင်တယ်။ ဘာဝနာပွားဆိုတဲ့နေရာမှာလည်း အလုပ်ပျက်၊ အကိုင်ပျက် ပွားရမယ်လို့ မဆိုလိုပါဘူး။ ဥပမာ ရွှေပြည်သာကနေ မြို့ထဲသွားရင် အနည်းဆုံး အသွားအပြန် နှစ်နာရီခွဲလောက် အချိန်ကုန်တယ်။ ဘာဝနာမပွားဘူးဆိုရင် အဲဒီနှစ်နာရီခွဲဟာ အကုသိုလ်ဖြစ်ပြီး ကုန်ရမယ့်အချိန်ပေါ့။

ဒီလို အလကား အကုသိုလ်ဖြစ်သွားမယ့်အချိန်မျိုးမှာ ဘာဝနာတစ်ခုခု ပွားလိုက်မယ်ဆိုရင် ကုသိုလ်ဖြစ်သွားတာပေါ့။ ခန္ဓာကိုယ်ကို စောင့်ရှောက်တဲ့အနေနဲ့ ပွားများဘို့ ဘာဝနာကမ္မဋ္ဌာန်း လေးခုရှိတယ်။ အဲဒါတွေက ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာဿတိ ဆိုတဲ့

www.dhammaransi.com

ပါဠိအတိုင်းပဲပေါ့။ ဒီနေရာမှာ ဗုဒ္ဓါနုဿတိဂုဏ်တော်ပွားနည်း အကျဉ်းချုပ် သင်ပေးပါမယ်။

ဘုရားဂုဏ်တော်တွေကို အဖန်ဖန်အမှတ်ရပြီး ပွားများနေတာကို ဂုဏ်တော်ပွားတယ်လို့ ခေါ်တာပါပဲ။ ဘုရားဂုဏ်တော်ကိုးပါးထဲက ကိုယ်ကြိုက်ရာ ဂုဏ်တော်တစ်ပါးပါးကို ပုတီးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ပွားများလို့ရပါတယ်။ ဘာဝနာဆိုတာ စိတ်အလုပ်ဆိုတော့ ကိုယ်,နှုတ်အကူအညီမယူဘဲ ပွားများနိုင်ရင် ပိုထိရောက်တာပေါ့။ ဂုဏ်တော်မပွားမီမှာ ဂုဏ်တော်ပွားကျိုးလေးတွေကို ဦးစွာပြောပြချင်ပါတယ်။

စေတီအတူ၊ စိတ်မူတည်ကြည်၊
ရောက်မီနတ်ရွာ၊ တွေ့ခါသိလွယ်၊
မြင့်နွယ်အမျိုး၊ ရိုကျိုးခံရ၊
ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာနှင့်၊
ကာယခံတွင်း၊ ကြိုင်သင်းမွှေးကြူ၊
ကြီးထူပညာ၊ နက်စွာထက်ရွှင်၊
လျှင်မြန်ဆန်းကျယ်၊ ကောင်းကွယ်စကား၊
ဆိုနိုင်ပြားသည်၊ ဘုရားဂုဏ်တော်ပွားကျိုးတည်း။

အပါဒါန်ပါဠိတော်ကပြထားတဲ့ ဂုဏ်တော်ပွားကျိုး လင်္ကာလေးပါ။ ဘုရားဂုဏ်တော်ပွားများတဲ့သူဟာ ဖြစ်ရာဘဝမှာ-

၁။ သူ့ခန္ဓာကိုယ်ဟာ စေတီထိုက်တယ်၊ အများရဲ့ ရှိခိုးခံနိုင်တယ်။
၂။ စိတ်ဓာတ်တည်ကြည်ခံ့ငြားတယ်။
၃။ နတ်ရွာသုဂတိ ရောက်ရတယ်။
၄။ ဘုရားနဲ့တွေ့ရင် သစ္စာလေးပါးကို ခဏနဲ့သိတယ်။
၅။ မြင့်မြတ်တဲ့ အမျိုးအနွယ်မှာချည်းပဲ ဖြစ်ရတယ်။
၆။ ပတ်ဝန်းကျင်ရဲ့ ရိုသေလေးစားမှုကို ခံရတယ်။
၇။ အင်္ဂါခြေလက်ပြည့်စုံတဲ့ ဘဝကိုပဲ ရောက်ရတယ်။
၈။ အဆင်းလှပသူသာ ဖြစ်ရတယ်။
၉။ ကိုယ်နံ့၊ ခံတွင်းနံ့ဟာ ကြိုင်သင်းမွှေးကြူနေတယ်။
၁၀။ ကြီးမားတဲ့ပညာနဲ့ ပြည့်စုံတယ်။
၁၁။ နက်နဲတဲ့ပညာနဲ့ ပြည့်စုံတယ်။
၁၂။ ထက်မြက်တဲ့ပညာနဲ့ ပြည့်စုံတယ်။

www.dhammaransi.com

၁၃။ ရွှင်တဲ့ပညာနဲ့ ပြည့်စုံတယ်။
၁၄။ လျှင်မြန်တဲ့ပညာနဲ့ ပြည့်စုံတယ်။
၁၅။ ဆန်းကြယ်တဲ့ပညာနဲ့ ပြည့်စုံတယ်။
၁၆။ ကောင်းမြတ်တဲ့စကားကို ပြောကြားနိုင်တယ်။

"ဒါက သာမန်ပွားများရုံနဲ့ ရရှိနိုင်တဲ့ကောင်းကျိုးတွေပါ။ အကယ်၍ မိမိက သဒ္ဓါထက်သန်စွာ ပွားများမယ်ဆိုရင် စေတနာသဒ္ဓါထက်ရင် ထက်သလောက် ကောင်းကျိုးတွေက ပိုရလာနိုင်ပါတယ်။ အဲဒီအပါဒါန် ပါဠိတော်မှာပဲ ဂုဏ်တော်ပွားတဲ့ဘာဝနာကို အကြောင်းပြုပြီး ချမ်းသာသော အကျင့် လွယ်ကူသောအသိဉာဏ်နဲ့ ရဟန္တာဖြစ်ခဲ့ရတဲ့ သုဘူတိ အမည်ရှိတဲ့ မထေရ်တစ်ပါးအကြောင်း ပါပါတယ်။

## နတ်ဘဝအကြိမ်သုံးသောင်း

ဗုဒ္ဓဂုဏ်တော် ပွားများလို့ သီးသန့်ထပ်ရတဲ့ ကောင်းကျိုးတွေကို မထေရ်ကိုယ်တိုင်ပြန်ပြီး ဟောထားတာကို လင်္ကာသီထားတာက-

ဂုဏ်တော်ပွားထုံ၊ စိတ်လိုစုံပြည့်၊
နတ်ဘုံကမ္ဘာ၊ သုံးသောင်းသာတည့်၊
သိကြားမှာရှစ်ဆယ်၊ စကြာဝယ်တစ်ထောင်၊
အခေါင်ပဒေသရာဇ်၊ အကြိမ်ကြိမ်ဖြစ်၍
မကျေအပါယ်၊ စည်းစိမ်ဝယ်လည်း
လျော့မရှိဥစ္စာ၊ ဘိညာစျာန်မှုး
ဂုဏ်ထူးနှင့်ပင်၊ နိဗ္ဗာန်ဝင်သည်
ဂုဏ်တော်ပွားသူ အကျိုးတည်း။

*(တပ်ကုန်းဆရာတော်)*

သုဘူတိမထေရ်လောင်းဟာ ဟိုး... လွန်ခဲ့တဲ့ဘဝတစ်ခုက ဗုဒ္ဓဂုဏ်တော်ပွားများရတဲ့ ကောင်းကျိုးတွေကိုနာကြားရလို့ ဂုဏ်တော်ပွားသူတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဂုဏ်တော်တွေပွားများတဲ့ ဘဝကနေ သေတဲ့အခါ နတ်ပြည်မှာ နတ်သားအဖြစ် အကြိမ်သုံးသောင်း စည်းစိမ် ခံစားခဲ့ရပါတယ်၊ နတ်ဘွေအုပ်ချုပ်ရတဲ့ သိကြားမင်းအဖြစ် အကြိမ် ရှစ်ဆယ် ဖြစ်ခဲ့ရပါတယ်။

စကြာဝဠာတစ်ခုလုံးကို စိုးမိုးအုပ်ချုပ်တဲ့ စကြာဝတေးမင်းအဖြစ်က အကြိမ်ပေါင်းတစ်ထောင်၊ နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ရတဲ့မင်းအဖြစ်က

www.dhammadownload.com

တော့ အကြိမ်ပေါင်း မရေနိုင်မတွက်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဆိုလိုတာကတော့ လူဖြစ်တိုင်း ရှင်ဘုရင်ချည်းဖြစ်ရတဲ့ သဘောပါ။ လောကမှာ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓရဲ့ဂုဏ်ကို ပွားများလို့ အမြတ်ဆုံးဘဝကို ရောက်ရတာပါ။

အဲဒီ ဂုဏ်တော်ပွားတဲ့ဘဝကစပြီး အပါယ်လေးပါးကို လုံးဝမကျတော့ပါဘူး၊ ရရှိထားတဲ့စည်းစိမ်ဥစ္စာတွေဟာ လျော့သွားတယ်လို့ မရှိပါဘူး။ တိုးလို့သာလာပါတယ်၊ ယခု နောက်ဆုံးဘဝမှာလည်း လွယ်ကူသော အကျင့်၊ လျင်မြန်သောအသိဉာဏ်နဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုရပြီး အဘိညာဉ်ဝင်စားတဲ့နေရာမှာ အတော်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ထူးကြီး ရခဲ့တာဟာ ဂုဏ်တော်ပွားတဲ့ ကုသိုလ်ကြောင့်ပါပဲတဲ့။

ဘာဝနာကုသိုလ်ဟာ ဒါနကုသိုလ်၊ သီလကုသိုလ်ထက် ဘယ်လောက်သာတယ်ဆိုတာ ဒီဖြစ်ရပ်က သက်သေပြနေပါတယ်။ ကိုင်း လက်တွေ့ပွားကြည့်ရအောင် လိုက်ဆိုပါ။

| | |
|---|---|
| **အရဟံ** | ၊ လူ့,နတ်,ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေ၏။ |
| **သမ္မာသမ္ဗုဒ္ဓေါ** | ၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူပါ၏။ |
| **ဝိဇ္ဇာစရဏသမ္ပန္နော** | ၊ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူပါပေ၏။ |
| **သုဂတော** | ၊ ကောင်းသောစကားကို ဆိုတော်မူတတ်ပါပေ၏။ |
| **လောကဝိဒူ** | ၊ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟု ဆိုအပ်သော လောကသုံးပါးကို သိမြင်တော်မူပါပေ၏။ |
| **အနုတ္တရောပုရိသဓမ္မသာရထိ** | ၊ ဆုံးမထိုက်သူကို ဆုံးမတော်မူတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူပါပေ၏။ |
| **သတ္ထာဒေဝမနုဿာနံ** | ၊ လူ့,နတ်,ဗြဟ္မာ သတ္တဝါအားလုံးတို့၏ဆရာ ဖြစ်တော်မူပါပေ၏။ |
| **ဗုဒ္ဓေါ** | ၊ သစ္စာလေးပါးတရားကို သိမြင်တော်မူပါပေ၏။ |
| **ဘဂဝါ** | ၊ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော် ၆ ပါးနှင့် ပြည့်စုံတော်မူပါပေ၏။ |

www.dhammadownload.com

ခက်ဆစ်လေး နှစ်ခုလောက် ရှင်းပေးရမှာက လောကဝိဒူဂုဏ်တော်မှာ သတ္တလောကဆိုတာ လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ သက်ရှိသတ္တဝါမှန်သမျှကို ပြောတာပါ။ ဩကာသလောက ဆိုတာကတော့ အဲဒီသတ္တဝါတွေနေတဲ့ (၃၁)ဘုံ ဌာနတွေကို ပြောတာပါ။ သင်္ခါရလောက ဆိုတာကတော့ သတ္တဝါတွေသန္တာန်မှာ အမြဲမပြတ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ပြောတာပါ။

ဘဂဝါဂုဏ်တော်ထဲက က္လာဿရိယဆိုတာ တစ်လောကလုံးကို အစိုးရတာကို ပြောတာပါ။ ဓမ္မဆိုတာကတော့ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ်ဆိုတဲ့ တရားဆယ်မျိုးပေါ့။ ယသကတော့ အခြံအရံကြီးမားတာကိုပြောတာ။ သိရီဆိုတာကတော့ ကျက်သရေရှိတာကိုပြောတာ။ ကာမဆိုတာက အလိုရှိတိုင်း ပြည့်စုံရတာ။ ပယတ္တဆိုတာက ဘာမဆို စွမ်းနိုင်တာပေါ့။

## ဂုဏ်တော်တစ်ပါးစီ၏ ပွားရကျိုးများ

ဂုဏ်တော်ကိုးပါးလုံးပွားများမှမဟုတ်ပါဘူး။ ကိုယ်အားသန်ရာတစ်ပါးကိုပွားများရင် လုံလောက်ပါတယ်။ ငယ်ရွယ်သူများ ပွားများစေချင်တဲ့သဒ္ဓါစိတ်လေး ပိုဖြစ်သွားအောင် ဂုဏ်တော်တစ်ပါးစီရဲ့ ပွားရကျိုးများကိုလည်း ကြားဖူးနားဝရှိတဲ့အတိုင်း ဖော်ပြပါဦးမယ်။ အရဟံဂုဏ်တော်ကိုပွားများရင် ဘေးရန်ကင်းခြင်း၊ ကျန်းမာခြင်း၊ လာဘ်လာဘပေါများခြင်း အကျိုးရှိပါတယ်။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပွားများရင် စိတ်ရွှင်လန်းခြင်း၊ ဉာဏ်ပွင့်ခြင်း၊ စာမေးပွဲအောင်မြင်ခြင်းအကျိုးများ ရရှိပါတယ်။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကိုပွားများရင် အသက်မွေးအတတ်ပညာရပ်များ ပြိုင်ဘက်မရှိတတ်မြောက်ခြင်းအကျိုးများ ရရှိပါတယ်။ သုဂတဂုဏ်တော် ပွားရင် စကားစစ်ထိုးခြင်း၊ အမှုအခင်း၊ အရောင်းအဝယ်၊ အရေးတကြီးကိစ္စပြောဆိုခြင်း စသည်တို့မှာ အောင်မြင်မှုရတတ်ပါတယ်။

လောကဝိဒူဂုဏ်တော်ပွားများရင် လောကရေး၊ လူမှုရေးရာအဖြာဖြာနဲ့ လူကင်းလူကဲများကို ရှင်းရှင်းလင်းလင်း ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ပါတယ်။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် ပွားများရင် နတ်လူတို့အလယ် ကျော်စောသတင်းပျံ့နှံ့ခြင်း၊ ရှိခိုးပူဇော်ခံရခြင်းအကျိုးများ ရရှိပါတယ်။ သတ္ထာဒေဝမနုဿာနံဂုဏ်တော်ပွားများရင် နတ်စ၊ လျှာစ

www.dhammaransi.com

ထက်မြက်ပြင်းထန်၍ ဆိုတိုင်းရ ကြံတိုင်းအောင်မြင်တဲ့အကျိုးများကို ခံစားရပါတယ်။

စိတ္တဇဝေဒနာရှင်များကို သတ္တာဒေဝမနုသာနဂုဏ်တော်ရေမန်း တိုက်ပေးတာနဲ့ ရောဂါပျောက်ကင်းသွားတာ တွေ့ရဘူးပါတယ်။ ဗုဒ္ဓေါ ဂုဏ်တော်ပွားများရင် ဘေးဆိုး၊ ရန်ဆိုး၊ ကြမ္မာဆိုးအမျိုးမျိုးမှ လွတ်ကင်း၍ ချမ်းသာခြင်းနဲ့ပြည့်စုံတဲ့အကျိုး ရရှိပါတယ်။ ဘဂဝါဂုဏ်တော်ပွားများရင် ဘုန်းတန်ခိုးတေဇော်အာနုဘော်ကြီးခြင်း အကျိုးများကို ရရှိပါတယ်။

သေနည်းသင်တန်းရဲ့ တတိယမြောက်နဲ့ နောက်ဆုံးကျင့်စဉ်က တော့ သရဏဂုံသုံးပါးကို သတိတရရွတ်ဆိုပွားများနေဘို့ပါပဲ။ သရဏတ္တ တော တာဝသရဏဂတာန် ဘယံသန္တာသံ ဒုက္ခံဒုဂ္ဂတိပရိကိလေသံ ဟိံသ တိဝိနာသေတီတိအတ္ထော ရတနတ္တယဿေဝေတံ အဓိဝစနံ ဆိုတဲ့ မူလ ပဏ္ဏာသအဋ္ဌကထာအဖွင့်အရ သရဏဂုံစွဲမြဲတဲ့ပုဂ္ဂိုလ်ဟာ အကျိုးငါးမျိုး ခံစားရပါတယ်။

အဲဒါတွေကတော့ သရဏဂုံတည်နေသူဟာ ဘေးအမျိုးမျိုးက ကင်းလွတ်တယ်၊ ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းပျောက်တယ်၊ ကိုယ်ဆင်း ရဲ၊ စိတ်ဆင်းရဲကင်းတယ်၊ အပါယ်လေးပါးမကျအောင် စောင့်ရှောက် တယ်၊ စိတ်ရဲ့ညစ်နွမ်းခြင်းကိုလည်း ပယ်ဖျောက်ပေးနိုင်တယ်။ အဲဒီ အကျိုးငါးမျိုးထဲက သရဏဂုံသုံးပါးတည်မြဲမှုကြောင့် အပါယ်ဘေးက လွတ်ပြီး နတ်ရွာသုဂတိရောက်ခဲ့တဲ့ သာဓကလေးတစ်ခုကို နားထောင် ကြည့်ကြရအောင်။

## စစ်မှုထမ်းဟောင်းနတ်သားကြီး

တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး ချင်းပြည်နယ်၊ ခန္တီးတောင်မှာ သီတင်းသုံးနေစဉ်ကဖြစ်ပါတယ်။ ၁၃၄၁-ခုနှစ်၊ တန်ခူး လဆန်း လေးရက်နေ့မှာ ဆရာတော်ကြီးထံကို အသက်လေးဆယ်ကျော် ခန့်ရှိ ပင်စင်စား တပ်ကြပ်ကြီးတစ်ယောက် ရောက်လာခဲ့ပါတယ်။ သူဟာ ပခုက္ကူမြို့၊ ကမ်းနားတန်းသား လှေသူကြီးမျိုးရိုး ဖြစ်ပါတယ်။

အမည်ကတော့ ဦးလှရွှေပါတဲ့။ ရောက်လာခြင်းအကြောင်းကို တော့ သူမလာခင် ဆယ့်လေးငါးရက်ခန့်ကရောက်လာတဲ့ တပ်ကြပ်ကြီး လှရွှေရေးလိုက်တဲ့စာထဲကအတိုင်း ပြောရရင် ဆရာတော်ကြီးဘုရား တပည့်တော်ရဲ့အမည်ကို တပ်ကြပ်ကြီးလှရွှေလို့ ခေါ်ပါတယ်။ တပည့်

www.dhammadownload.com

တော်ဟာ ဆယ်နှစ်သားအရွယ်ကတည်းက တပ်ထဲရောက်ခဲ့ရပါတယ်ဘုရား။

ဒါ့ကြောင့်လည်း ဘာသာရေးအကြောင်း နကန်းတစ်လုံးတောင် မသိဘဲ သောက်လိုက်စားလိုက်၊ သတ်လိုက်ဖြတ်လိုက်နဲ့ အချိန်ကုန်ခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော် ကြာခဲ့ပါတယ်ဘုရား။ အခု တပည့်တော် ဆေးပင်စင်နဲ့ တပ်ကထွက်ခဲ့ပါပြီဘုရား။ ဒီပုံစံအတိုင်းသာ သေသွားရင် အပါယ်ငရဲ ရောက်မယ်ဆိုတာ တပည့်တော်ကိုယ်တိုင် သိနေပါတယ်ဘုရား။

အသက်လေးဆယ်ကျော်မှ ဘာသာရေးအသိကိုစရမယ့် တပည့်တော်အတွက် အပါယ်လေးပါးမှလွတ်စေတဲ့ အလွယ်ကူဆုံး ကမ္မဋ္ဌာန်းတစ်ခုကို ပေးသနားပြီး ဆရာတော်ကြီးအနားမှာ သုံးလေးနှစ်ခန့် နေခွင့်ပြုပါဘုရား လို့ ခွင့်တောင်းခဲ့ပြီး ဆရာတော်ကြီးခွင့်ပြုချက်နဲ့ ရောက်လာသူဖြစ်ပါတယ်။ ဒီတော့ ဆရာတော်ကြီးကလည်း သရဏဂုံဆောက်တည်ပွားများပုံကိုသာ အဓိကထားပြီး သင်ကြားပေးပါတယ်။

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်အရှင်မြတ်တို့ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ ဆိုတာကစပြီး အသေးစိတ် သင်ပေးတော်မူပါတယ်။ သရဏဂုံသုံးပါးအဓိပ္ပာယ် အကျိုးသွားတွေကို ဗုဒ္ဓဘာသာတိုင်း ကျကျနန သိသင့်ပါတယ်။

ဥပမာ- ဘာသာခြားများက မေးလာပါပြီတဲ့။ ကျွန်တော်တို့ ခရစ်ယာန်ဘာသာမှာတော့ ဘာသာဝင်တဲ့အခမ်းအနားရှိပါတယ်။ ရေဖျန်းခြင်း၊ ရေနှစ်ခြင်းလုပ်ပြီးတာနဲ့ ခရစ်ယာန်ဘာသာဝင်ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အစ္စလာမ်ဘာသာမှာတော့ နမတ်ဖတ်ပြီးတာနဲ့ အစ္စလာမ်ဘာသာဝင် ဖြစ်သွားတာပဲ၊ ခင်ဗျားတို့ဗုဒ္ဓဘာသာတွေရော ဘာသာဝင်တဲ့အခမ်းအနား ရှိပါသလား။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘယ်အချိန်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သလဲလို့မေးခဲ့ရင် ဗုဒ္ဓဘာသာအများစုမှာ ကျကျနနဖြေနိုင်မယ့်သူ အင်မတန်မှနည်းမှာပါ။ ဖြေရမှာက ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ သိတတ်တဲ့အရွယ် ပထမဆုံး သရဏဂုံဆောက်တည်ပြီးစ အချိန်မှာပဲ ဗုဒ္ဓဘာသာ ဖြစ်ခဲ့တယ်လို့ ဖြေရမှာပါ။

www.dhammarahsi.com

သရဏဂုံဆောက်တည်ပြီးစနေ့ဟာ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့နေ့ ဖြစ်သလို ဘုရား၊ တရား၊ သံဃာမှတပါး အခြားအရာတွေကို ရတနာသုံးပါးထက် မြတ်တယ်လို့ယူဆပြီး ကိုးကွယ်တဲ့နေ့ဟာ ဗုဒ္ဓဘာသာဝင်အဖြစ်က ရပ်စဲတဲ့နေ့ပဲ ဖြစ်ပါတယ်။

"ဆရာတော်ကြီးရဲ့ သွန်သင်ညွှန်ပြမှုကြောင့် သရဏ ဂုံသုံးပါးကို အိပ်မက်ထဲထည့်မက်တဲ့အထိ စွဲမြဲခဲ့သလို အာနာပါနနဲ့ မေတ္တာကမ္မဋ္ဌာန်းတို့ကိုလည်း ပိုင်ပိုင်နိုင်နိုင်ကြီး ပွားများလာနိုင်ပါတယ်။ ၁၃၄၅ ခုနှစ် လောက်ရောက်လာတော့ ကလေးမြို့မှာ စီးပွားရှာဦးမယ်ဆိုပြီး ပြန်သွားပါတယ်။ အိမ်ထောင်ပြုဖို့ ရည်ရွယ်ချက်ရှိတဲ့အကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်း လျှောက်သွားပါတယ်။

အရှယ်ကောင်းစဉ်က အိမ်ထောင်တစ်ကြိမ်ကျဖူးပါတယ်။ ဒါပေမယ့် သားလေးရော၊ မယားပါ သူပုန်တွေရဲ့လက်ချက်နဲ့ သေဆုံးခဲ့ရပါတယ်။ အဲဒီကတည်းက နောက်အိမ်ထောင်မပြုခဲ့တာ အခုအချိန်ထိပေါ့။ ဒါပေမယ့် အမြဲတမ်းရှိနေတဲ့ သေခြင်းတရားက ဦးလှရွှေကို စီးပွားရှာခွင့် မပေးသလို အိမ်ထောင်ပြုခွင့်လည်း မပေးတော့ပါဘူး။

၁၃၄၅ ခု၊ တော်သလင်းဆုတ် ၃ ရက် စနေနေ့ ညနေ (၃)နာရီမှာ ရိုးရိုးအဖျားကြီးတဲ့ရောဂါရော၊ ငှက်ဖျားရောဂါကပါ နှိပ်စက်လို့ ဘဝတစ်ပါး ပြောင်းသွားရပါတယ်။ ဆရာတော်ကြီးကလည်း တပည့်ဖြစ်သူ သူ့စကားအတိုင်း သေခြင်းတရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်သွားရဲ့လား၊ ကောင်းရာသုဂတိရောရောက်ရဲ့လားဆိုတာ သိပ်သိချင်နေတယ်။

ဒါပေမယ့် ဆရာတော်ကြီးအနေနဲ့ တပ်ကြပ်ကြီးလှရွှေ သေပြီးခြောက်လလောက်အကြာ ၁၃၄၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် စနေနေ့ကျမှ ကလေးမြို့ကို ရောက်အောင်သွားနိုင်ပါတော့တယ်။ ဦးလှရွှေ နေထိုင်မကောင်းစဉ်က အစအဆုံး ပြုစုလိုက်ရတဲ့ ဦးသန်းထွန်းတို့ မိသားစုအိမ် ရောက်သွားမှ ဆရာတော်ကြီးလည်း တပည့်ဖြစ်သူအတွက် ရတက်အေးရပါတော့တယ်။

ပိုပြီးအနီးကပ်ပြုစုရတဲ့ ဦးသန်းထွန်းသားကြီးက ဦးလှရွှေရဲ့ သေခါနီးမြင်ကွင်းကို သေချာလျှောက်တာက-

"ဆရာတော်ကြီးရဲ့တပည့် ကောင်းရာသုဂတိရောက်မှာ အသေအချာပါဘုရား။ သူဟာ တပည့်တော်လက်ပေါ်မှာ အသက်ပျောက်သွားတာပါ။ ကလေးမြို့ ဆေးရုံမှာ (၈)ရက် ကြာပါတယ်ဘုရား၊ နောက်ဆုံး

www.dhammaransi.com

သေရမယ့်ရက်ကတော့ ရောဂါကအပြင်းထန်ဆုံးပေါ့ဘုရား။ ရောဂါက တက်လာလိုက် ဦးလှရွှေလည်း မျက်ဖြူကြီးလန်ပြီး သတိလစ်သွားလိုက်၊ တစ်ခါ ရောဂါကျလာလို့ သတိရတာနဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ဆိုတာပဲဘုရား။ တစ်ခါ ရောဂါတက်လို့ သတိလစ်သွားလိုက်၊ ရောဂါပြန်ကျလို့ သရဏဂုံရွတ်လိုက်နဲ့ပဲ နောက်ဆုံး အသက်ထွက်သွားတာပါဘုရား။ တပည့်တော် လျှောက်ချင်တာကတော့ ဆရာတော်ဘုရားကြီးတပည့်ဟာ သေရတဲ့အချိန်ထိ သရဏဂုံ သုံးပါး မြဲသွားတာဆိုတာပါပဲဘုရား။

"အဲသလောက်သိလိုက်ရတယ်ဆိုရင်ပဲ ဆရာတော်ကြီးက တပည့်အတွက် တော်တော်ကျေနပ်ပါပြီ။ ပိုပြီးစိတ်ချစရာကောင်းသွားတာက ဦးသန်းထွန်းရဲ့သားအငယ် မောင်နေလင်းရဲ့ လျှောက်ထားချက်ပါပဲ။ မောင်နေလင်းက ဦးလှရွှေသေပြီးနောက်ရက်မှာပဲ တပည့်တော် အိပ်မက်မက်တယ်ဘုရား။

အိပ်မက်ထဲမှာ ဦးလှရွှေက ပြုံးပြုံးပြက်ပြက် နတ်ဝတ်တန်ဆာတွေဝတ်ထားပြီး တအားလှနေတယ်ဘုရား။ လူ့ဘဝကုန်းကနဲ့ ဘာမှမဆိုင်ဘူးတဲ့၊ ဒီလောက်ဆို ပရိသတ်များလည်း တပ်ကြပ်ကြီးလှရွှေတစ်ယောက် သရဏဂုံအစွမ်းကြောင့် နတ်ပြည်ရောက်သွားပြီဆိုတာ သဘောပေါက်လောက်ပါပြီ။ တရားအဆုံးမှာ ဟောလာခဲ့သမျှကို အကျဉ်းချုပ် ခေါင်းစဉ်လိုက်ရင် သုံးမျိုးပဲ ရပါတယ်။

အသေမြတ်ချင်တဲ့သူဟာ ၁။ မရဏာနုဿတိဘာဝနာကို ပွားများထားရမယ်၊ ၂။ လောဘ၊ ဒေါသ၊ မောဟ တရားဆိုးသုံးပါး နည်းအောင်၊ မရှိအောင် ကြိုးစားကြရပါမယ်၊ ၃။ သရဏဂုံသုံးပါးကို စွဲမြဲရပါမယ်။ ဒီသုံးချက် ပိုင်နိုင်ထားရင် သေခြင်းတရား ဘယ်အချိန်လာလာ ရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲပါပြီ။

အဲဒီအချက်တွေကို ကြိုတင်လေ့ကျင့်ထားတဲ့ အသက်ရှစ်ဆယ်အရွယ် ဦးကျော်ဇောအမည်ရှိတဲ့ ဒကာကြီးဟာ သူ အနိစ္စရောက်ခဲ့ရင် လိုက်ပို့တဲ့ပရိသတ်တွေ ဝေငှရအောင်ဆိုပြီး ကြိုရေးသားထားတဲ့ မရဏာနုဿတိကမ္မဋ္ဌာန်းလင်္ကာလေးရွတ်ပြီး တရားနိဂုံးချုပ်ကြရအောင်၊ လင်္ကာအဆုံးမှာ သာဓုခေါ်ကြရအောင်။

ကလလရေကြည်၊ တည်သည်ကစ၊ သေနေ့ကျအောင်၊
သွားရဝေနေ၊ ပေါင်းဖက်ကျွေးဆို့ နားနေရအံ့၊
www.dhammaransi.com

တစ်စက္ကန့်မျှ၊ ခွင့်မရဘူး၊ သူကငါ့ကို၊ မှီချင်လို၍၊
အားပိုက်စိုက်ခါ၊ လိုက်လေပါလည်း၊ ဘယ်ခါသောမှ၊
မမှီကြဘူး၊ နာမရှုပါ၊ ခန္ဓာငါးရပ်၊ ဓမ္မဝါတ်တို့၊
ဥပါဒ်ဌီဘင်၊ စီအစဉ်ဖြင့်၊ ဖြစ်လျှင်ဆောစွာ၊
ပျက်ခါသာလျှင်၊ မရဏာမင်း၊ သူ့လက်တွင်းသို့၊
ချဉ်းနင်းဝင်ရ၊ နှစ်ကာလကား၊ မည်မျှရှိ၏။
တွက်ဆဘိလော၊ သေသည့်ချိန်ရောက်၊ သေသည့်နောက်၌၊
တစ်ခေါက် တစ်ဖန်၊ လူ့ရပ်ဌာန်သို့၊ ဖြစ်ပြန်ပါလည်း၊
သေရှာဦးမည်၊ မလွဲသည်တည်း၊ နတ်ပြည်နတ်မင်း၊
ဖြစ်ပြန်လျှင်းက၊ မယွင်းသေရှာ၊ ရောက်ရမှာတည်း၊
ဗြဟ္မာမင်းတွေ၊ အကုဋေတို့၊ သချေ်သချာ၊
သက်ရှည်ပါလည်း၊ သေမှာမယွင်း၊ သို့ဖြစ်ခြင်းကြောင့်၊
သေခြင်းဓလေ့၊ အမြဲတွေ့လျှက်၊ သေ၍မဆုံး၊ သေကြဦးမည်။
သေတုန်းသေဆဲ၊ သေမစဲဘဲ၊ သေပွဲဝင်ရန်၊
သေမှာမှန်၏၊ လူ့ထံနတ်ရွာ၊ ထိုဗြဟ္မာတို့၊
ဖြစ်လာသမျှ၊ မရဏာဘေး၊ ထိုအရေးမှ၊
ကင်းအေးကြရန်၊ ပြည်နိဗ္ဗာန်သို့၊ စိတ်သန်ကြိုးကုတ်၊
နောက်မဆုတ်ဘဲ၊ အားထုတ်၍သာ၊ ကြိုးစားရာသည်။
သေရွာထိုမှလွတ်မည်တည်း။

*( ဦးကျော်ဆော )*

သာဓု - သာဓု - သာဓု

× × × × ×

ပုခက်နှင့်ဝေးသမျှ
မဝေးလှသုဿန်
ပြေးမရဆုတ်ခံခံတယ်
လုပ်ကြံလို့လွတ်ဘဲ
ပဋိစ္စသမုပ္ပါန်ကို
သမ္မုဒ္ဒိဟောမြွက်ကဘဲ
ဇာတိဟုရှိပါလျှင်
စုတိမှာမလွဲ
ပုဒိအာတုမရှိမသောမှုများမှုလွဲပါတင်

မယ်မာယာတစ်သာကီတွင်မှ သူဇာတိစခဲ့သည်ပင်
အသီတိရှစ်ဆယ်ဝင်သော် ခေတ်နယ်တွင်ဇာတ်သိမ်းလို့
ချုပ်ငြိမ်းတဲ့ပြည်မလ္လာ၊ စုတိနှင့်သာ၊
တို့များဖြင့် မသေပါပြီ
ကေကထာရှိဘူးဗျလေး။

*(မူလဒွါရမဟာနိကာယ ပဋ္ဌမသာသနာပိုင်
အဂ်ပူဆရာတော်ဘုရားကြီး)
၁၂၆၀ ခုနှစ်တွင် ရေးစပ်တော်မူသည်။*

"တရားနာပရိသတ်ထဲတွင် (၈)ရပ်ကွက်၊ သစ္စာပန်းခြံမှ ဦးလှဝင်းနှင့် ဒေါ်စန်းစန်းဝင်းတို့ ဇနီးမောင်နှံလည်း ပါလာခဲ့သည်။ တရားပွဲပြီး၍ အိမ်အပြန်တွင် ဦးလှဝင်းက ဒေါ်စန်းစန်းဝင်းအား-

"စန်းစန်းဝင်းရာ တရားကသိပ်ကောင်းတာပဲ။ ဆရာတော်လေးက ဒကာ၊ ဒကာမတွေအတွက် တကယ့်လိုအပ်ချက်ကို ရွေးဟောပေးသွားတာပဲ။ အင်မတန်ကျေးဇူးတင်ဖို့ကောင်းတယ်၊ ဒေါ်အေးကိုလည်း ချီးကျူးရမယ်ကွ၊ လင်သားရဲ့ကျေးဇူးကို သိတတ်တဲ့ မိန်းမထူး၊ မိန်းမမြတ် တစ်ယောက်ပဲ လင်သားအတွက် တရားပွဲလုပ်ပြီး အမျှပေးတယ်ဆိုတာ ငါတော့ ခုတစ်ခါပဲ တွေ့ဖူးသေးတယ်။ ဆရာတော် ဟောသွားသလိုပဲ သေခြင်းတရားဆိုတာ ရင်ဘတ်နဲ့ကျောလို ကပ်နေတာကွ။ ပေါ့ပေါ့နေလို့ မဖြစ်ဘူး"

"ဆရာတော်သင်ပေးခဲ့တဲ့အတိုင်း တို့လည်း နေ့စဉ်လေ့ကျင့်ထားကြရမယ်။ အေး... တစ်ခုတော့ ကြိုမှာထားမယ်ကွာ။ ငါက မင်းထက်လည်း အသက်ကြီးတော့ အရင်သေရဖို့များတယ်ကွ။ ငါများ မင်းထက် အရင်သေခဲ့ရင် ငါ့ရက်လည်မှာ ဒီမန္တလေးဆရာတော်ကိုပဲပင့်ပြီး တရားပွဲလုပ်ပေးပါကွာ"

ဟု မဦးမချွတ်ပြောကြားလိုက်ပါတော့သည်။ ထိုအခါ ဒေါ်စန်းစန်းဝင်းက "ရှင်ကလည်း နိမိတ်မရှိတာတွေ လျှောက်ပြောနေတယ်"ဟု ဟန့်လိုက်ရာ... ဦးလှဝင်းက "ကိုယ့်သေခြင်းတရားကို အမှတ်ရနေတာ။ မရဏာနုဿတိဘာဝနာပွားများနေတာနဲ့ အတူတူပဲ။ ကုသိုလ်တောင် ရတယ်လို့ ဆရာတော် ဟောထားတယ်လေကွာ"ဟု ချေပသဖြင့် ဒေါ်စန်းစန်းဝင်းမှာ နှုတ်ဆိတ်သွားခဲ့ရသည်။

www.dhammaransi.com

ကျွန်ုပ်၏တရားပွဲသည် ဦးလှဝင်းအတွက် သီးသန့်လာဟောပေးသကဲ့သို့ပင် ဖြစ်သွားခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် နောက်တစ်လခန့်အကြာမှာပင် ဦးလှဝင်းသည် ဘာရောဂါမှမရှိဘဲနှင့် အိပ်ရာထဲမှာပင် ရုတ်တရက်သေဆုံးသွားခဲ့ရရှာသည်။ တရားပွဲတစ်ပွဲ၏ အောင်မြင်မှုကို ပရိသတ်အနည်းအများ တစ်ခုတည်းနှင့် နှိုင်းယှဉ်၍မရပါ။

ဟောလိုက်သောတရားကို ပရိသတ်က ဘယ်၍ဘယ်မျှ လိုက်နာကျင့်ကြံသနည်းဟူသော ပေတံနှင့်သာ တိုင်းတာရပေမည်။ ဦးလှဝင်းကား ကျွန်ုပ်ဟောသောတရားကို မည်မျှလိုက်နာကျင့်သုံးကြောင်း သူ၏ကြို့တင်အမှာစကားက သက်သေခံနေပေသည်။ ဤအကြောင်းများကိုလည်း ဒေါ်စန်းစန်းဝင်းကိုယ်တိုင် လျှောက်ထားသောကြောင့် ကျွန်ုပ် အပြည့်အစုံသိရခြင်း ဖြစ်ပေသည်။

ဦးစွန် စိန်၏ရက်လည်တရားပွဲကို ၁၃၆၀ ခုနှစ်၊ ပြာသိုလဆန်း ခုနစ်ရက်၊ ရှစ်ရက် (၂၃၊ ၁၂၊ ၉၈ မှ ၂၄၊ ၁၂၊ ၉၈)ထိ နှစ်ည ဟောပေးခဲ့ရသလို ဦးလှဝင်း၏ရက်လည်တရားကိုလည်း ၁၃၆၀ ခုနှစ် တပို့တွဲလဆန်း ၇၊ ၈၊ ၉ရက် (၂၃၊ ၁၊ ၉၉ မှ ၂၅၊ ၁၊ ၉၉)ထိ သုံးညဟောပေးခဲ့ရပါသည်။

အရိယာမဖြစ်သေးသော၊ ဝိပဿနာ မရှုပွားတတ်သေးသော ယောဂီမှန်သမျှ အသေမြတ်ဖို့ ဟောကြားထားသောကျင့်စဉ်များကို လိုက်နာကျင့်ကြံနိုင်ကြပါစေသော်။

# အခန်း (၁၁)
## ထူးဆန်းသောဝင်္ကြွေး

၁၃၅၂ ခုနှစ်၊ ကဆုန်လဆန်းထဲတွင် လှိုင်မြို့နယ်၊ အုန်းတော စာသင်တိုက်သို့ ကျွန်ုပ်ရောက်ရှိခဲ့သည်။ ကျွန်ုပ်၏ မနားမနေ စာပေပို့ချမှုနှင့် ကြိုးစားပမ်းစားဟောပြောမှုတို့ကြောင့် စာသင်သားများ အောင်ချက်ကောင်းလာသလို ကိုးကွယ်ဆည်းကပ်သူ ဒကာ၊ ဒကာမများလည်း များပြားလာခဲ့သည်။

ဒကာ၊ ဒကာမတို့၏ သဒ္ဓါတရားများက တက်ကြွလာသလောက် ကျောင်းထိုင်ဆရာတော်၏ သဒ္ဓါတရားကား ဆုတ်ယုတ်ပျက်စီးလျှက်သာ လာခဲ့သည်။ စာသင်သားများအပေါ် စေတနာသဒ္ဓါတရား နည်းပါးလွန်းလှသည်။ ညကိုးနာရီထိုးသည်နှင့် မိန်းချပြီး တစ်ကျောင်းတိုက်လုံးကို အမှောင်တိုက် သွင်းလိုက်တော့သည်။

စာကြည့်ချင်သောသံဃာများ လျှပ်စစ်မီးရှိပါလျှက် ဖယောင်းတိုင်ထွန်းကြည့်ရတော့သည်။ မီတာခကုန်မှာစိုးလို့ မီးမပေးတာဆိုလျှင် မီတာခလှူမည့်သူရှိလျှင် သည်အခက်အခဲက လွတ်မြောက်နိုင်မည်ဟု ယူဆပြီး ကျွန်ုပ်အားသိက္ခာထပ်ထားသည့် ရဟန်းအမကြီး နော်မေဝင်းအား ပြောကြားတိုင်ပင်ရာ ကုန်ကျသည့်မီတာခအားလုံး လှူမည်ဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော်ကို ရဟန်းအမကြီးကိုယ်တိုင် သွားလျှောက်ခဲ့သည်။

စာသင်သားသံဃာများအားလည်း လျှပ်စစ်မီးကို လိုအပ်သလောက် အသုံးပြုဖို့ ခွင့်ပြုပါမည့်အကြောင်းကို လျှောက်ထားရာ ကျောင်းထိုင်ဘုန်းကြီးကား အလှူရှင်ရှေ့တွင် ခေါင်းငြိမ့်ပါသော်လည်း ညရောက်သောအခါ ကိုးနာရီထိုးသည်နှင့် မီးပိတ်သည်သာဖြစ်ပါ၏။

www.dhammaransi.com

ကျောင်းထိုင်ဘုန်းကြီး၏ စိတ်သဘောထားကို ကျွန်ုပ် ဘယ်လိုမှ နားမလည်နိုင်တော့။ စာသင်သားများ၊ မိတ္တာခအလှူရှင်ရှာပေးသော ကျွန်ုပ်၊ မိတ္တာခအလှူရှင် ရဟန်းအမကြီး သုံးဦးလုံးတို့မှာ စိတ်ဆင်းရဲကြရသည်။ ဤဖြစ်ရပ်သည်လည်း ကျွန်ုပ် ရွှေပြည်သာသို့ပြောင်းရွှေ့ရန်အတွက် အကြောင်းတစ်ခု ဖြစ်လာခဲ့ပါ၏။

"၁၃၅၄ ခုနှစ် တန်ဆောင်မုန်းလတွင် တန်ဖိုးအများဆုံး ကထိန်ပဒေသာပင်များကို ကျွန်ုပ်တို့ကျောင်းသို့ မြို့နယ်မှချပေးသည်။ လှိုင်မြို့နယ်အတွင်း အောင်ချက်ကောင်းသော စာသင်တိုက်စာရင်းဝင် ဖြစ်လာသောကြောင့် ဂုဏ်ပြုသည့်အနေဖြင့်ချပေးသော ပဒေသာပင်များဟု ဆိုလျှင် မမှားပေ။

စာသင်သားများ၏ ကြိုးစားချက်ကြောင့် ရလာသောအသီးအပွင့်ဖြစ်၍ ကျွန်ုပ်က စာသင်သားများကိုပင် အဓိကထား၍ ဝေခြမ်းလှူဒါန်းလိုက်ပါသည်။ ကျောင်းတိုက်အတွက်အဓိကမထားဘဲ စာသင်သားများအတွက် ဤမျှလောက်ထိ လှူရပါမည်ဟုဆိုကာ ကျောင်းထိုင်ဘုန်းကြီးသည် ဒေါသဖြစ်ပြီး ကျွန်ုပ်ကို စကားမပြောတော့ပါ။ ဤသည်လည်း တစ်ချက်။

ထို့ထက်ပို၍ဆိုးသည်ကား နေ့ခင်းနေပူကြီးထဲတွင် ဆွမ်းဆန်စိမ်းခံ ထွက်ရခြင်းပင် ဖြစ်ပါ၏။ (၁)နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ထိ ထွက်ရလျှင်ပင် စာသင်သားများ ဘာမျှပြောကြလိမ့်မည်မဟုတ်၊ ယခုသော်ကား သုံးကြိမ်တိတိထွက်ရသောအခါ သံဃာတော်များက မထွက်ချင်ကြတော့။ ကျောင်းအတွက်လည်း ထိုမျှလောက်ထိ ဆွမ်းဆန် မလိုတော့ဆိုသည်ကို သံဃာတိုင်း သိနေသည်မဟုတ်ပါလား။

ကျောင်းထိုင်ဘုန်းကြီးဘက်မှလည်း အလျှော့မပေး၊ ဆွမ်းဆန်စိမ်းခံ မထွက်လိုလျှင် ကျောင်းမှာလည်းမနေရဟု အမိန့်ထုတ်လေသောအခါ စာသင်သားသံဃာများသည် ကျွန်ုပ်နှင့် ရဟန်းအမကြီးကို အားကိုးပြီး ရွှေပြည်သာမြို့သို့ ချက်ချင်းပြောင်းကြပါတော့သည်။ ကျောင်းမြေနေရာ အသင့်မဝယ်ရသေးသဖြင့် ရွှေပြည်သာမြို့မှ ရန်ကုန်ကျောင်းဆရာတော်ထံတွင် ကျွန်ုပ်နှင့် သံဃာ(၁၆)ပါး တစ်လခွဲခန့် သောင်တင်နေပါသည်။

နေရေးရော စားရေးပါ တစ်လခွဲကြာအောင်တာဝန်ယူခဲ့သည့် ရန်ကုန်ကျောင်းဆရာတော်၏ကျေးဇူးကို ဘယ်တော့မျှ မေ့၍ရမည် မဟုတ်ပါ။ သံဃာအများကြီးနှင့် သူတစ်ပါးကျောင်းမှာ ကြာရှည်နေဖို့ရာ မတင့်တယ်

www.dhammadownload.com

သောကြောင့် ရဟန်းအမကြီး နော်မေဝင်းမှ ငွေလေးသောင်း ဒေါ်ညွန့်တင်နှင့်တကွ ကျွန်ုပ်ဆွမ်းခံအိမ်များမှ သုံးသောင်းခွဲ စုစုပေါင်း ခုနစ်သောင်းခွဲ စိုက်ထုတ်၍ ယခုနေရာမြေကွက်ကို ဝယ်ယူလှူဒါန်းကြပါသည်။

အနံ့ပေလေးဆယ်၊ အလျား ပေတစ်ရာ့တစ်ဆယ်ကျော် ရှိပါသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော် (၁၃၅၄)က ငွေ (၇၅၀၀၀)သည် ယခုအချိန် ၁၃၆၃ တွင် ၂၅ သိန်းခန့် တန်ဖိုးရှိနေလေပြီ။ ဒကာ၊ ဒကာမများမှာလည်း အိတ်သွန်ဖာမှောက် လှူဒါန်းလိုက်ခြင်းဖြစ်သောကြောင့် မြေဖိုးလှူပြီးသည်နှင့် ကျောင်းအတွက် မတတ်နိုင်ကြတော့ပါ။

## အကြွေးယူဖူးခြင်း

ဒီတော့ ကျွန်ုပ် ဘာလုပ်မည်နည်း။ လွယ်ပါ၏။ သစ်ဆိုင်မှ အကြွေးယူဆောက်ရန်ပင် ရှိတော့သည် မဟုတ်လား။ ကျွန်ုပ်တပည့် သုံးလေးပါးကို ခေါ်၍ ခေါင်းသုံးလုံးမှတ်တိုင်အနီးမှ စံပြဝါးခနိသစ်ဆိုင်သို့ ထွက်ခဲ့ပါတော့သည်။ ဆိုင်ပိုင်ရှင်ဒကာကြီးနာမည်ကို ဦးစိတင်းဟုခေါ်၍ ဒါယိကာမကြီးအမည်ကို ဒေါ်ဝါ ဟု မှတ်မိနေသည်။

ဘဝတစ်ကွေ့တွင် မထင်မှတ်သောကျေးဇူးရှင်များဖြစ်၍ မှတ်မိနေခြင်း ဖြစ်ပါ၏။ ဆိုင်ထဲဝင်လိုက်သည်နှင့် ဆိုင်ပိုင်ရှင် ဒကာကြီးကို အရောင်းစားပွဲနောက်တွင် အသင့်တွေ့လိုက်ရသည်။ ဘဝတစ်သက်တာတွင် တစ်ခါမှမလုပ်ခဲ့ဖူးသော အကြွေးယူခြင်းအလုပ်ကို လုပ်ရတော့မည်ဖြစ်၍ မူမမှန်သော နှလုံးတုန်ခြင်းနှင့် ရင်ခုန်ခြင်းကို ထင်ရှားစွာ ခံစားနေရသည်။

ကျွန်ုပ်တို့ကိုမြင်သည်နှင့် ဒကာကြီးက-

"ကဲ… အရှင်ဘုရားတို့ ထိုင်ကြပါဦးဘုရား၊ အလိုရှိတာတွေကို အမိန့်ရှိပါ။ တပည့်တော်တို့အားလုံး အဆင်ပြေအောင် ဆောင်ရွက်ပေးပါမည် ဘုရား"

ဒကာကြီး၏ ရည်ရည်မွန်မွန် နှုတ်ဆက်အားပေးစကားကြောင့် အနည်းငယ်တော့ အားရှိသွားပါသည်။ ကုလားထိုင်ပေါ် ထိုင်ပြီးသည်နှင့် ကျွန်ုပ်ပါးစပ်ကို ပလာစတာနှင့်ပိတ်လိုက်သလို ဖြစ်သွားစေသော စာတန်းလေးတစ်ခုကို အရောင်းစားပွဲပေါ်တွင် တွေ့လိုက်ရသည်။

ရေးထားသည်က "အကြွေးသည်းခံပါ"။ ကျွန်ုပ်မျက်နှာတစ်ခုလုံးလည်း ထူပူရှိန်းဖိန်းသွားသည်။ ဘာမျှမပြောတော့ဘဲ ထပြန်သွားတာ

www.dhammaransi.com

ကောင်းမလားဟူသော စိတ်ကူးက အကြိမ်ကြိမ်ပေါ်လာသည်။ တပည့်သုံးပါးမှာလည်း ဆရာ့ဒုက္ခကို သတိထားမိသွားဟန်တူသည်။ အားလုံး မျက်နှာလွှဲပြီး ခေါင်းလေးတွေကို ငုံ့ထားကြသည်။

"ဒါဟာ မင်းအတွက်လုပ်နေတာမဟုတ်ဘူး၊ သာသနာအတွက် လုပ်နေတာ၊ သာသနာမှာ တန်ခိုးရှိတယ်၊ အောင်ကို အောင်မြင်ရမယ်၊ ပြောသာပြောဟူသော အားပေးသံလေးကို နားထဲမှာ အလိုလိုကြားလာရသဖြင့် "ကဲ... ဒကာကြီးရေ စားပွဲပေါ်မှာတော့ အကြွေးသည်းခံပါလို့ ရေးထားတာ တွေ့ပါတယ်၊ ဦးပဉ္ဇင်းကတော့ သည်းမခံနိုင်တော့ဘူး၊ အကြွေးပဲ ယူရတော့မယ်၊ ဒကာကြီးနားလည်အောင် နည်းနည်းရှင်းပြရရင် ဦးပဉ္ဇင်းက လှိုင်မြို့နယ် စာသင်တိုက်က စာချဘုန်းကြီးတစ်ပါးပါ"

"အခု စာသင်သား (၁၆)ပါးနဲ့အတူ ရွှေပြည်သာကိုပြောင်းလာတော့ နီးစပ်ရာ ဒကာ၊ ဒကာမတွေက စုပေါင်းလှူလိုက်ကြတာ ငွေခုနစ်သောင်းခွဲ ရပါတယ်။ ကျောင်းမြေဝယ်လိုက်တော့ ငွေအကုန် ကုန်သွားပါတယ်။ ကျောင်းဆောက်ဖို့ မကျန်တော့ဘူး။ ဒီသံဃာ (၁၆)ပါးနဲ့ သူများကျောင်းမှာနေရတာလည်း နှစ်လနီးပါးရှိနေပြီဆိုတော့ ကျောင်းထိုင်ဘုန်းကြီးကို အားနာစရာကောင်းနေပါပြီ။

"ဒါ့ကြောင့် သာသနာပြုစိတ်ရှိတဲ့ ဒကာကြီးတို့လို ဆိုင်ပိုင်ရှင်တွေကို အကျိုးအကြောင်းပြောပြ မေတ္တာရပ်ခံပြီး တဲကျောင်းလေးတစ်ကျောင်းစာလောက် သစ်ဝါးကို ခေတ္တအကြွေးပေးထားစေချင်ပါတယ်။ အလှူငွေထပ်ရောက်တာနဲ့ ဒကာကြီးဆီ အမြန်ဆုံးပို့ပေးမှာပါ။

စကားဆုံးသည်နှင့် ကျွန်ုပ်ရော တပည့်သုံးပါးပါ ဦးစီတင်း မျက်နှာကို ဝိုင်းကြည့်လိုက်မိကြသည်။ ကံစမ်းမဲလိပ်လေးကို တဖြေးဖြေးဖြန့်ဖတ်နေသောသူနှင့် ကျွန်ုပ်တို့၏ရင်ခုန်မှုသည် အတူတူသာ ဖြစ်နေပါလိမ့်မည်။ ဒကာကြီးက-

"တပည့်တော်တို့လည်း ဗုဒ္ဓဘာသာတွေပဲဘုရား။ တတ်နိုင်သလောက် ကူညီမှာပေါ့ အရှင်ဘုရားတို့ တဲတစ်လုံးစာ လိုအပ်သလောက် တွက်ချက်ပြီး ယူသွားကြပါ။ အလှူငွေရောက်လာမှသာ ပြန်ပေးပါဘုရား၊ ရပါတယ်"

ဤအချိန်၌ တစ်ကမ္ဘာလုံးရှိ အသံမှန်သမျှတွင် ဒကာကြီးဦးစီတင်း၏ အသံသည်သာလျှင် ကျွန်ုပ်တို့အတွက် အချိုမြိန်ဆုံး၊ အကောင်းဆုံး ဖြစ်နေပါသည်။ သို့နှင့်ပင် တဲတစ်လုံးစာသစ်ဝါး၊ ဓနိများကို လက်တွန်းလှည်းပေါ်တင်ပြီး ပျော်ပျော်ကြီး ကျောင်းသို့ ပြန်လာခဲ့ကြပါသည်။

www.dhammaransi.com

## လက်ခမယူ ကုတင်ပါလှူသောဦးတင်ငွေ

"ရဟန်းအမကြီးနော်မေဝင်း၏ မိတ်ဆွေများဖြစ်ကြသော ဦးတင်ငွေတို့၊ ဦးတင်ရွှေတို့အဖွဲ့သားများပင် လက်ခမယူဘဲ ကျွန်ုပ်အိပ်ရန် ကုတင်တစ်လုံးကိုပင် လှူပြီးဆောက်လုပ်ပေးသွားကြပါသည်။ ကုတင်လှူသော ဒကာကြီး ဦးတင်ငွေမှာ ယခုဆိုလျှင် ရွှေပြည်သာမြို့၊ ၅/၄ ရပ်ကွက် အင်ကြင်းပန်းခြံ၌နေထိုင်လျှက် ရွှေပြည်သာသား ဖြစ်နေလေပြီ"

ကျောင်းဆောက်ပေးစဉ်က လှိုင်မြို့နယ်မှာပင် နေကြတုန်းဖြစ်သည်။ ကျောင်းဆောက်မပြီးမီမှာပင် လှိုင်မြို့နယ် အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (၂၁)၊ အခန်း (၁၀၅)နေ ကျွန်ုပ် စာချဘုန်းကြီးဘဝက ဆွမ်းဒကာများဖြစ်ကြသော ဦးမောင်မောင်အေး + ဒေါ်ခင်မြသီ မိသားစုတို့က ရေတုံကင်တစ်ခု ကိုယ်တိုင်တူးလှူသဖြင့် ရေအတွက်လည်း စိတ်ချမ်းသာခဲ့ရပါသည်။ ထူးခြားသည်က-

ကျွန်ုပ်ကျောင်းဝိုင်းထဲမှရေသည် အခြားကျောင်းဝိုင်းထဲမှ ရေများထက် ထူးထူးခြားခြား အကောင်းဆုံးဖြစ်နေခြင်းပါတည်း။ တစ်ချို့ကျောင်းနှင့် အိမ်များမှ သူတို့တွင် တုံကင်ရှိနေပါသော်လည်း ကောင်းလွန်း၍ဟုဆိုကာ ကျွန်ုပ်ကျောင်းထဲမှရေကို သောက်ရေအဖြစ် လာခပ်ကြပေသည်။

စာချဘုန်းကြီးဘဝက စာသင်သားသံဃာများအား တစ်နေ့လျှင် ရေစည် ပေပါနှစ်ဆယ်ခန့် သုံးနှစ်တိတိ တုံကင်နှိပ်ပြီး လှူခဲ့သော ကုသိုလ်ကံကြောင့်ဟု ယူဆမိပါသည်။ မိမိ၏စိတ်စေတနာ ထက်သန်မှုကြောင့် ယခုဘဝမှာပင် ကောင်းကျိုးချမ်းသာ ခံစားသွားရသော ဖြစ်ရပ်များကို မကြာခဏ တွေ့ရှိရပါသည်။

နှစ်အတန်ကြာကဖတ်ရသော မြတ်မင်္ဂလာစာစောင်တစ်ခုတွင် မုံရွာ၊ ကနီနယ်မှ ဒကာကြီးတစ်ယောက်သည် လူသွားလူလာများသော လမ်းဆုံလမ်းခွများတွင် ရေအိုးစင်နှင့် သစ်လုံးများကိုထွင်းထားသော ခွက်ကြီးများကိုချကာ ဝေးလံသောနေရာမှ သောက်ရေများကို ပင်ပင်ပန်းပန်း သယ်ပြီး နေ့စဉ်လှူခဲ့သည်။

ရေအိုးစင်မှာ လူများအတွက်ဖြစ်ပြီး သစ်လုံးထွင်းခွက်ကြီးများမှာ ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ဖြစ်သည်။ သူတို့နေရာသည် မိုးခေါင်ရေရှားဒေသဖြစ်သောကြောင့် ငွေရှိတိုင်း ရေလှူနိုင်ခြင်းမရှိပေ။ ယခုလို ကိုယ်တိုင်အပင်ပန်းခံပြီးခပ်နိုင်မှသာ ရေအလှူကို လှူနိုင်ပေသည်။

www.dhammaransi.com

"နှစ်အတန်ကြာ လျှူဒါန်းလာရာမှ တစ်ခုသောမိုးရာသီတွင် မိုးရွာပြီးနောက် ရေအလှူရှင်၏ အိမ်ဝိုင်းတစ်နေရာတွင် ရေများဝပ်ပြီး ကျန်နေခဲ့သည်။ မိုးတွင်းမို့ရေဝပ်တာဆိုပြီး မည်သူမျှသတိမထားမိကြ။ မိုးလရာသီကုန်သည်အထိ ရေများလျှော့မသွားသဖြင့် သေချာသွားကြည့်သောအခါမှ အလိုလိုဖြစ်လာသော သဘာဝရေတွင်းကြီးတစ်တွင်းကို တွေ့လိုက်ရပါတော့သည်။

ထိုနယ်တွင် ရေတွင်းတူးမရပေ။ ထိုရေအလှူရှင်၏ အိမ်ဝိုင်းအတွင်းမှာသာ သူလှူခဲ့သောရေအလှူကြောင့် ရေတွင်းတစ်တွင်း ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်ပေသည်။ စေတနာထက်သန်စွာဖြင့် လှူဒါန်းသော ဒါန၏ကောင်းကျိုးကား အံ့သြဘွယ်ရှိပေစွ။ သို့နှင့် ကျွန်ုပ်တို့သံဃာများမှာရေပြည့်စုံသွားသဖြင့် လျှပ်စစ်မီးအတွက် စဉ်းစားနေစဉ်မှာပင် မဟာဗုဒ္ဓဝံသကျောင်းဆရာတော် ဦးဝိမလက သူ့ကျောင်းမှလျှပ်စစ်မီးကို သွယ်ခွင့်ပေးပါသည်။ မီတာခကို တစ်ဝက်စီကျခံကြရန်လည်း အမိန့်ရှိပါသည်။

ထို့ကြောင့် ရေရော၊ မီးရောစုံသွားပြီဖြစ်ရကား ကျွန်ုပ်တို့သံဃာများမှာ စာပေကို စောက်ချ၍ကြိုးစားကြပါတော့သည်။ ရွှေပြည်သာတွင် ဒကာ၊ ဒကာမ အသိအကျွမ်းမရှိသေးသော ကျွန်ုပ်တို့သံဃာ (၁၆)ပါးအတွက် အရုဏ်ဆွမ်းကိုလည်း ရဟန်းအမကြီး ဒေါ်မေဝင်းတစ်ဦးတည်းက ဒိုင်ခံပြီးလှူဒါန်းခဲ့သော ကျေးဇူးမှာလည်း ကြီးမားလှပါသည်။

ထိုနှစ်မှစ၍ ပရိယတ္တိကိုကြိုးစားလာခဲ့ရာ စာသင်သားဦးရေလည်းတိုးလာကာ အပါးလေးဆယ်ခန့်ထိ ရှိလာသည်။ ကျောင်းအဆောက်အဦကား တဲတစ်လုံးမှနှစ်လုံး ဖြစ်လာခဲ့သည်။ အောင်ချက်ကလည်း ရွှေပြည်သာမြို့နယ်တွင် ထိပ်ဆုံးထိရောက်သွားခဲ့သည်။ ထိုအချိန်မှာပင် ထူးဆန်းသော ဝဋ်ကြွေးနှစ်မျိုးကို ကျွန်ုပ်ခံယူခဲ့ရသည်။

## ဝဋ်ကြွေးနှစ်မျိုး

သာသနာ့ဘောင်အတွင်း ကျွန်ုပ်နေခဲ့သော (၂၄)နှစ်အတွင်း ကျွန်ုပ်ကြုံခဲ့ရသောဖြစ်ရပ်မျိုး တစ်ခါမှမကြားမိခဲ့ဖူးပေ။ ထူးတွေတည့်အံ့ရာသော်ဟုပင် ဆိုရပါလိမ့်မည်။ ဇာတ်လမ်းအစကား ကျွန်ုပ် လှိုင်မြို့နယ်တွင် စာချဘုန်းကြီးဖြစ်စဉ်အခါက သဒ္ဓါတရားကောင်းသော ဒါယိကာမကြီးတစ်ယောက်ကို တွေ့ခဲ့ရဖူးသည်။

myanmaransi.com

ဆွမ်းကပ်သည့်နေ့မှာပင် ကြို့ကုန်း၊ မင်းခမွဲတောင်မှ ပြောင်းလာသော ကျောင်းတစ်ကျောင်းကိုမေးသဖြင့် ကျွန်ုပ်က ပြပေးရပါသည်။ ကျွန်ုပ်တို့ (၆)ရပ်ကွက် အဝိုင်းကြီးထဲတွင် မြို့ထဲမှပြောင်းလာသော ဘုန်းကြီးကျောင်း (၇၀)ခန့် ရှိပေသည်။ ဒါယိကာမကြီး မေးသော ကျောင်းမှာ ထို (၇၀)ထဲ အပါအဝင်ပင် ဖြစ်ပါသည်။

ထိုကျောင်းနှင့်ပတ်သက်၍ စာရှုသူများမှာ စိတ်ဝင်စားစရာနှင့် ခမ္ဘာဝေဂရစရာများ များစွာပါဝင်နေသော်လည်း ကျန်ရှိနေသော သက်ဆိုင်သူများအနေဖြင့် စိတ်အနှောင့်အယှက် မဖြစ်စေလိုသောကြောင့် ကျောင်းနာမည်ကို လွှဲပြောင်းရေးသားပါမည်။ သွပ်မိုး၊ ပျဉ်ကာကျောင်း ဖြစ်သောကြောင့် သွပ်မိုးကျောင်းဟူ၍ သုံးနှုန်းရေးသားပါမည်။

သွပ်မိုးကျောင်းသို့ရောက်သွားသောအခါ ကျောင်းထိုင်ဘုန်းတော်ကြီးကို ကြည်ညိုဖွယ်ရာ တွေ့ရပါသည်။ မေးမြန်းစုံစမ်းကြည့်သောအခါ သက်တော် (၇၀)ကျော်ပြီဖြစ်သော်လည်း ဝါမှာ (၂၅)ဝါသာ ရှိသေးသည် ဆိုသောကြောင့် တောထွက်ဘုန်းတော်ကြီးတစ်ပါးဖြစ်ကြောင်း သိရှိရပေသည်။

ထိုဆရာတော်ကြီးနှင့်အတူ အသက် (၇၀)ကျော် တောထွက်ကိုယ်တော်ကြီးနှစ်ပါးကိုပါ တွေ့ရသည်။ ဆွမ်းကပ်သော ဒါယိကာမကြီးမှာ ယင်းဆရာတော်ကြီးနှင့် လက်ထောက်ကိုယ်တော်ကြီးတို့ကို မင်းခမွဲကုန်းမှာ ရှိစဉ်အခါကပင် သိက္ခာထပ်ဖူးသဖြင့် နှစ်ပါးလုံး၏ ရဟန်းအစ်မ ဖြစ်နေပေသည်။

အကျဉ်းချုပ်ကား ကျွန်ုပ်၏ သာသနာပြုလုပ်ငန်းကို ကြည်ညိုသွားသော ထိုဆရာတော်ကြီးသည် သူပိုင် ကျောင်း၊ မြေနှင့် ပစ္စည်းပစ္စယ အားလုံးကို ကျွန်ုပ်အား စာချုပ်စာတမ်းလုပ်ပြီး အာလယပြတ် လှူဒါန်းလိုက်ခြင်းပါတည်း။ လှူပြီးစအချိန်က ထိုဆရာတော်ကြီးပြောသော စကားတစ်ခွန်းကို ကျွန်ုပ်အမှတ်ရနေသည်မှာ-

"အရှင်ဘုရားရဲ့ သာသနာပြုလုပ်ငန်းကို တကယ်ကြည်ညိုလို့ လှူတာပါ။ ဘာဝတ္တုငွေမှ တပည့်တော်ကို ပေးစရာမလိုဘူး။ အရှင်ဘုရား သာသနာပြုလုပ်ငန်းကြီး အောင်မြင်တာမြင်ရရင် တပည့်တော် ဝမ်းသာပါပြီ"တဲ့။

တကယ့်ကို လှိုက်လှိုက်လှဲလှဲ ရင်ထဲကလာသော စကားတစ်ခွန်းပါ။ ဆရာတော်ကြီးကို ပိုမိုကြည်ညိုလေးစားသွားပြီး မိဘလိုသဘောထားကာ

လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ရန် ဆုံးဖြတ်လိုက်ပါသည်။ သွပ်မိုးကျောင်းကိုရလိုက်သည်နှင့် ကျွန်ုပ်နှင့် စာသင်သားများအတွက် အများကြီးအဆင်ပြေသွားပေသည်။

သံယာနှစ်ဆယ်ခန့်ကို သွပ်မိုးကျောင်းသို့ ခွဲထားပြီး ဆက်လက်၍ စာသင်စာချအလုပ်ကို မပြတ်အားထုတ်နေပါသည်။ ထိုအချိန်မှာပင် ဆရာတော်ကြီး၏ကျောင်းအလှူကို ဖျက်ဆီးမည့် လူသုံးယောက် ပေါ်လာသည်။ ပထမတစ်ယောက်ကား ဆရာတော်ကြီးနှင့်အတူနေ လက်ထောက်ကိုယ်တော်တစ်ပါးပင်။

ကျောင်းအလှူကိုဖျက်ဆီးမည့် နောက်နှစ်ယောက်ကား ဆရာတော်ကြီး၏ လူ့ဘဝက မယားနှင့် သားပင် ဖြစ်ပါတော့၏။ သူတို့သည် ကျောင်းသို့ အကြိမ်ကြိမ်လာပြီး ဆရာတော်ကြီးကို နားပူနားဆာလုပ် ကြသည်။

ဥပမာအားဖြင့်-

"အဖေက လေးငါးသိန်းတန်တဲ့ကျောင်းကြီးကို ဘာဖြစ်လို့ အလကားပေးပစ်ရတာလဲ၊ အခု တပည့်တော်တို့မှာ စီးပွားရေးအဆင်မပြေလို့ ငတ်နေပြီ၊ အဖေ ဒီအတိုင်းကြည့်နေတော့မှာလား၊ တကယ်ဆို လှူချင်တယ်ဆိုတောင် တစ်ဝက်လောက်လှူပြီး တစ်ဝက်လောက် ငွေတောင်းသင့်တာပေါ့၊ အခု တပည့်တော်တို့ လှိုင်မြို့နယ်က ရပ်ကွက်တွေ ဖျက်နေရပြီ၊ တပည့်တော်တို့အိမ်လည်းပါတယ်"

"ရွှေပြည်သာပြောင်းဖို့ မြေဖိုးငါးထောင် သွင်းရမယ်တဲ့၊ အခု တစ်ပြားမှ မသွင်းနိုင်ဘူး၊ ကိုယ့်အဖေဘုန်းကြီးဆိုပြီး အားကိုးမိပါတယ်၊ အခုတော့ လမ်းဘေးအိပ်ရမလိုဖြစ်နေပြီ၊ အလှူခံတဲ့ မန္တလေးကျောင်းဘုန်းကြီးက သဘောကောင်းတယ် ပြောပါတယ်၊ ငွေနှစ်သိန်းလောက်တောင်းကြည့်ပါ၊ ဒါမှမဟုတ် ကျောင်းမြေတစ်ဝက်လောက်ကို ဘေးနားကကျောင်း ခွဲရောင်းလိုက်ပါ၊ ကျွန်တော်တို့ ဒုက္ခရောက်တာကို ဒီအတိုင်းကြည့်နေတော့မှာလားအဖေ"

ဟူသော အပြောမျိုးများဖြင့် မျက်ရည်တွေတွေကျပြီး ငိုယိုပြောလာသောအခါ ဆရာတော်ကြီးကား တင်းခံနိုင်ဟန် မတူတော့ပါချေ။ ဤစကားရပ်များကို ကျွန်ုပ်ကား နောင်အတော်ကြာမှ ဆရာတော်ကြီး၏တူ ဒုလ္လဘရဟန်းတစ်ပါးကပြောမှ သိရခြင်းဖြစ်ပါ၏။ ထိုစဉ်အချိန်ကကား ဘာမှမသိပါ။ ထို့ကြောင့်ပင် ဆရာတော်ကြီးမှုပြောင်းလာသည်ကို ကျွန်ုပ် မရိပ်မိခြင်းဖြစ်၏။

www.dhammaransi.com

## အပရစေတနာပျက်သောအခါ

ထိုအခါမှစ၍ ဆရာတော်ကြီး၏ လှူပြီးနောက် ဝမ်းမြောက်နေရမည်ဖြစ်သော အပရစေတနာကား ပျက်စီးသွားလေပြီ။ လောက၌ အခက်ခဲဆုံးအရာကား စွန့်လွှတ်ပြီးသော လှူဘွယ်ဝတ္ထုကို ပြန်လည်မတွယ်တာမိဖို့ပင် ဖြစ်ပါ၏။ ထိုအကြောင်းအရာသည် ဒါနများများပြုနေကြသော ဗုဒ္ဓဘာသာတိုင်း အရေးတကြီးသိသင့်သဖြင့် "ဗုဒ္ဓအလိုကျဒါနပြုနည်း"စာအုပ်တွင် အကျယ်ရေးသားဖို့ ရည်ရွယ်ထားပါသည်။

တစ်ခါတစ်ရံကျပြန်တော့လည်း ဘယ်သံဃာမှမပြောဘဲ သွားချင်ရာ ထွက်သွားတတ်ပြန်သဖြင့် သံဃာများမှာ စာကိုပင် ကောင်းစွာမကြိုးစားနိုင်ဘဲ ဆရာတော်ကြီးကိုသာ လိုက်ရှာနေရသည်။ အ,သော န,သော ကျွန်ုပ်ကား ထိုအချိန်ထိ ဆရာတော်ကြီး၏စိတ်ဓာတ်ကို မရိပ်မိသေး။

တစ်နေ့တွင် ဒုလ္လဘခဏဝတ်နေသော အသက် ၅၀ ခန့်ရှိ ဆရာတော်ကြီးတူ ဦးပဥ္စင်းကြီးတစ်ပါးက ကျွန်ုပ်အား-

"ဆရာတော် သွပ်မိုးကျောင်းဘုန်းကြီးကတော့ မူမမှန်တော့ဘူး၊ ဆရာတော်တို့ကတော့ ငယ်ငယ်ကတည်းက သာသနာ့ဘောင်ရောက်ခဲ့တာဆိုတော့ ဒါမျိုးတွေကို သတိထားမိမှာမဟုတ်ဘူး၊ တပည့်တော်အထင်တော့ သွပ်မိုးကျောင်းဘုန်းကြီး သူ့သားမယားတွေအတွက် ငွေလိုချင်လို့ ထင်ရာစွတ်လုပ်နေတယ်ထင်တာပဲ၊ တကယ့်ရောဂါလဲ မဖြစ်နိုင်ဘူး၊ အဲဒါ ဆရာတော် နှစ်ပါးချင်းတွေ့ပြီး သေချာမေးကြည့်ပါဦးဘုရား" ဟု လျှောက်ထားလေ၏။

## ပထမဝင်ငွေကြွေး

ကျွန်ုပ်ကား အကောင်လိုက်ပြမှ အရိပ်ထင်ပါတော့သည်။ မည်မျှညံ့လိုက်ပါသနည်း။ ဆရာတော်ကြီးကို အကြောင်းစုံမမေးမီ တစ်ရက်ခန့်အလိုမှာပင် နိုင်ငံတော်ဘွဲ့တံဆိပ်ဆက်ကပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ယောက် ကျောင်းသို့ရောက်လာပြီး

"မန္တလေးပရိယတ္တိစာသင်တိုက်ဆရာတော် ဦးဇဝနဆိုတာ အရှင်ဘုရားလားဘုရား"

"ဟုတ်ဂါတယ် ဘာအကြောင်းကိစ္စရှိပါသလဲ"

"တပည့်တော် ဘွဲ့တံဆိပ်ဆက်ကပ်ရေးအဖွဲ့ကပါဘုရား၊ ရွှေပြည်သာ သာသနာရေးမှူးတင်ပြလိုက်တဲ့ မြို့က ဘွဲ့တံဆိပ်လျှောက် စာချ

www.dhammadownload.com

နာယကဆရာတော် (၁၁)ပါးထဲမှာ အရှင်ဘုရားတစ်ပါးပဲ ဘွဲ့တံဆိပ် ဆက်ကပ်ခံရဖို့ အင်္ဂါအချက်အလက်တွေနဲ့ညီတဲ့အတွက် နိုင်ငံတော်က ဆက်ကပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီဘုရား"

"အေးပေါ့လေ၊ ဒကာကြီးတို့တာဝန် ဒကာကြီးတို့ဆောင်ရွက်ရမှာ ပေါ့၊ ဦးပဥ္စင်းတို့ကလည်း စာချဘုန်းကြီး စာချတဲ့တာဝန် ရှိနေတော့ ဘွဲ့တံဆိပ်ကပ်ကပ်၊ မကပ်ကပ် ချပေးနေမှာပဲ၊ အခုလည်း သာသနာရေးမှူး ကိုယ်တိုင် ကျောင်းလာပြီး စာရင်းယူတင်လိုက်တာပါ။ ဦးပဥ္စင်းတို့က ဘာမှ နားမလည်ပါဘူး၊ ဒါနဲ့ အခု ဦးပဥ္စင်းက ဘာတွေလုပ်ပေးရမှာတုန်း"

"တခြားတော့မရှိပါဘူးဘုရား၊ ဆရာတော် မွေးရပ်ဇာတိ၊ ပညာ သင်ခဲ့တဲ့ စာသင်တိုက်၊ အောင်ခဲ့တဲ့ စာမေးပွဲ၊ အဲဒါတွေကို အတိအကျ ရေးယူရမှာပါဘုရား"

"အဲဒါပြီးရင် ပြီးရောလား"

"မပြီးသေးဘူးဘုရား၊ ရပ်ကွက်သံဃာ့နာယက ဥက္ကဋ္ဌနဲ့ မြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌတို့ရဲ့ ထောက်ခံချက် ယူရဦးမယ်ဘုရား၊ အဲဒီ ထောက်ခံချက်နှစ်ခုရမှ ဘွဲ့တံဆိပ်ပေးလို့ရပါတယ်ဘုရား"

ထိုသို့ပြောပြီး မှတ်တမ်းများအားလုံးရေးယူပြီး ထွက်သွားလေသည်။ သို့သော် ကျွန်ုပ်ကား ထိုသူထွက်သွားသည်နှင့် ဘွဲ့တံဆိပ်ကိစ္စလည်း စိတ်ထဲမှ တစ်ခါတည်းထွက်သွားရကား ဘာမှဆက်၍ မစုံစမ်းမိတော့ပေ။ လွှတ်လပ်ရေးနေ့ ဘွဲ့တံဆိပ်စာရင်းများ ကြေငြာသောအခါ ကျွန်ုပ်အမည် ပါမလာသောအခါကျမှ အရာရာစေ့စေ့စပ်စပ်ရှိလှသော ရန်ကုန်ကျောင်း ဆရာတော်က-

"ဦးဇဝန၊ အရှင်ဘုရား ဘွဲ့တံဆိပ်ပေးမယ်လုပ်ပြီးမှ မပေးဖြစ်တာ ဘာကြောင့်တုန်း သိလား"

"မသိပါဘူးဘုရား၊ တပည့်တော် သတိလည်း မထားမိပါဘူး"

ကျွန်ုပ်နှင့်ရန်ငြိုးရန်စမရှိပါဘဲ ကျွန်ုပ်ရရှိမည့်ဘွဲ့တံဆိပ်မရအောင် အလုပ်ခံရခြင်းမှာလည်း ကျွန်ုပ်အတွက် ပထမဆုံး ထူးဆန်းသောဝဋ်ကြွေး ပင် ဖြစ်ပါ၏။ နောက်တစ်ရက်မှာပင် ဆရာတော်ကြီးနှင့် နှစ်ပါးချင်း တွေ့ပြီး ကျွန်ုပ် ပွင့်ပွင့်လင်းလင်း မေးရလေပြီ။

www.dhammaransi.com

## ဒုတိယဝင့်ကြွေး

"ဆရာတော် ပွင့်ပွင့်လင်းလင်းသာဖြေပါ။ တပည့်တော်ကို အားမနာပါနဲ့။ ဆရာတော် အခုလို စိတ်ဂယောက်ဂယက်ဖြစ်နေတာ တပည့်တော်ကို လှူထားတဲ့ကျောင်းကို ပြန်လိုချင်လို့ မပြောရဲတာနဲ့ ဖြစ်နေတာလား၊ အခုလိုမေးရတာက ဆရာတော်ရဲ့ဒုက္ခကို ဖြေရှင်းပေးချင်လို့ပါ၊ တပည့်တော်ဟာ ဆရာတော်တွေ့ဖူးနေတဲ့ ဘုန်းကြီးတိုင်းနဲ့ မတူပါဘူး"

ဆရာတော်ကြီးကား နှုတ်မှ ဘာမှမဖြေနိုင်တော့ဘဲ ရှိုက်ကြီးတငင်ငိုကြွေးခြင်းကိုသာ ပြုပါတော့သည်။ ကျွန်ုပ်၏အမေးကို မျက်ရည်ဖြင့်ဖြေဆိုလိုက်ခြင်းဟု ယူဆရပါသည်။

"သူတို့က ငယ်ဖြူဆိုတော့ နားလည်တယ်၊ ပြီးတော့ ကလေးကစားတာမဟုတ်ဘူး၊ စာချုပ်စာတမ်းနဲ့ သက်သေနဲ့ ဂရန်ပါအပြီးအပ်ထားတာဒီတော့ အမှုသွားအမှုလာအရ ဆရာတော်တို့ပဲ ကျောင်းပေါ်ကဆင်းပြီးအန်ရှုံးပေးရမှာ၊ ဒါတွေကို တပည့်တော်လည်း နားလည်တာပဲ၊ ဆရာတော်ကလည်း အဲသလိုအဆင့်ထိရောက်မယ်ထင်လို့ ဖွင့်မပြောရဲတာဆိုတာ တပည့်တော် နားလည်ပါတယ်"

"ဒါပေမယ့် တပည့်တော် ဘယ်တော့မှ အဲသလိုမလုပ်ဘူး၊ ဆရာတော် လှူလို့ အလှူခံကတည်းက ကိုယ့်အတွက်ဆိုပြီး အလှူခံခဲ့တာ မဟုတ်ဘူး၊ သာသနာအတွက် အလှူခံခဲ့တာ၊ အခုလည်း ရင်ထဲရှိတဲ့အတိုင်းပြောရရင် ကျောင်းပြန်တောင်းတဲ့အတွက် ဆရာတော်ကို စိတ်မဆိုးဘူး၊ အမွန်မြတ်ဆုံးကျောင်းအလှူကြီးကို ကိုယ့်ဖာသာပြန်ပြီး ဖျက်ဆီးမိတဲ့ဆရာတော့်ကိုပဲ သနားနေတယ်"

ကိုယ်လှူပြီးသားကျောင်းကို ပြန်တောင်းသောသူအား စိတ်မဆိုးဘဲ သနားသည်ဟူသော စကားကို လူတိုင်း လက်ခံနိုင်မည်မဟုတ်ပေ။ ဤနေရာ၌ အမြင်မတူသောကြောင့် ခံစားဖြစ်ပေါ်ပုံချင်းလည်း မတူဟု ယူဆပါသည်။ စေတနာမပြတ်ဘဲ ပေးတုန်းက ဘာဖြစ်လို့ပေးသလဲ ဟူသောအချက်ကိုကြည့်လျှင်ကား မည်သူမဆို စိတ်ဆိုးမည်သာဖြစ်ပါ၏။

ကျွန်ုပ်ကား ထိုအချက်ကိုမကြည့်၊ ကြည့်သည်ကား သြော်- အသက်ကြီးကောင်းကြီးခါမှ သားမယားရဲ့သွေးထိုးမှုကြောင့် အမွန်မြတ်ဆုံးကျောင်းအလှူကြီးဟာ ပျက်စီးသွားရရှာပြီ။ ဒီဆရာတော်ကြီး ခံစားရမယ့်ကောင်းကျိုးတွေဟာ မခံစားရတော့ပါလားဟု တွေးပြီး သနားမိခြင်းဖြစ်ပါ၏။

www.dhammaransi.com

နောက်တစ်ရက်မှာပင် စာသင်သားသံဃာ (၂၀)ကို ကိုယ့်ကျောင်းကိုယ်ပြန်ခေါ်၍ ကျောင်းဝရန်ကို အပြီးအပိုင် ပြန်ပေးလိုက်ပါသည်။ ပေါက်ဆိန်နှင့်ပေါက်ရမည့်ကိစ္စမှာ အပ်နှင့်ပင်မထွင်းရဘဲ အလွယ်တကူပြီးသွားသောအခါ ဆရာတော်ကြီးရော သဘောမတူခဲ့သည့် လက်ထောက်ကိုယ်တော်ကြီးကပါ ပြောလိုက်သောစကားက-

"တပည့်တော်တို့တစ်သက်မှာ အရှင်ဘုရားလိုရဟန်းမျိုးကို မတွေ့ဖူးသေးပါဘူး၊ ဒီလို လွယ်လွယ်ကူကူပြန်ပေးလိမ့်မယ်လို့လည်း လုံးဝမထင်ခဲ့ပါဘူး၊ အရှင်ဘုရားရဲ့ မွန်မြတ်တဲ့စိတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ တပည့်တော်တို့ ပျံလွန်တော်မူရင် အရှင်ဘုရားကိုပဲ ပြန်လှူခဲ့ပါမယ်"

တဲ့။ ထို့နောက် မြေတစ်ခြမ်းကို နီးစပ်ရာကျောင်းအား ရောင်း၍ ကျောင်းထိုင်ဆရာတော်ကြီးမှာ လူဝတ်လဲသွားခဲ့ရှာသည်။ ထိုငွေသည်လည်း ဘာမှမခံဘဲ (၁)နှစ်ကျော်အကြာမှာပင် လူပြန်တော်ကြီးမှာ ဆင်းရဲစွာပင် ကွယ်လွန်ခဲ့ရပါသည်။ နောက်ကိုယ်တော်ကြီးလက်ထက်တွင်ကား သူတို့နှုတ်ကတိအတိုင်း ကျွန်ုပ်ကို ခံစားခွင့်တစ်ဝက် လွှဲပြောင်းပေးခဲ့ပါသည်။ ဤကဲ့သို့ ပေးပြီးသားကျောင်းကို ပြန်အတောင်းခံရခြင်းသည်လည်း ကျွန်ုပ်အတွက် ဒုတိယမြောက် ထူးဆန်းသောဝဋ်ကြွေးပင် ဖြစ်ပါ၏။

## စိတ်ချမ်းသာနည်း

လောဘကို နည်းနည်းစွန့်နိုင်လျှင် နည်းနည်းချမ်းသာသည်၊ လောဘကို များများစွန့်နိုင်လျှင် များများချမ်းသာသည်၊ ရှိသမျှလောဘအားလုံးကိုစွန့်နိုင်လျှင်ကား နိဗ္ဗာန်ရောက်သည်အထိ ချမ်းသာရပေသည်။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုတာ ဒကာ၊ ဒကာမတွေ ထွေးပစ်လိုက်တဲ့ တံတွေးနဲ့တူတယ်။ ဒါတွေကို ရဟန်းတွေက တရားနဲ့ဆင်ခြင်ပြီးမသုံးဘဲ စွဲလန်းတပ်မက်နေမယ်ဆိုရင် ဒကာ၊ ဒကာမတွေ ထွေးလိုက်တဲ့တံတွေးကို ပြန်မျိုတာနဲ့အတူတူပဲ။

***(အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး)***

ခွေးလေးတွေဟာ သူတို့မနှစ်သက်တဲ့အဝတ်စတို့၊ ချည်စတို့ကိုတွေ့ရင် ပျော်ပျော်ရွှင်ရွှင်ပဲ ဆွဲလွဲပြီးကစားကြတယ်၊ အဲ- သူတို့ကြိုက်တဲ့အရိုးတို့၊ အသားစတို့ တွေ့ပြီဆိုရင်တော့ ကိုက်ခဲပြီး ရန်ဖြစ်ကြတော့တာပဲ။

www.dhammaransi.com

ဒီခေတ်ရဟန်းအချို့ဟာလည်း အဲဒီခွေးလေးတွေအတိုင်းပဲ၊ တန်ဖိုး သိပ်မရှိတဲ့ ဆွမ်းကွမ်းကိစ္စလောက်မှာတော့ ရယ်ရယ်မောမော ပျော်ပျော် ရွှင်ရွှင် ဆက်ဆံနိုင်ကြတယ်။ တန်ဖိုးကြီးတဲ့ ကျောင်းကန်ကိစ္စနဲ့ပတ်သက် လာရင်တော့ ရန်ဖြစ်ပြီး ရုံးရောက် ဂါတ်ရောက် ဖြစ်ကြတော့တာပဲ။ အင်မတန် သတိထားသင့်ပါတယ်။

*(အမရပူရမြို့၊ ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး)*

အာဇာနည်အမျိုးသားတစ်ယောက်ဟာ ပင်လယ်တွေ၊ မြစ်တွေကို ကျော်ဖြတ်ကူးနိုင်လာပြီးကာမှ ချောင်းလေးတစ်ချောင်း ဖြတ်အကူးမှာ ရေနစ်သေရတယ်ဆိုရင် ကြားလို့လည်းမကောင်း၊ တင့်လည်း မတင့်တယ် သလို ရဟန်းတော်တွေဟာလည်း ကာမဂုဏ်အရာမှာ အကြီးဆုံးဖြစ်တဲ့ မာတုဂါမများကိုတောင် ရှောင်ရှားလာပြီး ဘာမဟုတ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကျမှ တပ်မက်စွဲလမ်းနေဦးမယ်ဆိုရင် ကြားလို့လည်း မကောင်းပါဘူး၊ တင့်လည်း မတင့်တယ်ပါဘူး။

*(သိမ် ၁၀၀ ကျော်ကို သမုတ်တော်မူခဲ့သော ရန်တင်းတောရဆရာတော် အရှင်တိဿ)*

## ကြောက်ရမည့်ဘေး

ပါဠိလို ဘယ၊ မြန်မာစကားပြုလိုက်သောအခါ ဘေး၊ အဓိပ္ပာယ် ပြန်သောအခါ ကြောက်စရာ။ ထိုဘေးသည် မိမိကိုယ်မိမိ စွပ်စွဲသော အတ္တာနုဝါဒဘေး။ သူတစ်ပါးကစွပ်စွဲသော ပရာနုဝါဒဘေးဟု နှစ်မျိုး ရှိသည်။ ထိုနှစ်မျိုးတွင် တကယ်ကြောက်ရမည့်ဘေးကား အတ္တာနုဝါဒ ဘေးပင်ဖြစ်၏။ အဘယ်ကြောင့်နည်း။

မိမိကိုယ်မိမိ စွပ်စွဲခြင်းသည် မှားသည်ဟူ၍ မရှိ။ မိမိ တကယ် မကောင်းမှုသာ စွပ်စွဲခြင်းဖြစ်၍ အတ္တာနုဝါဒဘေးဆိုက်ပြီး မိမိကိုယ်မိမိ မကြည်ညိုတော့ဘူးဆိုလျှင် ထိုသူအဖို့ အပါယ်ကျဖို့ရာ သေချာသွားလေ ပြီ။ ဗေဒင်မေးစရာ မလိုတော့ပေ။

ပရာနုဝါဒဘေးကား ထိုသို့မဟုတ်။ မှားသည်လည်းရှိသည်။ မှန် သည်လည်းရှိသည်။ မှားသည်ဆိုသည်မှာ မိမိက အကျင့်အကြံ၊ အနေ အထိုင် ကောင်းနေပါလျက် ဘေးမှ မနာလိုဝန်တိုဖြစ်ကာ လုပ်ကြံပြီး စွပ်စွဲခြင်းမျိုးနှင့် တကယ်အထင်မှားပြီး စွပ်စွဲခြင်းမျိုးတို့ ဖြစ်ပေသည်။

www.dhammaransi.com

မှန်သည်ဆိုသည်မှာ မိမိကိုယ်တိုင်က တကယ်အကျင့်အကြံ အနေအထိုင် မကောင်းတာကို မကောင်းသည့်အတိုင်း စွပ်စွဲခံရခြင်းကို ဆိုလိုပေသည်။ ထိုနှစ်မျိုးတွင် မှန်သည့်အတိုင်းစွပ်စွဲသော ပရာနုဝါဒဘေးကိုကား ကြောက်ရပါမည်။ အတ္တာနုဝါဒဘေးနှင့်အတူ အပါယ်ပို့မည့်တရားမျိုးပင် ဖြစ်ပါ၏။

မိမိကကောင်းနေပါလျက် နာမည်ပျက်အောင်၊ သိက္ခာကျအောင် လုပ်ကြံစွပ်စွဲသော ပရာနုဝါဒဘေးကိုကား အလျှဉ်းဂရုစိုက်စရာမလိုပေ။ ထိုကဲ့သို့သော ပရာနုဝါဒဘေးမျိုးကိုကား သူလိုကိုယ်လို သာမန်ပုဂ္ဂိုလ်များကို မဆိုထားနှင့်၊ ဘုရား ရဟန္တာတို့ပင် လွတ်တော်မမူခဲ့ကြပေ။

ဂေါတမဗုဒ္ဓရှင်တော်မြတ်သည်ပင်လျှင် မာတုဂါမနှင့် နှစ်ကြိမ်တိတိ အသမုတ်ခံခဲ့ရသည်။ စိဉ္စမာနနှင့်စွပ်စွဲခံရသော ဖြစ်ရပ်ကိုကား အောင်ခြင်းရှစ်ပါးတွင် ပါဝင်သောကြောင့် လူသိများပါသည်။ သုန္ဒရီပုရဗိုဇ်မနှင့် စွပ်စွဲခံရသောဖြစ်ရပ်ကိုကား ရေးသူ၊ ဟောသူ နည်းသဖြင့် လူသိသိပ်မများပါ။ ထို့ကြောင့် သုန္ဒရီပုရဗိုဇ်မနှင့်စွပ်စွဲခံရပုံကို အနည်းငယ်ရေးသားပါမည်။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ်ကဖြစ်ပါသည်။ ဗုဒ္ဓသာသနာသည် ကြည်ညိုလှူဒါန်းသူများနှင့် စည်ကားပြန့်ပွားနေသလောက် တိတ္ထိဆရာကြီးများမှာကား ကြည်ညိုသူနည်းပါး၊ လာဘ်လာဘရှားပါးနေကြလေပြီ။

ပစ္စည်းလေးပါး၊ လာဘ်လာဘ ဟူသည်ကား လိုချင်လေ မရလေ၊ မလိုချင်လေ ရလေဟူသော သဘောကို အတွေးအခေါ် အတွေ့အကြုံရှိကြသော ပညာရှိသူတော်ကောင်းများသာ သိနိုင်ကြပေသည်။ ယခုကြည့်ပါ။ ဗုဒ္ဓနှင့်တကွ အများစုဖြစ်သော ရဟန္တာများမှာ လိုချင်သောလောဘ တဏှာကို အမြစ်သတ် ပယ်ဖြတ်ပြီးဖြစ်သောကြောင့် ဘာကိုမှ မလိုချင်ကြတော့ပါ။

ထိုသို့ မလိုချင်လေ လာဘ်လာဘကား ပေါများလေဖြစ်၏။ တိတ္ထိဆရာကြီးများကား လာဘ်လာဘ လိုချင်လွန်းလှသဖြင့် နည်းမျိုးစုံဖြင့် ရအောင်ကြိုးစားကြ၏။ ထိုသို့ကြိုးစားလေ မရလေပင်ဖြစ်ပါ၏။ အလှူခံသူတိုင်း သတိပြုစရာတစ်ခုပါပင်။

တိတ္ထိဆရာကြီးများကား သူတစ်ပါးလို တိုးတက်ကြီးပွားအောင် လောဘကုန်ဖို့ကား အားမထုတ်။ ဗုဒ္ဓနှင့်တကွ တပည့်သံဃာများအား အပုပ်ချရန်သာ ကြိုးစားကြပါ၏။ ယခုခေတ်တွင် ကိုယ်ကိုယ်တိုင်ကား

www.dhammaransi.com

ကြီးပွားချမ်းသာအောင် မကြိုးစား၊ ကြိုးစား၍ ကြီးပွားချမ်းသာနေသူများကို မနာလိုဖြစ်ကာ အောက်လမ်းနည်း၊ အင်းမြှုပ်သော နည်းများဖြင့် ဆင်းရဲအောင်လုပ်တတ်သောသူများသည် ယခုဖော်ပြသော တိတ္ထိဆရာကြီး၏ အဆက်အနွယ်များသာ ဖြစ်ကြပါလိမ့်မည်။

## သုန္ဒရီ၏ပရိယာယ်

သို့နှင့် တိတ္ထိဆရာကြီးများသည် သူတို့တပည့်မ သုန္ဒရီကို ဘုရားအား အပုပ်ချဖို့ စေလွှတ်လိုက်ပါတော့သည်။ သုန္ဒရီသည် ချောမောလှပ၍ သာဝတ္ထိပြည်တွင် ထင်ရှားနေသူတစ်ယောက်ပင်။ အပုပ်ချစီမံကိန်းကြီး စတင်သောနေ့တွင်ကား သုန္ဒရီတစ်ယောက် ပန်းနံ့သာလက်စွဲကာ တခြားဗုဒ္ဓဘာသာများနှင့်အတူ ညတရားပွဲနာယူရန် ဇေတဝန်ကျောင်းသို့ ရောယောင်လိုက်လာခဲ့ပေပြီ။

သွားရင်းလာရင်း တွေ့ကြသောအမျိုးသမီးများက-

"သုန္ဒရီ ပန်းနံ့သာတွေလက်စွဲပြီး ဘယ်ကိုသွားမှာလဲ"

"ညတရားပွဲနာဖို့ ဇေတဝန်ကျောင်းကိုသွားမှာပါ"

"သုန္ဒရီ သင်ဟာ တိတ္ထိဆရာကြီးတွေကို ကိုးကွယ်သူမဟုတ်လား"

"အရင်တုန်းကတော့ ဟုတ်ပါတယ်၊ အခုတော့ ဗုဒ္ဓကိုကိုးကွယ်သူ ဖြစ်သွားပါပြီ။ ဒါကြောင့်လည်း တရားနာလာတာပေါ့"

"အို - သာဓု... သာဓု... ကောင်းပါလေ့ သုန္ဒရီရယ်၊ အရွယ်မနှောင်းခင် အမှန်ကိုမြင်သွားတဲ့ သုန္ဒရီအတွက် ဝမ်းသာလှပါတယ်"

ဗုဒ္ဓဘာသာအများစုကား သုန္ဒရီပြောတိုင်း ယုံမိကြရှာ၏။ သုန္ဒရီကား ဗုဒ္ဓကိုအပုပ်ချရန် အကွက်ချပြီးကြံစည်နေသူပီပီ ဇေတဝန်ကျောင်းတော်သို့ရောက်သည်နှင့် ကျောင်းနောက်မှထွက်ကာ တိတ္ထိဆရာကြီးတို့ ကျောင်းတွင် သွားအိပ်လေသည်။

မိုးလင်းသည်နှင့် ဇေတဝန်ကျောင်းနောက်ပေါက်မှဝင်ပြီး ရှေ့ပေါက်မှပြန်ထွက်လေရာ ကျောင်းသို့ ဆွမ်းကွမ်းလာပို့သူများက-

"သုန္ဒရီ မနက်စောစောကြီး ဘယ်ကပြန်လာတာလဲ"

"ရဟန်းဂေါတမကျိန်းစက်တဲ့ ဂန္ဓကုဋီတိုက်ထဲက ပြန်လာတာပေါ့"

"အို - သုန္ဒရီ ကြောက်စရာငရဲစကားတွေ ဘာကြောင့် လျှောက်ပြောရတာလဲ၊ သင်က ဂန္ဓကုဋီတိုက်ထဲ ဘာသွားလုပ်ရမှာမို့လဲ"

www.pyinnyaranasi.com

"အင်းလေ၊ မေးတော့လည်း အမှန်အတိုင်း ဖြေရတော့မှာပေါ့၊ ကျွန်မကို ရဟန်းဂေါတမ နှစ်သက်သဘောကျနေတယ်လေ၊ ဒါကြောင့် ကိလေသာကာမဂုဏ်နဲ့ ညစဉ်လုပ်ကျွေးနေရတာပေါ့"

သုန္ဒရီ၏ ပက်စက်လှသည့် လုပ်ကြံစကားများကို ကြားရသော အခါ အရိယာများကား ကံကြီးထိုက်တော့မည်ဖြစ်သော သုန္ဒရီကိုသာ သနားနေမိကြသည်။ လက်ခံယုံကြည်ခြင်း အလျဉ်းမရှိကြ။ ပုထုဇဉ်များ ကား တစ်ခါပြောနှင့်မယုံသေးသည့်တိုင်အောင် လေးငါးရက် ဆက်တွေ့ ဆက်ပြောလာသောအခါ ဘုရားအပေါ် ဟုတ်များဟုတ်လေမလား ဟူသော ယုံမှားသံသယ ဝင်လာကြသည်။

သုံးလေးလခန့်ရှိသောအခါတွင်ကား ဝမ်းဗိုက်ပေါ်တွင် အဝတ်စ များခုလျက် ဖောင်းဖောင်းလေးလုပ်ပြပြီး ဆက်ပြောသောအခါတွင်ကား သဒ္ဓါနည်းသော ပုထုဇဉ်အချို့သည် ဗုဒ္ဓကို အကြည်ညိုပျက်သွားကြလေ ပြီ။ ထိုမကောင်းသတင်းသည်လည်း သာဝတ္ထိမြို့တွင် တော်တော်နှံ့သွား လေပြီ။

## တိတ္ထိဆရာကြီးများ၏ ဝှက်ဖဲ

အကွက်ချလုပ်ကြံစီမံကိန်းကြီး ခရီးရောက်လာပြီကို သိလာကြ သော တိတ္ထိဆရာကြီးများက သုန္ဒရီပင် မသိသေးသော ဝှက်ဖဲကို ထုတ် သုံးလိုက်လေပြီ။ ယင်းကား သုန္ဒရီကို ဘယ်သူမှမသိအောင် သတ်ခိုင်းပြီး ဂန္ဓကုဋီတိုက်ဘေး ပန်းမှိုက်များအောက်တွင် ဝှက်ထားလိုက်ကြလေသည်။

အစီအစဉ်များ ကွက်တိဖြစ်သောအခါတွင်မှ ကောသလမင်းထံ ဝင်ပြီး-

"အရှင်မင်းကြီး ကျွန်ုပ်တို့တပည့်မလေး သုန္ဒရီ ပျောက်ဆုံးသွားလို့ စစ်တပ်အကူအညီနဲ့ ရှာပေးစေချင်ပါတယ်"

"အသင်တို့ ဘယ်နေရာကို မသင်္ကာဖြစ်ကြသလဲ"

"ရဟန်းဂေါတမ သီတင်းသုံးတဲ့ ဇေတဝန်ကျောင်းဝိုင်းထဲကိုပဲ မသင်္ကာဖြစ်ပါတယ်၊ ဒါကြောင့် ဇေတဝန်ကျောင်းဝိုင်းထဲကို အမြန်ဆုံး ရှာပေးစေချင်ပါတယ်"

တကယ်ရှာ၍ သုန္ဒရီအလောင်းကိုတွေ့သောအခါတွင်ကား အန္ဓ အကန်းပုထုဇဉ်အဆင့်သာရှိသော ကောသလမင်းကြီးသည် တိတ္ထိတို့အား အလောင်းကို ကုတင်ပေါ်တင်ပြီး တစ်မြို့လုံးလှည့်၍ အပုပ်ချရန် အမိန့်

www.dhammadownload.com

ပေးလိုက်ပါတော့သည်။ တိတ္ထိများကား ငါတို့အလှည့်တော့ရောက်ပြီဟု ဝမ်းသာအားရဖြစ်ကာ တစ်မြို့လုံး လမ်းကြိုလမ်းကြားပါမကျန် လှည့်လည်ကာ-

"အို - ဗုဒ္ဓဘာသာဝင်အပေါင်းတို့၊ ဒီမှာ ကြည့်ကြပါကုန်လော့၊ သင်တို့ အမြတ်တနိုးကိုးကွယ်နေကြသော ရဟန်းဂေါတမနှင့် သူ့တပည့်သံဃာများသည် ငါတို့တပည့်မ သုန္ဒရီကို အားရအောင် မတရားကျင့်ပြီးမှ ရက်ရက်စက်စက် သတ်ဖြတ်လိုက်ကြလေပြီ။ ထိုမျှလောက် ရက်စက်ယုတ်မာသောသူများကို ကိုးကွယ်ဆည်းကပ်ခြင်းဖြင့် သင်တို့အား ဘာအကျိုးရှိပါမည်နည်း"

ဟူ၍ ပြောဆိုကာ ရစရာမရှိအောင် အပုပ်ချကြလေတော့သည်။ အသိဉာဏ်အတွေးအခေါ်မရှိသော ကောသလမင်းလို ပုထုဇဉ်များသည် ထိုနေ့မှစပြီး ရဟန်းသံဃာများအား ဆွမ်းမလောင်းကြတော့ဘဲ တွေ့တိုင်း ဆဲဆိုကြပါတော့သည်။

ဆွမ်းမလောင်းရုံပင်မကဘဲ အဆဲအဆိုပါ ခံလာရသောအခါ ရဟန်းအများစုမှာ သည်းမခံနိုင်တော့ဘဲ ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓက ဆဲဆိုကဲ့ရဲ့သောသူများကို တုန့်ပြန်ပြောဆိုရန် အောက်ပါဂါထာလေးကို ရဟန်းတော်များအား ရသွားအောင် သင်ပေးတော်မူပါသည်။

## ငရဲမှာတွေ့ကြမည့် ထိုနှစ်ဦး

အဘူတဝါဒီနိရယံ ဥပေတိ၊
ယောစာပိကတွာ နကရောမိစာဟ။
ဥဘောပိတေ ပေစ္စသမာဘဝန္တိ။
နိဟီန ကမ္မာ မနုဇာ ပရတ္ထ။

မဟုတ်မမှန် ပြောဆိုစွပ်စွဲလေ့ရှိသော သူသည်လည်းကောင်း၊ မကောင်းမှုကိုပြုလျက် ငါမပြုဟု လိမ်ညာသော သူသည်လည်းကောင်း၊ ယုတ်မာသောမကောင်းမှုရှိကြကုန်သော ထိုနှစ်ယောက်တို့သည် တမလွန်ဘဝ၌ ငရဲမှာ အတူတူတွေ့ဆုံကြရမည်။

သေချာမသိဘဲ ရမ်းသမ်းစွပ်စွဲ ကဲ့ရဲ့နေကြသောသူများသည် ထိုတုန့်ပြန်ဂါထာလေးကို နားထောင်လိုက်ရသည်နှင့် အင်း - ငါ သေချာလည်း သိတာမဟုတ်ဘူး သူများပြောတာနဲ့ မှန်းပြီးကဲ့ရဲ့နေရတာ တကယ်

မဟုတ်ရင် ငရဲကျရမှာပါလား ဟူသော အသိတရားလေး ဝင်သွားပြီး ဆက်မကဲ့ရဲ့တော့ပေ။

အမှန်တရားကား ဖုံးကွယ်၍မရ။ ရက်အတန်ကြာသောအခါတွင်ကား သုန္ဒရီကိုသတ်ခဲ့သော အမူးသမားနှစ်ယောက် အရက်မူးပြီး ရန်ဖြစ်ရာမှ အမှန်တွေကို ပြောမိသဖြင့် ဘုရင့်ထောက်လှမ်းရေးများမှတစ်ဆင့် ဖမ်းဆီးဖော်ထုတ်ပြီး အရေးယူရလေသည်။

ထိုအခါကျမှ သူ့အမှားကိုသိသွားသော ကောသလမင်းကြီးသည် တိတ္ထိတို့အား အဖြစ်မှန်ကို တစ်မြို့လုံးလှည့်ပြောခိုင်းပြီး ထောင်ချ အပြစ်ပေးရာ ထိုအခါမှစ၍ တိတ္ထိဆရာကြီးများ သာဝတ္ထိမြို့မှ ပျောက်ကွယ်သွားကြပေသည်။ သုန္ဒရီနှင့်စွပ်စွဲမှုကြီး အမှုမှန် ပေါ်ပေါက်သွားသောအခါတွင် ဗုဒ္ဓ ရွတ်ဆိုတော်မူသည့် ဥဒါန်းဂါထာတော်ကြီးကား-

> တုဒန္တိဝါစာယ ဇနာအသညတာ၊
> သရေဟိသင်္ဂါမဂတံဝကုဉ္ဇရံ။
> သုတွာနဝါကျံ ဖရုသံဥဒီရိတံ၊
> အဓိဝါသယေဘိက္ခုအဒုဋ္ဌစိတ္တော။

**သင်္ဂါမဂတံ** ။ စစ်မြေပြင်သို့ သက်ဝင်ရောက်ရှိနေသော။

**ကုဉ္ဇရံ** ။ ပွဲတိုင်းအောင်မြင် စစ်ဆင်ကြီးကို။

**ပဋိယောဓာ** ။ မျက်မာန်ချောင်းချောင်း၊ တစ်ဖက်ရန်သူ သူရဲကောင်းတို့သည်။

**သရေဟိ** ။ မြားတို့ဖြင့်။

**တုဒန္တိဣဝ** ။ ချွန်ချွန်ရွှပ်ရွှပ်၊ ပစ်ခတ်ကုန်သကဲ့သို့။

**အသညတာ** ။ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးထိန်းချုပ်ခြင်း အလျဉ်းမရှိသော။

**ဇနာ** ။ မလိမ္မာ၊ မယဉ်ကျေး၊ လူလေးလူမွှား၊ လူမိုက်များတို့သည်။

**ဘိက္ခု** ။ သံသရာဘေး၊ ထောက်တွေးဆင်ခြင်၊ ပညာရှိသူတော်စင်ကို။

**ဝါစာယ** ။ မဟုတ်မမှန်၊ လုပ်ကြံပြောငြား၊ စကားတည်းဟူသော လှံတံဖြင့်။

**တုဒန္တိ** ။ အကျိုးမရှ ထိုးဆွကြကုန်၏။

**တေဟိ** ။ ထိုလူလေး၊ လူမွှား၊ လူမိုက်များတို့သည်။

www.dhammaransi.com

ဥဒိရိတံ ။ မဟုတ်မတရား ပြောကြားအပ်သော။
ဖရုသံဝါကျံ ။ လွှသွားပမာ ကြမ်းတမ်းစွာသည့်၊ တိုင်းတာ ဆဲရေးသော စကားကို။
သုတွာန ။ ကြားရသည်ရှိသော်။
ဘိက္ခု ။ သံသရာဘေး၊ ထောက်တွေး ဆင်ခြင်၊ ပညာရှိ သူတော်စင်သည်။
အဒုဋ္ဌစိတ္တော ။ ကကစူပမ၊ ဩဝါဒကို၊ နိစ္စကြဲပွား နှလုံးထား၍၊ ပြစ်မှားသောစိတ်၊ ကင်းကွာဆိတ်လျက်။
အဓိဝါသယေ၊ သည်းခံနှလုံး၊ ကျင့်သုံးပွားများလိုက်ရာသတည်း။

## စွပ်စွဲခံခြင်းနောက်ကြောင်း

ဗုဒ္ဓရှင်တော်မြတ် ထိုသို့စွပ်စွဲခံရခြင်း၏နောက်ကြောင်းကို လယ်တီပဏ္ဍိတဦးမောင်ကြီးက-

သုန္ဒရီမိုက်၊ သတ်လိုက်လေရာ၊
တိတ္ထိအသင်း၊ သတင်းလွှင့်ကာ။
တပည့်များနှင့် ဘုရားကိုသာ၊
လူအများ ယုံမှားဘယ်တွက်တာ။
အလောင်းတော်ရသေ့ ပျော်မွေ့စံရာ။
ရသေ့တစ်ဦး ဈာန်မြူးကွန့်လာ။
ငြူစူစိတ်ဇော၊ မနောကူသာ။
ကျင့်ယုတ်ကြီး၊ နှုတ်သီးချွန်သည့်တာ။

ဟု စပ်ဆိုပြခဲ့သည်။ အဓိပ္ပာယ်အချုပ်မှာ ဗုဒ္ဓရှင်တော်မြတ် နုစဉ်ဘဝတစ်ခုတုန်းက ရသေ့တစ်ပါး ဖြစ်ခဲ့ဖူးသည်။ တောထွက်၍ သမထကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်ပါသော်လည်း ဈာန်အဘိညာဉ်ကို မရသဖြင့် ဆက်၍အားမထုတ်တော့ဘဲ ရပ်ရွာမှလူငယ်များကိုသာ ပညာသင်ပေးရင်း ဆရာတစ်ယောက်အဖြစ် ရပ်တည်နေလေသည်။

တစ်နေ့တွင်ကား ဈာန်အဘိညာဉ်ရ ရသေ့တစ်ပါး ထိုမြို့သို့ရောက်လာလေရာ ဣဿာမစ္ဆရိယအနှိပ်စက်ခံရသော ဘုရားအလောင်းရသေ့သည် ထိုရသေ့မြတ် ဂုဏ်သိက္ခာကျဆင်းအောင် မိန်းမတစ်ယောက်နှင့် ကိုယ်တိုင်လည်းစွပ်စွဲသမုတ်ပြီး တပည့်များကိုလည်း စွပ်စွဲသမုတ်ခိုင်းလေသည်။

www.dhammaransi.com

ထိုအကုသိုလ်ဝဋ်ကြွေးကို ယခုဘုရားဖြစ်တော်မူသောအခါတွင်မှ ပေးဆပ်ရခြင်းဖြစ်ပေသည်။ ဘုရားရှင်အဖြစ်ထက်ပို၍ဆိုးသော ရဟန္တာတစ်ပါးကိုလည်း တွေ့ရသေးသည်။ ဘုရားရှင်ကား မိန်းမနှင့် နှစ်ကြိမ်သာ သမုတ်ခံခဲ့ရသည်။ ထိုရဟန္တာမထေရ်ကား သုံးကြိမ်တိတိ အသမုတ်ခံခဲ့ရသည်။

ထိုရဟန္တာမထေရ်ကြီးကား ခုဒ္ဒကနိကာယ် အပဒါန်ပါဠိတော်၌ လာသည့် ဒဗ္ဗမလ္လပုတ္တပင် ဖြစ်ပါ၏။ မလ္လမင်းသား အရှင်ဒဗ္ဗ ဟူ၍ လူသိများခဲ့ပါသည်။ သာမညမဟုတ် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသော မဟာသာဝကတစ်ပါးပင် ဖြစ်ပါ၏။ ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေတွက်သော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့သည်။

ထိုဘုရားရှင်လက်ထက် ဟံသာဝတီမြို့မှ သူဌေးသားတစ်ယောက်သည် ကျောင်းအိပ်ရာနေရာခင်းရာ၌ ဧတဒဂ်ဘွဲ့ရသော ရဟန်းတစ်ပါးကို အားကျကြည်ညိုပြီး ဘုရားနှင့်တကွ သံဃာတော်များကို ပင့်ဖိတ်၍ (၇)ရက်ဆွမ်းကျွေးပြီး ထိုဆုကိုတောင်းခဲ့သည်။ ပဒုမုတ္တရဘုရားရှင်ကလည်း ဩက္ကာကမင်းမျိုး၌ဖြစ်သော ဂေါတမဘုရားလက်ထက်တွင် ယင်းဆုပြည့်မည်ဖြစ်ကြောင်း ဗျာဒိတ်ပေးတော်မူပါသည်။

ပဒုမုတ္တရဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းကပ်လှူသော ဒါနကုသိုလ်ကြောင့် သိကြားမင်းအဖြစ် အကြိမ်သုံးရာ၊ စကြာမင်းအဖြစ် အကြိမ်ငါးရာ၊ ပဒေသရာဇ် ဧကရာဇ်မင်းအဖြစ်ကား မရေနိုင်မတွက်နိုင်အောင် ခံစားခဲ့ရသည်။ သုဂတိဘုံတို့တွင် အပြန်ပြန်အထပ်ထပ် ခံစားရင်းမှ လွန်ခဲ့သော (၉၁)ကမ္ဘာက ပွင့်တော်မူခဲ့သည့် ဝိပဿီ မြတ်စွာဘုရားလက်ထက်တွင် ရဟန္တာတစ်ပါးကို မိန်းမနှင့် လုပ်ကြံစွပ်စွဲခဲ့မိသည်။

ထိုမှတစ်ဖန် ယခုဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူသည့် ကဿပမြတ်စွာဘုရားသာသနာ ကွယ်ခါနီးအချိန်ကျမှ ရဟန်းတစ်ပါး လာဖြစ်ခဲ့သည်။ ရဟန်းတော်အများစု သီလပျက်စီးပြီး နေချင်သလိုနေကြသည်ကို တွေ့ရသဖြင့် သံဝေဂရကာ ရဟန်းတော် (၇)ပါး တောနက်ကြီးထဲသို့ဝင်ပြီး မြင့်မော့ဆိုသည့် တောင်ကြီးပေါ်သို့ လှေကားအဆင့်ဆင့်လုပ်၍ တက်ကြသည်။

တောင်ပေါ်ရောက်သောအခါ လှေကားကို တောင်အောက်သို့ ဖြုတ်ချလိုက်ပြီး ခုနစ်ပါးလုံး ဗိမ္မသိနာတရားကို အပြင်းအထန်အားထုတ်

www.dhammaransi.com

ကြလေတော့သည်။ ပထမရက်တွင် တစ်ပါး ရဟန္တာဖြစ်ပြီး ဒုတိယရက်တွင် နောက်တစ်ပါး အနာဂါမ် ဖြစ်ပါသည်။ ကျန် ၅ ပါးကား ဘာမဂ်ဘာဖိုလ်မှမရဘဲ ခုနစ်ရက်ခန့်ရှိသောအခါ အစာငတ်၍ ပျံလွန်တော်မူကြလေသည်။

သာသနာမရှိ ဆင်းရဲဘဝ၏

ဝိပဿနာကုသိုလ်ကြောင့် ငါးပါးလုံး နတ်ပြည်ရောက်ကြသည်။ မြတ်စွာဘုရားသာသနာ မရှိသောအခါတွင် လူဖြစ်ရသည်မှာ ဆင်းရဲတွင်းနက်လှကြောင်းကို ယင်းအပါဒါန်ပါဠိတော်၌-

နိပတန္တိခဏာတီတာ၊
အနန္တေဒုက္ခသာဂရေ။
တသ္မာပယောဂေါကတ္တဗ္ဗော၊
ယာဝဌာတိမုနေမတံ။

ဘုရားသာသနာနှင့် မတွေ့ရသောသူများသည် အဆုံးအစမရှိသော ဆင်းရဲခြင်းသမုဒ္ဒရာ၌ ကျရောက်ရခြင်းနှင့်တူ၏။ ထို့ကြောင့် ဘုရားသာသနာ တည်တံ့နေသောကာလအတွင်း မဂ်ဖိုလ်ရအောင် ကြိုးစားသင့်သည်ဟူ၍ ဟောကြားတော်မူခဲ့ပေသည်။ ထိုငါးပါးသည် နတ်ပြည်၌ အကြိမ်များစွာ ကျင်လည်ကြရင်းမှ ဂေါတမမြတ်စွာဘုရားသာသနာ အရောက်တွင် တစ်ပါးက အရှင်ဒဗ္ဗ၊ တစ်ပါးက အရှင်ကုမာရကဿပ၊ တစ်ပါးက ဗာဟိယဒါရုစိရိယ၊ တစ်ပါးက သတိယပုရဗိုဇ် တစ်ပါးက ပက္ကုသာတိဘုရင် လာဖြစ်ကြသည်။ အားလုံး ရဟန်းကိစ္စပြီးကြသည်သာ ဖြစ်ပါ၏။ အရှင်ဒဗ္ဗဖြစ်လာမည့် သူငယ်လေးသည် မလ္လတိုင်း၊ ကုသိနာရုံပြည် မင်းသမီးတစ်ဦးဝမ်း၌ ပဋိသန္ဓေနေရသည်။

နေ့စေ့လစေ့အချိန်ကြီးမှာပင် မင်းသမီးမှာ ရောဂါတစ်ခုဖြင့် ဆုံးသွားလေသည်။ မိခင်သေလျှင် ဝမ်းထဲမှကလေးလည်း သေပြီဟုယူဆကာ မိခင်အလောင်းကို မီးတင်ရှို့ကြလေသည်။ ပစ္ဆိမဘဝိက = ရဟန္တာ ဖြစ်ရမည့် နောက်ဆုံးဘဝဖြစ်သောကြောင့် ကလေးမှာမသေဘဲ ဗိုက်ပေါက်ပြီး မီးပုံထဲမှ ထွက်ကျလာလေသည်။ တုတ်ချောင်းတစ်ချောင်းအနီးတွင် ကျသောကြောင့် လွယ်လွယ်ကူကူပင် ဒဗ္ဗဟူ၍ အမည်ပေးလိုက်ကြသည်။

ဖြည့်ဆည်းပူးလာခဲ့သော ပါရမီသမ္ဘာရတို့ကြောင့် ခုနစ်နှစ်သားသာမဏေဘဝမှာပင် ကိလေသာအားသစေါကုန်ခမ်း၍ ရဟန္တာဖြစ်တော်

www.dhammaransi.com

မူခဲ့သည်။ သို့သော် ထိုအဖြစ်ကို ဘုရားရှင်နှင့် အဘိညာဉ်ရသော ရဟန္တာများမှတစ်ပါး မည်သူမျှမသိကြ။ ရှင်ဘဝမှ ရဟန်းဘဝသို့ရောက်သောအခါတွင်ကား တောင်းခဲ့သောဆုအတိုင်း ရဟန်းတို့အား ကျောင်း၊ အိပ်ရာနေရာ ဆွမ်းကွမ်း စီစဉ်ညွှန်ကြားရသောသူ ဖြစ်လာခဲ့သည်။

ဤနေရာ၌ ပုထုဇဉ်နှင့်အရိယာတို့၏ ခြားနားချက်တစ်ခုကို တင်ပြချင်ပေသည်။ ပုထုဇဉ်များသည်မည်သည့်ကုသိုလ်ကိုလုပ်လုပ်ဆယ်ယောက်လျှင် ကိုးယောက်လောက်က ဂုဏ်ပကာသန အခြံအရံ အကျော်ဇောလေးကို အနည်းနှင့်အများ အလိုရှိကြသည်သာ ဖြစ်ပါ၏။ အတော်ဆုံးဟုဆိုရမည့် ကျန်တစ်ယောက်သည်ပင် တခြားအရာတွေ မလိုချင်လျှင်ရှိမည်။ ကုသိုလ်ကိုကား မက်မက်မောမောလိုချင်သည်သာ ဖြစ်ပါ၏။

ယခု ရဟန္တာဖြစ်သော ဒဗ္ဗမထေရ်ကို ကြည့်ပါ။ ဘဝဇာတ်ဆုံးပြီ ဘယ်လိုကုသိုလ်မျိုးလုပ်လုပ် ခံစားရမည့်ဘဝမရှိတော့၊ ရဟန္တာတို့သန္တာန်တွင် ကုသိုလ်သည် သူ့မူရင်းအမည် ကုသိုလ်နှင့်ပင် နေမရတော့။ ကြိယာဟူသော အမည်သို့ ပြောင်းသွားရသည်။ သို့သော် အရှင်ဒဗ္ဗကား ပရိနိဗ္ဗာန်စံသည်အထိ ကြီးမားများပြားလှသော သံဃာ့ဝေယျာဝစ္စ ကုသိုလ်များကို ပြုခဲ့သည်သာ ဖြစ်ပါ၏။

ထိုကဲ့သို့ တကယ့်အစစ်အမှန် ကိုယ်ကျိုးစွန့်ရဟန္တာထေရ်ကြီးကိုပင် စွပ်စွဲပုတ်ခတ်လိုသူများ ပေါ်လာခဲ့ပါသည်။ အရှင်ဒဗ္ဗ၌ အပြစ်ရှိသောကြောင့်ကားမဟုတ်။ သူတို့သန္တာန်တွင်ရှိသော မသင့်မတင့် အကုသိုလ်ဖြစ်အောင် နှလုံးသွင်းတတ်သော အယောနိသော မနသိကာရကြောင့်သာ ဖြစ်ပါ၏။ ထို အယောနိသော မနသိကာရသည် မြွေဆိပ်ထက်ပင် ဆိုးဝါးကြောင်းကို ပရမတ္ထဒီပနီပုဒ္ဒာအဖြေကျမ်း၌ လယ်တီဆရာတော်ဘုရားကြီးက-

## မြွေဆိပ်ထက်ဆိုးသောအရာ

အဇ္ဈတ္တဝိသဇံ ဝိသံ၊
အဇ္ဈုပေက္ခေယျ ပဏ္ဍိတော။
နတ္တေဝုဗ္ဗထမနက္ကာရံ၊ သောဟာပါယ ပထောဥဇုု
ဟူ၍ ရေးသားခဲ့သည်။ အနက်မှာ-

ပဏ္ဍိတော ၊ ပညာရှိသည်။
အဇ္ဈတ္တဝိသဇံ ၊ ကိုယ်တွင်းမဆန့် ပြန့်နှံ့ပူလောင်၍နေသော။

www.dhammaransi.com

**ဝိသံ** ၊ မြွေပွေးဆိပ်ကို။

**အဇ္ဈုပေက္ခေယျ** ၊ ကြောင့်ကြမပြု လျစ်လျူရှုသော်လည်း ရှုရာသေး၏။

**ဥပ္ပထမနုတ္တာရံ** ၊ ကိုယ်တွင်းမှဖြစ်၍လာသော အယောနိသောမနသိကာရကို။

**နတွေဝအဇ္ဈုပေက္ခေယျ** ၊ လျစ်လျူရှုကာ မနေရာသည်သာလျှင်တည်း။

**ဟိကသ္မာ** ၊ ဘယ့်အတွက်ကြောင့်နည်းဟူမူကား။

**သော** ၊ ထိုအယောနိသောမနသိကာရသည်။

**ဥဇု** ၊ မသွေမထောင့် အလွန်ဖြောင့်သော။

**အပါယပထော** ၊ အပါယ်လမ်းကြောင်းကြီးပေတည်း။

ဟူ၍ ရေးသားဖော်ပြခဲ့ပေသည်။ အဓိပ္ပာယ်အချုပ်ကား ခန္ဓာကိုယ်တစ်ခုလုံးတွင် ပြန့်နှံ့နေသော မြွေပွေးဆိပ်ကို မဖယ်ထုတ်ဘဲထားချင်ထားပါ။ စိတ်တွင်းမှဖြစ်ပေါ်၍လာသော အယောနိသောမနသိကာရကိုကား ချက်ချင်းပယ်ထုတ်ပစ်ရမည်။ အဘယ့်ကြောင့်နည်း။ မြွေပွေးဆိပ်ကြောင့် ဒီတစ်ဘဝသေနိုင်သည်ကား မှန်၏။ အပါယ်ငရဲသို့ကားမကျနိုင်။

မသင့်မတင့်နှလုံးသွင်းတတ်သော အယောနိသော မနသိကာရသည်ကား အပါယ်ငရဲထိ ဆွဲချနိုင်သောကြောင့်ပါတည်း။ ယခုလည်း ကြည့်ပါ။ ယင်းအယောနိသောမနသိကာရကို လက်ခံမိကြသော ရဟန်းနှစ်ပါးသည် အဝီစိသို့ ဒုတ်ဒုတ်ထိဆင်းစေမည့် အရိယူပဝါဒ = အရိယာကို ပြစ်မှားစော်ကားသောကံကြီးကို ကျူးလွန်ရန် ကြိုးစားအားထုတ်ကြလေပြီ။

ဖြစ်ပုံကား - တစ်နေ့သောအခါတွင် သူဌေးတစ်ယောက်သည် နောက်ရက် သူပင့်ထားသောဆွမ်းကျွေးတွင် မည်သည့်ကိုယ်တော် အလှည့်ကျသည်ကို သိလိုသဖြင့် ဆွမ်းညွှန်းတာဝန်ယူထားသော အရှင်ဒဗ္ဗထံ ကြိုရောက်လာပြီး-

"မနက်ဖြန် တပည့်တော်အိမ်ဆွမ်းစားကြွမယ့် သံဃာတော်နှစ်ပါးရဲ့ ဘွဲ့အမည်ကိုသိလိုပါတယ်ဘုရား"ဟု မေးလျှောက်လေသည်။ ထိုအခါ သံဃာတော်များကို တိတိကျကျဆွမ်းညွှန်းလျှက်ရှိသော အရှင်ဒဗ္ဗက-

"မေတ္တိယနဲ့ ဘူမဇကအမည်ရတဲ့ သံဃာတော်နှစ်ပါးအလှည့်ကျပါတယ်ဒကာကြီး"ဟုဖြေလိုက်ရာ သူဌေးမှာ မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားပြီး ခေါင်းငိုက်စိုက်ချကာ ပြန်သွားလေတော့သည်။ အဘယ်

www.dhammaransi.com

ကြောင့်ဆိုသော် ထိုကိုယ်တော်နှစ်ပါးမှာ ခြောက်ပါးဖွဲ့ပြီး သောင်းကျန်းလျက်ရှိသော ဆဗ္ဗဂ္ဂီရဟန်းအုပ်စုတွင် ပါဝင်ကြောင်း သူဌေးက သိထားသောကြောင့် ဖြစ်ပါ၏။

ဗုဒ္ဓပညတ်တော်မူခဲ့ရသော ဝိနည်းသိက္ခာပုဒ် သုံးပုံပုံနှစ်ပုံခန့်မှာ ယင်းဆဗ္ဗဂ္ဂီရဟန်းများကြောင့် ပညတ်တော်မူခဲ့ရခြင်းကို ထောက်သောအားဖြင့် ယင်းရဟန်းအုပ်စု၏ စိတ်အဆင့်အတန်းကို အကဲခတ်နိုင်ပေသည်။

## မကြည်ညိုတတ်သော သူဌေး

"ဆွမ်းဒကာသူဌေးမှာ ဘုရားရှင်တရားကို မကြားခဏနာကြားနေရသူဖြစ်ပါလျှက် လှူဒါန်းရာ၌ အကျိုးကြီးရာကြီးကြောင်း စိတ်ထားလေးကိုပင် မထားနိုင်သည်မှာ ညံ့ဖျင်းလွန်းလှသည်။ ဗုဒ္ဓက ဝိမာနဝတ္ထုပါဠိတော်တွင် သမေစိတ္တံသမံဖလံ = စိတ်ထားတူလျှင် အကျိုးပေးတူသည်ဟုဟောထားရာ မတတ်သာ၍ တစ်ခါတစ်လေ ရဟန်းဆိုးတို့ကို လှူခွင့်ကြုံသောအခါ တကယ့်အရိယာသံဃာကို စိတ်ညွတ်ပြီးလှူလိုက်လျှင်...

သူကိုယ်တိုင်လည်း အရိယာသံဃာကိုလှူရသော ကောင်းကျိုးများခံစားရမည်။ တစ်ဖက်ရဟန်းဆိုးတို့ကလည်း ရဟန္တာကိုပြစ်မှားစော်ကားသောကံကြီးကို ကျူးလွန်မိတော့မည် မဟုတ်ပေ။ ယခုသော်ကား သူဌေးသည် မျက်နှာမသာမယာနှင့်ပြန်လာပြီး အိမ်ရောက်သည်နှင့် ကျွန်မအား...

"မနက်ဖြန်သံဃာနှစ်ပါး ဆွမ်းစားကြွလာလိမ့်မယ်။ ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းကို ဖြစ်သလိုချက်ပြီး လှေခါးရင်းခွေးကတက်မှာပဲကျွေးလိုက်။ အိမ်ပေါ်ထိပင့်မနေနဲ့၊ ငါ့ကိုလည်း လာအကြောင်းကြားစရာမလိုဘူး"

ဟု အမိန့်ပေးလိုက်လေတော့သည်။ ရဟန်းကောင်းနှင့် ရဟန်းဆိုးတို့၏စိတ်ဓာတ်ကား မိုးနှင့်မြေလို ကွာခြားလွန်းလှ၏။ ရဟန်းကောင်းတို့သည် မသေရုံစားရလျှင် အစားအစာသည် လုံလောက်ပြီ။ အရှက်လုံရုံဝတ်ရလျှင် အဝတ်အထည်သည်လုံလောက်ပြီ၊ မိုးလုံရုံနေရလျှင် ကျောင်းနေရာအတွက် လုံလောက်ပြီ၊ နွားကျင်ငယ်ရည်ကိုရလျှင် ဆေးအတွက် လုံလောက်ပြီဟူ၍ ခံယူထားကြသည်။

ရဟန်းကောင်းတို့ အဓိကထားပြီး ရှာသောအရာကား မဂ်တရား ဖိုလ်တရားသာ ဖြစ်ပါ၏။ ရဟန်းဆိုးများကား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကိုသာ အဓိကထားပြီး ရှာဖွေကြသည်။ မဂ်တရား ဖိုလ်တရား ရဖို့အတွက်ကား စိတ်ပင်မကူးကြပေ။ ဤကား ရဟန်းကောင်း၊ ရဟန်းဆိုး ခွဲခြားရန်အတွက် အလွယ်ကူဆုံးနည်းတစ်ခု ပင်ဖြစ်ပါ၏။

ယခုလည်းကြည့်ပါ။ မေတ္တိယျနှင့် ဘူမဇက ရဟန်းနှစ်ပါးတို့သည် မနက်ရောက်လျှင် သူဌေးအိမ်တွင် ဘုဉ်းပေးရမည့် အကောင်းစားဆွမ်းများ၊ ဟင်းများကိုတွေးပြီး အိပ်မပျော်အောင်ပင် ဖြစ်နေကြသည်။ သူတို့သည် လည်ဝယ်သူများဖြစ်သောကြောင့် မည်သည့်အိမ်ကြွရမည်။ ထို အိမ်သည် ချမ်းသာသည်၊ ဆင်းရဲသည်၊ သဒ္ဓါကောင်းသည်၊ မကောင်းသည်တို့ကို အလွတ်ရလောက်အောင် စုံစမ်းထားကြပေသည်။

ရဟန်းရဟန်း၊ မည်ပြဌာန်းလျှက်၊ ရဟန်းဟူလစ်၊
ခေါ်ရာဖြစ်ရုံ၊ စနစ်ခေါက်ချိုး၊ ချုပ်ရိုးဆန်းဆန်း၊
ဖန်ရည်စွန်းသား၊ သင်္ကန်းဝါဝါ၊ ဦးပြည်ကာဖြင့်၊
ပညာကင်းပ၊ သီလမဲ့မျိုး၊ အတွင်းဆိုးကား၊
အကျိုးတစ်စိ၊ ဘယ်မှာရှိလိမ့်။

ဟူ၍ သီကုံးတော်မူခဲ့သော မယဒေဝလင်္ကာပိုဒ်လေးကို ရဟန်းတော်တိုင်း သတိထားသင့်ကြပေသည်။ မနက်မိုးလင်းသည်နှင့် မေတ္တိယျနှင့် ဘူမဇကတို့သည် သင်္ကန်းရုံကာ မပြေးရုံတမယ် သူဌေးအိမ်သို့ ကြွခဲ့ကြပါတော့သည်။ အိမ်ဝိုင်းထဲဝင်လိုက်သည်နှင့် ဆွမ်းဒကာသူဌေးကိုကား မတွေ့ရ။ အမှုလုပ်ကျွန်မတစ်ယောက်ကိုသာ လှေကားခြေရင်းတွင် အခင်းများ၊ စားပွဲများ ပြင်ဆင်နေသည်ကို တွေ့ရသည်။ ကျွန်မက-

"အရှင်ဘုရားတို့ ဒီနေရာကို ကြွကြပါဘုရား"

"ဒကာမ... တို့ဟာ သူဌေးကိုယ်တိုင်ပင့်ထားတဲ့ သံဃာတော်များ ဖြစ်တယ်။ ဒီနေရာမှာ ဆွမ်းကပ်ခိုင်းထားတယ်ဆိုတာ မဖြစ်နိုင်ဘူး"

"မမှားပါဘူးဘုရား၊ သူဌေးကိုယ်တိုင် တပည့်တော်ကို အမိန့်ပေးထားတာပါ၊ အရှင်ဘုရားတို့ကြွလာရင်လည်း သူ့ကိုတောင်လာမခေါ်ဘဲ ဒီနေရာမှာတင် ဆွမ်းကပ်ပြီး ပြန်လွှတ်လိုက်ဖို့ သေချာမှာထားပါတယ် ဘုရား"

www.dhammaransi.com

## ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်း

နှစ်ပါးလုံး ခဲလေသမျှ သဲရေကျရလေပြီ။ ဝက်သား၊ ကြက်သား ဟင်းများနှင့် ကော့ပျံနေသောထမင်းကောင်းတို့ကို အားရပါးရလွေးရန် စိတ်ကူးလာခဲ့ကြသော ကိုယ်တော်နှစ်ပါးသည် ဝတ်ကျေတန်းကျေကပ် လိုက်သော ဆန်ကွဲထမင်းနှင့်ပုန်းရည်ဟင်းကိုသာ တို့ကနန်းဆိတ်ကနန်း ဘုဉ်းပေးပြီး ခေါင်းငိုက်စိုက်ချကာ ကျောင်းသို့ပြန်ခဲ့ပါတော့သည်။

ပုထုဇဉ်တို့သည် မိမိအပြစ်ကိုသာရှာ၍ ပြုပြင်ခြင်းမရှိဘဲ သူတစ်ပါး အပြစ်ကိုသာ ဆီလိုအပေါက်ရှာနေသေးသ၍ စိတ်ငြိမ်းအေးခြင်းကို ဘယ်သောအခါမှ မရနိုင်သလို အပါယ်ဇာတ်နှင့် တကယ်ပြတ်ဖို့ကား ဝေးသထက် ဝေးလွန်းလှပါ၏။ ယခုလည်းကြည့်ပါ။ မေတ္တိယျနှင့် ဘူမဇက။ သူတို့ အကျင့်သီလမရှိသည်၏အဖြစ်ကိုကား မကြည့်။ ဆွမ်း ညွှန်းသော အရှင်ဒဗ္ဗအပေါ်မှာသာ အပြစ်ရှာလိုက်ကြသည်။ သူတို့အထင် ကား အရှင်ဒဗ္ဗက တို့မကောင်းကြောင်းတွေ သူဌေးကို ပြောပြထားလို့ သူဌေးက အခုလို ဆက်ဆံတာ ဟူ၏။

ထိုနေ့မှစ၍ မေတ္တိယျနှင့် ဘူမဇကတို့သည် အရှင်ဒဗ္ဗကို လူထွက် ပြီး ဒုက္ခရောက်အောင် ဘယ်လိုလုပ်ရလဲဟု အမြဲကြံစည်နေကြသည်။ တစ်နေ့တွင် သူတို့အကြံအစည် အထမြောက်ဖို့ အကြောင်းဖန်လာလေ ပြီ။ ရုပ်ရည်ချောမောလှပသပ္ပာယ်သော မေတ္တိယာအမည်ရှိ ဘိက္ခုနီမ လေးကို အသုံးပြုပြီး အရှင်ဒဗ္ဗ ဒုက္ခရောက်စေမည့် အကြံအစည်ကြီးကို စတင်အကောင်အထည်ဖော်လေတော့သည်။

ထိုဘိက္ခုနီမလေးသည် သူတို့နှစ်ပါးအပေါ် အထူးချစ်ခင်သော ကြောင့် သူတို့ပြောသည့်အတိုင်း တစ်နေ့တွင် ဘုရားရှေ့သွားပြီး အရှင် ဒဗ္ဗက သူ့ကို မတရားပြုကျင့်ပါကြောင်း တိုင်ကြားပါလေတော့သည်။ ဗုဒ္ဓဘာသာဝင်အများစုသည် များသောအားဖြင့် ရဟန်းတော်တို့ကို ချဉ်းကပ်ရာ၌ ကြည်ညိုမှုကို အဓိကမထားဘဲ ခင်မင်စရာကောင်းမှုကို သာ အဓိကထားပြီး ကိုးကွယ်တတ်ကြသည်။

ထို့ကြောင့်လည်း တကယ့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ပြည့်စုံကြသည့် ရဟန်းတော်တို့မှာ နောက်တန်းသို့ရောက်နေပြီး၊ ပေးသမား၊ မေးသမား၊ ဆေးသမား ဘုန်းကြီးများသာ ဘုန်းကြီးပြီး ရှေ့တန်းသို့ ရောက်နေကြပေသည်။ နဂိုကတည်းက သီလ၊ သမာဓိ၊ ပညာ သိက္ခာ

www.dhammaransi.com

သုံးပါးကို ကြည်ညိုခဲ့သည်မဟုတ်သောကြောင့် မိမိတို့ ဆေးဘုန်းကြီး၊ မေးဘုန်းကြီး၊ ပေးဘုန်းကြီးများ သာသနာပျက်စီးရာ ပျက်စီးကြောင်းတွေ ဘယ်လောက်ပင်လုပ်လုပ် အပြစ်မယူကြတော့ပေ။ အရေးယူဟန့်တား သတိပေးခြင်းမလုပ်ကြဘဲ ချီးမြှောက်မြှောက်နေကြခြင်းသည်ကား အဆိပ်ပင်ရေလောင်းသည်နှင့် အတူတူပင်ဖြစ်ပါ၏။

သာသနာကိုချစ်မြတ်နိုးသော ဒကာ၊ ဒကာမမှန်သမျှတို့သည် သာသနာညှိုးနွမ်းကြောင်းအပြုအမူများကို တွေ့ခဲ့လျှင် ထိုရဟန်းအား သတိပေးလျှောက်ထား ဟန့်တားရမည်သာဖြစ်၏။ ဝိသာခါကျောင်းအမ ကြီး သာသနာမညှိုးနွမ်းအောင် စောင့်ရှောက်ခဲ့ပုံတစ်ခုကိုလည်း ယခု ခေတ်လူများ အတုယူနိုင်ကြရန် ဖော်ပြပါဦးမည်။

တစ်နေ့ မင်္ဂလာဆောင်ပွဲတစ်ခုက ဖိတ်သဖြင့် ဝိသာခါကျောင်း အမကြီး ရောက်လာသည်။ မင်္ဂလာဆောင်အခမ်းအနား ပြီးသောအခါ ရဟန်းတစ်ပါးသည် သတို့သား၊ သတို့သမီးတို့ အိပ်ခန်းထဲဝင်ပြီး သတို့ သမီးနှင့် စကားကောင်းနေလေသည်။ အရင်ကတည်းက ခင်မင်ရင်းနှီးစွဲ ရှိသောကြောင့် ရိုးရိုးသားသားစကားများကို ပြောခြင်းသာဖြစ်ပါ၏။

ဘယ်လောက်ရိုးသားသောစကားပင်ဖြစ်လင့်ကစား ဘေးကမမြင် နိုင်သော အခန်းတစ်ခုထဲတွင် ရဟန်းနှင့် မာတုဂါမ နှစ်ယောက်တည်း စကားပြောနေခြင်းကား ဘယ်လိုမှ မတင့်တယ်။ ရဟန်းတော်တွေဟာ ဒီလိုပဲလားဆိုပြီး ပညာရှိတို့၏ မေးငေါ့ခြင်းကို ခံရဘွယ်သာရှိပါ၏။ ထို့ကြောင့်လည်း ဝိသာခါက အခန်းထဲဝင်လိုက်သွားပြီး ရဟန်းတော်ကို လျှောက်ထားလိုက်သည်မှာ-

## ရဟန်းတော်ကိုဆုံးမသော ဝိသာခါ

"အရှင်ဘုရားနဲ့ ဒီမိန်းကလေး ရိုးရိုးသားသားစကားတွေသာ ပြော နေကြမယ်ဆိုတာ တပည့်တော် ယုံကြည်ပါတယ်။ ဒါပေမယ့် အခန်း တစ်ခန်းထဲမှာ အဖော်မပါဘဲ ရဟန်းနဲ့ မာတုဂါမ တစ်ယောက်ချင်း စကားပြောနေတာကတော့ ဘယ်လိုမှ မတင့်တယ်ပါဘူးဘုရား"

"မပြေးသော်ကန်ရာရှိဆိုတဲ့ စကားအတိုင်း အပြစ်ရှာလိုသူများ အရှင်ဘုရားတို့ကိုအကြောင်းပြုပြီး သာသနာညှိုးနွမ်းစေမယ့်သတင်းတွေ ကို လွှင့်ထုတ်နိုင်ပါတယ်ဘုရား၊ ဒါကြောင့် နောက်နောင် အခန်းတစ်ခန်း ထဲဝင်ပြီး အမျိုးသမီးတစ်ယောက်တည်းကို စကားပြောခြင်းမှ ရှောင်ကြဉ် တော်မူပါဘုရား"

www.dhammaransi.com

ဟူ၏။ ထိုအကြောင်းကို ဗုဒ္ဓ သိတော်မူသောအခါ ဝိသာခါကို များစွာ ချီးမွမ်းပြီး ရဟန်းတော်များ မခြင်ကွယ်ရာနေရာ၌ မာတုဂါမနှင့် တစ်ယောက်ချင်းစကားပြောလျှင် ပါစိတ်အာပတ်သင့်စေ ဟူ၍ သိက္ခာပုဒ်တစ်ခုကို ပညတ်ပေးတော်မူခဲ့ပါသည်။ ယခု မေတ္တိယာအမည်ရှိ ဘိက္ခုနီမသည်ကား ရဟန်းမဘဝ ရောက်နေပါလျက် ကြည်ညိုခြင်းနှင့် ခင်မင်ခြင်းကို ခွဲခြားမသိပေ။

ထို့ကြောင့်လည်း မေတ္တိယျနှင့် ဘူမဇကတို့၏ မသင့်တော်သော အကြံအစည်ကို မတားမြစ်ဘဲ အလိုတူအလိုပါ ဖြစ်ခဲ့ခြင်းဖြစ်ပါ၏။ ပရာနုဝါဒဘေးကား သူ့နည်းသူ့ဟန်နှင့်သူ ပြင်းထန်သင့်သလောက် ပြင်းထန်သည်သာဖြစ်ပါ၏။ လွန်ခဲ့သော ၉၁ ကမ္ဘာက ရဟန္တာတစ်ပါးအား စွပ်စွဲခဲ့သော ဝဋ်ကြွေးကို စတင်ပေးဆပ်ရပေပြီ။ ပေးဆပ်ရသောအခါ အရင်းသာမက အတိုးအထိပါပေးဆပ်ရပုံကို သိလာရပါလိမ့်မည်။

## အရှင်ဒဗ္ဗ ပထမအကြိမ် စွပ်စွဲခံခြင်း

ဗုဒ္ဓကား မေတ္တိယာဘိက္ခုနီမက မဟုတ်မမှန်စွပ်စွဲမှန်း သိပါ၏။ သို့သော် အမှုဖြစ်ပြီဆိုသည်နှင့် အားလုံးသံသယရှင်းအောင် ပရိသတ်လေးပါးအလယ်တွင် အရှင်ဒဗ္ဗကို စစ်ဆေးမေးမြန်းရလေပြီ။ ငယ်ဖြူရဟန်းတစ်ပါးဖြစ်ပါလျက် ဗလက္ကာရမှုဖြင့် လူများအလယ်တွင် အမေးမြန်းခံနေရသည်မှာ သာမန်သီလစင်ကြယ်သည့် ပုထုဇဉ်ရဟန်းတစ်ပါးသာဆိုလျှင် ရှက်တာနှင့် သေရပါလိမ့်မည်။

ဗုဒ္ဓက-

"ချစ်သားဒဗ္ဗ၊ ဟောဒီဘိက္ခုနီမက သူ့ကို မတရားကျင့်ကြံပါတယ်လို့ ချစ်သားအပေါ်မှာ စွပ်စွဲနေတယ်။ သင်ချစ်သားကရော သူစွပ်စွဲသည့်အတိုင်း သူ့ကို မတရားပြုကျင့်မိပါသလား"

ဟု မေးလိုက်ရာ အရှင်ဒဗ္ဗသည် ရှက်ကြောက်ညှိုးငယ်သော မျက်နှာဖြင့် မော်ဖူးလိုက်ပြီး-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ တပည့်တော် မတရားကျင့်တယ်၊ မကျင့်ဘူးဆိုတာ မြတ်စွာဘုရား သိမြင်တော်မူပါတယ်ဘုရား" ဟု ပြန်လျှောက်လိုက်လေသည်။ ဗုဒ္ဓက-

"ချစ်သားဒဗ္ဗ ယခုအချိန်ဟာ အမှုစစ်ဆေးနေခြင်းဖြစ်တယ်။ ဒါကြောင့် စောစောကအဖြေမျိုးဖြေလို့ တရားမဝင်ဘူး၊ သင်ချစ်သား

www.dhammaransi.com

အနေနဲ့ ကျူးလွန်မိရင် ကျူးလွန်မိပါတယ်၊ မကျူးလွန်ရင် မကျူးလွန်ပါဘူးလို့ တိတိကျကျ အဖြေပေးရမယ်"

ဟု မိန့်တော်မူပြီး ဒုတိယအကြိမ် ယခင်အတိုင်း ပြန်လည်မေးမြန်းပြန်ပါသည်။ အရှင်ဒဗ္ဗက ရရှိထားသော အရဟတ္တဖိုလ်တရားကြီးကို ဖွင့်မပြောချင်သဖြင့် ပထမအကြိမ်ကအတိုင်း ဖြေပြန်သဖြင့် ဗုဒ္ဓက ပြင်ပေးပြီး တတိယအကြိမ် မေးတော်မူပြန်ပါသည်။ ထိုအချိန်တွင်ကား မိမိပေါ် ကျရောက်နေသော ကာယကံရှင်အမျိုးသမီးကိုယ်တိုင် စွပ်စွဲသည့် ပြစ်ချက်ကြီးကို ရထားသော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နှင့်ဖြေရှင်းမှ ရတော့မည် ဖြစ်သောကြောင့်-

"မြတ်စွာဘုရား၊ တပည့်တော်ကား (၇)နှစ်သား ကိုရင်အရွယ်က ရခဲ့သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၏ဂုဏ်သတ္တိတန်ခိုးကြောင့် မေထုန်အမှုကို ကိုယ်ဖြင့်ပြုကျင့်ဖို့နေနေသာသာ အိပ်မက်ထဲမှာတောင် မပြုကျင့်တော့ပါဘုရား"

ဟု ခြင်္သေ့မင်းကဲ့သို့ ရဲရဲဝံ့ဝံ့ လျှောက်ထားလိုက်ရာ ဗုဒ္ဓက-

"ချစ်သား၊ သင်ပြောသည့်အတိုင်း မှန်ကန်ပေ၏။ ငါဘုရား ကြိုတင်သိပါသော်လည်း ပရိသတ်များ သံသယကင်းရှင်းစေရန် ထုတ်ဖော်မေးမြန်းရခြင်းဖြစ်၏။ ရဟန်းကောင်းတစ်ပါးကို လူထွက်လောက်သည်အထိ ပါရာဇိကအာပတ်ဖြင့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲသော ဘိက္ခုနီမအား လူဝတ်လဲ၍ ကျောင်းတိုက်မှ အပြီးအပိုင်နှင်ထုတ်ကြစေ"

ဟု အဆုံးအဖြတ် ပေးတော်မူပါသည်။ အမှုဟောင်းတစ်ခုကား ငြိမ်းသွားလေပြီ။ သို့သော် သူတို့မှန်းချက်နှင့် နှမ်းထွက်မကိုက်ကြသော မေတ္တိယျနှင့် ဘူမဇကတို့သည် အမှုသစ်တစ်ခုကို ဘုရားနားတော်ရောက်အောင်သတင်းလွှင့်ကြပြန်လေသည်။ သူတို့လွှင့်သည်က-

## ဒုတိယအကြိမ် စွပ်စွဲခံခြင်း

"အရှင်ဒဗ္ဗသည် မေတ္တိယာ ဘိက္ခုနီမအား သားမယားပြုကျင့်နေသည်ကို သူတို့ကိုယ်တိုင် တွေ့ရပါသည်"တဲ့။ ထိုအမှုကိုလည်း ဗုဒ္ဓက ခေါ်ယူစစ်မေးသောအခါ မေတ္တိယျနှင့် ဘူမဇကနှစ်ပါးတို့သည် ဆိတ်ထီးနှင့် ဆိတ်မ မေထုန်မှီဝဲသည်ကိုတွေ့ရပြီး ဆိတ်ထီးကို အရှင်ဒဗ္ဗ၊ ဆိတ်မကို မေတ္တိယာဟု အမည်ပေးပြီး မလိမ့်တပတ်ဖြင့် စွပ်စွဲခြင်းဖြစ်ကြောင်းပေါ်သဖြင့် ထိုသို့စွပ်စွဲလျှင် သံဃာဒိသေသ်အာပတ်သင့်စေဟု ပညတ်တော်မူရပြန်သည်။

www.dhammaransi.com

အရှင်ဒဗ္ဗ၏ဝင်္ဂကြွေးကား ကုန်သေးဟန်မတူ။ မေတ္တိယျနှင့် ဘူမဇက တို့သည် အလျှော့မပေးသေးဘဲ သူတို့အားခင်မင်နေသော ဆွမ်းဒကာ တစ်ယောက်အား သူ၏မယားနှင့် အရှင်ဒဗ္ဗကို စွပ်စွဲခိုင်းပြန်လေသည်။ အသိဉာဏ်နည်းပါးလွန်းလှသောဒကာသည် ပြောသည့်အတိုင်း ဘုရားထံ သွားပြီး အရှင်ဒဗ္ဗကို သူ၏မယားနှင့် စွပ်စွဲပြန်လေသည်။

စစ်ဆေးသောအခါ မဟုတ်မမှန်ကြောင်းကိုသိရသဖြင့် ရဟန်း တစ်ပါးသိက္ခာကျအောင် ပါရာဇိကဖြင့် လုပ်ကြံစွပ်စွဲသော ဒကာအိမ်ကို သံဃာအားလုံးက သပိတ်မှောက်ကြရန် ဗုဒ္ဓက မိန့်တော်မူသည်။

"သံဃာက သပိတ်မှောက်သည်ဆိုသည်မှာ သံဃာအားလုံးက ထို ဒကာအိမ်သို့ သာရေးနာရေး ဘာအရေးမှ မကြွကြတော့ခြင်းပင် ဖြစ်ပါ ၏။ ဒကာမှာ ထိုအခါကျမှ သူ့အပြစ်ကို အလွန်ကြီးကြောင်းသိသွားပြီး မတ်တတ်က မေ့လဲသွားခဲ့လေသည်။ ၇ ရက်ခန့် ရှိသောအခါတွင်မှ မိသားစုအားလုံး ကျောင်းသို့လာပြီး နောက်နောင် ထိုကဲ့သို့မဖြစ်ဖို့ ဝန်ခံ ပြီး တောင်းပန်သောအခါတွင်မှ သပိတ်ကို လှန်ပေးတော်မူပါသည်။

အရှင်ဒဗ္ဗကား ခုနစ်နှစ်သားက ကိလေသာအာသဝေါကုန်ခမ်း ရဟန္တာဖြစ်ခဲ့သူဖြစ်ပါလျက် ၉၁ ကမ္ဘာက ဝင်္ဂကြွေးကြောင့် မိန်းမနှင့် စွပ်စွဲသမုတ်ခြင်းကို သုံးကြိမ်တိတိ ခံခဲ့ရပါသည်။ ဝင်္ဂကြွေးရှိခဲ့လျှင် မိမိက ဘယ်လောက်ပင် စင်ကြယ်အောင်နေနေ၊ ပရာနုဝါဒဘေးများ ဆိုက်တတ် ပုံကို ဗုဒ္ဓနှင့် အရှင်ဒဗ္ဗတို့အဖြစ်ကိုကြည့်၍ သိလောက်ပေပြီ။

အရှင်ဒဗ္ဗ ပရိနိဗ္ဗာန်ဝင်စံသောအခါ ရဟန္တာဖြစ်ပါလျက် မာတုဂါမ နှင့် သုံးကြိမ်တိတိ သမုတ်ခံခဲ့ရသောကြောင့်လောမသိ။ ကောင်းကင်တွင် တပလ္လင်ခွေကာ တေဇောကသိုဏ်းဝင်စားပြီး မီးရှို့လိုက်ရာ ဓာတ်တော် မပြောနှင့် ပြာတောင်မကြွင်းကျန်ခဲ့ပေ။ ဤဖြစ်ရပ်ကိုထောက်၍ ရဟန္တာ ဖြစ်တိုင်း ပျံလွန်တော်မူသောအခါ ဓာတ်တော်မကျ၊ အရှင်မြတ်များ ကျစေလိုသော အလိုဆန္ဒရှိမှ ကျတော်မူသည်ဟု ထူးခြားသော ဒဿန တစ်ခုကို မှတ်သားကြရပါမည်။

## အကြောက်လွန်၍ အသေစောသူများ

ပရာနုဝါဒဘေးကို ကြောက်ရွံ့မှုကြောင့် အသေစောသွားရသော ရဟန်းနှစ်ပါးကို တွေ့ခဲ့ဖူးသည်။ တစ်ပါးသည် သာသနာ့ဘောင်မှ သေဆုံး သွားပြီး ကျန်တစ်ပါးသည် လူ့ဘဝမှပင် သေဆုံးသွားခဲ့ရသည်။ ပထမ တစ်ပါးမှာ မန္တလေးတိုင်း၊ မြင်းခြံခရိုင် တောင်သာမြို့ပေါ်ရှိ စာသင်တိုက် တစ်ခုမှာ စာချဆရာတော်တစ်ပါးဖြစ်သည်။

www.dhammaransi.com

စာချကောင်းသလို၊ တရားဟောလည်းကောင်းသဖြင့် လူသိများပါသည်။ ကျွန်ုပ်ပင် ထိုဆရာတော်၏ ညတရားပွဲတစ်ပွဲကို နာကြားဖူးသည်။ ဆရာတော်သည် သနားတတ်သူတစ်ယောက်ပီပီ ပညာထူးချွန်ပြီး ငွေကြေးချို့ငဲ့သော မိန်းကလေးတစ်ယောက်ကို တတ်အားသမျှ ထောက်ပံ့ကူညီခဲ့သည်။

"ထိုမိန်းကလေး ဆယ်တန်းကို အမှတ်ကောင်းကောင်းနှင့် အောင်သောအခါ မန္တလေးမြို့ရှိ ဆရာတော်၏ ဒကာတစ်ယောက်အိမ်တွင် နေစေပြီး တက္ကသိုလ်ဆက်တက်စေသည်။ ထိုအချိန်တွင် မိန်းကလေးမှာ အရွယ်ရောက်လာပြီဖြစ်သဖြင့် မလိုသူတစ်ချို့က ကွယ်ရာတွင် မေးငေါ့စပြုလာလေပြီ။

တစ်နေ့... ထိုနေ့သည်ကား ဆရာတော်ကို သာသနာ့ဘောင်မှ သေအောင်ပြုလုပ်မည့်နေ့ဆိုလျှင် မမှားပေ။ မလှိုင်မြို့နယ်မှ ဆရာတော်၏အသိ ဒကာတစ်ယောက်က ရုပ်ပွားတော်တစ်ဆူ ပူဇော်ချင်သည်ဆိုသဖြင့် ဆရာတော်ကိုယ်တိုင် မန္တလေးလိုက်ပြီးဝယ်ပေးရသည်။ မိန်းကလေး ကျောင်းတက်နေသောဒကာအိမ်မှာပင် တည်းခိုပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ရပုံကား ရက်တစ်ရက်တည်းမှာပင် မလှိုင်မှဒကာကလည်း အနေကဇာတင်ကိစ္စများ ဦးစီးဆောင်ရွက်ပေးရန် ဆရာတော်ကို မလှိုင်သို့ပင့်သွားသည်။ ထိုနေ့မှာပင် တက္ကသိုလ်ကျောင်းသူမိန်းကလေးမှာလည်း သူငယ်ချင်းတစ်ယောက်၏မြို့သို့ အလည်လိုက်သွားလေသည်။ ထိုနေ့မှာပင် ဆရာတော်ကို မေးငေါ့ချင်သော တောင်သာမြို့မှ ဒကာ၊ ဒကာမအချို့ ထိုအိမ်သို့ အလည်ရောက်လာကြသည်။

မိန်းကလေးကလည်း ဒီအိမ်ကနေ ကျောင်းတက်နေတယ်။ ဆရာတော်ကလည်း ဒီအိမ်ကိုကြွသွားတယ်။ အခုငါတို့လာတဲ့ အချိန်မှာတော့ ဆရာတော်ရော မိန်းကလေးရော နှစ်ယောက်စလုံး မရှိပါလား။ ကေန်မုချ အချိန်းအချက်လုပ်ပြီး တစ်နေရာကို ထွက်ပြေးကြတာ ဖြစ်မယ်ဟု မိမိဖာသာအဆိုတင် မိမိဖာသာအတည်ပြုပြီး တောင်သာပြန်ရောက်သောအခါ မဟုတ်လျှင် သူတစ်ပါး မည်၍မည်မျှ ထိခိုက်မည်ကို ဂရုမစိုက်ဘဲ မောင်းတီးပါလေတော့သည်။

အတင်းအဖျင်းဆိုလျှင် လူတို့သည် မြိန်ရေရှက်ရေ ပြောတတ်ကြသည့် ဓမ္မတာအတိုင်း ထိုသတင်းသည် တောင်သာတစ်မြို့လုံးသို့ ပျံ့နှံ့သွားပါတော့သည်။ ဆရာတော်နှင့် ကျောင်းသူလေးတို့ကား ဘာမှ

www.dhammaransi.com

မသိရှာ။ ဆရာတော် တောင်သာပြန်ရောက်သောအခါတွင်ကား လုပ်ကြံ ထင်မြင်ချက်သတင်းက မြို့ထဲမှာကျော်ကာ ကျောင်းတိုက်တွင်းမှ ဆရာ တော်ကြီးနားသို့ပင် ရောက်နေလေပြီ။

သို့အတွက် ဟုတ်တာ၊ မဟုတ်တာအပထား စာချဆရာတော်မှာ ဆရာတော်ကြီး၏ စစ်မေးခြင်းကိုခံရလေသည်။ စာချဆရာတော်ကား အကြောက်များခဲ့လေပြီ။ သူနေရပ်သို့ပြန်ကာ သိက္ခာချ၍ လူဝတ်လဲလိုက် ပါတော့သည်။

"ယခုဆိုလျှင် နှစ်တွေလည်းအတန်ကြာခဲ့ပြီဖြစ်သဖြင့် ကျောင်းသူ မိန်းကလေးသည် သူ့အိမ်ထောင်နှင့်သူ ဖြစ်နေလေပြီ။ စာချဆရာတော် မှာလည်း လူပြန်တော်ဘဝနှင့်ပင် ရပ်ရွာ၌ အေးချမ်းစွာနေလျက်ရှိသည်။ အိမ်ထောင်လည်း မပြုပါ။ ဤသည်ကား အကြောက်လွဲသည့်အတွက် သာသနာ့ဘောင်မှ စောစီးစွာသေသွားရသော ရဟန်းတစ်ပါး၏ တကယ့် ဖြစ်ရပ်ပါတည်း။

## ကြိုးဆွဲချပျံတော်မူသောဆရာတော်

အကြောက်လွဲသည့်အတွက် လူ့ဘဝမှပင်သေဆုံးသွားရသည့်ဖြစ် ရပ်ကား …………မြို့၌ ဖြစ်ခဲ့ပေသည်။

(၃၀-၁၁-၉၈)နေ့က ……… ကျောင်းဆရာတော် ………… ကြိုးဆွဲချ၍ ပျံတော်မူသွားပြီဟူသော သတင်းသည် ………တစ်မြို့ လုံးသို့ ပျံ့နှံ့သွားခဲ့သည်။

အနေအထိုင်ကောင်းသော ဆရာတော်တစ်ပါး ဖြစ်ပါလျက် အဘယ့် ကြောင့် ကြိုးဆွဲချသေသည့်အထိ အဖြစ်ဆိုးသွားရသနည်း။ အမှန်သို့ ရောက်အောင် တော်တော်နှင့်စဉ်းစား၍မရ။ ဆရာတော်နှင့် နီးစပ်ရာ ပုဂ္ဂိုလ်များမှတစ်ဆင့် စုံစမ်းကြည့်ရာမှ ပရာနုဝါဒဘေးကြောင့်ပင်ဖြစ် ကြောင်း သိရပါတော့သည်။

ဆရာတော်နှင့် သုံးကြိမ်အတူဆွမ်းစားဖူးခြင်း၊ ဆရာတော်ကျောင်း သို့ တစ်ကြိမ်ကြွဖူးခြင်းတို့ကြောင့် အနေအထိုင်ကောင်းသော ဆရာတော် တစ်ပါးဖြစ်ကြောင်း အကဲခတ်မိခြင်းဖြစ်ပါသည်။ ဖြစ်ရပုံကား ဆရာတော် ကျောင်းမှ ရဟန်းတစ်ပါးသည် မာတုဂါမများနှင့်ရှုပ်သောကြောင့် ဆရာ တော်က နှင်ထုတ်ပစ်လိုက်သည်။ နှင်ထုတ်ခံရသော ကိုယ်တော်သည် ဆရာတော်ကိုရန်ငြိုးဖွဲ့ပြီး လူဝတ်လဲသွားခဲ့သည်။

www.dhammaransi.com

တစ်နေ့တွင် မတရားကျင့်ကြံပြီး အသတ်ခံထားရသော အမျိုးသမီး အလောင်းတစ်လောင်း ဆရာတော်ကျောင်းဝိုင်းထဲ ရောက်နေလေသည်။ ထိုသတင်း တစ်မြို့လုံးနှံ့သွားသောအခါ ဆရာတော်ကိုမလိုသော သံဃာ အချို့နှင့် ဒကာ၊ ဒကာမအချို့က ဆရာတော်ကို တရားခံနေရာမှာထားပြီး စွပ်စွဲပုတ်ခတ်ကြပါတော့သည်။

သက်ဆိုင်ရာရဲများကလည်း အမှုမှန်ကို ပေါ်အောင်မလိုက်ဘဲ ဘေးပတ်ဝန်းကျင်၏ ထင်မြင်ချက်အတိုင်း ဆရာတော်ကိုသာ တရားခံ အနေမျိုး လာပြီးစစ်ဆေးမေးမြန်းနေကြသဖြင့် ပရာနုဝါဒဘေး၏ဒဏ်ကို မခံနိုင်သော ဆရာတော်သည် ကြိုးဆွဲချပြီး အဆုံးစီရင်လိုက်ခြင်းဖြစ်ပေ သည်။

ထိုခုနှစ်အတွင်းက ………မြို့ စက်မှုဇုန်ထဲတွင်လည်း အထည် ချုပ်အလုပ်သမလေးများ မတရားအကျင့်ခံရပြီး သတ်ဖြတ်ခံရသောအမှု နှစ်မှုဖြစ်ခဲ့သေးသည်။ သို့သော် ယခုစာရေးချိန် ၂၀၀၁ ခုနှစ်ထိ တရားခံ ကိုဖမ်းမိသည်ဟူ၍ မကြားရ။

ယခု ………….. မှဆရာတော်၏ ဖြစ်ရပ်တွင်လည်း နီးစပ် သူများအားလုံးက တရားခံကို သိနေကြသည်။ ဖြစ်ရပ်အမှန်ကား ကျောင်းမှနှင်ထုတ်ခံရသော ရဟန်းလူထွက်သည် ဆရာတော်အပေါ် ရန်ငြိုးထားသူပီပီ နေ့စဉ် အကောက်ကြံနေခဲ့သည်။

အသတ်ခံရသောမိန်းကလေးမှာ ကျောင်းတိုက်တွင်း ဇရပ်အလှူ ရှင်တစ်ဦးနှင့် အမျိုးတော်သောကြောင့် ညနေဈေးရောင်းပြီးသည်နှင့် ပစ္စည်းပစ္စယများကို ထိုဇရပ်ပေါ်မှာပင် သိမ်းဆည်းထားတတ်သည်။ ကျောင်းဝိုင်းကလည်းကျယ်၊ ဆရာတော်ကလည်း သူ့ကျောင်းလေးပေါ်မှ သိပ်မဆင်းသည့်အတွက် ကျောင်းဝိုင်းတစ်ခုလုံးမှာ နေ့ရော ညရော တိတ်ဆိတ်နေလေ့ရှိသည်။

ကျွန်ုပ်ရောက်ဖူးစဉ်က ကိုရင် ကျောင်းသားလည်း မတွေ့ခဲ့ရပါ။ တိတ်ဆိတ်ငြိမ်သက်မှုကို သူတော်ကောင်းများက တရားအားထုတ်မှု အတွက် နှစ်သက်သလို၊ မသူတော်များကလည်း မကောင်းမှုပြုလုပ်ရန် အတွက် နှစ်သက်တတ်ပြန်လေသည်။ ယခုလည်းကြည့်ပါ၊ ထိုတိတ်ဆိတ် ငြိမ်သက်မှုကို အခွင့်အရေးယူပြီး ရဟန်းလူထွက်သည် မိန်းကလေးကို မတရားကျင့်ကာ ကျောင်းဝိုင်းထဲမှာပင် သတ်ဖြတ်ထားခဲ့လေပြီ။

www.dhammaransi.com

## အခန်း (၁၂)
## ကျွန်ုပ်၏ တစ်ဦးတည်းစွန့်စားခန်းများ

၁၃၃၈ ခုနှစ်၊ ကျွန်ုပ် အသက် (၁၃)နှစ် အရွယ်၌ အမရပူရမြို့ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်မှ မန္တလေးမြို့၊ အရှေ့တောင်မြို့နယ်၊ မူလဇီဘန်နီကျောင်းတိုက်၊ ပညာဗိမာန်သာသနာပြုကျောင်းသို့ ညီအစ်ကို နှစ်ယောက် ရောက်ဖူးကြသည်။ အရင်က တစ်ခါမှမရောက်ဘူး။ ကျွန်ုပ်တို့ဥပဇ္ဈာယ်ဆရာဖြစ်လာမည့် ဆရာတော်ကိုလည်း ယခု ရှင်လာပြုမှ ဖူး,ဖူးခြင်းဖြစ်သည်။

သို့သော် ထိုစဉ်အခါကတော့ ညီအဖော် ပါပါသေးသည်။ တစ်ဖန် ၁၃၄၁ ခုနှစ်တွင် မူလဇီဘန်နီကျောင်းတိုက်မှ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ သာသနာ့မူလိကာရာမ ကျောင်းသစ်ကျောင်း စာသင်တိုက်သို့ တစ်ပါတည်း ရောက်ခဲ့ရပြန်သည်။ တောင်သာ၌ ဘုန်းကြီး အသိ လူအသိဟူ၍ တစ်ဦးမျှ မရှိပါချေ။

၁၃၄၅ ခုနှစ်တွင် မယ်တော်နှင့် ဘကြီး ဦးဘရီတို့၏ ပို့ဆောင် အပ်နှံပေးမှုကြောင့် တောင်သာမှ မန္တလေးမြို့၊ အနောက်တောင်မြို့နယ်၊ မစိုးရိမ်တိုက်သစ်သို့ ရောက်ခဲ့ရပြန်လေသည်။ ထိုအချိန်ကလည်း အနောက်တောင်မြို့နယ်ထဲတွင် ရဟန်းအသိ လူအသိဟူ၍ တစ်ဦးတစ်ယောက် မှမရှိဘဲ လေးဝါတိတိ နေထိုင်ခဲ့ပါသည်။

"ယခု ၁၃၅၀ ခုနှစ်ထဲတွင်လည်း ရဟန်းအသိ လူအသိ ဟူ၍ တစ်ဦးတစ်ယောက်မျှမရှိသော ရန်ကုန်သို့ တစ်ပါးတည်းရောက်ရှိရပြန် လေပြီ။ ခဏအကြာမှာပင် ကျောင်းသားများရောက်လာပြီး ကျွန်ုပ်တို့ သေတ္တာများကို ထမ်းပိုးကြကာ ရှေ့ကဦးဆောင်သယ်သွားလေပြီ။ မီး

www.dhammaransi.com

လောင်ကွင်းကြီးကို ကားတစ်မှတ်တိုင်စာလောက်လျှောက်ပြီးသည်နှင့် အုန်းတောကျောင်းတိုက်သို့ ရောက်ခဲ့လေပြီ။

ငါးဝါရ အသက် (၂၅)နှစ်အရွယ်သာရှိသေးသော ဓမ္မာစရိယတန်း ဖြေဆဲအဆင့်သာ ရှိသေးသော ကျွန်ုပ်ကို ကျောင်းထိုင်ဆရာတော်က အားရဟန်မရှိ ဒီလောက်ငယ်ရွယ်တဲ့ ကိုယ်တော်လေးတစ်ပါး မီးလောင်ပြင်အလယ်က ခနော်ခနဲ့ကျောင်းလေးအတွင်းမှာ မပျင်းမရိ စိတ်ပါလက်ပါ စာချပေးဖို့ဆိုသည်မှာ မဖြစ်နိုင်ဟု တစ်ထစ်ချယူဆထားပုံရသည်။

လူတစ်ယောက်၏အစွမ်းအစကို နှုတ်ဖြင့်ကြီးပြောလျှင် ပေါ့သွားတတ်သည်။ အောင်မြင်အောင် လက်တွေ့လုပ်ပြခြင်းဖြင့်သာလျှင် လေးနက်ပြီး သမိုင်းဝင်စေသည်။ သို့အတွက် ဆရာတော်ကြီးက "အင်း... ဝါက အတော်ငယ်သေးတာပဲ"ဟု ကျွန်ုပ်ရှေ့မှာပင် အားမလိုအားမရ ညည်းတွားလိုက်သော်လည်း ကျွန်ုပ်က ဘာမျှ ပြန်လည်မလျှောက်ထားလိုက်ခြင်း ဖြစ်သည်။

ကျွန်ုပ်သည် သာသနာအလုပ်ကို မွတ်သိပ်နေသူတစ်ယောက်ပမာ စာဝါများကိုလည်း ပျက်ရက်မရှိအောင် ပို့ချပေးသည်။ ဆွမ်းခံထွက်ပြီး တော့လည်း စာသင်သားသံဃာများကို ဆွမ်းနှင့်ဆွမ်းဟင်း လျှုဒါန်းလိုက်သေးသည်။ သည်ကြားထဲ စာသင်သားသံဃာများချိုးရန် တုံကင်ရေကို လည်း မနက် ဆယ်စည်၊ ည ဆယ်စည် နှိုပ်ပေးလိုက်သေးသည်။

အသက် (၂၀) စာသင်သားအရွယ်ကတည်းက ဗုဒ္ဓဓမ္မလောက စာစောင်၌ ကျွန်ုပ်ရေးသောဆောင်းပါးများ ပါနေပြီဖြစ်သည်။ ထိုအချိန်က သာသနာ့ရောင်ခြည်မဂ္ဂဇင်းသို့လည်း ဆောင်းပါးအချို့ ရေးပို့ခဲ့ပါ၏။ သို့သော် ဗုဒ္ဓဓမ္မလောကစာစောင်ကဲ့သို့ ဆောင်းပါးပါသည်နှင့် စာမူခ နှင့် လက်ဆောင်စာစောင် ပို့ပေးခြင်းမျိုး သာသနာ့ရောင်ခြည်မဂ္ဂဇင်း၌ အလေ့အထမရှိပေ။

စာရေးဆရာများက ထွက်လာသောမဂ္ဂဇင်းကို ဖတ်ကြည့်ပြီး မိမိ ဆောင်းပါးပါပါက စာအုပ်လက်ဆောင်နှင့်စာမူခကို ကမ္ဘာအေး ပုဗ္ဗဝိဒေဟ ကျောင်းဆောင်ထိ သွားရောက်ထုတ်ယူရသည်ဖြစ်ရာ ကျွန်ုပ်လို နယ်မှ စာရေးဆရာများအတွက် ထိုအခွင့်အရေးမျိုးရဖို့ မလွယ်လှပေ။

"ကျွန်ုပ်ကား ကိုယ်ရေးတဲ့ဆောင်းပါးပါရင် အကြောင်းကြားမှာပဲဟု ထင်ပြီး သာသနာ့ရောင်ခြည်မဂ္ဂဇင်းကို တကူးတကဝယ်၍ ဖတ်မကြည့်မိပါ။ ထို့ကြောင့် ကျွန်ုပ်ရေးသောဆောင်းပါးများ ပါ,မပါကိုလည်း သတိ

www.dhammaransi.com

မပြုနိုင်တော့ပေ။ ရန်ကုန်ရောက်သောအခါကျမှပင် သာသနာ့ရောင်ခြည်တွင် ကျွန်ုပ်ဆောင်းပါးများ ဆက်တိုက်ပါလာသည်ကို တွေ့ရသည်။

အရှင်ဇဝန (မန္တလေး)ဟူသော ကလောင်အမည်သည် သာသနာ့ရောင်ခြည်မဂ္ဂဇင်းအယ်ဒီတာ ရွေးပေးခဲ့သော အမည်ဖြစ်သည်။ ဆောင်းပါးပို့စဉ်က ဗုဒ္ဓဓမ္မလောကစာစောင်တွင် ရေးနေကျကလောင်အမည်အတိုင်း ဦးဇဝန(တောင်သာ)ဟူသော အမည်ဖြင့်သာ ရေးပို့ခဲ့သည်။ ဆက်သွယ်ရန်လိပ်စာအမည် တပ်ရာ၌ကား-

အရှင်ဇဝန (မန္တလေး)
စာချဆရာတော်
အုန်းတောကျောင်းစာသင်တိုက်
အမှတ် (၅) ရပ်ကွက်
လှိုင်၊ ရန်ကုန်။

ဟု အသုံးပြုခဲ့ရာ လိပ်စာနာမည်ဖြစ်သည့် အရှင်ဇဝန (မန္တလေး) ဟူသော အမည်ကို အယ်ဒီတာကသဘောကျပြီး သာသနာရောင်ခြည်မဂ္ဂဇင်းတွင် အသုံးပြုပေးခဲ့ခြင်းဖြစ်သည်။ ပထမဆုံး ပုံနှိပ်ဖော်ပြခံရသော ကျွန်ုပ်၏ဆောင်းပါးတစ်ပုဒ်ကိုလည်း ဤစာအုပ်တစ်နေရာ၌ အလျဉ်းသင့်သလို ဖော်ပြပါမည်။

(၈-၆-၈၉)နေ့က ကျွန်ုပ်၌ ဆောင်းပါးအချောကူးစရာ လျှောက်လွှာစာရွက်မရှိတော့သဖြင့် ဦးသောဘနအမည်ရှိ ရဟန်းတစ်ပါးကိုခေါ်၍ သိမ်ကြီးဈေးမှာသွားဝယ်ကြသည်။ ဦးသောဘနမှာ ဆရာတော်ကြီး၏ မြေးတော်သော ရန်ကုန်သားတစ်ယောက်ပင်။ ရန်ကုန်သားဖြစ်သော ဦးသောဘနကလည်း အ, မန္တလေးသားဖြစ်သော ကျွန်ုပ်ကလည်း န,သဖြင့် လိုချင်သောလျှောက်လွှာစာရွက် ရှာမတွေ့သဖြင့် ဒီအတိုင်းပြန်ခဲ့ကြရသည်။

နောင်ကျမှ (၃၄)လမ်းအလယ်ဘလောက်တွင် လျှောက်လွှာစာရွက်မျိုးစုံရောင်းကြောင်းကို သိရသည်။ ထို့နေ့က စိတ်ပျက်လက်ပျက်ဖြင့် ပြန်လာကြရင်း ကမာရွတ်ဘူတာအရောက်တွင် ဦးသောဘနက-

"အရှင်ဘုရား... ရှေ့နားမှာ ရပ်ကွက်သမဝါယမအသင်းဆိုင်ရှိတယ်ဘုရား။ ဒီဆိုင်လည်းကုန်မျိုးစုံတင်တာပဲ၊ ဝင်မေးကြည့်ကြမလား"

"ကောင်းသားပဲ အရှုံးမရှိပါဘူး။ မေးကြည့်ကြတာပေါ့"

www.dhammaransi.com

"ကံတရားကား အင်မတန်မှဆန်းကြယ်သည်။ ကျွန်ုပ်၏ သာသနာပြုလုပ်ငန်းကြီးတစ်ခုလုံးကို ကူညီထောက်ပံ့အားပေးမည့် ဒါယိကာမကြီးတစ်ယောက်ရှိရာသို့ ကြုံဖန်ပို့ပေးလိုက်လေပြီ။ သာသနာကို ကူညီထောက်ပံ့မည့် ဒါယိကာမကြီးသည် မည်မျှလောက်ထိချမ်းသာလေသနည်းဟု မေးငြားအံ့။ အဖြေကား မချမ်းသာပါ ဆင်းရဲ၍ပင်နေပါသည်။

အဘယ်မျှဆင်းရဲနေသနည်းဆိုလျှင် ရပ်ကွက် မီးလောင်ခံရ၍ ထိုအချိန်က ကိုယ်ပိုင်အိမ်ပင်မရှိဘဲ အိမ်ငှားနေနေရသော အချိန်ပင်ဖြစ်ပါ၏။ ထိုမျှဆင်းရဲနေသော ဒါယိကာမကြီးက သာသနာကို ဘယ်ပုံဘယ်နည်း ထောက်ပံ့နိုင်သနည်းဟု မေးခဲ့လျှင် လွယ်လွယ်နှင့်ဖြေလို့မရတော့ပါ။ ယခုအကြောင်းအရာကို ဆုံးအောင်ဖတ်မှသာလျှင် အဖြေမှန်ကို တွေ့ရပါလိမ့်မည်။

အလှကုန်၊ စာအုပ်နှင့် စာရေးကိရိယာ၊ အိုးခွက်ပန်းကန် ဟူ၍ အရောင်းကောင်တာသုံးခုရှိရာ စာရေးကိရိယာအရောင်းကောင်တာရှေ့ဝင်လိုက်ကြသည်။ အထဲရောက်သည်နှင့်-

"စာရေးတဲ့လျှောက်လွှာစာရွက် ရှိသလားမသိဘူး"

"လျှောက်လွှာစာရွက်တော့ မရှိဘူး။ ဒီလိုစာရွက်တော့ ရှိတယ်ဘုရား"

ဟုဆိုကာ မျဉ်းကြောင်းပါသော စာရွက်အရှည်ကြီးများကိုထုတ်ပြသည်။ ကျွန်ုပ်က-

"ဒီလိုစာရွက်ကြီးတွေနဲ့ကတော့ မဖြစ်ဘူး။ မျဉ်းကြောင်းမပါတဲ့ လျှောက်လွှာစာရွက်မှဖြစ်မှာ၊ ဦးပဥ္စင်းက ဆောင်းပါးတွေဘာတွေရေးဖို့အတွက်သုံးမှာ စာရင်းဇယားအတွက် သုံးမှာမဟုတ်ဘူး"

"အဲဒါဆိုရင်တော့ တပည့်တော်တို့ဆိုင်မှာ မရှိဘူးဘုရား"

ထိုအချိန်မှာပင် အိုးခွက်ပန်းကန် အရောင်းကောင်တာတွင် ထိုင်နေသော မျက်လုံးမျက်ဖန်ကောင်းကောင်း နှာတံပေါ်ပေါ်နှင့် ခပ်ဝဝ အမျိုးသမီးကြီးတစ်ဦးက-

"အရှင်ဘုရားက ဘယ်ကျောင်းတိုက်ကလဲဘုရား"

"ဒီနားက အုန်းတောစာသင်တိုက်ကလေ"

ကျွန်ုပ်၏ ငယ်ရွယ်နုနယ်ပြီး ကလေးဆန်သောမျက်နှာကိုကြည့်၍ ထိုအမျိုးသမီးကြီးက-

"အရှင်ဘုရားရော စာသင်ရအောင်ကြွလာတာလား"

www.dhammaransi.com

ထိုအခါ ဘေးမှပါလာသော ဦးသောဘနက-

"ဟာ... ဒါယိကာမကြီးကလည်း ဒီဆရာတော်လေးက မန္တလေး မစိုးရိမ်စာသင်တိုက်မှာနေတာ။ အဲဒါ ဦးပဥ္စင်းတို့ကျောင်းက ဆရာတော်ကြီးက စာချဘုန်းကြီးလိုလို့ ပင့်လိုက်လို့ စာချရအောင်ကြွလာတာ"

"ဩော်... မသိလို့ပါဘုရား။ အရှင်ဘုရားက အသက်ငယ်ငယ်လေးနဲ့ စာချဆရာတော်ဖြစ်နေတာကိုး၊ ပြီးတော့ စာလည်းရေးတယ်ဆိုတော့ အရှင်ဘုရားရေးတဲ့စာတွေ မဂ္ဂဇင်းမှာပါလာရင် တပည့်တော်တို့ကိုလည်း ပေးဖတ်ပါဦးဘုရား"

"အင်း... ဦးပဥ္စင်း ရေးတာက အတွေးအခေါ် ဘာသာရေးဆောင်းပါးတွေဆိုတော့ ဒါယိကာမကြီးတို့ ဖတ်ချင်ပါ့မလားမသိဘူး"

"ဖတ်ပါတယ်ဘုရား၊ တပည့်တော်တို့က စာဆိုရင် ဝါသနာပါပြီးသားပဲ"

"ဒါဆိုရင်လည်း ဆောင်းပါပါတဲ့အခါ ပေးဖတ်ပါ့မယ်"

## ပစ္စည်းလေးပါး ဖိတ်တတ်သူ

"အရှင်ဘုရားလည်း ရောက်တာမကြာသေးဘူးဆိုတော့ အသိအကျွမ်း ဒကာ၊ ဒကာမကတော့ နည်းဦးမှာပေါ့၊ ဒါပေမယ့် အားမငယ်ပါနဲ့ဘုရား၊ တပည့်တော်တို့ကိုလည်း ဒကာရင်း၊ ဒကာမရင်းတွေလို သဘောထားပြီး လိုအပ်တဲ့ပစ္စည်းရှိရင် အလှူခံပါ ဘုရား၊ တပည့်တော်တို့ တတ်နိုင်သမျှ လှူပါ့မယ်"

"အင်း... ဒကာမကြီးက အသက်ငယ်ငယ်နဲ့ ဝိနည်းကြောင်းတွေ ဘာတွေ နားလည်သားပဲ၊ ဟုတ်တယ်၊ ဦးပဥ္စင်းတို့ ရဟန်းတွေဆိုတာ အဲဒီလို ဖိတ်မန်ထားမှ ကိုယ်အလိုရှိတာကို ပြောကောင်းတယ်"

"တပည့်တော်က ဝိနည်းစည်းကမ်းတွေ ဘာတွေတော့ နားမလည်ပါဘူးဘုရား၊ ကိုယ့်စိတ်ထဲကောင်းမယ်လို့ထင်တဲ့အတိုင်း လျှောက်လိုက်တာပါ၊ တပည့်တော်နဲ့သိတဲ့ရဟန်းသံဃာမှန်သမျှကို ဒီလိုပဲ လျှောက်ထားလေ့ရှိပါတယ်"

ထိုအခါ ကျွန်ုပ်သည် မြစကြာဆရာတော် မန္တလေးစိန်ပန်းရပ်ကွက်၊ သပြေမွှာရုံတွင် ဟောခဲ့သောတရားတော်မှ ဆရာတော်၏ ရင်ဖွင့်ချက်စကားတစ်ချို့ကို ပြန်လည်ကြားယောင်မိသည်မှာ-

"အေး... တို့ဒကာ၊ ဒကာမတွေ မှတ်ထားကြ၊ ရဟန်းသံဃာတွေ

www.dhammaransi.com

ဆိုတာ ပစ္စည်းလေးပါး ဖိတ်မန်ထားတဲ့ ဒကာ ဒကာမကိုသာ နှုတ်က ဖွင့်ဟပြောပြီး အလှူခံကောင်းတယ်၊ ကိုရင်တစ်ပါး အသက်စေ့လို့ ရဟန်းတက်ပေးလိုက်ရင် ရဟန်းဒကာ၊ ရဟန်းအမတော့ ဖြစ်သွားတာပဲ၊ ဒါပေမယ့်-

"အရှင်ဘုရားလိုအပ်တဲ့ ပစ္စည်းလေးပါးကို တပည့်တော်တို့ထံ အလှူခံတော်မူပါ၊ တပည့်တော်တို့စွမ်းနိုင်သမျှ လှူပါ့မယ်ဘုရားလို့ လျှောက်မထားဘူးဆိုရင် အဲဒီရဟန်းဒကာ ရဟန်းအမထံလည်း အလှူ မခံကောင်းဘူးဗျာ၊ ကျန်တဲ့ ဒကာ၊ ဒကာမတွေတော့ ပြောစရာမရှိဘူး"

"ပစ္စည်းလေးပါးဖိတ်ဆိုလို့ ရန်ကုန်က ဒကာ၊ ဒကာမတွေလိုတော့ မလုပ်နဲ့ဗျ၊ သူတို့က ဘယ်လိုဖိတ်သလဲဆိုတော့ တပည့်တော်တို့ကို ပစ္စည်း လေးပါးဒကာဟူ၍ မှတ်တော်မူပါဘုရားတဲ့၊ သူတို့လျှောက်နည်းက ပစ္စည်းလေးပါးဒကာလို့ မှတ်ရုံမှတ်ခိုင်းတာ၊ အလှူခံခိုင်းတာမဟုတ်ဘူး၊ ဒါကြောင့် ဒီလျှောက်နည်းမျိုးကျတော့ ဝိနည်းစည်းကမ်းဘောင် မဝင် ဘူးပေါ့"

ဟူ၍ ဖြစ်ပေသည်။ ကျွန်ုပ် ဖော်ပြပါစကားတို့ကို သတိရမိသည် နှင့် ရုတ်တရက် သိသိသာသာပြုံးလိုက်မိသည်။ ကျွန်ုပ်အပြုံးကိုမြင်သွား သော ထိုအမျိုးသမီးကြီးက-

"အရှင်ဘုရားက ဘာသဘောကျလို့ ပြုံးတာလဲဘုရား"

"ဒကာမကြီး အဲသလိုပစ္စည်းလေးပါးဖိတ်ပြီးတော့ အဖိတ်ခံရတဲ့ ကိုယ်တော်တွေ လာအလှူခံတဲ့အခါ တတ်နိုင်သလောက်လှူတာပဲလား"

"လှူတာပေါ့ဘုရား၊ အခုကို တပည့်တော်တို့ဆိုင် လိုအပ်တာ လာ လာအလှူခံတဲ့ကိုယ်တော် လေးပါးလောက်ရှိတယ်၊ သာသနာ့ရက္ခိတ ကျောင်းက ကျောင်းထိုင်ဆရာတော်ကြီးလည်း ပါတယ်"

"အင်း... အင်း...၊ ဒကာမကြီးက တကယ့်သဒ္ဓါတရားနဲ့ကို ပစ္စည်း လေးပါး ဖိတ်တာကိုး၊ ဒါနဲ့ ပစ္စည်းလေးပါးဖိတ်တာကို ကိုယ့်စိတ်ထဲ ကောင်းမယ်ထင်တဲ့အတိုင်း ဖိတ်တာလို့ ပြောလိုက်တယ်၊ ဒကာမကြီး စိတ်ထဲ ကောင်းမယ်ထင်ပုံလေး နည်းနည်းလောက်ပြောပြပါလား"

## ရဟန်းအမကြီး၏ ပင်ကိုယ်စိတ်ဓာတ်

"တပည့်တော်သိသလောက်က ရဟန်းသံဃာတွေဆိုတာ တပည့် တော်တို့လို စီးပွားရေးလုပ်ပြီး ငွေမရှာရဘူး၊ ဒကာ ဒကာမတွေလှူတာ

www.dhammaransi.com

လောက်ကိုပဲ အဆင်ပြေအောင်သုံးဆောင်ကြရတယ်၊ တပည့်တော်သိတဲ့ ရဟန်းတွေ အများကြီးပဲဘုရား၊ အဲဒီထဲမှာ တောထွက်ရဟန်းတွေက တော့ ဒကာ၊ ဒကာမက ဖိတ်ဖိတ်၊ မဖိတ်ဖိတ် သူတို့လိုတာပြောပြီး အလှူခံရဲတာကို တွေ့ရတယ်ဘုရား"

"အရှင်ဘုရားတို့လို ငယ်ဖြူရဟန်းတွေကျတော့ ရှက်တတ်တယ် ထင်ပါတယ်၊ အဲသလို အလှူခံရဲတာ မတွေ့ရဘူး၊ ဒါကြောင့် ကိုယ့်ဆီမှာ အလှူခံရဲအောင်ဆိုတဲ့အတွေးနဲ့ တပည့်တော် ပစ္စည်းလေးပါး ဖိတ်တတ် သွားတာပါ၊ နောက်တစ်ချက်ကတော့ တပည့်တော်က အရှင်ဘုရားတို့ တကယ်လိုတာကိုပဲ လှူချင်တယ်ဘုရား"

"အရှင်ဘုရားတို့ ဘာလိုတယ်ဆိုတာ တပည့်တော်တို့ မသိနိုင်ဘူး၊ အဲဒီတော့ အခုလို လိုအပ်တာကိုအလှူခံဖို့ ဖိတ်မန်လိုက်ရင် အရှင်ဘုရား တို့ကလည်း တကယ်လိုတာကိုသာ အလှူခံတော့မှာ၊ အဲဒီတော့ တပည့် တော်ဆန္ဒအတိုင်း အရှင်ဘုရားတို့လိုတာကို အခွင့်သင့်တိုင်း လှူလို့ရ သွားတာပေါ့ဘုရား၊ ဒီရည်ရွယ်ချက်ကြောင့်လည်း ပစ္စည်းလေးပါးကို တပည့်တော် ဖိတ်မိသွားတာဘုရား"

"ဒကာမကြီးရည်ရွယ်ချက် သိပ်ကောင်းတယ်၊ ဒကာမကြီးနဲ့ တွေ့ ဆုံရတဲ့ရဟန်းတွေ သိပ်ကံကောင်းတယ်၊ ဦးပဥ္စင်းအပါအဝင်ပေါ့၊ အဲ သလို အလိုက်သိတဲ့ ဒကာ၊ ဒကာမတွေသာ များလာရင် သူတော်ကောင်း စိတ်ရှိတဲ့ရဟန်းတွေဟာ ငွေကြေးတောင် ကိုင်ကြမှာမဟုတ်တော့ဘူး"

"အခုတော့ ဒကာ၊ ဒကာမအများစုဟာ လှူတော့လှူကြပါရဲ့၊ ဒါ ပေမယ့် လိုအပ်တာကို ရှာကြံပြီးမလှူတတ်ကြဘူး၊ ဒါ့ကြောင့်လည်း ရဟန်းသံဃာအများစုဟာ မလိုတဲ့လှူဘွယ်ဝတ္ထုတွေကျတော့ စုပုံနေ၊ လိုတဲ့ဟာကျတော့ မရှိပြန်ဆိုတော့ ဈေးဆိုင်နဲ့ပဲ ဆက်ဆံနေကြရတာပေါ့"

"ဥပမာတစ်ခု ဒကာ၊ ဒကာမတွေဟာ နောက်ဘဝ ပညာပါရမီ ကြီးအောင်ဆိုပြီး ပိဋကတ်သုံးပုံပါဠိတော်တွေကို မကြာခဏလှူတတ်ကြ တယ်၊ တစ်ချို့ကျောင်းတိုက်တွေဆိုရင် ပိဋကတ်သုံးပုံ အစုံလိုက် ကိုးစုံ ဆယ်စုံထိရှိတယ်၊ ဒါပေမယ့် စာသင်သားတွေ အသုံးပြုလို့ရတာဆိုလို့ ဓမ္မာစရိယတန်းအတွက် သုံးအုပ်ပဲပါတယ်"

"မူလ၊ ငယ်၊ လတ်၊ ကြီး အတန်းလေးတန်းမှာသုံးဖို့ကျတော့ တစ် အုပ်မှမပါဘူး၊ ဒါ့ကြောင့်လည်း ပိဋကတ်သုံးပုံပါဠိတော်စာအုပ်တွေဟာ

www.dhammaransi.com

ဘီရိုထဲမှာ စုတ်ပြတ်ဆွေးမြေ့တဲ့အထိ ဒီအတိုင်းပဲရှိနေတယ်၊ အလှူကြည့်ရုံသက်သက်ပဲပေ့ါ၊ သံဃာတွေအသုံးပြုမှုမရှိတော့ လှူတဲ့ဒကာ၊ ဒကာမမှာလည်း အကျိုးများသင့်သလောက် မများဘူး"

ထိုစကားအရောက်တွင် အမျိုးသမီးကြီးက စိတ်ဝင်တစားဖြင့်-

"ဒါဆိုရင် သံဃာတွေအသုံးတည့်အောင် ဘယ်လိုစာအုပ်မျိုးတွေ လှူသင့်သလဲဘုရား၊ တပည့်တော်တောင် ငွေရေးကြေးရေးအဆင်ပြေရင် ပိဋကတ်သုံးပုံလှူဖို့ အစီအစဉ်ရှိတယ်ဘုရား"

"အဲဒါဆိုရင် ဒါယိကာမကြီးက ပထမဆုံးအနေနဲ့ ကိုယ်နဲ့ခင်မင်တဲ့ ကျောင်းကိုအဓိကမထားဘဲ စာသင်တိုက်တစ်ခုခုကို ရွေးချယ်ရမယ်၊ စာသင်သားရှိမှ စာအုပ်ကို အသုံးပြုကြမှာကိုး၊ လှူသင့်တဲ့စာအုပ်တွေကတော့ စာသင်သားတိုင်းသုံးနေကြရတဲ့ သဂြိုဟ်၊ ဝိနည်းငယ်လေးစောင်၊ ကစ္စည်းသဒ္ဒါ၊ ပုဒ်စစ်၊ မြန်မာစာ၊ ရူပသိဒ္ဓိ၊ ကင်္ခါ၊ ဋီကာကျော်၊ ပါရာဇိကဏ်ပါဠိတော်၊ မဟာဝဂ်ဏီပါဠိတော်၊ သီလက္ခန်ပါဠိတော် ဒီစာအုပ်တွေကိုပဲ အဓိကထား လှူသင့်တယ်"

"အရှင်ဘုရားနဲ့တွေ့ရတာ သိပ်ကျေးဇူးများတယ်ဘုရား၊ နောက်လည်း တပည့်တော်တို့ ဒကာ၊ ဒကာမများဘက်က လိုအပ်ချက်တွေတွေ့ရင် အခုလိုပဲပြောပြောဆုံးမပါဘုရား၊ တပည့်တော်တို့လည်း ကျောင်းကိုရောက်အောင် လာပါဦးမယ်ဘုရား၊ နောက်ကပါလာတဲ့ ဦးပဥ္စင်းလည်း ပစ္စည်းလေးပါးဖိတ်ပါတယ်ဘုရား၊ တပည့်တော်တို့ဆီ လိုရာကိုအလှူခံပါ"

## လှူလို့လျော့မသွားဘူး

နောက်ရက်မှာပင် စကားသွက်လက်သော အမျိုးသမီးကြီးနှင့် အဖော်တစ်ယောက်တို့သည် ကျွန်ုပ်နေထိုင်ရာ သိမ်ကျောင်းလေးပေါ်သို့ ရောက်လာပါတော့သည်။ သူတို့လက်ထဲတွင်လည်း စာရွက်ငါးရာပါသော လျှောက်လွှာစာရွက်ထုပ်ကြီးနှင့် စာရေးဘောလ်ပင်များ ကတ်လိုက်ပါလာသည်ကို တွေ့ရသည်။

စာရွက်နှင့် ဘောလ်ပင်များကို လှူပြီးသည်နှင့် အမျိုးသမီးကြီး၏ အမည်မှာ နော်မေဝင်း၊ အဖော်ပါလာသူမှာ သန်းသန်းနု၊ ဆိုင်တွင်ကျန်ခဲ့သောတစ်ယောက်မှာ သန်းသန်းဝင်းအမည်ရှိကြောင်း၊ ယခု စာရွက်နှင့် ဘောလ်ပင်များကိုလည်း သူတို့သုံးဦး စုပေါင်းလှူခြင်းဖြစ်ကြောင်းတို့ကိုပါ သိရလေသည်။

www.dhammaransi.com

ထိုနေ့မှစ၍ ဒကာမကြီးသည် ကျွန်ုပ်အတွက်သာမက ကျောင်းတိုက်အတွက်လိုအပ်သော ပစ္စည်းလေးပါးများကိုပါ ဘေးမှအုံသြလောက်အောင်ပင် လှူဒါန်းလာခဲ့သည်။ ကျွန်ုပ်လိုအပ်မည်ထင်သော အရာမှန်သမျှကိုလည်း နေ့စဉ်လေ့လာပြီး လှူဒါန်းလျက်ရှိရာ ကျွန်ုပ်မှာ မိခင်ရင်းနှင့် အတူနေရသလိုပင် ခံစားရပေသည်။

နှမြောခြင်းမရှိဘဲ အလှူဒါနကို များပြားစွာပြုလျက်ရှိသော်လည်း ဒကာမကြီးတို့မှာ ကိုယ်ပိုင်အိမ်ပင် မရှိရှာပေ။ သူတစ်ပါးအိမ်တွင် အိမ်ငှားနေနေရသောအချိန်ဖြစ်သည်။ သူတို့အိမ်မှာ ရပ်ကွက်မီးလောင်စဉ်က ပါသွားခဲ့ပြီးဖြစ်သည်။ ရွှေပြည်သာ၌ မြေကွက်ရသော်လည်း သွားရေးလာရေးမလွယ်ကူသဖြင့်(၅)ရပ်ကွက်ထဲမှာပင် အိမ်ငှား၍နေခြင်းဖြစ်သည်။

မိုးမြင့် အမည်ရှိ ဒကာမကြီး၏တစ်ဦးတည်းသော သားလေး၏ (၁၀)နှစ်ပြည့် မွေးနေ့မင်္ဂလာဆွမ်းကျွေးပင့်သဖြင့် ငှားထားသော အိမ်လေးသို့ ရောက်ဖူးသွားခြင်းဖြစ်သည်။ ဒကာမကြီး၏ခင်ပွန်းဖြစ်သူ ဦးလှမော်မှာ ထိုအချိန်ကပင် ပန်းနာရင်ကြပ် အဆုပ်ရောဂါကြောင့် အလုပ်မလုပ်နိုင်တော့ဘဲ အိမ်မှာပင်နေနေရသည်ကို တွေ့ရသည်။

ဒကာမကြီးမှာ အားနွဲ့သောအမျိုးသမီးဟုပင် မခံယူနိုင်တော့ဘဲ မိသားစုသုံးယောက်၏ လူတန်းစေ့ စားဝတ်နေရေး၊ ဒကာကြီးအတွက် တစ်နေ့တစ်နေ့ ဆေးဖိုးမှာ သာမန်အချိန်တွင် ရာဂဏန်းသာ ကုန်သော်လည်း ရောဂါဖောက်လာလျှင် ထောင်ဂဏန်းထိကုန်ကြောင်း သိရပေသည်။

ကျွန်ုပ်တို့ရဟန်းတော်များ စောင့်ထိန်းရသော ၂၂၇ သွယ်သော သိက္ခာပုဒ်တို့တွင် ထူးခြားပြီး စိတ်ဝင်စားစရာကောင်းသော သိက္ခာပုဒ်တစ်ခုရှိသည်။ သိက္ခာပုဒ်အဓိပ္ပာယ်အချုပ်မှာ ဥစ္စာပစ္စည်းရှားပါးပြီး လှူချင်တန်းချင်သည့်သဒ္ဓါတရား များပြားသော ဒကာ၊ ဒကာမတို့ထံတွင် ရတိုင်း အလှူမခံရ၊ အလှူခံခဲ့လျှင် ပါဋိဒေသနီအာပတ်သင့်စေဟု ဖြစ်သည်။

သပိတ်အလှူခံမှုနှင့်စပ်၍ သိက္ခာပုဒ်တစ်ခုရှိ၏။ ဗုဒ္ဓလက်ထက်တော်က သောတာပန်တည်ပြီးသော အိုးဖုတ်သည့်လင်မယားနှစ်ယောက်ရှိသည်။ အရိယာဖြစ်သွားသူသည် ရတနာသုံးပါး၏ကျေးဇူးကို ကိုယ်တွေ့သိသွားပြီဖြစ်၍ ပုထုဇဉ်ဘဝကထက် သံဃာတော်များကို ပိုမိုကြည်ညို လှူဒါန်းလေ့ရှိသည်။

ထို့ကြောင့်လည်း ဇီးရောကျော်သော သံဃာတော်များတို့ သပိတ်

www.dhammaransi.com

အလိုရှိပါက သူတို့ထံ အလှူခံနိုင်ပါကြောင်း ဖိတ်မန်လျှောက်ထားလိုက်သည်။ ထိုအခါ သူတစ်ပါးအပေါ် ငဲ့ကွက်မှုမရှိဘဲ အကောင်းကြိုက်လွန်းသော ရဟန်းများက မြေသပိတ်ကလေး နည်းနည်းပဲ့သည်နှင့် ထိုလင်မယားထံ သပိတ်အလှူခံတော့သည်။

အလိုက်ကန်းဆိုးမသိသော ရဟန်းများ၏ လောဘတကြီးအလှူခံမှုကြောင့် အိုးဖုတ်သည်လင်မယားမှာ သူတို့ဝမ်းရေးအတွက် အိုးဖုတ်ချိန်မရတော့ဘဲ ရဟန်းတော်များ၏သပိတ်များကိုသာ ဖုတ်ပေးနေရသဖြင့် စီးပွားပျက်ကာ စားရမဲ့ သောက်ရမဲ့ဘဝထိ ရောက်သွားလေသည်။

ထိုအကြောင်းကို ဘုရားရှင်သိတော်မူသောအခါ ဖော်ပြပါသိက္ခာပုဒ်ကိုပညတ်ပြီး ရဟန်းတော်တို့ကို တားမြစ်ခဲ့ရခြင်းဖြစ်သည်။ ယခုလည်း ဥစ္စာပစ္စည်းနည်းပါးသလောက် အလှူအတန်းများလွန်းနေသော ဒကာမကြီးကို ကျွန်ုပ် သတိပေးရပေပြီ။

"ဒကာမကြီး၊ ဒကာမကြီးဒါနပြုတာ သိပ်များနေတယ်၊ နည်းနည်းလျှော့ပါဦး၊ ဦးပဥ္စင်းအတွက်ဆိုရင်လည်း ဒကာမကြီးလှူတာ သိပ်များနေပြီ၊ ဒကာမကြီးတို့မိသားစု ကြီးပွားချမ်းသာရေးအတွက်လည်း ရှိသေးတယ်၊ ဒကာမကြီးတို့မှာ ကိုယ်ပိုင်အိမ်တောင် မရှိသေးဘူး၊ အများကြီး ကြိုးစားရဦးမယ်၊ ဦးပဥ္စင်းလိုအပ်တာဆိုရင် ဒကာမကြီးကို ပြောပါ့မယ်၊ အဲဒီလိုပြောမှ လှူပါ"

"အဲဒီအတွက်တော့ ဦးပဥ္စင်းမပူနဲ့ ဘုရား၊ တပည့်တော်လည်း လျှောက်မယ်... လျှောက်မယ်နဲ့ အခုမှလျှောက်ဖြစ်တော့တာပဲ၊ တပည့်တော် ဦးပဥ္စင်းကို ပစ္စည်းလေးပါးလှူတဲ့အချိန်ကစပြီး လုပ်ငန်းကိုင်ငန်းတွေ သိသိသာသာ အဆင်ပြေလာတယ်ဘုရား၊ ဒါတင်မကသေးဘူး၊ အခုဆိုရင် တပည့်တော်က အရောင်းစာရေးဘဝကနေ သမဆိုင်တာဝန်ခံထိ ရာထူးမြင့်သွားပြီဘုရား"

"ဒါကြောင့် တပည့်တော်မှာ ဦးပဥ္စင်းကိုလှူလို့ လျော့မသွားဘဲ တိုးပဲလာတယ်ဘုရား၊ ဒါကြောင့် တပည့်တော်လှူသမျှကို စိတ်ချမ်းသာလက်ချမ်းသာသာ အလှူခံပါဘုရား၊ တပည့်တော်လှူတာကို ဦးပဥ္စင်းအလှူခံနေတာဟာ တပည့်တော်တို့မိသားစု ချမ်းသာအောင် စောင့်ရှောက်နေတာလို့ပဲ မှတ်ယူပါဘုရား"

ဤသို့လျှောက်ထားပြန်တော့လည်း ကျွန်ုပ်ကား ဘာမှမတတ်နိုင်။

www.dhammaransi.com

ဒါနဲ့၏ လက်ငင်းအကျိုးပေးမှုကို ကျွန်ုပ်ကိုယ်တိုင်ပင် အံ့ဩရပါသည်။ သိသိသာသာကောင်းကျိုးပေးသော သားသမီးကို မိဘမှန်သမျှက ပိုမိုချစ်တတ်သည်မှာ ဓမ္မတာပင်။ ယခုလည်း ဒကာမကြီးသည် ကျွန်ုပ်ကို တွေ့ပြီး လှူဒါန်းရသောအခါမှစ၍ သိသိသာသာ စီးပွားတက်လာသည် ဖြစ်ရာ ကျွန်ုပ်ကို သားတစ်ယောက်လိုလည်း ချစ်လို့မဆုံး၊ ရဟန်းတစ်ပါးလိုလည်း ကြည်ညိုလို့မဆုံး ဖြစ်နေရှာပေသည်။

စီးပွားမှာလည်း တဖြည်းဖြည်းတက်သည်မဟုတ်၊ ထောင်ပြီးချက်ချင်း လက်ငင်းတက်သည်ဖြစ်ရာ ဘေးကလူများပင် အံ့ဩယူရသည်။ ရွှေပြည်သာတွင်ရသော မြေကွက်ကလည်း အကောင်းဆုံးနေရာတွင်ဖြစ်သဖြင့် အိမ်ပါဆောက်ဖြစ်သွားသည်။ ဒကာမကြီးတို့ကား ကိုယ်ပိုင်အိမ် ရှိသွားလေပြီ။

ဒကာမကြီး၏ ကုသိုလ်ကံအကျိုးပေးပုံ အံ့ဩစရာတစ်ခုကို တင်ပြပါဦးမည်။ တစ်ခါတွင် ဆန်များ ဈေးထိုးကျသွားသဖြင့် သမဆိုင်တွင် ချထားသောဆန်များကို ဘယ်သူမှ ဝယ်သူမရှိတော့ပါ။ ထိုအခါ ဆန်များကို သမဈေးနှုန်းအတိုင်းဖြတ်ပြီး ဆန်တာဝန်ခံက အကုန်ဝယ်ရမည်။

ငွေကို အထက်သို့ အချိန်မီတင်ပြီး ဆန်များကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကုန်အောင်ရှင်းရမည်ဖြစ်သည်။ ဆန်တာဝန်ခံအမျိုးသမီးကား ထိုမျှသတ္တိမရှိ၊ ထို့ကြောင့်လည်း ရောင်းမထွက်သောဆန်များကို ဒကာမကြီးအား အနိုင်ကျင့်ပြီး တာဝန်ယူခိုင်းလိုက်ပါတော့သည်။

## ရှုံးနေသောဆန်အိတ်များ

ဒကာမကြီးသည် သနားတတ်သူဖြစ်ရကား ဆန်တာဝန်ခံ ဒုက္ခမရောက်ရေးအတွက် ရောင်းမထွက်သောဆန်များကို တာဝန်ယူလိုက်ပါသည်။ ဆန်ဖိုးငွေကိုလည်း ဒကာမကြီးပင်စိုက်ထုတ်ပြီး အထက်သို့ တင်လိုက်သည်။ ကုသိုလ်ကံ၏အစွမ်းကား အံ့ဩဘွယ်ရှိစွ။ ဆန်များ ဒကာမကြီးလက်ထဲရောက်ပြီး မကြာမီမှာပင် ကောဋ္ဌာဟလသတင်းတစ်ခုကြောင့် ဆန်များ အဆမတန် ထိုးတက်သွားတော့သည်။

ထို့ကြောင့် ကိုယ့်ဆီ အလိုလိုရောက်လာသော ဆန်အိတ်သုံးရာကျော်ကို အသာလေးရောင်းချခြင်းဖြင့် ဒကာမကြီးသည် အမြတ်ငွေများကို အလုံးလိုက်အခဲလိုက် ရရှိသွားလေသည်။ ထို့ကြောင့်လည်း ရွှေပြည်သာတွင် အိမ်မြေကွက်အများအပြား ဝယ်ယူနိုင်သည်အထိ ကြီးပွားလာကြောင်းကို ဒကာမကြီးကိုယ်တိုင်လျှောက်သဖြင့် သိရလေသည်။

www.dhammadownload.com

ဤနေရာ၌ ဒကာမကြီးသည် ကျွန်ုပ်ကိုသာမဟုတ်၊ သာသနာ အလုပ်ကို တကယ်လုပ်နေသော အခြားရဟန်းတစ်ပါးကို ထောက်ပံ့ လှူဒါန်းလျှင်လည်း ယခုလိုကောင်းကျိုးမျိုးကို ရရှိမည်သာဖြစ်ပါ၏။ သို့သော် အစွဲသန်ကြသော ပုထုဇဉ်များကား ထိုစကားကို လက်ခံနိုင်ကြ မည်မဟုတ်ပေ။

ရဟန်းတစ်ပါးကို ကိုယ့်သားလိုဖြစ်အောင် ဘယ်လိုလုပ်ရမလဲဟု မေးခွန်းထုတ်လိုက်သောအခါ အတွေ့အကြုံရှိသောအမျိုးသမီးတစ်ဦးက ရဟန်းပြန်ခံပြီး သိက္ခာထပ်လိုက်၊ အဲဒါဆိုရင် ကိုယ့်သားအရင်းလို ဖြစ် သွားတာပဲဟု အဖြေပေးလိုက်သဖြင့် ဒကာမကြီးသည် ကျွန်ုပ်ကို ကြီးကြီး ကျယ်ကျယ် သိက္ခာထပ်နိုင်ရန် ကြိုးစားပြီး အလုပ်လုပ်သည်။

အလုပ်လုပ်သမျှ အကျိုးအမြတ်ကလည်း သိသိသာသာဖြစ်ထွန်း သည်။ ထို့ကြောင့်လည်း သားရှင်ပြုနှင့် ကျွန်ုပ်အား သိက္ခာထပ်ရဟန်းခံပွဲ ကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ခဲ့သည်။ သိက္ခာထပ်ရာ၌လည်း သင်္ကန်း သုံးစုံ၊ သပိတ်တစ်လုံးနှင့် အဖြစ်ကလေးပြုလုပ်သည်မဟုတ်။

ပရိက္ခရာအစုံအပြင် သေတ္တာ၊ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်းပါ မကျန် ရဟန်းတက်စကိုရင်တစ်ပါးကဲ့သို့ အပြည့်အစုံ ပြုလုပ်ပေးခဲ့သည်။ ထိုရဟန်းခံပွဲမှာပင် ရဟန်းဒကာဖြစ်သွားပြီဖြစ်သော ဦးလူမော်၏စိတ် ဓာတ်ကို ဘွားဘွားကြီးတွေ့မြင်လိုက်ရသည်။ သူသည် ရဟန်းအမကြီး ကျွန်ုပ်အပေါ် လိုလေသေးမရှိထောက်ပံ့နေခြင်းကို သဘောမကျ၊ အမြဲ ဆန့်ကျင်ဘက်ပြုလုပ်သည်။

ကျွန်ုပ်ကား ဗုဒ္ဓလက်ထက်က ကောသလမင်းကြီး၏ အမတ်နှစ် ယောက်ကို သွား၍သတိရမိသည်။ ကောသလမင်းကြီးသည် ပြည်သူ ပြည်သားများနှင့် တစ်လှည့်စီတစ်ပြန်စီ ဘုရားအမှူးရှိသော သံဃာတော် များအား အပြိုင်အဆိုင်လှူဒါန်းလျက်ရှိသည်။ တစ်ရက်တွင်ကား မိဖုရား ခေါင်ကြီး မလ္လိကာဒေဝီ၏ အကြံပေးချက်ဖြင့် ပြည်သူပြည်သားများ ဘယ်လိုမှလိုက်မမီနိုင်သော အသဒိသဒါန အလှူပွဲကြီးကို ကြီးကြီးကျယ် ကျယ်ပေးလှူခဲ့သည်။

ဘုရားသာသနာတစ်လျှောက်တွင် မည်သူနှင့်မျှမတူနိုင်သော ဒါန ပွဲကြီးဟူ၍ သမိုင်းတွင်ခဲ့သည်။ အလှူပွဲကြီးအပြီးတွင်ကား ဗုဒ္ဓသည် ရေစက်ချ အနုမောဒနာတရားပင်မဟောဘဲ ကြွသွားသဖြင့် ကောသလ မင်းကြီးမှာ နားမလည်နိုင်စွာဖြင့် ကျောင်းတော်ထိလိုက်သွားပြီး လျှောက် ထားမေးမြန်းရတော့သည်။

www.dhammaransi.com

"မြတ်စွာဘုရား၊ တပည့်တော်ရဲ့အလှူပွဲကြီးမှာ အနုမောဒနာတရား ဘာကြောင့်မဟောပါသလဲဘုရား"

"ဒကာတော်မင်းမြတ်၊ သင့်အနားတွင် အနီးကပ်ခစားနေသော အမတ်နှစ်ယောက်အနက် တစ်ယောက်သည် သင့်အလှူကိုကြည့်ပြီး အားရဝမ်းသာဖြစ်ကာ ဝမ်းမြောက်လျက်ရှိသည်။ တစ်ယောက်သောအမတ်ကား တိုင်းပြည်၏ဘဏ္ဍာငွေများကို အလွဲသုံးစားလုပ်သည်ဟု ယူဆပြီး မကျေမနပ်ဖြစ်ကာ မနာလိုဝန်တိုလျက်ရှိသည်"

"အကယ်၍ ငါဘုရားက အနုမောဒနာတရားသာ ဆက်ဟောလျှင် သူ၏ဝန်တိုခြင်းအကုသိုလ်တရားသည် ပိုမိုကြီးမားလာကာ သူ၏အသက်ကိုပင် ရန်ရှာနိုင်စရာရှိသည်။ သို့အတွက်ကြောင့် ငါဘုရား တရားမဟောခြင်းဖြစ်သည်"

"ယောနိသောမနသိကာရ၊ နှလုံးသွင်းကောင်းခြင်းနှင့် အယောနိသောမနသိကာရ၊ နှလုံးသွင်းမကောင်းခြင်း၏ လက်တွေ့အကျိုးကား အံ့ဩဘွယ်ရာကောင်းလေစွ၊ နန်းတော်ပြန်ရောက်သည်နှင့် ကောသလမင်းကြီးသည် သူ့အလှူကို မစ္ဆရိယပွားလျက်ရှိသော အမတ်အား ရာထူးမှချ၍ တိုင်းပြည်မှနှင်ထုတ်လိုက်သည်။ အလှူကိုဝမ်းမြောက်သောအမတ်အား မင်းစည်းစိမ်ကို (၇)ရက်ပေး၍ စိတ်ကြိုက်အလှူဒါနပြုစေသည်။

## ဝန်တိုခြင်းအဓိပ္ပာယ်

ဝန်တိုခြင်းအဓိပ္ပာယ်ဖွင့်ဆိုချက်ကို တည်တောဆရာတော်ဘုရားကြီး၏ ဒါနဟူသည်စာအုပ်၌ ရေးသားထားသည်မှာ-

ဝန်တိုဆိုတဲ့ မြန်မာစကားနှစ်လုံးမှာ (ဝန်) ဆိုတာက သူတစ်ပါးကြီးပွားချမ်းသာတာကို ဝမ်းမြောက်ရမည့်တာဝန် ဖြစ်တယ်၊ လူတွေမှာ တာဝန်အသီးသီးရှိကြရာတွင် ကိုယ့်ထက်သာလွန်သူကို အမှန်တကယ်ကျေနပ်နှစ်သက် ဝမ်းမြောက်ရမည့်တာဝန်တစ်ခုလည်း ရှိနေပါတယ်၊

ဘာ့ကြောင့် ဒီတာဝန်ရှိရတာတုန်းဆိုလျှင် လောကမှာ တိရစ္ဆာန်ဟာ ကိုယ့်ထက်သာသူကို မနာလိုတတ်ဘူး၊ ဒါကြောင့် ကိုယ့်ထက်သာမည်ထင်ရတဲ့ ရင်သွေးငယ်ကိုသော်လည်း ငယ်စဉ်ကပင် သတ်ပစ်တတ်ကြတယ်။

လူဟာ တိရစ္ဆာန်မဟုတ်ဘူး၊ တိရစ္ဆာန်ထက် မြင့်မြတ်သူဖြစ်တယ်၊ တိရစ္ဆာန်ထက်မြင့်မြတ်တဲ့အတွေး မြင့်မြတ်တဲ့စိတ် ရှိရမယ်၊ ကိုယ့်

ထက်သာသူကို မနှိမ်ရဘူး၊ ဖျောက်မပစ်ရဘူး၊ ချီးမွမ်းရမယ်၊ မြှောက်စားရမယ်၊ ဝမ်းမြောက်ရမယ်။

ဒါ့ကြောင့် (ဝန်) ဆိုတာ သူတစ်ပါး ကြီးပွားချမ်းသာတာကို ဝမ်းမြောက်ရမည့်တာဝန်လို့ ဆိုလိုတယ်၊ (တို) ဆိုတာ တွန့်တိုတာကိုဆိုလိုတယ်၊ စကားနှစ်လုံးစပ်ရဲ့အဓိပ္ပာယ်က သူတစ်ပါးကြီးပွားချမ်းသာတာကို ဝမ်းမြောက်ရမည့်တာဝန်မှ တွန့်တိုနေတယ်လို့ ဆိုလိုတယ်။

ဟူ၍ဖြစ်သည်။ ယခုလည်း ဦးလူမော်သည် ရဟန်းအမကြီး၏ အလှူကို နည်းမျိုးစုံဖြင့် ဖျက်ဆီးသည်။ သို့သော် ရဟန်းအမကြီး၏ ခိုင်မာပြတ်သားသောစိတ်ကြောင့် အလှူပွဲကြီးကား အခက်အခဲကြားမှ ဖြစ်ပေါ်လာခဲ့သည်။ သိမ်ဆင်းလောင်းလှူပွဲတွင် ပရိသတ်များမှာ တစ်ကျောင်းလုံး ကျပ်ညပ်နေခဲ့သည်။

အလှူပွဲရေစက်ချပြီးသည်အထိ ပရိသတ်များကား မစဲသေး။ ကျွေးရတုန်းပင်ရှိသေးသည်။ ထိုအချိန်မှာပင် ဝန်တိုခြင်းမစ္ဆရိယ အနှိပ်စက်ခံနေရသော ဦးလူမော်သည် အလှူရှင်များနှင့် သံဃာများ၊ ပရိသတ်များ စိတ်ဆင်းရဲရန် ပြဿနာရှာပါလေပြီ။ သူနှင့်ပါလာသော မိတ်ဆွေများအား ဟင်းခွက်ပြည့်စုံအောင်မကျွေးဟု အကြောင်းပြကာ ရဟန်းအမကြီးကို အော်ဟစ်ဆဲဆို ကြိမ်းမောင်းပါသည်။

ရဟန်းအမကြီးကား ကုသိုလ်ပြုချိန်အတွင်းမို့ အောင့်အည်းသည်းခံရှာပေသည်။ ထိုသို့ ပြဿနာရှာပြီး စိတ်ဆိုးမာန်ဆိုးဖြင့် အလှူမပြီးခင်မှာပင် ကျောင်းမှထွက်သွားလေသည်။ သို့သော် အလှူပွဲကြီးကား သူမျှော်လင့်သလို ပျက်မသွားခဲ့။ အောင်မြင်စွာပြီးဆုံးခဲ့သည်သာ။

သည်လိုနှင့်ပင် ကျွန်ုပ်သည် လှိုင်မြို့နယ်မှ ရွှေပြည်သာမြို့သစ်သို့ ရောက်ခဲ့ရသည်။ မြေနှင့် တဲကျောင်းလေးနှင့် ဖြစ်သွားသောအခါမှာပင် မိခင်သဖွယ်ဖြစ်နေသော ရဟန်းအမကြီးက သူ့ရင်ထဲမှ ရည်ရွယ်ချက်များကို ဝမ်းပန်းတသာ လျှောက်ထားသည်။

"တပည့်တော်က ဦးပဉ္ဇင်းကို ရဟန်းခံသိက္ခာထပ်ပြီးကတည်းက ငါ့ဦးပဉ္ဇင်းလေးကို ကိုယ်ပိုင်ကျောင်းနဲ့နေနိုင်အောင် ငါကြိုးစားရမယ်၊ သူတစ်ပါးဆီမှာနေရတယ်ဆိုတာ အင်မတန်မျက်နှာငယ်တယ်၊ ငါတို့တောင် သူများအိမ်မှာ ငှားနေရလို့ မျက်နှာငယ်ရသေးတာပဲ၊ ဦးပဉ္ဇင်းလည်း ဒီလိုရှိမှာပဲ တွေးမိကတည်းက ဦးပဉ္ဇင်းကို ကိုယ်ပိုင်ကျောင်းနဲ့ထားနိုင်အောင် ကြိုးစားခဲ့တာပါ။ အခုတော့ အောင်မြင်ပြီပေါ့ဘုရား"

www.dhammadownload.com

ကျွန်ုပ်အပေါ်ထားသော ရဟန်းအမကြီး၏စေတနာကား အံ့ဩဘွယ်ရာကောင်းလှသည်။ ရဟန်းအမကြီးပြောသလို သူတစ်ပါးထံမှာ ဘယ်လိုတိုက်ကျောင်းကြီးနှင့်နေရပါစေ။ မိမိကိုယ်ပိုင် တဲကျောင်းလေးထဲ နေရတာလောက် စိတ်ချမ်းသာမှုမရှိနိုင်သည်မှာ အမှန်ပါပင်။ ကျွန်ုပ်တို့မှာ ရောက်စဖြစ်သည့်အတွက် ရွှေပြည်သာတွင် အသိအကျွမ်းတစ်ယောက်မှ မရှိ။

ထို့ကြောင့်လည်း အရဏ်ဆွမ်း၊ ဆွမ်းချိုင့်အလှူရှင်များ မရှိသေး၍ ဒုက္ခရောက်ကြရသည်။ ထိုဒုက္ခကိုလည်း ရဟန်းအမကြီးကပဲ ဖြေရှင်းပေးသည်။ ၁၆ ပါးစာ ချက်စားရန် ဆန် ဆီ ဆား စသည်တို့ကို လိုလေသေးမရှိအောင်လှူသည်။ အလုပ်အားရက်ဆိုလျှင် ၁၆ ပါးလုံးကို အိမ်ပင့်ပြီး အရဏ်ဆွမ်းကပ်သည်။

ရဟန်းအမကြီးကား ကျောင်းသံဃာအားလုံးအတွက် မယ်တော်ကြီးတစ်ယောက်သဖွယ် ဖြစ်နေပေသည်။ ကျွန်ုပ်တို့သံဃာများကလည်း ရဟန်းအမကြီးမျက်နှာဖြင့် ဒကာကြီးကို အဆင်ပြေအောင် အလျှော့ပေးပြီး ပြောဆိုပေါင်းသင်းကြပါသည်။ ရဟန်းအမကြီးက လှူလို့ကုန်မသွား၊ တစ်နည်းနည်းဖြင့် ပြန်ပြည့်လာသည်ဟု ယုံကြည်သည်။

ဒကာကြီးကား လှူလျှင် ကုန်မည်၊ ဘယ်တော့မှ ချမ်းသာမည်မဟုတ် ဟူ၍ ယုံကြည်ထားရာ ယုံကြည်ချက်ခြင်းက အရှေ့နှင့် အနောက်လို ကွာခြားလွန်းလှသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ သံဃာတော်များ ရဟန်းအမကြီးအိမ်သို့ ဆွမ်းစားကြွလာပြီဆိုလျှင် ဒကာကြီးသည် မျက်နှာမကောင်းတော့၊ သို့သော် လူရှေ့သူရှေ့တွင်ကား ဟန်ဆောင်ပြုံး ပြုံးပြီး ဝမ်းသာသယောင် ဆောင်နေတတ်သည်။

တစ်နေ့တွင်ကား သူ၏ ဟန်ဆောင်မျက်နှာဖုံးသည် ဘယ်လိုမှ မနေနိုင်တော့သဖြင့် ပြုတ်ကျသွားလေသည်။ ထိုနေ့က ကျွန်ုပ်နှင့် သံဃာလေးပါးသည် ဆွမ်းစားပြီးဖြစ်သဖြင့် အချိုပွဲဘုဉ်းပေးနေကြသည်။ ကျန်သံဃာများကား ဆွမ်းစားနေတုန်းပင် ရှိသေးသည်။ ထိုအချိန်မှာပင် ဒကာကြီးက ကျွန်ုပ်ကို စကားတစ်ခုလျှောက်လိုက်သည်မှာ-

"အဲဒါပဲ၊ တပည့်တော်တို့အိမ်ကတော့ အသိသံဃာ များမှများပဲ၊ အဲဒီတော့ လှူချင်လည်းလှူ မလှူချင်လည်း လှူနေရတာပဲပေါ့"

ဟူ၏။ အမှန်မှာ သူ့အနေနှင့် မလှူချင်ဘဲ လှူနေရသည်ဟု တိုက်ရိုက်ပြောလိုရင်းပင်ဖြစ်သည်။ ထိုနေ့မှစ၍ ကျွန်ုပ်တို့သံဃာတော်များ

www.dhammaransi.com

ရဟန်းအမကြီး ဘယ်လိုပင့်သော်လည်း သူ့အိမ်သို့ ဆွမ်းစားမကြွကြ တော့ပေ။

ကျွန်ုပ်တို့ကြွမလာတော့သည်ကို သူသည် အင်မတန်ဝမ်းသာဟန် ရှိသည်။ မလှူရရင် အပိုမကုန်တော့ဘူးဟုတွက်ပြီး ဝမ်းသာနေခြင်းဖြစ် ပါလိမ့်မည်။ အလျှော့ပေးနေကျဖြစ်သော ရဟန်းအမကြီးကိုလည်း မန္တလေးကျောင်းကိုမသွားရဟု ပိတ်ပင်လာခဲ့သည်။ ထိုအခါတွင်ကား ရဟန်းအမကြီးက ပြင်းပြင်းထန်ထန် တုန့်ပြန်ခဲ့သည်။

"ကိုယ့်သားလိုဖြစ်နေတဲ့ရဟန်းတစ်ပါးကို ပစ္စည်းလေးပါး ထောက် ပံ့ဖို့ ကျွန်မမှာတာဝန်ရှိတယ်၊ မန္တလေးကျောင်းကိုသွားလှူလို့ မပေါင်းနိုင် ဘူးဆိုရင် အခုချက်ချင်းကွာမယ်၊ ကျွန်မကတော့ ရှင်သဘောတူတူ၊ မတူတူ သွားလှူနေရမှာပဲ"

ထိုစကားသည် ဒကာကြီး၏နံဘေးကို ပိသလေးနှင့်ပစ်လိုက်သလို အလွန်နာသွားခဲ့သည်။ ထို့ကြောင့်လည်း သူသည် ရဟန်းအမကြီးနှင့် ကျွန်ုပ်အား အပုပ်ချရန် ဆင်ကြံကြံနေခဲ့သည်။ တစ်နေ့တွင် ကျွန်ုပ်နှင့် ရဟန်းအမကြီးသည် သူ၏အကွက်ထဲသို့ ဝင်သွားခဲ့သည်။

ဖြစ်ပုံကား ရွှေပြည်သာရောက်ပြီး သုံးနှစ်ခန့်အကြာတွင် ကျွန်ုပ်မှာ စာသင်တိုက်ဖွင့်ခြင်းဖြစ်သဖြင့် သံဃာများမှာ အပါးလေးဆယ်ထိ တိုး လာသည်။ သို့အတွက် အရုဏ်ဆွမ်းမှာ တော်တော်ဆင်းရဲနေသည်။ ထိုမျှလောက်သံဃာများကိုတော့ ရဟန်းအမကြီးလည်း တစ်ယောက်တည်း မတတ်နိုင်တော့။

ထို့ကြောင့်ပင် ရဟန်းအမကြီးတို့ဇာတိ စစ်ကွင်းမြို့နယ်၊ ဝက်လှ လေးရွာနှင့် ရွာနီးချုပ်စပ်များကို ဆန်ထွက်ချိန်တွင် အလှူခံထွက်နိုင်ဖို့ ရဟန်းအမကြီးက အကြံပေးသည်။ ထို့ကြောင့် ပထမဆုံးအနေနှင့် ကျွန်ုပ် က ဦးစွာကြွထားပြီး ရပ်မိရပ်ဖများနှင့် အသိပေးတိုင်ပင်နိုင်ရန်အတွက် ကျွန်ုပ်ကို စစ်ကွင်းသို့ ပင့်ဆောင်သွားခဲ့သည်။

ထိုအချိန်က ရန်ကုန်ကျောင်းတွင် ကိုရင်ခဏဝတ်နေသော (၁၄) နှစ်သားအရွယ် ရဟန်းအမကြီး၏သား ကိုရင်လည်း ပါလာခဲ့ပေသည်။ ဟိုရောက်လျှင် ရပ်မိရပ်ဖများကလည်း ဝမ်းပန်းတသာပင် စပါးပေါ်ချိန် တွင် အလှူခံကြွရောက်နိုင်ကြောင်း၊ လိုအပ်သောအကူအညီပေးမည်ဖြစ် ကြောင်း ကတိပေးကြပါသည်။

www.dhammaransi.com

ရဟန်းအမကြီး၏မိဘဆွေမျိုး မောင်နှမများကိုလည်း စုံစုံလင်လင် တွေ့ရသဖြင့် ကျွန်ုပ်ကား ဝမ်းသာအားရ ရှိလှပေသည်။ တစ်ညအိပ်ပြီး နောက်နေ့မှာပင် ကျွန်ုပ်တို့ ရွှေပြည်သာသို့ ပြန်ရောက်ကြသည်။ အပြစ်ကို ဆီလိုအပေါက်ရှာနေသော ဒကာကြီးအတွက် ထိုအချက်သည်ပင် ကျွန်ုပ်ကိုတိုက်ခိုက်ရန် အကွက်ကောင်းဖြစ်သွားခဲ့သည်။

သူသည် ထိုအချက်ကို လက်ဆုပ်လက်ကိုင်ပြုပြီး ကျွန်ုပ်နှင့်ပတ်သက်သမျှ ဒကာ၊ ဒကာမများအား ကျွန်ုပ်က ရဟန်းအမကြီးကို ခိုးယူပေါင်းသင်းသယောင် ယုန်ထင်ကြောင်ထင်ဖြစ်သည်အထိ အပုပ်ချပါတော့သည်။ သို့သော် ထိုအချိန်က ကျွန်ုပ်ဝင့်ကြွေးသည် အလှည့်ရောက်သေးဟန်မတူ၊ သူ့စကားကို မည်သူမျှလက်မခံကြဘဲ သူ့ကိုသာပြန်ပြီး အပြစ်တင်ကြသည့်အတွက် သူ့မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားပေသည်။

ထိုစဉ်အခါက ကျွန်ုပ်သည် ခိုးကြောင်းခိုးဝှက်သွားခဲ့ခြင်းမဟုတ်ဘဲ သံဃာတော်များနှင့် နီးစပ်ရာဒကာ၊ ဒကာမများကို အသိပေးပြီးမှ သွားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း သူ၏စွပ်စွဲချက်မှာ မထိရောက်ခြင်းဖြစ်သည်။ သူထင်တိုင်း ဖြစ်မလာသည့်အခါ သူသည် ကျွန်ုပ်နှင့်သံဃာများအပေါ် အကြီးအကျယ်ရန်ငြိုးဖွဲ့လာသည်။

## သံဃာများကို စော်ကားခြင်း

တစ်ရက် ညနေခြောက်နာရီခွဲသာသာခန့်တွင် ရဟန်းအမကြီး ချိုင့်တစ်လုံးဖြင့် ကျောင်းပေါ်တက်လာသည်။ ရဟန်းအမကြီးသည် ရွှေပြည်သာမှ လှိုင်မြို့နယ်ထိသွားပြီး အလုပ်ဆင်းရခြင်းဖြစ်ရာ ညနေဆိုလျှင် အတော်လေးမိုးချုပ်မှ အိမ်ပြန်ရောက်တတ်သည်။ ယခုလည်း အလုပ်မှအပြန် ကျောင်းကိုဝင်လာဟန်တူသည်။

ရဟန်းအမကြီးက ဝတ်ချအပြီး-

"တပည့်တော် သံဃာတွေ မနက်အရုဏ်ဟင်းအတွက် ဝက်သားနဲ့သရက်ချဉ်နဲ့ ဟင်းလေးချက်ထားတာ လာပို့တာဘုရား၊ ကားကနှစ်ဆင့်စီးရတော့ အပြန်မှာနောက်ကျတာများတယ်ဘုရား"

ထိုအခါ အနားမှာထိုင်နေသော စာသင်သားဦးပဥ္စင်းတစ်ပါးက-

"တော်သေးတာပေါ့၊ ဒကာမကြီးသာဟင်းလာမပို့ရင် ဦးပဥ္စင်းတို့ အရုဏ်ဆွမ်းကို ကန်စွန်းရွက်ကြော်နဲ့ပဲ စားကြရမှာ"

www.dhammadownload.com

ဟု ဝင်ပြောလိုက်သည်။ တခြားကိုယ်တော်တစ်ပါးက-

"ဒကာမကြီး ဦးပဥ္စင်းပရုပ်ဆီမှာတာ ပါသလား"

"ပါပါတယ်ဘုရား ဟောဒီမှာ"

နောက်တစ်ပါးက-

"ဦးပဥ္စင်းမှာလိုက်တဲ့ ဗလာစာအုပ်အချောရော ပါရဲ့လား"

"မှာတာတွေအကုန်ပါပါတယ်၊ အရှင်ဘုရားတို့ဖာသာ ခြင်းတောင်းထဲမှာ ရှာယူကြပေတော့"

"ရဟန်းအမကြီးလာသည်နှင့် ရဟန်းသံဃာများမှာ မှာထားတာယူကြ။ အသစ်မှာကြနှင့် ထိုသို့ပင်ဆူညံနေတတ်သည်။ ချို့ငဲ့သောစာသင်သားများဘဝကို သိထားသည့်အတွက်လည်း ထိုပစ္စည်းပစ္စယအသေးစားလေးများကို ရဟန်းအမကြီးက တာဝန်ယူပြီး မညည်းမညူ ပေးလှူနေခြင်းဖြစ်သည်။ ရဟန်းအမကြီးပြန်ချိန်တွင် မှောင်နေပြီဖြစ်သဖြင့် ကျွန်ုပ်ကပင် မတိုက်တွန်းရဘဲ ကိုရင်ကြီးတစ်ပါးနှင့် ဦးပဥ္စင်းတစ်ပါးတို့က လိုက်ပို့ကြသည်။

ရဟန်းအမကြီးနေထိုင်ရာ ......ရပ်ကွက်၊ ......လမ်းထဲရောက်သည်နှင့် လိုက်ပို့သောကိုယ်တော်နှစ်ပါး ပြန်ရန်ဟန်ပြင်ကြသည်။ သူတို့လည်း ဒကာကြီးအကြောင်းကို သိထားသဖြင့် အိမ်ထဲရောက်အောင် လိုက်မပို့ရဲကြပေ။ ထိုပြန်ခါနီးမှာပင် ရဟန်းအမကြီးက လှူငယ်ငတွဖြစ်သော စာသင်သားများ စာပြန်ပြီး အမောပြေဘုဉ်းပေးကြရန် ဟူသောရည်ရွယ်ချက်ဖြင့် လမ်းထိပ်ဆိုင်မှ အရသာမျိုးစုံရေခဲထုပ်များကို ကြွပ်ကြွပ်အိတ်နှင့်ထုပ်ပြီး ဝယ်လှူလိုက်သည်။

ထိုအချိန်မှာပင် ဘယ်တုန်းကချောင်းနေမှန်းမသိသော ဦးလှမော်ပြေးထွက်လာပြီး ကိုယ်တော်နှစ်ပါးလက်ထဲမှ ရေခဲထုပ်များကို ဆွဲလုလိုက်ကာ-

"ဒီခွေးကျောင်းက ခွေးကိုယ်တော်တွေကို ဘာလှူစရာလိုလဲကွ" ဟု ပြောဆိုလိုက်ပြီး ရေခဲထုပ်များကို ခြေထောက်ဖြင့် ကန်ထုတ်ပစ်လိုက်ပါတော့သည်။ ကိုယ်တော်များကား သူတို့တစ်သက်တာတွင် ဤမျှလောက် ရိုင်းစိုင်းစွာစော်ကားခြင်းကို တစ်ခါမှမကြုံဘူးသည်ဖြစ်၍ ဒေါသထွက်ကာ တုန့်ပြန်ရန်ပြင်ဆင်လိုက်ကြသည်။

ရဟန်းအမကြီးကား သူ့လင်သား၏ရိုင်းပြမှုအတွက် မျက်ရည်ကျသည်အထိ စိတ်မကောင်းဖြစ်ကာ "တဲ့ ... အရှင်ဘုရားတို့ ကြွကြပါ

www.mmarensi.com

တော့ဘုရား တပည့်တော်ကပဲ ကြားထဲကတောင်းပန်ပါတယ်”ဟု ပြော ပြီး ငိုကြွေးရှာလေသည်။ ကိုယ်တော်နှစ်ပါးလည်း ရဟန်းအမကြီးမျက်နှာ ကို ထောက်ထား၍ ဒေါသကိုသိမ်းဆည်းကာ ပြန်ခဲ့ကြလေတော့သည်။

ရဟန်းအမကြီးကား သူ့ခင်ပွန်း၏မိုက်ရိုင်းမှုကြောင့် မျက်နှာပူကာ ကျောင်းသို့ တစ်ပတ်ခန့်ရောက်မလာတော့ပေ။ အစော်ကားခံရသော ကိုယ်တော်နှစ်ပါးကလည်း ကျွန်ုပ်ကိုပြန်မလျှောက်သဖြင့် ကျွန်ုပ်ကား မသိ၊ နောင်အတော်ကြာမှသာ ထိုအကြောင်းကို သိရပေသည်။

“ကျွန်ုပ်အပေါ် သိက္ခာချမှု မအောင်မြင်သောအခါ သူများဦးသည် ရဟန်းအမကြီးဘက်လှည့်သွားပြန်သည်။ တစ်နေကုန် မြို့ထဲထွက်ပြီး စားဝတ်နေရေး၊ သူ့အတွက် ဆေးကုရေးတို့အတွက် ယောကျ်ားများနှင့် ရင်ပေါင်တန်းကာ စီးပွားရှာနေသော ရဟန်းအမကြီးကို မိန်းမပျက် အဖြစ်မျိုးရောက်သည်အထိ ရပ်ကွက်တွင်း လှည့်လည်အပုပ်ချသည်။

ရဟန်းအမကြီးသည် အိမ်ထောင်ဦးစီးတာဝန်ကို ယူနေရသည့် အတွက် စီးပွားရေးနှင့်ပတ်သက်ပြီး အမျိုးသားများနှင့် ပြောဆိုရပါ၏။ တွေ့ဆုံရပါ၏။ ညှိနှိုင်းတိုင်ပင်ရပါ၏။ သူကား ရဟန်းအမကြီး အမျိုးသား တစ်ယောက်ယောက်နှင့် စကားပြောသည်ကို တွေ့လိုက်ရသည်နှင့် ရစရာ မရှိအောင် ကဲ့ရဲ့အပုပ်ချလေတော့သည်။

တစ်ခါတွင်လည်း စစ်ရုံးချုပ်မှ တပ်ကြပ်ကြီးဝင်းတင် ဆိုသူ ရှိ သည်။ လူအေးလူဖြောင့်တစ်ယောက်ပင် ဖြစ်ပါသည်။ ဇနီးနှင့် သမီး မိသားစုသုံးယောက်သာရှိသည်။ ဦးလူမော်နှင့် ရင်းနှီးသောမိတ်ဆွေတစ် ယောက်ပင်၊ ဦးလူမော်အကြောင်းပြုပြီး အိမ်အလည်လာရင်းဖြင့် ရဟန်း အမကြီးနှင့်ပါ ရင်းနှီးသိကျွမ်းရခြင်းဖြစ်သည်။

ရဟန်းအမကြီးသည် သူနှင့်ပတ်သက်သမျှလူများ၊ ရဟန်းများ အားလုံးကို လိုအပ်သောကွက်လပ်ကလေးများကို အလိုက်တသိဖြည့်ပေး ပြီး ကူညီတတ်သည်မှာ သူမ၏ ဖြူစင်သော ပကတိစေတနာပင်ဖြစ်သည်။ ထို့ကြောင့်လည်း ရွှေပြည်သာမှ မြို့ထဲသွားရန် ကားစောင့်သည့်အခါ မျိုးတွင် ဦးဝင်းတင်နှင့် ရဟန်းအမကြီးတို့ ဆုံတတ်ကြသည်။

ကားချင်းကတော့မတူ၊ ရဟန်းအမကြီးစောင့်သည်က လိုင်းကား၊ ဦးထွန်းတင်စောင့်သည်က စစ်ဖယ်ရီကား။ ထိုသို့ ဆုံသည့်အခါမျိုးတွင် ဖယ်ရီကားမီရန် အရေးတကြီးလာရသဖြင့် ဦးဝင်းတင်ထမင်းချိုင့်တွင် တစ်ခါတစ်ရံ ဟင်းပင်ပါမလာ၊ သက်ဖက်သုတ်လေး၊ ကြာရှည်ခံအောင်

www.dhammaransi.com

လုပ်ထားသော ပဲငါးပိကြော်၊ အိမ်မှုဇနီးသည်၏ ဝီရိယမရှိမှုနှင့် စေတနာ နည်းမှုကြောင့်လည်း ဖြစ်နိုင်ပေသည်။ ထိုအဖြစ်ကိုသိသွားသော ရဟန်း အမကြီးက ဟင်းများကို ပိုထည့်လာပြီး ဦးဝင်းတင်ချိုင့်ထဲသို့ ထည့်ပေး တတ်သည်။ ဦးဝင်းတင်ကား ကျေးဇူးတင်၍မဆုံး၊ ဦးဝင်းတင် ငွေအခက် အခဲ ရှိသောအခါတွင်လည်း ရဟန်းအမကြီးက ဘာမျှော်လင့်ချက်မှ မထားဘဲ ထုတ်ချေးလေ့ရှိသည်။

"ထို့ကြောင့်လည်း ဦးဝင်းတင်က သူတတ်နိုင်သည့်ဘက်က ကူညီ သည့်အနေဖြင့် ဖယ်ရီကားသမားကိုပြောကာ ရဟန်းအမကြီးကို အသွား ရောအပြန်ပါ ဖယ်ရီကားနှင့်လိုက်စေသည်။ ထို့အပြင် စစ်ရုံးချုပ်မှ ဝန်ထမ်း ဆန်များကိုလည်း ရဟန်းအမကြီးအတွက် ကောက်ပေးလေသည်"

ရဟန်းအမကြီးက အပြင်မှာပြန်ရောင်းသည့်အခါ ထိုက်သင့်သော အမြတ်များကို ရရှိပေသည်။ လှိုင်မြို့နယ်သမဆိုင်တွင် ရဟန်းအမကြီး လို ရွှေပြည်သာမှာနေရသူများလည်းရှိသည်။ ညနေ သမဆိုင်ပိတ်သည် နှင့် ဦးဝင်းတင်၏ကျေးဇူးကြောင့် ရဟန်းအမကြီးမှာ ဆိုင်ရှေ့ရောက် လာသော စစ်ဖယ်ရီကားကို အသင့်တက်ပြီး လိုက်သွားရသည်။

စစ်ဖယ်ရီကားမှာ သူ့လူနှင့်သူအပြည့်။ ခုံတစ်နေရာစာလေးလွတ် နေသောကြောင့်သာ ဦးဝင်းတင်၏မေတ္တာရပ်ခံမှုဖြင့် ရဟန်းအမကြီး စီးခွင့်ရခြင်းဖြစ်သည်။ ထိုအချက်ကို ရွှေပြည်သာမှာနေကြသော သမ ဝန်ထမ်းများက မသိ၊ သိအောင်လည်း မကြိုးစား။ သူတို့တစ်ဖက်သတ် စွဲချက်တင်လိုက်သည်ကား-

ဦးဝင်းတင်သည် သူတို့ကိုတော့ စစ်ဖယ်ရီကားနှင့်မခေါ်ဘဲ ရဟန်း အမကြီးတစ်ယောက်တည်းကိုသာ ခေါ်ခြင်းသည် မရိုးသား။ ဆန်းကြယ် သော အကြောင်းတရား ရှိရမည်ဟူ၏။ ထိုစွဲချက်ကို ဦးလူမော်အား ပြောပြလိုက်သောအခါတွင်ကား လူကန်နေကျမြင်းကို ချီတပ်ပေးလိုက် သလိုသာ ရှိပါတော့သည်။

ဦးလူမော်ကား ယမ်းပုံမီးကျဒေါသဖြစ်ကာ ရဟန်းအမကြီးကို လည်း မကြားဝံ့မနာသာ တစ်ရပ်ကွက်လုံးသိအောင် စွပ်စွဲဆဲရေးပြီး ဦးဝင်းတင်အိမ်သို့သွား၍ ပြဿနာရှာလေသည်။ သူ၏ရည်ရွယ်ချက်ကား ဦးဝင်းတင် ဇနီးပါသိသွားပြီး လင်မယားကွဲစေရန်ဖြစ်သည်။

အဖြစ်မှန်ကိုမသိရှာသော ဦးဝင်းတင်ဇနီးသည် ဦးလူမော် ပြော သမျှယုံကြည်ပြီး လင်မယားကွာဖို့အထိ ဖြစ်သွားလေသည်။ ဦးဝင်းတင်

www.dhammaransi.com

၏ စိတ်ရှည်ရှည်ဖြင့် ရှင်းပြခြင်းကြောင့်သာ လင်မယားမကွဲခြင်းဖြစ်သည်။ ထိုနေ့မှစပြီး ရဟန်းအမကြီးအား စစ်ဖယ်ရီကားကို မစီးရ၊ ဦးဝင်းတင်နှင့်မတွေ့ရ၊ စကားမပြောရဟူ၍ ဦးလူမော်က တစ်ချက်လွှတ်အမိန့်ချလိုက်ပါတော့သည်။

"ထိုနေ့မှစ၍ ရဟန်းအမကြီးမှာ စစ်ဖယ်ရီကားကို စီးခွင့်မရတော့ဘဲ လိုင်းကားကိုသာ တိုးဝှေ့စီးရတော့သည်။ ဦးဝင်းတင်နှင့်လည်း မတွေ့ဖြစ်တော့ပါ။ ဝါတွင်းဥပုသ်နေ့များတွင်ကား ကျွန်ုပ်ကျောင်းတွင် ဥပုသ်စောင့်ရင်းဖြင့် ရဟန်းအမကြီးနှင့် ဦးဝင်းတင်တို့ ဆုံမိတတ်ကြသည်။ ထိုသို့ ဥပုသ်နေ့လေး ဆုံမိသည်ကိုပင် ဘယ်သူသတင်းပို့သည်မသိ။ တစ်နေ့တွင် ဦးလူမော်တစ်ယောက် ကျွန်ုပ်ကျောင်းသို့ ရှုးရှူးရှားရှားဖြင့် ရောက်လာသည်။

"ကိုယ်တော်... ကိုယ်တော်ရဲ့ကျောင်းကို တပည့်တော်အမျိုးသမီး မလာပါစေနဲ့၊ ကိုယ်တော်ကလည်း လက်မခံပါနဲ့၊ ကျောင်းကိုမလာနဲ့လို့ ပြောလွှတ်ပါ။ နောက်ပြီး တပည့်တော်အမျိုးသမီးနဲ့ဖြစ်နေတဲ့ ဝင်းတင်ကိုလည်း ဒီကျောင်း မလာပါစေနဲ့၊ ကိုယ်တော့်ကျောင်းဟာ သူတို့နှစ်ယောက် ချိန်းတွေ့တဲ့နေရာလို ဖြစ်နေတယ်။ အဲဒါ ကိုယ်တော့်မှာ တာဝန်ရှိတယ်"

စာရှုသူ ထိုစကားကို စဉ်းစားကြည့်လော့၊ အဲဘယ်မျှအဓိပ္ပာယ်ကင်းမဲ့သနည်း၊ အဘယ်မျှ ကျွန်ုပ်အပေါ်ကို စော်ကားရာရောက်နေပါသနည်း။ ကျွန်ုပ်သည် ဖြစ်ပေါ်လာသော ဒေါသမီးကြောင့် အသံများပင် တုန်လာသည်။ ထိုတုန်နေသောအသံဖြင့်ပင် သူ့အား ပြန်ပြောလိုက်မိသည်မှာ-

ကျွန်ုပ်၏ ဒေါသစကား

"ခင်ဗျားဟာ တစ်သက်လုံး သူများအပြစ်ကိုသာရှာနေတဲ့ လူယုတ်မာတစ်ယောက်ပဲ၊ ခင်ဗျားမိန်းမကို ဒီလောက်ထိ အာဏာပေးချုပ်ချယ်နေရအောင် ခင်ဗျားဟာ ယောကျ်ားဝတ္တရား ဘာကျေပွန်တာများရှိသလဲ၊ ဒါ ဘုန်းကြီးကျောင်း... ဗုဒ္ဓဘာသာမှန်သမျှ အားလုံးလာနိုင်တယ်၊ ကုသိုလ်တရား လာအားထုတ်သူတစ်ယောက်ကို မလာပါနဲ့လို့ ကျုပ်က တားမြစ်စရာမလိုဘူး၊ ခင်ဗျားမိန်းမ ဒီကျောင်းမလာစေချင်ရင် ခင်ဗျားကိုယ်တိုင် ရအောင်တား၊ ကျုပ်ကို လာပြောနေစရာမလိုဘူး၊ ခင်ဗျားလိုလူယုတ်မာ တစ်ယောက်ရဲ့ မျက်နှာကိုလည်း ဘယ်တော့မှမမြင်ချင်ဘူး အခု ကျုပ် ကျောင်းဝိုင်းထဲက ထွက်သွား"

www.dhammadaresi.com

ဟူ၏။ ကျွန်ုပ်ဘဝတစ်လျှောက်တွင် အကြမ်းတမ်းဆုံး စကား တစ်ခွန်းပင်ဖြစ်ပါ၏။ မေတ္တာဘာဝနာဖြင့် ဖိအုပ်ထားသော စိတ်သန္တာန်၌ ကိန်းအောင်းနေသည့် အနုသယဒေါသတို့ကား အတုံးလိုက် အတစ်လိုက် ပေါ်ထွက်လာလေပြီ။

ထို့ကြောင့် ဗုဒ္ဓက ဓမ္မပဒတွင် သမထဘာဝနာ သမာဓိတန်ခိုးဖြင့် ကိလေသာကို ခွာထားခြင်းသည် သစ်ပင်တစ်ပင်၏ အကိုင်းအခက်များကို ခုတ်ဖြတ်ပစ်ခြင်းနှင့်တူသည်။ အကိုင်းအခက်တို့ကို အဖြတ်ခံထားရသော သစ်ငုတ်သည် မိုးရေကိုရလျှင် အခက်သစ်များ ပြန်ထွက်သကဲ့သို့ သမာဓိတန်ခိုးကြောင့် ငြိမ်ဝပ်နေသော အနုသယကိလေသာသည်လည်း အကြောင်းတိုက်ဆိုင်မှုကိုရလျှင် ပြန်လည်ပေါ်ပေါက်လာမည်သာဖြစ်သည်။

ဝိပဿနာ၊ မဂ်ပညာဖြင့် အနုသယကိလေသာကို ပယ်ဖြတ်ပစ်လိုက်ခြင်းသည် သစ်ပင်တစ်ပင်၏ ရေသောက်မြစ်ကို ဖြတ်ပစ်လိုက်သည်နှင့်တူသည်။ ထိုသစ်ပင်သည် ဘယ်သောအခါမှ အခက်အလက်ပြန်၍မထွက်နိုင်တော့သကဲ့သို့ မဂ်ပညာဖြင့်အသတ်ခံရသော ကိလေသာသည်လည်း ဘယ်သောအခါမှ ပြန်၍ဖြစ်ပေါ်မလာတော့ပေ။

ဟူ၍ ဟောကြားထားသည်မှာ မှန်လှပေစွ။ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို တော်တော်ကြိုးစားရဦးမည်ဆိုသည်ကို သတိထားလိုက်မိပါသည်။ ကျွန်ုပ်စကားသည် သူ့ကို အတော်နာသွားစေသည် ထင်ပါသည်။ သူတစ်ပါးအပေါ် ကိုယ်နှင့်ရော နှုတ်နှင့်ပါ အနိုင်ယူနေကျဖြစ်သောသူသည် ယခုလို သူလုံးဝမျှော်လင့်မထားသောစကားတို့ဖြင့် အပြောခံလိုက်သောအခါ အတော်နာကျည်းသွားဟန်တူသည်။ မျက်နှာတစ်ခုလုံး မည်းပြာသွားသည်။

ညတရားပွဲများ၊ ဆွမ်းစားကွမ်းစား တရားပွဲများတွင်ကား ရှေ့ပိုင်းတွင်ရေးခဲ့သလို ဘေးနှစ်မျိုးတွင် ပရာနုဝါဒ = သူတစ်ပါးက စွပ်စွဲကဲ့ရဲ့အပုပ်ချသောဘေးကား ဝဋ်ကြွေးရှိခဲ့လျှင်ဘုရား၊ ရဟန္တာများပင် မလွတ်၊ ဝဋ်ရှိသလောက်ခံကြရမည်။ မိမိက အပြစ်ကင်းနေခဲ့လျှင် ဤဘဝ သိက္ခာကျသည့်ဒဏ်လောက်သာ ခံကြရမည်။ အပါယ်လေးပါးသို့ မချနိုင်။

မိမိကိုယ်မိမိ စွပ်စွဲကဲ့ရဲ့သော အတ္တာနုဝါဒဘေးကား တကယ်အပြစ်ရှိမှ စွပ်စွဲသည်ဖြစ်သောကြောင့် အပါယ်လေးပါးသို့ ကေန်မုချဆွဲချမည်။ လူသည် သူတစ်ပါးကို ထိခိုက်မိစေ့ရသော်လည်း မိမိကိုယ်မိမိ

လိမ်လို့ မရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အတ္တာနုဝါဒဘေးကိုသာ ကြောက်ရမည်ဟူ၍ ဟောပေးခြင်းဖြင့် ဦးလူမော်၏တိုက်စစ်ကို ပြန်လည် ချေဖျက်ခဲ့ပေသည်။

အောင်မြင်ပေသည်။ ထိုအတွေးအခေါ်တရားကို နာပြီးသည်နှင့် ကျွန်ုပ်ကို ပုတ်ခတ်စွပ်စွဲမှုများ အတော်ငြိမ်သက်သွားခဲ့သည်။ ဦးလူမော်၏ တတိယရည်ရွယ်ချက်ကား ရဟန်းအမကြီး၏ ပံ့ပိုးမှုကြောင့်သာ ကျွန်ုပ်၏ သာသနာပြုလုပ်ငန်းများ အောင်မြင်နေခြင်းဖြစ်သည်။ ရဟန်း အမကြီး၏အထောက်အပံ့မရလျှင် ကျွန်ုပ်သာသနာပြုလုပ်ငန်းကြီးတစ်ခု လုံး ရပ်ဆိုင်းသွားမည်။ ထို့ကြောင့် ရဟန်းအမကြီး ကျွန်ုပ်ကျောင်းကို မလာရေး၊ မထောက်ပံ့ရေးသည် သူ၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။

ထိုရည်ရွယ်ချက်လည်း အောင်မြင်သည်ဟု ဆိုရပါမည်။ နောက် တစ်နေ့မှာပင် ရဟန်းအမကြီးက ကျွန်ုပ်ကို စကားတစ်ခွန်း လာလျှောက် သည်။

"တပည့်ကော် နောက်နေ့ကစပြီး ကျောင်းကို မလာတော့ဘူး ဘုရား၊ အဲသလိုမလာတာကလည်း ဦးပဥ္စင်းအတွက်ပါ၊ တပည့်တော်တို့ လူအချင်းချင်းကတော့ ဘယ်လောက်ပြောပြောဆိုဆို ကိစ္စမရှိဘူးဘုရား၊ ဦးပဥ္စင်းတို့ရဟန်းတော်တွေမှာတော့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဒီလိုကိစ္စ မျိုးနဲ့အပြောခံရရင် အင်မတန်မှ သိက္ခာကျပါတယ်ဘုရား"

"ဦးလူမော်ရဲ့ အောက်တန်းကျတဲ့လုပ်ရပ်အတွက်လည်း တပည့် တော် တောင်းပန်ပါတယ်ဘုရား၊ သူတော်ကောင်းတစ်ယောက်ကို စော် ကားတဲ့အပြစ်ဒဏ်ကို ဘဝမခြားခင်မှာ ခံစားရမယ်ဆိုတာ တပည့်တော် သိပါတယ်ဘုရား၊ ဦးလူမော်ဟာ တပည့်တော်ရဲ့စီးပွားရေးကိုသာမက ကုသိုလ်ရေးကိုပါ ဖျက်ဆီးတဲ့အတွက် တပည့်တော် မုန်းလည်းမုန်း၊ ရွံ လည်းရွံသွားပါပြီဘုရား"

"ဒီလိုလူမျိုးနဲ့ သံသရာတစ်လျှောက်မှာ ပြန်မတွေ့ဖို့ ဘုရားမှာလည်း ဆုတောင်းပြီးပါပြီ၊ တပည့်တော်က ကွာခိုင်းတော့လည်း ကွာမပေးဘူး ဘုရား၊ ဒီတော့ တပည့်တော် ဒီနယ်က အပြီးအပိုင်ထွက်သွားဖို့ နည်း တစ်ခုပဲ ရှိတော့တာပေါ့၊ တပည့်တော်သားလေး အရွယ်ရောက်တာနဲ့ တပည့်တော်လည်း ဒီနယ်မှာမရှိတော့ဘူးလို့ မှတ်လိုက်ပါတော့ဘုရား"

ရဟန်းအမကြီးသည် ထိုစကားများ လျှောက်ထားပြီးသည်နှင့် ထွက်ခွာသွားခဲ့လေပြီ။ ကျွန်ုပ်ကား ဘာတစ်ခွန်းမှမပြောမိ။ အာစေး

www.dhammaransi.com

အထည့်ခံထားရသူတစ်ယောက်ပမာ မလှုပ်မယှက်သာ ထိုင်နေခဲ့သည်။ အမြဲရွှင်လန်းတက်ကြွစွာတွေ့ခဲ့ရသော ရဟန်းအမကြီး၏မျက်လုံးအိမ်မှ မျက်ရည်များသည် ကျွန်ုပ်အတွက် ထူးဆန်းအံ့ဩဖွယ်ရာ၊ ရင်နာဖွယ်ရာ ဖြစ်နေရသည်။

ကျွန်ုပ်သည် အကောင်းလောကဓံနှင့် အဆိုးလောကဓံကို ရှေ့ဆင့် နောက်ဆင့် ခံစားလိုက်ရခြင်းဖြစ်ပေသည်။ အကောင်းလောကဓံကား မေတ္တာရှင် (ရွှေပြည်သာ)ဟူသော ကလောင်အမည်ဖြင့် ကျွန်ုပ်ရေးသား သော အတွေးအမြင် ဘာသာရေးဆောင်းပါးများသည် မဂ္ဂဇင်းအတော် များများ၏ စာမျက်နှာများတွင် ပါနေပြီဖြစ်သဖြင့် စာရေးဆရာ ဆရာ တော်လေး ဟူသော ဂုဏ်သတင်းသည် တစ်မြို့လုံး မွှေးနေခဲ့သည်။

ထို့ပြင် ညတရားပွဲများကိုလည်း ရန်ကုန်မြို့အတွင်းသာမက နယ်မြို့ များသို့ပါ လိုက်ဟောနေရပြီဖြစ်သဖြင့် ဓမ္မကထိက ဆရာတော်လေး ဟူသော ဂုဏ်သတင်းကလည်း ထပ်ဆင့်မွှေးခဲ့ပြန်သည်။ ထိုအကောင်း လောကဓံများနောက်မှ ယခုလို အဆိုးလောကဓံများကလည်း ကပ်လျှက် ပါလာခဲ့ပေသည်။

ဘုရားရှင်၏ တပည့်သားပီပီ အကောင်းလောကဓံနှင့် တွေ့သော အခါတွင်လည်း လောဘဖြင့် သာယာတပ်မက်နေစရာမလိုသလို အဆိုး လောကဓံနှင့်တွေ့သောအခါတွင်လည်း ဒေါသဖြင့် တုန်လှုပ်နေစရာမလို ပါပေ။ နှစ်မျိုးစလုံး မမြဲသောအနိစ္စတရားတွေသာဖြစ်ကြောင်းကို နှလုံး သွင်းနိုင်ရပေမည်။ ထိုသို့ နှလုံးသွင်းတတ်ရန် လမ်းပြခဲ့သော လင်္ကာလေး နှစ်ပုဒ်ကိုလည်း အမှတ်တရ ဖော်ပြလိုက်ပေသည်။

## နဒီဘာဝ၊ လူ့ဘာဝ

မြစ်နဒီဟိုဘက်ကမ်း၊ ရေကြမ်းတဲ့တစ်ခါ။
မြစ်နဒီဤမှာဘက်၊ ငြိမ်သက်ရေသာ၊
ဟိုဘက်မှာ ကမ်းဟာပြိုတုန်း
ဒီဘက်မှာငွေသောင်ဝန်း၊ ထွန်းလို့မဆုံး၊
လောက လောကရယ်လို့၊ ပြောကြတဲ့ဤလူ့ဘုံ၊
တစ်ချို့မှာဖတ်ဖတ်မော၊ သောကနဲ့ကြုံ၊
တစ်ချို့မှာရွှင်ပြ၊ အကနဲ့အခုန်၊
ဖြစ်ပုံခြင်းကွာခြား၊

www.dhammaransi.com

စနစ်မညီ၊ မြစ်နဒီပမာကမ်းသာပ၊
ရွှင်လန်းကာ ပျော်သူပျော်လို့
သူပျော်ချိန် ကိုယ်ငိုရလိမ့်မယ်၊
လောကတရား။

(ရွှေထီး ၊ ကန္တရာ)

## ဘဝဆိုတာ ဒီလိုပါပဲ

ဘဝဤကိုယ်၊ မင်းဟုဆိုလည်း၊ နေကိုပုံပြ၊
လကိုပုံထား၊ မှတ်တုံငြားလော၊ နေကားထွက်ဝင်၊
ပေါ် ချုပ်ထင်၏၊ လလျှင်ပြည့်ကွယ်၊ ကြီး၍ငယ်၏၊
ထိုနှယ်မလွဲ၊ အမြဲချမ်းသာ၊ မရှိစွာရှင့်၊
အာဏာတန်ခိုး၊ အမျိုးစည်းစိမ်၊ ဘုန်းဂုဏ်သိန်လည်း၊
ထင်းတိမ်ပေါ် ငုပ်၊ ဖြစ်ချုပ်တတ်စွာ၊ ဓမ္မတာတည်း၊
ခေါက်ရှာငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံရှုံးပျံ၊
လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊
ပိုင်းခြားလူမှာ၊ မမြဲစွာတည့်။

(မယဒေဝ ၊ ၂၃၆)

ကံ၏အကျိုးပေးကား အံ့သြစရာကောင်းပါ၏။ ထို့ကြောင့်လည်း ဗုဒ္ဓက ကမ္မဝိပါကော အစိန္တိယော ‑ ကံ၏အကျိုးပေးပုံကို စိတ်ကူးကြံစည်ခြင်းငှာ မစွမ်းနိုင်ဟု ဟောခြင်းဖြစ်ပေလိမ့်မည်။ တိုက်ဆိုင်မှုဟူ၍လည်း ပြောနိုင်ပေသည်။ ရဟန်းအမကြီး ကျွန်ုပ်ကျောင်းသို့ လာလည်းမလာဖြစ် လှူလည်းမလှူဖြစ်သော သုံးနှစ်အတွင်းမှာပင် စီးပွားရေးမှာ ထိုး၍ကျသွားတော့သည်။

မည်မျှကျသွားသနည်းဆိုလျှင် သူများဆီက ပိုက်ဆံချေးထားပြီး မပေးနိုင်သဖြင့် မျက်နှာပျက်ရသည်အထိ အဖြစ်ဆိုးသွားခဲ့သည်။ ထိုအချိန်က ကျွန်ုပ်အား ကိုးကွယ်ဆည်းကပ်သော ဒကာ၊ ဒကာမ များလာပြီဖြစ်သဖြင့် ဦးလူမော်ထင်သလို ဝတ်ပြတ်မသွားခဲ့ပေ။ တဲကျောင်းမှ တိုက်ကျောင်းအဖြစ်သို့ပင် ရောက်နေလေပြီ။

ကျွန်ုပ်ကား ရဟန်းအမကြီး၏ကျေးဇူးကို မမေ့ပါ။ ထို့ကြောင့်လည်း ရဟန်းအမကြီး ဒုက္ခရောက်ချိန်တွင် ကျွန်ုပ်ပြန်ကူညီသော ငွေကြေးပမာဏမှာ နှစ်သိန်းနီးပါးခန့် ရှိပေသည်။ ကျွန်ုပ် ထိုမျှကူညီနေသည့်

www.dhammaransi.com

ကြားကပင် ရဟန်းအမကြီးကား အကြွေးပင်လယ်တွင် နစ်သထက်နစ်လာသည်။ ရိုးရိုးစီးပွားရေးလုပ်လျှင် ဤမျှ နာမည်ပျက် သိက္ခာကျသည်အထိ ဆိုးဆိုးဝါးဝါးမဖြစ်နိုင်။

အစရှိနေသော ချဲဒိုင်ကိုင်လိုက်ခြင်းကြောင့် ဤမျှဒုက္ခရောက်ခြင်းဖြစ်မည်ဟု ခန့်မှန်းရပေသည်။ အနီးကပ်တွေ့နိုင်သည် မဟုတ်ရကားကျွန်ုပ်အနေနှင့် ဆုံးမဩဝါဒလည်း မပေးနိုင်တော့ပေ။ ငွေကြေးအကူအညီကိုလည်း ရန်ကုန်ဘုန်းကြီးတို့မှတစ်ဆင့် ပေးနေရခြင်းဖြစ်သည်။

## မိမိရန်သူ ထောင်ကျသွားရင်

ထိုအချိန်မှာပင် သတင်းထူးတစ်ခု ရောက်လာသည်။ ရန်ကုန်ဘုန်းကြီးက ကျွန်ုပ်ကိုခေါ်၍ ပြောခြင်းဖြစ်သည်။

"ဦးဇဝန ဦးလူမော်တော့ ထောင်ကျဖို့တော်တော်နီးနေပြီ"

"ဘာဖြစ်လို့တုန်း ဆရာတော်"

"သူများဆီက ပိုက်ဆံချေးပြီးပြန်မပေးနိုင်လို့လေ။ အဲဒါ မနက်ဖြန်ခါမှ ပြန်မပေးရင် ထောင်ကျတော့မှာ။ ဒကာမကြီး နော်မေဝင်းမှာလည်း အကြွေးတွေကဝိုင်းနေတော့ သူ့အကြွေးကို အရင်ကလို ဆပ်မပေးနိုင်တော့ဘူး။ ဦးဇဝနကို ပြဿနာရှာပြီးကတည်းက ဒကာမကြီးက ဦးလူမော်ကို လုံးလုံးစကားမပြောတော့ဘူးတဲ့"

"အဲဒါ အခု တပည့်တော်ဆီ ငွေသုံးသောင်းလာချေးနေတယ်။ ချေးလိုက်ရင်လည်း သူ့မှာငွေဝင်တဲ့အလုပ်မှမရှိတာ ပြန်ရဖို့တော့မလွယ်ဘူး။ ဒီတော့ အလကားလိုပေးရမှာ၊ တပည့်တော်မှာတော့ အဲသလောက်ငွေလည်းမရှိဘူး။ ဦးဇဝနကို မေတ္တာရပ်ခံချင်တာကတော့ သူ ဘယ်လောက်ပဲဆိုးခဲ့ဆိုးခဲ့၊ ရဟန်းဒကာကတော့ ရဟန်းဒကာပါပဲ။ သူ့ရဲ့အဆိုးတွေကို ဘုရားသားတော်ပီပီ ဦးဇဝနက အကောင်းနဲ့တုန့်ပြန်လိုက်မယ်ဆိုရင် သူ့စိတ်တွေလည်း ပြောင်းပြီးသွားနိုင်ပါတယ်။ ပေးဖို့၊ မပေးဖို့ကတော့ ဦးဇဝနသဘောပါ။ တပည့်တော်က အကြံပေးတာပါ"

ကိုယ့်ဘဝပျက်သွားအောင်၊ ဒုက္ခရောက်သွားအောင် လုပ်ခဲ့သူ၊ ရန်သူတစ်ယောက် ထောင်ကျသွားမှာကို ပုထုဇဉ်မှန်သမျှ ဝမ်းသာမိမည်သာ ဖြစ်ပါ၏။ ကျွန်ုပ်လည်း ဝမ်းသာစိတ်ကလေး ပေါ်မိသည်။ အတန်ကြာမှ ငယ်ငယ်ကကြုံခဲ့သောဖြစ်ရပ်လေးကို ပြန်အမှတ်ရလာသည်။ ဩော်... ငါဟာ ငယ်စဉ်ကတည်းက ကိုယ့်အသက်ကိုသတ်ဖို့

www.dhammadownload.com

ကြိုးစား ခဲ့တဲ့ ရန်သူတစ်ယောက်ယောက်ကိုတောင် ဆွမ်းခံကျွေးပြီး ဆေးကုခဲ့ သေးတာပဲ။

ဒကာကြီးဦးလူမော်ဟာ ငါ့အသက်ကိုသေအောင်ထိတော့ ရန်မရှာခဲ့ပါဘူး။ နာမည်ပျက်ရုံလောက်အထိပဲ လုပ်ခဲ့တာပါ။ ပြီးတော့ သူဟာ ငါ့ကို ဆွမ်းတစ်နပ်ကပ်လှူခဲ့ဖူးတဲ့ ကျေးဇူးရှင်ဆွမ်းအလှူရှင် တစ်ယောက်ပဲ။ ဟုတ်ပါသည်။ ဦးလူမော်သည် စေတနာသုံးတန်ပြဋ္ဌာန်းပြီး ကျွန်ုပ်ကို အမှတ်တရ ဆွမ်းတစ်နပ် ကပ်ခဲ့ဖူးသည်။

"ကျွန်ုပ် ရွှေပြည်သာသို့ မပြောင်းရသေးခင်ကဖြစ်သည်။ သမဆိုင်ပိတ်ရက်ဖြစ်သဖြင့် ရဟန်းအမကြီး ရှိမည်အထင်နှင့် ရဟန်းတစ်ပါး အဖော်ခေါ်ပြီး ရွှေပြည်သာမြို့ရှိ ရဟန်းအမကြီးတို့အိမ်သို့ ရောက်ခဲ့သည်။ ရဟန်းအမကြီးကား ကိစ္စတစ်ခုဖြင့် မြို့ထဲထွက်သွားသည်ဟု ဆိုသည်။

ကျွန်ုပ်တို့ကား ရဟန်းအမကြီးလက်ရာကိုစားပြီးမှ ပြန်ဖို့စီစဉ်လာခဲ့သဖြင့် ကျွန်ုပ်တို့ရောက်ချိန်တွင် ဆယ်နာရီထိုးပြီးလေပြီ။ ကျွန်ုပ်တို့ ဆွမ်းမစားရသေးမှန်း သိသွားသော ဒကာကြီးက အရေးပေါ်ဟင်းသုံးမယ်ကို ချက်ချင်းစီမံရှာသည်။

## သုံးသောင်းတန်သော ထမင်းတစ်နပ်

ပထမတစ်မျိုးကား ဝက်အူချောင်းကြော်၊ ဒုတိယတစ်မျိုးကား ငါးရံ့ခြောက်ဖုတ်၊ တတိယဟင်းကား မလေးရှားဟင်းချိုဟုဆိုသည်။ ထိုဟင်းချိုမှာ ကျွန်ုပ်ပါးစပ်ထဲတွင်စွဲသွားသဖြင့် ချက်ပြုတ်နည်းကို သေချာမှတ်ထားလိုက်သည်။ စစ်သားများ ရှေ့တန်းတွင် အရေးပေါ်ချက်သော ဟင်းချိုဟုလည်း သိရသည်။

ကိုယ်အလိုရှိသလောက်ရေထည့်ပြီး မီးဖိုပေါ်တင်လိုက်ရသည်။ ရေနွေးဆူလာသည်နှင့် ဆား၊ အချိုမှုန့်၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်း သုံးလေးတောင့်ကို လှီးထည့်ရသည်။ ဆီကား မထည့်လျှင်လည်းရသည်။ ထည့်လျှင်လည်း ပါလေကာလေး ထည့်ရသည်။ ဟင်းမယ်များ နွမ်းအိသွားသည်နှင့် အောက်ကိုချလိုက်ပြီး သံပုရာရေကို သောက်ကောင်းရုံ မြည်းပြီး ညှစ်ထည့်ရသည်။

သံပုရာရည် ညှစ်ထည့်ပြီးသည်နှင့် နှုတ်မြိန်ဆေး ဟင်းချိုဟင်း တစ်ခွက်ကို ရလေပြီ။ အတော်အတန် အစားပျက်နေသူများပင် ၎င်းဟင်းချိုကိုသောက်လိုက်သည်နှင့် ခံတွင်းလိုက်သွားသည်ကို တွေ့ရသည်။

ကျွန်ုပ် မကြာခဏ ချက်ကျွေးလေ့ရှိသဖြင့် ကျောင်းက သံဃာများပင် မလေးရှားဟင်းချိုကို ကြိုက်လည်းကြိုက် ချက်လည်း ချက်တတ်နေကြ လေပြီ။

ထိုစဉ်က ဒကာကြီးကပ်ခဲ့သော ဆွမ်းတစ်နပ်သည်ကား ငွေသုံး သောင်း တန်ပါပေသည်။ ကျွန်ုပ်သည် ထိုအချက်ကိုတွေးမိသည်နှင့် ငွေသုံးသောင်းကို ရန်ကုန်ဘုန်းကြီးထံအပ်လိုက်ပြီး ဒကာကြီးထံ အရောက် ပေးစေခဲ့ပါသည်။

## မိမိကိုယ်ကို လေးစားကြည်ညိုခြင်း

ကျွန်ုပ်သည် ဘုရားအလောင်းမဟုတ်ပါ။ သူလိုကိုယ်လို သာမန် လူတစ်ယောက်သာဖြစ်ပါသည်။ သို့ဖြစ်ပါလျှက် မိမိကိုသတ်ဖို့ကြိုးစား ခဲ့သူတစ်ယောက်ကို ဆွမ်းခံကျွေးပြီး ဆေးကုပေးခဲ့ခြင်း၊ မိမိကို နာမည် ပျက်သိက္ခာကျပြီး ရဟန်းဘဝမှ ထွက်သွားသည်အထိ ဒုက္ခပေးခဲ့သူ တစ်ယောက်ကိုလည်း အာဃာတမဖွဲ့ဘဲ ထောင်မကျအောင် ငွေသုံးသောင်း အလကားပေးခဲ့ခြင်းတို့ကား သိရှိရသူတိုင်းအတွက် အကျိုးရှိသော ထူးဆန်း အံ့သြဘွယ်ရာတစ်ခုပင် ဖြစ်ပါ၏။

ခက်ခဲလှသော ထိုဖြစ်ရပ်နှစ်ခုကို ဖြစ်မြောက်အောင် လုပ်နိုင်ခဲ့ သည့် ကျွန်ုပ်စိတ်ဓာတ်ကိုလည်း လေးစားကြည်ညိုမိပါ၏။ ခက်ခဲသော ထိုအလုပ်နှစ်မျိုးကို ကျွန်ုပ် ဘာ့ကြောင့်လုပ်နိုင်ခဲ့သနည်းဟု ပြန်လည် ဆန်းစစ်ကြည့်သောအခါ ဗုဒ္ဓစာပေများကိုဖတ်ရှုပြီး စာအုပ်ထဲမှာတင် မထားခဲ့ဘဲ အပြင်မှာပါကျင့်သုံးခြင်းကြောင့်ဟု အဖြေထွက်လာပေသည်။

ဗုဒ္ဓဖြစ်တော်စဉ် ၅၅၀ ဇာတ်တော်များတွင် ဗုဒ္ဓကိုယ်တိုင် အနစ် နာခံခဲ့သော ဇာတ်လမ်းပေါင်းများစွာ ပါရှိသည်။ ဥပမာအားဖြင့် မျောက်မင်း ဘဝတစ်ခုတွင် ချောက်ထဲကျနေသော ဒေဝဒတ်အလောင်း ပုဏ္ဏားကို ပခုံးမှာထမ်းပြီး အပေါ်ရောက်အောင် တင်ပေးခဲ့သည်။ အပေါ်ရောက်လျှင် မောပန်းလှသဖြင့် ပုဏ္ဏားပေါင်ပေါ်ခေါင်းပြုပြီး ခဏလှဲ့ရှာသည်။

ထိုအချိန်မှာပင် ပုဏ္ဏားက မျောက်သားစားရရန် အနားမှကျောက် တုံးတစ်တုံးယူပြီး ဘုရားအလောင်းမျောက်မင်း၏ဦးခေါင်းကို ထုသတ် လိုက်သည်။ သေကာမရောက်သဖြင့် ခေါင်းကွဲသွားသော်လည်း မျောက်မင်း ကမသေ။ မိမိကိုသတ်သော ရန်သူပင်ဖြစ်လင့်ကစား ရန်ငြိုးမထားဘဲ သတ်ဖြတ်နိုင်ပါလျှက် မသတ်ဖြစ်အောင် သည်းခံခဲ့သည်။

ပုဏ္ဏားကား သူ့ရွာသို့မပြန်တတ်ဘဲ မျက်စိလည်တုန်းဖြစ်သဖြင့် ဒီဘိုင်းထားခဲ့လျှင်ပင် သားရဲတိရစ္ဆာန်ဘေး၊ အစာငတ်သည့်ဘေးတို့ဖြင့် သေရမည်သာဖြစ်သည်။ သို့သော် ဘုရားအလောင်းကား ပုဏ္ဏား သူ့ရွာပြန်တတ်အောင် လမ်းပြပေးခဲ့သည်။ လမ်းပြပေးပုံကိုလည်း ကြည့်ပါ။ ပုဏ္ဏားထုလိုက်သဖြင့် ကွဲသွားသောဦးခေါင်းမှ သွေးစက်များကို လမ်းပေါ် ချပြရင်းဖြင့် ပုဏ္ဏားရွာသို့ အရောက်ပို့ခဲ့ပေသည်။

ရွာရောက်လျှင်ကား ကျေးဇူးရှင်ကိုပြစ်မှားသော ပုဏ္ဏားသည် မိုးကြိုးပစ်ခံရပြီး သေရလေသည်။ ဤသာဓကကိုဖတ်ပြီး ပုဏ္ဏားလို ကျေးဇူးမကန်းရန် သင်ခန်းစာယူတတ်ဖို့လိုသလို၊ ရန်သူကိုပင် ခွင့်လွှတ်ပြီး ကူညီတတ်သည့် ဘုရားအလောင်း၏ စိတ်ဓာတ်ကိုလည်း အတုယူရမည်ဖြစ်သည်။

ငါက ပါရမီမှမရှိသေးဘဲ မကျင့်နိုင်ပါဘူးဟု စောဒက မတက်ပါနှင့်။ ပါရမီဟူသည် မိုးကျရွှေကိုယ်မဟုတ်၊ လုပ်ယူမှရသော အရာဟု ခံယူပြီး ဗုဒ္ဓစာပေများကို ဖတ်တိုင်းဖတ်တိုင်း အနစ်နာခံတတ်သော အလေ့အကျင့်များကို ရအောင်ယူနိုင်ကြရပါမည်။ ယခုအချိန်တွင်ကား ရဟန်းအမကြီးသည် သူ့သား အရွယ်ရောက်လာပြီဖြစ်သဖြင့် အိမ်မှ အပြီးအပိုင်ထွက်သွားလေပြီ။

ပထမတော့ ဝက်လှလေးရွာရှိ သူ့မိဘများထံ နေသေးသည်။ နောက် ဒကာကြီးဦးလူမော်က လိုက်ခေါ်မည်ဟု သတင်းကြားသည်နှင့် ဆက်၍ ထွက်သွားရာ ယခုအချိန်တွင်ကား ဘယ်နေရာရောက်နေမှန်းပင် မသိရတော့ပါ။ ဦးလူမော်ကား ရဟန်းအမကြီး၏တန်ဖိုးကို မရှိသောအချိန်ကျမှ သိသွားပေပြီ။

အရင်က အိပ်လိုက်၊ စားလိုက်၊ ချဲထိုးလိုက်၊ ဇနီးကို ကဲ့ရဲ့အပုပ်ချလိုက်နှင့် အေးအေးနေခဲ့ရသော်လည်း ယခုအခါတွင်ကား ထမင်းပင် နပ်မှန်အောင်မစားနိုင်သောဘဝသို့ ရောက်နေလေပြီ။ ယခင်က ရောဂါအကြောင်းပြပြီး မိန်းမလုပ်စာ အငြိမ့်စားထိုင်စားနေခဲ့ရသည်။ ယခုတော့ ထိုသို့နေလျှင် ငတ်သေဖို့သာရှိတော့သည်။

ထို့ကြောင့်လည်း သစ်စက်တစ်ခုတွင် အလုပ်ဝင်လုပ်ပြီး ဝမ်းရေးကို မနည်းရှာနေရသည်ဟု သိရသည်။ မိန်းမရှာပေးသော ဥစ္စာနေ ငွေကြေးမာန်ဖြင့် ထောင်လွှားခဲ့သော မာနသည်လည်း ယခုအခါ အရည်

www.dhammaransi.com

ပျော်၍ မြေကြီးထဲဝင်သွားပေပြီ။ ဤတကယ့်ဖြစ်ရပ်ကို ဖတ်ရှုရခြင်းဖြင့် သူတော်ကောင်းများကို မစော်ကားမိအောင် သင်ခန်းစာယူရပေမည်။

## အထက်တန်းစား ပုဂ္ဂိုလ်ဆိုတာ

"ဒီဘုန်းကြီးဟာ သူများဒုက္ခရောက်အောင် ဘာမှမလုပ်ခဲ့ပါဘူး၊ သူများလုပ်တာကိုသာ ငုံ့ခံခဲ့တာများပါတယ်။ ဘုန်းကြီးရဲ့ဆောင်ပုဒ်ကိုက အထက်တန်းစားပုဂ္ဂိုလ်ဆိုတာ သည်းခံရမယ်၊ သဘောထားကြီးရမယ်၊ ခွင့်လွှတ်ရမယ်၊ ဒီသုံးခု မကျင့်သုံးနိုင်သရွေ့ အထက်တန်းစား မဖြစ်နိုင်ဘူးဆိုတာကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်သုံးခဲ့ပါတယ်။

***(တရားပြဆရာတော်ကြီးတစ်ပါး)***

သည်းမခံသူ၊ ဖြစ်ပါမူကား၊
သူမချစ်ခင်၊ ရန်လျှင်တိုးပွား၊
အပြစ်များခဲ့၊ သေကားတွေဝေ၊
သေလျှင်အပါယ်၊ လားစဖွယ်တည်း၊
ငါးသွယ်အပြန်၊ ရမြဲမှန်သည်၊
သည်းခံသူတို့အကျိုးတည်း။

***(သပြေကန်ဆရာတော် အရှင်ဝိုသေဋ္ဌာဘိဝံသ)***

<u>**မှတ်ချက်**</u>

အင်္ဂုတ္တိုရ်ပါဠိတော်လာအတိုင်း ရေးဖွဲ့ထားခြင်းဖြစ်သည်။

**အရှင်ဇဝန**
**မေတ္တာရှင် (ရွှေပြည်သာ)**

www.dhammaransi.com